# ယောင်မှူးကြီးသိန်းဝင်းနှင့်ချူရိန်တွင်း

# မကောင်းဆောင်မို့

[illegible]

[illegible]

[illegible]



စီစဉ်သူ

ထောင်မှူးကြီးသိန်းဝင်းနှင့်သူရိန်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၃၊ စက်တင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြို့ဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးသူရိန်ထွန်း (ယာယီ)(၁၅၆၄)
သူရိန်ထွန်းစာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅ ၊ ၈၃
ကလောင်စုံ
မကောင်းထောင်ပို့အပါအဝင် အကျဉ်းထောင် သုတ၊ ရသ ဝတ္ထုတိုများ/ ထောင်မှူးကြီးသိန်းဝင်းနှင့်သူရိန်ထွန်း။ -ရန်ကုန်၊ သူရိန်ထွန်းစာပေ၊ ၂၀၁၃။
၂၉၃-စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) မကောင်းထောင်ပို့အပါအဝင် အကျဉ်းထောင် သုတ၊ ရသဝတ္ထုတိုများ

## မာတိကာ

| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | မကောင်းထောင်ပို့<br>မြောင်းမြမောင်ကို | ၁ |
| ၂။ | ကံကြီးထိုက်ကြသူများ<br>အငြိမ်းစားထောင်အရာရှိတစ်ဦး | ၃၅ |
| ၃။ | ကျွန်တော်ကြုံတွေ့ခဲ့ရသော အရေးအခင်းကာလမှတ်တမ်း<br>ထောင်မှူးကြီးသိန်းဝင်း | ၆၀ |
| ၄။ | ဥပဒေဟာယာ<br>ဟဲ့ရီဇော | ၈၇ |
| ၅။ | ရင်ဝှက်လိပ်ပြာ<br>လေယူမင်းသျှင် | ၁၄၀ |
| ၆။ | အလှောင်ထဲကလူ<br>မိုးဝေ | ၁၈၁ |
| ၇။ | ထောင်မင်းသားအဲ့ပွားကျောက်မာနှင့် မာဂရကြီးဆင်<br>ဖိုးတုံအောင် | ၂၁၆ |
| ၈။ | အတ္တနှင့် သမုဒယ<br>ထားဥသံ | ၂၄၅ |



[ ၁ ]

❑

"ဒိုးကလေး ... ဒိုးကလေး ... တကယ်ကျော်တဲ့ ဒိုးကလေး"

လက်ခုပ်သံတညီညီနှင့် ဒိုးကလေးအကကို စည်းကျဝါးကျ ကနေသည်မှာ အကျဉ်းသားဖိုးဆင့်ဖြစ်ပါသည်။

အကျဉ်းသားလူရွယ်များသည် အကျဉ်းသားဖိုးဆင့်၊ ခါးတောင်းမြှောင်အောင်ကျိုက်ပြီး ကနေသည်ကို တဝါးဝါး ပွဲကျနေကြ၏။

ထောင်မှူးရွှေမောင်သည် ညနေစောင်း ထောင်မပိတ်မီ ထောင်ပိတ်ရန်ဝင်သွားရာ အကျဉ်းသားများ ဟားတိုက်နေကြသည်ကို အဝေးမှကြား၍ လှမ်းကြည့်လိုက်ရာ ဒိုးကလေးကွေးနေအောင် ကနေသည်ကို မြင်ရ၍ ပြုံးမိလေသည်။ သို့ရာတွင်® ဝိုင်းပျက်သွားမည်ကိုစိုး၍ အနားကိုမသွားဘဲ တစ်နေရာသို့ ရှောင်ထွက်သွား၏။

ဒိုးကလေးအဖြစ်ကို မြင်ရသော ရွှေမောင်သည် ...

"မြူဟွာပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်း၌ တရှုပ်ရှုပ်' ဆိုသည့်စကားကို သတိရသွားလေသည်။ အကြောင်းမှာ ဘဝတဏှာဟုရှိလေရာ သတ္တဝါဟူသမျှတို့သည် မိမိတို့ရအပ်သောဘဝ၌ ပျော်နေကြသည်ဆို၏။





ရအပ်သောဘဝ၌ ဘယ်အဖြစ်ကြုံကြုံ၊ ဖြစ်သလို နေထိုင်စားသောက်တတ်ကြရာ သတ္တဝါဟူသမျှသည် ၃၁ ဘုံမှ မထွက်မြောက်နိုင်ကြခြင်းဖြစ်သည်ဟု ဗုဒ္ဓတရားတော်ကျမ်းလာရှိ၏။

အကျဉ်းသားဖိုးဆင့် ထောင်သို့ရောက်လာသည်ကို ရွှေမောင်က အထူးအထွေ မှတ်သားထားသည်မဟုတ်။ မည်သည့်အကျဉ်းသား ရောက်ရှိလာသည်ကိုမျှလည်း မှတ်ထားရန်မလို။ သို့ရာတွင် ဖိုးဆင့်ကိုမြင့် လူထူးတစ်ယောက်အဖြစ် မှတ်မိခဲ့လေသည်။

ဖိုးဆင့်သည် ထောင်သို့ရောက်သည်မှာ နှစ်ကြိမ်ရှိပြီဖြစ်၍ အခြားအခြားသော အကျဉ်းသားအချို့လည်း၊ အကြိမ်ပေါင်းများစွာ ရောက်ကြသည်သာဖြစ်သည်။ သို့ရာတွင် ရွှေမောင်က အကြောင်းမရှိ၍ မှတ်သားမိရန် အားမထုတ်ခဲ့။ ယခု ဖိုးဆင့်ကိုမြင့် ပထမတစ်ကြိမ်နှင့်ပင် ကောင်းကောင်းကြီး မှတ်မိခဲ့လေသည်။

ရွှေမောင်က ဖိုးဆင့်အား အတွေ့နောက်ကျ၍သာ ဖိုးဆင့်က ရွှေမောင်ကို အရိုအသေပေးနေရ၏။ အကယ်၍ သူက ဖိုးဆင့်ကောင်းစားစဉ်တွေ့ရမည်ဆိုလျှင် ရွှေမောင်သည် ဖိုးဆင့်အား အမှန်ပင် ရှိခိုးရပေလိမ့်မည်။

သို့ဖြစ်ရကား၊ အကြောင်းထူးလှသော ဖိုးဆင့်နှင့် ထောင်မှူးရွှေမောင်တို့ မှတ်သားလေးလောက် ဆုံတွေ့ခဲ့ရပုံနှင့် ဖိုးဆင့်၏ အတိတ်ကာလကို ဖော်ပြရပေလိမ့်မည်။ ဤသို့ ဖော်ပြရာတွင် ဖိုးဆင့်၏ ထောင်သို့မလာမီအတိတ်၊ ထောင်တွင်းရောက်လာသည့် ပစ္စုပ္ပန်နှင့် ထောင်သို့ နောက်တစ်ကြိမ်ရောက်လာမည့် အနာဂတ်တို့ ပါဝင်မည်ဖြစ်ပါသတည်း။

✲ ✲ ✲

[၂]

❑

ခရိုင်ထောင်ကလေးတစ်ထောင်မှ နေ့လယ်တစ်ချက်တီးအချိန်တွင် သံချောင်းခေါက်သံနှင့် သေနတ်ပစ်သံတို့သည် တစ်မုဟုတ်ချင်း ရှုပ်ယှက်သွား လေရာ မနက်ထမင်းကို ၁၂ နာရီတွင်စားပြီး ထမင်းလုံးစီနေသော ထောင်မှူး ရွှေမောင်သည် ပြူးကာလဲဆန်ပြာနှင့် ထောင်သို့ စွတ်ပြေးရလေတော့ သည်။

သံချောင်းခေါက်ခြင်း၊ သေနတ်ပစ်ခြင်း၊ ထောင်လုန့်ခြင်းဖြစ်လေ သည်။ ထောင်လုန့်ခြင်းဆိုသည်မှာ ထောင်မှအကျဉ်းသား ထွက်ပြေးသည် ဖြစ်စေ၊ ထောင်တွင်းရှိ အကျဉ်းသားများက အုပ်ချုပ်သူကို အံ့စုလိုက်ပုန်ကန် သည်ဖြစ်စေ၊ သို့တည်းမဟုတ် အကျဉ်းသားအချင်းချင်း အုပ်စုလိုက်ရိုက်နှက် ကြသည့်အခါဖြစ်စေ၊ သံချောင်းခေါက်ခြင်း၊ သေနတ်သုံးချက်ဖောက်ခြင်း ပြုလုပ်သည်ကို ထောင်လုန့်သည်ခေါ်၏။

ထောင်လုန့်သံကြားလျှင် ထောင်အရာထမ်းတို့သည် အားလပ်ခွင့် ရသည့်အချိန်ပင် ဖြစ်လင့်ကစား ကြားရာအရပ်က တုတ်ဆွဲပြီး ပြေးလာရ၏။ ယူနီဖောင်းလဲစရာမလို၊ ကိုယ်ပေါ်ရှိအဝတ်အစားနှင့် ပြေးလာရ၏။ ထောင်





အရာထမ်းများသာမဟုတ်၊ ပုလိပ်နှင့် စစ်တပ်ကလည်း လက်နက်များဖြင့် ထောင်ကို လာဝိုင်းထားရလေ၏။

ထောင်လုန့်ခြင်းကို တကယ် အကြောင်းမပေါ်ပေါက်သည့်တိုင် တစ်လတစ်ကြိမ် အစမ်းလေ့ကျင့်၍ လုန့်ပေးလေသည်။ (ယခုခေတ်တွင် အခြေအနေအရ မြို့သူမြို့သားလန့်မည်စိုး၍ မှန်မှန်မပြုလုပ်ကြပေ။ ဤကား စကားချပ်တည်း။)

ထောင်ကို အစမ်းလုန့်လိုလျှင် ထောင်ပိုင်ကြီး၊ ခရိုင်ဝန်၊ ခရိုင်ရဲ ဝန်၊ တာဝ်ရင်းမှူးတို့အား ကြိုတင်လျှို့ဝှက်စွာ အကြောင်းကြားထား၏။ အရေး တကြီး ထောင်လုန့်ရမည့်ကိစ္စ ပေါ်လာလျှင်မူ သံချောင်းခေါက်၊ ပြီးမှ ဆိုင်ရာ သို့ တယ်လီဖုန်းဖြင့် အကူအညီခေါ်လေသည်။

ထောင်လုန့်လျှင် ထောင်ဘူးဝလက်နက်တိုက်ရှိ ဂိတ်မကြီးမှ အလံ ကို ပြထားလေသည်။ အလံမှာ အရောင်မျိုးစုံရှိ၏။ ဘယ်အလံကိုပြက ထောင်တွင်းဘယ်နေရာ၌ ဘာဖြစ်သည်ကို ထောင်အမှုထမ်း၊ အရာထမ်းတို့ ကြိုတင်လေ့ကျင့်ထားရ၏။ ကိစ္စပီးပြီးမှ သံချောင်းခေါက်ခြင်းကိုရပ်၊ အလံ ပြလေသည်။

ထိုအခါမှ ထောင်လုန့်ခြင်း ပြီးဆုံးခြင်းရောက်ကြောင်း၊ အထိမ်း အမှတ်ဖြစ်သည့် နောက်ဆုံးသုံးချက်ကို ဖြည်းဖြည်းလေးလေးခေါက်၍ အဆုံး သတ်လိုက်မှ ထောင်မှူးကြီးက ရောက်ရှိလာသည်။ ပုလိပ်စစ်တပ်များ ဘယ် ရွှေ့ဘယ်မျှ ဘာလက်နက်ကိုင်ဆောင်၍ ရောက်ရှိလာကြောင်း၊ မေးမြန်းမှတ် သားကာ ပုလိပ်နှင့်စစ်တပ်ကို ပြန်ခွင့်ပြုတော့သည်။ ထောင်၏လုံခြုံမှုသည် သာမညောင်ညမဟုတ်။ အတော်ကြီးကို ကြီးကျယ်တော်မူပါပေသတည်း။

ထောင်အလုပ်သည် ငါမနိုင်မသားဆိုကြရသည့် လူမျိုး ရာနှင့် ထောင်နှင့်ချီပြီး အုပ်ချုပ်ရသော ဌာနကြီးဖြစ်လေရာ ကိစ္စမှာ တစ်ခုမရှိ တစ်ခုရှိနေလေသည်။

ထောင်မှူးထောင်ပိုင်များက အကျဉ်းသားအတွက် စိတ်ညစ်ရ အကျဉ်းသားက ထောင်မှူးထောင်ပိုင်ကိုမကျေနပ်၍ စိတ်ညစ်ရသော တကယ့်

ဌာနဖြစ်လေရာ ခြောက်ကပ်ကပ် နိုင်လှ၏။ အနီးထောင်မှာ သံချောင်းလေးဘာလေးခေါက်ပေးလိုက်မှ စိုစိုပြည်ပြည်နှင့် မြို့သိရှာသိ ဖြစ်ရတော့သည်။

ရွှေမောင်သည် သံချောင်းခေါက်သံကြားသည်နှင့် တစ်ပြိုင်နက် ဘာမှန်းမသိဘဲ ဖျဉ်းကတိုးတုတ်တစ်ချောင်းကိုဆွဲ၍ ထောင်တွင်းသို့ အပြေးအလွှားဝင်ခဲ့၏။ သူသည် ထောင်တွင်းရောက်မှ အကျဉ်းသားတစ်ဦး အုတ်ရိုးကျော်တက်ထွက်ပြေးကြောင်း သိရလေသည်။

သို့နှင့် ထောင်ပိုင်လုပ်သူက လူစုခွဲပြီး ဘယ်အရပ်ဆီသို့ ထွက်ပြေးမှန်းမသိသော အကျဉ်းသားနောက်သို့ လိုက်နိုင်းလေရာ ယုန်တောင်ပြေးခွေးမြောက်လိုက် လိုက်ကြရလေသည်။ ရွှေမောင်မှ ခွေးမြောက်လိုက်အစုတွင် ပါမသွား၍ အပေါတော ချမ်းသာသွား၏။ သို့ရာတွင် သက်တော့မသက်သာပါချေ။ ထောင်တွင်း၌ စုံစမ်းမှုတာဝန် စစ်ဆေးခြင်းတာဝန်ကို အမိန့်တော်မှတ်လေရာ ခါးကုန်းရ အာပေါက်ရပြန်သည်။

ထောင်တစ်ခု၌ အကျဉ်းသားသည် အပြင်ဥယျာဉ်တွင် လုပ်နေစဉ် ထွက်ပြေးအံ့။ အစောင့်ထောင်ဝါဒါသည် အကျဉ်းသားနှင့် ပုလဲနံ့ပတ် သမီးယောက်ဖလို ယုံကြည်ထားသဖြင့် အကျဉ်းသားပြေးနိုင်ခြင်းဖြစ်၏။ 'ငါပြေးတယ်ကွာ လိုက်ကြပေတော့'ဟု ကြေညာ၍ ပြေးဖူးသော အကျဉ်းသားသည် ထောင်ရာဇဝင်တွင် မရှိသေး။

အကျဉ်းသားသည် ညအချိန်ထရံကို သံဖြတ်လွှကလေးဖြင့် ဖြတ်၍ ထွက်လိုအံ့။ ကိစ္စသည် မလွယ်ကူရေးချ မလွယ်ကူ။ လွယ်ကူသွားသည်မှာ အခန်းတာဝန်ခံ ဘာယာတန်းစီးနှစ်ဦး သဘောတူရမည်မက အခန်းအပြင်စောင့် ထောင်ဝါဒါက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပေးရ၏။ ဤသုံးဦးချက်ပိုင်မှ ကိုယ်ပျောက်အကျဉ်းသား လုပ်၍ရလေသည်။

နေ့ခင်းနေ့လယ်အုတ်ရိုးကို ကျော်ပြေးရာ၌လည်း ဤသုံးချက် တွက်သားကိုက်ရန် စည်းဝါးရိုက်ထားရသည်သာ။ တခြားအကျဉ်းသားများကလည်း မြင်နိုင်သေး၏။ သို့ရာတွင် လူမိုက်လောကတွင် မီးစင်ကြည့်နေကြရသည် မဟုတ်ပါလော။ စိတ်သာချပေရော့။ ဝါဒါကိုယ်တိုင် အရှင်လတ်လတ်





စောင့်နေပါလျက် မသိလျှင် အကျဉ်းသားကြားလူက ပြောမည်ဆိုခြင်းမှာ ဝေလာဝေးပင်တည်။

တောရွာများ၌ ငါးရှာရာတွင် ချောင်းမွှေသည်ဟု ရိုကြ၏။ ငါးရှာသူတို့သည် ချောင်းရိုးတစ်လျှောက် မွှေနှောက်ထားကြရာ ရေနှောက်သွား၍ ငါးများသည် မူးဝေပြီးဖောလော ပေါ်လာတတ်ကြလေသည်။ သို့ရာတွင် ထောင်မှူးထောင်ပိုင်များ ထောင်ကိုမွှေသောအခါ အပြစ်ရှိသော အကျဉ်းသားသည် ဖောလောမပေါ်ပေ။ ထုံးစံအတိုင်း အတီးအမှုတ်နှင့်မှ မူးဝေပြီး ဖောလောပေါ်တတ်လေသည်။

တရားခံဟူသမျှသည် အပြစ်ရှိပါသည်ဟု ရိုးသားစွာဝန်ခံ၍ မပေါ်ပေါက်စကောင်း။ အမှုပေါ်ပေါက်ရန် ပုလိပ်က ပုလိပ်နည်းကိုသုံး၍ ထောင်ကလည်း ထောင်နည်းကို သုံးရသည်သာဖြစ်၏။ လက်သည်တရားခံ မရလေက မြည်တော်ချစ်ပုလိပ်မဟုတ်၊ လူထုအသည်းစွဲ ထောင်မှူးမဖြစ်နိုင်၊ မျက်မာန်တော်ရှမည် ဆဲဆဲသာဖြစ်၏။

ကိုယ့်နည်းနှင့်ကိုယ် ကြိုးစားကြရာတွင်လည်း ပြည်သူ့ပြည်သားတိုးတက်သည့် အစိတ်အပိုင်းက မကြိုက်ကြပြန်။ ထောင်နှင့် ပုလိပ်သည် လူဆိုးကိုပဲ အားပေးရမလား။ ပြည်သူ့အကြိုက်ပဲ လုပ်ရလေမလား၊ ဘယ်လမ်းကို လိုက်ရအံ့။

ရွှေမောင် တခေါက်ကန်းသည် ဟိုလူ့အကြိုက် ဒီလူ့အကြိုက်ကို မသိ။ ထောင်ပြေးရာ၌ ကြရာပါကိုသာ မိအောင်ဖမ်းရန် အရေးကြီးသည်ဟု ဆုံးဖြတ်လိုက်လေသည်။ ထောင်ကြီးထောင်ငယ် ကွဲပြားကြသကဲ့သို့ ထောင်အုတ်ရိုးများလည်း ကွဲပြားကြကုန်၏။ ထောင်ကြီးများတွင် အုတ်ရိုးအမြင့် ၁၈ ပေအထိ ရှိတတ်သော်လည်း ထောင်ငယ်များမှာ ၁၄-၁၅-၁၆ သာရှိတတ်လေရာ ၁၄ ပေရှိ ထောင်အုတ်ရိုးပိုင်ရှင်တို့သည် ကျိုးကန်းတောင်းမှောက် နေရလေသည်။

သို့နှင့် အပြင်ကသူခိုးပင် ထောင်တွင်းသို့ဝင်ခိုးခြင်း အစရှိသည့် ရာဇဝင်စာတင်ရမည့် အမှုမျိုးသည် ကမ္ဘာတွင် ဗမာတစ်ပြည်သာရှိ၍ ဂုဏ်

ယူပြီး ပြောဆိုနေရသည် မဟုတ်ပါလော့။ ခေတ်နှင့်လျော်ညီစွာ အုတ်ရိုးမြင့် တင့်ခဲ့ရသောထောင် အနည်းငယ်သာရှိ၍ အုတ်ရိုးမရှိဘဲ သံဆူးကြိုးနှင့် ဓုကွ ဖြစ်နေသော ထောင်ပိုင်ရှင်များနှင့် အုတ်ရိုးနိမ့်သော ထောင်ပိုင်ရှင်များ ကံကို ခေါင်းဆောင်း၍ နေကြရ၏။

ယခု တို့မာခေတ်တွင် အစိုးရအဆောက်အအုံများကို ရှေးခေတ်ကဲ့သို့ အမြဲတစေ မပြုပြင်နိုင်ကြ၍ မပျက်စီးတန်ဘဲ ပျက်စီးကြရသည်လည်း ရှိ၏။ အုတ်ရိုးမြင့်မည်ထား၍ မောက်နေသည့် သံမံတလင်းကို ပြင်ရန်ပင် အခက်တွေ့ရသည့်ခေတ် မဟုတ်ပါလော။

ထောင်မှူးရွှေမောင်သည် အကျဉ်းသား ထွက်ပြေးသည်ဆိုသည့် အုတ်ရိုးထောင့်ကို သွား၍ သုတေသနလုပ်၏။ အုတ်ရိုးကိုကျော်၍ ထွက်ပြေး နိုင်ခြင်းမှာ သစ်သားတန်းပြစ်စေ၊ ကြိုးအပျားတွင် သံချိတ်တပ်၍ ချိတ်တက် ခြင်းဖြင့်ဖြစ်စေ ပြေးတတ်ကြသည်မှာ သမရိုးကျဖြစ်၏။ ယခုသော် အုတ်ရိုး တွင် ဘာမျှမတွေ့ရ။ သစ်သားဖြင့် ထောက်ထားသဖြင့်အုတ်ရိုး၌ ဖြစ်ရာပြု ရာလည်းမရှိ။ ထွက်ပြေးသော အကျဉ်းသားသည် ဇော်ဂျီဝိဇ်သားကို စားထား လေသလော။ ရွှေမောင်သည် တစ်မိုက်တစ်ထွာညာဏ်နှင့် စဉ်းစား၍မရသော အခါ အိပ်ဆောင်စောင့်သည့် ထောင်ဝါဒါအား စစ်ဆေးရလေသည်။

"ဟေ့ ... အကျဉ်းသား ဘယ်တုန်းက ပြေးသွားတာလဲ"

"အခုပါပဲ ... ဆရာ၊ ကျွန်တော်တောင် ခြေထောက်လိုက်ချွဲ ထားသေးတယ်"

"အမယ်မယ်မယ် ... အတော်ဖျတ်လတ်တဲ့ အကောင်ကိုး၊ ကျွ မင်းမျက်လုံးက မျက်ချေးလည်း သုတ်ပစ်ပါဦး"

ဝါဒါသည် ဖဲကျော်တစ်ဦးဖြစ်လေသည်။ ညတွင် မိုးလင်းအောင် ဖဲရိုက်ပြီး ဝတ္တုရားအချိန်တွင် အိပ်နေကြောင်း သူ၏နီရဲသော မျက်လုံးနှင့် မျက်ချေးက သက်သေခံနေ၏။ ဝတ်ထားသော ယူနီဖောင်းကလည်း ကြေမွနေ ၏။ ကြယ်သီးကို မြန်းစားကြီးတပ်ထား၍ ဒုတိယကြယ်သီးပေါက်နှင့် တတိယ





ကြယ်သီးလွဲ၍ တပ်ထားသေး၏။ အမှန်က အကျဉ်းသားထွက်ပြေးပြီး အိပ် သို့ရောက်သွားမှ သူများပြောနှင့် ယခုပြေးသလို လုပ်ခြင်းဖြစ်သည်။

သို့နှင့် ထုံးစံအတိုင်း ဘုတ်ကိုင်တန်းစီးကိုခေါ် 'တီး' ရလေသည်။ အတော်အတန်တီးရုံနှင့် ပြောလျှင် လူမိုက်တောင် လုပ်မစားသေး။ ရွှေမောင် အဘယ်မှာ မေး၍ရပါမည်နည်း။ ဘူးတစ်လုံးဆောင် အိုအောင်မဆင်းရဲ မဟုတ်ပါလော။ သို့နှင့်ဆက်လက် အရေးယူရန် တိုက်ပိတ်ထားလိုက်လေ သည်။

ရွှေမောင်သည် ဘဲဥကို အစရှာမရသကဲ့သို့ ဖြစ်သွားလေသည်။ ထိုကဲ့သို့ မရတိုင်၊ လက်မှိုင်ရချမည်ဆိုသည်မှာလည်း မဖြစ်နိုင်။ သို့နှင့် ဟေးလားဝါးလား လုပ်ရပြန်သည်။

"ဟေ့ ... အမှုဆိုတာ ဒီနေ့မပေါ် နက်ဖြန်ပေါ်ရမယ်။ လောက မှာ လျှို့ဝှက်တာမရှိဘူး။ ဒီနေ့လာပြောရင် သက်သာမယ်။ နက်ဖြန်ဆိုရင် မင်းတို့အဆိုးမဆိုနဲ့ ဒါပဲ"

ရွှေမောင်သည် ဤကဲ့သို့ ဆိုင်းဆင့်ပစ်ခဲ့၏။ ထို့နောက် သူသည် မသက်သာသူများကို စားတော့ဝါးတော့ မည့်မျက်နှာနှင့် တစ်ဦးချင်း စိမ်းစိမ်း ကြီးလိုက်ကြည့်၏။ ထိုစဉ် အကျဉ်းသားတစ်ဦးသည် အတော်မျက်နှာပျက် နေလေသည်။ ရွှေမောင်သည် ထိုအကျဉ်းသားအား အသာထားကာ ထွက် လာခဲ့၏။ ထို့နောက် သူသည် အကျဉ်းသားအား မိမိရုံးခန်းမှ ခေါ်နိုင်းလိုက် လေသည်။

အကျဉ်းသားသည် တုန်တုန်ရီရီနှင့် ဖြစ်နေ၏။ ထိုသူသည် ထောင် ထုံးစံအတိုင်း ရွှေမောင်ရှေ့တွင် အထိုင်၊ ရွှေမောင်က စကားပြောရန် 'ဟေ့' ဟု အသံခင်မာမာ တစ်ခန်းစလိုက်ရာ ...

"တပည့်တော် ... တပည့်တော် မဟုတ်ပါဘူး"

သူသည် ကြောက်အားနှင့် အယောင်အယောင် အမှားမှား လုပ် လေသည်။

"ဟော့ ... မင်း ဘုန်းကြီးလူထွက်နဲ့တူတယ်"

"မဟုတ် ... မဟုတ်ပါဘုရား ... အဲ ... အဲ ... ဆရာ ... ဆရာ"

"သယ် ... ငါ့လခွေး ... မင်း ဘုန်းကြီးလူထွက် ဖြစ်ရမယ်။ မင်းဟာ မင်းဘုန်းကြီးကထွက်ထွက်၊ သီလရှင်ကထွက်ထွက် မင်း ထောင်ဖောက်မှုပါတယ်ကွ။ ကဲ ... သိတာပြော အနာမခံနဲ့"

ရွှေမောင်က ဤကဲ့သို့ ငြိမ်းခြောက်လေရာ သူသည် တစ်ချက်တည်း ဖော်ကောင်လုပ်တော့သည်။

"တပည့်တော် ပြောပါမယ့် ... ဆ ... ဆရာ"

"ကျွန်တော်လို့ပြောပါ သီလရှင်ကြီးရဲ့"

"ဟဲ ... ဟဲ ... ကျွန်တော် ... ကျွန်တော် ..."

ရွှေမောင်သည် ဤကဲ့သို့ ရှုကြောင်ကြောင်ဆရာအား ကြက်ကန်းဆန်အိုးတိုးသကဲ့သို့ ဖမ်းမိရာ အတော်ပင် နိုင်သွား၏။

"ဒီအမှုမယ် ဘာရာ ပျော့ရယ်၊ ဉယျာဉ်ဘုတ်က ကြွက်နီရယ်၊ ထောင်ပြာတာ ကျော်ခရယ် ပါပါတယ်ဆရာ။ တပည့်တော် အဲ ... အဲ ကျွန်တော် မပါပါဘူး"

"ဟုတ်ပြီ၊ မင်းနာမည် ဘာလဲ"

"ဖိုးဆင့်"

"ဟုတ်ပြီ။ မင်းစကားမှန်ရင် ငါ မင်းကို ထောင်ပိုင်ကြီးဆီက လျှော့ရက်တစ်လ၊ ထောင်မင်းကြီးဆီက နှစ်လ တောင်းပေးမယ်။ မင်းထောင်ဘယ်လောက်ကျလဲ"

"ခြောက်လပါ ... ဆရာ။ ဒီအကောင်တွေ အမှန်ပါပဲ။ ထွက်ပြေးတဲ့ မောင်သွဲ့က ဘာရာနဲ့ တန်းစီးကို သူရုံးထွက်တုန်းက နိုးသွင်းလာတဲ့ ပိုက်ဆံကို ပေးထားတယ်။ ဒါနဲ့ ဂါဒါကို သူတို့နှစ်ယောက် ကိစ္စမရှိ အိပ်သာအိပ်၊ ထောင်မှူးလာရင် နှိုးမယ်လို့ ပြောထားတယ်"





"ဟုတ်ပြီ ... မောင်သွဲ့၊ ဘာနဲ့ အုတ်ရိုးကို ကျော်တက်သလဲကွ"

"အုတ်ရိုးက နိမ့်တယ်။ တန်းစီးနဲ့ဘာရာက တစ်ယောက်အပေါ်တစ်ယောက်တက်၊ မောင်သွဲ့က လူနှစ်ယောက် ပခုံးပေါ်ဆင့်ပြီး အုတ်ရိုးကို တွဲလွဲခိုတက်သွားတယ်"

"အာ ... ဟုတ်ပြီ။ ဟိုအကောင်က ဘာအရေးကြီးလို့ ပြေးသလဲကွ။ ဒီအကောင် လွတ်ခါနီးမှပဲ"

"နောက် လူသတ်မှုတစ်မှု ပေါ်တယ်လို့ဆိုတယ်။ ဒီလိုပဲကြားရတာပဲ"

"ဒီအမှုကို ခရေစေ့တွင်းကျ သိတာ။ မင်းကို ငါ မယုံဘူးကွ။ မင်းပါရမယ်"

ရွှေမောင်က လုပ်ပြန်သည်။

"ဟာ ... တပည့်တော် ကျွန်တော် မပါဘူး"

"အေး ... အေး ... ကောင်းပြီ"

အကျဉ်းသားဟူသည် ထောင်မှ လွတ်ခါနီးပင်ဖြစ်စေ၊ စိတ်မချရပေ။ နောက်ကြောင်း မအေးက ပြေးတတ်၏။ နောက်မှုရှိက ပုလိပ်သည် ထောင်မှလွတ်ရက်ကို မေးမြန်းစုံစမ်းပြီး ထောင်ဝမှ လာဖမ်းတတ်၏။ သို့နှင့် အကြောင်းသိသော မောင်သွဲ့သည် ကြိုတင်စီမံမှုဖြင့် ထွက်ပြေးလေရာ အစောင့်ဂါဒါအား ပုလိပ်လက်သို့ တရားစွဲဆိုရန် အပ်လိုက်ရ၏။

ရွှေမောင်သည် ဖော်ကောင် ဖိုးဆင့်အား ဘေးရန်ပြုကြမည်စိုး၍ တိုက်တွင် ခထားခွဲထားကာ ဆက်လက်စစ်ဆေးပြန်သည်။

"ကဲ ... ကြွက်နီနဲ့ကျော်ခ ပြောကြကွာ။ နောက်ထပ်ရိုက်ရရင် သမိုင်းကုန်းကို ရောက်သွားလိမ့်မယ်။ မင်းတို့တာဝန်ခံရတဲ့နေရာမှာ ဘာဖြစ်မှန်းမသိဘူးဆိုတာ ဘယ်ဖြစ်မလဲကွာ"

"မသိ ... မသိလို့ပါဆရာ။ ကျွန်တော်တို့ မလိမ်တတ်ပါဘူး။ ကျွန်တော်တို့ ဘယ်အသားအနာခံမလဲ"

သူတို့သည် ရိုးသားစွာ လျှောက်လဲကြ၏။

"ဪ ... ဒီလိုလားဟေ့။ ဗိုးဆင့်ကို တိုက်က သွားထုတ်စမ်းဟေ့"

ရွှေမောင်က လေးရစ်ခေါ်ထောင်စာသင်အား အော်ပြောလိုက်၏။ ထိုအခါ ကြွက်နီနှင့် ကျော်ခတို့ တစ်ဦးကိုတစ်ဦး ကြည့်ပစ်လိုက်ကြလေသည်။

ဗိုးဆင့် ရှုကြောင်ကြောင် ရောက်လာတော့သည်။

"ကဲ ... ဗိုးဆင့်ရယ် ... မင်းသူငယ်ချင်းတွေကို မေ့နေတာလေးတွေ သတိပေး ပြောပြပေးလိုက်ပါဦး"

ရွှေမောင်က ဗိုးဆင့်အား မြှောက်ပေးလိုက်၏။

"ကိုကျော်ခက ပန်းခံပေးတာ အလယ်လူပါဆရာ"

ဗိုးဆင့်က မကွယ်မဝှက် ပြောချတော့သည်။

"ကဲ ... ကျော်ခ ဘယ်နှယ့်လဲ။ ဟဲ ... ဟဲ ... ကျော်ခက အလယ်လူဆိုတော့ ကြွက်နီက ဇလကောင်းတော့ အောက်ဆုံးကလူ ဖြစ်ရမယ်ကွာ။ ဘယ့်နှယ်လဲ။ ဟဲ ... ဟဲ ...။ ငါက ဗေဒင်ဟောစားနေတဲ့ အကောင်ကွ။ ဟား ... ဟား ..."

ရွှေမောင်သည် ကိုယ့်စကားနှင့်ကိုယ် သဘောကျ၍ တအားပစ်ရယ်နေ၏။

ထိုအခါ ကြွက်နီသည် အတော် မျက်နှာနီမြန်းသွားကာ ....

"ကျွန်တော် မှန်မှန်ပြောပါရစေ"

ဟု ဆိုလေသည်။

"အေးပါ ... မှန်မှန်ပြောအောင်လို့ပဲ မေးနေတယ် မဟုတ်လား





ကွ။ ကိုယ်မှားရင် မှားတယ်ပေါ့။ ငါ သက်သာအောင် လုပ်ပေးမယ်လို့ ပြောနေမှပဲ"

ရွှေမောင်က ထွက်လုထွက်ဆဲ စကားကို ဟန်နှင့်ပန်နှင့် ဆွဲထုတ်၏။

ထိုအခါ ကြွက်နီသည် မကွယ်မဝှက်ဘဲ ဟုတ်မှန်ရာ ဖွင့်ချလိုက်ရာ ရွှေမောင်၏ အတော်မှန်ကန်သော ဗေဒင်ပင် အလွဲလွဲအချော်ချော် ဖြစ်ကုန်၏။ အကြောင်းမှာ အောက်ဆုံးက ပန်းခံပေးသူမှာ ကြွက်နီမဟုတ်တော့ဘဲ ဖော်ကောင် ဗိုးဆင့်ပင် ဖြစ်နေခြင်းကြောင့်ပေတည်း။

✿ ✿ ✿

## [၃]

❑

နောင်သောအခါ ဖိုးဆင့်အား ရွှေမောင်က အေးအေးဆေးဆေးနှင့် ထောင်ပြေးမှုကို မေးစမ်းကြည့်ပြန်သည်။ ထိုအခါ ဖိုးဆင့်က သူရယ်၊ ကျော်ခရယ်၊ လွတ်မြောက်သွားသည့် မောင်သွဲ့ရယ် ပြေးရန်လုပ်ကြကြောင်း၊ တစ်ဦးပေါ်တစ်ဦးဆင့်ပြီး အုတ်ရိုးကျော်တက်က ရနိုင်သည့် လွယ်လွယ်လေးဆုံးဖြတ်ကာ သူက အောက်ဆုံးက အံကြိတ်ခံပေးသည်ဆို၏။

မောင်သွဲ့လွတ်သွားပြီး သူထင်သလို မဟုတ်တော့ဘဲ ကျန်နှစ်ယောက်စလုံး မလွတ်မှန်းသိတော့မှ စိတ်ဆိုးကာ ဖော်ကောင်လုပ်လိုက်သည်ဟု ဆိုလေသည်။ သို့နှင့် ဉာဏ်ကြီးရှင် ထောင်မှူးရွှေမောင်က ကံကွက်ကြား၍ ကျန်ရစ်သူ ဖိုးဆင့်နှင့် ကျော်ခတို့နှစ်ဦးအနက် မည်သူက ဉာဏ်သာကြောင်း တွေးကြည့်ပြန်ရာ ကျော်ခက ဖိုးဆင့်ထက် ဉာဏ်သာသည်ဟု ဆုံးဖြတ်လိုက်သည်။

အကြောင်းမှာ ကျော်ခသည် ဉာဏ်သာ၍ ဖိုးဆင့်၏ပခုံးပေါ် တက်ရသူ မဟုတ်ပါလော။ သို့နှင့် အလုပ်ဆိုတာ လက်တွေ့ကျမှ ခက်ခဲကြောင်း ဖိုးဆင့်၏အတွေ့အကြုံကို အကျဉ်းသားများအစား ရွှေမောင်က ပြောပြလေရာ တဝါးဝါးနှင့် ရယ်မဆုံး ဖြစ်နေကြလေ၏။





ရွှေမောင်သည် အမှုအခင်းစစ်ဆေးပြီးသွားသဖြင့် အားလပ်သည့် တစ်နေ့တွင် သွားနေကျ ဘုန်းကြီးကျောင်းသို့သွားကာ ဦးပဠင်းဆရာတစ်ဦးနှင့် စကားလက်ဆုံကျနေ၏။ ထိုစဉ် ဦးပဠင်းက မမျှော်လင့်သော စကားတစ်ခွန်းကို ရွှေမောင်အား မေးလိုက်လေသည်။

"ထောင်ထဲမယ် ဖိုးဆင့်တစ်ယောက် ဘယ်နားမှာလဲ။ ဟဲ ... ဟဲ ..."

ဦးပဠင်းသည် မေးပြီး ပြုံးနေ၏။

"ဘယ်ဖိုးဆင့်လဲ ဦးပဠင်း။ ထောင်ထဲမှာ ဖိုးဆင့်တွေက အများသား"

"ထောင်ကျနေတယ် ... ဒကာကြီးရဲ့၊ လူက ရှုးကြောင်ကြောင်လေး၊ ထောင်ဖြောက်လာပဲဆိုလား"

ထိုအခါ ရွှေမောင်သည် ရှုးကြောင်ကြောင် ဖိုးဆင့်ဆို၍ ထောင်ဖောက်မှုတွင် ပါဝင်သည့် ဉာဏ်ကြီးရှင်ဖိုးဆင့်အား သတိရသွားကာ ...

"ဟုတ်မယ်ထင်တယ်။ အသားမဲမဲ ဂင်တိုတိုလေ"

"ဟာ ... ဟုတ်ပြီ ဟုတ်ပြီ။ ဒီအကောင် ... ဘယ်နှယ့်လဲ ဒကာကြီးရဲ့"

ဦးပဠင်းက ဆက်မေးပြန်သည်။

"ဦးပဠင်းနဲ့ သိလို့လားဘုရား။ ဘာတော်သလဲ"

"ဟဲ ... ဟဲ ... ဘာမှတော့ မတော်ပါဘူး။ တပည့်အရင်းဆိုပါတော့။ ရဟန်းဘဝက လူဝတ်လဲပြီးရော ထောင်လည်း ကျတာပဲ။ ရှုးကြောင် ကြောင်နဲ့ တော်တော်တော့ ရယ်ဖို့ကောင်းတဲ့လူ"

"ဩော် ... ဩော် ... ဒါကြောင့်ကိုး။ သူ့ဥစ္စာက စကားပြောရင်း တပည့်တော်လည်းပါရဲ့။ တင်ပါဘုရားလည်းပါရဲ့။ မင်း ဘုန်းကြီးလူထွက်ဖြစ်ရမယ်လို့တောင် တပည့်တော် ပြောရသေးတယ် ဦးပဠင်း"

ရွှေမောင်ပြောပြသောအခါ ဦးပဠင်း ရယ်တော်မူလေသည်။

"ဦးပဥ္စင်းတပည့်က တကယ့်ရှုကြောင်ကြောင်ပါ ဘုရား။ ဒါတောင် ထောင်ပြေးမှုမှာ ပါလိုက်သေးတယ်။ လူသုံးယောက်တိုင်ပင်ပြီး တစ်ယောက် ပေါ်တစ်ယောက် ဆင့်တက်လုပ်ပြီး ပြေးကြဖို့ စည်းဝါးရိုက်ထားတာ။ အပေါ် ဆုံးတစ်ယောက်သာ လွတ်ပြေးတာကို သူက အောက်ဆုံးက ပခုံးခံပေးတာ မပြေးနိုင်လို့ စိတ်ဆိုးပြီး တောက်လျှောက်ဖော်ကုန်တာပဲ ဦးပဥ္စင်း"

ဦးပဥ္စင်းသည် ဣန္ဒြေမဆောင်နိုင်ဘဲ ခွက်ထိုးခွက်လန် ရယ်တော်မူ၏။ ထို့နောက် ဦးပဥ္စင်းသည် ရယ်စရာကောင်းလှသော ဖိုးဆင့် သူ၏တပည့် ကျော်အကြောင်းကို ဇာတ်စုံခင်းလေသည်။

❀ ❀ ❀

# [၄]

❑

ဖိုးဆင့် ဆယ်နှစ်သားလေးအား မိခင်မုဆိုးမကြီးသည် ဆရာတော် ဘုရား၏ အပြီးအပိုင် လာအပ်သွားလေသည်။ လာအပ်ခြင်းမှာ အလွန်ဆင်း ရဲ၍ ဖြစ်၏။ ဆရာတော်ဘုရားသည် ကရုဏာရှေ့ထားပြီး ကိုရင်စည်းပေး လေရာ ဖိုးဆင့်မှာ ကိုရင်သုမနဖြစ်လာ၏။

ဖိုးဆင့်သည် ဘဝပါရမီနည်းပါး၍ ကကြီး၊ ခခွေးကို သုံးလမျှ ကျက်ယူရ၏။ ဤမျှမက ရှုကြောင်ကြောင်လည်းနိုင်လှရာ ကျောင်းထိုင် ဆရာတော်သည် ဖိုးဆင့်ကြောင့် အတော် စိတ်ညစ်တော်မူရ၏။

ဖိုးဆင့်သည် ဤကဲ့သို့ ရှုကြောင်ကြောင်နှင့်ပင် ကြီးပြင်းလာခဲ့ သည်။ ဆွမ်းခံလွှတ်လိုက်လျှင် ကောင်းပေ့ဟင်းလျာကို လမ်းတွင် တုတ်ပစ် ခဲ့၍ အရိုက်အပုတ်ခံရသည်မှာလည်း အကြိမ်ပေါင်းရေတွက်၍ မရပေ။ ကြာ တော့ ဘုန်းတော်ကြီးက လက်လျှော့ရလေတော့သည်။

ကိုရင်သုမန တစ်ခုကောင်းရှိသည်မှာ မည်သူနှိုင်းနှိုင်း လုပ်ပေး လေသည်။ အထူးသဖြင့် ဆရာတော်ကြီး နေထိုင်မကောင်းလျှင် မိုးအလင်း နှင်းနှိပ်ပေးတတ်လေရာ ဆရာတော်ကြီးမှ သုမနအား ကရုဏာသက်ရောက် သည်။

ကိုရင်သုမနမှာ စာပေပါရမီ လုံးဝမပါရကား ဆရာတော်ကြီးက ပေယျာလကန်ထားပြီး တောက်တိုမည်ရရိုင်းရန်မျှသာ ထားရလေသည်။ ဤသို့နှင့်ပင် အသက်နှစ်ဆယ်ပြည့်၍ ကရုဏာရှေ့ထားပြီး ဆရာတော်ဘုရားက ရဟန်းခံပေး၏။ ရဟန်းဒကာခံမည့်သူအား ဆရာတော်ဘုရားကိုယ်တိုင် ရှာဖွေခဲ့ရာ ဤရွာကြောင်ကြောင် ကိုရင်အတွက် မည်သူတစ်ဦးတစ်ယောက်မျှ မပေါ်ပေါက်ခဲ့ပေ။

လာဘ်သပကာ လုံးဝမရှိသော ဦးပဥ္စင်းသုမနအား ဆရာတော်ဘုရားကသာ စွန့်ကြဲတော်မူရ၏။ သုမနသည် ဆရာတော်စွန့်ကြဲတော်မူသမျှကို စုထားတတ်လေသည်။ စုဆောင်းထားသည့် ပစ္စည်းများကို တစ်ခါတစ်ခါ ဆရာတော်မသိအောင် အလိုကြီးချ၍ ရောင်းတတ်ပြန်သည်။

ဦးပဥ္စင်းသုမန၏ ဖောက်သည်များမှာ မိန်းမပျိုလေးများသာတည်း။

တစ်ခါသော် ဦးပဥ္စင်းကြီးများက ဦးသုမနသည် မိန်းကလေးများနှင့် မတော်တရော်မြင်ရကြောင်း၊ ကျောင်းနာမည်ပျက်မည်စိုး၍ မနေနိုင်သဖြင့် လျှောက်ထားကြ၏။

သို့နှင့် ဆရာတော်ဘုရားသည် ဦးသုမနအား စိတ်ဆိုးဆိုးနှင့် ကြိမ်ကြော ပြန့်ချီတော်မူလေသည်။ ထိုအခါ ဦးသုမနက အခြားကိုယ်တော်များအား တုတ်တစ်ပြက် ဓားတစ်ပြက် လုပ်လေတော့သည်။

တစ်နေ့တွင် ဦးသုမနနှင့် အဆက်မိန်းကလေးသည် အထုပ်တစ်ထုပ်နှင့် ကျောင်းပေါ်တက်လာပြီး လှစ်ခနဲ ပြန်ဆင်းသွားသည်ကို ဦးပဥ္စင်းများက ဆရာတော်ဘုရားအား လျှောက်ထားကြပြန်သည်။ ထိုအခါ ဆရာတော်ဘုရားသည် ဦးသုမနအား ခေါ်၍ စစ်ဆေးတော်မူရ၏။

"ဟေ့ ... သုမန၊ နင် လူထွက်ဖို့ စိတ်ကူးသလား။ ထွက်ချင်ကောင်းကောင်းမွန်မွန် ထွက်သွား။ ငါ မတားဘူး"

"မထွက်ပါဘူး ... ဘုရား၊ တပည့်တော်ကို မနာလိုလို့ ကုန်းတိုက်ကြတာပါ"





"အေးလေ ... ကြပ်ကြပ် စဉ်းစားပေါ့။ အပြောခံရတယ်ဆိုတာ ကိုယ်က မဟုတ်တာလုပ်လို့ပဲ။ နင်က ရူးကြောင်ကြောင်နဲ့ လူဝတ်လဲရင် ဘာလုပ်စားမလဲဟ"

"တပည့်တော် စိတ်မကူးပါဘုရား။ သက်သက် ချောက်တွန်းကြတာပါ"

"ကောင်းပြီ။ နောက် ဒီအကြောင်းနဲ့ပတ်သက်လို့ ကြားရရင် နင်သွားတော့"

ဆရာတော်ဘုရားသည် စိတ်မကောင်း ဖြစ်သွားတော်မူ၏။ ထိုနေ့မှစ၍ ဆရာတော်ဘုရားလည်း ကိုယ်တော်တိုင် ဦးသုမနကို တစေ့တစောင်းကြည့်တော်မူလေသည်။ ဆရာတော်ဘုရား အတော်ကြာ ကြည့်သည့်တိုင်အောင် ဦးသုမန၏ မတော်မတည့် တစ်စွန်းတစ်စကိုပင် မမြင်ရ၍ ...

"အင်း ... ဦးပဥ္စင်းတွေပြောတာ ဟုတ်ချင်မှဟုတ်မှာပါ"

ဟု ယူဆတော်မူလေသည်။

တစ်နေ့တွင် ဆရာတော်ဘုရားသည် ဧည့်သည်များရောက်၍ အာလာပ,သလ္လာပ ပြောကြားတော်မူနေ၏။ ဦးသုမနမှကား သူ၏အခန်းတွင် တချွတ်ချွတ်လုပ်နေလေသည်။

ဦးသုမနသည် တံခါးပိတ်ပြီး အပေါ်ရုံသင်္ကန်းကို ချွတ်၍ ရှပ်အင်္ကျီဝတ်၊ အပေါ်အင်္ကျီဝတ် ခေါင်းပေါင်းကို ဟန်နှင့်ပန်နှင့်စွပ်ပြီး တစ်ဦးတည်း စတိုင်ထုတ်ကြည့်နေလေသည်။ ထို့နောက် သတိရ၍ သူ၏အဆက်ထံမှ ...

"လူဝတ်လဲခဲ့ပါတော့မောင်"

ဆိုသည့်စာကို အားရပါးရ ဖတ်နေစဉ် ...

"ဟဲ့ ... သုမန၊ ခဏလာစမ်း"

ဟု ဆရာတော်ကြီး၏ အမိန့်တော်ကို ကြားရလေရာ သူသည် အတော်တုန်လှုပ်သွားပြီး အပေါ်အင်္ကျီချွတ် စာရွက်ကိုသိမ်းနှင့် ရှာများသွားရှာလေသည်။

"ဟဲ့ ... သုမန၊ ဘာလုပ်နေတာတုန်းဟ"

ဒုတိယမွီအခေါ်တော်ရှိသည်ကို ကြားရသောအခါ သူသည် ...

''လာပါပြီဘုရား''

ဟု အသံပေးပြီး ချတ်ထားသည့်သက်နီးကို ကဗျာကသီနှင့် အကျဝတ်ရပြန်သည်။

''ဟဲ့ ... သုမန၊ သေနေသလားဟ''

ဟု တတိယမွီ အော်သံကြားရသောအခါ ဦးသုမနသည် တည်ငြိမ်သော ရဟန်းတို့ ကာယိဣန္ဒြေနှင့် ဘယ်တစ်လှမ်းနှင့် ညာတစ်လှမ်းနှင့် ထွက်လာပြီး ခပ်လှမ်းလှမ်းမှ ရှိသေစွာ ဒူးထောက်ထိုင်၍ အမိန့်ကို နာခံနေလေသည်။

''ရောက်ပါပြီ ဘုရား''

ဟု အသံပြုလိုက်သောအခါ ဆရာတော်ဘုရားက ဦးသုမနအား စောင်းကြည့်လိုက်ရာ ဆရာတော်ဘုရား၏ မျက်လုံးတော် ပြူးထွက်သွားလေသည်။

''ဟင် ... နင် ဘာကောင်ဖြစ်နေသတုံး။ ဟင်း ... ခွေးသား သုမန''

ဆရာတော်က ဒေါပွပြီး အော်လိုက်ခါမှ ညည်သည်ဒကာနှင့် ဒါယကာမတစ်ဦးတို့ လန့်ဖျပ်ပြီး ဦးသုမနအား လှည့်ကြည့်မိကြလေသည်။

ဆရာတော်ဘုရားသည် ထလာပြီး သုမနအား ဖနောင့်နှင့်ပေါက်တော်မူရာ ဧည့်သည်များသည် တခွိခွိနှင့် ပါးစပ်ကို ပိတ်ထားရလေ၏။

အကြောင်းမှာ လူဝတ်ကိုဝတ်ကြည့်ပြီး ဟန်ထုတ်မိသော ဦးသုမနသည် ခေါင်းပေါင်းကိုချွတ်ရန် မေ့သွားသောကြောင့် ဟူသတည်း။

❋ ❋ ❋

## [၁]

❑

ဦးသုမနအား ဦးပဥ္စင်းများက သိက္ခာချပြီး လူဝတ်လဲပေးလိုက်၏။ ဦးသုမနသည် ဖိုးဆင့်ဖြစ်သွားလေသည်။

ဖိုးဆင့်သည် စပိပြဲစပိပြဲနှင့် ခေါင်းပေါင်းအင်္ကျီနှင့် အတော်ကြည့်ကောင်း၏။ သူသည် ဆရာသမားများကို ဝတ်ချပြီး စတိုင်နှင့် ထွက်သွားလေသည်။ ဆရာတော်ဘုရားကိုမူ သွား၍ ဝတ်မချတော့ပေ။ ဖိုးဆင့်သည် လူဝတ်နှင့်ကျတော့ အတော်ကြည့်ကောင်းသာ။

သို့ရာတွင် တစ်သက်လုံး သင်္ကန်းရုံလာသော သူ၏လက်တစ်ဖက်မှာ လူ၏ဟန်သို့မရောက်။ လက်သည် ရှိုးရှိုးလူကဲ့သို့ မလှုပ်။ ဘုန်းကြီး စာတိမပျောက်ဘဲ ကပ်နေ၏။ ထွက်ခွာသွားသော ဖိုးဆင့်အားကြည့်၍ ဦးပဥ္စင်းများ အူနှိပ်ကျုန်ရယ်ခဲ့ကြလေသည်။

ဖိုးဆင့်သည် သူ၏ဆန္ဒ ပြည့်ဝသကဲ့သို့ တစ်ကိုယ်လုံး ပေါ့သွားဟန်ရှိ၏။ သူသည် ဘယ်ကို ဆိုက်ရမည်နည်းဟု တွေးလိုက်ရာ သူ၏ရည်းစား မယ်စံ သတိရသွား၏။ သို့နှင့် မယ်စံအိမ်သို့လိုက်မှဟု ဆုံးဖြတ်ကာ ငိုက်နှင့်ဆိုက်နှင့် လျှောက်ခဲ့၏။ အရေးထဲ မယ်စံ၏အိမ်ကိုပင် ရိုးတိုးရားတားဖြစ်

သွားပြန်ရာ မိန်းကလေးသုံးလေးဦး စုထိုင်နေသည့်အိမ်ကိုမှ ဝင်မေးလျက်သား ဖြစ်သွားလေသည်။

"ဒီမယ် ... မယ်စံ ... မယ်စံ ..."

ဖိုးဆင့်သည် ခေါင်းပေါင်းစ တလူလူနှင့် မေးလိုက်၏။

"မယ်စံမရှိဘူး။ လင်နောက်လိုက်ပြေးပြီးတော့"

"ဟိုက် ... ခက်တာပဲ"

ဖိုးဆင့်သည် ရှုးကြောင်ကြောင်နှင့် ချာခနဲလှည့်ထွက်ရာ ဇီးချုံနှင့် ဝင်တိုးလေ၍ ကလေးမများ တဟားဟားဖြစ်ကုန်ကြ၏။ ဖိုးဆင့် မြို့ပြင်အရောက်တွင် တစ်ဦးသောကလေးမလေးက မအောင့်နိုင်၍ ဖိုးဆင့် ကြားလှမ်းမျက်အောင် လှပ်ပြန်သည်။

"ဟင် ... လူကြီးကြည့်ရတာ ဘုန်းကြီးလူထွက်နဲ့ တူတယ်တော့။ အဟား ... ဟား ..."

ထိုအခါ ဖိုးဆင့်က ကျမန်းကတတ်နှင့် အော်ပြီးထွက်သွားပုံမှာ..

"ဘယ်ကလာဟုတ်ရမှာတုံး ... ဒကာမကြီး"

ဟူ၏။ ကလေးများသည် ခွက်ထိုးခွက်လန်ရယ်၍ ကျန်ရစ်ခဲ့ကြလေသတည်း။

☼ ☼ ☼

[၆]

❑

"အဲ ... နောက်တော့ မယ်စံကိုလည်းတွေ့ရော သူ့မယားပါဆိုပြီး အတင်းတက်ဆွဲတာနဲ့ ထောင်ခြောက်လကျသွားတယ်လို့ ကြားရတာပဲ ဒကာကြီး။ ဟဲ ... ဟဲ ... သိပ်ရယ်ဖို့ ကောင်းတဲ့လူ"

ဦးပဥ္စင်းသည် ရယ်လိုက်ပြောလိုက်နှင့် အဆုံးသတ်လိုက်လေသည်။

ရွှေမောင်သည် ဖိုးဆင့်၏ အတိတ်နှင့် ပစ္စုပ္ပန်ကို ဆက်စပ်တွေးကြည့်ရာ ဦးပဥ္စင်းကျောင်းမှအပြန် တစ်ဦးတည်း အူပိန်အောင်ရယ်မိလေ၏။

မကြာမီ ဖိုးဆင့်သည် ထောင်မှထွက်မည့်ရက်သို့ ရောက်လာတော့သည်။ ဖိုးဆင့် ထောင်မှအထွက် ရွှေမောင်က မေးမိပြန်သည်။

"ဘယ့်နှယ်လဲ ... ဖိုးဆင့် မင်းကို ဆရာတော်ကြီးက မှာနေတယ်"

"ဟဲ ... ဟဲ ... မဖြစ်ဘူး၊ မဖြစ်သေးဘူး။ နောင်ဟန်ကျမှ သွားကန်တော့တော့မယ်။ ဟဲ ... ဟဲ ..."

"အခု မင်း ထောင်ထဲကပညာတွေ အတော်တိုးသွားရောပေါ့"

"ဟဲ ... ဟဲ ... ဒီတချိုကတော့ ဘာမှန်းတောင် မသိလိုက်ဘူး။ နောင်တချို့မှာဘဲ အမိဖွာယ်ရှိအောင် လုပ်ရမယ်ဆရာ"

ရွှေမောင်သည် ဗိုက်ထဲတွင် တကျိုကျိုဖြစ်နေလေသည်။

"အေး ... ဒီလိုမှပေါ့ ဗိုးဆင့်ရာ။ လူဆိုတာ တစ်ဆင့်တစ်ဆင့် ကြိုးစားရတယ်။ နောက်တစ်ခေါက် ငါမပြောင်းခင် လာခဲ့ဦး။ ကြားလား"

"ဟဲ ... ဟဲ ... သွားမယ် အရှင်ဘုရား"

"အဲ ... အဲ ... မင်း ဘုန်းကြီးစိတ်ကို မပျောက်ဘဲကိုးကွ"

ဗိုးဆင့်သည် ရွှင်လန်းဝမ်းမြောက်စွာ ထောင်မှ ထွက်သွားလေ၏။

ကုန်လွန်ခဲ့သော နေ့ရက်တို့ကို လက်နှင့်ချိုးရေတွက်၍ ရနိုင်သေးသောအချိန်တွင် ဗိုးဆင့် လက်ထိပ်တကားကားနှင့် ရောက်လာရာ ရွှေမောင်က တံခါးမှဆီး၍ ...

"ဘယ့်နှယ်လဲ ... ဗိုးဆင့် လာပြန်ပလား။ မင်း သိပ်စကားတည်တဲ့လူပါလား"

ဟု ချီးကျူးလိုက်ရာ ...

"အလကားပါဆရာ ... ဟိုအကောင်မတွေ မနာလိုလို့ လုယက်မှု ဆင်တာပါ"

ဟု ညိုးငယ်စွာပြောလိုက်၍ ရွှေမောင်က သူ၏အဆက်ကလေးက ရှုးကြောင်ကြောင်အကောင်ကို အမှုဆင်ပြီး လုပ်လိုက်ပြန်ပြီဟု ထင်ထားလိုက်၏။ အကျိုးအကြောင်းကိုမှု မမေးတော့ပေ။

ရွှေမောင် သွားနေကျ လာနေကျအတိုင်း ဦးပဍ္ဍင်းကျောင်းသို့ ရောက်သွားပြန်သည်။ အချိန်ရခိုက် ဦးပဍ္ဍင်းနှင့် တောင်တောင်မြောက်မြောက် ရောက်တတ်ရာရာ စကားပြောကြလေရာ ဦးပဍ္ဍင်းကပြုံးပြီး ...

"ဩော် ... ဒါနဲ့ ကျုပ်အကောင်ကို ပုလိပ်ဖမ်းထားပြီလို့ ကြားရပြန်ပြီ"





ဟု ပြောလိုက်၏။ ထိုအခါ ရွှေမောင်က မေးပြန်၏။

"ဘယ်သူတုံး ဦးပဍ္ဍင်း။ ဟိုအကောင် ဗိုးဆင့်လား"

"အစစ်ပေါ့ ... ဒကာကြီး။ ဟား ... ဟား ... သိပ်ရယ်ဖို့ကောင်းတဲ့အကောင်"

"ဖမ်းထားဆို ထောင်ကိုတောင် ရောက်နေမှာပဲ ဦးပဍ္ဍင်း"

"ဟေ ... ဟုတ်လား။ ကျုပ်က မနေ့ကမှ သူ့သတင်းကို ကြားရတယ်။ ကျုပ်က ဒီအကောင်လွတ်သွားတာ ဘာကြာသေးလို့လဲ။ ထောင်က လွတ်လွတ်ချင်း ဦးပဍ္ဍင်းဆီတောင် ဝင်သွားသေးတယ်။ ဟုတ်နိုင်မယ်မထင်ပါဘူးလို့ ထင်တာ။ ပြောတဲ့လူက အတော်စုံစုံလင်လင် ပြောသွားလို့ ကျုပ်ခြင်း ရယ်လိုက်ရတာ အူကိုနာသွားရော။ ဟဲ ... ဟဲ ..."

"သူ့ကို တပည့်တော်မေးကြည့်တော့ ဟိုအကောင်မတွေ မနာလိုလို့ အမှုဆင်သလိုလို ပြောပါလား"

"ဘယ်ကောင်မတုံး ... ဟဲ ... ဟဲ ..."

"မသိပါဘူး၊ တပည့်တော်လည်း ဆက်မမေးခဲ့ပါဘူး။ အရင် သူ့အဆက်လို့ ထင်တာပါပဲ"

ရွှေမောင်ပြောနေသည်ကို ဦးပဍ္ဍင်းက တပြုံးပြုံးနားထောင်ရင်း–

"ဒီလို ... ဒီလို ... ဒကာကြီး။ ကျုပ်ကြားရတာ ..."

ဦးပဍ္ဍင်းသည် သူ၏တပည့်ကျော်အကြောင်း ကြားရသမျှ ဖောက်သည်ချလေ၏။

❀ ❀ ❀

## [၇]

❑

ထောင်မှထွက်လာသော ဦးပဥ္စင်းလူထွက်သည် မြက်မြက်သက်သက် မစားရသည်မှာ ကြာပြီဖြစ်၍ ဆရာဦးပဥ္စင်းထံသို့ တန်းပြေးလေသည်။ သူသည် တစ်ညတာမျှ ကျောင်းတွင် အိပ်ခဲ့၏။ ဦးပဥ္စင်းက သနား၍ နေပါဦးလား ပြော၍မရ။ သူကြောက်သည်မှာ ဆရာတော်ကြီးသိသွားမှာ စိုးလေသည်။

သို့နှင့် နံနက်မိုးလင်းလင်းချင်း သူ၏ရွာသို့ သုတ်ခြေတင်သွားခဲ့၏။ သုတ်ခြေတင်သွားခြင်းမှာ ဖိုးဆင့်အား ရွာတွင်ကျွေးမွေးမည့်သူ အရန်သင့်ရှိ၍မဟုတ်။ ရှိသည်မှာ သူနှင့် တစ်နေ့တည်း ထောင်မှထွက်ကြသည့် ငွေရဆိုသူက မှာထား၍ဖြစ်၏။

ထောင်တွင်းတွင်နေစဉ်က ဖိုးဆင့်သည် လူ့လောကတွင် ငွေရှာလွယ်ပုံကို ကြားခဲ့ပြီဖြစ်၏။ ကွန်မြူနစ်လေသံနှင့် မရှိ၍လုစားခြင်းမှာ ဘာအပြစ်မှ မရှိသလိုလို ပြောသည်ကိုလည်း ကြားသိခဲ့ရ၏။ ရွှေနှင့် ငွေနှင့် အရင်းရှင်တို့သည် ပစ္စည်းမဲ့အလုပ်သမား, လူတန်းစားအပေါ် ဖိနှိပ်ကြသည်ဟုလည်း ထူးဆန်းသည့်စကားများကို တိုးတက်သည့်အကျဉ်းသားများထံမှ





ကြားသိထားလေရာ တစ်သက်လုံး ဘုန်းတော်ကြီးစကားကိုသာ နားထောင်ခဲ့ရသည့် ဖိုးဆင့်မှာ တိုင်းသစ်ပြည်သစ်တစ်ခုကို တွေ့ရသည့်အလား များစွာ နှစ်သက်သွား၏။

ထောင်တွင်းနေစဉ်က သူတစ်သက်လုံး မသောက်သုံးဘူးသည့် အာဟာရတစ်မျိုးလည်း သောက်သုံးခဲ့မှု၏။ ထိုအာဟာရမှာ ဆေးခြောက်ရှုခြင်းပင်တည်း။ ထောင်ထဲ၌ ဆေးခြောက်သောက်ခြင်းကို နွားစီးသည်ဟု ထောင်စကားနှင့် ခေါ်ကြသကဲ့သို့ သစ်သားအရောင်တင်သည့် ပေါလစ်ရောင်ဆီကို ဆားခပ်၍ အရက်ပြန်စိုးသောက်ခြင်းကို မြင်းစီးသည်ဟု ခေါ်ကြပြန်သည်။ နွားနှင့် မြင်းတန်ဖိုး ကွာသကဲ့သို့ စားသုံးသူတို့၏ စိတ်နေစိတ်ထား အမှန်ကွာကြလေ၏။

ဖိုးဆင့်သည် နွားစီးသည့်အရသာ၊ မြင်းစီးသည့်ပညာကို ထောင်မှ အသင်ပေးနှင့် ထွက်သွားလေရာ အပြင်လောက၌ နွားနှင့်မြင်းကို လွတ်လွတ်လပ်လပ် စီးနိုင်ရန် အသပြာရှာနိုင်ရန် လိုလာလေသည်။ အသပြာရှာနည်းနှင့် ငွေတွင်းတူးရန် လက်နက်ကို ဘဝတူ ငွေရက အစစရှာကြပေးလေ၍ သူသည် ရွှေညောင်ပင် သာတဲ့စခန်းဆီသို့ လုပ်တစ်လုံးပြူးကို ခါးတွင်ဝှက်ပြီး လမ်းသွားလမ်းလာများကို အရက်ခပ်မူးမူးနှင့် စောင့်လေတော့သည်။

ခရီးသည်များ၊ အရောင်းအဝယ်သမားတို့သည် ရွာနှစ်ရွာစပ်ကြားဥဒေါ်ကို သွားလာနေကြရာ ဖိုးဆင့်သည် အရက်တန်ခိုးဖြင့် သူ့ကိုယ်သူ သူခိုးကောင်းတော်လှန်ရေးသမားဖြစ်ပြီဟု သွေးနားထင်ရောက်လျက် အရင်းရှင် သွေးစုပ်ကောင်များကို စောင့်လေတော့သည်။

ငွေရသည် ဖိုးဆင့်အား သူ၏ ဝရမ်းလက်နက် အဘယ်မျှ ထက်မြက်ကြောင်း၊ ဝှက်ပျောတောတွင် စမ်းပြခဲ့စဉ်က ငွေရက အကြွားအဝါနှင့် ပြောပြခဲ့သေး၏။

''ဟေ့ . . . ဖိုးဆင့်၊ မင်း ငါ့သေနတ်ဟာ အပစ်ခံရသူသာ သေတာ ကောင်ဘူးနော် ပစ်တဲ့လူပါ သေနိုင်တယ်။ အဲသလောက်ကောင်းတယ်''

ဟု သေနတ်ကို ချိန်ရွယ်ကာ ပြောသည်ကိုပင် ဘာအဓိပ္ပာယ်မှန်း မသိဘဲ အထူးသဘောကျသွား၏။ ဤကဲ့သို့ တန်ခိုးအာနိသင်နှင့် ပြည့်စုံသော သေနတ်ဖြင့် သူသည် အရင်းရှင်များကို စောင့်တော့သည်။ ယမ်းတောင့်မှာ အားလုံး စုစုပေါင်း တစ်တောင့်သာပေးလိုက်၍ စမ်းကြည့်ချင်ပါရက်ကနဲ့ အတော် အောင့်အည်းထားရလေသည်။

ခပ်လှမ်းလှမ်းမှ ဈေးခံတောင်းခေါင်းပေါ်တင်၍ ရွှေညောင်ပင်သာတဲ့စခန်းသို့ လာနေကြသည်ကို ဖိုးဆင့် မြင်နေရပေပြီ။ သူသည် သစ်ပင်အမြစ်ကိုကွယ်၍ တစ်ချက်တည်း ဝပ်ချလိုက်၏။ အရင်းရှင်တို့အား တိုက်သည့်ပွဲသည် စပေပြီ။

အရင်းရှင် ငါးစိမ်းသည်နှစ်ဦးအား ညောင်ပင်အရိပ်ကိုရိုက်၍ လေချိုနကိုရှူကာ အမောဖြေနေကြစဉ် ဖိုးဆင့်သည် ဖြန်းစားကြီးနှင့် ယောက်ျားဘသား မ,တစ်ထောင် တစ်ကောင်ဘွားဟာန်နှင့် ...

''ဟေ့ ... လက်မြှောက်လိုက်''

ဟု အော်လိုက်ရာ ယောင်တတ်သည့် ငါးသည်မတစ်ဦးမှာ ...

''သောက် ... ပလုတ်တုတ် ... တုတ်''

ပင် ဖြစ်သွားလေသည်။

''မလှုပ်နဲ့ ပစ်ထည့်လိုက်မယ်''

ဖိုးဆင့်သည် ကြွက်ကိုမိသည့် ခြသေ့ကဲ့သို့ ကြောက်စရာကြီး မာန်ဟုန်ပြ၏။

''အမယ်လေး ... အသက်ကို ချမ်းသာပေးပါတော် လိုချင်တာယူပါ''

မိန်းမနှစ်ဦးသည် ကြောက်လွန်း၍ ဆတ်ဆတ်တုန်ကာ ရှိုးနေကြလေသည်။

''အရင်းရှင်တွေ၊ အရင်းရှင်တွေ ပါတာပေး''

ဖိုးဆင့်၏ဟိန်းသံသည် ကြောက်မက်ဖွယ် ကောင်းလေစွ။





''ကဲ ... ကဲ ... ယူပါမောင်ရယ်၊ အခေါ်ကတော့ ဈေးဦးမပေါက်သေးလို့ပါ''

တစ်ဦးကဆို၏။

''အပေါ်ပါတာကတော့ ... ဟော ... သပနာန်ပေါင်းအားလုံး ငါးမတ်၊ ငါးကိုယူချင်သပဆိုလည်း တစ်ပိသာခွဲလောက်တော့ ရှိမယ်ထင်ပါရဲ့''

နောက်တစ်ဦးက ရှိသည့်ပိုက်ဆံလေး ထုတ်ပေး၍ ဖိုးဆင့်က ပေးဟုဆိုကာ ဖြန်းခနဲ ဆွဲယူလိုက်၏။

''အရင်းရှင်တွေ ... အရင်းရှင်တွေ ဒါနဲ့ ဘာရမလဲ၊ ဟိုနားက နားကပ်ကိုဖြုတ်စမ်း။ မြန်မြန် ... အချိန်မရှိဘူး''

မိန်းမကြီးသည် ကြောက်ကြောက်နှင့် တစ်သက်လုံး စုဆောင်းထားရသည့် ရွှေတစ်ဖက် ဆယ်ပြားသား ဥသဘယားတစ်လုံးတပ် နားကပ်ကို တုန်တုန်ရီရီနှင့် ဖြုတ်ရရှာ၏။

ဖိုးဆင့်သည် သူ၏ တော်လှန်ရေးလုပ်ငန်း အောင်မြင်ပြီဟု အထူးကျေနပ်သွား၏။ သူ့တစ်သက်တွင် ပွဲဦးထွက် မဟုတ်ပါလား။ ကျေနပ်မည်ဆိုက ကျေနပ်စရာပင်။

ဖိုးဆင့်သည် သတိမြဲသူဖြစ်၏။ မိမိ၏ ဘေးဘယာအတွက်လည်း လှသူလေးပါးကို ကြည့်ရလေသည်။ ကြည့်လိုက်မိ၍ တော်သေး၏။ ကိုက်နှစ်ရာကျော်က လူတစ်ဦးကို မြင်ရလေတော့သည်။

''လုပ်စမ်း ... ချွတ်စမ်း ... မြန်မြန် ...''

သူက အလောသုံးဆယ် အော်ရ၏။

''ချွတ် ... ချွတ်ပါတယ် ... မောင်ရင်ရယ်၊ မချွတ်တာကြာတော့ ကြပ်နေလို့ပါ''

မိန်းမကြီးသည် တုန်တုန်ရီရီနှင့် ချွတ်၏။ မရပေ။ ကိုက်နှစ်ရာကလူသည် ကိုက်တစ်ရာသို့ ရောက်လာချေပြီ။

''ကဲ ... ထစမ်း။ ကျွပ်ချွတ်မယ်''

ဖိုးဆင့် အမိန့်ပေးသည့်အတိုင်း ကုန်းကုန်းလေး ထရရှာ၏။

ဖိုးဆင့်သည် လက်ထဲကိုင်ထားသည့် လုပ်တစ်လုံးပြူးကို ခါးပိုက် ထောင့်အသာထိုးကာ နားကပ်ကို လက်နှစ်ဖက်နှင့် ရှေ့နောက် ကိုင်ချွတ် လေတော့သည်။ ထိုစဉ် ...

"ဟဲ့ ... သဘောက်မသား လက်မြှောက်စမ်း။ လူကို ဘာထင် သလဲ"

ဟုအော်သံကြား၍ ဖိုးဆင့်သည် ကြောက်ကြောက်နှင့် လက်မြှောက် ရချေတော့သည်။ ဖိုးဆင့်၏ မူးနေသည့်အရက် ပျောက်သွား၏။ ဖိုးဆင့် မတတ်သာတော့။ သေဘေးနှင့် ရင်ဆိုင်တိုးနေ၍ ငိုမဲ့မဲ့နှင့် အသက်ကို ချမ်းသာပေးရန် တောင်းပန်နေရရှာသည်။

လက်မြှောက်လိုက်စမ်းဟု သေနတ်ပြပြီး အမိန့်ပေးသူမှာ ရုပ်ရှင် ထဲမှ ဒါရိုက်တာသင်ထားသည့် သူရဲကောင်းရှိန်းဆရာ ပေါ်လာ၍မဟုတ် ပါ။ ရွှေညောင်ပင်စောင့်နတ်လည်း မဟုတ်ပါ။ သူ ခပ်လှမ်းလှမ်းမှမြင်ရသည့် သူလည်း အဝေးမှပင် ရှိပါသေးသည်။ အသို့လျှင် မည်သည့်လူစွမ်းကောင်း က အရေးထဲမှာ ဖိုးဆင့်ကို ဒုက္ခပေးပါသနည်း။ တကယ့်အဖြစ်သည် ကြံဆ သည်ထက် ဆန်းလှပါသည်။

ရှလော့ ... စာရှုသူ မိတ်ဆွေကြီးခင်ဗျား။ သူရဲကောင်းမှာ မည်သူ မျှမဟုတ်ပါ။ နားကပ်အချွတ်ခံရသည့် ဖိုးဆင့်၏အရင်းရှင် ငါးစိမ်းသည်မ ကြီးပင် ဖြစ်ပါသည်။ အကြောင်းမှာ ဖိုးဆင့်သည် ကြီးစွာသောသတိဖြင့် လူသူလေးပါးကြည့်ရင်း ခြောက်တစ်လုံးပြူးကို ခါးပုံစထိုးပြီး ချွတ်နေစဉ် အချွတ်ခံရသည့် ငါးစိမ်းသည်က ထုံးစံအတိုင်း ငြိမ်ငြိမ်လေးမနေဘဲ လက် ကမြင်းပြီး ဖိုးဆင့်၏ ခြောက်တစ်လုံးပြူးကို ဖျတ်ခနဲဆွဲယူကာ ငါးကြင်းဆီ နှင့် ငါးကြင်းကြော်လိုက်၍ ဖိုးဆင့်ခမျာ ဤဘဝကို မတရားသဖြင့် ရောက် သွားရပါတယ်။

ဖိုးဆင့်သည် အဘယ်မှာလျှင် သူ၏အရင်းရှင်ကို ကျေနပ်ပါအံ့ နည်း။ 'ဖြုန်းခနဲ ... ဖြုန်းခနဲ' ငါးကိုဆွဲခုတ်တတ်သော နောက်တစ်ယောက်





ငါးစိမ်းသည်မတစ်ဦး၏လက်သည် ထဘီနှစ်ထပ်ဝတ်လာသည့်အနက် တစ် ထည်ကိုချွတ်၍ ဖိုးဆင့်အား လက်ပြန်ကြိုး တုပ်ပြီးပေပြီ။

"သဘောက်မသား .... သွားစမ်းရှေ့က။ ပစ်ထည့်လိုက်မယ်"

သေနတ်ကိုင်ထားသည့်မိန်းမက အော်ဟစ်လိုက်ရာ ဖိုးဆင့်ခမျာ မတတ်သာတော့။ မိန်းမနှစ်ဦး လက်ညှိုးညွှန်ရာသို့ သွားနေရရှာ၏။

ရှေးတူရှုမှလာနေသည့် ခရီးသည်နှင့်ပင် တွေ့ရပေပြီ။ ခရီးသည် က အမြင်ဆန်းလှသည့်အဖြစ်ကို တွေ့ရသဖြင့် ဘာပါလိမ့်၊ နောက်ပြောင် နေကြရော့လားဟုပင် ထင်၍ ပြုံးရယ်ကာ မေးမိလေသည်။

"ဟား ... ဟား ... ဒါက ဘယ်လိုဖြစ်လာကြတာတုံးဗျ"

"ဟုတ်ကဲ့ ... ကြည့်လုပ်စမ်းပါဦးဗျာ။ သက်သက်မဲ့ အနိုင်ကျင့် ကြတာပါ ... ဒကာကြီး"

ဖိုးဆင့်က အသနားခံကာ လှမ်းတိုင်လေသည်။

"ဟော့တော် .. ဘုန်းကြီးလူထွက်တော့ လက်စသတ်တော့ .."

ငါးစိမ်းသည်တစ်ဦးက အူနိပ်ပြီး ရယ်လေသည်။

ခရီးသည်က အကျိုးအကြောင်းမေး၍ သိရလေရာ

"ဖြစ်မှဖြစ်ရလေ ... ကိုယ့်လူရယ်၊ ဒီလောက်တောင် အ,ရင်လည်း ဘာလို့လုပ်ရသလဲ"

ဟု ပြောကာ မအောင့်နိုင်ဘဲ ဝါးလုံးကွဲ ရယ်ပြန်သည်။

"အောင်မယ် ...ဘာတဲ့ ကျုပ်တို့ကို အရင်းရှင်တဲ့ တော်ရေ။ အတော်လာတဲ့အကောင်"

သေနတ်နှင့် မိန်းမကြီးက လှမ်းပြောလိုက်၏။

"ဟာ ... ဒါဖြင့် သူဟာ တော်လှန်ရေးသမားပဲ။ အဲ ... ဟိုနား က ကင်းဂတ်ကိုပို့။ အတော်ကြောက်စရာကောင်းတဲ့ လူပါလား"

"ဟာ ... ဒီလို ချောက်မတွန်းပါနဲ့ဗျာ။ မရှိဆင်းရဲတဲ့ အလုပ်သမား သူတန်းစားတစ်ယောက်ပါဗျာ"

ခရီးသည်ကြီးသည် ...

"မြန်မြန်ပို့ဗျ ... ကျုပ်လည်း လိုက်ခဲ့မယ်"

ဟု အော်ရင်း ယင်းဂတ်သို့ ရောက်သွားကြလေသည်။

ထဘီနှင့် အုပ်ဖမ်းခြင်းခံရသည် ရောမတော်လှန်ရေး လက်လွှတ်သွားသည့် စားပြကြီးကို ဆုလာဘ်ပကာအဖြစ် ပုလိပ်များ ဖနောင့်နှင့် အတော်ပေါက်ပြီးမှ ထောင်ကို ရောက်လာလေသတည်း။

❋ ❋ ❋

[၈]

❑

ဦးပဥ္ဇင်းသည် သူ၏တပည့်ကျော်အကြောင်းကို တဟားဟားရယ်ကာ အဆုံးသတ်လိုက်သည်။

လုယက်မှုနှင့် လက်နက်မှုနှစ်မှုဖြင့် ထောင်သုံးနှစ် ကျသွားသည်။ ဖိုးဆင့်သည် ထောင်လောကကို တကယ်ပျော်နေဟန်တူ၏။ ရွှေမောင်သည် ဖိုးဆင့် ခါးတောင်းကျိုက်ပြီး ကနေသည်ကို သူ၏ဆရာရင်း ဦးပဥ္ဇင်းအား ခေါ်ပြချင်၏။

ဦးပဥ္ဇင်းသာ ဖိုးဆင့်ကနေသည်ကို မြင်ရလေက ရယ်ပဲရယ်တော်မူမလား။ ကရုဏာဒေါသနှင့် ဝင်လို့ပဲ ရိုက်ချင်စိတ် ပေါက်မလားမသိပေ။ မမြင်ရသော ဦးပဥ္ဇင်းကိုယ်စား ရွှေမောင်က အတောမသတ်ရယ်ပြီး တစ်ခု စဉ်းစားမိလေသည်။

ဖိုးဆင့် ဆယ်နှစ်သားက မိခင်လုပ်သူသည် ကျောင်းသို့ပို့ခဲ့ပြီး တစ်ချက်မှ မျက်နှာလာမပြခဲ့ပါ။ ဆရာတော်ဘုရားက မကောင်းကျောင်းပို့သည်ဟု မိန့်တော်မူခဲ့၏။ ကျောင်းတွင်နေရင်းနှင့် ထိန်းသိမ်းမနိုင်အောင်

မကောင်းဖြစ်လာသော ဖိုးဆင့်အား ဘုန်းတော်ကြီးက လက်လွှတ်လိုက်ရသူသည် အလိုအလျောက် လူထုလက်သို့ ရောက်သွားလေသည်။

တစ်ဖန် လူထုက မကောင်းသောဖိုးဆင့်အား ထောင်သို့ တစ်ကြိမ်မက နှစ်ကြိမ် တွန်းပို့ကြပြန်သည်။ သို့ဖြစ်ရာ နောက်ဆုံးပိတ် အိတ်နှင့်လွယ်ရသောထောင်သည် ဖိုးဆင့်အား ကောင်းအောင်လုပ်နိုင်ပါ့မလား။ ထောင်မှ ကောင်းအောင်လုပ်ပေးလိုက်၍ ကောင်းသွားသူတစ်စုံတစ်ဦး ရှိခဲ့ပါသလား။ ရွှေမောင်သည် မသိမကြားဘူး။ ရွှေမောင်သိသည့် ကြားဖူးသည့်အတိုင်းမှာ ဒီပုတ်ထဲဝင်မိသော ပဲသည် ဒီပဲဘဲဟု အများကခေါ်ကြမည်မှာ မလွဲမသွေပါတကားဟု တွေးနေမိသတည်း။

☼ ☼ ☼

မြောင်းမြမောင်ကို

# အငြိမ်းစားသောအရာရှိတစ်ဦး
# ကကြိုးဝိုက်ကြသူများ



❑

"မင်းသားကို ဒီလိုချည်း ကြပ်ကြပ်အလိုလိုက်နေ၊ ငါမရှိတော့တဲ့တစ်နေ့မှာ မင်း ဒုက္ခလှလှကြီး တွေ့လိမ့်မယ်"

အဲဒီလိုပြောတော့ ...

"အို ... တော်ကလည်း ကျွပ်သားက တော်ပြောသလောက် မဆိုးပါဘူး။ ခေတ်ယောက်ျားလေးပဲဟာ သည်လောက်တော့ ရှိမှာပေါ့"

ဒေါ်မြမေသည် ခင်ပွန်းသည် ဦးအောင်ခ၏ တစ်ချိန်က ပြောခဲ့သော စကားများကို ပြန်လည်ကြားယောင်လာသည်။

ကိုအောင်ခနှင့် မမြမေတို့သည် ရန်ကုန်ဆင်ခြေဖုံးရပ်၊ လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်၊ ဂျပန်စုတွင် အခြေချနေထိုင်ကြသည်။ ကိုအောင်ခမှာ အုတ်ကျင်းဂုန်နီစက်ရုံမှ အလုပ်သမားဖြစ်သည်။ မမြမေမှာ အိုးမကျွ၊ အိမ်မကျွ အိမ်ဆိုင်ကလေးတည်ထားသည်။ သားသမီးသုံးယောက်၊ အကြီးဆုံးကသား။ အငယ်နှစ်ယောက်က သမီးများဖြစ်ကြသည်။

မိသားစုစားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် မမြမေသည် တစ်ဖက်တစ်လမ်းမှ မောင်တစ်ထမ်းမယ်တစ်ရွက် ဒိုးတူပေါင်ဖက် လုပ်ကိုင်နေသည်။

သားအကြီး မောင်ထွန်း (၁၀)တန်းရောက်သည့်နှစ်တွင် အပေါင်းအသင်းစုံလာသည်။ စီးကရက်ကို လက်ကြားညှပ်လာတတ်သည်။ ကျောင်း





တက်ရက်မမှန်ဖြစ်လာသည်။ သက်ဆိုင်ရာကျောင်းမှ အကြောင်းကြားစာပို့သာသည်အထိ ဖြစ်လာသည်။

အကြောင်းကြားစာရသည့်နေ့ ညဘက် အလုပ်မှပြန်လာသည့် ဖခင်ကိုအောင်ခသည် မောင်ထွန်းအား အကျိုးအကြောင်းမေး၍ ဆိုဆုံးမသည်။ မောင်ထွန်းက ဝေ့လည်ကြောင်ပတ် မရေမရာပြောနေသဖြင့် ဦးအောင်ခမှာ ဒေါသဖြစ်လာပြီး ဆူပူကြိမ်းမောင်းတော့သည်။

"တော့်နှယ်တော် ... ဒေါသကြီးရန်ကော။ တော် ... ဒီလိုကိုင်ရှယ်ပုံနဲ့ဆို ပိုဆိုးလာလိမ့်မယ်။ တကယ်တော့ ကျွပ်သားကြီးက တော်ပြောသလောက် မဆိုးသေးပါဘူး"

ဒေါ်မြမေမှာ သည်မျှသာပြောပြီး ငြိမ်နေလိုက်တော့သည်။

ဦးအောင်ခသည် ရိုးရိုးအေးအေး နေတတ်သူဖြစ်သည်။ အသောက်အစားကင်းသည်။ မူးယစ်အစ ဆေးလိပ်ကစကားနှင့်အညီ ဆေးလိပ်ကိုသုံးမသောက်။ အသောက်အစား၊ အလောင်းအစား လုံးဝမလုပ်။ ရရှိသည့်လစာအပြင် အချိန်ပိုဝင်း၍ရသော လုပ်အားခကိုပင် တစ်ပြားတစ်ချပ်မကျန်ဇနီးအား အပ်သည်။

ဒေါ်မြမေမှာလည်း ကျောင်းသားသုံးယောက် ဟာပီရက်စွနှင့် အိမ်မှအိုးတို့ကို ဖယ်ဆက်သလို လုပ်ကိုင်နေရပြီး အိမ်ဆိုင်ကလေးကိုလည်း လစ်ဟင်းမှုမရှိရလေအောင် ဝယ်ယူရောင်းချနေရသည်။ မိမိ၏ မိသားစုအရေးသည်သာ အဓိကဖြစ်နေသည်။ သားသမီးသုံးယောက်ကိုလည်း ပညာတတ်ကြီးများ ဖြစ်စေချင်သည်။

မောင်ထွန်း (၁၀)တန်းရောက်သည့်နှစ်၌ ကျောင်းတက်ရက်မမှန်တော့။ အမြဲတမ်းလိုလို ပျက်ကွက်နေတတ်သည်။ ဆေးလိပ်ကလေး လက်ကြားညှပ်ရုံမျှမက တောက်နံ၊ ဘီလိယက်ခုံတို့၌ အမြဲတမ်းလိုလို တွေ့နေရတတ်သည်။ မိခင်ထံမှ မုန့်ဖိုးပိုတောင်း၍မရလျှင် မိခင်အလစ်၌ ရောင်းရန် ဝိုက်ဆံစွက်ထဲမှ ဖွတ်နှိုက်ယူသွားတတ်သည်။ ညီအစ်မနှစ်ယောက်က မိခင်အားပြောပြလည်း ...

"အေးပါ ... ငါသိပါတယ်"

ဖြင့်သာ အဆုံးသတ်သွားမြဲဖြစ်သည်။ ထို့ကြောင့် မောင်ထွန်းမှာ တစ်ဆင့်ထက်တစ်ဆင့် ရောင့်တက်လာခဲ့တော့သည်။

သည်လိုနှင့် မောင်ထွန်း ဆယ်တန်းနှစ်ခါကျပြီး ကျောင်းထွက်လိုက်ရသည်။ မိသားစု စားဝတ်နေရေးနှင့် သမီးနှစ်ယောက်ပညာရေးအတွက် မောင်ထွန်းကို အလုပ်ရှာခိုင်းသည်။ အလုပ်ရှာသွားမည် အကြောင်းပြပြီး မိခင်ထံမှ သွားစရိတ်လာစရိတ် တောင်းသည်။ တစ်နေ့တည်းမဟုတ်။ နေ့စဉ်လိုလို မိုးလင်းသည်မှ ထွက်ခွာသွားလိုက်ရာ တစ်နေကုန် တစ်နေခန်း မိုးစုန်းစုန်းချုပ်မှ ပြန်လာတတ်သည်။ ပြန်လာတိုင်းလည်း အဆင်မပြေသေးပါဟု အကြောင်းပြမြဲဖြစ်သည်။ သို့သော် သက်သေအဖြစ် အရက်နံ့ကလေး ပါလာတတ်သည်။ မိခင်ကပြောလျှင် အလုပ်မရသေး၍ စိတ်ညစ်လာသဖြင့် သောက်လာခဲ့သည်ဟု ဆိုသည်။

ရက်တွေ၊ လတွေ၊ နှစ်တွေ အကြိမ်ကြိမ် ပြောင်းလဲလာသည်။ မောင်ထွန်း၏အခြေအနေကလည်း တဖြည်းဖြည်း ပို၍ဆိုးရွားလာသည်ထက် ဆိုးရွားလာသည်။ မိုးလင်းသည်နှင့် အိမ်မှထွက်သွားပြီး ညဉ့်နက်မှ မူးမူးပြီး ပြန်လာသည်။

ကောင်းသတင်းသာ မပြန့်လျှင်နေမည်၊ မကောင်းသတင်းကား ချက်ချင်းဆိုသလို တစ်မဟုတ်ချင်း ထိုးခနဲထောင်းခနဲ ပြန့်ထွက်လာမြဲဖြစ်သည်။ ဘယ်နေရာမှာ မူးလဲနေသည်၊ ဘယ်ဖဲဝိုင်းမှာ ရှုံး၍ပြန်လုရာမှ ရန်ဖြစ်ကြသည်၊ ဘယ်ဘီလီယက်ခုံမှာ ထိုးကြ၊ ကြိတ်ကြ၊ ရန်ဖြစ်ကြပြန်သည် စသည်ဖြင့် မောင်ထွန်း၏ မကောင်းသတင်းကား စုံ၍နေ၏။ သည်သတင်းများကို ဖခင်ဦးအောင်ခ သိလာရတော့သည်။ ထိုအခါ လူရိုးစိတ်တိုဖြစ်သော ဖခင်ဖြစ်သူမှာ မိုးကြိုးပြိုးသလို ဆူပူကြိမ်းမောင်းတော့သည်။

"ဟေ့ကောင် ... မင်းဟာ လူကမွေးထားရဲ့နဲ့ လူမဟုတ်ရဲ့လား။ လုပ်ချင်ရာ လျှောက်လုပ်နေတယ်။ မိဘမျက်နှာကို မထောက်။ တယ်ကွာ ..





ငါလုပ်လိုက်ရ သေတော့မှာပဲ။ မင်းကြောင့် ငါတို့မိသားစုတစ်ခုလုံး သိက္ခာကျကုန်ပြီ။ ရပ်တန်းကရပ်၊ သည်လိုသာဆက်လုပ်နေရင်တော့ ငါကိုယ်တိုင် မင်းကို အချုပ်ထဲထည့်လိုက်မယ်"

"ဩော် ... တော် ... ဘယ့်နှယ့်ပြောလိုက်တာလဲ။ တော့်နှယ် တော် ... ကိုယ့်သားကို အချုပ်ထဲထည့်မလို့ ဟုတ်လား။ လူကြားလို့မှ မတော်"

"အေး ... ကြားလို့တော်တော် မတော်တော် ထည့်သင့်ရင်တော့ ထည့်ရမှာပဲ။ ဒါတွေဟာ မင်းကြောင့် သိရဲ့လား။ နေရာတကာ ကာဆီးကာဆီး လုပ်နေခဲ့လို့ သည်လိုဖြစ်ရတာ"

"အမေကလည်းဗျာ ... ခုခေတ်လူငယ်တွေက သည်လိုချည်းပဲ ဟာ။ ဒါခေတ်အဖေရဲ့၊ ဒါအပြစ်လား"

"ဘာကွ ... အဲဒါ အပြစ်ပဲ။ သူများကို ဆွဲမထည့်နဲ့"

"အေး .. မင်းရဲ့အချိုးကို အမြန်ဆုံးပြင်"

ဦးအောင်ခ ကွယ်လွန်ဆုံးပါးပြီးကတည်းက နဂိုဇရှိထားပြီးဖြစ်သောမောင်ထွန်းသည် နဂိုင်းထွက်ကာ ရပ်ကျော်ဖြစ်လာသည်။ မူးသည်၊ ခိုက်သည်၊ ကြွပ်းသည်၊ ရမ်းသည်၊ ထိမထင်ဖြင့် အဆိုးဟူသမျှ ထိပ်ခေါင်ဖြစ်လာသည်။ မောင်ထွန်း၏ ဆိုးပြစ်မိုက်ပြစ် ပြဿနာတို့ကို ဒေါ်မြမေသျှာ မျက်ရည်စမ်းစမ်းဖြင့် လိုက်လံဖြေရှင်းနေရသည်။ တစ်ဖက်သားကို ကျေနပ်အောင် တောင်းပန်ရသည်။ ဆေးဖိုးဝါးခ ပံ့ပိုးပေးရသည်။ အကြိမ်ကြိမ်အခါခါ ကြာလာတော့ စိတ်မောကိုယ်မောဖြစ်ကာ ကျန်းမာရေးပင် ထိခိုက်လာတော့သည်။

"သားကြီးရယ် ... အမေတို့ သားအမိသုံးယောက်ကို သနားငဲ့ညှာပါကွယ်။ ပြီးတော့ မင်းညီမလေးတွေကလည်း ပညာတတ်ကလေးတွေ ဖြစ်ကုန်ပြီ။ သူတို့ရဲ့သိက္ခာကိုလည်း ကြည့်ပါဦး"

"အိုဗျာ ... သူတို့သိက္ခာထက် ကျုပ်က ကျုပ်ကြိုက်ရာ ကျုပ်လုပ်မှာပဲ"

ဒေါ်မြမေအဖို့ သက်ပြင်းချလိုက်ရုံမှလွဲ၍ ဘာဆိုဘာမျှ မတတ်နိုင်။ မိခင်ထိုင်စားနေရသော ဝေဒနာကို ခွဲဝေခံစားနားလည်သော သမီးနှစ်ယောက်က နှစ်သိမ့်၍ ဖက်တွယ်ထားသည်။

''အမေရယ် .... ပြောမနေပါနဲ့တော့။ စိတ်လျှော့လိုက်ပါ။ အမေ့ကျန်းမာရေးကလည်း သိပ်ကောင်းတာ မဟုတ်ဘူးနော်။ အမေ သတိထားဦး''

ဒေါ်မြမေသည် သားကို အလုပ်လုပ်ရန်လည်း မပြောတော့။ မသောက်ပါ၊ မစားပါနဲ့လည်း မဆိုတော့။ အလောင်းအစားတွေ မလုပ်ပါနှင့်ဟူ၍လည်း မပိတ်ပင်တော့။ သူ့သဘောနှင့်သူဟူ၍သာ မသိကျိုးကျွန် လွှတ်ထားလိုက်ပါတော့သည်။ မောင်ထွန်းနှင့်ပတ်သက်၍ ဒေါ်မြမေတို့ သားအမိသုံးယောက်အဖို့ စိတ်အေးချမ်းမှု မရနိုင်သေးချေ။ ဖဲနှင့် ဘီလီယက်ရှုံးလာလျှင်ဖြစ်ဖြစ်၊ သောက်ဖို့စားဖို့ ငွေကြေးပြတ်လာလျှင်ပဲဖြစ်ဖြစ်၊ မိခင်ဆီသို့ ဦးလှည့်လာမြဲဖြစ်သည်။

မိခင်ဒေါ်မြမေ၏ မဖြစ်ညစ်ကျယ် အိမ်ဆိုင်ကလေးမှ ရောင်းချရငွေများကို လုယက်ယူငင်သည်။ ဆိုင်ရှိပစ္စည်းများကိုလည်း ဖျက်စီးပစ်တတ်သည်။ မိခင်ကြီးနှင့် ညီမနှစ်ယောက်ကိုလည်း ရိုက်မည်ပုတ်မည်တကဲကဲ ရန်ရှာလာသည်။ ကုန်ကုန်ပြောရလျှင် ဆဲဟာဆိုဟာဖြင့် ပတ်ဝန်းကျင်တစ်ရပ်လုံးတစ်ရွာလုံး မကြားဝံ့မနာသာ စိတ်မချမ်းသာသည်အထိ ဖြစ်ရလေတော့သည်။

''မောင်ထွန်း၊ ... နင်ဟာလေ လုံးဝမဟုတ်တော့ဘူး။ ငါ့ကိုသည်လိုချည်း ကြပ်ကြပ်စော်ကား။ ကြပ်ကြပ်ရန်ရှာ တစ်နေ့ ကံကြီးထိုက်လိမ့်မယ် သိလား''

''အို ... ထိုက်ထိုက်ချာ။ ကံကြီးမကလို့ မြစ်ကြီးပဲထိုက်ထိုက် ပင်လယ်ကြီးပဲ ထိုက်ထိုက် လုံးဝဂရုမစိုက်ဘူး။ ကျွပ်လိုချင်တာရရင် ပြီးရော။ ကျွပ်လိုတာ ပေးစမ်းပါ''





မောင်ထွန်းသည် ပြောပြောဆိုဆိုဖြင့် မိခင်ကြီး၏အိမ်ဆိုင်ကလေးမှ ရောင်းရသောငွေအားလုံးကို မိခင်ကြီးအားတွန်းလှဲ၍ လုယူပြီး ဒယိမ်းဒယိုင်ဖြင့် ထွက်သွားလေတော့သည်။ ဒေါ်မြမေမှာမူ မျက်ရည်ကျရုံမှလွဲ၍ ဘာဆိုဘာမျှ မတတ်နိုင်ရှာတော့ပေ။

မနက်စောစော ဈေးဆိုင်ဖွင့်ရန် ပြင်ဆင်နေစဉ် ရပ်ကွက်ထဲမှ မီးသတ်ရဲဘော်တစ်ယောက်လာ၍ ...

''အဒေါ်ကြီး ... အဒေါ်ကြီး ... အဒေါ်ကြီးသား မောင်ထွန်း ဆုံးပြီတဲ့''

ဒေါ်မြမေ ဦးခေါင်းကို မိုးကြိုးအပစ်ခံလိုက်ရသကဲ့သို့ တုန်လှုပ်သွားသည်။ ဆိုင်ခင်းရန် ကိုင်ထားသောပစ္စည်းများပင် လက်မှလွတ်ကျကုန်သည်။ အဝတ်အစား ဘိုသီဘတ်သီဖြင့် ဆိုင်ပေါ်မှဆင်းကာ လာခေါ်သော မီးသတ်ရဲဘော်နောက်မှ အပြေးအလွှား ပါသွားလေတော့သည်။ မောင်ထွန်း သေဆုံးနေရာသို့ ရောက်လျှင်ရောက်ချင်း ဒေါ်မြမေ မြင်လိုက်ရသည့်မြင်ကွင်းကလည်း ဆိုးရွားလှပါ၏။

ကုန်ခဲ့သည့် မနေ့ညဦးပိုင်းက မောင်ထွန်းသည် မိခင်ဒေါ်မြမေထံမှ တစ်နေ့တာရောင်းချရငွေများအား လုယက်ယူငင်ထွက်သွားရာ တစ်ဖက်ရပ်ကွက်သို့ ကူးသန်းသွားသည့် ချောင်းကူးတံတားငယ်ကလေးသို့ ရောက်ခဲ့သည်။ ချောင်းကူးတံတားသည် ကျဉ်းကလည်းကျဉ်း၊ ကိုင်တွယ်ရန် လက်ရမ်းလည်း မရှိချေ။ မောင်ထွန်း၊ တံတားပေါ်မှဖြတ်သွားရာ မူးမူးဖြင့် မိမိခန္ဓာကိုယ်ကို မထိန်းနိုင်ဘဲ ချောင်းထဲသို့ ချော်ကျသွားခြင်းဖြစ်သည်။

ချောင်းထဲတွင် ရေမှာ ခပ်စပ်စပ်သာရှိသည်။ သို့သော် ရွှံ့နွံများမှာ လူကြီးပေါင်လယ်မက ခါးတမျှရှိသည်။ အမူးလွန်နေသော မောင်ထွန်းသည် မိမိအသက်ဘေးမှလွတ်ရန် ရုန်းကန်ကြိုးစားသေးသည်ကိုလည်း တွေ့ရသည်။ မရတော့သည့်အဆုံး ဘာမှန်းညာမှန်းမသိ သတိကင်းကွာကာ မူးမူးနှင့် ရေစပ်ပေါ်သို့ မျက်နှာစိုက်ကျသွားခြင်းပင်ဖြစ်သည်။

တစ်ယောက်ကအစ တစ်ရာဆိုသလို လာရောက်ကြည့်ရှုနေကြသောရပ်ကွက်ထဲမှ လူအများကတော့ ကျေးဇူးရှင်မွေးမိခင်ကြီးကို ကိုယ်ထိလက်ရောက် ကာယကံ၊ ဝစီကံနှစ်ပါးတို့ဖြင့် စော်ကားရိုင်းပျခဲ့သော အကုသိုလ်ကံဆိုးကြီးကြောင့် မြေမမျိုသော်လည်း မြေမျိုခံရသကဲ့သို့ ရွှံ့နွံနစ်ခြင်းလည်းခံရ၊ ရေတိမ်တွင် ရေနစ်ခြင်းလည်းခံရပြီး အသေဆိုးဖြင့် သေရသည့် ပဉ္စာနန္တရိယကံကြီး ထိုက်သွားရခြင်းဖြစ်သည်ဟု ပြောဆိုနေတော့သည်။ (မြတ်ပန်းရဂုံမဂ္ဂဇင်းမှ)။

မိဘကိုစော်ကား၊ ဆရာသမားကိုစော်ကား၊ ရတနာသုံးပါးကို စော်ကားလို့ မြေမျိုတာတွေ၊ ဘေးတွေ့တာတွေကတော့ အမျိုးသမီးနဲ့ အမျိုးသားမှာ၊ အမျိုးသားတွေက ပိုများတယ်။ မိဘကိုပြစ်မှားလို့ ပဉ္စာနန္တရိယကံကြီးထိုက်တာ အမျိုးသမီးတွေထဲက အလွန်ရှားပါတယ်။ မရှိသလောက်ဆိုပါတော့။ မရှိသလောက်ထဲက ရှားရှားပါးပါးထဲက မိဘကို စော်ကားပြစ်မှားလို့ ပဉ္စာနန္တရိယကံကြီးထိုက်လို့ မြေမျိုသွားရတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်။ သူ့နာမည်က မတင်မြတဲ့။

ရွာလယ်ရွာသည် ညောင်လေးပင်မြို့နယ်အတွင်းမှာ ရှိသည်။ ရွာသူရွာသားများသည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြပြီး အလွန်ရိုးသား၍ ကြိုးစားသူများဖြစ်သည်။ တစ်ဦးကိုတစ်ဦးလည်း ကူညီကြသည်။ ရိုင်းပင်းကြသည်။ ရွာသူရွာသားအများစုသည် အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် စောင့်ရှောက်နေထိုင်ကြသည်။

ရွာအလယ်ပိုင်းမှ လယ်သမားကြီး ဦးမြအောင်နှင့် ဒေါ်တင်နုတို့ မိသားစုတွင် မတင်မြဟုခေါ်သည့် သမီးတစ်ယောက်ရှိသည်။ မတင်မြသည် အသက်တစ်ဆယ့်ငါးနှစ်အရွယ်ရှိ အပျိုမလေးဖြစ်သည်။ မတင်မြသည် အရပ်ရှည်ပြီး ဖြူဖြူဖွေးဖွေး ချစ်စရာကောင်းသည့် တောသူမလေးဖြစ်သည်။ သတ္တမတန်းကျောင်းသူဖြစ်၍ စာရေးစာဖတ်တတ်ပြီး ဉာဏ်ကောင်းသူလေးဖြစ်သည်။





မတင်မြသည် သူငယ်ချင်း၊ အပေါင်းအသင်းများအပေါ်တွင် အနစ်နာခံ ပေါင်းသင်းဆက်ဆံသော်လည်း မိဘများအပေါ် ဆက်ဆံရာတွင် စကားပြောဆိုရာမှအစ ရိုင်းပျပြီး မိဘကျေးဇူးကိုပင် မသိတတ်သူကလေးဖြစ်သည်။

မိဘနှစ်ပါး၏ လုပ်ငန်းကိစ္စအဝဝကို ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးရမှန်း မသိတတ်သည့်အပြင် ကျောင်းမှပြန်လာလျှင်လည်း လွယ်အိတ်ဘေးချပြီး အမေချက်ထားသည့် ထမင်းဟင်းကို ခူးခပ်စားသောက်ပြီး ဟင်းမကောင်းပါက အမေအား ရန်လုပ်ပြောဆိုလေသည်။ မိခင်ကြီးသည် ဖခင်ကြီး လယ်ထဲမှပြန်လာလျှင်စားဖို့ ဟင်းကို ခွဲ၍ချန်ထားလို့မရဘဲ ...

"အမေတို့များ သူ့လင်ကြီးအတွက် သိတတ်လိုက်တာ။ ဒီမှာ ဟင်းတွေရှိရဲ့သားနဲ့ မရှိဘူးတဲ့"

ဆိုပြီး ချန်ထားသည့်ဟင်းများကို ရှာဖွေကာ မတင်မြသည် စားပစ်လိုက်တော့သည်။

မတင်မြသည် အစားအသောက်မက်မောရုံသာမက အလှအပကိုလည်း အလွန်မက်မောလေသည်။ မျက်နှာတွင် သနပ်ခါးနှင့် ထဘီကို ကွင်းလုံးချွတ်၍ အင်္ကျီကိုလည်း တွေ့ကရာနေရာမှာ ပစ်ထားသဖြင့် မိခင်ကြီးက လိုက်သိမ်းရသည်။ အိပ်ရာကိုလည်း ထလျှင်မသိမ်းသဖြင့် သူ့အမေကပင် သိမ်းပေးရသည်။ မိဘနှစ်ပါးသည် မတင်မြကို ခက်ခက်ခဲခဲ အသက်လုမွေးခဲ့ရသဖြင့် တစ်ဦးတည်းသောသမီးလေးကို အလိုလိုက်ခဲ့သော်လည်း အနိုက်စော်ကားသူဖြစ်သည်။

ဒေါ်တင်နုသည် အသက်လေးဆယ်ကျော်မှ ကိုယ်ဝန်ရှိလာပြန်သည်။ ကိုယ်ဝန်အရင့်အမာဖြစ်လာသောအခါ မီးဖိုချောင်ကိစ္စကို သမီး မတင်မြအား လွှဲထားရလေသည်။ မိခင်ကြီးခိုင်းသမျှကို မတင်မြသည် မလုပ်ချင်၍ ပါးစပ်မှ ပွစိပွစိပြောပြီးမှလုပ်သည်။ ဒေါ်တင်နုမီးဖွားချိန်တွင် ကိစ္စအဝဝကို သမီးမတင်မြက အားလုံးလုပ်ရသဖြင့် ဒေါသဖြစ်ပြီး မကျေမနပ်ဖြစ်နေသည်။ ကျောင်းပျက်၍လည်း ပို၍ ဒေါသဖြစ်နေသည်။

ဒေါ်တင်နုသည် သားငယ်ကလေးမွေးဖွားပြီး မကျန်းမာ၍ ညနေစာ စားရန် သမီးဖြစ်သူကို ခိုင်းရသည်။ ဖခင်ကြီးကလည်း ဈေးနေ၍ ဆန်ပြုတ် ပြုတ်ပေးရန် သမီးကို ခိုင်းပြန်သည်။ သမီးဖြစ်သူသည် ဆန်ဆေးနေရာမှ အမေခိုင်းသည်ကို မလုပ်ချင်သဖြင့် ဆန်အိုးကိုပစ်ချပြီး ...

"တော်တို့အလုပ်ချည်းပဲ။ ကိုယ့်လင်နေမကောင်းတာ ပြုစုချင် တယ်ဆိုရင် ကိုယ်ဟာကိုယ် လုပ်ပါလား။ ကျွန်မက ဖခင်ကို အငှားလင် လုပ်ပြီး ပြုစုနေရမှာလား"

လို့ ပြန်ပြောလေသည်။

သမီးမတင်မြသည် မကြားဝံ့မနာသာစကားကို ပြောပြီး မိခင်ကို ရန်လုပ်ဆောင့်အောင့်နေသည်။ မိခင်ကြီးသည် ဒေါသဖြစ်၍ မီးဖိုအခန်း တွင်းသို့ ထသွားပြီး ...

"မိတင်မြ ... နင် ဘယ်လိုစကားမျိုးပြောတာလဲ။ အဖေနဲ့အမေ ကိုလည်း စော်ကားပြစ်မှားလိုက်တာ။ မွေးရကျိုးမနပ်ဘူး"

ဟု ပြောလေသည်။

"အမယ် ... တော်တို့ဘာသာ မနေနိုင်လို့ကမြင်းပြီး ... 'ဟဲ့ တင်မြ ငါ့သမီးဖြစ်ပါဟဲ့' လို့ ဆုတောင်းပြီး ရလို့လား။ ပြောပါဦး"

ပြောလေသည်။

"တော်တော့ ... တင်မြ ညည်းလုပ်ချင်မှလုပ်၊ နင့်စကားတွေ က လွန်လာပြီ"

"လွန်တော့ကော ဘာဖြစ်သလဲ။ မှန်တာပြောလို့ တော်က နာ သလား"

"ညည်း ... ငါ့ကို ပြန်မပြောနဲ့။ ငါလုပ်လိုက်ရ"

"လုပ်ရဲလုပ်ကြည့်လေ ... ကျွပ်လည်း လက်ပါတာပဲ"

လို့ ပြန်ပြောလေသည်။

အမေ မတင်နုမရိုက်မီ သမီးက မိခင်၏ပါးကို ဖြန်းခနဲနေအောင် ရိုက်လိုက်သည်။ ဒေါ်တင်နုသည် နောက်သို့လန်ကာ လဲကျသွားပြီး မိခင်





၏ပါးပြင်တွင် သမီး၏လက်ရာက ထင်ရှားစွာ ထင်ကျန်ရစ်ခဲ့တော့သည်။ ဒေါ်တင်နုသည် အံ့ဩစွာဖြင့် ဝမ်းနည်းစွာ ငိုချလိုက်ကာ ...

"အမေကို သမီးက ပါးရိုက်တယ်တော့"

ဆိုပြီး အော်ဟစ်သောအခါ သမီးဖြစ်သူသည် အိမ်ထဲမှ ထွက် ပြေးသွားသည်။ ရွာထိပ်မှ တစ်ဦးတစ်ယောက်က ခေါ်လိုက်သလို၊ အသံ လာရာဆီသို့ အပြေးထွက်သွားသည်။

မတင်မြသည် အိမ်ကြိုအိမ်ကြား၊ လမ်းကြိုလမ်းကြားနဲ့ ဆုတောင်း ပြည့်ဘုရားဝင်းအတွင်းမှ ခုန်ပျံကျော်လွှား ဖြတ်ပြေးသွားသည်။ မတင်မြ ပြေးလာသည်ကို ရွာသူရွာသားများတွေ့၍ မေးသည်ကို ရန်လုပ်သွားပြီး သယ်ကွက်များရှိရာသို့ ဆက်ပြေးသွားသည်။ ရေကန်ကြီးအနီး၊ လယ်တစ် ကွက်တွင် မတင်မြသည် ခလုတ်တိုက်ပြီး လဲသွားသည်။ အရှိန်ဖြင့် ပြေးလာ သဖြင့် လေးဘက်ထောက်လျက် မသက်မသာ လဲကျသွားသည်။

ဤအချိန်မှစ၍ မတင်မြ ထ၍မရတော့။ ရေကန်ကြီးဘက်သို့ မျက်နှာမူကာ လက်နှစ်ဖက်ထောက်လျက် ကုန်းကုန်းကြီးဖြစ်နေ၍ ရွာထဲ မှ ကောက်စိုက်ပြန်လာသူများက ...

"ဘာဖြစ်တာလဲ"

ဟု လှမ်းမေးကြသည်ကို ...

"ဘာလုပ်လုပ် တော်တို့နဲ့ ဘာဆိုင်လို့တုံး။ သွားကြ ... ကျွပ် အနားမလာကြနဲ့"

ဟု အော်လွှတ်လေသည်။

ကောက်စိုက်သမများကလည်း မတင်မြ အပေါ့အပါးသွား၍ ရှက် သဖြင့် ပြောလွှတ်သည်ထင်ပြီး ပြန်သွားသောအခါ တစ်ရွာလုံး အုတ်အုတ် ကျက်ကျက် ဖြစ်နေကြသည်။

"မတင်မြတော့ အမေကိုပါးရိုက်ပြီး ရေကန်ကြီးထဲ ခုန်ချသေမလို့ ထွက်ပြေးသွားသည်"

ဟု ပြောနေသည်။

ရွာသူရွာသားများက မတင်မြ ဒုက္ခရောက်မည်စိုး၍ မိဘနှစ်ပါး နှင့် ရွာသားအချို့ အပြေးလိုက်သွားသည်။ မတင်မြကို တွေ့လိုက်ရသော အခါ မြေကြီးအတွင်းသို့ ခြေမျက်စိအထိ ကျွံဝင်နေပြီဖြစ်သည်။ ညနေ စောင်း ငါးနာရီခန့်အချိန် ဖြစ်နေပါသည်။ လယ်ရိတ်ပြီးစ ရိုးပြတ်တောထဲ တွင် ဘယ်အချိန်က လဲကျပြီး ဘယ်အချိန်ကစ၍ မြေမျိုနေသည်မသိ။ မတင် မြနှင့် ဆယ့်လေးငါးကိုက်အကွာမှ ရိုးပြတ်များသည် မီးလောင်ထားသကဲ့သို့ ဖြစ်နေသည်။ ထပ်တူတွဲလသဆန်းစအချိန်တွင် မတင်မြ၏ တစ်ကိုယ်လုံးမှာ ချွေး သီးချွေးပေါက်များနှင့် ရှိုက်ငိုနေတော့သည်။

မတင်မြသည် အမေနှင့်အမေအပါအဝင် ရွာသူရွာသားများအား လုံးကို မေးဘောက်ထောက်လျက်ပင် ...

"ငါ့အနားကို ဘယ်သူမှမလာနဲ့။ သွားကြ ... မလာနဲ့။ မလာ ကြနဲ့"

ဟု အော်ထုတ်နေလေသည်။ မတင်မြ အော်နေသည့်ကြားကပင် ဖခင်ကြီးနှင့် ရွာသားအချို့ ရှေ့သို့တိုးကပ်သွားကြသည်။ မီးလောင်ထား သကဲ့သို့ဖြစ်နေသည့် မြေအနားစပ်ကို ခြေချလိုက်သည်နှင့် အားလုံး ကြောက် လန့်ပြီး နောက်သို့ ခုန်ဆုတ်လိုက်ကြသည်။

"အမယ်လေး ... ပူလိုက်တာဗျ"

သံပြိုင် အားလုံးအော်လိုက်ကြသည်။ မတင်မြ၏ ဘေးပတ်လည် တွင် မီးလောင်ထားသကဲ့သို့ မြေကြီးများသည် မီးဖုတ်ထားသကဲ့သို့ ပူနေ သည်။ မည်သူမျှ ဆက်၍မတိုးရဲကြ။ မိဘနှစ်ပါးနှင့် ရွာသားများအားလုံး က မတင်မြ မြေမျိုခံနေရသည်ကို နားလည်လိုက်ကြသည်။

"အမယ်လေး ... ပူလိုက်တာ ကယ်ကြပါဦး"

ဟု အော်ဟစ်နေရှာသည်။ မိခင်ကြီးက ...

"သမီးတင်မြ ... သမီးကို အမေ ခွင့်လွှတ်တယ်။ အမေ့ကို ကန် တော့လိုက် သမီး"





ဟု အော်ပြောသော်လည်း မတင်မြ၏အသံကား ထွက်မလာ တော့ပဲ တိုးညှင်းစွာသာ ရှိလေသည်။ မတင်မြ၏လက်နှစ်ဖက်က လှုပ်ရှား၍ နေတော့သည့်အတွက် မိခင်ကြီးအား မကန်တော့နိုင်ဘဲ ရေကိုသာ တတွင် တွင် တစာစာ အော်တောင်းခံနေတော့သည်။

"ကျွန်မသမီးလေး ကံကြီးထိုက်ပြီး မြေမျိုခံနေရပါတယ်"

ဟု မိခင်ကြီး ဝမ်းနည်းကြီးစွာ အော်ဟစ်ငိုလေသည်။ မိခင်ကြီး သည် သွေးနုသားနုဖြစ်၍ ငိုရင်းတက်ကာ သတိလစ်သွားသည်။ ရွာသား များက ဒေါ်တင်နုကို ပွေ့ချီကာ ရွာထဲသို့ ပြန်ပို့လိုက်ကြသည်။

မတင်မြအား နည်းအမျိုးမျိုးဖြင့် ကယ်တင်ရန် ကြိုးစားကြသည်။ ကြိုးစားမှုအားလုံးမှာ အချည်းနှီးဖြစ်ကာ တစ်စုံတစ်ခုမှ မအောင်မြင်ဘဲ ဖြစ် နေလေသည်။ ဖခင်ကြီးနှင့် ရွာသားအားလုံး လက်ရှောကာ ထိုင်ကြည့် နေကြပြီး မိမိတို့ရရာ ပရိတ်တော်များ၊ ဂုဏ်တော်များ၊ ဂါထာတော်များ ရွတ်ဖတ်ပေးကြလေသည်။ ရွာသူရွာသားများ ရွတ်ဖတ်ပေးသည့်တရားသံ များ မတင်မြ မကြားနိုင်တော့ပါ။ ပြင်းစွာသော ဝေဒနာကိုခံစားရင်း ပါးစပ် မှ မပီမသ ဗိုးဝါးအသံများဖြင့်သာ အော်ဟစ်အကူအညီ တောင်းခံနေသော် လည်း မိုးသာ စင်စင်လင်းခဲ့ရပါသည်။

မိုးလင်းသောအခါ မတင်မြ၏ ခြေသလုံးခန့်အထိ မြေတွင်းသို့ ဝင်နေပြီဖြစ်ပါသည်။ ရွာသူရွာသားများမှတစ်ဆင့် ဆွမ်းခံချိန်ရောက်သည့် အခါ မတင်မြ မြေမျိုနေသည့်သတင်းမှာ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ များသို့ပြန့်ကာ ပရိသတ်များ အများအပြား ရောက်လာကြသည်။ လာသူ တိုင်းပင် မတင်မြကိုကြည့်၍ သနားနေကြသည်။ တချို့ မကြည့်ရဲ၍ မကြည့် ရက်၍ ပြန်ပြေးကြသည်။

ဖခင်ကြီးဖြစ်သူမှာ မမြင်ရက်မကြည့်ရက်နဲ့ အတိုင်းမသိ ပူဆွေး သောကကို ခံစားနေရတော့သည်။ မတင်မြမှာ ပင်ပန်းကြီးစွာ ဆင်းရဲ ဒုက္ခခံစား၍ မြေမျိုခံနေရသည်မှာ တစ်ရက်ပြီးတစ်ရက် ဆက်တိုက်ခံစား နေရသည်။ နှစ်ရက်ခန့်အကြာတွင် ဒူးဆစ်အထိ၊ သုံးရက်ခန့်အကြာတွင်

ခါးလယ်အထိ၊ ငါးရက်ခန့်အကြာတွင် ရင်ခေါင်းထိ၊ ခုနစ်ရက်ခန့်အကြာတွင် တစ်ကိုယ်လုံး စုံးစုံးမြုပ်ကာ အရှင်လတ်လတ် မြေမြှုပ်ခံရလေသည်။ (မြတ်ပန်းရဲ့ မဂ္ဂဇင်း)

စာရေးသူကိုယ်တိုင်တွေ့ခဲ့ရသည့် မိဘကို စော်ကားသဖြင့် အသေဆိုးဖြင့် သေရသည့်အဖြစ်အပျက်မှာ မန္တလေးထောင်တွင် ရှိစဉ်ကဖြစ်သည်။

တင်မြင့်အောင်သည် မန္တလေးမြို့ပေါ်မှ တိုင်းအဆင့်အရာရှိကြီး၏ သားဖြစ်သည်။ မိခင်မှာလည်း မန္တလေးတက္ကသိုလ်တွင် ကထိကဆရာမကြီးဖြစ်သည်။ သူတို့တွင် သားသမီးသုံးယောက်ရှိရာ သားတစ်ယောက်နှင့် သမီးနှစ်ယောက်ဖြစ်သည်။ သမီးအကြီးမှာ မန္တလေးဆေးကျောင်းတွင် တက်ရောက်ပညာသင်နေသည်။ သားအငယ်တင်မြင့်အောင်မှာ မန္တလေး အ.ထ.က (၁၆)တွင် တက်ရောက်ပညာသင်ကြားနေသည်။

စာရေးသူ မန္တလေးရောက်သည့် ၁၉၇၈ ခုနှစ်လောက်က မန္တလေးမြို့ပေါ်တွင် ဘိန်းဖြူခေါ်သော နံပါတ်ဖိုးမှာ လူငယ်များလောကထဲသို့ တော်တော်လေး ထိုးဖောက်ဝင်ရောက်နေပြီဖြစ်သည်။ အထူးသဖြင့် ချမ်းသာကြွယ်ဝသော မိဘများနှင့် အရာရှိကြီးများ၏သားသမီးများသည် မူးယစ်ဆေးဝါး၊ ဘိန်းဖြူ၏သားကောင်များဘဝသို့ ကျရောက်ကုန်ကြရသည်။

တင်မြင့်အောင်သည် တိုင်းအဆင့်အရာရှိကြီး၏ သားဖြစ်သည့်အတွက် သူငယ်ချင်းအပေါင်းအသင်းက များသည်။ တင်မြင့်အောင် ယခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကျသည်။ မိဘများက ကျူရှင်ကောင်းကောင်း ထားပေးသည်။ တင်မြင့်အောင်ကိုယ်တိုင်ကလည်း ညံ့သူမဟုတ်။ အလယ်တန်းမှာတုန်းက ကိုးတန်းထိ တစ်ခါမှမကျခဲ့။ နှစ်ခြင်းပေါက်အောင်ခဲ့သည်။ အောင်တာမှ ရိုးရိုးအောင်သည်မဟုတ်။ အဆင့် (၁)မှ (၅)အောက် မရောက်ခဲ့။ ဆရာများကရော သူငယ်ချင်းများကပါ ဝိုင်းဝန်းချီးကျူးကြရသည်။ မိဘများကလည်း သားအတွက်ပြော၍မဆုံး ဂုဏ်ယူဝင့်ကြွား၍မကုန် ဖြစ်ခဲ့ရသည်။





တင်မြင့်အောင် ဆယ်တန်းရောက်သည့်နှစ်က အပေါင်းအသင်းများလာသည်။ ဆေးလိပ်ကိုတော့ လက်ကြားမညှပ်သေး။ သို့သော် သူငယ်ချင်းများထံမှ ဂီတာကြီးကို မကြာခဏငှား၍ အိမ်ယူလာသည်။ ဂီတာကြီး တဒေါင်ဒေါင် လုပ်နေသည်။ နောက် ဆံပင်ရှည်ထားလာသည်။ မိဘများက ဒီလိုအနေအထိုင် အချိုးတွေပြောင်းလာတော့ သူတို့သားကို အကဲခတ်ကြည့်ကြသည်။ စောင့်ကြည့်ကြသည်။ ဒီလောက်ကတော့ အရေးမကြီး။ ခေတ်ကာလကလေးတွေဆိုတော့ သူများနည်းတူ ခွင့်လွှတ်ရမည်။

ကြာတော့ တင်မြင့်အောင်တစ်ယောက် အချိုးတွေ တစ်ခုပြီးတစ်ခု ပြောင်းလာသည်။ ဘောင်းဘီဖင်ကြပ်ဝတ်လာသည်။ ဒီအခါကျတော့ မိဘတွေ ခေါင်းချင်းဆိုင်ကြရပြီ။ သားက တစ်ခုပြီးတစ်ခု ပြောင်းနေသည်။ သူပြောင်းတာက ကောင်းတဲ့ဘက်ကို ပြောင်းတာမဟုတ်။ လမ်းသွေရဲ့ဘက်ကို ပြောင်းနေတာဖြစ်သည်။ ဂီတာကြီး တဒေါင်ဒေါင်နှင့် ကျောင်းစာကျက်ရမယ့်အချိန်တွေထဲက ပါသွားကုန်ပြီ။

တင်မြင့်အောင် ဆေးလုပ်နေပြီ။ မိဘတွေ မသိကြသေး။ အစပဲရှိသေးသည်။ အိမ်ပြန်လာလျှင် ကူခြေမပျက်၊ ဟန်မပျက်နေသည်။ နောက်တော့ ရင်းနှီးတဲ့မိတ်ဆွေတွေကပြောတော့ သားတင်မြင့်အောင် ဘိန်းဖြူစွဲနေပြီဆိုတာ သိလာကြတော့ ခေါင်းမီးတောက်ကုန်ကြသည်။

မိဘများက အစိုးရလခစားဝန်ထမ်းတွေဆိုတော့ ရုံးကပြန်လာမှ သားနှင့်တွေ့ရသည်။ သားကို အဖေက ခပ်ကြမ်းကြမ်း ကိုင်ချင်သည်။ အောင်ထဲထည့်သင့် ထည့်မည်။ အမေက လက်မခံ။ သူ့သားသူ ချော့ပြောပါမည်တဲ့။

တင်မြင့်အောင်သည် ကျောင်းကိုလည်း မှန်မှန်မတက်တော့။ အိမ်ကို ညမိုးအတော်ချုပ်မှ ပြန်လာသည်။ မိဘတွေက တစ်နေ့ တင်မြင့်အောင်ကို အိမ်ရှေ့ဧည့်ခန်းက စောင့်ကြသည်။ ည ၁၀ နာရီလောက် တင်မြင့်အောင်ပြန်လာပြီး မိဘတွေရှိသည့် ဧည့်ခန်းတွင်ဝင်မထိုင်၊ အိမ်ပေါ် တန်း

တက်သွားပြီး သူ့အခန်းထဲ ဝင်သွားသည်။ အထဲကနေ တံခါးသော့ချထား လိုက်သည်။

အမေသည် သားနောက်က လိုက်သွားပြီး တံခါးဖွင့်ခိုင်းသည်။ သားက အိပ်ချင်လို့ တံခါးမဖွင့်နိုင်ဘူးဆိုတာနှင့် ပြန်လာခဲ့ရသည်။ တင်မြင့် အောင်သည် အမေ့ထံမှ မကြာခဏ ဟိုအကြောင်းပြ၊ ဒီအကြောင်းပြပြီး ပိုက်ဆံလိမ်တောင်းသည်။ အမေ့ထံမှ တောင်းမရလျှင် နှမထံမှတောင်း သည်။ ကောင်းကောင်းတောင်းမရလျှင် ဆူဆူပူပူလုပ်၍ တောင်းသည်။ လစ် လျှင် အိမ်ကပစ္စည်းယူသွားပြီး မတန်သည့်ဈေးဖြင့် ရောင်းချပြီး သူငယ် ချင်းများနှင့် ဆေးလုပ်ကြသည်။

တစ်ခါ နှမထံမှ ပိုက်ဆံတောင်းရာ မရသဖြင့် နှမကို အတင်းတွန်း လှဲကာ ဆွဲကြိုးကိုဖြုတ်ယူသွား၏။ နှမ၏ပစ္စည်းများသည် သူ့လက်ချက် ကြောင့် မကြာခဏ ပျောက်သည်။ နာရီဆို သုံးလေးလုံးရှိပြီ။ သတိမေ့ပြီး ချွတ်ထားမိပါက တင်မြင့်အောင်လက်ချက်နှင့် တွေ့သည်။ အမေ့ပစ္စည်း လည်း မကြာခဏပျောက်သည်။ အမေ့ပစ္စည်းတွေလည်း မကြာခဏ ပျောက်သည်။ ဆေးသမား၊ ယင်းထလာလျှင် ဘာမှမရှောင်။

တင်မြင့်အောင် ဆေးသမားဘဝသို့ လုံးလုံးရောက်သွားပြီး ကျောင်း လည်း၊ မနေတော့။ စာမေးပွဲလည်း မဖြေတော့။

အဖေဖြစ်သူ တိုင်းအဆင့်အရာရှိကြီးနှင့် အရာရှိကြီးကတော် ဆရာမ ကြီးတို့သည် တစ်နေ့ ကျွန်တော့်ဆီရောက်လာကြသည်။ ဆေးစွဲနေသော သားကို ထောင်ထဲထည့်ချင်သည်ဟုပြောသည်။ အကြံဉာဏ်တောင်းသည်။ အကူအညီတောင်းကြသည်။ သားဆိုးပုံများကိုလည်း ရင်ဖွင့်ကြသည်။

ဆေးသောက်ဖို့ ပိုက်ဆံလိုလျှင် နှမဆီက တောင်းသည်။ မရ လျှင် အမေ့ဆီက တောင်းသည်။ တောင်းမရလျှင် နှမနှင့်အမေကို ရန်လုပ် သည်။ ပေးရင်ပေး၊ မပေးရင် အိမ်ကို မီးရှို့မယ်တဲ့။ တစ်ခါ မိသားစုထမင်း စားနေကြတုန်း အဖေနှင့်အမေက သားကို ဆိုဆုံးမကြရာ ကျွန်တော့်ကို





ဒါတွေပြောမနေနဲ့၊ မကြားချင်ဘူးဟုဆိုကာ ထမင်းစားပွဲကို လှန်ပစ်လိုက် သည်။ ထမင်းတွေ၊ ဟင်းတွေက မှောက်ကုန်သည်။ ပန်းကန်တွေ ကွဲကုန်ရ သည်။ ဒါနှင့် မကျေနပ်သေး။ အနားရှိ သောက်ရေအိုး၊ ခတ်ပုံကားချပ်၊ ပန်းအိုးတွေကို ရိုက်ခွဲပစ်သည်။

တစ်ခါ အမေ့ထံ ပိုက်ဆံတောင်းမရတော့ အမေ့ကို တွန်းလှဲပြီး သော့ယူ၍ သေတ္တာထဲမှ ပိုက်ဆံတွေ အတော်များများ ယူသွားသည်။ အမေ ကအော်တော့ ပါးစပ်အတင်းပိတ်သည်။ ဒီအထိ မိဘကို ကိုယ်ထိလက် ရောက် စော်ကားလာသည်။ နှမလုပ်တဲ့သူက သူ့ဒဏ်မခံနိုင်တော့ အိမ်မှာ မနေတော့ဘဲ ဘော်ဒါမှာ ပြောင်းနေရသည်။

သူ့မှာ လူငယ်တဝ၊ သမီးရည်းစားရှိသည်။ သူ့ရည်းစားသည် အရာရှိ ကြီးတစ်ဦး၏ သမီးဖြစ်သည်။ 'မိဘတွေရင်းနှီးတော့ လူငယ်တွေ မေတ္တာ လမ်းလျှောက်ကြသည်။ မိန်းကလေးက အလေးအနက်ထားပေမဲ့ သူက ပေါ့ပျက်ပျက်။ သူ့တွင် ပိုက်ဆံပြတ်လျှင်သာ သူ့ရည်းစားထံသွားပြီး နှိပ်စက် တော့သည်။ ပိုက်ဆံ မကြာခဏလာလာတောင်းသော သူ့ဒဏ် မခံနိုင်။ ဒါပေမဲ့ မနေနိုင်။ တောင်းသလောက် မပေးနိုင်တောင် ရှိတာလေး ထုတ် ပေးရသည်။ တစ်ခါ ပိုက်ဆံမပေး၍ ရည်းစားထံမှ ဆွဲကြိုးလုပြီးယူခဲ့သည်။ မိဘချင်းရင်းနှီးတော့ တင်မြင့်အောင်အမေက အစားလုပ်ပေးသည်။ မယူ။ မောင်လုပ်တဲ့သူက ဒေါ်ပွပြီး တင်မြင့်အောင်ကို လုယက်မှုဖြင့် ရဲစခန်းတိုင် သည်။

ကျွန်တော့် လာတိုင်ပင်ပြီး အကြံဉာဏ်တောင်းတော့ ကျွန်တော် ပေးရသည်။ ကျွန်တော့်အကြံဉာဏ်က ဆေးအတွက် လေးသွားသဖြင့် စိတ် မကောင်းဖြစ်ခဲ့ရသည်။

ကျွန်တော်က ထောင်ထဲထည့်ထားလို့ ကောင်းသွားရင်တော့ ထည့်ရကျိုး နပ်တာပေါ့။ ကောင်းမသွားဘဲ ပိုဆိုးလာမယ်ဆိုရင် ခက်လိမ့် မယ်။ ထောင်ထဲမထည့်သေးဘဲ သူ့မှာ ရည်းစားရှိတယ်ဆိုရင် သူ့ကို အိမ်

ထောင်ချပေးလိုက်။ သူ့အိမ်ထောင်နဲ့ဆို သူ စိတ်ပြောင်းပြီး ကောင်းလာနိုင်တယ်။ နောက်ပြီး သားသမီးရလာရင် သံယောဇဉ်တွေကြောင့် ဆေးပြတ်ပြီး တစ်အိုးတစ်အိမ်နဲ့ ဘဝသစ်တူထောင်လာမယ်လို့ အကြံဉာဏ်ပေးလိုက်တယ်။

ကျွန်တော်ပေးတဲ့ အကြံဉာဏ်ကို သူတို့သဘောကျကြပြီး သူတို့သားကို အိမ်ထောင်ချပေးလိုက်ကြတယ်။ ပထမတော့ ဟုတ်သလိုလိုနဲ့ မိဘတွေ ဝမ်းသာအားရဖြစ်ကြရသည်။ ထောင်ပိုင်ကြီးပေးတဲ့ အကြံဉာဏ်သိပ်ကောင်းတာပဲ။ သူတို့သား အခု မိန်းမနဲ့ ကလေးနဲ့ လိမ္မာနေပြီး လူကောင်းဖြစ်နေပြီလို့ ဝမ်းသာအားရနဲ့ အသံလွှင့်ကြတယ်။ အကြံပေးတဲ့ ကျွန်တော် ထောင်ပိုင်ကြီးလည်း မျက်နှာရလို့ပေါ့။

ကလေးရပြီး သိပ်မကြာဘူး။ ကလေး ခြောက်လသားလောက်မှာ တင်မြင့်အောင် ဒီအတိုင်း ရှေ့ဆက်မလျှောက်တော့ဘူး။ နောက်ကြောင်းပြန်လှည့်တယ်။ အရင်အလုပ် ပြန်လုပ်တယ်။ သားမုန်း မယားမုန်း မသိ၊ မိဘမုန်း မသိတော့ဘူး။ ဟိုးတုန်းက သူနှိပ်စက်တာ မိဘနဲ့နှမ။ အခု သူနှိပ်စက်ဖို့ တိုးလာပြီ၊ မိန်းမနဲ့ယောက္ခမ။

ယောက္ခမတွေက သည်းမခံနိုင်ကြတော့။ သမီးနဲ့မြေးကို အိမ်ကနှင်ချတယ်။ ဒီတော့ တင်မြင့်အောင်မိဘတွေက ချွေးမနဲ့မြေးကို အိမ်ပေါ်တင်ထားရတယ်။ တစ်ခါ အိမ်ပြန်လာပြီး ပိုက်ဆံတောင်းရာ မရသဖြင့် အိမ်နေသည့်ကလေးကို အတင်းဆွဲထုတ်ကာ ခြေနှစ်ချောင်းကိုင်၍ ပိုက်ဆံမပေးရင် ကလေးကို ကိုင်ရိုက်သတ်မယ်လို့ ခြိမ်းခြောက်တော့ တောင်းသလောက်ပေးလိုက်ရတယ်။

သူ့ရန်ကြောက်လို့ အိမ်ရောခြံရော တံခါးလုံအောင် ပိတ်ထားရသည်။ အိမ်ရှေ့ကနေ တံခါးအတင်းဖွင့်ခိုင်းသည်။ ဖွင့်မပေးတော့ ခြံတံခါးကို ခါတ်ဆီလောင်းပြီး မီးရှို့ဖို့လုပ်သည်။ အရပ်က ဝိုင်းလာပြီး တင်မြင့်အောင်ကို တောင်းပန်ကြရသည်။





ဒီလောက်ဆိုးလာတော့ တင်မြင့်အောင်မိဘများ သူတို့သားကို ထောင်ထဲထည့်ဖို့ ကျွန်တော့်ဆီ လာကြပြန်တယ်။ ကျွန်တော်လည်း မျက်နှာပူပူနဲ့ တွေ့လိုက်ရတယ်။ သိပ်လည်း မတွေ့ချင်ဘူး။ အကြံဉာဏ်လည်း မပေးရဲတော့ဘူး။ တင်မြင့်အောင်ကို မိန်းမပေးစားဖို့ အကြံဉာဏ်ပေးလိုက်တာ ခဏပဲကောင်းတယ်။ ခုတော့ နောက်ဆက်တွဲဆိုးကျိုးတွေကို မိန်းမနဲ့ယောက္ခမတွေကပါ ခံလာကြရတယ်။ ဆေးအတွက် လေးသွားတယ်။ ထောင်ထဲထည့်ထားလိုက်တာဟာ အကောင်းဆုံးပါပဲလို့ သူတို့ဆန္ဒအတိုင်းပဲ အလိုက်သင့် အကြံပြုလိုက်ရတယ်။

ထောင်ထဲထည့်ထားဖို့ အကြံပြုတော့ ကျွန်တော့်တာဝန် လုံးလုံးဖြစ်သွားတယ်။ သူတို့ဒုက္ခ ကိုယ့်ဒုက္ခ ဖြစ်ရတယ်။ တင်မြင့်အောင်ရောက်လာတော့ ကျွန်တော် တိုက်ထဲထည့်ထားလိုက်တယ်။ ထောင်ဝင်စာ လာတွေ့မပေးဘူး။ အပြင်နဲ့ လုံးလုံးဖြတ်ပစ်လိုက်တယ်။ ဆေးမရတော့ သူယင်းထပြီး တိုက်ထဲမှာ အလူးအလဲ၊ အမေကယ်ပါ၊ အမေကယ်ပါ ဖြစ်လာတယ်။ မိဘတွေ ကျွန်တော့်ကို လာတွေ့ကြပြန်တယ်။ သူတို့သား အခုလို တိုက်ထဲမှာ ဆေးမရလို့ အလူးအလဲ သေမလောက်ခံနေရတာကို မကြည့်ရက်ကြဘူးတဲ့။ ဆေးကို အစိမ်းသီကြီးသက်မဖြတ်ပါနဲ့။ ထောင်ဆရာဝန်နဲ့ ဖြည်းဖြည်းချင်းမျှင်းပြီး ဖြတ်ချင်တယ်တဲ့။ ထောင်ဆရာဝန်ခေါ်ပြီး ကျွန်တော့် လာတွေ့ကြတယ်။ ဆရာဝန်ကလည်း သူ့ဆေးရုံမှာ ခေါ်ထားပြီး ဖြည်းဖြည်း ဆေးဖြတ်ပေးမယ်။ သူ တာဝန်ယူတယ်ဆိုတော့ ကျွန်တော် မျက်နှာအပျက်မခံတော့ဘူး။ သဘောတူ လက်ခံလိုက်ရတယ်။

တင်မြင့်အောင် ထောင်ရောက်လာတာ နှစ်ရက်လောက်ရှိပြီ။ တိုက်ထဲမှာ ထားတယ်။ သူတို့သားနဲ့ ခဏတွေ့ချင်တယ်ဆိုတာနဲ့ ကျွန်တော့်ရုံးခန်းထဲမှာ တွေ့ပေးလိုက်တယ်။ တိုက်ထဲကခေါ်လာတော့ ဆေးမရလို့ ယင်းထပြီး တုန်တုန်ယင်ယင်ဖြစ်နေသည်။ ကျွန်တော်က ကုလားထိုင်မှာ ထိုင်ခိုင်းပြီး မိဘတွေနှင့် တွေ့ပေးသည်။ အဖေက ဒီလောက်မဖြစ်၊ အမေ

က သားအဖြစ်ကိုကြည့်ပြီး ရင်ထုမနာ ဖြစ်ဟန်တူသည်။ သားကိုဖက်ပြီး ငိုပါတော့သည်။

ဒီတော့ သားက ...

"ခုမှ ငိုမနေပါနဲ့ ... အဖေနဲ့အမေတို့၊ ခင်ဗျားတို့ တော်တော် ရက်စက်တယ်။ ကျုပ် ဒီမှာသေတော့မယ်။ ဆေးမရရင်တော့ သေမှာပဲ။ ကျုပ်ကို ထောင်ကမြန်မြန်လွတ်အောင် လုပ်ပေးပါ။ လွတ်အောင်လုပ်မပေး ရင် လာတွေ့မနေကြနဲ့။ ကျုပ်သေတော့ အလောင်းလာယူပြီး ဒီတော့မှ ငိုကြ။ ခု မငိုကြနဲ့"

လို့ ပြောလည်း ပြော၊ ထလည်း ထလိုက်တယ်။ ကျွန်တော် က ...

"မင်း ... ဘာလုပ်တာလဲ။ မိဘကို ဒီလိုပြောရသလား။ ပြန် ထိုင်။ ကောင်းကောင်းပြော"

လို့ ဆိုတော့ ...

"ကျွန်တော် မတွေ့တော့ဘူး။ ကျွန်တော့်ကို တိုက်ထဲ ပြန်ပို့ပေး ပါတဲ့"

တင်မြင့်အောင် ထောင်ဆေးရုံကို ရောက်သွားတယ်။ ထောင်ဆေးရုံ မှာ အနေကောင်းသည်။ အစားကောင်းသည်။ အခြေရုံသင်းပင်းပေါသည်။ ကိုယ့်အဝတ်ကိုယ် လျှော်စရာမလို။ ရေချိုးလျှင် ချေးတွန်းပေးမဲ့သူက မရှား။ ရေလဲပုဆိုးနှင့် မျက်နှာသုတ်ပဝါ၊ ဆပ်ပြာကိုင်လိုက်မည့် သူတွေ ကလည်း မရှား။ အိမ်ကတော့ ဆေးလိပ်များများ။ အစားအသောက်များများ ပို့ပေးရသည်။ များများခြွေရင် လုပ်ကိုင်ပေးမဲ့သူတွေက တစ်ပုံတစ်ခေါင်း။

အမေလုပ်သူက တစ်ပတ်တစ်ခါ ထောင်ဝင်စာ မှန်မှန်လာသည်။ ဟောလစ်၊ အိုဗာတင်း။ ကိတ်မုန့်၊ ပေါင်မုန့်တွေကိုလည်း မပြတ်ယူလာ သည်။ သားကြိုက်သည့်ဟင်းတွေ ချက်လာသည်။ ကြော်လော်ယူလာသည်။ အမေက လာလိုက်၊ ဖေးက လာလိုက်နှင့် ထောင်ထဲတွင် ဆေးမရသည် ကလွဲ၍ အစစ ဖူလုံပြည့်စုံနေသည်။





တင်မြင့်အောင် အခုလို ကောင်းကောင်းမွန်မွန် စားသောက်နေ သော့ ထောင်ကကျွေးတဲ့ထမင်းဟင်းသည် ဘယ်လိုနေသလဲ၊ ထောင်ချေး ဒမ်းဥပဒေဆိုတာ ဘာလဲ၊ ဘာကို ခေါ်တာလဲ။ ထောင်ပုံစံဆိုတာကြီးက ရော၊ တင်မြင့်အောင် ထောင်ထဲနေပြီး ထောင်ပုံစံမသိ၊ လုံးတီးဆန်ဆိုတာ ကိုလည်း မသိ။

အမေ ထောင်ဝင်စာလာလျှင် အမေ့ကို စကားကောင်းကောင်း မပြော။ ထောင်ထဲထည့်ထားတာကို မကျေနပ်။ စိတ်ဆိုးနေသည်။ ရန် တွေ့လွှတ်သည်။ အမေက သားကိုချော့ပြီး ဆိုဆုံးမသည်။

"ဒါတွေလာ မပြောနဲ့။ ကျုပ် မကြားချင်ဘူး။ ခုမှ လာချော့မနေ နဲ့ ကျုပ်ကို ထောင်ကလွတ်အောင်သာ မြန်မြန်လုပ်ပေး"

တဲ့။

မိန်းမနဲ့ကလေး ထောင်ဝင်စာလာပြန်တော့လည်း ကောင်းကောင်း မွန်မွန် စကားမပြော။ ကလေးကို လှည့်မကြည့်။ ဆေးကြောင်ပြီး ဒီကလေး ဟာ သူနဲ့ရတဲ့ကလေးမဟုတ်ဘူးလို့ ပြောလိုပြော။ ထောင်ကလွတ်လာရင် ခင်မပေါင်းဘူး။ နင် နောက်အိမ်ထောင်ပြုလို့ရတယ်လို့ ပြောလို့ မိန်းမလုပ် သူ ငိုပြီးပြန်ပြန်သွားရတာလဲ ခဏခဏ။ ဆေးသမားမယားလုပ်ရတာ လွယ်ပါ့လားဗျာ။

ထောင်ထဲရောက်နေသူများသည် ထောင်ဝင်စာ မျှော်ကြသည်။ အမေလာလျှင်၊ ကလေးတွေနှင့် မိန်းမ ထောင်ဝင်စာလာလျှင် အလွန်ပျော် ကြသည်။ စားစရာသောက်စရာမပါရင်နေ အမေ့မျက်နှာ တွေ့လိုက်ရလျှင် ငြိမ်းအေးသွားသည်။ မိန်းမနှင့် ကလေးတွေလာလျှင် ပျော်လို့မဆုံး ဝမ်း သာလို့မဆုံး။ ကျွန်တော် သားလေးနှင့် သမီးလေးကို ချီပါရစေ၊ ပွေ့ပါရ စေဆိုလို့ လုပ်ပေးရသည်။ ထိုအခါ သူတို့မှာ ပျော်လို့ရွှင်လို့ ကျေးဇူးတင် ကြလို့။

တင်မြင့်အောင်ကတော့ ဒီလိုမဟုတ်။ ထောင်ဝင်စာလာတဲ့ အမေ မိန်းမကို စိတ်ဆင်းရဲအောင်၊ မျက်ရည်ကျအောင် လုပ်သည်။ ငို၍ပြန်

သွားကြရသည်က များသည်။ တစ်ခါတလေ သားလုပ်တဲ့သူက စိတ်ကောင်း ဝင်ပြီး ကောင်းကောင်းမွန်မွန် စကားပြောလိုက်လျှင် ကျွန်တော့်ထံဝင်လာ ပြီး ...

"ထောင်ပိုင်ကြီး ... သား ဒီနေ့ စကားကောင်းကောင်းပြော တယ်။ သူလိုတာလေးတွေကိုလည်း မှာတယ်။ ထောင်က မြန်မြန်လွတ် အောင်လုပ်ပေးပါလို့လည်း ပြောတယ်။ ဝမ်းသာလိုက်တာ ... ထောင်ပိုင် ကြီးရယ်"

တဲ့။ မိဘများ သားသမီးတွေထဲမှာ ဆိုးတဲ့သားဆိုးသမီးဆိုးတွေ ကိုမှ ပိုချစ်ကြတယ်ဆိုပါလားဗျာ။

မူးယစ်ဆေးနှင့်ပတ်သက်ပြီး ထောင်ထဲထည့်ရင် လွယ်သည်။ ပြန် ထုတ်ဖို့က မလွယ်။ တင်မြင့်အောင်အဖေက တိုင်းအဆင့်အရာရှိကြီး။ အမေ က မန္တလေးတက္ကသိုလ် ကထိကဆရာမကြီးဆိုတော့ အားလုံးက ပိုင်းကူညီ ကြသည်။ အဖေက မလွှတ်စေချင်။ ထောင်ထဲတွင် ကြာကြာထားချင်သည်။ သား ထောင်ထဲတွင် ပုံစံနှိပ်မနေရ။ ပုံစံထမင်းလုံးတီး မစားရ။

ဟိုခေတ်က B.Class အကျဉ်းသားတွေ စားနေရတာတွေထက် ကောင် သာနေသည်။ စိမ်ကျေနေသည်။ ထောင်အကြောင်း ကောင်းကောင်း သိအောင် အဖေက လုပ်ချင်သည်။ ဒီအတိုင်းဆိုရင် သူ့သားကို ထောင် နှင့် ခြောက်၍မရတော့။ အပြင်ရောက်ပြီး အရင်အတိုင်းပဲဆိုရင် ဘယ်လို လုပ်မလဲ။ ထောင်အပြင် တန်းရှိတာက အပြင်မှာမဟုတ်။ ထောင်နှင့် ခြောက်၍မရလျှင် တန်း(တိုက်)နှင့် ခြောက်ရသည်။

အမေလုပ်သူကတော့ သားကို ထောင်ထဲတွင် မြင်နေရတာကို စိတ်ဆင်းရဲလှပြီး မကြည့်ရက်၊ မမြင်ရက်။ လာတွေ့တော့ သံတိုင်ဟိုဘက် နဲ့ဒီဘက်။ အဲဒီလို သားနဲ့တွေ့ရတာကို စိတ်ဆင်းရဲလှပြီး သားကို ကလေး လေးလို ထင်နေတုန်း။ သားကတော့ မိန်းမနဲ့ကလေးနဲ့။ ဒါတောင် သားကို ပွေ့ချင်သေးသည်။ ချီချင်သေးသည်။ သားဆိုးတာတွေ၊ ပေခဲ့တာတွေ





တာခဲ့တာတွေ၊ မိဘကိုမိဘမှန်း မသိတော့တာတွေ၊ ကာယကံ၊ ဝစီကံ ပြစ်မှားစော်ကားခဲ့တာတွေ၊ အမှုရင်ထဲ မရှိတော့။ အဲဒါ မိဘမေတ္တာ စစ်ပဲ။

အမေကတော့ သားကို အပြင်ရောက်အောင် ကြိုးစားမည်။ အပြင် ရောက်လျှင် ဘုန်းကြီးဝတ်ပေးမည်။ ပရွှင်းခံပေးမည်။ အနည်းဆုံး ဘုန်း ကြီးဝတ်နှင့် တစ်လလောက်ထားမည်။ သားကို ဘုန်းကြီးမဝတ်ဝတ်အောင် ပြောမည်။ ဘုန်းကြီး တစ်လလောက်ဝတ်လိုက်ရင်တော့ သား လိမ္မာ သွားမည်။ သားကို ထောင်ကမလွှတ်လွှတ်အောင် လုပ်ပေးပါလို့ ဇနီးက ပြောတော့ တိုင်းအဆင့်အရာရှိကြီး မငြင်းနိုင်။

တင်မြင့်အောင် ထောင်ထဲတွင် တစ်နှစ်တောင်မနေရ။ ထောင် က လွှတ်သည်။ တင်မြင့်အောင် ထောင်ကလွှတ်မည့်နေ့ အဖေရော၊ အမေ ရော ကျွန်တော့်ရုံးခန်းက လာစောင့်ကြသည်။ ချွေးမနှင့် မြေးကလေးလည်း ပါလာသည်။ သားလွှတ်မယ်ဆိုတော့ အမေလုပ်တဲ့သူ အလွန်ပျော်နေ သည်။ အဖေကတော့ မျက်နှာသိပ်မကောင်း။ အပြင်ရောက်လျှင် အပေါင်း အသင်းတွေဆီ ပြန်သွားမှာ စိုးရိမ်နေပုံရသည်။ စိတ်ပူနေပုံရသည်။

ဇနီးသည်ကတော့ ကိုယ့်မောင်ကျွာ၊ ထောင်ကလွှတ်မယ်ဆိုတော့ ဝမ်းအသာကြီးသာနေသည်။ မိသားစု အတူတူနေကြရတော့မည်။ အိမ် ထောင်ကျပြီး ခဏပဲနေရသည်။ တင်မြင့်အောင် ထောင်ထဲရောက်သွားရ သည်။

တင်မြင့်အောင် ထောင်ကလွှတ်ဖို့ ထောင်မှူးက ကျွန်တော့်ဆီ ခေါ်လာသည်။ ကျွန်တော် မှတ်ပုံတင်စာအုပ်နှင့် လွှတ်အမိန့်နှင့် တရား သူကြီးခါလက်မှတ်များကို စစ်ဆေးသည်။ တင်မြင့်အောင်ကိုကြည့်ရတာ အလွန်ဝမ်းသာနေသည်။ လောကမှာ ဝမ်းအသာဆုံးနေ့တွေထဲမှာ ထောင် ကလွှတ်သည့်နေ့လည်း ပါသည်။

ကျွန်တော်က သူ့အဖေနဲ့အမေကို ...

"ခေါ်သွားလို့ရပါပြီ"

ဆိုတော့ သူတို့အားလုံး ထကြသည်။ မိဘတွေကတော့ ကျေးဇူး တင်စကားကို တစ်ဖွဖွပြောသည်။ အခန်းထဲကထွက်မယ်လုပ်တော့ အမေ လုပ်တဲ့သူက သူ့သားကို ...

"သား ... ထောင်ပိုင်ကြီးကို ကန်တော့ပြီး နှုတ်ဆက်လိုက်ဦး"

ဆိုတော့ တင်အောင်မြင့် ပြန်ထိုင်ပြီး ကျွန်တော့်ကို ဦးသုံးကြိမ် ချပြီး ကန်တော့သည်။ အမေက ...

"သားကို ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါလို့ ပြောဦးလေ"

ဆိုတော့ တင်အောင်မြင့်က ...

"အန်ကယ် ... ကျွန်တော် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ"

လို့ ထပ်ပြောတယ်။

ကျွန်တော်က ...

"သားအပေါ်မှာ ခွင့်လွှတ်ပါတယ်ကွာ။ အပြင်ရောက်ရင် လိမ်လိမ် မာမာနေ၊ မိဘတွေစိတ်ဆင်းရဲအောင် မလုပ်နဲ့။ ဆေးဖြတ်နေပြီဆိုတော့ ဖြတ်လက်စနဲ့ ဖြတ်လိုက်တော့။ အပေါင်းအသင်းတွေကိုလည်း ကြည့် ပေါင်း"

လို့ ဆုံးမစကားလည်း ပြောလိုက်သေးတယ်။ ပြီးတော့ ...

"ဒီသမီး၊ ဒီအမေ၊ ဒီဖနီး၊ ဒီကလေးနဲ့ မိသားစု အသက်ရှည် ရှည်၊ စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ နေကြရပါစေ"

လို့လည်း ဆုတောင်းပေးလိုက်သေးတယ်။

ကျွန်တော့်ဆုတောင်း မပြည့်ဘူးဗျာ။ စိတ်မကောင်းလိုက်ရပုံက သူတို့မိသားစု အိမ်ရောက်သွားကြတယ်။ အိမ်ရောက်တော့ အဖေက သား နဲ့ဇနီးတို့ကို အိမ်မှာထားပြီး ရုံးဆက်သွားတယ်။ အဖေမရှိတော့ တင်မြင့် အောင်က သူ့အမေဆီက ပိုက်ဆံတောင်းတယ်။ ကားသော့တောင်းတယ်။ သူ အပြင်သွားမယ်တဲ့။

အမေက ...





"သားရယ် ... အခုပဲ ထောင်ကလွတ်လာတယ်။ ရက်တောင် ူသေးဘူး။ အပြင်ချက်ချင်းထွက်လို့ မကောင်းပါဘူး။ အိမ်မှာနားပါဦး။ း ... ဘာလိုချင်သလဲ၊ ဘာစားချင်သလဲ။ အမေစီစဉ်ပေးမယ်"

လို့ သားကို ချော့မော့ပြောတယ်။

"ကျွန်တော့်ကို ကားသော့နဲ့ ပိုက်ဆံသာပေးပါ။ ကျွန်တော် အိမ် အောင်းမနေနိုင်ဘူး။ ပေးမှာသာပေးပါ"

ဆိုပြီး အမေ့လက်ထဲကကားသော့ကို အတင်းလုတယ်။ အမေက ပေးဘူး။ သားအမိနှစ်ယောက် ကားသော့ကို သူတစ်ပြန်ကိုယ်တစ် ပြန် ုနေကြတယ်။ မရတော့ သားက အဖေ့ဂေါက်တံတုတ်ယူပြီး အမေ့ကို ုယ်တယ်။

"သော့ပေးမလား၊ မပေးဘူးလား"တဲ့။

"မပေးရင် ကျွန်တော် ရိုက်မှာနော်" တဲ့။

ဒီတော့ အမေက ငိုပြီးခေါ်သထွက်လို့ ...

"နင် တယ်မိုက်ရိုင်းပါလား၊ အမေကို သတ်မယ်လုပ်တဲ့ကောင်း ပါ"

ဆိုပြီး အမေက သားအနား ပြေးကပ်သွားတယ်။ သားက အမေ အတင်းတွန်းလှဲလိုက်တော့ အမေလဲသွားပြီး အနားက စားပွဲခွန်းနဲ့ ေါင်းနဲ့ ထိသွားတယ်။ ခေါင်းက သွေးတွေထွက်လာတယ်။ ဒီတော့ သူ အမေ့လက်ထဲက ကားသော့နဲ့ သေတ္တာသော့ယူပြီး ပိုက်ဆံနိုက်၊ ကား ာင်းပြီး ထွက်သွားတယ်။

အိမ်ကလူတွေက အဖေ့ထံ ဖုန်းဆက်ပြီး အကျိုးအကြောင်းပြော ာော့ အဖေ ချက်ချင်းရောက်လာပြီး အမေ့ကို ဆေးခန်းခေါ်သွားပြီး ဆေး ည့်ပေးတယ်။ အမေကလည်း တရှုပ်ရှုပ်ငိုနေတယ်။ အဖေကတော့ ဒေါသ ီး အမေ့ကိုလည်း အပြစ်တင်၊ သားကိုလည်း ကြိမ်းမောင်းလို့ နေတော့ ာပေါ့။

သားကို လိုက်ရှာကြတယ်။ မတွေ့ဘူး။ သား၊ သွားတတ်တဲ့နေ ရာတွေ လိုက်ရှာတယ်။ အပေါင်းအသင်းတွေဆီ သွားမေးတယ်။ ဘယ်မှာ မှ ရှာမရဘူး။

ရှာလို့လည်း မရဘူး။ သတင်းလည်း မရတော့ အမေလုပ်တဲ့သူ က ရဲစခန်းမှာသတင်းပို့ပြီး တိုင်လိုက်တယ်။ နေ့လည်နှစ်နာရီလောက်မှာ တော့ ရဲစခန်းက ဖုန်းဝင်လာတယ်။ မောင်တင်မြင့်အောင်ရဲ့ကားနဲ့ မေမြို့ (ပြင်ဦးလွင်)က ဆင်းလာတဲ့ကုန်ကားတို့ မေမြို့အတက် အုန်းချောချွာနား မှာ တိုက်မိတာ တင်မြင့်အောင်ရဲ့ကားခေါင်း ကြေသွားတယ်။ တင်မြင့် အောင်ကိုလည်း ကားခေါင်းထဲက မနည်းခက်ခက်ခဲခဲ ဆွဲထုတ်ယူရတယ်။ အသက်ကတော့ မပါဘူး။ အလောင်းကို မန္တလေးဆေးရုံကြီးကို ပို့လိုက်ပြီ တဲ့။

အမေလုပ်တဲ့သူကတော့ မပျောပြေလှူတဲ့ဓာတ် ခင်းပြီပေါ့။ အဖေ ကတော့ ...

"မိုက်လိုက်တဲ့ သားကွာ။ မိုက်လိုက်တဲ့ သားကွာ"

နဲ့ တဖွဖွ။ ဓနီးသည်ကတော့ ဆေးသမားမယားဘဝကနေ မုဆိုးမ ဘဝကို ရောက်ရပြီပေါ့။ ဘာကိုဘာမှ မသိရှာတဲ့သားလေးကတော့ မျက်လုံး ကလေး အကြောင်သားနဲ့ ဟိုကြည့်ဒီကြည့်နဲ့ပျာ။ စိတ်မချမ်းသာလိုက် တာ။ ဒါတွေဟာ မိဘကိုစော်ကားလို့ ပဥ္စာနန္တရိယကံကြီးထိုက်တာပေါ့။

သတ္တဝါဟူသရွေ့ တရားတွေ့ ချမ်းမြေ့ကြပါစေ။

☼ ☼ ☼

အငြိမ်းစားထောင်အရာရှိတစ်ဦး



[၁]

❑

၁၉၈၈ ခုနှစ်၊ အရေးအခင်းအကြောင်း ရေးချင်တယ်များ။ မရေ
ရဲလို့ မရေးခဲ့ပေမဲ့ အခုတော့ လူတကာ ရေးပြီးနေကြပြီ။ ထောင်ပိုင်ကြ
ဦးစိန်ဌေး (မြွေဌေး) ကိုယ်တိုင် အကျဉ်းဦးစီးဌာနက ထုတ်ဝေတဲ့ နရသိ
မဂ္ဂဇင်းမှာ အခန်းဆက် ရေးသားခဲ့ပြီးပါပြီ။ ဒါက သူ့အဆင့်နဲ့သူ လက်တွေ
ခံစားချက်တွေကို ဖောက်သည်ချတာပါ။ သူလည်း အရေးအခင်းကာလအတွ
အပြောင်းအလဲမှာ လုပ်ပိုင်ခွင့်မရှိဘဲ အထက်လူကြီးတွေရဲ့ ခြယ်လှယ်ခြ
ခံရပြီး သားကောင်ဖြစ်ခဲ့တာပါ။

မြန်မာတစ်နိုင်ငံလုံးကျော်ကြားခဲ့တဲ့ ထောင်ပိုင်မှဆိုးကြီး (မြွေဌေ
က သားကောင်ဖြစ်ခဲ့တာတော့ လွန်စွာ ရင်နာစရာကောင်းပါတယ်။ ဒါကလည်
သူ့အပြစ်မဟုတ်ပါဘူး။ လုပ်ပိုင်ခွင့်တွေကို ရုပ်သိမ်းပြီး ဆရာကြီးရဲ့ ထင
မြင်တဲ့ ဦးနှောက်ကို သုံးစွဲခွင့်မပေးဘဲ အထက်လူကြီးများရဲ့ အစီအမံအတိုင်
နာခံပြီး လုပ်ရတော့ မှားတာပေါ့။ အထက်လူကြီးဆိုသူတွေက ထောင်ပိုင်ကြ
ဦးစိန်ဌေးလောက် ထောင်အတွေ့အကြုံမှ မရှိကြဘဲလေ။

ကျွန်တော် အကျဉ်းထောင်ကို ၁၉၇၅ က ထောင်မှူးအဖြစ် ထော
တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ထောင်ဆူတာတွေ အကြိမ်ကြိမ်၊ ကြိုးစိန့်ေ



ကျွန်တော်ကြုံတွေ့ခဲ့ရသော အရေးအခင်းကာလမှတ်တမ်း ၂၃ ဖြင့်
ာတွေ အများအပြား ဦးဆောင်ဖြေရှင်းသူတွေကတော့ ပထမထောင်ပိုင်
ကြီး ဦးဘိမဂ္ဂနန်း။ ဒုတိယကတော့ ဆရာကြီးဦးစိန်ဌေး (မြွေဌေး) ပဲဖြစ်ပါ
တယ်။

အုပ်ချုပ်ရေးမှာ အလွန်လိမ္မာပါးနပ်ပြီး အလွန်တော်တဲ့ ဆရာကြီး
တွေပါ။ မငြိမ်မသက်ဖြစ်တဲ့ ထောင်တိုင်း၊ ကြိုးပေးရန်ကိစ္စရှိတိုင်း လက်ရှိ
အုပ်ချုပ်သူ ထောင်ပိုင် မကိုင်တွယ်နိုင်ရင် ဆရာကြီးနှစ်ပါးက အပြေးသွားပြီး
ဖြေရှင်းရတာပါတယ်။ ဒါတွေက အပိုချဲ့ကားနေတာမဟုတ်ဘူး။ ကျွန်တော့်
လက်တွေ့မျက်မြင်ပါ။

ကျွန်တော်က ဒိုင်ယာရီသမား။ ပဋမတန်းကတည်းက ဒိုင်ယာရီ
ရေးလာတာ၊ မှတ်တမ်းအထောက်အထား အပြည့်အစုံရှိပါတယ်။ ခန့်မှန်း
နေရက်နဲ့လ၊ ခုနှစ်ကိုသာပြော၊ တစ်နာရီအတွင်း အဖြစ်အပျက်အသေးစိတ်
ကို အတိအကျ အထောက်အထားနဲ့ ပြောနိုင်၊ ဆိုနိုင်ပါတယ်။

မကြာသီ လပိုင်းကပဲ ဆလိုင်းတင်မောင်ဦးအကြောင်းကို အင်းစိန်
ထောင်ပိုင်ကြီးက လှမ်းမေးလို့ ကျွန်တော် မှတ်တမ်းမှတ်ရာနဲ့ ဖြစ်ပျက်ပုံ
အလုံးစုံ (ကိုယ်တွေ့) ကို ဖြေခဲ့ရပါသေးတယ်။

ထောင်ဆူတယ်ဆိုတာနဲ့ အထက်လူကြီးက နိုင်းတာ၊ ဆရာကြီး
ဦးမဂ္ဂနန်း အပြေးအလွှားသွားရတာကို ကျွန်တော် မှတ်မိနေပါသေးတယ်။
အင်းစိန်ထောင်၊ မန္တလေးထောင် ဆိုတာကြီးတွေက ဗဟိုထောင်ကြီးတွေပါ။
ဝန်ထမ်းအင်အားကများ၊ အကျဉ်းသား၊ အချုပ်သားအင်အားက၊ သောင်း
ဂဏန်းလောက်ရှိကြတော့ အဲ့ဒီဗဟိုထောင်ကြီးတွေကို အုပ်ချုပ်သူဟာ
အလွန်တော်တဲ့ ထောင်ပိုင်ကြီးတွေကိုမှ ရွေးချယ်ခန့်ထားတာပါ။ တခြား
နယ်ထောင်လေးတွေနဲ့ မတူဘဲ အလွန်တာဝန်ကြီးပါတယ်။ အဲဒီတော်တဲ့
ထောင်ပိုင်တွေထက် အတွေ့အကြုံများပြီး အလွန်တော်တာကတော့ ထောင်
ပိုင်ကြီး ဦးဘိမဂ္ဂနန်းနဲ့ ထောင်ပိုင်ကြီး ဦးစိန်ဌေးပါ။

အင်းစိန်ထောင်ပိုင်ကြီး ဦးဘိမဂ္ဂနန်း။ ထောင်ဆူတဲ့သရက်၊ မန္တလေး
ထောင်တွေကို မကြာခဏ သွားရောက်ဖြေရှင်းရသလို ထောင်ပိုင်ကြီးဦးစိန်ဌေး

ကလည်း မန္တလေးဗဟို အကျဉ်းထောင်ပြဿနာ၊ အင်းစိန်ထောင်ပြဿနာတွေကို ငြိမ်ဝပ်ပိပြားအောင် ကိုင်တွယ်အုပ်ချုပ်နိုင်သူတွေပါ။ ထောင်ဆူရင် တစ်ခေသွး။ တစ်သံ၊ တစ်မိနစ်ဆိုတာ တာဝန်ခံထောင်ပိုင်လက်ထဲမှာ ရှိတယ်။ ထောင်ပိုင်လုပ်သူ ကျွမ်းကျင်ထက်မြက်စွာ ဆုံးဖြတ်စေခိုင်းနိုင်မှုအပေါ်မှာ မူတည်ပါတယ်။ ထောင်ဝန်ထမ်းဆိုသူတွေက လွန်စွာ သစ္စာရှိကြပြီး အမိန့်အတိုင်း စွန့်စားပြီး လုပ်ကြရပါတယ်။ အလွန်လည်း သတ္တိကောင်းကြပါတယ်။

အဲ ... တာဝန်ခံညံ့ဖျင်းပြီး အကိုင်အတွယ်မတတ်၊ ဆုံးဖြတ်ချက်မှားရင်တော့ သွားပြီသာမှတ်။ ထောင်သားဆိုသူတွေက တိရစ္ဆာန်များမဟုတ်၊ လူတွေသာဖြစ်ကြသဖြင့် ဦးနှောက်ရှိသည်၊ ကြံတတ်၊ စည်တတ်သည်၊ ဝန်ထမ်းများ၏ အကျင့်သဘောသဘာဝကို နားလည်ကျွမ်းကျင်အောင်လည်း လေ့လာထားကြသည်။

ထို့ကြောင့် ဝန်ထမ်းများ၏ပျော့ကွက်ကို နင်းပြီး အမြဲတမ်း ဆင်ကြံ ကြံနေသည်မှာ ထောင်သားများ၏ သဘောဖြစ်သည်။ ဝန်ထမ်းများ၏ အကျင့်စရိုက် အလေ့အထကို အုပ်ချုပ်သူထောင်ပိုင်နှင့် ထောင်အရာရှိများထက် အနီးကပ်နေရသော ထောင်သားများက ပိုသိပါသည်။ သူတို့က နေ့စဉ် အနီးကပ်ဆက်ဆံနေရပြီး လေ့လာထားသောကြောင့်လည်း ဖြစ်ပါသည်။

ထောင်ဆိုတာက ဘဏ်တိုက်ကြီးလိုပဲ။ ဘဏ်တိုက်က ငွေအဝင်အထွက်နဲ့ မပျောက်ပျက်၊ မဆုံးရှုံးအောင် ထိန်းသိမ်းစောင့်ရှောက်ရသလို ထောင်ဆိုတာလည်း လူအဝင်အထွက်နဲ့ ထွက်မပြေးနိုင်အောင် စီမံအုပ်ချုပ်ရတာ တူတယ်လို့ ပြောကြတယ်။ စနစ်တော့ တူချင်တူမှာပေါ့များ။

တကယ်တမ်းအုပ်ချုပ်ပုံတော့ ဘယ်တူမှာလဲ။ ငွေလျော့ရင် စိုက်လို့ရတယ်။ လူလျော့နေရင် ဘယ်လိုစိုက်မလဲ။ ပိုလည်းမရ၊ လိုလည်းမရ၊ သက်ရှိလူသား၊ မ,တစ်ထောင်သားတွေကို အုပ်ချုပ်ရတာ။ ငွေကြေးလို တံခါးပိတ်၊ သော့ခတ်ထားရုံနဲ့ ဘယ်ရမလဲ။ ဘယ်အငြိမ်နေမလဲ။ သက်ရှိလူသား ဦးနှောက်သမားတွေဆိုတော့ အထက်ကဖော်ပြခဲ့သလို အမြဲတမ်း





ဆင်ကြံကြံနေကြတာ။ နောက်ပြီး အစာကို အချိန်မှန်ကျွေး၊ ကျန်းမာရေးဂရုစိုက်ရ၊ လူမှုရေး ဂရုစိုက်ရနဲ့ အတော်အလုပ်ရှုပ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သလို 'အင်္ဂလိပ်တွေဟာ ကျုပ်တို့နိုင်ငံကို သိမ်းပိုက်အုပ်ချုပ်ခဲ့လို့ ရန်သူဖြစ်ပေမဲ့ သူတို့ရဲ့အုပ်ချုပ်ပုံ နည်းစနစ်တွေက အလွန်စနစ်ကျပြီး ကောင်းမွန်ပြည့်စုံတယ်' လို့ ချီးမွမ်းခဲ့တာ လူတကာ ကြားဖူးမှာပါ။ ဟုတ်ပါတယ် ... အင်္ဂလိပ်တွေရဲ့ အုပ်ချုပ်စီမံမှုအတတ်ပညာက ကမ္ဘာမှာ စံထားထိုက်ပါတယ်။

ပထမကမ္ဘာစစ် မဖြစ်မီကတည်းက နယ်မြေသစ်တွေ သိမ်းပိုက်အုပ်ချုပ်ခဲ့တဲ့ ကိုလိုနီနယ်တွေဟာ တစ်ကမ္ဘာလုံးပါပဲ။ ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်ရေးပေးရတော့လည်း လွတ်လပ်စနိုင်ငံတွေဟာ အင်္ဂလိပ်ရဲ့ ဖွဲ့စည်းပုံအုပ်ချုပ်ရေးစနစ်နဲ့သာ သွားကြရတာပါ။ တိုင်းပြည်ကြီးတွေဖြစ်ကြတဲ့ အရှေ့တိုင်းက အိန္ဒိယပြည်ကြီးနဲ့ တရုတ်ပြည်ကြီးလည်း ဒီအတိုင်းပါပဲ။

မြန်မာပြည်မှာဆိုရင် စစ်တပ်၊ ရဲ၊ မြူနီစီပယ်၊ ဘဏ်၊ မီးရထား၊ မီးသတ်၊ ထောင်၊ သစ်တော၊ စသဖြင့် လုပ်ငန်းဌာနအသီးသီးဟာ အင်္ဂလိပ်တွေ ရေးဆွဲခဲ့တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်ကြီးကို ဆက်လက်အသုံးပြုရဆဲပါ။ ခေတ်မမီတော့တာတွေလောက်သာ ပြင်ဆင်အသုံးပြုနိုင်တာပါ။ ဒါတွေဟာ ယနေ့အထိ တကယ်ဖြစ်တည်နေတာပါ။ လက်မခံလို့လည်း မရဘူးလေ။ အင်္ဂလိပ်တွေက စနစ်တကျလေ့လာပြီး လက်တွေ့ကျကျ လေ့လာစမ်းသပ်ပြီးမှ ပြဋ္ဌာန်းထားတာလေ။ ထွက်ပေါက်ယိုပေါက်မရှိအောင်ကို ခိုင်လုံတိကျတယ်။

ရိက္ခာထုတ်ပေးတော့လည်း အချုပ်သားကို စကေးတစ်မျိုး၊ ထောင်ကျ အလုပ်ကြမ်းသမားကို စကေးတစ်မျိုး။ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ ဟင်းခပ်အမွှေးအကြိုင်ကအစ ပြည့်စုံအောင် တွက်ချက်ပေးထားတယ်။ အမြဲတမ်းကျွေးတာကတော့ လုံးတီးဆန်နဲ့ ကုလားပဲ၊ မြန်မာပြည်မှာ ပေါသမယ့် တကယ့်အာဟာရ ကြွယ်ဝတဲ့ အစားအစာတွေပဲ။

လုံးတီးဆန်ကို ကျွေးတာဟာ အင်္ဂလိပ်အစိုးရက မြန်မာအကျဉ်းသား၊ အချုပ်သားတွေကိုနှိမ်ပြီး ကျွေးတာလို့ ထင်ကြတယ်။ တကယ်တော့ မဟုတ်ဘူး။ ယခု မျက်မှောက်ခေတ် ဆေးပညာရှင်တွေရဲ့ အဆိုအရ ဗီတာမင်မျိုးစုံ ကြွယ်ဝတာ၊ လုံးတီးဆန်နဲ့ ကုလားပဲမှာပဲ ပါတာတဲ့လေ။ အချုပ်သား၊ အကျဉ်းသားလူပေါင်းစုံကို အာဟာရပေါ်ကြွယ်ဝပြီး အကုန်အကျနည်းနည်းနဲ့ ကျန်းမာရေးကောင်းမွန်အောင် စနစ်တကျ လေ့လာတွက်ချက်ပြီး ရေးဆွဲထားတာတဲ့လေ။

ဒါကြောင့် အကျဉ်းထောင်လက်စွဲစာအုပ် (Burma Jail Manual) နဲ့ ဘဏ်လုပ်ငန်း၊ စစ်တပ်၊ ရဲ၊ မြန်မာ့မီးရထား၊ သစ်တော အစရှိတဲ့ အစိုးရဌာနတွေမှာ ယခုအချိန်အထိ အင်္ဂလိပ်ရေးဆွဲခဲ့တဲ့လုပ်ငန်း၊ ဌာနဆိုင်ရာ အခြေခံဥပဒေတွေကို မပြင်နိုင်သေးတာပါ။ ရေပက်မဝင်အောင် အကွက်စေ့ပြီး ပြည့်စုံတယ်လေ။

အဲ့ဒီဥပဒေပြဋ္ဌာန်းချက်တွေကို ထုံးလိုချေ ရေလိုနှောက်ပြီး အရည်ကျိုသောက်နိုင်တာကတော့ ကျွန်တော် အစောကတင်ပြခဲ့တဲ့ ဆရာကြီးနှစ်ဦးအပြင် ထောင်ပိုင်ကြီး ဦးအုန်းကျော်၊ ထောင်ပိုင်ကြီး ဦးအောင်နွဲ့၊ ထောင်ပိုင်ကြီး ဦးရန်အောင်မောင်မောင် စတဲ့ ရှေးခေတ် ထောင်ဆရာကြီးတွေပါပဲ။

ဘယ့်ကလောက်တောင် ကျေညက်သလဲဆိုရင် အကြောင်းအရာခေါင်းစဉ်တစ်ခုကိုသာ ပြော၊ အပိုဒ်ဘယ်လောက်၊ စာမျက်နှာဘယ်လောက်နဲ့ ပြဋ္ဌာန်းချက်က ဘယ်လိုဆိုတာကို အင်္ဂလိပ်လို အလွတ်ရွတ်ပြနိုင်အောင်တော်တဲ့ ဆရာကြီးတွေပါ။ ဘွဲ့ရပြီး ထောင်မှူးတိုက်ရိုက်ဖြစ်တဲ့ ကျွန်တော်တို့လည်း ဆရာကြီးတွေကို မမီပါဘူး။ မမီတာမှ ဖင်မျှားတောင် မမီပါဘူး။

ခေတ်စနစ်အရ ဆုတ်ယုတ်သွားတဲ့ ပညာရေးစနစ်သစ်တွေကြောင့် အင်္ဂလိပ်စာ ညံ့ကြတယ်လေ။ အခုမှ အင်္ဂလိပ်စာ မကျွမ်းကျင်ရင် ကမ္ဘာ့အလယ်မှာ လူစဉ်မမီနိုင်ကြောင်း သဘောပေါက်လာကြတာပါ။ ဒါကလည်း





တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူတွေနဲ့ ဆိုင်ပါတယ်။ လယ်ယာကဏ္ဍကျတော့လည်း ကြည့်ပါလား . . .၊ ကောများစွာ စိုက်ပျိုးထားတဲ့အထဲက အသန့်စွမ်းဆုံး အထွက်ဆုံး 'စံပြ' ကွက်ကို ရိတ်သိမ်းပြီး အထက်လူကြီးကို တစ်ဧကတင်း(၁၀၀) ကျော်ထွက်တယ်လို့ လိမ်တယ်၊ အထက်လူကြီးလုပ်သူကလည်း ယုံတာပါပဲ။

ပြည်တောင်တန်း၊ ရေနံမြေကိစ္စတုန်းကလည်း နိုင်ငံခြားက ရေနံ ဝယ်စရာမလိုတော့ဘူး။ မြန်မာပြည်မှာ ပြည့်စုံပြီလို့ လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးကို လိမ်ပြီးတင်ပြတော့ ဥက္ကဋ္ဌကြီးက တကယ်ယုံပြီး တိုင်းပြည်ကိုတင်ပြတာ။ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာကြီးမှာ ဓာတ်ပုံတွေနဲ့ ဝေဝေဆာဆာပါပဲ။

အမှန်တော့ လိမ်တာ။ အုပ်ချုပ်သူ အစိုးရတွေကိုယ်တိုင်က ပြည်သူလူထုကို လှည့်ဖြားလိမ်လည်တာဟာ တိုင်းပြည်တစ်ပြည်မှာ အဆိုးဆုံးကိစ္စပဲ။ အဲဒီအစိုးရ တည်မြဲနေသရွေ့ အဲ့ဒီတိုင်းပြည် နလံမထူတော့ဘူး။ ဒါကြောင့်လည်း ရှေးရှေးက မြန်မာဘုရင်မင်းကောင်းမင်းမြတ်တွေဟာ အခမ်းအနားနဲ့မဟုတ်ဘဲ သာမန်ဆင်းရဲသားဟန်ဆောင်ပြီး အရပ်ထဲ၊ ဈေးထဲ ဆင်း နေ့ညနာပြီး စုံစမ်းကြကြောင်း ရာဇဝင်အထောက်အထားတွေ ရှိပါတယ်။

အုပ်ချုပ်သူဆိုတာ ဥပဒေပြဋ္ဌာန်းသူပါ၊ ပြဋ္ဌာန်းချက်တွေက တကယ့်အစစ်အမှန်အခြေအနေနဲ့ ကိုက်ညီမှုမရှိတော့၊ အကောင်အထည်ဖော်ဖို့ မဖြစ်နိုင်တော့ဘူး။ မအောင်မြင်တော့ဘူး။ လမ်းစဉ်ပါတီခေတ်ကလည်း 'အရင်းရှင်ကို အရင်းရှင်း' ဆိုပြီး သူဌေးကြီးတွေကို ထောင်ထဲထည့်၊ စက်ရုံ၊ အလုပ်ရုံတွေကို ပြည်သူပိုင်သိမ်းတယ်။ ကွန်မြူနစ်လိုလို၊ ဆိုရှယ်လစ်လိုလို စနစ်မျိုးပေါ့။ အမှန်က မဖွံ့ဖြိုးသေးတဲ့ တိုင်းပြည်တွေမှာ အရင်းအနှီးရှိသူတွေကို မြှောက်တောင် မြှောက်ရမယ်။ ထိန်းသိမ်းကြပ်မတ်ပြီး စနစ်တကျ အားပေးရမယ်။

ကိုလိုနီခေတ်လက်အောက်က လွတ်မြောက်ခါစမှာ ချက်ချင်းကြီး လွှတ်ပေးလို့မရသလို အတင်းအကြပ် ချုပ်ကိုင်တဲ့စနစ်ကိုလည်း မကျင့်သုံး

သင့်ဘူး။ ကိုလိုနီခေတ်က ကောင်းတာလေးတွေကိုချန်ပြီး ဆိုးတာတွေကို တိုးတက်အောင် ပြောင်းလဲပြုပြင်ရမယ်။ အင်္ဂလိပ်ကိုလိုနီခေတ်တုန်းက ရန်ကုန်တက္ကသိုလ်ဆိုတာ အရှေ့တောင်အာရှမှာ ထိပ်ဆုံးက။ တခြားနိုင်ငံတွေကတောင် စံထားပြီး မြန်မာပြည်မှာ ဘွဲ့လာယူကြရတဲ့အထိ ဂုဏ်ဆောင် အောင်မြင်ခဲ့တာပါ။ ၁၂၃ နှစ်လုံးလုံး ကျွန်သဘောက် ဖြစ်ခဲ့တယ်။ ကျွန်ပညာရေးကို ဖျက်သိမ်းတယ်ဆိုပြီး စနစ်သစ်ပညာရေးတွေလုပ်တော့ ဘာဖြစ်ကုန်သလဲ။ တဖတ်သူများ အသိအမြင်အတိုင်းပါပဲ။ ကမ္ဘာ့အဆင့် မမီတော့ဘူး။

ကိုရီးယား၊ တရုတ်၊ ယိုးဒယားနိုင်ငံတွေက နဂိုကတည်းက စက်မှုလက်မှုပညာထွန်းကားပြီး သူတို့ဘာသာစကားနဲ့ တီထွင်လုပ်ကိုင်နိုင်ကြတာကို အတုခိုးပြီး မြန်မာစာ၊ မြန်မာစကားနဲ့ ကမ္ဘာ့အဆင့်မီအောင် ကြိုးစားလို့ မရနိုင်ပါဘူး။ လမ်းစဉ်ပါတီတစ်ခေတ်လုံး အင်္ဂလိပ်ဘာသာစကားကို မေးမှိန်ထားခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့အပါအဝင် လူငယ်များ အင်္ဂလိပ်စာ အခြေခံညံ့ကြတယ်။

ကမ္ဘာပေါ်မှာရှိကြတဲ့ ကျမ်းကြီးကျမ်းငယ်အသွယ်သွယ်ဟာ အင်္ဂလိပ်ဘာသာစကားနဲ့ပဲ ရေးထားတာ။ ကျွန်တော်တို့ မြန်မာတွေက ဂျပန်တွေလို၊ ကိုရီးယားတွေလို တရုတ်၊ အိန္ဒိယ၊ ယိုးဒယားတွေလို ကျယ်ကျယ်ပြန့်ပြန့် ဘာသာပြန်ပြီး မြန်မာမှု မလုပ်နိုင်ခဲ့ကြဘူး။ အင်္ဂလိပ်စာလည်း ညံ့တော့ ကိုယ်တိုင်လည်း မဖတ်နိုင်၊ မဖတ်နိုင်တော့ နားမလည် အသိမကြွယ်ကြဘူးပေါ့။

ဟော့ . . . အခုမှ အင်္ဂလိပ်စာဆိုတာ ကမ္ဘာ့သုံးစာဖြစ်မှန်းသိလို့ ထွန်းတိုက်သင်တော့ အခြေခံမကောင်းခဲ့တဲ့ ဆရာတွေ၊ မိဘတွေက ရှေ့ဆောင်ကောင်း မလုပ်နိုင်ပြန်ဘူး။ ခေတ်စနစ်သင်ရိုးတွေက နှစ်ပေါင်း (၅၀) လောက် နောက်ကျကျန်ပြီး မှားနေခဲ့တာကိုး။ 'မိအေးနှစ်ခါနာ' ဆိုသလိုပေါ့။ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သလို 'သူများတိုင်းပြည်က ရှေ့ခြေတစ်





လှမ်း လှမ်းရင် ကျုပ်တို့က (၁၀)လှမ်းလောက် လှမ်းရမယ်' ဆိုတာထက် အခုတော့ ခြေလှမ်း (၁၀၀)လောက် ပြတ်ကျန်ခဲ့ပါပြီ။

ကျွန်တော်တို့ နည်းယူသင့်တာက ခေတ်မီဖွံ့ဖြိုးတဲ့ နိုင်ငံကြီးတွေကိုသာမက မနေ့တစ်နေ့ကမှ စစ်ကြီးပြီးပြီး ယနေ့တစ်မဟုတ်ချင်း ခေတ်မီဖွံ့ဖြိုးလာတဲ့ ကမ္ဘောဒီးယားလို၊ ဗီယက်နမ်လို နိုင်ငံငယ်ကလေးတွေကိုလည်း မြို့ ဆရာတင် လေ့လာသင့်ပါတယ်။ ဝမ်းတဝါးဝါးနဲ့ ဟိုနိုင်ငံ စနစ်အတုယူ၊ ဒီနိုင်ငံစနစ်အတုယူ၊ (မထသ) လို လိုင်းပေါင်းစုံလုပ်နေရင်တော့ ဒုံရင်းဟာ ဒုံရင်းပါပဲ။ နောင်အနှစ် (၁၀၀) ကြာလည်း ဒီအတိုင်းသွားမှာပဲ။ ဒါက ကျွန်တော့်အမြင်ပါ။

ယခုလည်း လူကြီးတွေ ကြိုးစားပမ်းစား။ ဟိုနိုင်ငံက အကူအညီတောင်း၊ ဒီနိုင်ငံ အကူအညီတောင်းနဲ့ ပြတ်လမ်းက ဖွံ့ဖြိုးတိုးတက်အောင် လုပ်နေကြတာလည်း အများအသိပါ။ 'အစမကောင်းတော့ အနှောင်းမသေချာခဲ့ဘူးလို့ ဆိုရမှာထင်ပါရဲ့။ နှစ် (၅၀)လောက် နောက်ကျ ကျန်နေခဲ့ပြီလေ။

အခုလည်း မြို့တော်ကြီးကို ခေတ်မီစေချင်လွန်းလို့ ကားဟောင်းတွေဖျက်၊ ကားသစ်တွေ အစားထွင်။ ဒါပေမဲ့ ကားဟောင်းတွေထဲမှာ ကားကောင်းတွေ အများကြီးပါတယ်။ အဲဒီကားကောင်းလေးတွေကို မဖျက်ဘဲ နယ်မြို့တွေကို ဈေးပေါပေါနဲ့ ပေးရောင်း။ ပေးသုံးရင် မတော်ပေဘူးလား။

အခုတော့ အင်းစိန် (ရွာမ) သံရည်ကျိုစက်ရုံမှာ ကားတွေတန်းစီပြီး အကြံအဖန်လုပ်၊ ကူရှင်တခြား။ မှန်တခြား။ အင်ဂျင်တခြား။ မီးလုံးက အစ ဖြုတ်ရောင်းပြီးမှ စက်ရုံတွင်း သံပုံပေါ်ကို ကရိန်းနဲ့ဆွဲတင်ပြီး တန်းစီ အရည်ကျိုတာ၊ ဂျပန်ကား သံပြားပါးပါး။ ဖရိန်မပါ၊ အရည်ကျိုတော့ တန်ချိန်နဲ့ ချိုရမှာလား။

နယ်တွေမှာတော့ ကွန်ဒေါင်းနဲ့လယ်ထွန်စက်၊ သုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ်တွေကိုပဲ အားကိုးအားထားနေရတာ အများအသိပါပဲ။

အုပ်ချုပ်သူ လူကြီးမင်းများ ဆန္ဒတော်ပြီထင်ပါရဲ့၊ ဗိုလ်ချုပ်အောင်ဆန်း ပြောသလို ပြောလိုက်ချင်ပေမဲ့ မပြောရဲပါဘူး။ ကျွန်တော့်တပည့် ထောင်မှူးလှဝေပြောသလို ပြောရရင် 'မင်းဗိုက်ကြီး ဘာလို့ပူနေတာလဲ'လို့ မေးတော့ 'မကျေနပ်တာတွေကို စုပေါင်းမျိုချထားရလို့ပါ'တဲ့လေ။ ဒါကလဲ ဟိုခေတ်ကပါ '

ကဲ ... ကျွန်တော် ဝတ္ထုဇာတ်လမ်း ပြန်စမှဖြစ်တော့မှာပါ။ ထုတ်ဝေသူက ကျွန်တော့်စာကို ဖတ်ရင်း မျက်စောင်းခဲနေပြီ။ အမှုတွဲအဖြစ်မခံနိုင်ဘူးတဲ့။ အင်း ... ကျွန်တော်လည်း ကျွန်တော့်အမြင် ကျွန်တော့်အတွေးနဲ့ ရင်ဖွင့်လိုက်ရလို့ ထင်ပါရဲ့၊ ရင်ထဲပေါ့သွားပြီ။ ကလောင်ကသော့နေတယ်။

❋ ❋ ❋

[၂]

# ဦးကိုကိုလွင်

❑ ယာဉ်စီးဆုံးရေးနှင့်လက်မှတ်ဝန်ဆောင်မှု
ဖုန်း ၀၉-၄၂၀၉၀၅၀၄၄

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့ မနက်ခင်းမှာပေါ့ဗျာ။ ကျွန်တော်က အိပ်ဆောင်အမှတ် (၅) (ယိုးဒယားအကျဉ်းသားများ အဆောင်က) အဆောင်မှူးပါ။ တိုင်းပြည်က အခြေအနေအရ မငြိမ်သက်လို့ ကျွန်တော်က အမှတ် (၅) အိပ်ဆောင်မှူးရှမြင့် ထောင်အပြင် ပတ်ကင်းလှည့်ရေး တာဝန်ကိုပါ ယူထားရလို့ အင်းစိန်ထောင်ကြီးမြောက်ဘက်၊ အိမ်မဲကြီး ဘန်ကာမှာ တာဝန်ကျနေပါတယ်။

ကျွန်တော့်လက်အောက်မှာ တပ်စိတ်ခေါင်းဆောင်၊ တပ်ကြပ်တင်ထွန်းနဲ့ တပ်သား (၁၀)ယောက် လက်နက်ကိုယ်စီနဲ့ ရှိကြပါတယ်။ အဲဒီအချိန်က ထောင်ထဲကလည်း အရေးပေါ်အခြေအနေကြောင့် အုပ်ချုပ်မှု တင်းကျပ်ထားတယ်။ (**Main Jail**)လို့ခေါ်တဲ့ ထောင်ကြီးအလယ်၊ အဆောင်များအုပ်ချုပ်ရေးမှူးရုံးမှာလည်း ထောင်မှူးကြီးဦးလှမြင့်က ကြီးကြပ်ပြီး လက်နက်ကိုင်ဝန်ထမ်းများက လက်နက်ကိုယ်စီ ဗိုင်းများ၊ တုတ်များနှင့် အဆင်သင့်။

ကျွန်တော်ကလည်း ဒီနေ့မှာ အားလပ်တာနဲ့ တစ်ကြိမ်တင်ထွန်း... တစ်စိတ်လွဲခဲ့ပြီး မရိတ်တာကြာလို့ ရှည်လျားလှတဲ့ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေကို ရိတ်ဖို့ မိကျောင်းစက်ဘီးအနက်ကလေးကို စီးပြီး ထောင်မကြီး... ထဲ ဝင်ခဲ့တယ်။ ထောင်ကြီးထဲမှာ လုံခြုံရေးထူထပ်တာကလွဲပြီး အေးအေး... ဆေးဆေးပါပဲ။ ထောင်ဝတံခါးကြီးအထဲမှာတော့ လူအတော်စုံတယ်။ ထော... ပိုင်ကြီး ရုံးခန်းထဲမှာတော့ လူအဝင်အထွက် များနေတယ်။

ကျွန်တော်လည်း ထောင်ပိုင်ကြီး ရုံးခန်းထဲဝင်ပြီး အပြင်အခြေအနေ... အေးဆေးကြောင်း သတင်းပို့ရတယ်။ ကျွန်တော့်တာဝန်က အပြင်မှာသာမ... အတွင်းအိပ်ဆောင်အမှတ်(၅) အဆောင်မှူးဆိုတော့ ထောင်အတွင်း ထ... လိုက်ထွက်လိုက် တာဝန်ထမ်းဆောင်ရပါတယ်။

ကျွန်တော်သတင်းပို့ပြီး ရုံးခန်းထဲက ပြန်ထွက်မယ်လုပ်တော့ ဒုတိယ... တာဝန်ခံ ထောင်ပိုင်ဦးလှဖေနဲ့ ဒုတိယထောင်ပိုင် ဦးသောင်းလွင်တို့က... နောက်ကြသေးတယ်။

"ထောင်မှူးကြီး ... တောပုန်းကြီးစံပဲ ဖြစ်နေပြီ။ မုတ်ဆိတ်မွေး... ကလေး၊ နှုတ်ခမ်းမွေးကလေး ရိတ်ပါဦးဗျာ"

"ဟုတ်ပါရဲ့ဗျာ ... ထောင်တွင်း၊ ထောင်ပြင် ပြေးလွှားနေရတော့ မရိတ်အားတာနဲ့ အခုမှ ဝင်ရိတ်မလို့ပါ"

"အပြင်အခြေအနေရော အေးချမ်းရဲ့လား"

"အေးပါတယ်၊ ဒါပေမဲ့ ... လူတွေက လမ်းထွက်တာများတယ်... ဟိုနားစုစု၊ ဒီနားစုစု၊ တီးတိုးတီးတိုး၊ သဖန်းပိုး လုပ်နေကြတယ်"

"အဓိကရုဏ်းမဖြစ်ဖို့၊ ထောင်ထဲ ကူးမလာဖို့ဘဲ လိုပါတယ်ဗျာ"

"ဟုတ်ကဲ့ခင်ဗျား ... ကျွန်တော်လည်း ကင်းရှိုပြန်ပြေးရမှာမို့ အထဲ ခဏဝင်လိုက်ဦးမယ်"

ကျွန်တော် ထောင်ပိုင်များအား နှုတ်ဆက်အလေးပြုပြီး ထောင်ထဲ သို့ မိကျောင်းစက်ဘီးအနက်ကလေးစီး၍ ဝင်ခဲ့ပါသည်။ Main Jail ရောက်





...တော့ စက်ဘီးအားအပ်ပြီး အသင့်ပါလာသော Smith & Watson ခြောက်... ...ပြူးကလေးနှင့် ကျည်ခါးပတ်ကိုဖြုတ်ကာ တစ်ကြိမ်ကြီး ဝင်းမြင့်အား... ...ခဲ့သည်။

"ဝင်းမြင့် ... ငါ (၂)ဆောင်ထဲသွားပြီး အဆောင်မှူး၊ ထောင်မှူး... ...ကြီး ဦးစိန်လွင်နဲ့ စကားပြောရင်း နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ရိတ်မလို့။ ...ဆတ္တာသည်တစ်ယောက် လွှတ်ပေးကွာ"

"ဟုတ်ကဲ့ပါဆရာ ... သေနတ်ယူသွားပါလား။ လူရှိန်တာပေါ့"

"အဆောင်ထဲမှာ အန္တရာယ်များတယ်၊ မင်းယူထား"

ကျွန်တော် (၂)ဆောင်အထွင်းဝင်၍ အဆောင်ဝင်းတံခါးအနီး ...ရောက်တော့ ဗလအလွန်ကောင်းသည့် ကျွဲကြီး၊ ကျွဲလေးခေါ် ထောင်ကျ ...ကျဉ်းသားညီနောင်က အဆောင်ဝင်း သံတံခါးအားပိတ်၍ ကင်းစောင့်နေ ...ကြပါသည်။

"ဟဲ့ကောင်တွေ ... တံခါးဖွင့်"

ဆိုတော့ သံတိုင်တံခါးအား ချက်ချင်းဖွင့်ပေးသည်။

ကျွန်တော် တံခါးအထဲဝင်တော့ ဆတ္တာသည်ကလည်း ကပ်လိုက် ...လာသည်။ အဆောင်မှူးရုံးရောက်တော့ ထောင်မှူးကြီး ဦးစိန်လွင်အား ...အကျဉ်းသား၊ အချုပ်သား (၁၀) ယောက်ခန့်က သူ့စားပွဲတွင် ဝိုင်းအုံပြီး ရပ် ...နေကြသည်။ ကျွန်တော် အပေါ့စွန့်ရန် နောက်ဖေးမီးဖိုချောင်ဘက်လာတော့ ...ရုံးခဲ့ဘက်များ တစ်ယောက်မှ မရှိကြ။

နောက်ပေါက်က မီလွှာချောင်သို့ထွက်တော့ ရုံးသုံးရဲ့ဘက်နှစ် ...ယောက်အား (၂)ဆောင် တိုးချဲ့ခန်းရှေ့၌ ထိုင်လျက် အချုပ်သားများက ဝိုင်း ...ထားသည်။ တိုးချဲ့ဆောင်တွင်း၌လည်း အိပ်ရာလိပ်များအား တစ်နေရာ ...တည်း စုပုံနေကြသည်။ တနင်္လာနေ့လည်းမဟုတ်၊ တန်းစီပုံစရာလည်းမလို၊ ...ပြောင်းနေသဖြင့် ကျွန်တော်အခြေအနေကို ရိပ်စားမိပြီး အပေါ့အမြန်စွန့် ...၍ အဆောင်ထဲမှ အမြန်ထွက်ခဲ့သည်။ ဝင်းတံခါးရောက်တော့ ကျွဲကြီးနှင့် ...ကျွဲလေးတို့က ဝင်းတံခါးကြီးအား ပိတ်ထားပြန်သည်။

"ဟဲ့ကောင်တွေ ... တံခါးအမြန်ဖွင့်စမ်း"

"ဟုတ်ကဲ့ ဆရာ"

နှုတ်ခမ်းမွေးရိတ်မည့် ဆတ္တာသည်လည်း ဘယ်ကျွန်ခဲ့မှန်းမသိ ကျွန်တော် Main Jail ရောက်သည်နှင့် အဆောင်များ တဝေါဝေါဆူညံ မီးရှို့ကြတော့သည်။ ထောင်တွင်းမီးခိုးများကို မြင်သည်နှင့် ထောင်ပြင်မှ လူအုပ်ကြီး၏ အားပေးသံ 'တို့အရေး ... တို့အရေး' ကို ကြားရတော့ သည်။

တကယ်တမ်းက အိုင်စဆောင်အမှတ် (၂)က စ၍ မီးရှို့သည်နှင့် အခြားအဆောင်များ၊ တစ်ဆောင်ပြီးတစ်ဆောင် မီးရှို့ကြခြင်းဖြစ်သည်။ ကျွန် တော့်တာဝန်မှာ ပြင်ပလုံခြုံရေးတာဝန်ဖြစ်သဖြင့် တပ်ကြပ်ကြီး ဝင်းမြင့်ထံမှ ခြောက်လုံးပြူးနှင့် ကျည်ခါးပတ်ကို တောင်း၍ ပတ်နေစဉ် (၂)ဆောင်မှ ထောင်မှူးကြီးဦးစိန်လွင် ကရောသောပါး ထွက်ပြေးလာသည်။ သူ့အား ခဲများဖြင့် ဝိုင်းပေါက်ကြသဖြင့် ချွေးနှင့်သွေးများ ရွှဲနေသည်။ သူက ကျွန် တော့်ကို မြင်သည်နှင့် ...

"ကိုသိန်းဝင်း ... ခင်ဗျား ကျွန်တော့်ကို သတိမပေးဘူးဗျာ"

"ကျွန်တော့်ကို ရုံးက ရဲဘက်တွေကူညီလို့ လွတ်လာတာ၊ ခင်ဗျား ကိုလည်း မှတ်ဆိတ်ရိတ်ရင် သင်တုန်းဓားထောက်ပြီး ပြန်ပေးဆွဲမလို့တဲ့"

"အင်း ... ကျွန်တော်လည်း အခြေအနေမဟန်လို့ မှတ်ဆိတ်မွေး မရိတ်ဘဲ လစ်လာတာ။ ခင်ဗျားကိုတောင် ပြောချိန်မရဘူး"

ထိုအချိန်တွင် ရိုက်ကြ၊ နှက်ကြ၊ ခဲနှင့်အပြန်အလှန် ပေါက်ကြရင်း မှ သေနတ်သံများ ကြားလာရသည်။ ပစ်မိန့်ပေးချပြီ။ ကျွန်တော်လည်း တာဝန်ကျရာ၊ အပြင်ကင်းသို့ အမြန်ရောက်ရန် စက်ဘီးစီး၍လာခဲ့ရာ ဘူး တံခါးမကြီးအတွင်း၊ အပြင်ဘက်၌ ဒုတိယတာဝန်ခံ ထောင်ပိုင်ဦးလှဖေနှင့် တွေ့ရသည်။ ထောင်ပိုင်ကြီး ဦးစိန်ဌေးကိုတော့ မမြင်တွေ့ပါ။

ဆရာဦးလှဖေအား နှုတ်ဆက်သတင်းပို့ပြီး ကျွန်တော့်တာဝန်မှာ အပြင်လုံခြုံရေးဖြစ်သဖြင့် စက်ဘီးကို အသားကုန်နင်း၍ ဖိမ်းပဲကြီး ဘက်က





သို့ အမြန်သွားရသည်။ ထောင်ထဲမှ ပွက်လောရိုက်နေသော်လည်း ထောင် အပြင်စည်းရိုး၌ 'တို့အရေး' အော်သည်မှအပ ဝင်မလာကြသေးပါ။ ကျွန် တော် တပ်သားများအား ချက်ချင်း လက်နက်အဆင်သင့်ဖြင့် နေရာယူနိုင်း လိုက်ရသည်။

မကြာပါ၊ ကျွန်တော်ထင်သလိုပင် ထောင်တွင်းမှ မီးကြီးများတက် လာပြီး သေနတ်ပစ်သံများ ဆူညံနေစဉ် ခေါင်းတွင် အနီစများပတ်စီးထား သူများ ဦးဆောင်လျက် လူအုပ်ကြီးက ထောင်မြို့အတွင်း ဝင်လာကြသည်။ ကျွန်တော်က ...

"ကဲ ... ဝန်ထမ်းများ။ ငါတို့နဲ့ ကိုက် (၁၀၀)အတွင်း ဝင်လာတာ နဲ့ ငါက စ,ပစ်မယ်။ ခေါင်းပေါ် ကျော်ပစ်ရမှာနော်၊ ခြောက်လှန့်ရုံပဲ။ လူကို မှန်အောင် မပစ်ရဘူး။ ကြားကြလား"

"ဟုတ်"

တကယ်လည်း အုပ်စုကောင်းသဖြင့် 'တို့အရေး'အော်ကာ လူစု လှဝေးဖြင့် ဝင်လာကြသဖြင့် ကျွန်တော်က ...

"ပစ်ရန်အသင့်"

ဟု ခြောက်လှန့်အော်ရသည်။ ဝန်ထမ်းများက ဒူးထောက်၍ အသင့် ချိန်ထားကြသည်။

ကိုက် (၁၀၀) စည်းအတွင်းဝင်လာသည်နှင့် ကျွန်တော်က အရင် တစ်ချက်ဖောက်၍ ...

"ဒိုင်း ..."

"ပစ် ..."

"ဒိန်း ... ဒိန်း ... ဒိန်း ... ဒိန်း ... ဒိန်း ..."

သေနတ်သံ ဆူညံသွားသလို ပြေးလိုက်ကြသည်မှာလည်း တစ် ယောက်မျှ မရှိတော့။ အရေးအခင်းကာလအတွင်း ကျွန်တော်ပစ်ခဲ့သော တစ်ချက်တည်းသော သေနတ်သံဖြစ်ပါသည်။ ဤမှာဘက်က ငြိမ်သွား သဖြင့် ကျွန်တော်တို့ ပတ်ကင်းလှည့်ကြသည်။

ထောင်အနောက်ဝင်းတံခါး ရွာမ အနောက်ရပ်ကွက်နှင့် ထောင်
အရှေ့ဘက်အဝင် မိန်းတံခါးမကြီးဘက်တွင်သာ လူရိုပ်လူခြေ အော်သံများ
ကြားရသော်လည်း ခြောက်ကပ်နေသည်။ အင်းစိန်ဈေးဘက် ထွက်ပေါက်
စစ်ဆေးရေးဂိတ်ကတော့ မီးလောင်သွားချေပြီ။ လုံခြုံရေးရဲများ ချထား
သည်။ ထောင်ထဲဘက်ကတော့ သေနတ်သံများ မစဲသေးပါ။ တဒိန်းဒိန်း
ပစ်ခတ်တုန်းပင်။ မီးခိုးများတက်လာသဖြင့် အိပ်ဆောင်များ မီးရှို့ခံရကြောင်း
သိရသည်။

နေ့လယ်စာ၊ ညစာ၊ ဘယ်နေမှန်းမသိ။ အိပ်ပြန်စားရန်လည်း
အချိန်မရ၊ တစ်ကိုယ်ကောင်းဆန်ရာလည်း ကျမေမည်။ ထို့ကြောင့်
သောက်နေရသည်။ ညဘက်ရောက်တော့ ထောင်ပိုင်အမိန့်ဖြင့် Hi
(Ranger) ကားတစ်စီး ကျွန်တော်တို့ထံ ရောက်လာသည်။ ထမင်းထုပ်
ဝေသည်အထင်ဖြင့် ဝမ်းသာနေမိစဉ် ကားသမားနှင့် နောက်က ဘရင်းကို
သေနတ်သမား ဆင်းလာ၍ အင်အားဖြည့်လာကြောင်း သတင်းပို့သည်။
ညက တစ်နာရီတစ်ကြိမ် ထောင်မကြီးအား ကင်းပတ်ရင်း ဆာလွန်းသဖြ
အိမ်မဲကြီးဝန်ထမ်းလိုင်းမှ ထမင်းတောင်းပြီး ဆားပင်မပါ၊ ထမင်းတစ်ဆုပ်
စီ နေ့ညပေါင်း၍ အဆာပြေစားရသည်။

ညရောက်တော့ ထောင်ပိုင်ကြီးခေါ်သည်ဆို၍ ကျွန်တော် တပ်ကြ
ကြီး ဦးတင်ထွန်းအား တာဝန်လွှဲပြောင်းပေးပြီး သီးသန့်ထောင်သို့ ပြေ
ပြန်သည်။ သီးသန့်ထောင်ရှေ့သို့ ရဲကားပြာကြီးများ တန်းစီရပ်ထားသည်
အချုပ်သားများအား မဆင်းနိုင်သေး။ ရေဆာသည်ဟုအော်လျှင် မီးသတ်
ပိုက်ဖြင့် မီးသတ်ကားက ဖျန်းလေသည်။ အလှအယက် သောက်ကြ
ရော့။

ကျွန်တော်ရောက်ရှိကြောင်း ထောင်ပိုင်ကြီးအား သတင်းပို့တော့
အချုပ်သားများဖြစ်ကြ၍ ကျွန်တော့်အား ‘ခေါ်ကြောင်း။ အချုပ်ထောင်မှူ
ကြီး ဦးစိန်လွင်မှာ ခဲမှန်၍ ဖျားနာနေသောကြောင့် အစားခေါ်ကြောင်း သိ





သည်။ ချုပ်ဝရမ်းမပါသဖြင့် ရဲကားပေါ်မှ အချုပ်သားများ မချနိုင်သေး
ကြောင်းလည်း သိရသည်။ မကြာပါ၊ အမိန့်ရောက်လာ၍ ချုပ်ဝရမ်းမပါသော်
လည်း လက်ခံရသည်။ အချုပ်ကားတံခါးဖွင့်၍ ဆင်းခိုင်းတော့ တော်ရုံနှင့်
ဆင်းနိုင်ကြ။

မနက်ကတည်းက အင်းယားကန်စောင်းတွင် တစ်နေကုန် ရိုက်နှက်
ထားပြီး လူမမြင်စေရန် ညဘက်မှ ပို့သဖြင့် ထမင်းငတ်၊ ရေငတ်၊ ဒဏ်ရာ
နှင့် လဲနေကြချေပြီ။ မနည်းတွဲခေါ်၍ အောက်ချပြီး ထောင်ထဲသွင်းရသည်။
ချို့မှာ အသက်ပင် ပါမလာတော့။ သီးသန့်ထောင် လက်ယာဘက်
ဒီနှံ့ပင်ကြီးပင်ခြေတွင် စုပုံထားရာ (၄၂) လောင်းရှိသည်။

ထောင်တွင်း သွင်းပြီးတော့ ထားစရာက အမိုးအကာက မရှိ။ အမိုး
ကာရှိသော အဆောင်များအတွင်း၌ လူများ ပြည့်ညပ်နေပြီ။ နှစ်ထပ်
ဆောင် (၁)နှင့် (၂) ၌ လူက အပြည့်အလျှံ ဆေးရုံဆောင်၌လည်း အပြည့်။
ထို့ကြောင့် ကျန်းမာသူများအား ဝန်ထမ်းများက ဝိုင်းထားပြီး ဂါတ်မကြီးပေါ်
မီးမောင်းကြီးတို့၏ အဆောင်များအလယ်၊ ကွက်လပ်၌ ထိုင်ခိုင်းထား
သည်။ ကျောင်းသားလည်း ပါသည်။ ဝန်ထမ်းလည်း ပါသည်။ မကြာမီ
တ်မိန့် ရောက်လာပြန်သည်။ မသက်သာသူကို ချန်ထားပြီး ကိုယ်ပိုင်ခံဝန်
ဖြင့် လိပ်စာများယူပြီး လွှတ်ပါတဲ့။ ကျွန်တော်တို့နှင့် လ. ဝ. က များ
အလုပ်ရှုပ်ကြရပြန်သည်။ မိုးတွင်းကြီး ထိုညက မိုးမရွာသဖြင့် တော်
သေးသည်။

ကိစ္စများပြီးတော့ ထောင်က အလောင်းများကို လက်မခံပြန်ပါ။
တမရှိ၊ ချုပ်ဝရမ်းမပါ။ မည်သို့ လက်ခံမည်နည်း။ ထိုကိစ္စကိုလည်း
ထက်အမိန့်အရ လက်ခံရပြန်သည်။ Mitsubishi (long body ) ကားကြီး
သယ်သွားပြီး ခေါ်လာသောဆရာဝန်များက ရောဂါတပ်၍ (Death
ificate) ပေးသည်။ တစ်ခုပြောရန် ကျန်သွားသည်။ ပါတီဥက္ကဋ္ဌကြီး
ညာသည်က (၄၁) လောင်းဖြစ်သည်။ ကျွန်တော်က (၄၂)လောင်းဟု

ရေးခဲ့သည်။ ကျွန်တော်နှင့် ဆေးရုံ(ထောင်) ဆရာဝန် ဦးထွန်းလွင်တို့ စစ် ဆေးပြီး ခွဲထုတ်သဖြင့် ခြေကျိုး၊ လက်ကျိုး၊ လူနာတစ်ဦးအား အသက် ကယ်လိုက်နိုင်သဖြင့် (၄၁)လောင်း ဖြစ်သွားရခြင်းဖြစ်သည်။

ထူးခြားဆန်းကြယ်သည်ကတော့ နောက်တစ်နေ့မနက်တွင် စိမ်းရှိ နေရာမှ လဲပို့ပင်ကြီး အလိုလို သေသွားရခြင်းဖြစ်သည်။ မိုးတွင်းကြီး သေ ဆုံးရန် အကြောင်းမရှိ၊ အလောင်း (၄၁) လောင်းကိုတော့ လဲပို့ပင်ခြေတွင် ပုံထားခဲ့သည်လေ။ ထိုညက လုံခြုံရေးအရ ကျွန်တော်တို့ မအိပ်ရပါ။ လူနာ များ အတော်များသဖြင့် ထောင်ဆရာဝန်များဖြင့် ဆေးကုနေရသည်။ ထောင် ပိုင်ကြီး ဦးစိန်ငွေကတော့ ထောင်တွင်းအစောင့်အခန်းလွှတ်တွင် စေရှ မေးကြောင်း တွေ့ရသည်။

နောက်တစ်နေ့တွင် ကျွန်တော် ထောင်မကြီးဘူးတံခါးကြီး ပြောင် ၍ တာဝန်ထမ်းဆောင်ရပြန်သည်။ ကိုယ်ပိုင်ခံဝန်ဖြင့် အချုပ်သားများကို လည်းကောင်း၊ (၁၀) နှစ်အောက် ထောင်ကျသူများအားလည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွှတ်ရန် ပြင်ဆင်ရသည်။ အချုပ်သားများအတွက် အချုပ်ရုံးတွင် မှတ်ပုံတင်စာအုပ်ကြီးများ မီးလောင်ခံရ၍မရှိတော့။ ထောင် ကျရုံးကတော့ ထောင်ဘူးဝအနားတွင်ရှိသဖြင့် မီးရှို့မခံရ၍ ကျန်နေသေး သည်။

ထောင်ကျရုံးထောင်မှူးက ဦးမြင့်စိန်၊ အချုပ်ရုံးထောင်မှူးကြီး က ဦးစိန်လွင်။ သူတို့စိစစ်ပြီး လွှတ်သမျှ ဘူးတံခါးကြီးတွင် ကျွန်တော်နှင့် တံခါးတာဝန်ခံထောင်မှူးကြီး ဦးကျော်စိန်က စစ်ဆေး၍ လွှတ်ပေးရသည်။ မသက်သာသူများကိုတော့ သီးသန့်ထောင်သို့ ကားဖြင့်ပို့ပြီး တစ်ညအိပ် ဆေးခိုင်းရသည်။

ဘူးတံခါးကြီး လက်ယာဘက်၊ ညွှန်မှူး ဦးစိန်ဝင်းအခန်း၌ ညွှန် ချုပ် အသစ်အဟောင်းနှင့် ထောင်ပိုင်ကြီးများ စုဝေးနေကြသည်။ ကျွန်တော် သိပါသည်။ မှားလွှတ်မိလျှင် တရားခံအဖြစ် ကျွန်တော်တို့အား အရေး





ဖြစ်သည်။ တံခါးထောင်မှူးကြီး ဦးကျော်စိန်က စစ်တပ်က ပြောင်းလာ ဖြစ်သဖြင့် ထောင်ပါးမဝသေး။ ထို့ကြောင့် ကျွန်တော်က လူဟောင်းပီပီ ဆောင်စစ်ဆေးရသည်။ အရေးအခင်းအတွင်း နာမည်ကောင်းရမည်တော့ တ်၊ မှားလွှတ်လျှင် ခံရမည်၊ တရားခံရှာခြင်းဖြစ်သည်။ ကျွန်တော်က ည်း နာမည်ကြီး အချုပ်ထောင်ကျများကို မှတ်မိသိရှိထားသည်။ ဘယ် ပုံစံပြောင်းလာပါစေ၊ မလွတ်စေရ။

မြောက်ဥက္ကလာဘက်က ခေါင်းဖြတ်ခေါင်းဆောင်ဆိုသူမှာ မင်းသား ဒေါ် သျှောင်ကြီးဖွေဖြစ်သည်။ ထွက်လာပြီး တန်းစီတော့ မောင်မောင် တဲ့။ အမှုကနိုးမှုတဲ့။ သျှောင်ကြီးဖွေကို ရိတ်ပြီး ခေါင်းတုံးဖြင့် ဦးထုပ် င်းလာခြင်းဖြစ်သည်။ အလွန်အရေးကြီးသော တရားခံဖြစ်သည်။ ကျွန် တံခါးထောင်မှူးကြီး ဦးကျော်စိန်ကို လက်ကုပ်၍ သျှောင်ကြီးဖွေအား ပြီး ညွှန်မှူးရုံးခန်းထဲ သွင်းခဲ့သည်။

''ဘာကိစ္စလဲ ... ထောင်မှူးကြီး''

ညွှန်ချုပ်အသစ်က မေးသည်။

''ဒီတရားခံက မြောက်ဥက္ကလာဘက်မှာ ခေါင်းဖြတ်သတ်တဲ့ နာမည် တရားခံ သျှောင်ကြီးဖွေပါ၊ လွတ်ကို့ထိ ရောလိုက်လာလို့ တင်ပြတာ

''သူက အချုပ်လား၊ ထောင်ကျလား''

''အချုပ်ပါ။ အမှုပေါင်း (၁၄) မှု ရှိပါတယ်''

''မင်းတို့ကွာ ... အချုပ်ဟူသမျှ လွှတ်စေဆိုတော့၊ ဘယ်နှမှုရှိရှိ လိုက်ပေါ့။ တကတည်း အတော်နားဝေးတဲ့ကောင်တွေ''

''ဟုတ်ကဲ့ ... ညွှန်ချုပ်က လွှတ်ဆိုလွှတ်ပါ့မယ်''

ကျွန်တော်က တမင် သက်သေခံအထောက်အထားဖြင့် လွှတ် သည်။ ကျွန်တော့်တွင် တာဝန်မရှိတော့။

နောက်တစ်ယောက်က ဒီအိုမြင့်သိန်း။ KNDO အဖွဲ့ခေါင်းဆောင်။ ယမ်းဆီးစဉ်က မီမိတပ်မတော်ဘက်က အတော်ကျခဲ့သည်။ ခက်ခက်

ခဲခဲ ဖမ်းဆီးခဲ့ရခြင်းဖြစ်သည်။ မြင့်သိန်းထွက်လာပြန်တော့ ကျွန်တော် ထ ကြီးတာဝန်ခံ၊ ထောင်မှူးကြီး ဦးကျော်စိန်ကို လက်ကုပ်၍ ညွှန်ပြ ဦးကျော်စိန်က ...

"ဟာဗျာ ... ဆရာသိန်းဝင်း။ ဒီတစ်ခါက ဆဲခံရလိမ့်မယ်။ ကျ တော် မလိုက်ရဲတော့ဘူး"

"မလိုက်ချင် နေလေ။ ပြဿနာဖြစ်လာရင် ခင်ဗျားအလုပ်ပြု တင်မကဘူး။ ထောင်ပါကျလိမ့်မယ်။ DO မြင့်သိန်းအကြောင်းလည်း ခင် သိရဲ့သားနဲ့ "

ထိုအခါမှ သဘောပေါက်ပြီး ...

"အေးပါဗျာ ... လိုက်ပါ့မယ်"

ကျွန်တော် ထင်သည့်အတိုင်းပင်။ DO မြင့်သိန်းအား ချုပ် ညွှန်မှူးအခန်းထဲ ရောက်သည်နှင့် ...

"လာပြန်ပြီလား ... ဒီလူတွေ။ သူက ဘာလဲ"

"KNDO မြင့်သိန်းလို့ ခေါ်ပါတယ်။ နာမည်ကြီးပါ။ သူ့ကို တုန်းက ကျွန်တော်တို့ တပ်မတော်ဘက်က အကျအဆုံး အလွန်များ တယ်"

"သူက ထောင်ဘယ်လောက်ကျသလဲ"

"အချုပ်တရားရင်ဆိုင်ဆဲ။ လူသတ်မှုပေါင်းများစွာနဲ့ စစ်ဆေး အချုပ်တရားခံပါ"

"ခင်ဗျားတို့ အဲဒါကြောင့် ပြောနေရတာ။ အချုပ်ဟူသမျှ လွှတ် လို့ အမိန့်ပေးပြီးပြီပဲ။ ဘာအတွန့်တက်ပြီး အလုပ်လာရှုပ်နေတာလဲ။ သူ ခေါ်သွား။ နောင် ခေါ်မလာနဲ့တော့ ... အလကားလူတွေ"

ဦးကျော်စိန်ကတော့ မျက်နှာပျက်နေရှာသည်။ ကျွန်တော် တော့ ပန်းနဲ့ပေါက်သလို ဂုဏ်ယူပြီး ဝင့်ဝင့်ကြွားကြွား။ ဖြစ်လာသမျှသည် ကျွန်တော်တို့နှင့် လားလားမျှမဆိုင်။ လူကြီးအသစ်များ၏တာဝန်သာ ဖြ ချေမည်။ သက်သေများ အစုံအလင်ရှိသည်လေ။ ထိုနေ့က ည (၉)နာရီအ





တ်သည်။ မသက်သာသူများအား သီးသန့်ထောင်သို့ ကားဖြင့်ပို့ပြီး ထပ်မံ စ်ဆေးစေသည်။

ထို့ကြောင့်လည်း (၁၀) နှစ်အထက်၊ အနှစ် (၂၀) ထောင်ကျသူ များကို ပြန်လည်ဖမ်းဆီးမိသည်။ ထောင်မဖောက်စေရန် ကိုယ်တိုင်ခံဝန်ဖြင့် တ်ပေးခြင်းဖြစ်ရာ လူတစ်သောင်းကျော်ခန့်ကို တစ်ရက်တည်းဖြင့် စစ်ဆေး မလွှတ်နိုင်။ အချုပ်များကတော့ ကုန်သလောက်ရှိပါပြီ။ ထောင်ကျများ ကျန် နေသေးသည်။

ထောင်ဝန်ထမ်းများက ဒုတိယနေ့တွင် ထောင်အား ပြန်လည်သိမ်း ပြီး Main Jail တွင် တပ်စွဲထားသည်။ သို့သော် ကြိုးသမားများနှင့် ရာဇ ခေါင်းဆောင်များက ကြိုးတိုက်ကိုသိမ်းပိုက်၍ သူတို့ပိုင် နယ်မြေလုပ် အမျိုးမျိုး အခွင့်အရေးများ တောင်းဆိုနေသည်။ ထောင်ဘက်မှလည်း စ်စစ်မီးပြတ်၊ ရေပြတ်သွားသဖြင့် မီးသတ်ဌာနမှ ရေသယ်ကားများဖြင့် ပေးနေရသည်။ ပစ်ခတ်မီးရှို့ခြင်းမရှိတော့။ နှစ်ဖက်အပေးအယူ ညှိနှိုင်း ဆဲဖြစ်သည်။ နှစ်ဖက်ညှိနှိုင်းဆက်သွယ်ရေးအရာရှိက ကျွန်တော့်တပည့် မြင့်သိန်း။ သူက တိုက်နှင့် Main Jail ကူးသန်းသွားလာနေသည်။ ယခင် တည်းက လူချစ်လူခင်များသော အကျဉ်းသားဖြစ်သဖြင့် နှစ်ဖက်ကြား ဆက်သွယ်ပေးနေသူဖြစ်သည်။

အိပ်ဆောင်ကြီး (၅) ဆောင်အနက် အမှတ် (၁) အိပ်ဆောင်သာ နည်းငယ်ပျက်စီးပြီး ကျန်ရှိနေသည်။ ကျန်အမှတ် (၂) (၃) (၄) (၅) အင်္ဂလိပ် တ်ကတည်းက ဆောက်ခဲ့သော အိပ်ဆောင်နီနီရဲရဲကြီးများ မီးလောင်၍ ပျက်ကုန်ချေပြီ။ ရေနံရည်ဝနေသော ထောင်ဆေးရုံအဆောက်အဦ (သစ် သားထောင်ကြီး) နှစ်ထပ်ဆောင်ကြီးကတော့ မီးမလောင်ဘဲ ကျန်ခဲ့သည်။ ထောင်ဆေးရုံအထဲမှ ဆေးဝါးမျိုးစုံနှင့် အသုံးအဆောင်ပစ္စည်းများကတော့ ရှိတော့။ ထောင်သားများခိုး၍ ကုန်ချေပြီ။

သူတို့ ဘာလုပ်ကြပါသနည်း။ ထောင်ဆေးရုံမှ မွေ့ရာများ ဘိန်း ပြတ်ဆေးများကို ခိုးယူ၍ ထောင်အနောက်ဘက်၊ အလုပ်ဘက်ဝင်း ဂိုထောင်

များကို ဖောက်သည်။ ကျည်ကွယ်၊ မျက်ကွယ် ယူသည်။ အစုလိုက် မေ့
စားထွက်သလို နေရာယူသည်။ အလုပ်ဘက်ဝင်းအတွင်း မွေးမြူထားသော
မွေးမြူရေးဝက်များအား သတ်၍ အမြည်းရိက္ခာလုပ်ထားပြီး ဘိန်းဖြ
ဆေးဖြင့် ပွဲတော်တည်ကြသည်။ ဆေးလွန်၍ သေဆုံးသော အကျဉ်းသား
နှင့် ဝက်သေများက ပုပ်ပွနံစော်နေသည်။

ဘိန်းသမားဆိုသည်မှာ ထိုအနံ့အသက်များကို ဂရုမစိုက်။ သ
တရွေလည်း မကြောက်၊ ဆေးလွန်၍ သေဆုံးကြသည်ကိုလည်း အထေ
မမှု။ သုံးရက်ခန့် အကျဉ်းထောင်အား အကျဉ်းသားများက သိမ်းပိုက်ထ
စဉ်အတွင်း ထွက်ပြေးရန်လည်း မကြိုးစား။ ဘိန်းဖြတ်ဆေးများဖြင့် ပျော်မွေ့
ကြီး စည်းစိမ်ခံစားရင်း အသက်ကို စွန့်ကြသည်။ အာဂလူမိုက်ကြီးများဖြ
ကြသည်။

(၃) ရက်ကျော်ခန့်မှ ဝန်ထမ်းများက ထောင်ပြန်သိမ်းပြီး ရှင်းလင်း
ရေးလုပ်ရသည်။ အလောင်းများနှင့် ပစ္စည်းများက တစ်ပုံတစ်ပင်။

ကြိုးတိုက်ခန်းက လက်နက်မချသေး။ ကြိုးသမားခေါင်းဆောင်များ
နှင့် ညှိနှိုင်းဆဲ။ ရိက္ခာနှင့် မီးသတ်ကားများဖြင့် ရေပေးရဆဲ၊ ကျွန်တော်
အဖွဲ့ Main Jail အနီးရှိ ဗိုဝိုင်းကြီးအတွင်း၌ တပ်စွဲရသည်။ အပုပ်နံ့မျ
ကြောင့် နှစ်ရက်၊ သုံးရက် အိပ်ရေးပျက်ခဲ့သော်လည်း အိပ်မပျော်ခဲ့
လျှပ်စစ်မီးကလည်း ပျက်နေပါသည်။ မီးမှန်အိမ်၊ ဟာရီကိန်းကလေးမျ
ဖြင့်နေရသည်။ လူမရှိတော့သော မီးလောင်ထားသည့် အိပ်ဆောင်ကြီးများ
ညအမှောင်ထဲ၌ ကိုးရိုးကားရား သရဲတစ္ဆေများမြူနေသော ပုံသဏ္ဍာ
ဗိုဝိုင်းကြီးခေါင်းတိုင်အပေါ်၌ ငှက်ဆိုးခေါ် လင်ကောင်ပိုးငှက်များက တက
ဂစ်အော်မြည်ရင်း မြူးတူးနေသည်။

သရဲတစ္ဆေသာ တကယ်ရှိလျှင် အစိမ်းသေများဖြစ်ကြသဖြင့် တကယ်
ခြောက်လှန့်ပေလိမ့်မည်။ ယခုတော့ လင်ကောင်ပိုးငှက်ဆိုးများချီလာသော
မာဒနိသီ။ မာလကာသီ။ သရက်သီးများသာ ဗိုဝိုင်းခေါင်မိုးပေါ် တခုန်းခုန်
ကျ၍ ခြောက်လှန့်နေသလို ဖြစ်နေသည်။ ကျွန်တော်တို့ မအိပ်ကြပါ။ ကဗ





တ်ရင်း စကားစုဝေးပြော၍ ရေနွေးကြမ်းသောက်ရင်း အချိန်ကို ကုန်စေ
ရသည်။ ကောင်းစွာ မအိပ်ရ၊ မစားရသည်မှာလည်း ကြာချေပြီ။

မနက် (၆)နာရီတွင် ကျွန်တော်တို့အဖွဲ့ တာဝန်ပြီးဆုံးသဖြင့် နေ
အဖွဲ့ကိုစောင့်ရင်း တပည့်များ စီစဉ်ပေးသော လုံးတီးထမင်းကြော်မှုန့်ကလေး
နှင့် ကုလားပဲပြုတ်ကို စားရသည်။ အလွန်လည်း အရသာရှိပါသည်။ မနက်
(၇)နာရီခန့် နေ့အဆိုင်းဝင်တော့ ကျွန်တော်တို့အဖွဲ့ အနားရသည်။

ယနေ့ည မအိပ်ရသည်မှာ (၃)ရက်မြောက်ဖြစ်၍ အတိုးချပြီး အိပ်
မှာအိပ်မည်။ မိုက်ကလည်း ပြည့်ချေပြီ။ သို့သော် ဘူးဝတံခါးကြီးအထဲ
ရောက်သည်နှင့် အမိန့်က စောင့်နေသည်။ ကျွန်တော်နှင့် ထောင်မှူးမြင့်ဆွေ
တို့ အရေးပေါ်အချုပ်သား (၄၀၀) အား သာယာဝတီထောင်သို့ မီးရထား
ဖြင့် ယနေ့မနက် (၉)နာရီတွင် ပို့ရမည်တဲ့။

အိပ်အမြန်ပြန်၍ ရေချိုးပြီး အဝတ်အစားအသစ်လဲရသည်။ ထမင်း
တော့ မစားတော့။ ဘုရားဝတ်ပြုပြီး လိုအပ်သောပစ္စည်းများ ယူ၍ ထွက်ခဲ့
သည်။ အတူးရထားက အင်းစိန်၊ ရွာမဘူတာအနီးရှိ အကျဉ်းဦးစီးဌာန၊
ခုံချုပ်ရှေ့တွင် တွဲထိုးထားပြီး အချုပ်သားများအား တင်နေသည်။ အင်းယား
ကန်ပေါင်ရိုးတွင် နာမည်ကြီးခဲ့သော လုံထိန်းဦးထုပ်နီများက အစောင့်
အရှောက်တာဝန်၊ ကျွန်တော်တို့နှစ်ဦးက အချုပ်ဝရမ်းများထိန်းပြီး သာယာ
ဝတီထောင်တွင် အပ်ရုံသာ၊ လုံခြုံရေးတာဝန်မရှိပါ။ ကျွန်တော်တို့ လူ (၄၀၀)
စုံမစုံစစ်ဆေးပြီး မနက် (၉)နာရီ တိတိတွင် ရထားကြီး ထွက်ခဲ့သည်။

လုံထိန်းရဲအုပ်က နောက်ဆုံးတွဲတွင် စီးသည်။ ကျွန်တော်တို့က
ရှေ့ဆုံးခေါင်းတွဲတွင် ရထားမောင်းသူနှင့် အတူစီးသည်။ ရထားမောင်းသူ
က သူ့အနီးတွင် တစ်လုံးချိုင့်ကလေးချထား၍ လက်ဖက်ရည်ချိုသောက်ရင်း
ရထားအား ဖြည်းဖြည်းမှန်မှန် မောင်းသည်။ အရေးအခင်းကာလဖြစ်သဖြင့်
ရထားများမထွက်၊ မော်တော်ကားများလည်း ရှင်းနေသည်။ သံလမ်းပေါ်၌
သစ်တုံးများ၊ ကျောက်ခဲတုံးများ တင်ထားသဖြင့် ရထားရပ်ပြီး ဆင်းဆင်း



ဦးကိုကိုလွင်
ယာဉ်စီးလုပ်ငန်းနှင့်လက်ရှုတ်ဝန်ဆောင်မှု

ဖယ်ရသေးသည်။ ရန်ကုန်သာယာဝတီ မိုင် (၈၀)ခရီးကို တဖြည်းဖြည်း မောင်းခဲ့ရာ ညနေစောင်းမှ သာယာဝတီဘူတာသို့ ရောက်သည်။ သာယာဝတီထောင်က ကားများဖြင့် စောင့်နေသဖြင့် အဆင်ပြေသည်။

အဆင်မပြေသည်က ကျွန်တော်တို့ဆရာတပည့် မအိပ်ရသည်မှာ (၃)ညရှိပြီ။ အစားအသောက်က မမှန်။ ယနေ့လည်း နေ့လယ်စာ မစားရသေး။ သာယာဝတီထောင်မှ စီစဉ်ပေးမည်ဟုတော့ ပြောသည်။ ပြဿနာတစ်ခုက အချုပ်သားများ ရထားပေါ်ကချရာတွင် ရထားထဲ၌ တစ်ဦးသေဆုံးနေခြင်းဖြစ်သည်။ သာယာဝတီထောင်ပိုင် ဦးဘိုကြည်နှင့် ကျွန်တော် အခြေအတင် စကားပြောရတော့သည်။ လုံထိန်းအဖွဲ့ကလည်း ထွက်ပြေးခြင်း မဟုတ်သဖြင့် သူတို့နှင့်မဆိုင်ဟု ငြင်းသည်။ ထို့ကြောင့် ထိုအချုပ်သားအား သာယာဝတီဆေးရုံကြီးတွင် အပ်နှံပြီး Post Mortem လုပ်၍အခြေရှာရန် ဆုံးဖြတ်ရတော့သည်။ ကျွန်တော်တို့ အဖြေစောင့်ရင်း သာယာဝတီထောင် ဧည့်ရိပ်သာတွင် အတိုးချ၍ အိပ်ကြသည်။

ညဉ့်သန်းခေါင် (၁၂)နာရီခန့်တွင်း ဗိုက်ထဲက အစာမရှိသဖြင့် တဗွိဗွိအော်သဖြင့် အိပ်ရာက နိုးသည်။ ရေထသောက်ရသည်။ ကျွန်တော့်တပည့် မြင့်ဆွေလည်း နိုးလာပြီး ...

"ဆရာရေ ... ဗိုက်အရမ်းဆာတယ်ဗျာ။ နေ့လယ်စာလည်း မစားရတော့ ပိုဆိုးတယ်။ ထမင်းကလည်း မရောက်သေးဘူး"

"အေး ... အသာနေ၊ ငါ ထောင်ရှေ့သွားပြီး မေးကြည့်မယ်"

ကျွန်တော် ခြောက်လုံးပြူးကိုင်ပြီး ထောင်ဘူးဝရှေ့သွား၍ အော်ဟစ်ရာ တံခါးကြီးအတွင်းမှ ဒုတိယထောင်ပိုင်ဦးတင်မောင်လွင် ထွက်လာပြီး ကျွန်တော်တို့အား တောင်းပန်၍ သူ စားရန်ချန်ထားသော ထမင်းအားကြော်၍ (၃)ယောက် မျှစားကြရသည်။ ထိုအချိန်ကျမှ ထောင်ရိက္ခာဌာနက ဘီယာများ၊ အရက်များ၊ စားစရာများ ယူဆောင်၍ ရောက်လာကြသည်။ ကျွန်တော်တို့ မစားတော့ပါ။ သပိတ်မှောက်လိုက်ကြသည်။ အစာအနည်းငယ် ဝင်သွားမှ ရေအဝသောက်ပြီး ဧည့်ဂေဟာ ပြန်အိပ်ကြသည်။





မနက် (၇)နာရီထိုး နိုးတော့ ဧည့်ခန်းစားပွဲပေါ်၌ မုန့်ဟင်းခါး (၁၀) ပွဲ ပြင်ထားသည်။ သာယာဝတီထောင်က ချော့သည်လား။ ပညာပေးသည်လားတော့မသိ။ ကျွန်တော်တို့ ဆရာတပည့် (၆)ပွဲစီ အဝစားပစ်လိုက်ကြသည်။ စားပြီးအပြန်ခရီးကို ဆွေးနွေးနေကြစဉ် ဧည့်ဂေဟာရှေ့တွင် ကားရပ်ကြားရပြီး ဒုတိယထောင်ပိုင် ဦးတင်မောင်လွင် ဆင်းလာသည်။

"ဦးသိန်းဝင်းတို့ ... လာကြဗျို့၊ ဂေါက်ရိုက်သွားကြရအောင်"

"ဦးတင်မောင်လွင် ... အရေးအခင်းကာလကြီးလေဗျာ"

"ဒီမြို့မှာ အေးချမ်းပါတယ်၊ ဘာမှမဖြစ်ဘူး ... လာကြပါ။ ကျွန်တော် ဂေါက်အိတ်တွေလည်း အသင့်ယူလာတယ်"

"အပြန်ကားကိစ္စ စီစဉ်ပေးဦးလေဗျာ"

"ကျွန်တော် စုံစမ်းပြီးပြီ။ ဒီနေ့ ဘာကားမှ မထွက်ဘူး။ မနက်ဖြန်နက်မှ ထွက်မယ်။ Booking လုပ်ပြီးပြီ။ အေးအေးသာ အနားယူပါဗျာ"

"Poet Mortem လုပ်တဲ့ ကိစ္စကရောဗျာ"

"နှလုံးရောဂါနဲ့ ဆုံးတာတဲ့။ Dead Certificate ရပြီးပြီ။ ခင်ဗျားတို့နဲ့ မဆိုင်ပါဘူး"

ထိုနေ့က သာယာဝတီဂေါက်ကွင်းတွင် ဂေါက်ရိုက်ပြီး နေ့လယ်စာကို သုံးဆယ်မြို့တွင် စားရသည်။ အရေးအခင်းကာလအတွင်း စည်းစိမ်ခံခြင်းဖြစ်သည်။ ထိုနေ့က သာယာဝတီဧည့်ရိပ်သာ၌ပင် အနားယူကြသည်။

နောက်တစ်နေ့မနက် (၇)နာရီခန့်တွင် ကိုတင်မောင်လွင် Ranger ကားကြီးဖြင့် ရောက်လာသည်။ ကျွန်တော်တို့က မနက်စာ စားသောက်ပြီး အဆင်သင့် စောင့်နေခြင်းဖြစ်သည်။

"ဦးသိန်းဝင်းတို့ ... လာကြဗျို့၊ အဝေးပြေးကားက မနက် (၈)နာရီ ...နေ့ စထွက်မှာ။ ယူနီဖောင်းတော့ မဝတ်နဲ့၊ အရပ်သားအယောင်ဆောင် ... သေနတ်တွေကို ဖုက်ယူသွားကြဗျို့"

"အဆင်သင့်ဘဲ ... ကိုယ့်ဆရာရေ၊ အားလုံး Ready ပဲ"

ကျွန်တော်တို့ အရပ်ဝတ်ပုဆိုးနှင့် အင်္ကျီကို ဂျာကင်ထပ်ဝတ်
ခြောက်လုံးပြူးသေနတ်များအား ချိုင်းစလွယ်သိုင်းအိတ်ဖြင့် ထည့်ဝှက်လွယ်
ပြီး ခေါင်းတွင် တဘက်ပေါင်းကာ တောသားကြီးစတိုင်ဖြင့် ထွက်ခဲ့ကြ
သည်။ ဦးတင်မောင်လွင် စီစဉ်ပေးသဖြင့် ကားရှေ့ခေါင်းခန်း ဒရိုင်ဘာနေရာ
အနီးတွင် နှစ်ယောက် ထိုင်ခဲ့ရသည်။ မနက် (၈)နာရီတွင် ကားကြီးစထွက်
သည်။ လမ်း၌ သစ်တုံးချ၍ လူအုပ်စုက တားသည်။ မေးသည်က …

"ရဲပါသလားဟေ့" တဲ့လေ။

ဒရိုင်ဘာက မပါကြောင်းပြောတော့ အတန်ငယ် မေးမြန်းစစ်ဆေး
ပြီး သစ်တုံးများ ဖယ်ပေးသည်။ ထို့ကြောင့် ကျွန်တော်တို့ သုံးလေးနေရာ
အစစ်ဆေးခံရပြီး အင်းစိန်သို့ ချောမောစွာ ပြန်ရောက်ပါသည်။ ဤသည်မှ
က ကျွန်တော်၏ အရေးအခင်းကာလအတွင်း အမှန်ဖြစ်ခဲ့သည့် ဇာတ်လမ်း
အကျဉ်းဖြစ်သည်။

ဇာတ်ပရိတ်သတ်ကြီးအား အစဉ်လေးစားလျက် …

✿ ✿ ✿

ထောင်မှူးကြီးသိန်းဝ



## [၁]

❏

အကျဉ်းထောင်သို့ရောက်လာသော အချုပ်တရားခံတိုင်း ပြစ်ဒဏ်ခံရသည်။ အချို့သည် ပြစ်မှုထင်ရှားသဖြင့် အကျဉ်းသားဘဝသို့ ကူးပြောင်းသွားခဲ့ရပြီး၊ အချို့မှာ ဥပဒေအထောက်အထားမခိုင်လုံ၍ အနှောင်အဖွဲ့မှ လွတ်မြောက်သွားကြ၏။

ယင်းတို့အနက် ကျွန်ုပ်တစ်သက်တာတွင် မမေ့မှလင့်ဘဲ ကြုံဆုံခဲ့ရသော အချုပ်သားအချို့ရှိခဲ့ဖူးသည်။ သူတို့အား တရားစွဲဆိုနိုင်အောင် တရားလိုဘက်၌ အထောက်အထားများရှိနေခဲ့သည်။ သူတို့အား တရားခွင်၌ စစ်ဆေးကြားနာသောအခါတွင်လည်း၊ တရားလိုပြသက်သေတို့၏ တင်ပြချက်များနှင့် ပတ်ဝန်းကျင်သက်သေခံအထောက်အထားများပါ ကွင်းဆက်မပြတ် ထင်ရှားခိုင်လုံနေပြန်သည်။

သို့တစေ မယုံကြည်နိုင်လောက်အောင် အံ့ဩဖွယ်ကောင်းသည်မှာ ထိုသူတို့မှာ ပြစ်မှုကို အမှန်တကယ် မကျူးလွန်ခဲ့ပါဘဲနှင့် တရားခံဖြစ်နေကြခြင်းပင် ဖြစ်ပါလေသည်။

ဤတင်ပြချက်နှင့်ပတ်သက်၍ ဥပဒေပညာရှင်တစ်ဦးတစ်ယောက်က ထိုဖြစ်ရပ်မျိုးသည် ဥပဒေလောကတွင် မရှိနိုင်ဟု စောဒကတက်လို





ကောင်း၊ တက်လိုပေလိမ့်မည်။ ကျွန်ုပ်အနေနှင့်မူ ဤဖြစ်ရပ်မျိုး အမှန်တကယ်ရှိခဲ့သည်ဟု အခိုင်အမာ ဆိုမိပေမည်။

အဘယ်ကြောင့်ဆိုသော် ယင်းသို့သော တရားခံများကို ကျွန်ုပ်ကိုယ်တိုင် တွေ့ရှိခဲ့၍ပင်ဖြစ်၏။

ဥပဒေမာယာအရ မျက်မြင်သက်သေမရှိသော မှုခင်းများတွင် ပတ်ဝန်းကျင်သက်သေခံချက် (Circumstantial evidence) အထောက်အထားများဖြင့် ပေါင်းစပ်၍ အမှုကို ဖော်ထုတ်ရသည်။ ထိုပတ်ဝန်းကျင် သက်သေခံအထောက်အထားများ ကွင်းဆက်မပြတ်ပေါ်လာလျှင် ထိုအမှုခိုင်လုံသည်ဟု ယူဆရသည်။

ကျွန်ုပ်ကြုံတွေ့ခဲ့ရသော အမှုများတွင် နှုတ်သက်သေခံချက်များ တိကျခိုင်လုံနေသည်သာမက ပတ်ဝန်းကျင်သက်သေခံအထောက်အထားများကိုပါ ကွင်းဆက်မပြတ် တွေ့ရှိရသည်။

သို့ရာတွင် အဆိုပါတရားခံများသည် ပြစ်မှုကို အမှန်တကယ် ကျူးလွန်ခဲ့သူများ မဟုတ်ကြပြန်ပါပေ။

ကျွန်ုပ်သည် ထိုထူးခြားလှသော ဖြစ်ရပ်များအပေါ် ခွဲခြမ်းစိတ်ဖြာသုံးသပ်ခဲ့ပုံများ၊ သက်သေထွက်ဆိုချက်များကို ဆက်စပ်တွေးခေါ် ကောက်ချက်ဆွဲခဲ့ပုံများနှင့် ပြစ်မှုအမှန်ကျူးလွန်ခဲ့သော တရားခံအစစ်များကို တွေးဆဖော်ထုတ်ခဲ့ပုံများကို ပြန်လည်တင်ပြလိုသော အာသီသကြောင့် ဤတရားခံဇာတ်လမ်းတွဲများကို ရေးသားရခြင်းဖြစ်၏။

ယင်းတို့အနက် ယခုတစ်ကြိမ်တွင် လူသတ်မှု၊ ခိုးမှုတို့ဖြင့် မှားယွင်းစွာ တရားစွဲဆိုခြင်းခံခဲ့ရသော အချုပ်သူ မိမိတွန်း၏ အမှုဖြစ်စဉ်ကို တင်ပြလိုက်ရပါသည်။

❋ ❋ ❋

[၂]

ကျွန်ုပ်သည် တစ်ခုသော တနင်္ဂနွေနေ့နံနက်ခင်း၌ အကျဉ်းထောင်နယ်မြေရှိ တင်းနစ်ကွင်းတွင် လက်အောက်အရာရှိများနှင့်အတူ တင်းနစ်ရိုက်ကစားနေခဲ့သည်။ ကျွန်ုပ် အတန်ငယ် မောပန်းလာသဖြင့် ခေတ္တထိုင်နားနေစဉ် မောရစ်မိုင်နာကားဖြူလေးတစ်စီး တင်းနစ်ကွင်း အနီးထိုးဆိုက်လာသည်ကို တွေ့လိုက်ရ၏။

ကားတံခါးဖွင့်၍ ဆင်းလာသူမှာ ကျွန်ုပ်၏မိတ်ဆွေကြီး ဖယ်ာတရားရုံးရှေ့နေကြီး ဦးမြသိန်းဖြစ်နေပါသည်။ ဦးမြသိန်းမှာ အမှန်တရားကို မြတ်နိုးလေးစားလှသူဖြစ်ပေရာ ငွေကြေးကြွယ်ဝရေးထက် အမှုမှန်ပေါ်ပေါက်လာရေးဘက်ကိုသာ ဦးစားပေးတတ်သူပါပေ။ ထို့ကြောင့်လည်း သူနှင့် ကျောင်းနေဘက်ရှေ့နေများ ခေတ်ပေါ်ကားတစ်စီးစီနှင့်ဖြစ်နေစဉ် ဦးမြသိန်းမှာ ဤမောရစ်မိုင်နာကားဟောင်းဘဝမှ တိုးတက်မလာနိုင်သေးသည်မှာ အဆန်းမဟုတ်တော့။

ဦးမြသိန်းမှာ သူလိုက်ပါဆောင်ရွက်နေသော အမှုများတွင် ပဟေဠိဆန်သော ပြဿနာများနှင့်ကြုံလေတိုင်း ကျွန်ုပ်နှင့် လာရောက်ဆွေးနွေးညှိနှိုင်း အကြံဉာဏ် ယူလေ့ရှိသူဖြစ်၏။





ယခုလည်း ဘာအခက်အခဲဖြစ်နေ၍ ကျွန်ုပ်ထံ တကူးတက ပေါက်လာသည်မသိ။ ကျွန်ုပ်က ဦးမြသိန်းအား ခရီးဦးကြိုပြုကာ အနီးရှိ ကုလားထိုင်တစ်လုံးဆီ ညွှန်ပြလိုက်သည်။ ဦးမြသိန်းက ဝင်ထိုင်ရင်း ကျွန်ုပ်အား ပြုံးစဖြင့် ခြေဆုံးခေါင်းဆုံး ရှုစိုက်ကြည့်ကာ ...

"အာစရိတို့ကတော့ ဟန်လှပေါ့ဗျာ။ အိမ်နဲ့ထောင်ဆိုတာကလည်း အိမ်ဦးနဲ့ ကြမ်းပြင်၊ ခုသွားခုရောက်၊ ခုလိုရုံးပိတ်ရက်ကျပြန်တော့လည်း အနားနေနေ တင်းနစ်ကလေးရိုက်လိုက်နဲ့ အားကျစရာအလွန်ကောင်းလိုက်တာ။ ကျွန်တော်တို့များဗျာ ... ခေါင်းပေါင်းအိတ်က တစ်ဖက်၊ တိုက်ပုံကြီးက တကားကားနဲ့ တစ်နေ့တစ်နေ့ ပြေးလိုက်လွှားလိုက်ရတာများ မပြောနဲ့တော့။

ဒီတရားရုံးပြီးရင် နောက်တရားရုံးတစ်ရုံး၊ ပြောလိုက်ဆိုလိုက် မေးလိုက်ရတာကလည်း အာပေါက်တော့မလား ထင်ရတယ်။ ည အိမ်ပြန်ရောက်တော့ကော အေးအေးဆေးဆေး နားရတယ်မထင်နဲ့။ နောက်တစ်နေ့ ရုံးချိန်းအတွက် ဖတ်ရမှတ်ရ၊ ရေးရဖြတ်ရနဲ့ သန်းခေါင်ကိုကျော်ပါလေရောလား။ ... အာစရိနဲ့ တစ်ရက်လောက် နေရာချင်း လဲလိုက်ချင်စမ်းပါဘိဗျာ"

"ဟား ... ဟား ... ဟား ... ဟား ..."

ကျွန်ုပ်က ဟားတိုက်ရယ်မောလိုက်မိသည်။

"ဦးမြသိန်းကတော့ ကိုယ့်အတွေးနဲ့ကိုယ် သိပ်ဟုတ်နေတာကိုး ခင်ဗျား။ ဒီလိုပြောလိုက်တော့ ကျွန်တော်တို့ ငယ်ငယ်က သင်ခဲ့ရတဲ့ သိုးဆောင်းပုံပြင်ကို သွားသတိရမိသဗျ"

"ဟုတ်လား ... ဆရာ သိုးဆောင်းပုံပြင်လေးလည်း လုပ်စမ်းပါဦးဗျ"

"ဒီလိုလေ ...။ ဘုရင့်စည်းစိမ်ကို တစ်ရက်လောက် ခံစားရရင် သေပျော်ပြီလို့ လူတစ်ယောက်က ပြောသတဲ့။ ဒါကို ဘုရင်ကြီးက ကြားသွားလို့ အဲဒီလူကိုခေါ်ပြီး သူ့ရာဇပလ္လင်ပေါ်မှာ ဘုရင့်စည်းစိမ်ကို တစ်ရက်စားစေသတဲ့ဗျ။ အဲဒီလူလည်း ဝမ်းသာလုံးဆို့ပြီး ဘုရင်တက်လုပ်တော့

တာပေါ့။ ရာဇပလ္လင်ဘေးမှာ ယပ်ခတ်ပေးတဲ့ မောင်းမ မိဿံတွေနဲ့ ရော်ရွေ အသုံးတော်ခံတဲ့ အမျိုးတော်ကိုယ်လုပ်တော်တွေနဲ့ ငြိမ့်နေတော့တာပေါ့ လေ။ စားနေတာကလည်း ဘုရင့်ပွဲတော်အုပ်ဆိုတော့ အဆီတွေရစ်လို့ စည် စိမ်တွေတိုးပြီးရင်း တိုးနေသတဲ့။ အဲ ... အတော်လေးကြာတော့ ညောင်း ညာလာတာနဲ့ ရာဇပလ္လင်ကို မှီထိုင်ရင်း အပေါ်ကို အမှတ်တမဲ့ မော့ကြည့် လိုက်မိတယ်ဆိုရင်ပဲ အဲ့ဒီလူဟာ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွား မိသတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ..."

ဦးမြသိန်းက ကြားမှဖြတ်ကာ ...

"ဘာဖြစ်လို့လဲဆိုတော့ ... သူ့ငယ်ထိပ်ရဲ့ အပေါ်တည့်တည့်မှာ တပြောင်ပြောင် တလက်လက်ဖြစ်နေတဲ့ ဓားရှည်တစ်ချောင်းကို အပ်ချည် ကြိုးတစ်မျှင်နဲ့ တွဲလောင်းချည်နှောင်ထားတာကို တွေ့လိုက်ရတယ်။ ဓား ရှည်ဟာ ဒီအပ်ချည်ကြိုးပြတ်ပြီး သူ့ခေါင်းပေါ်ကို အချိန်မရွေး ကျလာနိုင်လို့ ပဲတဲ့။ အဲဒီလိုပြောမလို့လား ... အာစရိ ... ဟား ဟား ဟား ..."

"ဟား ... ဟား ... ဟား ..."

ကျွန်ုပ်တို့နှစ်ယောက် တစ်ပြိုင်တည်း ရယ်လိုက်မိကြသည်။ ခဏ နေမှ ကျွန်ုပ်က ...

"ခင်ဗျားကတော့ ရှေ့နေပီသပါ့ဗျာ။ ကျွန်တော်က ခင်ဗျား မကြား ဖူးဘူးအောက်မေ့လို့ ပြောပြနေမိတာလေ။ ကဲ ... ဆိုပါဦး ... ဦးမြသိန်း ဒီလို တနင်္ဂနွေနေ့မှ ထူးထူးခြားခြား ရောက်လာပုံကြည့်ရတာ ကျွန်တော့် နေရာမှာ တစ်ရက်လာထိုင်ဖို့တော့ မဟုတ်တန်ကောင်းဘူး ထင်ပါရဲ့နော"

"ဆရာ့ပုံပြင်ကြားရတာနဲ့ ကြောက်ပါပြီဗျာ။ တစ်ရက်မပြောနဲ့ တစ်နာရီတောင် မထိုင်ပါရစေနဲ့၊ ချမ်းသာပေးပါ။ တွေးကြည့်တာနဲ့တင် ရင် ထိတ်လှန့်လို့ပါ။ အခုလာတာက ကျွန်တော်လိုက်နေတဲ့ အမှုတစ်မှုကိစ္စပါ အာစရိ"

"ဟာ ... ခင်ဗျားဟာ အတော် သပွတ်အူလိုက်မဲ့အမှုမျိုး ထင် ပါရဲ့။ ကဲ ... ခင်ဗျားအမှုကိစ္စ ရှင်းပြစမ်းပါဦး"





"ဒီလိုပါ ... ကျွန်တော့်အမှုသည် အမျိုးသမီးတစ်ယောက်ကိစ္စ ပါ။ အမှုက လူသတ်မှုနဲ့ စိုးမူ။ ထုံးစံအတိုင်း အာမခံမရလို့ အထဲမှာ ရောက် နေတယ်။ အမှုဖြစ်စဉ် အားလုံးနီးပါးတော့ ကျွန်တော်သိနေပြီ။ ဒါပေမဲ့ ပြဿနာက ကျွန်တော် အရေးတကြီး သိချင်နေတဲ့အချက်ကို သူ မပြော ဘူး။ ထိန်ချန်ထားတယ်။ ဘယ်လိုမှ လှည့်ပတ်မေးလို့မရဘူး။ အမှုကဖြင့် ချက်တောင်တင်တော့မယ်။ ကျွန်တော့်မှာ အဲဒီအချက်မသိတာနဲ့ ဘယ်လို လျှောက်လဲချက်ပေးရမှန်းတောင် မသိဘူးဖြစ်နေတယ်"

"ဟာဗျာ ... ကိုယ့်ရှေ့နေကိုတောင် ပွင့်ပွင့်လင်းလင်း ထုတ်မပြော တဲ့ အမှုသည်အတွက် ခင်ဗျား ဘာလို့ ဆက်အကျိုးဆောင်နေသေးလဲ။ သူ့ ရှေ့နေအဖြစ်က နုတ်ထွက်လိုက်ရောပေါ့ဗျာ"

"အဲလိုတော့ မဖြစ်သေးဘူး။ ဒီအမျိုးသမီးရဲ့ခင်ပွန်းက ကျွန်တော် နဲ့ ကျောင်းနေဘက်သူငယ်ချင်းလေ။ သူကိုယ်တိုင် အားကိုးတကြီးနဲ့ လာ အပ်ထားလို့ပါ။ ပြီးတော့ အမှုသွားအမှုလာအရ ဒီလူသတ်မှုကို သူ တကယ် မကျူးလွန်ခဲ့ဘူးလို့ ယုံကြည်နေမိလို့ပါဆရာ"

"နေပါဦး ... သူ တကယ်မသတ်ခဲ့ဘူးလို့ ခင်ဗျားက ဘာလို့ ဒီလောက်တောင် ယုံကြည်နေရတာတုံးဗျ"

"အင်း ... ခက်တော့ ခက်သား။ ဘာကြောင့် ယုံကြည်မိနေတယ် ဆိုတာ ကျွန်တော်လည်း တိတိကျကျ ထောက်မပြနိုင်သေးဘူး။ ဒါပေမဲ့ ကျွန် တော့်စိတ်ထဲမှာတော့ သူသတ်တာမဟုတ်ဘူးလို့ ယုံကြည်နေမိတယ်။ ဒါက လည်း ကျွန်တော့်ရှေ့နေ အတွေ့အကြုံအရလားတော့ မပြောတတ်ဘူးဗျ"

"အေးလေ ... ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်အမှုသည်အပေါ် ယုံကြည် တယ်၊ သစ္စာရှိတယ်ဆိုတာကတော့ ရှေ့နေကောင်းတို့ရဲ့ လက္ခဏာပေပဲ။ ဒါနဲ့ အဲဒီအမျိုးသမီးက ဘယ်သူလဲ။ အမှုကရော ဘယ်လိုဖြစ်တာလဲဗျ"

"အဲဒီအမှုတွဲ အခုပါလာတယ်။ ပြီးမှ ဆရာ အသေးစိတ်ဖတ်ကြည့် ပေါ့။ အကြမ်းဖျင်းပြောပြရရင် အမှုသည် အမျိုးသမီးနာမည်က 'မိမိထွန်း' တဲ့၊ သူ့ခင်ပွန်းက ကိုကျော်ဦး၊ ကျွန်တော့်သူငယ်ချင်း၊ အစိုးရအရာရှိ

တစ်ယောက်ပါ။ နေတာက စမ်းချောင်း၊ ဘားကရာလမ်းထဲမှာ။ မီမီထွန်းက
စိန်လေးကျောက်လေး အရောင်းအဝယ်လုပ်တယ်။ စိန်ပွဲစား ခင်မောင်သိန်း
ဆိုတဲ့လူတစ်ယောက်နဲ့ ရင်းနှီးတယ်။ တစ်နေ့မှာ လူတစ်ယောက်လာပေး
သွားလို့ဆိုပြီး အိမ်ဖော်မလေးက မီမီထွန်းကို စာတစ်စောင်ပေးတယ်။ မီမီ
ထွန်းဖတ်ကြည့်တော့ ခင်မောင်သိန်းလက်ရေးမှန်း သိတယ်။ ရော ... အဲဒီ
စာ ဆရာဖတ်ကြည့်ပါဦး''

ဦးမြသိန်းက သူ၏ တိုက်ပုံအင်္ကျီအနက်ထဲမှ စာရွက်ခေါက်တစ်
ရွက် ထုတ်ပေးသည်။ ကျွန်ုပ်က ဖြန့်ဖတ်ကြည့်လိုက်သည်။

''မီမီ ...

ဇန်နဝါရီ (၈) ရက် ညနေ (၅) နာရီ ဆက်ဆက်လာခဲ့ပါ။ ကယ်
အတိုင်း တည်ပါစေ။ ကိုယ်ကတော့ ရှေ့ပတ္တမြား၊ ရှေ့နဂါးပဲ။

ဒါပဲနော်''

စာက အနည်းငယ်ထူးခြားနေသည်။ ရင်းနှီးကျွမ်းဝင်သော သဘော
ဆောင်နေသည်။ ပဟေဠိလည်း ဆန်သည်။ ရေးသူနာမည်မပါ။ ဘာကယ်
လဲ၊ ဘာပတ္တမြားနှင့် ဘာနဂါးလဲ။ ကျွန်ုပ် ရုတ်တရက်ကျ စဉ်းစားမရ။ စာ
ကို ဦးမြသိန်းအား ပြန်ပေးလိုက်သည်။

''ဒီစာရတော့ ဘာဖြစ်လဲ။ ဆက်ပြောပါဦး ... ဦးမြသိန်း''

''အဲဒီစာရတော့ မီမီထွန်းက သူ့စီးယက်ကားအနီလေးနဲ့ ခင်မောင်
သိန်းနေတဲ့ ၃၉ လမ်းက မြေညီထပ်အခန်းကို သွားခဲ့တယ်။ သူရောက်တော့
အိမ်ရှေ့ သံဘာဂျာတံခါးတစ်ခြမ်းပွင့်နေတာ တွေ့ရတယ်။ သူ အိမ်ထဲဝင်
သွားတော့ ဧည့်ခန်းထဲမှာ ဘယ်သူမှမတွေ့ရဘူး။ သူက ချောင်းဟန့်သံပေး
ပြီး ခင်မောင်သိန်းနာမည်ကို နှစ်ခါသုံးခါလောက် ခေါ်ကြည့်တယ်။ ဘာထူး
သံမှ မကြားရဘူး။ ဒါနဲ့ စိတ်မရှည်တော့ဘဲ အိပ်များအိပ်နေသလားဆိုပြီး
အိပ်ခန်းတကနေ လှမ်းကြည့်မိတယ်။ ခင်မောင်သိန်းကို ခုတင်ပေါ်မှာ ပက်
လက်လှဲလျက်သား တွေ့လိုက်ရတယ်။ သူ အရဲစွန့်ပြီး ရှေ့တိုးကြည့်တော့
ခင်မောင်သိန်းရဲ့ ညာဘက်နားထင်မှာ သွေးနီနီတွေ စီးကျနေတာကို တွေ့





...ိုက်ရတယ်။ ဒါဆို ခင်မောင်သိန်း အိပ်နေတာမဟုတ်ဘဲ သေနေတာလား
...င်မိတယ်။ ဘာလို့ဆို ခင်မောင်သိန်းရဲ့ ညာဘက်လက်နားမှာ ပစ္စတိုသေနတ်
...စ်လက်ကို တွေ့ရလို့တဲ့ဗျ''

''ဪ ... ဒီတော့ မီမီထွန်းက ကြောက်လန့်ပြီး ပြန်ပြေးခဲ့မှာ
...ပေါ့''

''မှန်တယ် ... ဆရာ၊ မီမီထွန်း လန့်ဖျပ်ပြီး ကားအမြန်မောင်း
... အိမ်ကိုပြန်ပြေးခဲ့တယ်။ နောက်တစ်နေ့မနက်ပိုင်းမှာတော့ ရဲတွေရောက်
...ာပြီး သူ့ကိုခေါ်သွားကြတယ်။ နောက်တော့ မီမီထွန်းကို ခင်မောင်သိန်း
...ာတ်မှု၊ စိန်လည်တုံ့ခိုးမှုနဲ့ အမှုဖွင့်တော့တယ်တဲ့''

''အင်း ... ခင်ဗျားဟာက စဉ်းစားစရာပဲ။ ရဲဘက်ကလည်း
...သောက်အထားမခိုင်လုံဘဲ ဒီလောက်မြန်မြန်ကြီး လာမဖမ်းနိုင်လောက်
...သေးဘူးဗျ''

''ဟုတ်ပါတယ် ... အာစရိ၊ ရဲလက်ထဲမှာ အမှုဖွင့်အရေးယူနိုင်
...လောက်အောင် သိပ်ခိုင်လုံတဲ့ အထောက်အထားတွေ ရှိနေတယ်တဲ့''

''ဗျာ ... ဘယ်လိုအထောက်အထားတွေလဲ ... ဦးမြသိန်း''

''မီမီထွန်း အဲဒီအိမ်ကိုလာတာ မျက်မြင်သက်သေရှိတယ်။ ပြီး
...တော့ မီမီထွန်းရဲ့ လက်ဗွေရာတွေကို အိမ်ထဲအနှံ့ တွေ့ရသတဲ့''

''ဘယ်လို ... လက်ဗွေရာ ... ဟုတ်လား ... ဘယ်မှာတွေ့တာ
...ဲ သေနတ်ပေါ်မှာလား''

''သေနတ်ပေါ်မှာတော့ ဘာလက်ဗွေရာမှ မတွေ့ရဘူး။ ဖတ်ရာ
...နေအထားအရ ခပ်လှမ်းလှမ်းက ပစ်ထားတာဆိုတော့ ရဲက လူသတ်မှု
...ို ယူဆတယ်။ မီမီထွန်းရဲ့ လက်ဗွေရာတွေကတော့ အာစရိရယ်။ တစ်မိုး
...ုံး ဖျောက်ဆိတ်ဆိုသလိုပဲ။ ခင်မောင်သိန်းရဲ့ ခုတင်ပေါ်တွေ၊ တံခါးဘောင်
...တွေမှာရော အိပ်ခန်းထဲက ဗီရိုပေါ်မှာတွေရော၊ နေရာအနှံ့ပဲ ... ဆရာရေ။
...ားလုံးက သူ့လက်ဗွေရာချည်းပဲတဲ့။ ကျွန်တော်ဖြင့် ပြောတောင် မပြော
...တော့ပါဘူး''

''ဗျာ ... ဘယ်လို ...''

ကျွန်ုပ် အလွန့်အလွန် အံ့အားသင့်သွားမိသည်။ ကြည့်လေ … မိမိထွန်းပြောတော့ ခင်မောင်ထွန်းကို အိပ်ခန်းဝက ခဏလှမ်းကြည့်ခဲ့ တဲ့။ ခုတော့ အဘယ်ကြောင့် သူ့လက်ဗွေရာတွေ အိပ်ခန်းထဲအနှံ့ သွား နေရပါလေသနည်း။

လက်ဗွေရာ စစ်ဆေးမှုပညာသည် တိကျသေချာသော သိ နည်းစနစ်ဖြစ်လေရာ လုံးဝမှားယွင်းနိုင်ပါပေ။ သို့ဖြစ်ရာ မိမိထွန်း အိပ်ခ ထဲမဝင်ခဲ့သယောင် ပြောခဲ့ခြင်းသည် အလွန်မျက်နှာပြောင်လှသော မုသ ဝကားသာတည်။ စဉ်းစားစရာမှာ မိမိထွန်းသည် အဘယ်ကြောင်းကြော လိမ်ညာခဲ့ရပါသနည်း။

"ဒါဆို သူ ခင်မောင်သိန်းအိပ်ခန်းထဲ မဝင်ခဲ့ဘူးလို့ ဘာကြော လိမ်ပြောခဲ့ရသလဲ … ဦးမြသိန်း"

"ဒါပေါ့ … ဆရာ၊ ကျွန်တော်သိချင်နေတဲ့ ကိစ္စဆိုတာ သူ ကျ တော့ကို ထုတ်မပြောတဲ့အချက်။ ရဲရှေ့မှာလည်း၊ သူ ဘူးကွယ်ခဲ့တယ် ဒီတော့ ရဲက ယူဆပြီပေါ့။ သူ ခင်မောင်သိန်းကိုသတ်ပြီး ဗီရိုထဲက လည်တံ့ကို ယူသွားတယ်။ အဲဒီလိုပဲ ကောက်ချက်ဆွဲတော့မပေါ့ဗျာ"

ကျွန်ုပ် တစ်ခု အလေးအနက်တွေးမိသည်။ မိမိထွန်း၏ လက်ဗွေ ရာများကို ဗီရိုပေါ်တွင်တွေ့ရခြင်းမှာ သဘာဝကျသည်။ သို့တစေ သူမ လက်ဗွေရာများ ခုတင်ပေါ်တွင် ရှိနေခြင်းမှာ အဖြေရှာရခက်ခဲလှသော ပြဿနာဖြစ်သည်။

ဦးမြသိန်းသည် မိမိထွန်း ခင်ပွန်း၏ သူငယ်ချင်းဖြစ်သည်။ ယင် အချက်ကာပင် မိမိထွန်းအနေဖြင့် လက်ဗွေရာကိစ္စကို ဦးမြသိန်းအား ပြော ရန် ဝန်လေးနေသလား။ ခက်ခဲလွန်းနေပါသလား။ ယင်းသို့သာဆိုပါက ခင်မောင်သိန်းနှင့် မိမိထွန်းတို့သည် …

"ဒါနဲ့ ဦးမြသိန်း … အခိုးခံရတဲ့ စိန်လည်တံ့ ပြန်တွေ့ပြီလား"

"ဟင့်အင်း … ခုထိ ရှာမတွေ့သေးဘူးဆရာ၊ မိမိထွန်းအိမ် မှာရော၊ တခြားသက်သေတွေ အိမ်မှာရော ရဲကရှာပြီးပြီ။ အနံ့တောင် မရ သေးဘူးတဲ့"





"အင်း … ခင်ဗျားအမှုက အတော်ရှုပ်မဲ့ပုံပဲ။ ဒါနဲ့ ခင်ဗျား ဒီနေ …တဲ့ကိစ္စက ဒါပဲမဟုတ်လား။ တခြား ဘာလိုသေးလဲ … ဦးမြသိန်း"

"ဟာ … လိုတာပေါ့ … အာစရိရယ်၊ ကျွန်တော့်ကို ကူညီပေး …ဗျာ။ အိပ်ခန်းထဲက လက်ဗွေရာတွေကိစ္စလေ။ အဲဒါ မိမိထွန်းကို ဆရာ …း မေးပေးစမ်းပါလား"

"အာ … ခင်ဗျားကလည်း လုပ်တော့မယ်။ ခင်ဗျားလို သူ့အမှု …ခုလုံးကိုင်ထားတဲ့ ရှေ့နေကိုတောင်မှ ဖွင့်မပြောတဲ့ လျှို့ဝှက်ချက်ကိုဗျာ …နတော့်လို သူစိမ်းတစ်ရံဆန်ကို သူ့အတွင်းရေးကိစ္စကို ဘယ်သူလာပြော …လဲ။ အဝေးကြီးပါဗျာ"

"ကျွန်တော့်လို ရှေ့နေကိုမပြောပေမဲ့ ဆရာက အခု မိမိထွန်းလို …ျပ်သူတွေကို အုပ်ချုပ်နေတဲ့ ထောင်ပိုင်ကြီးလေ။ ဆရာ့လို ဂုဏ်သရေ …ည်စုံတဲ့ ပုဂ္ဂိုလ်မျိုးကိုတော့ ဖွင့်ပြောတန်ကောင်းပါတယ်။ ကျွန်တော်က …ာ့ ဆရာ့အားကိုးနဲ့ လာခဲ့ရတာ။ ကူညီနိုင်ရင် ကူညီပါဦး … အာစရိ …ယ်"

ကျွန်ုပ် ဦးမြသိန်းကို တအံ့တသြ ကြည့်မိသည်။ သူနှင့် တွေ့ လာ …မှု ကာလပတ်လုံး၊ ခုလို အလွန်စိတ်ဓာတ်ကျကာ သနားဖွယ်အမူအရာ …ဖြစ်နေသော ဦးမြသိန်းကို ယခုတစ်ကြိမ်သာ ပထမဆုံး မြင်ဖူးခြင်းဖြစ်၏။ …၏ မေးရာပါဝီစအရလည်း ကျွန်ုပ်ထံမှ အကူအညီမရသရွေ့ တောက်တဲ့ …င် ကပ်နေဦးမည်သူပါပင်။

"ကဲ … ဒါဆိုလည်း လိုက်ခဲ့လေဗျာ။ ခင်ဗျား ဆန္ဒပြည့်အောင် …ာ့ ကူညီလိုက်မယ်။ အောင်မြင်တာ မအောင်မြင်တာတော့ ခင်ဗျားကံပဲ … ဦးမြသိန်း"

"ကျေးဇူးကြီးပါပေ့ … ဆရာရယ်"

✲ ✲ ✲

## [၃]

ထောင်ဘူးဝရှိ ကျွန်ုပ်၏ ရုံးခန်းစားပွဲနှင့် မျက်နှာချင်းဆိုင်ကုလ
ထိုင်ပေါ်တွင် မိမိထွန်းသည် ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက်ထိုင်
သည်။ အသက်အားဖြင့် ၂၈ နှစ်ခန့်ရှိပြီး အသားဖြူ၍ ဆံပင်မှာ နက်မှော
ရှည်လျားသည်။ နီထွေးပါးလျသော နှုတ်ခမ်းနှစ်လွှာမှာ တင်းတင်းစေ့လျ
ရှိ၏။ လုံးဝန်းသော မေးစေ့ထက်မှ မှဲ့နက်ကလေးတစ်လုံးက မျက်နှာပြ
၏အလှကို ယဉ်စစ အသွင်ဆောင်စေ၏။

သူမ၏အလှကား သီးကင်း၏ အလှမျိုးတော့မဟုတ်။ သီးမှည့
၏ အလှမျိုးသာတည်း။ အဝင်းအဝါတော့ရှိပါ၏။ အတင်းအမာကား လျေ
ပါးလျက်ရှိချေပြီ။

မိမိထွန်း၏ ဘေးတစ်ဖက်တစ်ချက်စီ၌ ထောင်မှူး ဒေါ်ခင်
နှင့် ဦးမြသိန်းတို့ ငြိမ်သက်စွာ ထိုင်နေကြ၏။ ကျွန်ုပ်က စတင်၍ သူမအ
ခေါ်တွေ့ရသည့်အကြောင်း။ ကျွန်ုပ်နှင့် ဦးမြသိန်းမှာ အမှန်တရားဖြစ်
သော ဥပဒေဘက်တော်သားများဖြစ်ကြောင်း။ ကျွန်ုပ်တို့နှစ်ယောက် ပူးပေါင်
လျက် ဖြစ်မှုကို အမှန်မကျူးလွန်ခဲ့သူများကို ဥပဒေအရှောင်အဖွဲ့မှ ကယ်
တင်ပေးခဲ့သည်မှာ ယခုဆို အရေအတွက် မနည်းတော့ပါကြောင်း။ သို့ဖြ





ရာ မိမိထွန်းကိုလည်း ဖြစ်ခဲ့ပျက်ခဲ့သမျှတွေကို မချွင်းမချန် ပြောပြစေလို
ကြောင်း စသဖြင့် ရှင်းပြလိုက်သည်။

မိမိထွန်းမှာ ကျွန်ုပ်၏စကားကို နားထောင်ရင်း တစ်ချက်တစ်ချက် မျက်လွှာပင့်၍ ကြည့်လာစဉ် သူမ၏မျက်ဝန်းများအတွင်း မသိမသာ အရောင်တလက်လက် တောက်လာသည်ကို တွေ့ရ၏။ တစ်ခါ တစ်ရံ ဦးမြသိန်းအား ဝေ့ဝဲကြည့်လိုက်သော မျက်လုံးများကမူ မနှစ်မြို့ဟန် အေးစက်မာကျောလှပါဘိ။ ကျွန်ုပ်သည် ဤအမျိုးသမီးကို သတိကြီးစွာထား၍ ဆက်ဆံရမည်ကို အလိုလို နားလည်မိသည်။

"ဒါဆို မိန်းကလေး ... ဆရာကပဲ စမေးပါရစေ။ မိန်းကလေး ခင်မောင်သိန်းကို သတ်ခဲ့မိသလား"

ကျွန်ုပ်စကားကြောင့် မိမိထွန်း၏ ကော့ပျံသော မျက်တောင်များ တဖျပ်ဖျပ်ဖြစ်သွားကာ ...

"မေးချင်တဲ့သစ္စာသာ မေးပါရှင်။ ကျွန်မ ကိုခင်မောင်သိန်းကို မသတ်ခဲ့တာတော့ အမှန်ပါ"

"ကောင်းပြီ ... ဒါဆို နောက်ထပ်တစ်ခုမေးမယ်။ ခင်မောင်သိန်းရဲ့ ခုတင်နဲ့ ဗီရိုတွေမှာ မိန်းကလေးရဲ့လက်ဗွေရာတွေ ဘာဖြစ်လို့ သွားထင်နေရတာလဲကွယ်"

မိမိထွန်း မျက်လွှာအသာချကာ ခေါင်းငုံ့သွားလေသည်။ နှုတ်ခမ်းများကို တင်းတင်းစေ့လိုက်ရင်း မသိမသာ အံကြိတ်လိုက်သည်ကိုလည်း တွေ့ရ၏။ ပြီးမှ ခေါင်းကိုသာ အသာအယာခါယမ်းလိုက်ကာ ကျွန်ုပ်ကို စူးစိုက်ကြည့်လျက် ...

"ကျွန်မ မိကောင်းဖခင် သားသမီးပါ။ ကိုယ်ကျင့်တရားကို ထိန်းသိမ်းနိုင်တဲ့ အိမ်ထောင်ရှင်မပါ။ လက်ဗွေရာကိစ္စနဲ့ ပတ်သက်ပြီး ဆရာတို့ တလွဲမတွေးစေချင်ဘူး။ အမှန်ပြောရရင် သူသေနေတုန်း ကျွန်မ အိပ်ခန်းထဲဝင်ခဲ့တာကို ဝန်ခံပါတယ်။ ဒါပေမဲ့ ဘာကြောင့် ဝင်ခဲ့လဲဆိုတာကိုတော့ ကျွန် ... ကျွန်မ မပြောပါရစေနဲ့ ... ဆရာရယ်၊ ကျွန်မ မပြောပါရစေနဲ့။

အဲဒါလေးတစ်ခုတော့ ကျွန်မကို ခွင့်လွှတ်ကြပါ။ ကျွန်မကို သနားကြ ရှင်''

ပြောရင်းက ငိုရှိုက်သံပါလာကာ ပါးပြင်ဖို့ဖို့တစ်လျှောက် မျက်ရည် ဥများ တသွင်သွင် လိမ့်ကြွေကျဆင်းလာကြသည်။ တိတ်ဆိတ်သော ရုံးခ အတွင်း ရှိုက်သံတစ်ချက် ပဲ့တင်ထပ်သွားသည်။

ကျွန်ုပ်က သက်ပြင်းရှည်တစ်လုံး အသာမှုတ်ထုတ်လိုက်မိသည် အိပ်ခန်းထဲ၌ လက်ဖွဲ့ရာများ ထင်ကျန်နေရသည့် အကြောင်းရင်းသည် သူမ အနှောင်အဖွဲ့မှ လွတ်မြောက်ရေးအတွက် အလွန်အမင်း အရေးပါ သည်။ သူမသည် ကျွန်ုပ်တို့ တွေးထင်သကဲ့သို့ ခင်မောင်သိန်းဆိုသူနှင့် ဘာ မှမပတ်သက်ခဲ့ဘူးဆိုလျှင် အဘယ်ကြောင့် ပြောပြရခက်နေပါလေသနည်း ထိုအချက်က သူမအား ကြိုးစင်သို့ပို့မည့် လက်ဖွဲ့ရာများထက် ပို၍ဆိုးရွား သွားနိုင်စေမည်လား။ တွေးရ ကြပ်လှပါဘိ။

ကျွန်ုပ်က ရှုပ်ထွေးနေသော အတွေးစကို ဖြတ်တောက်လိုက်ကာ မိမိထွန်းအား ကြင်နာစွာကြည့်လိုက်သည်။

''ဆရာအနေနဲ့တော့ မိမိထွန်း ပြောရခက်နေတာကို ဘာကြောင့် မှန်း ဝေခွဲမရနိုင်ပေမဲ့ မိမိထွန်းရင်ထဲက ခံစားချက်ကိုတော့ နားလည်ကိုယ် ချင်းစာမိပါတယ်။ ပြီးတော့ မိမိထွန်းရဲ့ ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာကို ယုံလည်း ယုံကြည်တယ်။ လေးလည်း လေးစားတယ်။ ဒါပေမဲ့ တရားဥပဒေ ကတော့ ဘယ်သူ့ကိုမှ ကျောသားရင်သား ခွဲခြားတတ်တာ မဟုတ်ဘူး လေ။

အခုအမှုမှာဆိုရင် အထောက်အထားတွေက ကွင်းဆက်မပြတ် ရှိနေမှာမို့လို့ အဖြစ်မှန်ကိုပြင်းလေ အပြစ်က ထင်ရှားလေ ဖြစ်လာတော့မှာ ပါပဲ။ ဆရာ့အနေနဲ့က မိန်းကလေးကို ကိုယ့်သွေးချင်းတစ်ယောက်လို သဘောထားပြီး စေတနာနဲ့ အချိန်မနှောင်းခင် ကယ်တန်ကယ်လို့ရအောင် ပေးနေတာပါ။ အဲ ... ကြိုးစင်ပေါ် ရောက်သွားတော့မှတော့ ဆရာလည်း ခွဲမချနိုင်တော့ဘူး ... မိမိထွန်း''





မိမိထွန်း မျက်လုံးအဝိုင်းသားဖြင့် နားစိုက်ထောင်နေသည်။ သူ့ ျက်နှာပေါ်ဝယ် စိုးရိမ်သည့် အရိပ်လက္ခဏာတစ်ခု ဖြတ်သန်းသွားသလို ာင်မိသည်။ သူမက တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့် သက်ပြင်းတစ် ျက် ရှူထုတ်လိုက်ရင်း ခေါင်းပြင်ထိုင်လိုက်သည်။

''ကျွန်မ ဆရာ့စေတနာကို လေးလည်း လေးစားတယ်၊ ကြည် ည်း ကြည်ညိုပါတယ်။ ဒီကိစ္စကို ခုအချိန်အထိ ဘယ်သူမှ မသိသေးပါ ူး။ ဒါဟာ ကျွန်မအတွက် အရှက်ရစေမဲ့အပြင် ကျွန်မရဲ့ အိမ်ထောင်ရေး ိုပါ ထိခိုက်လာစေနိုင်ပါတယ်။ ဒါကြောင့်လည်း ပြောရခက်နေခဲ့တာပါ။ ခု ော့ ဒီကိစ္စကိုမှဖွင့်မပြောရင် ကျွန်မ ဘာအပြစ်မှ မကျူးလွန်ပါဘဲနဲ့ သေဒဏ် ျခံရမလို ဖြစ်နေတာ နားလည်လာမိပါတယ်။ ဒါကြောင့် ဒါကိုဖွင့်ပြောဖို့ ုံးဖြတ်လိုက်ပါပြီ ဆရာ''

''ကောင်းပါလေ့ကွယ်''

''ဒါပေမဲ့ ဆရာတို့ ကျွန်မကို ကတိတစ်ခုတော့ပေးကြဖို့ မေတ္တာ ်ခံပါရစေ။ ဒီကိစ္စကို ဆရာတို့ကြားမှာပဲ လျှို့ဝှက်ထားပေးပြီး နောက်ဆုံး ယ်လိုမှ မတတ်နိုင်တော့တဲ့အခါကျမှ တရားရုံးတော်ရှေ့မှာ တင်ပြဖို့ပါပဲ။ ည့်နယ် ... ဆရာတို့ ကတိပေးနိုင်ကြ မဟုတ်လားဟင်''

ဦးမြသိန်းက မသိမသာ ခေါင်းခါပြသည်။ ကျွန်ုပ်ကမူ ကတိပေး ်ဖို့ ဆုံးဖြတ်လိုက်သည်။

''ကောင်းပါပြီ ...။ မိမိထွန်း ဆန္ဒအတိုင်းလိုက်နာဖို့ ဆရာတို့ ကတိပေးပါတယ်။ ဒီအတွက် မစိုးရိမ်ပါနဲ့။ ပြောသာပြောပါကွယ်''

''ဟုတ်ကဲ့ ... ဒီလိုပါ ဆရာ။ ကိုခင်မောင်သိန်းနဲ့ ကျွန်မတို့က ့လေးမှာတည်းက ကျောင်းနေဖက်သူငယ်ချင်းဖြစ်သလို ငယ်ကျွမ်းဆွေ ွလည်း ဖြစ်ခဲ့ပါတယ်။ ကျွန်မ ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်တဲ့ ်မှာ သူ ဆယ်တန်းမအောင်ဘဲ မန္တလေးကနေ ပျောက်သွားခဲ့ပါတယ်။ သူ ယ်ရောက်လို့ ဘာလုပ်နေတယ်ဆိုတာတောင် သတင်းအစအန မရနိုင် ာက်အောင်ကို အဆက်အသွယ် ပြတ်သွားခဲ့ပါတယ်။ နောက်ဆုံး ကျွန်မ

ဘွဲ့ရပြီးတဲ့နောက် အိမ်ကလူကြီးတွေ သဘောတူပေးစားတဲ့ ကိုကျော်ဦးနဲ့ အိမ်ထောင်ကျခဲ့ပါတယ်။

"ပြီးခဲ့တဲ့ ၆ လလောက်က ကိုခင်မောင်သိန်းကို ဗိုလ်ချုပ်ဈေးထဲမှာ မမျှော်လင့်ဘဲ ပြန်တွေ့ခဲ့တယ်။ စားသောက်ဆိုင်တစ်ခုမှာ စကားပြောကြရင်း သူက ကျွန်မဆီက ငွေငါးသောင်းတောင်းတယ်။ ကျွန်မမှာ ပိုက်ဆံမရှိဘူးပြောတော့ သူက ပြုံးစစနဲ့ ပြောတယ်။ မနက်ဖြန် ဒီအချိန် ဒီနေရာမှာ ငွေလာပေးပါတဲ့။ မပေးရင် သူနဲ့ကျွန်မ ရည်းစားဘဝတုန်းက ပေးထားတဲ့စာတွေနဲ့ ကျွန်မတို့နှစ်ယောက် တွဲရိုက်ထားတဲ့ ဓာတ်ပုံတွေကို ကျွန်မခင်ပွန်းဆီ ပို့လိုက်မယ်လို့ ခြိမ်းခြောက်ပြောဆိုပြီး ထွက်သွားတယ်လေ။ ကျွန်မစိတ်တွေပူလှုပြီး အရမ်း စိုးရိမ်ပူပန်သွားမိမယ်။ ကျွန်မရဲ့ သာယာတဲ့အိမ်ထောင်လေး ပျက်စီးသွားမှာကိုလည်း တအားကြောက်လန့်သွားမိတယ်။ တိုတိုပြောရရင် ကျွန်မ ခင်ပွန်းသည်မသိအောင် နောက်တစ်နေ့မှာ သူ့ကို ငွေငါးသောင်း သွားပေးခဲ့မိတယ်ရှင့်"

"ခက်တာက ပြဿနာက ဒီမှာတင် ရပ်မသွားဘူး။ နောက်သုံးလလောက်အကြာမှာ သူ ကျွန်မဆီရောက်လာပြီး နောက်ထပ်ငွေငါးသောင်းတောင်းလာပြန်တယ်။ သူနေတဲ့ ၃၉ လမ်း၊ အိမ်လိပ်စာပေးပြီး နောက်တစ်နေ့ လာပို့ဖို့ မှာသွားတယ်။ ကျွန်မလည်း ဘာတတ်နိုင်မှာလဲရှင်။ သူတောင်းတဲ့ငွေကို လိပ်စာအတိုင်း သွားပေးရပြန်တာပေါ့။

ဒီမှာ ကျွန်မ စဉ်းစားမိတယ်။ ဒီလိုသာ ခဏခဏတောင်းနေရင် ရေရှည်ဆို မလွယ်ဘူး။ ကျွန်မလည်း တတ်နိုင်တော့မှာမဟုတ်ဘူး။ ဒါကြောင့် သူ့ဆီမှာရှိနေတဲ့ စာနဲ့ဓာတ်ပုံတွေ ပြန်ပေးဖို့ တောင်းမိတယ်။ အဲဒီတော့ သူက စာနဲ့ဓာတ်ပုံတွေ ထုတ်ပြပြီး ဒါတွေကိုလိုချင်ရင် ငွေသုံးသိန်းပေးမှရမယ်လို့ ပြောတယ်။ ပြီးတော့ ပြောသေးတယ်။ သူလိုချင်တဲ့ ငွေရတဲ့နေ့မှာ စာနဲ့ဓာတ်ပုံတွေ ချက်ချင်းပြန်ပေးမယ်တဲ့။ တော်တော်ရက်စက်တဲ့လူ။ ကျွန်မ ဒေါသကြောင့် တစ်ကိုယ်လုံး တုန်ပြီး ငိုမိတယ်။ အဲဒီနေ့ကတော့ ဒီအတိုင်း ပြန်ခဲ့ရတယ်။ ဒီကြားထဲ သူတောင်းတဲ့ငွေကို ရှာထားရတာပေါ့လေ"





"ပြီးခဲ့တဲ့ ဇန်နဝါရီလ (၇)ရက်နေ့မှာတော့ ကျွန်မဆီ စာတစ်စောင်ရောက်လာတယ်။ အိမ်က အိမ်ဖော်မလေးက လူတစ်ယောက်လာပေးသွားတယ် ပြောတယ်။ ဒါနဲ့ ကျွန်မက လူပုံပန်းသဏ္ဌာန်ကို မေးကြည့်တော့ အသားညိုညို၊ ထောင်ထောင်မောင်းမောင်းနဲ့တဲ့။ ဒါဆို ကိုခင်မောင် မဟုတ်ဘူး။ သူက ဖြူဖြူပုပုလေး။ ဒါပေမဲ့ လက်ရေးကိုတော့ ကျွန်မ ကောင်းကောင်းသိတယ်။ ဒါ ကိုခင်မောင်သိန်းရေးတဲ့ စာပဲရှင့်"

(ထိုစာမှာ ကျွန်ုပ်အား ဦးမြသိန်း၊ တင်းနစ်ကွင်းတွင် ထုတ်ပြခဲ့သော စာပင်ဖြစ်၏။)

"ဒါနဲ့ ကျွန်မ သူချိန်းတဲ့ ဇန်နဝါရီလ (၈) ရက်နေ့ ညနေ (၅) နာရီ သူ့အိမ်ရောက်သွားတော့ အိပ်ရာထဲမှာ သွေးတွေနဲ့ ပက်လက်လဲနေတဲ့ ကိုခင်မောင်သိန်းကို တွေ့ရတယ်။' ကျွန်မလည်း ပထမတော့ သွေးလန့်ပြီး ချက်ချင်း ပြန်ထွက်လာမလို့ပဲ။ ဒါပေမဲ့ ကျွန်မစာနဲ့ ဓာတ်ပုံတွေကို သတိရလိုက်တာနဲ့ ကြောက်စိတ်ပျောက်ပြီး သူ့စုတင်၊ မွေ့ရာအောက်တွေနဲ့ ဗီရိုထဲတွေမှာ ဝင်ရှာခဲ့မိတယ်ဆရာ။ ကံအားလျော်စွာပဲ စာတွေ၊ ဓာတ်ပုံတွေကို ဗီရိုထဲက ပြန်ရခဲ့တယ်လေ"

"ဟုတ်လား ... အဲ ... အဲဒါတွေ ဘယ်မှာလဲ ... မိမိထွန်း"

ဦးမြသိန်းက အလောတကြီး ဝင်မေးလိုက်ခြင်းဖြစ်၏။

"ရှင် ... ဘာလုပ်မလို့လဲ"

မိမိထွန်းက ဘောက်ဆတ်ဆတ် မေးလိုက်သည်။

"ဟ ... ဒါတွေက ခင်ဗျားအတွက် အလွန်အရေးကြီးတဲ့ သေအထောက်အထားတွေဗျ။ ရုံးတော်မှာတင်ပြပြီး ခင်ဗျား အောင် ကယ်ထုတ်ရမယ့်ဟာတွေလေ။ ပြော ... တွေကို ဘယ်မှာသိမ်းထားလဲလို့"

မိမိထွန်းက နှုတ်ခမ်းထောင့်စွန်

"ခုမှတော့ ဘယ်ရှိတော့မလဲရှင်'

''ဟင် ... ဒါဆို ဘယ်ရောက်သွားလို့လဲ''

''ကျွန်မ အားလုံး မီးရှို့ပစ်လိုက်ပြီရှင့်''

''ဗျာ ...''

''ဦးမြသိန်း၏ 'ဗျာ' လိုက်သံက ရုံးခန်းတစ်ခုလုံး ဟိန်းသွား
သူက နဖူးကို လက်ဝါးဖြင့်ရိုက်ကာ ...

''ဟာ ... မိုက်လိုက်တာဗျာ။ ခင်ဗျား သိပ်မှားတယ်။ ဒါတွေ
ခင်ဗျားဘဝအတွက် အသက်တမျှ အရေးကြီးတယ်လေ''

မီမီထွန်းက မဲ့ပြုံးပြုံးလျက် ...

''ဒီမှာ ... ဦးမြသိန်း။ ရှင် ဒါတွေကို ရုံးတွေမှာ တင်ပြမဲ့နေ
ကျွန်မ ကိုယ့်ကိုယ်ကိုယ် သတ်သေမဲ့နေပဲရှင့်။ ကျွန်မတို့ မိန်းမတွေ
အသက်နဲ့ လူလုပ်နေတာမဟုတ်ဘူး။ အရှက်နဲ့ လူလုပ်နေတာရှင့် ... နာ
လည်ရဲ့လား''

မီမီထွန်းမှာ ပြောရင်းက ငိုသံပါလာကာ ရှိုက်ကြီးတငင် ငိုချလိုက်
ပါတော့၏။ ဦးမြသိန်းက မီမီထွန်းကို မျက်နှာလွှဲကာ တဝီဝီလည်နေသော
ပန်ကာကို မော့ကြည့်နေသည်။ ထောင်မှူးဒေါ်ခင်မမပင် မီမီထွန်းအာ
ပါးစပ်ဟောင်းလောင်းဖြင့် ငေးကြည့်နေမိသည်။ ကျွန်ုပ်ကမူ စိတ်ထဲ၌ အလွန်
နမြောတသဖြစ်နေမိသည်။

အမှုအတွက် အလွန်အရေးပါသော သက်သေခံပစ္စည်းများ ပြ
ဖြစ်သွားလေတော့၏။ သို့တစေလည်း ဤအပြုအမူနှင့် ပတ်သက်၍ မီ
ထွန်းအား မှားသည်ဟုတော့ မဆိုသာပါချေ။ သူမအနေနှင့် ဤကိစ္စအတွက်
အသက်ကို စတေးရန်ထိပင် ဆုံးဖြတ်ခဲ့လေသည်လားမသိ။ အရှက်ကိုတော့
လုံအောင် ဖုံးဖိထားနိုင်ခဲ့လေပြီ။

ဥပဒေရှုထောင့်က ကြည့်ပြန်လျှင်လည်း မီမီထွန်း၏ အမှတ်မထင်
လုပ်ရပ်ကပင် အကောင်းဘက်သို့ ဦးတည်နေသလို ထင်ရသည်။ အဘယ်
ကြောင့်ဆိုသော် စာနှင့်ဓာတ်ပုံများကို ပြန်ယူရန်အတွက် မီမီထွန်းက ခင်





ခင်သိန်းကို သတ်ခဲ့ခြင်းဖြစ်မည်ဟု ရုံးတော်မှ ထင်မြင်ယူဆသွားနိုင်၍
ပင်။

သို့ဆိုလျှင် ကျွန်ုပ်နှင့် ဦးမြသိန်းတို့သည် အပြစ်မဲ့သော မီမီထွန်း
လွတ်မြောက်ရေးအတွက် မည်သည့်အချက်များကိုအားပြု၍ အမှုမှန်ကို ဖော်
ထုတ်ကြရပါမည်နည်း။

ကျွန်ုပ်က မီမီထွန်းအား တရားကို နတ်စောင့်သည်ဖြစ်၍ ရတနာ
သုံးပါးကိုမမေ့ရန် နှစ်သိမ့်ပြီး ပြန်လွှတ်လိုက်ရသည်။ ပြီးမှ ဦးမြသိန်း ယူ
လာသော မီမီထွန်း၏အမှုတွဲကို တစ်ရွက်ချင်း စိတ်ရှည်လက်ရှည် ဖတ်ရှုရပါ
တော့၏။

✵ ✵ ✵

## [၄]

❑

အမှုတွဲတွင် တရားလိုဘက်မှ သက်သေ (၁၀) ဦး တင်ပြထား
သည်ကို တွေ့ရှိရပါသည်။ ပထမဆုံး တရားလိုသက်သေဖြစ်သူ အမှုစ
ရဲအရာရှိက ထွက်ဆိုချက်အနှစ်ချုပ်မှာ –

"ကျွန်တော်သည် ဇန်နဝါရီလ (၈) ရက်၊ ညနေ (၆း၃၀) နာရီ
တွင် သေသူ ခင်မောင်သိန်း၏ ဦးလေးဖြစ်သူ ကျော်ဒင်၏ တယ်လီဖုန်းဖြင့်
အကြောင်းကြားချက်အရ အချင်းဖြစ်ပွားရာ ကျောက်တံတားမြို့နယ်၊ ၃၉ လမ်း
တိုက်ခန်းသို့ သွားရောက်ခဲ့ပါသည်။ တိုက်ခန်းမှာ မြေညီထပ်ဖြစ်ပြီး၊ အိပ်ခန်း
ခုတင်ပေါ်တွင် သေသူခင်မောင်သိန်းအား ပက်လက်အနေအထားဖြင့် တွေ့
ရပါသည်။ ၎င်း၏ လက်ယာဘက်နားထင်၌ ဒဏ်ရာတစ်ချက်တွေ့ရပြီး သွေး
များမှာ မျက်နှာပေါ်သို့ စီးကျနေပါသည်။ ၎င်း၏ လက်ယာဘက်လက်အနီး
တွင် ပစ္စတိုသေနတ်တစ်လက် တွေ့ပြီးသေနတ်၌ ကျည်တစ်တောင့်လျော့
နေကြောင်း တွေ့ရ၏။ ဒဏ်ရာအနေအထားအရ အနီးကပ်ပစ်ထားသော
လက္ခဏာ မတွေ့ရခြင်း၊ သေနတ်ပေါ်တွင်လည်း သေသူ၏ လက်ဗွေရာ
ရှိမနေသည်သာမက အခြားမည်သူတစ်ယောက်၏ လက်ဗွေရာကိုပါ မတွေ့





ခြင်းတို့ကြောင့် လူသတ်မှုဟု ယူဆရပါကြောင်း။ သေသူ၏ ခုတင်ခေါင်းရင်း
နားတွင် အပြာရောင်ကတ်ထူဘူးတစ်ခုကို ပွင့်လျက်တွေ့ရပြီး အတွင်း၌
မှုရှိမနေပါ။

"လုပ်ထုံးလုပ်နည်းအရ လိုအပ်သည်များ ဆောင်ရွက်ပြီး ဦးကျော်
ဒင် ကိုဘသန်း၊ ကိုလှမြင့်၊ ဒေါ်ဥမ္မာ၊ ကိုကြင်စိန်နှင့် ဒေါ်စိန်စိန်တို့ကို ခေါ်
စစ်ဆေးခဲ့ပါသည်။ ၎င်းတို့၏ထွက်ဆိုချက်အရ သေသူမှာ စိန်ပွဲစားတစ်ဦး
ဖြစ်ပြီး ၎င်းထံ ရောင်းပေးရန် အပ်နှံထားသော ကျပ်ဆယ်သိန်းတန် စိန်
ထည်တုံ့ပါ ပျောက်ဆုံးနေကြောင်း သိရသဖြင့် မသင်္ကာသူများ၏ နေအိမ်သို့
လိုက်ချင်း သွားရောက်ရှာဖွေခဲ့သော်လည်း မတွေ့ရှိရသေးသဖြင့် ဆက်လက်
ရှာဖွေနေဆဲဖြစ်ပါသည်။

"သက်သေများ အစစ်ခံထွက်ဆိုချက်များအရလည်းကောင်း၊ ပတ်
ဝန်းကျင် သက်သေခံ အထောက်အထားများအရလည်းကောင်း၊ ရုံးရှေ့ရှိ
တရားခံ မဒီဒီထွန်းသည် ခင်မောင်သိန်းအား သတ်လျက် သေသူ၏ စိန်
ထည်တုံ့ကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေ
ပုဒ်မ ၃၀၂ (၂) နှင့် ပုဒ်မ (၄၀၄) တို့အရ တရားစွဲဆိုတင်ပြခဲ့ ရခြင်းဖြစ်
ပါသည်။

(လိုပြ–၁) အမှုစစ်ရဲ အရာရှိ၏ ထွက်ဆိုချက်များအပေါ် တရားခံ
ရှေ့နေကြီး ဦးမြသိန်း၊ ပြန်လှန်မေးခွန်းထုတ်ထားခြင်း မရှိပါ။

(လိုပြ –၂) ခင်မောင်သိန်း၏ ဦးလေးဦးကျော်ဒင် ထွက်ဆိုရာ
တွင် –

"ကျွန်တော်သည် အစိုးရဝန်ထမ်းတစ်ယောက်ဖြစ်ပြီး အချင်းဖြစ်
ညနေ (၆း၃၀) နာရီခန့် ရုံးမှပြန်ရောက်စဉ် ခင်မောင်သိန်းအား အိပ်ခန်းထဲ၌
သေဆုံးနေသည်ဟု ယူဆမိသဖြင့် မြို့နယ်ရဲတပ်ဖွဲ့ စခန်းသို့ တယ်လီဖုန်း
ဖြင့် ချက်ချင်း အကြောင်းကြားခဲ့ပါသည်။ ခုတင်ပေါ်တွင်တွေ့ရသော ပစ္စတို
သေနတ်မှာ ကျွန်တော် လိုင်စင်ဖြင့် ကိုင်ဆောင်ထားသော ကိုယ်ပိုင်သေနတ်
ဖြစ်ပြီး အိပ်ခန်းဗီရိုထဲ၌ အမြဲသိမ်းထားပါသည်။ ကျွန်တော် သိရသလောက်

ဂူတော်မောင် ခင်မောင်သိန်းတွင် ကိုယ့်ကိုယ်ကိုယ်သတ်သေရန် အကြော
ရှိမည်ဟု မထင်ပါ''

ဦးမြသိန်းက ပြန်လှန်မေးမြန်းရာတွင် ...

''သေသူ ခင်မောင်သိန်းနဲ့ ဦးကျော်ဒင်တို့ အတူတူနေထိုင်ကြတ
ဘယ်လောက်ကြာပါပြီလဲ''

''ဆယ်နှစ်ကျော်ပါပြီ''

''ခင်မောင်သိန်း မသေခင် နောက်ဆုံး ဘယ်အချိန်မှာ တွေ့ခဲ့
သလဲ''

''အဲဒီနေ့ မနက် (၉)နာရီ ကျွန်တော် ရုံးသွားချိန်မှာ နောက်ဆုံ
တွေ့ခဲ့ပါတယ်''

''ဒီလောက်ပါပဲ''

(လိုပြ - ၃) သေသူ ခင်မောင်သိန်းနှင့် လုပ်ဖော်ကိုင်ဘက် စိ
ပွဲစား ကိုဘသန်းက ထွက်ဆိုရာတွင် ...

''ကျွန်တော်သည် လွန်ခဲ့သော တစ်နှစ်ခန့်က ခင်မောင်သိန်းနှ
သိကျွမ်းခဲ့ကာ လုပ်ငန်းအတူ လုပ်ကိုင်ခဲ့ကြပါသည်။ အချင်းဖြစ်နေ့ ညန
(၃) နာရီခန့်က ကျွန်တော် ခင်မောင်သိန်းအိမ်ရောက်ခဲ့ရာ သူ့ထံတွင် စိန်
လည်တုံတစ်ခု ရောင်းရန်ရှိကြောင်းပြောရာ ကျွန်တော်က ဒေါ်ဥမ္မာဆိုသူက
စိန်လည်တုံကောင်းကောင်းရလျှင် လိုချင်သည်ပြောဖူးကြောင်းနှင့် သူ
ထံ ဆက်သွယ်မေးမြန်းပေးမည်ဟု ပြောခဲ့ပါသည်။

ထို့နောက် မျက်နှာချင်းဆိုင်တိုက်ခန်းရှိ ခေါက်ဆွဲဆိုင်မှ ဝက်ခြေ
ထောက်စွပ်ပြုတ် အတူမှာစားသောက်ကြပြီး ညနေ (၄) နာရီကျော်ကျေ
တွင် ကျွန်တော် ပြန်လာခဲ့ပါသည်။ ထိုညနေမှာပင် ကိုယ်ပိုင် ဘော
ဝက်ဝွန်ကားနဲ့ ဥမ္မာနေထိုင်ရာ ခရစ်လမ်းသို့သွားခဲ့ရာ သူမအား အသင့်
တွေ့ရသဖြင့် စိန်လည်တုံအကြောင်းပြောတော့ သူမက ပစ္စည်းကို ကြည့်
လိုကြောင်း ပြောပါသည်။ ကျွန်တော်က ဒေါ်ဥမ္မာ၏အိမ်ဖုန်းဖြင့် ခင်မောင်
သိန်းထံ ဆက်သွယ်၍ အကျိုးအကြောင်းပြောပြခဲ့ရာ ခင်မောင်သိန်းက ယ





နေ့ ချိန်းထားတာရှိ၍ မနက်ဖြန်မနက်မှ လာပြနိုင်မည်ဟု ပြောပါသည်။
ကျွန်တော်က ဒေါ်ဥမ္မာအား ယင်းကိစ္စကိုပြောပြကာ ကျွန်တော်၏အိမ်ရှိရာ
တောင်သို့ ပြန်လာခဲ့ပါသည်''

ဦးမြသိန်းက ပြန်လှန်စစ်ဆေးမေးရာတွင် -

''ခင်ဗျား ... စိန်လည်တုံကို မြင်ဖူးသလား''

''ဟုတ်ကဲ့ ... ကိုခင်မောင်သိန်း ထုတ်ပြလို့ ကိုယ်တိုင် မြင်ခဲ့ပါ
တယ်''

''စိန်လည်တုံချည်း သက်သက်လား။ ဘာနဲ့ ထည့်ထားသေးလဲ''

''ကတ္တီပါဘူးအပြာရောင်နဲ့ ထည့်ထားပါတယ်''

''စိန်လည်တုံဟာ ဘယ်လောက် တန်ဖိုးရှိသလဲ''

''ကာလပေါက်ဈေးအရ ဆယ်သိန်းဝန်းကျင်လောက် ရှိနိုင်ပါ
တယ်''

''ဒါလောက်ပါပဲ''

(လိုပြ - ၄) စိန်ပွဲစား ဒေါ်ဥမ္မာက ထွက်ဆိုရာတွင် -

''ကျွန်မ စိန်လည်တုံ ကောင်းကောင်းရရင် လိုချင်ကြောင်း
ကိုဘသန်းကို ပြောဖူးပါတယ်။ ဖေဖော်ဝါရီလ (၈) ရက်နေ့ ညနေ (၄) နာရီ
ကျော်လောက် ကိုဘသန်းရောက်လာပြီး ခင်မောင်သိန်းထံတွင် စိန်လည်တုံ
ရောင်းဖို့ရှိကြောင်း ပြောပါတယ်။ ကျွန်မက ပစ္စည်းကို အရင်ကြည့်ရှုလို
ကြောင်းပြောတော့ ကိုဘသန်းက အိမ်ကဖုန်းနဲ့ ခင်မောင်သိန်းဆီ ဆက်မေး
တယ်။ ခင်မောင်သိန်းက ဒီနေ့ညနေ ချိန်းထားတာရှိလို့ မနက်ဖြန်မနက်မှ
လာပြပေးနိုင်မယ်လို့ ပြန်ပြောခဲ့ကြောင်း သိရပါတယ်။ အဲဒါနဲ့ ကိုဘသန်း
လည်း ကျွန်မကိုနှုတ်ဆက်ပြီး သူ့လိပ်ခုံကားလေးနဲ့ ပြန်သွားခဲ့ပါတယ်''

ဦးမြသိန်းက ပြန်လှန်မေးထားခြင်းမရှိပါ။

(လိုပြ - ၅) ခင်မောင်သိန်းထံ စိန်လည်တုံရောင်းရန် အပ်နှံ
ထားသော ဒေါ်စိန်စိန်၏တူဖြစ်သူ ကိုလှမြင့်က ထွက်ဆိုရာတွင် ...

"ကျွန်တော့်အခေါ် ခေါ်စိန်စိန်က သူ့ကို ခင်မောင်သိန်းဆီ ရောင်းဖို့အပ်ထားတဲ့ စိန်လည်တုံအခြေအနေ သွားမေးကြည့်ဖို့ နိုင် နဲ့ အဲဒီနေ့ညနေ (၄း၃၀) နာရီ ကိုခင်မောင်သိန်းတိုက်ခန်းသို့ ရောက် တယ်။ ကျွန်တော်ရောက်ချိန်မှာ အိမ်ရှေ့ သံဘာဂျာတံခါးတစ်ခြမ်းလော ပွင့်နေတာနဲ့ လှမ်းဝင်ပြီး ဧည့်ခန်းထဲ ထိုင်စောင့်နေခဲ့ပါတယ်။ အတော်ဝ ကြာတဲ့အထိ ဘယ်သူမှ ထွက်မလာတာနဲ့ ချောင်းဟန့်သံပေးပြီး စော သေးတယ်။ ဘာမှမထူးတာနဲ့ ကျွန်တော်က ကိုခင်မောင်သိန်းလို့ ခပ်ကျ ကျယ်သုံးလေးကြိမ်ခေါ်ကြည့်ပါတယ်။ အိမ်ထဲက ပြန်ထူးသံ လုံးဝ မကြ ရတာနဲ့ ကျွန်တော်လည်း ဆက်စောင့်နေချင်စိတ် မရှိတော့တာနဲ့ ပြ ထွက်လာခဲ့ပါတယ်"

ဦးမြသိန်းက ...

"ကိုလှမြင့် ဧည့်ခန်းထဲမှာ ဘယ်လောက်ကြာအောင် စောင့်နေ ရပါသလဲ"

"ကျွန်တော့်စိတ်ထင် ၅ မိနစ်၊ ၆ မိနစ်လောက်တော့ ရှိမယ်ထ ပါတယ်"

"ခင်မောင်သိန်းနာမည်ခေါ်မရလို့ အိပ်ခန်းထဲ လှမ်းကြည့်ခဲ့သေ လား"

"ဟင့်အင်း ... ကျွန်တော် ဧည့်ခန်းဆက်တီမှာပဲ ထိုင်စောင့်ေ ခဲ့တာပါ"

"ခင်ဗျားအခေါ်နိုင်းလိုက်တဲ့ ကိစ္စသိရအောင် ဘာလို့ ခင်မော သိန်းထွက်လာတဲ့အထိ စောင့်မနေခဲ့တာလဲ"

"အိမ်ရှင်ကိုမတွေ့ဘဲ ဧည့်ခန်းထဲ ကြာကြာမနေသင့်ဘူးထင်လို့ ပါ"

(လိုပြ-၆) ခေါက်ဆွဲဆိုင်ရှင်ကိုကြင်စိန်က ထွက်ဆိုရာတွင် -

"ကျွန်တော် ကိုခင်မောင်သိန်းအိမ်နဲ့ မျက်နှာချင်းဆိုင်တိုက်ခန်း မှာ ခေါက်ဆွဲဆိုင်ဖွင့်ထားခဲ့တာ သုံးနှစ်လောက်ရှိပါပြီ။ ကိုခင်မောင်သိန်း





ကိုဘသန်းတို့ ကျွန်တော့်ဆိုင်က အစားအသောက်များ မကြာခဏ မှာစား ကြလို့ သူတို့ကို ကောင်းကောင်းသိနေပါတယ်။ အချင်းဖြစ်တဲ့နေ့ နက် (၉) နာရီလောက် ဦးကျော်ခင် ရုံးသွားတာမြင်ရပါတယ်။ မကြာခင် ကိုခင်မောင်သိန်းလည်း အိမ်ကိုသော့ခတ်ပြီး ထွက်သွားတာ တွေ့ရပါ တယ်"

"နေ့လယ် (၂) နာရီလောက် ကိုခင်မောင်သိန်း ပြန်လာပြီး ခေါက် ဆွဲကြော်တစ်ပွဲ လှမ်းမှာလို့ သွားပို့ပေးခဲ့ရပါတယ်။ ညနေပိုင်းလောက် ကိုဘသန်း လိပ်ခုံးကားလေးနဲ့ရောက်ပြီး (၄) နာရီကျော်လောက်မှာ ခေါက် ဆွဲကြော်နှစ်ပွဲနဲ့ ဝက်ခြေထောက်စွပ်ပြုတ်တစ်ပွဲ သွားပို့ပေးခဲ့ရပါသေး တယ်။ မကြာခင် ကိုဘသန်းလှမ်းခေါ်လို့ ပိုက်ဆံယူပြီး ပန်းကန်တွေ သိမ်း နေတုန်း ကိုဘသန်း သူ့လိပ်ခုံးကားလေးကို ဖရေဇာလမ်းဘက် အမြန်မောင်း ထွက်သွားတာ တွေ့ရပါတယ်"

"ညနေ (၅) နာရီလောက်မှာတော့ ငှားယက်ကားအနီရောင်တစ်စီး ရောက်လာပြီး အမျိုးသမီးတစ်ယောက် ကိုခင်မောင်သိန်းတိုက်ခန်းထဲဝင် သွားတာ တွေ့ရပါတယ်။ အချိန်မိနစ် ၂၀ လောက်ကြာတော့ အဲဒီအမျိုးသမီး အိမ်ထဲက ရေကြီးသုတ်ပျာထွက်လာပြီး ကားကို တရှိန်ထိုး မောင်းထွက် သွားတာ တွေ့လိုက်ရလို့ မသင်္ကာဖြစ်ပြီး ကားနံပါတ်ကို မှတ်ထားလိုက်မိ ပါတယ်။ အဲဒီအမျိုးသမီးဟာ အခု ရုံးရှေ့ရှိ တရားခံအမျိုးသမီးဖြစ်ပါတယ်။ အဲဒီနောက် နေဝင်ရီသရောအချိန်လောက်မှာ ဦးကျော်ခင်ပြန်လာတာ တွေ့ ရပြီး မကြာခင် ရဲတွေရောက်လာတာ တွေ့ရမှ ကိုခင်မောင်သိန်း အသတ်ခံ ရတာ သိရပါတယ်"

ဦးမြသိန်းက ...

"ခင်ဗျားရဲ့ ထွက်ဆိုချက်မှာ ခင်မောင်သိန်းက နေ့လယ် (၂) နာရီ လောက်မှာ ခေါက်ဆွဲကြော်တစ်ပွဲ မှာစားတယ်လို့ ပြောခဲ့တယ်နော်"

"မှန်ပါတယ်"

"ပြီးတော့ ညနေ (၄) နာရီကျော်လောက်မှာ ကိုဘသန်းကလည်း ခေါက်ဆွဲကြော်နှစ်ပွဲနဲ့ ဝက်ခြေထောက်စွပ်ပြုတ်တစ်ပွဲမှာလို့ သွားပို့ပေးခဲ့ရသေးတယ်နော်"

"ဟုတ်ပါတယ်"

"ဒါဆို ကိုကြွင်စိန်ပဲ စဉ်းစားကြည့်၊ နေ့လယ်ကမှ တစ်ခါစားထားတဲ့ ခင်မောင်သိန်းက ညနေ (၄) နာရီကျော်မှာ တစ်ခါ ထပ်စားနိုင်ပါတော့မလားလို့"

"ဟာ ... ဆရာကြီး ဒါတော့ မပူနဲ့။ သူတို့နှစ်ယောက်လုံးက သိပ်ကြိုက်တာဗျ။ စားလည်း စားနိုင်ကြတယ်လေ။ ဘယ်လောက်တောင် စားနိုင်ကြသလဲဆို ကျွန်တော် ပန်းကန်တွေသွားသိမ်းတော့ အားလုံး ပြောင်နေပြီဗျ။ ကျွန်တော့် ခေါက်ဆွဲကြော်နဲ့ ဝက်ခြေထောက်စွပ်ပြုတ်ကလည်း သိပ်ရောင်းရတယ် ... ဆရာကီး"

"ခင်ဗျား ညနေပိုင်းခေါက်ဆွဲကြော်နဲ့ ဝက်ခြေထောက်စွပ်ပြုတ်တွေ သွားပို့တော့ ဧည့်ခန်းထဲမှာ ဘယ်သူတွေရှိနေလဲဗျ"

"သွားပို့တုန်းကတော့ ကိုဘသန်းတစ်ယောက်ပဲ တွေ့ရတယ်။ ပန်းကန်တွေ ပြန်သိမ်းချိန်မှာတော့ အိပ်ခန်းထဲက ကိုခင်မောင်သိန်းနဲ့ ကိုဘသန်း စကားပြောသံ ကြားရတယ်။ ခဏနေတော့ ကိုဘသန်း ကားနဲ့ထွက်သွားတာ တွေ့လိုက်ရတယ်"

"ဒီးယက်ကားအနီရောင်ပေါ်က ဆင်းလာတဲ့အမျိုးသမီးဟာ ရုံးရှေ့က တရားခံလို့ ခင်ဗျား ဘာကြောင့် ပြောနိုင်လဲ ... ကိုကြွင်စိန်"

"ဒါက ဒီလိုရှိပါတယ်။ ကားကို ကိုယ်တိုင်မောင်းလာတဲ့ အမျိုးသမီးလည်း ဖြစ်နေတယ်။ အဖော်မပါဘဲ တိုက်ခန်းထဲ တစ်ယောက်တည်း ဝင်သွားတာဆိုတော့ နည်းနည်း အာရုံစိုက်မိတာပေါ့ဗျာ။ ပြီးတော့ တစ်ခါ ရေးကြီးသုတ်ပျာနဲ့ ပြန်ထွက်လာတာကြောင့်လည်း သူ့ကို ဖိုပြီး သတိပြုမိတာပေါ့ဗျာ။ အဲဒါကြောင့် အဲဒီအမျိုးသမီးဟာ အခု ရုံးရှေ့က တရားခံ အမျိုးသမီးပဲလို့ ပြောနိုင်တာပေါ့လေ"





"ဒါနဲ့ အဲဒီနေ့က ခင်ဗျား တိုက်ခန်းဆီ တစ်ချိန်လုံး အာရုံစိုက်နေတာဆိုတော့ သေနတ်သံတော့ ကြားလိုက်မိမှာပေါ့"

"အာ ... အဲဒါတော့ ကျွန်တော် မကြားလိုက်မိဘူးဗျ"

(လိုပြ –၇) ခင်မောင်သိန်း၏ စိန်လည်တံ့ အပ်နှံထားသူ ဒေါ်စိန်စိန် သာထွက်ဆိုရာတွင် –

"ကျွန်မ ခင်မောင်သိန်းမသေဆုံးမီ လေးရက်က စိန်လည်တံ့ တစ်ခု ရောင်းချပေးရန် အပ်နှံထားခဲ့ပါတယ်။ အချင်းဖြစ်မည့်နေ့ နံနက်ပိုင်းက ပစ္စည်းအခြေအနေကို တယ်လီဖုန်းဖြင့် ဆက်၍မေးကြည့်ရာ သူက ညနေ လောက်တော့ အခြေအနေသိရမယ်လို့ ပြောပါတယ်။ ဒါနဲ့ ကျွန်မကိုယ်တိုင် သွားချင်တာနဲ့ တူဖြစ်သူ မောင်လှမြင့်ကို ထိုနေ့ညနေ ခင်မောင်သိန်းထံ လွှတ်၍ အကျိုးအကြောင်း မေးမြန်းခိုင်းခဲ့တယ်။

ဒါပေမဲ့ မောင်လှမြင့်ပြန်လာတော့ ခင်မောင်သိန်းကို မတွေ့ခဲ့ရဘူး ပြောလို့ ကျွန်မ တယ်လီဖုန်းနဲ့ အကြိမ်ကြိမ်ဆက်ကြည့်ခဲ့ပေမဲ့ ဖုန်းမကိုင်တာနဲ့ ကျွန်မကိုယ်တိုင် လိုက်သွားခဲ့ပါတယ်။ ကျွန်မ ၃၉ လမ်းအိမ်ရောက်တော့ ရဲတွေကိုသာတွေ့ရပြီး ခင်မောင်သိန်း သေဆုံးနေကြောင်း သိရပါတယ်။ ကျွန်မ စိန်လည်တံ့မှာ ပျောက်ဆုံးနေပြီး ဒီနေ့အထိ ရှာဖွေမတွေ့ရှိသေးဟု သိရပါတယ်။ ရုံးတော်ရှေ့တွင် သက်သေခံတင်ပြထားသော ကတ်ထူဘူးမှာ ကျွန်မ စိန်လည်တံ့ထည့်သောဘူး အမှန်ဖြစ်ပါတယ်"

ဦးမြသိန်း ပြန်လှန်မေးမြန်းခြင်း မရှိပါ။

(လိုပြ – ၈) လက်နက်ပါရဂူက ထွက်ဆိုချက်မှာ –

"သက်သေခံပစ္စတိုသေနတ်ကို စမ်းသပ်စစ်ဆေးကြည့်ချက်အရ သေသူရဲ့ ဦးခေါင်းအတွင်းမှ တွေ့ရှိရသော သေနတ်ကျည်ဆန်သည် အဆိုပါ ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ထားကြောင်း တွေ့ရှိရပါတယ်"

(လိုပြ – ၉) မှုခင်းဆရာဝန်၏ အစစ်ခံချက်တွင် –

"သေသူ၏ ဦးခေါင်းနောက်စေ့အနီးတွင် သေနတ်ကျည်ဆန် ထိမှုတစ်ခု တွေ့ရပြီး ထိုကျည်ဆန်ကြောင့်ပင် ပွဲချင်းပြီးသေဆုံးနေခြင်း ဖြစ်ပါ

တယ်။ ညာနားထင်မှ ဒဏ်ရာမှာ သေနတ်ပြောင်း အနီးကပ်တေ့၍ ပစ်ခတ်ထား
တဲ့လက္ခဏာ မတွေ့ရဘဲ အနည်းဆုံး ၄ ၊ ၅ ပေခန့်အကွာအဝေးမှ လှမ်းပ
ထားခဲ့တယ်လို့ ယူဆရပါတယ်။ သေသူရဲ့အစာအိမ်မှာ ချေဖျက်ပြီးလုပ်ထား
တဲ့အစာများ တွေ့ရပါတယ်။ အလောင်းရဲ့အပူချိန်နဲ့ တခြားအချက်အလက်
တွေအရ သေဆုံးချိန်ကို ညနေ (၃း၃၀) နဲ့ (၅း၃၀) နာရီအကြား သတ်
မှတ်ပါတယ်''

(လိုပြ - ၁၀) လက်ဗွေရာပါရဂူက -

''အခင်းဖြစ် တိုက်ခန်းတွေ့ရသော လက်ဗွေရာများနှင့် ဦးကျော်
ဒင်၊ သေသူ ခင်မောင်သိန်းနဲ့ တရားခံ မမီမီထွန်းတို့ရဲ့ လက်ဗွေရာတွေကို
နှိုင်းယှဉ်စစ်ဆေးခဲ့ပါတယ်။ အဲဒီလို စစ်ဆေးရာမှာ ဦးကျော်ဒင်နဲ့ သေသူ
ခင်မောင်သိန်းတို့ရဲ့ လက်ဗွေရာတွေကို တစ်အိမ်လုံး အနှံ့အပြားတွေ့ရပါ
တယ်။ တရားခံမမီမီထွန်းရဲ့ လက်ဗွေရာတွေကိုတော့ အိပ်ခန်းနှတင်ခုံ
မှာ (၇) ခုနဲ့ ဗီရိုထဲမှာ (၁၂) ခု တွေ့ရပါတယ်''

✵ ✵ ✵

ဦးကိုကိုလွင်
[illegible]
ဖုန်း ၀၉-၄၂၀၉၀၅၀၄၄

[၅]

❑

ကျွန်ုပ်သည် အမှုတွဲကို ပြန်ပိတ်လိုက်ကာ စားပွဲပေါ်သို့ အသာ
သာ ပစ်တင်လိုက်ပြီး ကုလားထိုင်နောက်မှီတွင် တစ်ကိုယ်လုံးမှီ၍ ထိုင်
လိုက်သည်။ ဦးမြသိန်းက ကျွန်ုပ်ကို စိုက်ကြည့်ရင်း ရယ်ကျဲကျဲ အမူ
အရာဖြင့် ...

''ဘယ့်နှယ်လဲ ... အာစရိ အမှုတွဲဖတ်ပြီး စိတ်ပျက်သွားပြီလား
သက်သေထွက်ချက်တွေက မီမီထွန်းကို မလွှတ်နိုင်အောင် ချုပ်နှောင်
ထားတယ် မဟုတ်လားဆရာ။ ကျုပ်တော်ကတော့ ဖြစ်နိုင်ချေရှိ
မှန်သမျှကို ပြန်လှန်မေးခွန်းတွေနဲ့ ချေဖျက်ပစ်ခဲ့တာပဲလေ။ ဒါပေမဲ့
တစ်ခါတစ်ခါမှာ အမှောင်ထဲ ရမ်းမှန်းပစ်နေရသလိုဖြစ်နေတော့ ဘယ်သား
ကောင်ကို ထိသွားမှန်းမသိဘူး။ ထိတာတော့ ထိနေပြီ ထင်ပါရဲ့''

ကျွန်ုပ်က ခေါင်းညိတ်ပြကာ ...

''ဟုတ်တယ် ... ဦးမြသိန်း၊ ခင်ဗျားရဲ့ ပြန်လှန်မေးခွန်းအဆိပ်ချက်
ထိမှန်သွားတဲ့ လူသတ်တရားခံကတော့ ခုလောက်ဆို အတော်လေး တုန်
လှုပ်ချောက်ချားနေလောက်ပြီဗျ။ အရေးကြီးတာက အဲဒါ ဘယ်သူဆိုတာ

အနီးစပ်ဆုံး ခန့်မှန်းတွေးဆကြည့်နိုင်ဖို့ လိုတယ်။ ကဲ ... ဒီတော့ ကျွ
တော်တို့ ဒီလိုစတွေးကြည့်ရအောင်ဗျာ။ ခင်မောင်သိန်းကို ဘယ်သူက အ
အကြောင်းရင်းခံကြောင့် သတ်ခဲ့သလဲဆိုတာ။ ကဲ ... ခင်ဗျားအယူအဆ
ပြောစမ်းပါဦး''

''ကျွန်တော်ကတော့ ခင်မောင်သိန်းကို ဘယ်သူသတ်သလဲဆို
ထက် ဘာအကြောင်းရင်းခံကြောင့် သတ်ရတယ်ဆိုတဲ့ အခြေခံပေါ်မှာ စ
စားကြည့်ချင်တယ်။ ကျွန်တော်ကတော့ လူသတ်သမားဟာ စိန်လည်
ကို လိုချင်လို့ သတ်ခဲ့တာဖြစ်ရမယ်လို့ ယူဆတယ်''

''ဟုတ်တယ် ... ဦးမြသိန်း။ ဒီအချက်က အမှန်ပဲ။ စိန်လည်
ကို ရဲ ခုချိန်အထိ ရှာမတွေ့သေးပုံကိုထောက်ရင် စိန်လည်တုံဟာ လူသ
သမားနဲ့ အတူရှိနေလိမ့်ဦးမယ်။ လောလောဆယ် အပြင်ထုတ်ရဲမှာ မဟု
သေးဘူး။ အဲလိုဆိုရင် စိန်လည်တုံဟာ ဘယ်သူ့လက်ထဲမှာ ရှိနေနိုင်မ
ဦးမြသိန်း''

''အင်း ... ဒီလိုတော့ ရုတ်တရက် ပြောဖို့မလွယ်ဘူး။ အဲ ...
ဖြစ်နိုင်ချေရှိတဲ့လူတွေကို ဆန်ကာချပြီး ခန့်မှန်းကြည့်ရရင်တော့ နှစ်ယော
ပဲတွေ့တယ်။ အဲဒါကတော့ ကိုလှမြင့်နဲ့ ကိုကြင်စိန်ပဲဆရာ''

''အင်း ... ကိုလှမြင့်က စိန်လည်တုံကိစ္စနဲ့ လာတယ်။ အိမ်
လည်း ဝင်ခဲ့တယ်။ ခင်မောင်သိန်းကိုလည်း မတွေ့ခဲ့ရဘူး ပြောတယ်ဆိုတေ
သူ့ကို ထည့်စဉ်းစားသင့်တယ်ပဲ ထားပါတော့။ ခေါက်ဆွဲဆိုင်က ကိုကြင်
ကို ဘာလို့ထင်ရတာလဲ''

''ဆရာပဲ စဉ်းစားကြည့်လေ၊ ကိုကြင်စိန်ရဲ့ ထွက်ဆိုချက်တွေ
သိပ်ပြီး တိကျမနေဘူးလား။ ဘယ်သူလာတယ်၊ ဘယ်သူသွားတယ်၊ အ
အချိန်ဖြစ်တယ်၊ ကားနံပါတ်က ဘယ်လောက်ဆိုပြီး လှုပ်ရှားမှုမှန်သမျှ
အားလုံးသိနေတယ်။ ပြောရရင် ဘာအလုပ်မှမလုပ်ဘဲ ခင်မောင်သိ
အိမ်ကို တစ်ချိန်လုံး မျက်စိဒေါက်ထောက်ကြည့်နေတဲ့ အတိုင်းပဲ။
သွေးရိုးသားရိုး ဖြစ်နိုင်ပါ့မလား။ ပြီးတော့ ခင်မောင်သိန်းနဲ့လည်း သိကျ





ပြီး သူ့လုပ်ငန်းတွေကိုပါ သိနေတယ်။ အဓိကအချက်က ကိုဘသန်း
ဘာက်စ်ဝက်ဂွန်းကားနဲ့ ထွက်သွားချိန်မှာ သူ ဧည့်ခန်းထဲမှာ ပန်းကန်တွေ
သိမ်းရင်း ကျန်နေခဲ့တယ်မဟုတ်လား ... အာစရိ''

''အင်း ... ဆိုပါဦး''

''အဲဒီအချိန်မှာ ခင်မောင်သိန်းက အိပ်ခန်းထဲ ရှိနေတုန်းပဲလေ။
ကိုကြင်စိန်က အိပ်ခန်းထဲဝင်ပြီး ခုတင်ပေါ်မှာလှဲနေတဲ့ ခင်မောင်သိန်းကို
ထုံးမကာမ်းကနေ သေနတ်နဲ့ပစ်မယ်။ ပြီးမှ သေနတ်ပေါ်က လက်ဗွေ
တွေ သုတ်ပစ်ပြီး ခင်မောင်သိန်း သူ့ကိုယ်သူ သတ်သေတဲ့ပုံစံမျိုးဖြစ်
အောင် သေနတ်ကို လက်နားချထားခဲ့မယ်။ နောက် ခုတင်ခေါင်းရင်းမှာ
တွေ့တဲ့စိန်လည်တုံကို ယူပြီး ပန်းကန်တွေ ပြန်သိမ်းလာဟန်နဲ့ ထွက်သွား
မယ်။ ပြီးတော့မှ ဆိုင်ရှေ့ထွက်ထိုင်ပြီး ကိုလှမြင့်တို့၊ မိမိထွန်းတို့ကို ထင်
ယောင်ထင်မှားဖြစ်အောင် ရုံးတော်ရှေ့မှာ ထွက်ဆိုမယ်လေ။ ကျွန်တော်
တော့ ဒီအတိုင်းယူဆတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခင်မောင်သိန်းအိမ် အဝင်
အထွက်မှန်သမျှ မြင်နေရပါတယ်ဆိုတဲ့လူက သေနတ်သံကျတော့မှ မကြား
ဘူးတဲ့လေ။

နောက်တစ်ခုက ရဲစခန်းမှတ်တမ်းအရ ရဲတွေက ကိုလှမြင့်နဲ့
ကိုဘသန်းတို့အိမ်တွေလောက်ပဲ စိန်လည်တုံကို ရှာဖွေခဲ့ကြတာလေ။ ကိုကြင်
စိန်အိမ်မှာတော့ မရှာခဲ့ကြသေးဘူး။ ဒါကြောင့်မို့ လောလောဆယ် ထုတ်
ရောင်းလို့မဖြစ်သေးတဲ့ စိန်လည်တုံဟာ လူသတ်သမား ကိုကြင်စိန်အိမ်မှာ
ဝှက်ထားတာ အသေအချာပဲ ဆရာ''

ကျွန်ုပ်က ဦးမြသိန်းကို အတန်ငယ်ကြာအောင် ပြုံး၍ ကြည့်
နေမိသည်။ ပြီးမှ ...

''ဟဲ ... ဟဲ ... တော်တော့်ကို နားထောင်လို့ကောင်းတဲ့ တွေးဆ
ချက်ပါလား ... ရှေ့နေကြီးရဲ့။ ကဲ ... ဒီတော့ ရှေ့နေကြီးကိုပဲ ပြန်လှန်
မေးခွန်းထုတ်ကြည့်စမ်းမယ်။ ကိုကြင်စိန်ဟာ ခင်မောင်သိန်းဆီမှာ စိန်
လည်တုံရှိနေမှန်း ဘယ်နှယ်လုပ် သိနိုင်မလဲဗျ။ ဖြေကြည့်စမ်းပါဦး''

"ဒါတော့ သူခေါက်ဆွဲသွားဖို့တုန်း မြင်ခဲ့တာ ဖြစ်မှာပေါ့ဗျာ"

"ကောင်းပြီ ... ထားပါတော့။ နောက်တစ်ခုက ဦးကျော်ခင် ဗီ[ရိုထဲ]
ထဲမှာ ပစ္စတိုသေနတ်ရှိနေမှန်း သူ ဘယ်လိုလုပ်သိနိုင်မလဲ"

ဒီတစ်ခေါက်တွင်မူ ဦးမြသိန်းမှ အဖြေ ရုတ်တရက်ပေါ်မလာ[...]
ဦးမြသိန်းက မျက်လုံးထောင့်ကပ်ကာ သူ၏ လက်ချောင်းများကို စားပွဲ[...]
တွင် စန္ဒရားတီးသလို တခေါက်ခေါက်ခေါက်ကာ စဉ်းစားနေလေသည်။ [...]
တခဏ အတန်ကြာသည်အထိ ဘာတုံ့ပြန်သံမှ မကြားရ။ ကျွန်ုပ်က ကျေနပ်[...]
တစ်ချက်ပြုံးပြလိုက်ပြီး ...

"ကိုကြွင်စိန်ဟာ ခင်ဗျားယူဆသလို စိန်လည်တုံကို ခေါက်[ဆွဲ]
သွားဖို့တုန်း မြင်ခဲ့ရတယ်ပဲ ထားဦးတော့။ ပစ္စည်းတန်ဖိုးကိုတော့ သိ[...]
မှာမဟုတ်ဘူး။ ပြီးတော့ ဦးကျော်ခင် ဗီရိုထဲမှာ သေချာထည့်သိမ်းထား[...]
ပစ္စတိုကို ယူပစ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲဗျာ။ ခဏတဖြုတ်ရော[က်]
လာတဲ့ ကိုလှမြင့်လည်း အိပ်ခန်းဗီရိုထဲ သေနတ်ရှိနေမှန်း ဘယ်သိနိုင်[...]
မလဲ။ လူသတ်သမားဟာ အိပ်ခန်းထဲထိ ရင်းရင်းနှီးနှီး ဝင်ထွက်သွားလာ[...]
နေတဲ့လူလည်း ဖြစ်ရမယ်၊ စိန်လည်တုံရဲ့ တန်ဖိုးကိုလည်း ကောင်းကောင်း[...]
တတ်ကျွမ်းနားလည်သူလည်း ဖြစ်ရမယ် ... ဦးမြသိန်း"

"ဟ ... ဆရာပြောသလိုသာဆို လူသတ်သမားဟာ ကိုဘသန်း[...]
လို့ ပြောရမလို ဖြစ်သွားမှာပေါ့"

"ဖြစ်သွားမှာမဟုတ်ဘူး ... ကိုမြသိန်း။ ဖြစ်ကို ဖြစ်နေတာ[...]
လူသတ်ပြီး စိန်လည်တုံကို ယူသွားတာ တခြားလူမဟုတ်ဘူး။ ကိုဘသန်း
မှ ကိုဘသန်းအစစ်ဗျ"

ဦးမြသိန်းက လက်ဝါးဖြန့်ကာပြကာ ခေါင်းကို ဘယ်ညာခါယမ်း[...]
လိုက်သည်။

"အာ ... မဖြစ်နိုင်ဘူး ... အာစရိ၊ ကိုဘသန်း လုံးဝမဖြစ်နိုင်
ဘူး။ ဘာလို့ဆို ဆရာပဲ စဉ်းစားကြည့်လေ။ ခင်မောင်သိန်းနဲ့ ကိုဘသန်း
ခေါက်ဆွဲကြော်နဲ့ ဝက်ခြေထောက်စွပ်ပြုတ် အတူစားသောက်ကြတယ်[...]





[...]ကြွင်စိန် ပန်းကန်တွေ လာသိမ်းနေတုန်း အိပ်ခန်းထဲက ခင်မောင်သိန်း
[...]ကိုဘသန်း စကာပြောနေကြသံ ကြားခဲ့ရတယ်လေ။ ပြီးတော့မှ ကိုဘသန်း
[...] ကိုကြွင်စိန်ထက် အရင် ကားနဲ့ထွက်သွားခဲ့တယ် မဟုတ်လားဗျာ။

နောက်တစ်ခါ ညနေ (၅း၃၀)နာရီလောက်မှာ ခရစ်လမ်း၊ ဒေါ်ဥမ္မာ
[...]ကဖုန်းနဲ့ ကိုဘသန်းနဲ့ ခင်မောင်သိန်းတို့ စိန်လည်တုံကိစ္စ စကားပြော
[...]ကြသေးတယ်လေ။ ဒီတော့ ကိုဘသန်း ၃၉ လမ်းအိမ်က ထွက်သွားတုန်း
[...]မောင်သိန်း မသေသေးတဲ့အပြင် ဒေါ်ဥမ္မာအိမ်ကနေ ဖုန်းပြောခဲ့ကြသေး
[...]ကို ထောက်ရှုရင် ကိုဘသန်းဟာ ဘယ်နည်းနဲ့မှ လူသတ်သမားမဖြစ်နိုင်
[...]ဘူးလေ ... အာစရိ။ ကဲ ... ပြောပါဦး။ ဒီတစ်ခါတော့ ဆရာတွေးဆ
[...]တွေက တက်တက်စင်အောင် လွဲကုန်ပြီမဟုတ်လား"

"ဟား ... ဟား ... ဟား ... ဟား ... ဒီမှာ ... ဦးမြသိန်း။
[...]တော်မျက်စိလည်လေ ဆန်ရလေတဲ့ဗျ။ ခင်ဗျားကတော့ ဆန်မရဘဲ
[...]ညောင်းတာ အဖတ်တင်မဲ့ ကိန်းပဲဗျို့။ ဒီတစ်ခါတော့ ကျားဘုရင်ဟာ
[...]သမင်ရဲ့ ထောင်ချောက်ထဲမှာ ကားခနဲ အမိခံနေရတာပါလား။ တကယ်
[...] ခင်ဗျားဟာ ကိုဘသန်းရဲ့ အင်မတန်မှ လှပသေသပ် အကွက်စိပ်
[...]တဲ့ မာယာပိုက်ကွန်ထဲမှာ ချောင်ပိတ်ပြီး အမိခံလိုက်ရတာပဲဗျ ...
[...]သိန်း။ ဟား ... ဟား ... ဟား ... ဟား ..."

"ဗျာ ... ဘာ ... ဘယ်လို မာယာပိုက်ကွန်လဲဗျ ... အာစရိ
[...] ရှင်း ... ရှင်း ... လုပ်စမ်းပါ ... ဆရာရယ်"

ကျွန်ုပ်က ကိုဘသန်း လှည့်ကွက်ဆင်ထားပုံကို တစ်ကွက်ချင်း
[...]ပြလိုက်သည်။ ဦးမြသိန်းက ခေါင်းတညိတ်ညိတ်ဖြင့် တအံ့တသြ နား
[...]ထောင်နေသည်။

တရားဥပဒေဆိုသည်က အခက်သား။

ကျွန်ုပ်တို့၏တွေးဆချက်အရ လူသတ်တရားခံမှာ ကိုဘသန်းဟု
[...]ဖြေထွက်လာပါသော်လည်း တရားရုံးတော်က လက်ခံလာအောင် ခိုင်လုံ
[...] သက်သေအထောက်အထားများ တင်ပြနိုင်ဖို့ လိုပေသေးသည်။ သို့

မှသာ အပြစ်မဲ့သူ မိမိထွန်းအား အနှောင်အဖွဲ့မှ ကယ်ထုတ်နိုင်ပေမည်။

သို့ဖြစ်ရာ ကျွန်ုပ်က ဦးမြသိန်းအား ရုံးရှေ့သို့ ပြန်ခေါ်စစ်ဆေးရမည့် သက်သေများ၊ ပြန်လှန်စစ်ဆေးရမည့် မေးခွန်းများနှင့် စုံစမ်းထောက်လှမ်းရမည့် အချက်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးပြလိုက်သည်။

ထိုအခါ ဦးမြသိန်းသည် တစ်ဖက်ရန်သူအား အပြတ်ချေမှုန်းတော့မည့် မြင်းစီးသူရဲကောင်းပမာ ရှင်လန်းတက်ကြွစွာ ကျွန်ုပ်အား နှုတ်ဆက်၍ ပြန်လည်ထွက်ခွာသွားလေတော့၏။

☼ ☼ ☼

[၆]

❑

ရုံးချိန်းနေ့တွင် မိမိထွန်းအား တရားရုံးတော်မှ လူသတ်မှု၊ သေသူ ပစ္စည်းခိုးယူမှုတို့ဖြင့် စွဲချက်တင်ပါလေသည်။ မိမိထွန်းက သူမ အပြစ်မရှိပါ။ ကိုယ်တိုင်သက်သေအဖြစ် အစစ်ခံမည်ဟု တင်ပြသည်။ ရှေ့နေ ဦးမြသိန်းက ဒေါ်ညွှာ၊ ကိုလှမြင့်၊ ကိုကြင်စိန်နှင့် ကိုဘသန်းအား ပြန်ခေါ်သက်သေအဖြစ် စစ်ဆေးလိုကြောင်း လျှောက်ထားသည်။ ာက နောက်ရုံးချိန်းတွင် ပြန်ခေါ်သက်သေများ စစ်ဆေးရန် အမိန့်ချသည်။

ရုံးချိန်းနေ့တွင် ကျွန်ုပ်ကိုယ်တိုင် တက်ရောက်နားထောင်ခဲ့သည်။ ရုံးကြီးရှေ့ ယာဉ်များရပ်နားရာနေရာတွင် ဦးမြသိန်း၏ မောရစ်မိုင်နာ ဖြူလေးနှင့် ယှဉ်လျက် ကျွန်ုပ်၏ ဩနပိုင်ဂျစ်ကားကို ထိုးရပ်ထားသည်။ မောရစ်မိုင်နာကားဘေးတွင် ဗီးယက်ကားနီလေးကို တွေ့ရ မိမိထွန်း၏ခင်ပွန်းသည် ရောက်နေပြီဖြစ်ပေမည်။ ဗီးယက်ကား၏ တွင် အဖြူရောင် ဘောက်စ်ဝက်ဂွန်ကားလေးကို တွေ့ရသည်။ ဒါ သန်းကား ဖြစ်ပေလိမ့်မည်။

---

သုရိန်စာပေ

ကျွန်ုပ် တရားရုံးကော်ရစ်ဒါအတိုင်း လျှောက်လာစဉ် မိမိထွ[...]
အမှုကို စိတ်ဝင်တစားနားထောင်ရန် ရောက်လာသော ပရိသတ်များ တ[...]
ရုံးအတွင်းအပြင် ပြည့်လျှံလျက်တွေ့ရ၏။ ကျွန်ုပ် တရားရုံးတွင်း ဝင်ထို[...]
ဦးမြသိန်းက ပြုံးပြနှုတ်ဆက်လေသည်။

ထိုစဉ် ရဲမေတစ်ဦးက မိမိထွန်းအား လက်ချင်းချိတ်ခေါ်လာ[...]
ဝက်ခြံတွင်းသို့ သွင်းလိုက်သည်။ တရားလိုရှေ့နေ တရားခံရှေ့နေတို့ [...]
လင်လင် ရောက်ရှိနေလေပြီ။ ခဏအကြာတွင် တရားသူကြီး တရားခွင်[...]
တက်လာသည်။

ရှေ့ဖတ်စာရေးက ပြန်ခေါ်သက်သေ ဒေါ်ဥမ္မာကို ခေါ်လိုက်သည်[...]
တရားလိုရှေ့နေကြီးက ဒေါ်ဥမ္မာယခင်က ထွက်ဆိုထားချက်များကို [...]
မှတ်မိစေရန် စစ်ဆေးမေးမြန်းသည်။ ထို့နောက် တရားခံရှေ့နေကြီး ဦးမြသိ[...]
က ပြန်လှန်စစ်မေးပါလေသည်။

"အခင်းဖြစ်တဲ့ ဇန်နဝါရီလ (၈) ရက်နေ့က ကိုဘသန်း၊ ဒေါ်ဥ[...]
အိမ်ကို ရောက်လာတယ်ဆိုရင် မှန်တယ်မဟုတ်လား"

"ဟုတ်ကဲ့ ... မှန်ပါတယ်"

"သူ ဘယ်အချိန်ရောက်လာတာလဲ"

"ညနေ ၄ နာရီ ၁၅ မိနစ်လောက်ကပါ"

"ကိုဘသန်းက ခင်မောင်သိန်းမှာ စိန်လည်တံ့တစ်ခုရောင်းရို[...]
တယ်ပြောတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်ရှင့် ...။ ကျွန်မက အဲဒီစိန်လည်တံ့ကို ကြည့်[...]
ချင်တယ်ပြောလို့ ကိုဘသန်း ခင်မောင်သိန်းဆီ ဖုန်းဆက်မေးပေးမယ် ပြေ[...]
ပါတယ်"

"ကိုဘသန်း ... ဖုန်းဆက်ဖြစ်လား"

"ဟုတ်ကဲ့ ... ဆက်ဖြစ်ပါတယ်"

"ဘယ်ကဖုန်းနဲ့လဲ"

"ကျွန်မအိမ်က ဖုန်းနဲ့ပါ"





"ဖုန်းဆက်ပြီးတော့ ဘာပြောလဲ"

"ခင်မောင်သိန်းက ဒီညနေ ချိန်းထားတာရှိလို့ မနက်ဖြန်မနက်
စိန်လည်တံ့လာပြနိုင်မယ်ပြောတယ်လို့ ပြောပြပါတယ်"

"ဒါနဲ့ ကိုဘသန်း ဖုန်းပြောတော့ ဘယ်အချိန်ရှိနေပြီလဲ"

"အင်း ... ညနေ ၄ နာရီခွဲလောက် ရှိပြီထင်ပါတယ်"

"ဖုန်းဆက်တာကော ဘယ်လောက်ကြာလဲဗျ"

"သိပ်တော့ မကြာပါဘူး၊ ၁၀ မိနစ်လောက်ပဲရှိမှာပါ"

"ဒီလောက်ပါပဲ။ ကျေးဇူးတင်ပါတယ်"

ရှေ့ဖတ်စာရေးက ကိုလှမြင့်ကို ခေါ်သည်။ တရားလိုရှေ့နေကြီး
က ထုံးစံအတိုင်း ယခင်ထွက်ဆိုချက်များ မယိမ်းမယိုင်သွားစေရန် သတိ
ပေးမေးခွန်းများ မေးသည်။ ထို့နောက်တရားခံရှေ့နေ ဦးမြသိန်းက ပြန်လှန်
မေးမြန်းသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလ (၈) ရက်နေ့ ညနေမှာ ကိုလှမြင့်ခင်မောင်
သိန်းအိမ် ရောက်ခဲ့တယ်နော်"

"ဟုတ်ကဲ့ ... ကျွန်တော့်အဒေါ်က စိန်လည်တံ့ကိစ္စနဲ့ ခိုင်းလိုက်
လို့ပါ"

"ခင်ဗျာ ခင်မောင်သိန်းအိမ်ရောက်တော့ ဘယ်နှနာရီ ရှိနေပြီလဲ
ဗျ"

"ညနေ ၄ နာရီခွဲလောက်မှာပါ"

"ခင်မောင်သိန်းနဲ့ မတွေ့ရဘူးနော်"

"ဟုတ်ကဲ့ ... ကျွန်တော် အိမ်ထဲဝင်ပြီး ဧည့်ခန်းထဲ ထိုင်စောင့်
နေခဲ့တယ်။ ခဏကြာတဲ့အထိ ဘယ်သူမှထွက်မလာလို့ ချောင်းဟန့်သံပေး
ပါသေးတယ်။ ဒါလည်း မရတာနဲ့ ကိုခင်မောင်သိန်းနာမည်ကို သုံးလေးခါ
လောက် ခေါ်ကြည့်ပါတယ်။ အဲဒါလည်း ပြန်ထူးသံမကြားရတာနဲ့ ကျွန်
တော် ထပြန်လာခဲ့ရပါတယ်"

"နာမည်ကို သုံးလေးကြိမ်ခေါ်တာတောင် ပြန်မထူးလို့ အိပ်ပျော်နေတာများလားဆိုပြီး အိပ်ခန်းထဲများ ကြည့်ခဲ့မိသေးလားဗျ"

"ဟင့်အင်း ... ကျွန်တော် ညှော်ခန်းထဲကလွဲလို့ ဘယ်ကိုမှမသွားခဲ့ပါဘူး"

"ဒါဆို ခင်ဗျား ညှော်ခန်းထဲ ထိုင်စောင့်တော့ ဘယ်နှမိနစ်လောက်ကြာမလဲ ... ကိုလှမြင့်"

ကိုလှမြင့်က ခဏ စဉ်းစားဟန်ပြုကာ ...

"ဟို ... ၁၀ မိနစ်ထက် ပိုမယ်မထင်ပါဘူး"

"ဒီအတိုင်းဆို ခင်ဗျား ညနေ (၄း၃၀) နာရီကနေ ညနေ (၄း၄၀) နာရီအတွင်း ညှော်ခန်းထဲ ထိုင်စောင့်နေခဲ့မှာပေါ့"

"ဟုတ်ကဲ့ ... အဲဒီလို ဖြစ်နိုင်ပါတယ်"

"ဒါနဲ့ ညှော်ခန်းထဲမှာ တယ်လီဖုန်းရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ညှော်ခန်းထောင့်မှာ စင်လေးနဲ့ တင်ထားပါတယ်"

"ခင်ဗျားရှိနေတဲ့ ၁၀ မိနစ်အတွင်း တယ်လီဖုန်းမြည်သံများ ကြားခဲ့ရသေးလား"

"ဟင့်အင်း ... မမြည်ပါဘူး။ မြည်ရင် ကျွန်တော် ကြားရမှာပေါ့"

"ဒါလောက်ပါပဲ။ ကျေးဇူးတင်ပါတယ်"

နောက်ထပ် ပြန်ခေါ်သက်သေမှာ ကိုကြွင်စိန်ပါပင်။ တရားလိုရှေ့နေကြီးက ဦးဆောင်မေးမြန်းပြီးနောက် ဦးမြသိန်းက နေရာက ထလိုက်သည်။

"ကိုကြွင်စိန် ... ခင်မောင်သိန်းအိမ်ရှေ့တည့်တည့်က တိုက်ခန်းမှာ ခေါက်ဆွဲဆိုင်ဖွင့်ထားတာ သုံးနှစ်ရှိပြီနော်"

"ဟုတ်ပါတယ်"

သူရိန်စာပေ



"ဒါဆို ခင်မောင်သိန်းနဲ့ အတော်ရင်းနှီးနေမှာပေါ့"

"အဲ ... ရင်းနှီးတယ်တော့ မဟုတ်ပါဘူး။ ကျွန်တော့်ဆိုင်က ကြာခဏ မှာစားနေတာဆိုတော့လည်း သိကျွမ်းနေရုံလောက်ပါပဲ"

"ကိုဘသန်းနဲ့တော့ ရင်းနှီးမှာပေါ့"

"သူလည်း ဒီလိုပါပဲ။ ကိုခင်မောင်သိန်းဆီကို နေ့တိုင်းလိုလို သူ့အိပ်ခုံးကားဖြူလေးနဲ့ ရောက်ရောက်လာပြီး ခေါက်ဆွဲကြော်နဲ့ ဝက်ခြေထောက်စွပ်ပြုတ်တို့ မှာစားတတ်လို့ သိနေတာပါ"

"ကောင်းပြီ ... ဒါဆို သူတို့ အဲဒီနေ့က ဘာတွေမှာ စားခဲ့ကြလဲဆိုတာ ပြောပြပါဦး"

"အာ ... ကျွန်တော် မှတ်မိသလောက် အဲဒီနေ့ နေ့လယ် (၂) နာရီလောက်မှာ ကိုခင်မောင်သိန်းလှမ်းမှာလို့ ခေါက်ဆွဲကြော်တစ်ပွဲ သွားပို့ပေးခဲ့ရတယ်။ ညနေ (၄) နာရီမှာ ကိုဘသန်းမှာလို့ ခေါက်ဆွဲကြော်နှစ်ပွဲနဲ့ ဝက်ခြေထောက်စွပ်ပြုတ်တစ်ပွဲကို သွားပို့ပေးခဲ့ရပါတယ်"

"ခင်ဗျား ညနေ (၄) နာရီမှာ သွားပို့တုန်းက ခင်မောင်သိန်းကို တွေ့ခဲ့ရလားဗျ"

"သွားပို့တုန်းကတော့ မတွေ့ခဲ့ရဘူး။ ပန်းကန်တွေ ပြန်သွားသိမ်းတဲ့ အချိန်မှာတော့ အိပ်ခန်းထဲမှာ ကိုခင်မောင်သိန်းနဲ့ ကိုဘသန်းတို့ စကားပြောနေကြတာ ကြားခဲ့ရပါတယ်"

"ကိုခင်မောင်သိန်းနဲ့ ကိုဘသန်းလို့ လူမမြင်ရဘဲနဲ့ ခင်ဗျား ဘယ်လိုကြောင့် ပြောနိုင်ရတာလဲ ... ကိုကြွင်စိန်"

"အာ ... ဆရာကလည်း ဒါက ရှင်းပါတယ်။ ဒီတိုက်ခန်းထဲမှာ သူတို့နှစ်ယောက်ကလွဲပြီး တခြား ဘယ်သူမှရှိတာ မဟုတ်ဘဲဟာ"

"ဒါပေမဲ့ သူတို့ရဲ့အသံတွေကို မှတ်မိလို့လို့ ခင်ဗျား မပြောနိုင်ဘူး မဟုတ်လား"

ကိုကြွင်စိန် နဖူးကြောကြီးများ တွန့်တက်သွားကာ မျက်လုံးများ မသိမသာ မှေးစင်းသွားသည်။ ခဏနေမှ ...

သူရိန်စာပေ

"အင်း ... အသံတွေက ခပ်တိုးတိုးဆိုတော့လည်း ခန့်မှန်းရခက်သားဗျ။ ဒါပေမဲ့လို့ လူနှစ်ယောက် အပြန်အလှန် ပြောနေကြတာတော့ သေချာပါတယ်"

"ဒါနဲ့ ခင်ဗျား ပန်းကန်တွေသွားသိမ်းတော့ ခေါက်ဆွဲတွေ ကုန်ရဲ့လားဗျ"

"အာ ... ကုန်တာပေါ့ ဆရာ။ သူတို့က ခေါက်ဆွဲကြော်ရော ဝက်ခြေထောက်စွပ်ပြုတ်ရော အရမ်းကြိုက်ကြတာဗျ။ ကျွန်တော် သွားသိမ်းတော့ ပန်းကန်တွေအားလုံး ပြောင်နေပြီလေ။ ဘာမှကို မကျန်တော့ပါဘူး"

"ဟုတ်လား ... ဘာမှကို မကျန်တော့ဘူးပေါ့"

"ဆရာကလည်း ... အားလုံးပြောင်နေမှတော့ ဘာကျန်တော့မှာလဲဗျာ"

"ဒီလောက်ပါပဲ။ ကျေးဇူးတင်ပါတယ်"

ရှေ့ဖတ်စာရေးကြီးက နောက်ဆုံးပြန်ခေါ်သက်သေ ကိုဘသန်းကို ခေါ်လိုက်သည်။ ကိုဘသန်းက ရဲတင်းဖျတ်လတ်စွာ တရားရုံးခန်းထဲ လှမ်းဝင်လာသည်။ အသားညိုညို၊ အရပ်ထောင်ထောင်မောင်းမောင်း၊ မျက်နှာလေးထောင့်စပ်စပ်ရှိသော ကိုဘသန်းသည် တရားလို ရှေ့နေကြီးမေးသမျှ မထစ်မငေါ့ဖြင့် ခပ်သွက်သွက် ဖြေလေသည်။

ဦးမြသိန်းက သူ့အလှည့်ရောက်တော့ ပြန်လှန်စစ်မေးရန် နေရာမှ ထရပ်ကာ ကိုဘသန်းအား စူးရှသောမျက်လုံးများဖြင့် ငုံ့ကြည့်လိုက်သည်။ တရားရုံးအတွေ့အကြုံ အတော်အတန်ရှိဟန်တူသော ကိုဘသန်းက ဦးမြသန်းအား တိမထင်သော မျက်လုံးများဖြင့် ရဲရဲတင်းတင်း ပြန်မော့ကြည့်သည်။ ဦးမြသိန်းက ဘာမှမဖြစ်သလို မေးခွန်းစသည်။

"ကိုဘသန်း ... ခင်မောင်သိန်းနဲ့ စိန်ပွဲစားအလုပ်အတူတွဲ လုပ်လာကြတာ တစ်နှစ်ကျော်လောက် ရှိကြပြီပေါ့နော်"





"တစ်နှစ်ကျော်လောက် မဟုတ်ပါဘူး ... ရှေ့နေကြီးရယ်၊ ဒီနေ့ ...င် တစ်နှစ်နဲ့ ခြောက်လတိတိ ရှိပြီလေဗျာ"

"ဪ ... ကိုဘသန်းက တိတိကျကျသမား ထင်ပါရဲ့"

"တိကျပြီလားဗျာ။ ကျွန်တော်တို့က သိန်းနဲ့သောင်းနဲ့ချီပြီး အလုပ် ...်နေကြတာဆိုတော့ အရာရာမှာ တိကျမှုဖြစ်မယ်လေ။ အချိန် တိကျရ ...် ကတိလည်း တိကျရမယ်။ ဈေးနှုန်းလည်း တိကျမှန်ကန်ရမယ် ..."

"ဟုတ်ကဲ့ ... ကောင်းပါတယ်။ ဒါနဲ့ ခင်မောင်သိန်းနဲ့တော့ ...တော် ရင်းနှီးကြမှာပေါ့"

"ဘယ့်နှယ်မေးလိုက်ပါလိမ့်။ တစ်နေ့တစ်နေ့ အတူတွဲလုပ်နေတဲ့ ...ပေါ်ကိုင်ဖက်တွေပဲဟာ။ ညီအစ်ကို အရင်းထက်တောင် ရင်းနှီးကြ ..."

"ပြီးခဲ့တဲ့ ဇန်နဝါရီ (၈) ရက်နေ့ နေ့ခင်း (၃) နာရီကျော်လောက် ... ခင်ဗျား ခင်မောင်သိန်းအိမ် ရောက်ခဲ့တယ်မဟုတ်လား"

"တိတိကျကျပြောရရင် နေ့ခင်း (၃) နာရီထိုးပြီးလို့ (၇) မိနစ်တိတိ ... ရောက်တယ်ဗျာ။ ခင်မောင်သိန်းဆီမှာရှိတဲ့ စိန်လည်တုံတစ်ခု အရောင်း ...ယ်ကိစ္စ ဆွေးနွေးကြတယ်။ အဲဒီနောက် ညနေ (၄) နာရီတိတိမှာ ကိုကြင် ...ဆိုင်က ခေါက်ဆွဲကြော်တွေနဲ့ ဝက်ခြေထောက်စွပ်ပြုတ်မှာပြီး နှစ်ယောက် ...ကြတယ်လေ"

"ခင်မောင်သိန်းက အဲဒီနေ့ခင်း (၂)နာရီလောက် ခင်ဗျားမလာ ...က ခေါက်ဆွဲကြော်တစ်ပွဲ မှာစားထားသေးတာ ခင်ဗျား မသိဘူးထင်ပါ ... အဲဒါ သူခင်ဗျားနဲ့အတူ ထပ်စားနိုင်သေးရဲ့လား"

"အာ ... ဟာ ... အဲဒါကြောင့် ကျွန်တော် ထင်မိသား။ ဒီ ...ောက် ခေါက်ဆွဲကြော်ကြိုက်တဲ့လူ ဒီနေ့ အစားနည်းလှချည်လားလို့။ ... သူ သိပ်စားနိုင်ပုံမရတာနဲ့ သူ့ပန်းကန်ထဲက ခေါက်ဆွဲကြော်တစ်ဝက် ...ောက်တောင် ကျွန်တော် ယူစားပေးခဲ့ရတယ်လေ။ ဟဲ ... ဟဲ ..."

သူရိန်စာပေ

"ကိုဘသန်းက တော်တော်စားနိုင်တာပဲကိုး"

"စားနိုင်ဆို ကျွန်တော်က အရမ်းဗိုက်ဆာနေတာလေ"

"ဒါဆို ဝက်ခြေထောက်စွပ်ပြုတ်ကိုလည်း ခင်ဗျားပဲ ကုန်အော
သောက်ပစ်ခဲ့တာပေါ့"

"ဒါပေါ့ဗျာ ...။ ကျွန်တော်ကပဲ နိုင်ခံပြီး အကုန်သောက်ပစ်
တာပေါ့"

"ပန်းကန်ထဲမှာ ဘာမှမကျန်တော့အောင်ကိုပေါ့ ... ဟုတ်လာ

"ဟုတ်တယ်လေ။ ပန်းကန်တွေအားလုံး ပြောင်နေတာ ကိုကြ
စိန်တွေ့ခဲ့သားပဲ။ သူ့သာ မေးကြည့်ပါတော့"

ဦးမြသိန်းက ကိုဘသန်းအနီး တိုးကပ်သွားကာ ...

"ဟုတ်လား ... ဒါဆို ပန်းကန်ထဲက ဝက်ခြေထောက်နှစ်ပြ
တွေကိုပါ ခင်ဗျား အားလုံး မျှိုချပစ်ခဲ့တာပေါ့နော်။ ကဲ ... ကိုဘသန်း။ အ
လိုစားသောက်ပစ်ခဲ့လဲဆိုတာ ရုံးတော်က နားလည်အောင် တိတိကျ
လေး ရှင်းပြစမ်းပါဦး"

ကိုဘသန်း၏ ခန္ဓာကိုယ် ဆတ်ခနဲတွန့်သွားကာ တောင့်တော
ကြီးဖြစ်သွားသည်။ လက်နှစ်ဖက်ဖြင့် ကုလားထိုင်လက်ကိုင်ကို တုန်ထ
ယင်ယင်ဆုပ်ကိုင်ထားရင်း ဦးမြသိန်းအား တစ္ဆေသရဲကောင်ကို မြင်လို
ရသည့်အလား တထိတ်တလန့် မော့ကြည့်သည်။ စောစောက ထိမထ
သောမျက်နှာမှာ ခုတော့ ရုတ်ခြည်း ရှင့်ရော်အိုစာသွားပါသည်။

တရားသူကြီးက တရားလိုရှေ့နေကြီးအား တစ်ချက်လှမ်းကြ
ကာကိုဘသန်းအား စူးစူးစိုက်စိုက် ငုံ့ကြည့်နေသည်။ တရားရုံးတစ်ခုလုံး
ထိုအနိုက်အတန့်ဝယ် အပ်ကျသံပင် ကြားရလှမတတ် တိတ်ဆိတ်ငြိမ်သ
နေလေသည်။ တစ်ချိန်လုံး ခေါင်းတမော့မော့ဖြင့် ဝင့်ကြွားနေခဲ့သော
ကိုဘသန်း၏ဦးခေါင်းမှာ တဖြည်းဖြည်း ငုံ့သွားပြီး ကြမ်းပြင်ဆီသို့သာ ငေ
စိုက်ကြည့်နေပါလေသည်။





ဦးမြသိန်းက ကျေနပ်စွာပြုံးလိုက်ကာ သူ၏ တိုက်ပုံအင်္ကျီအတွင်း
စာရွက်ခေါက်လေးတစ်ခု နှိုက်ယူလေသည်။ ပြီးမှ စာရွက်ကို အသေအချာ
နှံ့လျက် ကိုဘသန်းမျက်နှာအနီး ကပ်ပြလိုက်သည်။

"ကျွန်တော်မေးတာ မဖြေနိုင်လည်း ရပါတယ်။ နေပါ။ အဲ ...
ဒါဗီစာရွက်လေး။ သေချာကြည့်စမ်းပါ ... ကိုဘသန်း။ ဒါ ဘယ်သူ့
က်ရေးလဲလို့"

ထိုစာရွက်မှာ ခင်မောင်သိန်းမသေမီတစ်ရက် မီမီထွန်းအား ချိန်း
ခဲ့သော စာဖြစ်လေသည်။ ကျွန်ုပ်အားလည်း တင်းနစ်ကွင်းတွင် ဦးမြသိန်း
တ်ပြခဲ့သော စာလည်းဖြစ်၏။

ကိုဘသန်းက စာရွက်ကို ခဏသာငုံ့ကြည့်ပြီး ...

"ဒါ ... ဒါ ... ခင်မောင်သိန်း လက်ရေးပါ"

"စာကို ခင်မောင်သိန်း အသတ်မခံရခင်တစ်ရက်က မီမီထွန်း
ိမ်ကို ခင်ဗျားကိုယ်တိုင် သွားပေးခဲ့တာမဟုတ်လား ... ကိုဘသန်း"

"အို ... ဘယ်ကဟုတ်ရမှာလဲ။ ဒီစာကိုတောင် ရှေ့နေကြီး ပြလို့
ကျွန်တော် ပထမဆုံးမြင်ဖူးတာဗျ"

"ဒီစာကို မီမီထွန်းအိမ်က အိမ်ဖော်မလေးလက်ထဲ ခင်ဗျား
ိုယ်တိုင် ထိုးထည့်ပေးခဲ့တာလေဗျာ"

"ဒါ လုံးဝ မဟုတ်ဘူး။ အဲဒီအိမ်ဖော်လည်း ကျုပ် မသိဘူး"

စောစောက ဦးမြသိန်း၏ ပြန်လှန်မေးခွန်းသံကြောင့် မှင်သက်
က အားပျော့သလိုဖြစ်နေသော အသံက ရုတ်တရက် ပြန်မာလာသည်။
ဦးမြသိန်းက ...

"ဒါဆို အဲဒီအိမ်ဖော်မလေးကို အခုခေါ်ပြီး အဲဒီနေ့က စာလာ
ပေးတဲ့လူဟာ ကိုဘသန်းဟုတ်မဟုတ် ရုံးတော်ရှေ့မှာ စစ်မေးကြည့်ရမလား
... ဘယ်လိုလဲ"

ကိုဘသန်းက ဦးမြသိန်းအား ထူးဆန်းသော သတ္တဝါတစ်ကောင်
ကို မြင်လိုက်ရသည့်နှယ် အထိတ်တလန့် မော့ကြည့်သည်။ မျက်နှာပြင်

တစ်ခုလုံး ရုတ်ခြည်းဆိုသလို ဖြူဖတ်ဖြူရော်ဖြစ်လာကာ မျက်လုံးများ
လည်း ဂနာမငြိမ်နိုင်ဘဲ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။

ဦးမြသိန်းက ကိုဘသန်းအား အတန်ငယ်ကြာအောင် စူးစူး
စိုက်ကြည့် အကဲခတ်နေလေသည်။ ထိုအခိုက် တရားလိုရှေ့နေကြီးက မျ
တရက်ထရပ်ကာ ရုံးတော်ကို ဦးညွှတ်လိုက်သည်။

"ရုံးတော်ခင်ဗျား ... ဒီမေးခွန်းကို ကျွန်တော် ကန့်ကွက်ပါတယ်
ဒါဟာ ကျွန်တော့်သက်သေကို သက်သက်ဖြိမ်းခြောက် အကြပ်ကိုင်ပြီး ရုံး
တော်ကို ယုန်ထင်ကြောင်ထင်ဖြစ်အောင် တမင်အကွက်ဆင်ထားတဲ့မေးခွ
ဖြစ်လို့ပါ။ ပြီးတော့ အခု တရားခံရှေ့နေကြီး ထုတ်ပြနေတဲ့စာဟာ ဒီအမှု
ဘယ်လို စပ်ဆိုင်နေတယ်ဆိုတာကိုလည်း သက်သေမပြနိုင်သေးပါဘူး"

တရားသူကြီးက ခေါင်းညိတ်ထောက်ခံသည်။

"ဟုတ်တယ် ...။ တရားလိုရှေ့နေကြီး တင်ပြတာ နည်းလမ်း
ကျပါတယ်။ တရားခံရှေ့နေကြီး တင်ပြနေတဲ့စာဟာ ဒီအမှုနဲ့ ဘယ်လိုစပ်
ဆိုင်မှု ရှိတယ်ဆိုတာကို သက်သေတင်ပြနိုင်ရဲ့လား"

ဦးမြသိန်းက တရားသူကြီးဘက်သို့လှည့်ကာ ကိုယ်ခန္ဓာကို အလွန်
ရှိသေလေးစားစွာ ကိုင်းညွှတ်လိုက်သည်။

"မှန်ပါ ... ဒီစာနဲ့ အခုအမှု ဘယ်လိုစပ်ဆိုင်နေတယ်ဆိုတာကို
ရုံးတော်ကပဲ ဆင်ခြင်သုံးသပ်ကြည့်နိုင်ဖို့ ဒီစာကို သက်သေခံ (၁) အဖြစ်
တင်သွင်းပါတယ်"

ဦးမြသိန်းက တရားခွင်ပေါ်တက်ကာ တရားသူကြီးအား ထိုစာ
ကို ရိုသေစွာ လှမ်းပေးလိုက်၏။ တရားသူကြီးက စာရွက်ကိုဖြန့်ကာ ဖတ်
ရှုလိုက်သည်။ ဖတ်နေရင်းက မျက်မှောင်များ တဖြည်းဖြည်းကုတ်လာကာ
ကိုဘသန်းကို လှမ်းကြည့်လိုက်၏။ တစ်ဖန် စာကို ထပ်ကာထပ်ကာ ဖတ်
နေပြန်၏။ အတန်ကြာမှ မေးစေ့ကို လက်ဖြင့် ပွတ်သပ်ရင်း ကိုဘသန်း
အား စူးစိုက်ကြည့်လိုက်သည်။





"တရားလိုရှေ့နေကြီးရဲ့ ကန့်ကွက်ချက်ကို ပယ်တယ်။ သက်သေ
ဘသန်းက မေးခွန်းကို ဖြေပါ"

ကိုဘသန်းက တရားသူကြီးကို အံ့အားတသင့် မော့ကြည့်သည်။
မှ ခြောက်ကပ်ကပ်အသံဖြင့် ...

"ဒီကိစ္စက ကျွန်တော်နဲ့ ဘာမှမဆိုင်လို့ အိမ်ဖော်မလေးရှေ့မှာ
ဝစ်မခံနိုင်ပါဘူး"

တရားသူကြီးက ပြုံးမဲ့မဲ့ အမူအရာနှင့် ဦးမြသိန်းအား အဓိပ္ပာယ်
ပါ လှမ်းကြည့်လိုက်သည်။ ပြီးမှ ကုလားထိုင်တွင် ကျောမှီ၍ ထိုင်ချလိုက်
ည်။ ထိုစဉ် တရားရုံးတစ်ခုလုံး တီးတိုးပြောသံများဖြင့် လွှမ်းမိုးသွားသည်။
နုံပ်က ဝက်မြံထဲတွင် ထိုင်နေသော မီမီထွန်းကို စောင်းငဲ့ကြည့်လိုက်
ည်။ သူမက နှုတ်ခမ်းကို တင်းတင်းစေ့ကာ တရားခွင်ဆီသို့ အာရုံစူးစိုက်
ကြည့်နေသည်။

ဦးမြသိန်းက ရုံးတော်ကို ဦးညွှတ်လိုက်ကာ ကိုဘသန်းအား တင်း
သော မျက်နှာထားဖြင့် ...

"ကဲ ... ကိုဘသန်း။ ခင်ဗျား ခင်မောင်သိန်းအိမ် ရောက်ခဲ့တဲ့
န်နဝါရီလ (၈) ရက်နေ့ ညနေ ၃ နာရီခွဲပြီးချိန်လောက်ကို ပြန်သွားကြည့်
အောင်။ အဲဒီညနေမှာ ခင်မောင်သိန်းက စိန်လည်တုံ့ထုတ်ပြပြီး ပြန်
သိမ်းဖို့ အိပ်ခန်းထဲဝင်တော့ ခင်ဗျားက နောက်ကနေစကားပြောရင်း အသာ
င်လိုက်သွားတယ်။ ခင်မောင်သိန်း ခုတင်ခေါင်းရင်း ခေါင်းအုံးအောက်မှာ
နိလည်တုံ့ဘူးကို ပြန်ထားနေတုန်း ခင်ဗျား အရင်ကတည်းကသိနေတဲ့ ဗီရို
ဲက ပစ္စတိုသေနတ်ကို အမြန်ယူထားလိုက်တယ်။

ခင်မောင်သိန်း ခင်ဗျားဘက်ပြန်အလှည့်မှာ သူ့ညာဘက်နားထင်
ကို ချိန်ပြီး သေနတ်နဲ့ ပစ်သတ်လိုက်တယ်။ ခုတင်ပေါ်လဲကျသွားတဲ့ ခင်
မောင်သိန်းကို ပက်လက်အနေအထားဖြစ်အောင် ပြုပြင်ပြီး သေနတ်ပေါ်
က လက်ဗွေရာတွေကို အဝတ်နဲ့ သုတ်ပစ်တယ်။ ပြီးမှ ခင်မောင်သိန်း သူ့

ကိုယ်သူ သတ်သေတယ်ထင်အောင် သေနတ်ကို သူ့ညာဘက်လက်မှ ကပ်ချထားလိုက်တယ်။ နောက်မှ ခေါင်းအုံးအောက်က ကတ်ထူဘူးထဲ စိန်လည်တံ့ကို ထုတ်ယူပြီး ဘူးကို ပြန်ချထားခဲ့တယ်။ အားလုံးပြီးမှ အ တံခါးဝထွက်ပြီး ပတ်ဝန်းကျင်က သေနတ်သံကြားမကြား အကဲခတ်ကြ တယ်။

အဲဒီအချိန်မှာ ခေါက်ဆွဲဆိုင်က ကိုကြင်စိန် လှမ်းကြည့်နေသ ထင်မိတယ်။ အဲဒါကြောင့် ခင်မောင်သိန်းပါ ရှိနေတယ်ထင်အောင်လို့ ခေါ် ဆွဲကြော်နှစ်ပွဲနဲ့ ဝက်ခြေထောက်စွတ်ပြုတ်တစ်ပွဲပေးဖို့ ခပ်တည်တည် လှ မှာလိုက်တယ်။ ကိုကြင်စိန်ကလာပို့ပြီး ပြန်သွားတာနဲ့ ပန်းကန်တွေကို နော ပေးယူသွားပြီး စားစရာတွေအားလုံးကို အိမ်သာထဲ သွန်ချပစ်လိုက်တယ် ပြီးတော့ ဘာမှမကျန်အောင် ရေဆွဲချပြီး ဆေးကြောပစ်လိုက်တယ်။ အဲ ဟုတ်တယ်မဟုတ်လား ... ကိုဘသန်း။ ဟုတ်တယ်နော်''

ကိုဘသန်း၊ ပါးစပ်အဟောင်းသားမှင့်ကာ မျက်လုံးကြီးများ ပြူ လျက် ဦးမြသိန်းအား မော့ကြည့်သည်။ ပြီးမှ ကုလားထိုင်လက်တင်ပေ ခပ်တင်းတင်း ဆုပ်ကိုင်ထားရင်း ...

''အဲ ... အဲလို ... မ ... မဟုတ် ... ပါ ... ဘူး ''

သူ့အသံက ထစ်ငေါ့နေသည့်အပြင် တုန်တုန်ယင်ယင် ဖြစ်နေ သည်။ တရားသူကြီးက တစ်တောင်နှစ်ဖက်ထောက်ကာ ကိုဘသန်းအား မျက်တောင်မခတ် စူးစိုက်ကြည့်နေသည်။ ဦးမြသိန်းက တစ်ချက်ပြုံးကာ ကိုဘသန်းအား ငုံ့ကြည့်လိုက်သည်။

''ဒီမှာ ... ကိုဘသန်း။ ခင်ဗျားလုပ်ရပ်က အလွန်ပိရိပေမယ့် သိ စိတ်စောနေတာဆိုတော့ ဝက်ခြေထောက်စွပ်ပြုတ်ပန်းကန်ကိုပါ ဘာမှမကျ အောင် သွန်ချလိုက်မိတယ်လေ။ ဒါက ခင်ဗျားရဲ့အမှားပဲ။ ဘယ့်နှယ့်ဗျာ .. ဝက်ခြေထောက်စွပ်ပြုတ် သောက်တယ်ဆိုမှတော့ ပန်းကန်ပြားပေါ်မှာ ဝက် ခြေထောက်ရိုးတွေ ကျန်နေရမှာပေါ့။ ဘယ်သူက မျိုချနိုင်မှာတုံး။ အဲ ..





တော်လေးကြာမှ ကိုကြင်စိန်ကို လှမ်းခေါ်လိုက်တယ်။ ကိုကြင်စိန် ည့်ခန်းထဲမှာအရောက် အချိန်ကိုက်ပြီး အိပ်ခန်းထဲကနေ ခင်မောင်သိန်း အပြန်အလှန် စကားပြောနေတယ်ထင်အောင် ခင်ဗျားက အသံနှစ်မျိုးနဲ့ သံတုလုပ်ပြီး ပြောနေလိုက်တယ်။ ဟုတ်တယ်မဟုတ်လား''

ကိုဘသန်းက ဆွံ့အနေသလို ဘာအသံမှ ပြန်မတုန့်ပြန်နိုင်။ ရားသူကြီးက စိတ်ဝင်စားလာဟန် ကိုယ်ကို ရှေ့သို့ကိုင်းလျက် နားစိုက် ထောင်နေသည်။ တရားလိုရှေ့နေကြီးက တစ်စုံတစ်ရာ ထပြောရန်ပြင်ပြီးမှ ငြိမ်ထိုင်နေလိုက်သည်။

''ပြီးတော့မှ ကိုကြင်စိန်ကို ပိုက်ဆံထွက်ပေးပြီး သူ့အရင် တိုက် ခန်းထဲက ဦးအောင်ထွက်လာခဲ့တယ်။ ဒါမှ ကိုကြင်စိန်က ခင်ဗျားထွက် သွားတဲ့အချိန်ထိ ခင်မောင်သိန်း အသက်ရှင်နေတုန်းလို့ ထင်တော့မှာပေါ့ ဗျာ ... မဟုတ်ဘူးလား။ ခင်ဗျားက ခင်မောင်သိန်းရေးပေးတဲ့စာကို မိမိ ထွန်းဆီ ကိုယ်တိုင်သွားပေးခဲ့ရတဲ့လူဆိုတော့ မိမိထွန်းအဲဒီနေ့ညနေ ၅ နာရီ လာမယ်ဆိုတာ သိနှင့်နေပြီးသားလေ။ ဒါကြောင့် ဒေါ်ဥမ္မာအိမ်ကို ညနေ ၄း၃၀ နာရီအရောက်သွားပြီး တယ်လီဗုန်းနဲ့ပါ်တ် လှည့်ဟန်ပြုပြီး ခင်မောင်သိန်းနဲ့ စကားပြောနေဟန်ဆောင်တယ်။ ဒါမှလည်း ဒေါ်ဥမ္မာက ညနေ ၄း၃၀ ထိ ခင်မောင်သိန်း အသက်ရှင်ရက် ရှိနေတယ်လို့ ယုံကြည်နေတော့မှာပေါ့ .. ဟုတ်လား။ ကြည့်စမ်း ... ပိုင်လိုက်တဲ့ အကြံဗျာ။ ဒါပေမဲ့ ခင်ဗျား ကံဆိုး သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ညနေ ၄း၃၀ နာရီမှာ ခင်မောင်သိန်း အိမ်ဧည့်ခန်းထဲရောက်နေတဲ့ ကိုလှမြင့်က တယ်လီဖုန်းမြည်သံ မကြားခဲ့ရဘူး လေ။ ဘယ်ကြားခဲ့ရပါ့မလဲ။ တယ်လီဖုန်းက မြည်မှ မမြည်ခဲ့တာပဲ။ အမှန် တော့ ခင်ဗျားဒိုင်ခွက်က ဂဏန်းသုံးလေးလုံးလောက်ပဲ လှည့်ပြီး ဒေါ်ဥမ္မာ ကို တစ်ပတ်ရိုက်နေတာကိုးဗျာ။ တကယ်ဆို ...''

''ရုံးတော်ခင်ဗျား ... ရုံးတော်ခင်ဗျား ...''

တရားလိုရှေ့နေကြီး ရုတ်တရက် ထအော်ဟစ်လိုက်သည်။

"ရုံးတော်ခင်ဗျား ... တရားခံရှေ့နေကြီးဟာ ထင်ရှားနေတဲ့ အ လမ်းကြောင်းကို ရှုပ်ထွေးသွားအောင် စိတ်ကူးယဉ်ဇာတ်လမ်းတွေ တ ခင်းပြနေတာပါ။ သက်သေထွက်ဆိုချက်တွေ၊ အချိန်နာရီတွေကို ပေ စပ်ပြီး သူလိုရာကို အတင်း ကောက်ချက်ချပြနေတာဖြစ်ပါတယ်။ အမှတ်တ ဆိုရင်တော့ ယုတ္တိတန်သလိုလို အင်မတန် နားထောင်လို့ကောင်းတဲ့ ပုံပြ တစ်ပုဒ်ပါပဲ။ တကယ်တမ်း ဥပဒေကြောင်းအရ ကြည့်မယ်ဆိုရင် လုပ်ကြ ဖန်တီးထားတဲ့အချက်တွေ ဘူးပေါ်လာသလို ပေါ်နေပါတယ်။ ထိရောက်ေ ချာတဲ့ သက်သေအထောက်အထား ဘာတစ်ခုမှမပြနိုင်ဘူး။ အမှန်တော့ တရားရုံးတော်ရဲ့ ယန္တရားကို အလဟဿဖြစ်အောင် အလွဲသုံးစားပြုလု နေတာမို့လို့ ကျွန်တော် ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ် ခင်ဗျား"

ထိုကြားဖြတ်တင်ပြချက်ကြောင့် တရားသူကြီးပင် ခေတ္တ ဇဝေဇ ဖြစ်သွားဟန် စဉ်းစားနေသည်ကို တွေ့ရ၏။ သူ၏မျက်လုံးများကမူ ကိုဘသန် ထံမှ မခွာဘဲ စူးစူးစိုက်စိုက်ကြည့်နေသည်။ ထိုအခိုက် ကိုဘသန်းက မျက်လွှာ ပင့်၍ ခိုးကြည့်လိုက်ရာ သူ့အား စိုက်ကြည့်နေသော တရားသူကြီး၏ မျက် လုံးရွှဲကြီးများဖြင့် သွားဆုံနေသဖြင့် ကပျာကယာ မျက်လွှာချလိုက်ရ တရားရုံတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အတန်ငယ်ကြာမှ တရားသူကြီးက ...

"တရားခံရှေ့နေကြီးရဲ့ တင်ပြချက်တွေဟာ အတော်လေး စိတ်ဝင် စားဖို့ ကောင်းပါတယ်။ ဒါပေမဲ့ တရားလိုရှေ့နေကြီး ကန့်ကွက်သလို သက် သေခံအထောက်အထား ခိုင်ခိုင်လုံလုံ မပြနိုင်သေးတာလည်း မှန်နေပြ တယ်။ အင်း ... ဒီအတိုင်းဆိုရင် ကန့်ကွက်ချက်ကို လက်ခံရလိမ့်မယ် ရှေ့နေကြီး"

ဦးမြသိန်းက ဦးညွှတ်လျက် ...





"ရုံးတော်ခင်ဗျား ... ဒီသက်သေကို နောက်ထပ်မေးခွန်း တစ်ခု နှစ်ခုလောက် မေးပြီးရင်တော့ ခိုင်မာတဲ့ အထောက်အထားတစ်ခုကို တင်ပြ နိုင်ဖို့ ရှိနေပါတယ်ခင်ဗျား"

တရားသူကြီးက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ကောင်းပြီလေ ... ဒါဆိုလည်း ဆက်မေးပါ ... ရှေ့နေကြီး။ ကျွန်ုပ် နားထောင်ကြည့်စမ်းမယ်"

ဦးမြသိန်းက ကိုဘသန်းမျက်လုံးများအတွင်း စူးစိုက်ကြည့်ကာ–

"စိန်လည်တံ့ကို ခင်ဗျား ဘယ်မှာဝှက်ထားလဲ ... ကိုဘသန်း"

တရားလိုရှေ့နေကြီး ကန့်ကွက်ရန်ထပြီးမှ ပြန်ထိုင်ချလိုက်သည်။

"ဘာဗျာ ... ကျွန်ုပ်က ဘာလို့ ဝှက်ထားရမှာလဲ။ ဒီကိစ္စ ကျွန်ုပ်မှ မသိတာဘဲဟာ"

"ဒီစိန်လည်တံ့က လောလောဆယ် ထုတ်ရောင်းဖို့ကလည်း မဖြစ် နိုင်သေးဘူးလေ။ ဒီတော့ ခင်ဗျားတစ်နေရာရာမှာ ဝှက်ကိုဝှက်ထားရမယ် ကိုဘသန်း"

"အာ ... ဒီစိန်လည်တံ့ကိစ္စ ကျွန်ုပ်မသိပါဘူးလို့ ဘယ်နှခါပြော ရမလဲဗျာ။ အဲဒီကိစ္စနဲ့ ကျွန်ုပ်အိမ်မှာ ရဲတွေ ပိုက်စိပ်တိုက် ရှာဖွေခဲ့ပြီးပြီ လေ။ ဝှက်ထားရင် တွေ့ရမှာပေါ့"

ဦးမြသိန်းက ကိုဘသန်းမျက်နှာနား တိုးကပ်၍ ...

"ဒါပေမဲ့ ရဲတွေက ခင်ဗျားကားထဲမှာတော့ မရှာဖွေခဲ့ရသေးဘူး မဟုတ်လား"

"ဗျာ ..."

ကိုဘသန်း၏ 'ဗျာ' လိုက်သံက တရားရုံးအတွင်း ပဲ့တင်ထပ်မျှ ကျယ်လောင်သွားလေသည်။ ကိုဘသန်း ရုတ်တရက် ကယောင်ကတမ်း သရုပ်လိုက်သဖြင့် အနီးရှိ ရဲဝန်ထမ်းက ပြန်ထိုင်ခိုင်းလိုက်ရသည်။ သူ၏ မျက်လုံးများက ပြူးကျယ်ကာ နဖူးပြင်ဝယ်ချွေးစေးများ စို့တွက်လာသည်။

ဦးမြသိန်းအား ချောက်ချားစွာ မော့ကြည့်လိုက်သော သူ၏မျက်နှာမှာ လူသေ၏မျက်နှာပမာ သွေးမရှိတော့၊ ဖြူဖပ်ဖြူရော် ဖြစ်နေလေပြီ။

ဦးမြသိန်းက ကိုဘသန်း၏အမူအရာကို အကဲခတ်နေပြီးမှ တရား ခွင်ဘက်သို့ ရုတ်တရက်လှည့်ကာ ...

"ရုံးတော်ခင်ဗျား ... ဒီသက်သေရဲ့ ဘောက်စ်ဝက်ဝွန်းကားဖြူ လေး ရုံးယာဉ်ရပ်စခန်းမှာ ရှိနေပါတယ်။ ခိုးရာပါ စိန်လည်ဆွဲဟာ အဲဒီကား ထဲမှာ ရှိနေပါလိမ့်မယ်။ ဒါကြောင့်မို့ အဲဒီကားထဲမှာ အမြန်ဆုံး ရှာဖွေ နိုင်ဖို့ အရေးပေါ် အမိန့်ချမှတ်ပေးပါရန် လျှောက်ထားတင်ပြအပ်ပါတယ် ခင်ဗျား"

တရားသူကြီးက ကိုဘသန်းကို အကဲခတ်နေရင်းမှ ဆတ်ခနဲ ခေါင်း ညိတ်ကာ ရှေ့ဖတ်စာရေးအား တီးတိုးပြောလိုက်သည်။ ရှေ့ဖတ်စာရေ ထွက်သွားပြီး ခဏအကြာတွင် ရဲအရာရှိတစ်ဦးနှင့် ရဲဝန်ထမ်းနှစ်ဦး ရုံးခန် အတွင်း ဝင်လာသည်။

တရားသူကြီးက ...

"ကဲ ... အရေးပေါ်အခြေအနေမို့လို့ ခင်ဗျားတို့ကို ခေါ်လိုက်ရ တာပါ။ ဟောဒီသက်သေဆီက ကားသော့ယူပြီး ရုံးရှေ့မှာရပ်ထားတဲ့ ဘောက်(စ်) ဝက်ဝွန်းကားဖြူလေးထဲမှာ ခင်ဗျားတို့ သွားရှာကြရမယ်။ ရှာရ မဲ့ပစ္စည်းက စိန်လည်ဆွဲတစ်ခုပဲဗျ"

ရဲအရာရှိက ကိုဘသန်းဆီ တဖြည်းဖြည်းလျှောက်လာသည်။ အနီ သို့ရောက်သည်နှင့် လက်ဝါးဖြန့်ကာ ကားသော့တောင်းလိုက်သည်။

ကိုဘသန်းသည် ကုလားထိုင်လက်တန်းနှစ်ဖက်ကို အားယူ၍ ထလိုက်သည်။ သူ့ခန္ဓာကိုယ် ဒယီးဒယိုင်ဖြင့် ယိမ်းထိုးသလို ဖြစ်နေသည်။ သူက ရှေ့ဘောင်းဘီအိတ်ထဲရှိ ကားသော့တွဲကို တုန်တုန်ချည့်ချည့် နှိုက် ယူကာ ရဲအရာရှိထံ ကမ်းပေးနေသည်။ ရဲအရာရှိက လေထဲမှာ တဆတ် ဆတ်တုန်ကာ လှုပ်ယမ်းနေသော သော့တွဲဆီ လက်လှမ်းလိုက်သည်။ ရဲ





အရာရှိလက်နှင့် သော့တွဲ ထိလိုက်သည်နှင့် ကိုဘသန်း၊ ဒူးညွှတ်ကာ ကြမ်း ပြင်ပေါ်သို့ အရုပ်ကြိုးပြတ် ခွေလဲကျသွားလေတော့သည်။

"ဟာ ... ဟယ် ..."

ပရိသတ်ထဲမှ အာမေဋိတ်သံများ သံပြိုင် ဟိန်းထွက်လာသည်။ ကြမ်းပြင်ပေါ် ခွေလဲနေသော ကိုဘသန်းကို ရဲအရာရှိနှင့် ရဲသားနှစ်ယောက် က ပွေ့ထူလိုက်ကြသည်။ ကိုဘသန်းက သူ့ကိုပွေ့ထားသော ရဲများကို ကြောက်ရွံ့ထိတ်လန့်စွာ မျက်လုံးပြူးကြည့်သည်။ သူ့ကိုမလဲကျအောင် ဆွဲ ထိန်းထားသော ရဲများလက်မှ အရှူးတစ်ယောက်ပမာ ရုန်းကန်ထွက်ဖို့ ကြိုး စားနေသည်။

ကိုဘသန်း သွေးပျက်လေပြီ။

"ကျွန် ... ကျွန် ... ကျွန်တော့်ကို ... မ ... မဖမ်း ... ဖမ်း ကြပါနဲ့ဗျာ။ ကျွန်တော် အမှန်ကို ... ဝန် ... ဝန်ခံပါတော့မယ်။ ခင် ... ခင်မောင်သိန်းကို ... ကျွန်တော် ... သတ် ... သတ်ခဲ့ပါတယ်"

ကိုဘသန်း၊ ရဲများလက်မှ သွေးရူးသွေးတန်း ရုန်းကန်ရင်း ထစ် ထစ်ငေါ့ငေါ့ ပြောနေသည်။

တရားသူကြီးက ...

"ကောင်းပြီ ... ဒါဆို ခင်ဗျား ဖြောင့်ချက်ပေးမှာလား"

ကိုဘသန်းက တုန်ရီသောအသံဖြင့် ...

"ဟုတ် ... ဟုတ်ကဲ့၊ ကျွန် ... ကျွန်တော် ဖြောင့်ချက်ပေး ... ပေးပါတော့မယ်"

"ဒါဆို စိန်လည်ဆွဲ ကားထဲမှာရှိလားကွယ့်"

"ဟုတ် ... ဟုတ်ကဲ့၊ ရှေ့ကူရှင်ထဲမှာ ရှိပါတယ်"

"ကောင်းပြီ။ ဒါဆို သူ့ကို အချုပ်ခန်းထဲမှာ သိမ်းထား[illegible] တော့။ ပြီးမှ ဖြောင့်ချက်ယူမယ်။ အခု ရဲအရာရှိရယ်၊ နှစ်[illegible] တွေရယ်က ကျွန်ုပ်နဲ့လိုက်ခဲ့ကြပါ။ ကားထဲမှာ သွားရှာကြရအောင်"

တရားသူကြီးနှင့်အဖွဲ့ ထွက်ခွာသည်။ ရဲသားနှစ်ယောက်က ကိုဘသန်းကို ခေါ်သွားတော့၏။ ကျွန်ုပ်လည်း စိန်လည်တုံရှာဖွေရာသို့ လိုက်ကြည့်ရန် နေရာမှ ထရပ်လိုက်သည်။

ထိုစဉ် ဆွဲဆွဲငင်ငင် ငိုကြွေးလိုက်သံတစ်ခုကို ကြားလိုက်ရသည်။ ကျွန်ုပ် လှည့်ကြည့်လိုက်ရာ ဝက်မြံအတွင်းတွင် တရှုံ့ရှုံ့ငိုကြွေးရင်း ခင်မွန်ဖြစ်သူ၏ လက်မောင်းတစ်ဖက်ကို တအားဖျစ်ညှစ်ဆုပ်ကိုင်ထားသော မိမိထွန်းကို တွေ့ရ၏။ ခင်မွန်းသည်ကလည်း သူမ၏ဆံနွယ်စများကို မွတ်သပ်ကာ နှစ်သိမ့်ချော့မော့နေပါသည်။

"တရားသူကြီးမင်းခင်ဗျား ... စိန်လည်တုံကို ရှာတွေ့ပါပြီ"

ကျွန်ုပ် ယာဉ်ရပ်နားရာသို့ ရောက်သွားချိန်ဝယ် ရဲအရာရှိက ဘောက်စ်ဝက်ဂွန်းကားဖြူလေးထဲမှ ရှာတွေ့ရသော စိန်လည်တုံကို တရားသူကြီးအား မြှောက်ပြလိုက်သည်။

တရားသူကြီးက နေရောင်အောက်တွင် အရောက်တလက်လက်ဖြင့် ပြိုးပြိုးပြက်ပြက် တောက်ပနေသော စိန်လည်တုံကို အတန်ငယ်ကြာအောင် စိုက်ကြည့်နေသေးသည်။ ပြီးမှ ကျေနပ်ဖွယ်ပြုံးလျက် တရားရုံးတွင်းသို့ ပြန်လည်ဝင်ရောက်သွားလေတော့၏။

ကျွန်ုပ်က ဦးမြသိန်းအား လက်ပြနှုတ်ဆက်ကာ ဂျစ်ကားကို စက်နှိုးပြီး အကျဉ်းထောင်ဆီသို့ ပြန်လည်မောင်းနှင်လာခဲ့သည်။

အမှန်တရားဟူသည် တရားဥပဒေမျက်စိတွင် မျက်မှန်စိမ်းတပ်ပေးလိုက်ရုံဖြင့် မှေးမှိန်ပျောက်ကွယ်သွားလိမ့်မည်မဟုတ်ပါပေ။ ဤလောက တရားဥပဒေကဲ့သို့ အမှန်တရားကို ဖော်ထုတ်နိုင်သောအရာသည် အခြားမရှိတော့ပါချေ။

လောဘမီးလောင်မြိုက်မှုကြောင့် မောဟအမှောင်အတွင်း၌ ဖွတ် ဝင်တိုးခဲ့မိသော ကိုဘသန်းသည်ကား နောက်ဆုံးတွင် ထောက်တည်မဖြစ်ကာ ဥပဒေစက်ကွင်းသို့ သက်ဆင်းရပေတော့၏။

---
သူရိန်တာမေ



မိန်းမတို့၏ အရှက်တရားအတွက် အသက်ကိုပင်စတေးရန် ဝန်မလေးသော မိမိထွန်းအဖို့မှ ရှုပ်ထွေးမှုပွေလီလှသော ဥပဒေ၏ သားကောင်အဖြစ်မှ သံသယကင်းစွာ လွတ်မြောက်ခဲ့ပါလေပြီ။

သို့တစေ မိမိထွန်းသည် အဘယ်ကြောင့် ရှိုက်ကြီးတငင် ငိုကြွေးခဲ့ပါလေသနည်း။

ဝမ်းနည်းလွန်း၍လား။ ဝမ်းသာလွန်း၍လား။
အရှက်အတွက် ဝမ်းနည်းခဲ့လေသလား။
အသက်အတွက် ဝမ်းသာခဲ့လေသလား။
ထိုအဖြေကို ကျွန်ုပ်အနေနှင့် မသိခဲ့နိုင်တော့ပါချေ။
သိလည်း မသိအပ်တော့ပြီ မဟုတ်ပါလား။

❊ ❊ ❊

**ပျိုစော**




## [၁]

❑

တချို့က ဂန္ထီရဟု ပြောကြ၏။

တချို့က ကြုံကြိုက်တိုက်ဆိုင်မှုဟု လက်ခံချင်ကြသည်။

တချို့က ကြုံကြုံဖန်ဖန် ကြမ္မာငွေမောက်ခြင်း ... တဲ့။

''ဒါဟာ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်သူ့မှာဖြစ်ဖြစ် ဖြစ်နိုင် ...မျိုးလေ။ မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ် ပြောကြကြေးဆိုရင် ဘယ် ...ောက် စိတ်မာစိတ်ထက်လှချည်ရဲ့ဆိုတဲ့ အရင့်အမာကြီးတွေမှာဆိုလည်း ...်ဆိုးကြမ္မာငင်ပြီဟော့ ဆိုရင်ပြန်လှန်နိုင်ခဲ့သားကလား။ ဘုန်းဘုန်းလဲချင် ... ဘုန်းဘုန်းမလဲတောင်မှ ဘဝပျက်ခမန်း ကြုံရတတ်တာကိုး။ ဘာပဲဖြစ်ဖြစ် ...ိုင်းမှာ ဖြစ်နိုင်တဲ့ဟာမျိုးဟုဆျလည်း ချင့်ချင့်ချိန်ချိန် စိတ်တုံးတုံးချလိုက် ...တွေလည်း ရှိသည်။

မည်သို့ပင်ဖြစ်စေ ...

'ဘာကြောင့်ရယ်၊ ညာကြောင့်ရယ်' မည်မည်ရရ သတ္တုမချနိုင်ဘဲ ...ောင်မှုးကလေး ကိုတင်ထွေးတစ်ယောက်ဖြင့် လောလောလတ်လတ် ...ခဲ့ရပြီဖြစ်သည်။ သေသည်မှ သူ့ဘာသာသူ လုပ်ကြံသတ်ဖြတ်ခြင်းဖြင့်

ဥပဇ္ဈေဒက ဂံဆိုးကြီးကိုမှ လက်ရဲဇက်ရဲကျူးလွန်၍ အသေဆိုးခဲ့ရခြင်းဖြ
သည်။ ၃၀၃ ရှိင်ဖယ်သေနတ်ပြောင်းဝကို ပါးစပ်ဖြင့်ငုံလျက် မောင်းခလု
အား သူ့ခြေမဖြင့် သူဗိနင်းချကာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားခြင်း

ထောင်မှူးကလေး၏ သေဆုံးခြင်းနှင့်အတူ သို့လော သို့လော
သံသယကုဏ္ဍူစတွေက ရုတ်ခြည်း ဟုန်းခနဲ ထတောက်လာခဲ့ခြင်းဖြ
သည်။

"တကယ်ပဲ သူကြိုတင်ပြောခဲ့တဲ့စကားအတိုင်း တစ်သဝေမတိ
ဖြစ်လာတော့တာပါပဲကလား။ အင်း ...။

✲ ✲ ✲

[၂]

ရုတ်တရက်သားဖြင့် ဘာကိုဘယ်လို ပြန်၍ပြောလိုက်ရမည်ပင်
သိ။ မကြားဝံ့မနာသာ ထူးထူးဆန်းဆန်းစကားတွေကို နှုတ်ကျူးနှုတ်လွန်
ထွက်ရဲလွန်းလှသည့် သူ့ကိုသာပဲ စူးခနဲ ပြူးကြည့်နေမိလျက်သား ဖြစ်


"ဘယ်လို ... ကိုတင်ထွေး။ ပြန်ပြောစမ်းပါဦး။ ခုနင်က ဘာပြော
က်တယ်"

"ဗျာ ... ဆရာ"

"အခုနက မင်းပြောလိုက်တဲ့စကားကို ပြန်ပြောစမ်းလို့"

"ဪ ... ဒါလား။ အဲဒါက ဒီလိုပါဆရာ ... အဟဲ"

သူပြောပုံကို မနှစ်မြို့သည့်လေသံဖြစ်မှန်း သူသိသည်။ သူ့ဝန်း
င်ပတ်လည်ရှိ ထောင်ဝန်ထမ်းနှင့် အကျဉ်းသားအချို့ကလည်း ဘဝင်
ဟန် မျက်နှာပေးတွေနှင့် မှုန်တေတေကြည့်နေကြမှန်း သူသိသည်။ ထို့
ကြောင့်သာပင် မရယ်ချင့်ရယ်ချင် သွားဖြဲ၍ 'တဟဲဟဲ' သံပေးရင်း မျက်နှာ
သွေးလိုက်ခြင်းဖြစ်၏။

သူရိန်စာပေ

ကျွန်တော်တို့ဆရာတပည့်များ လောလောဆယ် လုပ်နေ[illegible] သည့် လုပ်ရာကိုင်ခင်းများကပင် သိပ်နိပ်လှသည်မဟုတ်။ နဂိုဓာတ်ခံ[illegible] မသန့်သူများအဖို့ မသတီချင့်စရာ အလုပ်မျိုးတွေကို အားကြိုးခန့် ကျဲ[illegible] ကြရခြင်းဖြစ်သည်။

ပြောင်းလဲတိုးတက်လာနေသည့် ရတနာပုံ မန်းရွှေမြို့တော်ကြီး[illegible] ကျက်သရေ ပိုမိုဝင့်ထည်စေဖို့ မြို့မျက်နှာလေးပြင်လေးရပ်ရှိ တရား[illegible] တရားဝင် သချိုင်းများကို ဖျက်သိမ်းလျက် အသစ်တည်ဆောက်ပြီး[illegible] သည့် ကြာနီကန်သုသာန်သို့ အမြန်ဆုံးပြောင်းရွှေ့နိုင်ရန် အကြီးအကဲ[illegible] နှင့် ဒေသအာဏာပိုင် အဖွဲ့အစည်းများက လိုလားနေကြသည်။ ဤသို့[illegible] မြို့တွင်းရှိ သချိုင်းများဟောတစ်ခု ဟောတစ်ခုအပူတပြင်း ဖျက်သိမ်းနေ[illegible] ရ၏။

ရွှေမြို့တော်ကြီး၏ မြောက်ပြင်၊ အိုးဘို–ရွှေကျင်ချောင်းကြီးကို [illegible] တင်ထားသည့် ခံကုန်းသုသာန်ကြီးအားလည်း ဖျက်သိမ်းပြောင်းရွှေ့၍ '[illegible] ကျွန်းအောင်မြေ' နန်းမြို့ကြီးအတွင်းမှ ကိုလိုနီခေတ်အကျဉ်းထောင်ဟောင်း[illegible] ကြီးကို ထိုသည့်ဖျက်သိမ်းပြီး သချိုင်းရာ၌ အသစ်တစ်ဖန် ဆောက်လုပ်[illegible] တဲ့။

ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် အကျဉ်းဦးစီးဌာနညွှန်ချုပ်[illegible] က အမိန့်တော်မြွက် ချမှတ်ခဲ့လေသဖြင့် စက်မှုလက်မှု အလုပ်ရုံဌာနမှူး[illegible] (Workyard Jailor) ဖြစ်သူ ထောင်မှူးကြီးကျွန်တော်နှင့် တပည့်လက်သား[illegible] များမှာ 'အကျဉ်းထောင်နယ်မြေ' အဖြစ် စနစ်တကျ သတ်မှတ်ထားပြီးဖြစ်[illegible] သော ခံကုန်းသချိုင်း၊ သုသာန်တစပြင်ဇရိယာထဲ၌ ကြိုတင်ရှင်းလင်းဖျက်[illegible] သိမ်းရေးလုပ်ငန်းများကို သတ်မှတ်ရက်အမီ ပြီးစီးစေရအောင် အားသွန်[illegible] အားစိုက် နေကြရခြင်းဖြစ်၏။

သုသာန်မြေ တန်တလျားကြီးကို အစိတ်စိတ် နယ်မြေများပိုင်း[illegible] ကန့်၍ အလုပ်အဖွဲ့များခွဲလျက် သစ်ပင်ဝါးပင်၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်း[illegible] လင်းခြင်း၊ မြေထိုးမြေကော်စက်ကြီးများ အလုပ်ခွင်ဝင်နိုင်ဖို့ လမ်းကြောင်း[illegible]





[illegible] ရှင်းလင်းစေခြင်း၊ ဟိုတစ်စု သည်တစ်စု စုပုံထားသည့် သစ်ပင်ချုံပင် [illegible]က်သယောင်းများအား မီရှို့ခြင်း၊ အကျဉ်းထောင်နယ်မြေအတွင်း မလွှတ် [illegible]င်းပါလာကြသော ကျူးကျော်တဲများ၊ အိုးအိမ်များ၊ နွားမွေးခြံများအား [illegible]သိမ်းပြောင်းရွှေ့စေခြင်းစသည့် စုံစီနဖာအလုပ်ကြမ်းများကို အောက်ခြေ [illegible] ပိုက်စိပ်တိုက်နေကြရခြင်းဖြစ်သည်။

လုပ်ငန်းများ၊ အဆင်ပြေ တွင်ကျယ်စေရေးအတွက်လည်း အကျဉ်း [illegible] ၂၀၀ ဆန့် ယာယီသံဆူးကြိုးကာ ရှေ့တန်းအလုပ်စခန်း ကလေးတစ်ခု [illegible] သည်သချိုင်းမြေပေါ်မှာပင် ကမျာကယာတည်ဆောက် ဖွင့်လှစ်ထားရ [illegible] တာဝန်ခံထောင်မှူးကြီးကား ကျွန်တော်။

"အခုတွေ့နေရတဲ့ အုတ်ဂူပေါ်က ကျောက်စာတွေကို ဆရာ ဖတ် [illegible]ည့်ပါလား။ 'စောသီရိနွယ်' တဲ့။ အသက် ၁၈ နှစ်တဲ့။ ငယ်ငယ်ကလေး [illegible]းတာ။ အုတ်ဂူက သာမန်ညောင်ည ဖြစ်ကတတ်ဆန်း မဟုတ်ဘူးရယ်။ [illegible]ိုင်းဂူပုံစံမျိုး ကျောက်ကျောက်ဖြူသားနဲ့ အကျအနကြီး လုပ်ထားတာ။ [illegible]ဘ်နှစ်ဆင့်တောင် ပေါက်ထားလိုက်သေး။ ကနုတ်တွေကပီတွေနဲ့မှုန်း [illegible]ိုက်တာများ၊ နွဲ့လို့။

"ပြီးတော့ ဆရာရယ် ... ကြည့်စမ်းပါဦး။ စိုးလေးတို့၊ နွားကြီး [illegible]ဝင်းတို့ မိုးမောက်ပြီးဖွင့်ထားတဲ့ ကျွန်းခေါင်းတလားကြီး ဟည်းနေတာ [illegible] ဘေးခေါင်းနှစ်ဖက်မှာ ကြေးဝါကွင်းတွေနဲ့ခင်ဗျ။ ဟောဒီမှာ ကလေးမ [illegible]ိုးရက အသားကြေသွားပြီး အနံ့အသက်တောင် စင်သလောက်ရှိနေ [illegible]သေပမဲ့ ဆံပင်တွေကတော့ မရိသေးဘူး။ ဒီအတိုင်းတိုင်းပဲ။ ဒူးခေါက် [illegible]ထိ ရှိနေတာကိုး။ အသက်နဲ့ ရှိတုန်းကများ ဒီဆံပင်တွေနဲ့ ဘယ် [illegible]ာက် လှလိုက်လေမလဲလို့။ ကြည့်ဦး ... ပိုးထိုင်မသိမ်းအင်္ကျီနုဝါလေး [illegible]ခရောင်ပိုးချိတ်ထဘီလေးနဲ့ ရွှေရောင်ပိုးပဝါကလေးတွေတောင် မရိမဆွေး [illegible]ကြသေးဘူး"

ထောင်ဆိုသည့်အရပ်က လူပေါင်းစုံ၊ စရိုက်ပေါင်းစုံ ရောကော [illegible]ကော သဘွန့်ပေါင်း၊ လုံးထွေးနေသည့်နေရာမျိုး။ ဒုစရိုက်မှုမျိုးစုံဖြင့်

သောင်တင်ကမ်းကပ်လာသူတွေချည်း များရာစုဖြစ်သည့်အတိုင်း မျက်စိ ဒေါက်ထောက်ကြည့်၍မှ ကွပ်ကွပ်ညှပ်ညှပ် မလုပ်မမိခဲ့လျှင် မလွယ်ရေး မလွယ်။ ယခုပင်လျှင် စိုးလေးဦးဆောင်သော ဝေ့ိုင်နို့တစ်သင်းက မြိုးမြိုး မြက်မြက်မက်လောက်ချင့်စရာ အုတ်ဂူများကို လက်ရဲဇက်ရဲဖောက်၍ ဖို ပစ္စည်း သည်ပစ္စည်းကလေးများကို ချွတ်ကြခွာကြသည်တဲ့။

သေသူ၏ဂုဏ်အသရေကို ထိခိုက်မှုက်ပြားစေမှုဖြင့် ကားခနဲနေသည် ထပ်ရာဇဝတ်မှုတစ်ခုနှင့် ပက်ပင်းအက်ထိတိုးစေနိုင်သည့် ကိစ္စမျိုး။ သို့ဖြစ်၍ သင်းတို့ လူလွန်မသားတစ်တွေ ထင်ရာမြင်ရာပေါက်ကရ လုပ်ထားကြသည် များကို အချိန်မီ လာကြည့် လာစစ် လာထိန်းသိမ်းနေရခြင်းဖြစ်၏။

သည်မှာပင် ကိုရွှေတင်ထွေးက မခေါ်ပင့်ချေ ပေါ်တော်မူလာခဲ့ပြီး နှုတ်မွှေသရမ်းနေခြင်းသာ။

"အဲဒီတော့ … ဘာဖြစ်တုံး"

"ဘာဖြစ်ရမှာတုံး … ဆရာရဲ့။ ဒီအသက်အရွယ် နုနုထွတ်ထွတ် ကလေးနဲ့ ဒီလို ဘဝအခြေမြင့်မြင့်မားမားနဲ့၊ ဟောဒီ ဆံပင်ဆံနွယ် တဖွေး တမွေ့ကြီး ထီးမှုနှန်းရာ အဝတ်အစားလှတပတတွေနဲ့ဆိုမှဖြင့် ဒီကောင်မ လေးဟာ သိပ်လှတဲ့ ကောင်မလေးဖြစ်ရမယ်လေဆရာ။ နုနုညက်ညက် ကလေးနဲ့ တကာယ့်မောရှမ်းမြေက ဟော်နန်းအနွယ်တော် 'စောသခင်' မလေး တစ်ဦးပဲ ဖြစ်ရမယ်။ ဟို … ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ 'လွမ်းတေးမဆုံး စေနှင့်စောသခင်' ဝတ္ထုထဲကလို 'မောဒေဝီ'ကလေး ဖြစ်ချင်ဖြစ်လိမ့်မယ်"

"အံမာလေးဟဲ့လေး … ငါ့လူရယ်၊ ဖြစ်မှဖြစ်ရပလေ။ သချိုင်း ကုန်းခေါင်းတလားထဲက အရိုးစုကိုကြည့်ပြီးများ စိတ်ကူးတွေယဉ်နေလိုက် ရသေးသဟဲ့။ အဲဒါကြောင့်၊ ဘုရားဟောထဲက ဝတ္ထုတစ်ပုဒ်ထဲမှာ ယောက်ျား များရဲ့ ကိလေသာတဏှာရာဂစိတ်ဟာတဲ့။ မိန်းမရဲ့ အရိုးစုကမှဋ္ဌာန်းကောင် ကို နွားပိန်အသား၊ ထိုးကြည့်ပြီးတော့တောင်မှ တပ်မက်တဲ့ စိတ်အာရုံဖြစ် တတ်ကြသေးသတဲ့လို့ အပ်ချမတ်ချ ဟောထားခဲ့တာပဲ။ ကိုင်း … ကိုရင် တင်ထွေး။ အဲဒီတော့ ဘာဖြစ်သေးသတုံး။ ဆက်တော်မူပါဦး"





"အဲဒီလို 'စောသခင်' မလေးများ အသက်ပြန်ရှင်လာခဲ့မယ်ဆို ရင် ကျွန်တော်တော့ ရူးတယ်ပြောပြော၊ ကြောင်တယ်ပဲဆိုဆို ပစ်စလက် ခတ် စိတ်ဝင်စားမိမှာ အမှန်ပဲ။ ဟဲ … ဟဲ … ဟဲ …"

"အာ … ဆရာဦးတင်ထွေးကလည်း ဖြစ်နိုင်ပါ့မလား။ ဆရာ ဟာမကာလေးကဖြင့် အရိုးပဲသွေးတော့မယ်။ ဘယ်လိုနည်းနဲ့ ပြန်ရှင်လာ နိုင်ပါတော့မလဲ။ တကတည်း …"

"ဟဲ့ကောင် … စိုးလေး။ နင် သောင်မှန်းကမ်းမှန်းမသိဘဲ ရွတ် ရွတ်ပြီး ဝင်တောမနေနဲ့။ ဆရာဦးတင်ထွေးပြောနေတာက အကယ်၍ ဟောဒီ ဟာမကာလေးရဲ့ ဝိညာဉ်လိပ်ပြာက တမလွန်ကနေများ ကိုယ်ကောင်ထင်ရှား ပြနိုင်ခဲ့ရင်လို့ ပြောတာ။ နော့ … ဆရာ"

အရေးထဲ နွားကြီးနှင့် စိုးလေးတို့ ငနဲနှစ်ကောင်က ထုံးစံအတိုင်း နှုတ်ရေးစကားတတ် ကျွက်စီကျွက်ညံလုပ်၍ ငြင်းကြခုံကြ။

ကိုတင်ထွေး ဘာပြောမလဲ အသာငြိမ်၍ နားစွင့်နေလိုက်၏။

"ဟယ် … နင့်မေလွှားတဲ့။ နင်တို့ဟာက အဟုတ်မှတ်လို့ နား ထောင်နေမိတယ်။ မကျွတ်မလွတ်သေးတဲ့ အစိမ်းသရဲကိုများ မျှော်တော် ယောင်စာတတ် ခင်းနေကြတာကိုး။ မှုကြုံကောင်း မစည်ရာတွေများ။ ဖွ … ဟဲ့ လွှဲပါစေ ဖယ်ပါစေ။ မပြောကောင်း မဆိုကောင်းတွေ"

အကျဉ်းသားဘုတ်ကိုင်အဘိုးကြီး ဦးတင်ဆောင်က မျက်လုံးပြူး မျက်ဆံထွက် လက်ကားယား ခြေကားယားဖြင့် ရှုံးရှုံးရွဲရွဲ ဖြစ်လာပြန်သည်။ ဖြစ်မည်ဆိုကလည်း ဖြစ်လောက်ပေ၏။ သုသာန်တစပြင်မြေပေါ်မှာ အလုပ် လုပ်ရမည်ဆိုကတည်းက အဘိုးကြီး မျက်နှာမျက်ချင်ချင်။ ရှေးအဘိုးကြီးလည်း ဖြစ် ရိုးရာအစွဲအလမ်းကလည်း သန်လွန်းသူဖြစ်ရာ တစ္ဆေသရဲ ဘာညာ ဘာညာတွေဆို အလိုလို ကြက်သီးထ လည်ဆံမွေးထောင်တတ်သူ။

စိုးလေးတို့၊ နွားကြီးတို့ ဖောက်ထားသည့် အုတ်ဂူဟောင်းလောင်း ကြီး ရောမကျွန်းခေါင်းတလားကြီး။ 'စောသိရီနွယ်' ဟု အက္ခရာထွင်းထိုး ထားသည့် ကြေးဝါကဗ္ဗည်းစာများ၏ပိုင်ရှင် အရိုးစုတစ်စုံသည် နှလုံးမသန့်

ဖွယ်အရာများကြောင့်သွေးမျက်ချင်လှတည်းတည်း၌ ယခုနှယ် တချွေတွေ
သရဲတွေအကြောင်း သဘောအတွေကြီးတွေ့လျက် အရှိုက်သည်းလှိုက် အချ
အတင် ပြောနေဆိုနေဖြစ်ကြခြင်းကို ကျောစိမ့်ချင်နေပြီထင်သည်။

"အဟုတ်ပြောနေတာ ... အဘဦးတင်ဆောင်ရဲ့ ကျုပ်တို့ ဟိုအဘိုး
ကြီး ဘိုးပြူးမောင် ရှိပါရောလား။ ဟုတ်တယ် ... ဟုတ်တယ်၊ အတော်
များများက 'ဘလိုင်းမာစတာ' လို့ ခေါ်ခေါ်နေကြတဲ့ မျက်စိတစ်ဖက် တိ
တစ်လုံးနဲ့ ဘိုးတော်ဟာကော။ အဲ ... အဲဒီအဘိုးကြီးက ဆရာဦးတင်တွေ
တို့ရဲ့ လက်သမားဘုတ်ထဲမှာလေ၊ လွှဝိုင်းနောက်ထိုင်အကူဆိုလား ဘာဆို
လား။ သူက 'ဝိညာဉ်ခေါ်' တတ်၊ 'လိပ်ပြာသွင်း' တတ်သတဲ့။ ဆရာဦးတင်
တွေ့ တကယ်စိတ်ဝင်စားတယ်ဆိုရင် ဒီဟာမလေးကို ဘိုးပြူးမောင်နဲ့ 'ဝိညာဉ်
ခေါ်' နိုင်းကြည့်ပါလား။"

"အေး ... မင်းပြောတာ မဆိုးဘူးဟေ့ ... ပိုက်တင်ရေ့။ တကယ်
သာ ဒီကောင်မလေး ကိုယ်ထင်ပြနိုင်ပြီး တကယ်လည်းချောတယ်ဆိုလို့
ကတော့ ငါကတော့ 'တမလွန်ချစ်သူ' လုပ်ပြီး သံယောဇဉ်ဖွဲ့ထားဖို့ ဝန်
မလေးဘူးမောင်။ အဟုတ်ပြောနေတာ။ "ဟဲ .. ဟဲ ... ဟဲ"

ကိုရွှေတင်ထွေးကား နှုတ်စီးနေသည်ထင့်။ မအပ်မရာတွေကို နှုတ်
ထွက်ရဲလွန်းနေသည်။ သည်စကားဝိုင်း၊ သည်တွင်ရပ်မှ ကောင်းရှောမည်
သို့မဟုတ်လျှင် ...

"ဟေ့ ... တော်ကြတော့ ... ရပ်ကြတော့။ ငြိမ်နားထောင်နေလို့
အကောင်းမှတ်နေကြတာ ချိုးပြော မိုးပြောတွေ။ အခု မင်းတို့လုပ်ထားတာနဲ့
တင် ကာယကံရှင်တွေသိလို့ကတော့ မိုးမီးလောင်မှဲကိန်း ဆိုက်နေပြီ မောင်
အဲဒီအထဲကမှ မုံမဟုတ် ပတ်မဟုတ် မကောမကာအလုပ်တွေကို လုပ်ဖို့
စဉ်းစားနေကြသေးတယ်ရယ်လို့ ခက်တဲ့ကောင်တွေ။

ကိုတင်ထွေးကလည်း မင်းက အရာရှိတစ်ယောက်အနေနဲ့ ထိန်းရ
သိမ်းရမဲ့ဥစ္စာ မင်းကပါ အရူးမဟုတ် အကောင်းမဟုတ် ဝင်လုပ်နေတယ်
ဒီးတဲ့မှ ...။ ကဲ ... ကိုရင်လည်း ကိုယ့်တာဝန်ကျတဲ့နေရာကို ကိုယ်ပြန်





တော့။ အဘဦးတင်ဆောင်ရေ ... ဒါကြီးတွေကို သူ့နေရာသူ ပြန်ထား
လိုက်။

မောင်မြင့်တို့ ပန်းရံဘုတ်က အုတ်ဟောင်းနဲ့ ဘိလပ်မြေသရွတ်ယူ
အုတ်ဂူအပေါက်ကိုလည်း သပ်သပ်ရပ်ရပ်ပြန်ပိတ်၊ ပြန်ချောပေးလိုက်
။ သူ့သက်ဆိုင်တဲ့သူတွေသိရင် ကျော်မကောင်း ကြားမကောင်း
သနာကြီးတွေ တက်နေပါဦးမယ်။ ဟိုကောင် ... စိုးလေးနဲ့နွားကြီး၊ မင်း
တစ်ဖွဲ့လုံး ငါနဲ့လိုက်ခဲ့ကြ။ ခြေဂနာမငြိမ် လက်ဂနာမငြိမ်နဲ့ ပြဿနာ
မီးခွက်ထွန်းရှာနေတဲ့ကောင်တွေ။ ငြိမ်ဆေးကလေး ကျွေးလိုက်ရ
တာပ"

သည်တော့မှ မီးကျိုးခဲကို ရေနှင့်ဖြန်းသည်သို့ ရှဲခနဲ ဝပ်ကျသွား
တော့၏။ အပိုးမကျိုးသည့် သူတို့မျက်နှာကြီးတွေ နည်းနည်း ကွက်ခြွေရချင်
တော့သည်။

"ဟူး ... ကိုတင်ထွေး ... ကိုတင်ထွေး ... ကိုတင်ထွေး ...
တော့ ခက်ဦးမယ်။ ထောင်မှူးဖြစ်တာကလည်း တစ်နှစ်ပတ်မလည်
သေးဘူး။ မိန်းမရထားတာမှ သုံးလမပြည့်တပြည့်။ ဒီအထဲကကို နွား
ာ ချိုသွေးပြလိုက်၊ နွာရှုပ်ပြလိုက် လုပ်သလိုမျိုး လုပ်နေချင်သေး။ ခက်
ယ် ... ခက်ဦးမယ်"

✲ ✲ ✲

[ ၇ ]

□

ညသည် လရိပ်ဖြင့် ပြာနေအောင် ထိန်ထိန်သာနေ၏။

အိပ်ချိန် (Light-down) ဝီးကြီးချပြီးဖြစ်၍လည်း ရဲဘက်စခန်းကုန်းကလေးတစ်ခုလုံး အိပ်မောကျနေဟန်ထင်၍ ငြိမ်တိတ်၍နေသည်။

တောင်နန်းမတော်ဘုရားနှင့် မြောက်နန်းမတော်ဘုရား၊ ဘုရားပုထိုးတော်ကြီးနှစ်ဆူ၏ ခြေတော်ရင်း မန်းမဝေးလယ်ကွင်းအစပ်ကုန်း တောင်ကလေးပေါ်တွင်တည်ထားသည့် စခန်းကုန်းတဲတန်း ကုပ်ကုပ်မည်းမည်းရှုကလေးသည် လရောင်ပြက်ထားသည့်ညအလင်း၌ မတုန်မလှုပ် ကျောက်ရုပ်ထိုင်နေသည်သို့ရှိ၏။

နွေညမို့လေက အလှုပ်အခတ် တစ်စက်မရှိ။ ရွက်ဖျားကလေးများလှုပ်ယောင်ယောင်ကလေးမျှပင် အတိုးအဝှေ့မရှိ။ အခြောက်တိုက်ကြီးငြိမ်နေတော့သည်။ ညယံဖြစ်နေသည့်တိုင် လရိပ်ညရောင်နှင့် လိုက်ဖက်လောက်အောင်လေညင်းအေးကလေးတစ်ဝှေ့တစ်ရွေ့ပေါ်မလာ။ အိုက်ပြုတ်ပြုတ် ပူလောင်လောင်ကြီး ဖြစ်နေသည်။





ကျွန်တော့်ရုံးကလေးက အတန်တော်ပေသေး၏။ မန္တလေးတောင်ခြေ...က်ခံတွင် ပေ ၁၀၀ × ပေ ၆၀ ကန်ကြီးနှစ်ကန်၏။ ကန်ဘောင်ပေါ်၌...ဆောက်လုပ်ထားပြီး ငုက်ပျောပင်၊ သဘော်ပင်၊ ဘူးစင်၊ ပဲပုစွန်စင် အုပ်...ဆိုင်းဆိုင်းများ ဝန်းရံထားလေသဖြင့် ဘာပြောပြော အေးရိပ်အေးယောင်...လေး ရှိချင်သား။ သို့ဖြစ်၍လည်း အိပ်မရ အိပ်မပျော်နိုင်ကြရှာသေးသူ...ပြင်ဘုတ်အလုပ်ဂိုဏ်းဆင်းရဲဘက်ကြီးများ ကျွန်တော့်ရုံးတစ်ဝိုက်နှင့် ကန်...ောင်ပတ်ပတ်ချာလည်မှာ ပိုးလိုးပက်လက် လာစုနေကြခြင်းဖြစ်သည်။

သင့်ရာသင့်ရာ အစုကလေးတွေနှင့် လက်ဖက်ရည်ဝိုင်း။ စကား...ဖွဲ့နေကြ၏။

"ဆရာ ..."

"ဟေ့လကွာ ..."

"စိုးလေးတို့၊ ဗွားကြီးတို့၊ ဒူးရှည်သန်းရင်တို့ ရှမ်းမလေးရဲ့...ဘ်ဂူကို သွားဖွင့်ခဲ့ကြတယ်ဆို"

"အင်း ...."

မပြေချင့်ပြေချင် ပြေမိရ၏။ ကျွန်တော့်တပည့်ကျော် မြတ်ကိုဦး...း ရုံးလုပ်ငန်းမှာ စိတ်ချရသလောက် အတန်စကားအပေါက်အစများ...သည့် လူငယ်ကလေးတစ်ယောက်ဖြစ်သည်။ အလုပ်ဆိုဒ်တွေထဲမှာ...န်းကုန်းပေါ်မှာ၊ ရွှေကျင်ချောင်းတစ်ဖက်ကမ်းမှ အိုးဘို၊ ရွှေကျင်ရပ်ကွက်...လေးထဲမှာ သူ့ခြေရာတွေချည်း။ သူ့ ခြေဖွေပေါက်လျက် ရောက်တတ်...ရာများဆီက သယ်လာတတ်သော သတင်းတို့ထွာ စုံစီနဖာတွေကလည်း...နှုတ်ခမ်းဖျားမှာ ပြည့်နေသီးနေတတ်ပြီ။

"သူတို့တစ်တွေကို အပြင်ဘုတ်ထွက်ဖို့ တစ်ပတ်ပိတ်တဲ့ပြစ်ဒဏ်...ကြီး ညမီးလုပ်အားပေးချထားခဲ့တယ် ... ဆို"

"အေးပါ ... ဟုတ်ပါတယ်၊ ဝီကျောင်းသားရဲ့။ အဲဒါက ဘာဖြစ်...တုံး"

"ဟိုဒင်းလေ ... ဒူးရှည်က ပြောတယ် ... အဲဒါတဲ့ ..."

"တယ် ... ဒီကောင် ... နာတော့မှာပဲ။ ရာသီက ပူလွန်းတို့ လွန်းလို့ အလိုလိုကမှ စိတ်က ပုံမှန်မဟုတ်ဘဲ ကြွပ်ရွနေရတဲ့အထဲ၊ မ တစ်မှောင့်၊ ကဲ ... ပြောစမ်း။ ဒူးရှည်သန်းရင်က ဘာတဲ့တုံး"

"အဲ ... ဟိုခင်း ... ကျွန်တော်ပြောတယ်လို့လည်း ပြန်မ လိုက်နဲ့ဦးနော် ဆရာ။ ဒီကိစ္စက ဆရာသိထားမှ ကောင်းမှာမို့လို့"

"အေးပါ ... အေးပါ ... ကျေးဇူးရှင်ရယ်။ ပြောမှာသာ ပြော ပါ"

"စိုးလေးတို့ကလေ ရှမ်းမလေးရဲ့ဆံပင်တချို့နဲ့ ပိုးပုဝါကလေ အလစ်မှာ ခိုးယူလာခဲ့ကြသတဲ့ ... ဆရာရဲ့"

"ဟေ ..."

"ဆရာဦးတင်ထွေးက လုပ်ခိုင်းခဲ့တာ ... တဲ့"

"ဟောဗျာ ..."

"လက်သမားဘုတ်က အဘဦးပြူးမောင်ရယ်၊ အိုးဘိုရပ်ကွက် က ဦးဝင်းဆိုတဲ့ ဘိုးတော်လိုလို၊ ရသေ့လိုလို ဂန္ဓာရီဆရာတစ်ယောက်ရယ် အဲ ... အဲ့ဒီပုဂ္ဂိုလ်နှစ်ယောက်ရဲ့လက်ကို အပ်ပြီး ရှမ်းမလေးရဲ့ဝိညာဉ် ခေါ်ကြမလို့တဲ့"

"အယ် ... ဟုတ်ကဲ့လားကွာ"

ကျွန်တော့်ခေါင်းကို တင်းပုတ်နှင့်တအားကြီးပစ်၍ ကောင်းကော နက်လိုက်သလို ဖြစ်တော့၏။ သင်းတို့တစ်တွေ စိတ်ရူးပေါက်တိုင်း မဆို သည့်အပေါက်ကို ကလိုင်နှင့်ခေါက်နေကြခြင်းကား မိုးမီးလောင်မည့်ကိ စစ်စစ်ကြီး ဖြစ်၍နေလေ၏ကိုး။

'ကိုဇော်မြင့်ရေ ... သုသာန်တို့၊ သချိုင်းတို့ ဖျက်ရ ပြုရ ရွှေ့ ပြောင်းရတဲ့ အလုပ်ဆိုတာမျိုးဟာ အများသူတကာ ပြောစရာဆိုစရာ မေ ငေါ့စရာ မဖြစ်ရလေအောင် ကျကျနန သေသေချာချာ လုပ်တတ်ကိုင်တတ် မှနေ့၊ မြန်မာလူမျိုးတွေဆိုတာ သိတဲ့အတိုင်း၊ အယူကသည်း။ အစွဲက





တတ်ပါဘိသနဲ့။ ဘေးပတ်ပတ်လည်မှာကလည်း ရပ်ကွက်တွေ၊ ရွာတွေ ပတ်ခြာလည်ဝိုင်းနေတာမဟုတ်လား။

ခင်များတို့အဖွဲ့တွေ လုပ်ပုံကိုင်ပုံ ပရမ်းပတာနဲ့ နေရာမကျခဲ့ရင် သခံရွာနေပြည်သိုင်တွေနဲ့ ထိပ်တိုက်တွေ့ကြလိမ့်မယ်။ အထူးသဖြင့် စိတ် တွေဝင်ပြီး တရားဝင်ဂူတွေမြို့ သချိုင်းတွေ မဖျက်သေးဘဲနဲ့ ခင်များ င်တွေ သချိုင်းဂူတွေကို ဟိုလုပ်ဒီလုပ် လျှောက်မလုပ်မိကြစေနဲ့။ သေချာ ဦး ကြားလား။ ပြီးခဲ့တဲ့ တနင်္လာနေ့အစည်းအဝေးမှာ တိုင်းမှူးကြီးက တို့ညွှန်မှူးကို အတိအလင်း မှာလိုက်သတဲ့ ... ကိုယ့်လူရေ၊ ဒီလောက် သားတဲ့အထဲကမှ ဟိုဟိုဒီဒီ မဟုတ်တရုတ်အသံ ကြားရလို့ကတော့ ပြဲဆရာလို့ပဲ မှတ်လိုက်ပေတော့တဲ့။ ဆောင်ပိုင်လေး ဦးထွန်းလှစိန်က သေအချာ ပြောခဲ့သေးသည်။ ·

ထိုစကားမှ အနည်မထိုင်သေးခင် ကိုယ့်ကောင်တွေက ပြဿနာ နှင်းကြောင်တောင် မီးခွက်ထွန်းရှာနေကြပြီထင့်။ ခက်,ခက်သေးတော့

"နို ... နေပါဦး။ မင်းဥစ္စာ သေချာရဲ့လား ... ကောင်လေးရ"

"ဟာ ... ဦးလေးကိုးကွာစည်း၊ ဒူးရှည်ကိုယ်တိုင် ပြောတာပါဆို ဆရာဦးတင်ထွေးက ခေါင်းတလားကြီးပြန်ပိတ်၊ ဂူပေါက်ပြန်ဖာတဲ့ တဲ့ ဦးတင်ဆောင်ဘုတ်ထဲက ပန်းရံခေါင်းဆောင်မောင်ဝင်းတို့ကို ယူ ပြီး စိုးလေးတို့နဲ့ လက်ဆင့်ကမ်းလိုက်တာ။ ခုညနေ ထမင်းပုံစံဝေနေ းကမှ သူတို့လွှဝိုင်းအဖွဲ့နဲ့ ထမင်းထမ်းပါလာတဲ့ ဘိုးပြူးမောင်ကြီးက င်ဝင်းဆီက ယူသွားတာတဲ့။ ငွေနဂါးဆေးပေါ့လိပ်တစ်စည်းနဲ့ ကော်ပီမစ် ထုပ်တောင် မောင်ဝင်းကို ပေးခဲ့သေးသတဲ့။ ကဲ ..."

"ဟင် ... အဲဒါဆိုရင် လောင်မီးကျမွဲမီးတစ်ပုံတော့ မွှေးကြတော့ အမှန်ပဲ ... ဆရာရေ"

ကျွန်တော့်လက်နိုဝ်စက်ဆရာ ဦးတင်ကိုးကြီးက ပြူးပြူးပျာပျာ တော်ပေးဟန် ညည်းသည်။ ရုံးအုပ်အရာခံဆရာကြီး အုန်းမောင်ခမျာလည်း

သူ့မျက်နှာကိုသူ မျက်နှာသုတ်ပဝါဖြင့် မပြီးနိုင်မစီးနိုင် ထပ်ချည်းတာယ
သုတ်၍နေလေ၏။

"အခြေအနေတွေကို ကျွန်တော်တို့ ပြောကြည့်လိုက်ရ ကော
မလား ... ဆရာ"

ထစ်ခနဲရှိ အပြောအလွှား သတင်းအနံ့ခံလိုက်ဖို့ချည်း ခြေပြစ
တတ်သည့် မိုလ်ကြီးဟောင်းတိုးအောင်က အတိုင်အပင်ပြုဟန် မျက်နှာ
ဖြင့် ပြောပြောကြည့်ကြည့်။ ကျွန်တော့်မျက်နှာကိုပဲ မဲ၍ကြည့်ရင်း ပြော
၏။ သူ့ရဲဘော်ရဲဘက်ဂျပုတင်ရွှေကိုလည်း မျက်နှာရိပ်မျက်နှာကဲ ပြဲ
သေးသည်။

"တိုးတိုးတိတ်တိတ် လုပ်မှဖြစ်မှာနော် ... ဗကာ။ ထိုင်နေအကော
သား ထသွားမှ ကျိုးမှန်းသိဆိုသလို ခင်ဗျားသွားလုပ်မှ ပတ္တဗုံတုတ
ထိုးသလို ရွာကျော်ရပ်ကျော်တွေဖြစ်ကုန်ရင် 'ဆေးအတွက်ပိုလေး'
နေဦးမယ်။

'မိုးဝေမဂ္ဂဇင်း' တစ်ခေတ်၊ သရော်စာအရေးကောင်းခဲ့၍ ကျေ
ပြီး ကာမိုင်းမြို့နယ် အင်ဂျင်နီယာဘဝမှ အ . ပ . က(၃)ဖြင့် အကျဉ်းစံရ
တကယ့်ဘဝကြမ်းကြီးထဲ ကူးခတ်နေရသူ ဝတ္ထုတိုဆရာ ဦးသြဘာ
တွေးတွေးဆဆ သတိပေးရှာသည်။

"ဟုတ်တယ်နော် ... ဗကာ၊ ကြည့်လည်း လုပ်ဦး။ ဘီလပ်
အိတ်တွေ ပျောက်တဲ့အမှုတုန်းက ကံကောင်းလို့ ချောက်မကျခဲ့တာ။ ဒီတ
နဲ့ပါဆိုရင် ထောင်မှူးဦးဌေးလွင်ထွန်းနဲ့ ထောင်မှူးဦးမင်းချိုတို့က နင့်ကို
အတိုင်း ကြည့်နေမှာမဟုတ်ဘူးရယ်"

'ကြောက်ပါတယ်ဆို ကြောင်ကလေးနဲ့တို့' လုပ်နေကြလေသ
ဗကဟောင်းတိုးအောင်ခမျာ ဘာဆက်လုပ်ရမည်မသိ။ ကြောင်တက်တ
ကြီး ဖြစ်နေရှာ၏။

"ကိုတိုးအောင်ရေ ... အခြေအနေ အရိပ်အကဲကလေးလော
တော့ဖြင့် ပြောကြည့်သင့်တယ်ထင်တာပဲ။ ဒုံးရှည်ပြောတဲ့အတိုင်း တက





ုပ်ဖြစ်နေကြသလား။ ဘယ်သူတွေပါသလဲ၊ ဘာတွေလုပ်နေကြသလဲ၊
ယ်နည်းဘယ်ပုံ မတော်မတည့်တွေ လုပ်နေကြမလဲ။ အဲ ... အဲသလောက်
တော့ သိထားဦးမှဖြစ်မှာ။ ဘာဘာညာညာ မကြားဝံ့မနာသာတွေ အုန်းအုန်း
မလာသေးခင် ကွပ်ကွပ်ညှပ်ညှပ် လုပ်သင့်လုပ်ရအောင်လေ"

ဝင်ပြောလိုက်ရတော့သည်။

သို့မဟုတ်လျှင် သည်စကားကြောက အလျဉ်ပြတ်ဖို့မရှိ။ စိတ်ထဲ
သည်၊ ထောင်မှူးကလေးကိုတင်ထွေးတို့ 'ဗိညာဉ်ခေါ်ပွဲ'၊ 'လိပ်ပြာခေါ်ပွဲ'
သည်များကို တကယ်လုပ်ဖြစ်နေကြရောသလား။ သိချင်စောတွေဖြင့်
ူလိကျူလိ ရှုစိထိုးနေတော့၏။

"ကဲ ... အဲဒါဆို ... ကျွန်တော်နဲ့တင်ရွှေ သွားပြီနော် ... ဆရာ။
ရာကြည့်ဝင်းကို ခေါ်သွားလိုက်မယ်"

"အေး ... အေး ..."

'ဟင်' သူတို့လှည့်လိုက်တွေမှ ကျောလှည့်ပြီး ခြေလှမ်းပြင်ရုံရှိသေး
ုဝါးဝါး တခဲနက် ထိုး၍ဟောင်လိုက်သည့် ခွေးအူသံ၊ ခွေးဟောင်ခွေး
ိန်းသံကြီးတွေ တစ်လုံးတစ်ထွေးကြီး ဝါးလုံးထိုး ဟိန်းထွက်လာတော့
ည်။ ခွေးအပူကြောင့် ငြိမ်ကုပ်နေသည့် ညယံဖြစ်၍ သံကြီးမဲကြီး ထိုးကာ
ကာ အူနေဟောင်နေသော ရွာခွေး၊ တောခွေး၊ ကျောင်းခွေး ခွေးတစ်အုပ်
စ်မကြီး၏ အူသံဟိန်းသံသည် အူအသည်းကို ဆွဲယမ်းကိုင်လှုပ်ပစ်နေ
ကြသည်သို့ ကြက်သီးထချင့်စရာ။

"ဝူ .. ဝူ .. အာ ... ဝူး ..."

"ဝူ ... ဝူ ... ဝူး ..."

"ဝုတ် ... ဝုတ် ... ဝုတ်"

"ဝေါင်း ... ဝေါင်း"

"အာ ... ဝူး ..."

"ခွေးတွေ ဟောင်လှချေကလားကွာ၊ တကတည်း ... မှ"

"ဟုတ်တယ် ဆရာ၊ ဆရာဦးစိုးလွင်တို့၊ ဆရာဦးတင်ထွေး... လက်သမားအလုပ်ရုံဘက်ဆီကပဲ။ အဲဒီတစ်နေရာတည်းကိုပဲ ကွက်ပြီး ... ဟောင်နေကြတာ"

ခွေးဟောင်သံများသည် ရွှေကျင်ချောင်းကမ်းနဖူးရှိ တမာပင်ကြီး... လေး၊ ငါး၊ ခြောက်ပင် တအုပ်တမအောက်၌ သီးသန့်သံဆူးကြိုးဝင်း ခတ်... လျက်ရှိနေသည့် လက်သမားအလုပ်ရုံတစ်ခုတည်းကို စူးစူးကြီး သဲသဲမဲ... ထိုး၍ ဟောင်နေကြခြင်းဖြစ်သည်။

"နေပါဦး ... ဒီကနေ့ သူတို့လက်သမားဘုတ်တွေ ညဂိုဏ်းလှ... အားပေး။ အိုဗာတိုင် ဆင်းကြပါတယ်ကွ။ ဦးတင်ဆောင်တို့၊ တင်လင်းတို့... ကိုကြီးတို့ ကိုစိန်လင်းကြီးတို့နဲ့ ဒိုင်းခွေး၊ ကျည်းပေါင်ခွေမယ့်အဖွဲ့တွေ အစိတ်... သုံးဆယ် ရှိလိမ့်မယ်။ တာဝန်မှူးကို ငါပဲ Pass လုပ်ပေးထားခဲ့တာ"

"ဟုတ်တယ် ဆရာ။ ဒီကနေ့ည ဂိုဏ်းအိုဗာတိုင် ၁၂၀ ရှိတယ်... သူတို့လယ်သမားဘုတ်က အားလုံး ၂၈ ယောက် အထွက်စာရင်းပြထား... တယ်"

"အဲဒါတောင်မှပဲ ... သူတို့လက်သမားရုံတစ်ရုံလုံး ဘာကြောင့်... ဘာမီးရောင်မှမရှိဘဲ မှောင်နဲ့မည်းမည်း ဖြစ်နေကြရတာလဲ။ လွှတိုင်းဆွဲသံ... ရွှေပေါ်ထိုးသံ၊ တူသံရိုက်သံလည်း မကြားဘူး။ ငြိမ်တိတ်နေတာပဲ"

"ဟုတ်ပ ...။ ခါတိုင်းခါဆို ရွှေမန်းသဘင်ဇာတ်ကတာထက်... တောင် ထိန်ထိန်လင်းနေတတ်တဲ့ သူကောင်သားတွေက ..."

ထူးသည်၊ ထူးသည်။ တော်တော်ကြီးကိုမှ တော်တော်ကြီးထူး... နေတော့သည်။ လက်သမားအလုပ်ဂိုဏ်း အစိတ်၊ သုံးဆယ် အလုပ်လုပ်နေ... ကြသည့် အလုပ်ရုံက မီးရောင်တစ်ပြက်မလက်၊ ဟေးလားဝါးလား ဆူဆူ... ညံညံ တစ်စက်မရှိ။ ပကတိ ငြိမ်တိတ်နေပုံကြီးက ထူးချက်ကြီးမှကြီး။

ပြီးလျှင် ... သူတို့နေရာ တမာပင်စုစုဆီကို ရှိသမျှ ခွေးသတ္တ... ပေါင်းစုံက သဲကြီးမဲကြီး ထိုး၍ထိုး၍ တစ်ခဲနက် ဟိန်းဟောင်နေကြခြင်း... သည်လည်း ဘာကလိုတိုတိုကြီး။ မဟုတ်မှလွဲရော ... ကေန္တ ...။

---

သူရိန်စာပေ



ဟော ... ဟော ... ဖုန်းဒိုင်းဖုန်းဒိုင်း အမောတကောပြေးလာ... ကြသည့် ခြေသံများ။ တိုးအောင်တို့အဖွဲ့ပဲထင်သည်။ ဘာတွေဖြစ်လာကြ... ... ပါလိမ့်။

"ဆရာ ... ဆရာ ... ဆရာ ..."

"ဟေ ... ဘာတုန်းဟ။ ဖြည်းဖြည်းသက်သာ လုပ်ကြစမ်းပါ။ ... ဘာတွေဖြစ်လာလို့တုံး ... မင်းတို့ဥစ္စာ"

"ဆရာဦးတင်ထွေး ... ဆရာဦးတင်ထွေးရယ် ..."

"အေး ... ပြော"

"ဒို ... ဒိုနေတယ် ..."

"ဟော ... ဘယ်လိုကွ ..."

"ဒိုနေလိုက်တာမှ မှိုက်ကြီးတခင်ပဲ။ ပြောလိုက်ဒိုလိုက်၊ သူ့ကိုယ်... ... ဇာတ်မင်းသားကျနေရော"

"ဘာ ... ဘာဖြစ်လို့တဲ့တုံး"

"အဓာ ... အဓာလေ ... ဟိုခင်း ..."

"ကွာ ... ဒီကောင် ... ကျွတ် ..."

"ဟို ... အဲ ... သရဲ့ပူးနေလို့တဲ့ ... ဆရာရေ ..."

မုဒ္ဒေါရယ်တဲ့မှ ... ဖြတ်စွာ။ လှိုက်ခနဲခုန်သောရင်သည် စည်း... ...က်မညီချင်။ မကြားဝံ့မကြားနာသာ ကြိုဟ်ဆိုးကြမ္မာ ငင်လေဦးတော့မည်... ... ဖျတ်ခနဲတွေးမိရင်း စိတ်တွေ နောက်ကျူညစ်ထေးလာ၏။

"တင်ထွေး ... ကွာ ... ဒီကောင် ... သေချာပြောထားပါရက်... ...နဲ့ ... ခက်တဲ့ကောင် ... တောက်"

ကျွန်တော့်တက်ခေါက်သံသည် ညယံထဲသို့ အလန့်တကြား စွဲ... ...သွားသည်။ ကျွန်တော်ကရော ...။

✲ ✲ ✲

## [၄]

■

"ကဲ ... ဘယ်လိုလုပ်ကြမလဲ ... ကိုဇော်မြင့်။ အလိုလိုကျ ထောင်သစ်အလုပ်တွေနဲ့ ခေါင်ချာစိုင်းနေကြရတဲ့အထဲ ခင်များကောင်း တစ်မှောင့်။ မကြီးမငယ်နဲ့ မူးကြောင်မူးကြောင်ထပြီး ဒုက္ခပေးရသေးတယ် ရယ်လို့။ နဘန်နရင်းပဲ ဝိတ်ဝိတ်ကျင်းပစ်လိုက်ဖို့ကောင်းတဲ့ကောင် ... တောက်"

ဖြူချင်ယောင်ယောင် မျက်နှာတစ်ပြင်လုံး ရဲရဲတွတ်နေသဖြင့် ထောင်ပိုင်ကြီး ဘယ်၍ဘယ်မျှ ဒေါသူပုန်ထနေလေသည်ကို မှန်း၍ရသည်။ အကျဉ်းဦးစီးဌာန သဓွေဝင်မဟုတ်။ တပ်မတော်မှ အသွင်ကူးပြောင်း၍ ဒု-ညွှန်မှူးရာထူးဖြင့် ထောင်ပိုင်ကြီးလုပ်နေသူ ကျွန်တော့်ဆရာသည် စစ်သား ဟု ဘုရားစူးမိုးကြိုးပစ် ကျိန်တွယ်ပြောရမည့်လူစားမျိုး။

စကားနည်း။ နှုတ်နည်း။ အနေအေးလိုက်သည့်မှ ရေခဲတုံး။ အရေး ကြီးသည့် မူဝါဒဆိုင်ရာအလုပ်များမှလွဲ၍ နိစ္စဓူဝ ထောင်အလုပ် ထောင် ကိစ္စများကို ထောင်ပိုင်လေး။ ထောင်မှူးကြီးများနှင့် လွှဲ၍ထားသူ။ သူ စုံရေ မက်က မပျက်မကွက်လုပ်တတ်သည့် အလုပ်တစ်ခုပဲရှိသည်။ နံနက်ဦး





ထောင်ဖွင့်ပြီးလျှင်ပြီးချင်း လွှတ်လူလွှတ်ချည့် အလုပ်ဖြစ်သည်။ 'တယ် ကုသိုလ်ရတဲ့ အလုပ်ကွ။ မနက်စောစော သိဝ်မင်္ဂလာ ကျက်သရေရှိတဲ့ အလုပ်။ လူတိုင်း။ လုပ်ချင်တိုင်း လုပ်လို့ရတတ်တဲ့ အလုပ်မျိုးမဟုတ်ဘူး .. ဟေ့' ... တဲ့။ ပြုံးပြုံးကြီး ဥဒါန်းကျူးရင့်ရင်း တစ်နေ့တစ်နေ့ လူ ၂၀,၃၀ လွှတ်သည့်အလုပ်ကို စွဲစွဲမြဲမြဲ လုပ်တတ်လေ့ရှိသည်။

သို့သော် ယခုဖြင့်မူ သူ့ဒေါသအိုးကြီး မကွဲစဖူး ကွဲနေသည်။

"အခုပဲ တစ်ညနဲ့ နှစ်ရက်ရှိခဲ့ပြီ။ ဘာသတင်းပလင်းကလေး အစ အနတောင်မှ မကြားသေးဘူးလားကွာ ... မင်းတို့ဟာ။ ညွှန်မှူးက ခေါ်မေး ခဲ့ရင် ဘယ်မျက်နှာနဲ့ကြည့်ပြီး ဘာစကားကို ပြောရမှန်းတောင် မသိတော့ ပါဘူး။ ဖွတ် ... တဲ့မှပဲ"

"ဟုတ် ... ခါတိုင်းခါ သူသွားတတ်လာတတ်လေ့ရှိတဲ့ နေရာတွေ ကိုတော့ဖြင့် နှံ့နေအောင် ရှာဖွေပြီးပါပြီ ... ထောင်ပိုင်ကြီး။ သူ့အမျိုးသမီး နဲ့ သူ့ဆွေသူ့မျိုးတွေလည်း သူသွားဖူးလာစရှိတဲ့ တောပိုင်းဖက်ကို ရောက် ခဲ့ပြီးကြပတဲ့။ ဘာအကြောင်းမှ မထူးသေးပါဘူး ... ထောင်ပိုင်ကြီး"

"အေးလေ ... မင်းကောင်က လပြည့်ညတွေကျမှပဲ သန်းခေါင် ကျော်ကာမှ ထထ,ဖောက်တတ်တဲ့အကိုး။ ပြီးတော့ သူ့ဘာသာသူတောင် ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ၊ ဘာလုပ်လို့ ဘာကိုင်မိမှန်းမသိဆို တော့လည်း ခက်သားပဲကွာ"

"ဟုတ်ပါတယ် ... ထောင်ပိုင်ကြီး။ သူ ပထမဆုံး ထ,ဖောက်တဲ့ နေ့တုန်းကလည်း တန်ဆောင်မုန်းလပြည့်နေ့ကြီး။ သူ့အိပ်ရာထဲက သူ့ဘာ သာသူတောင် သတိမထားမိလိုက်ဘဲ ထလမ်းလျှောက်တာတဲ့။ နန်းမြို့ ဟောင်းထဲက ထောင်လိုင်းကနေ နန်းတော်ကြီးတစ်ခုလုံးနဲ့ကရော။ နောက် ပုန်းတလုတ်ကန်နဲ့ မြောက်ဥယျာဉ်တခွင် ပြပြစင်။ အဲဒီကနေမှ မဏ္ဍလာ ဘက်ထွက်တဲ့ မီးရထားလမ်းအတိုင်း လျှောက်လိုက်လာပြီး လှိုင်ကျွန်းတံတား အပျက်နဲ့တည့်တည့်က ညောင်တုံးလုံးပင်ကြီးနားအရောက်မှာ နန်းမြို့နီး ပေါ်က ကြောင်တောင်ကြီး ခုန်ချလိုက်တော့တာတဲ့ခင်ဗျ"

"ဟေ ... ပေ ၂၀ အမြင့်ကြီးကိုတောင်မှလေ"

"ဟုတ်ကဲ့ ခင်ဗျ"

"ကျိုးပဲ့ပေါက်ပြဲ မကျန်ပေဘူးလား ... ဟာ"

"ခြေပွတ်တိုင်လည်သွားပြီး မထနိုင်ဘဲ ကုန်းကုန်းကြီးလဲနေတာကို လှည့်ကင်းရဲဘော်တွေကတွေ့လို့ မေးမြန်းပြီး ဖုန်းဆက်ကြတော့မှပဲ သွားခေါ်လာခဲ့ရတယ်ခင်ဗျာ။ တစ်ပတ်လောက်တိုင်းရင်း ဆေးသိပ္ပံ၊ အရိုးအကြောဌာနက ဆရာဦးလှငွေဆီမှာ ကုပေးခဲ့ရပါတယ် ... ထောင်ပိုင်ကြီး"

"အကျိုးနည်း ခက်တဲ့ကောင်ပဲ"

"သိပ်မကြာလိုက်ဘူး။ နောက်လတစ်ပတ်လည်တဲ့ လပြည့်နေ့မှာ ဒီလိုပဲ အိပ်ရာထဲကထပြီး လမ်းလျှောက်ထွက်သွားလိုက်တာ ထောင်သစ်၊ သူ့လက်သမားအလုပ်ရုံကနေ ဟိုးငရဲမင်းတောင်၊ ရေတံခွန်တောင်တွေဘက် တဝဲလည်လည် လျှောက်သွားနေခဲ့ပြန်သတဲ့ ခင်ဗျ"

"အဲဒါကို ဘယ့်နှယ် ပြန်ရှာတွေ့ခဲ့ကြသတုံး"

"ရေတံခွန်တောင်အထက် တံခွန်တိုင်ကြီးအခြေမှာ တုံးလုံးကြီး အိပ်ပျော်နေလို့ ဦးသူတော်ကြီးကတွေ့ပြီး နှိုးတော့မှပဲ နိုးလာသတဲ့။ သူ့ဘာသာသူ ဘယ်လိုလုပ်ရောက်ခဲ့သလဲတောင် မေးမရဘူးတဲ့။ ရေတံခွန်တောင် ဂေါက်ကွင်းတာဝန်ကျတဲ့ သူ့ယောက်ဖ ဆရာကျော်ဝေက သွားခေါ်ပြီး ကားကြုံနဲ့ ပြန်ပို့လိုက်ရတာတဲ့ ... ထောင်ပိုင်ကြီးရဲ့"

"ဟုတ်လည်း ဟုတ်တဲ့ကောင်ပဲ။ နို့ ... နေပါဦး။ အဲဒီလိုတွေ ကယောင်ချောက်ချား မူးတိမူးကြောင်က ဘယ်ပုံဖြစ်လာရတာတဲ့လဲ။ ကောက်ကာငင်ကာကြီး။ နဂိုက ဒီတင်ထွေးဆိုတဲ့ကောင်လေးဟာ ခပ်ထက်ထက်ထဲကပါ။ အကြုပ်ငယ်သင်တန်းမှာ စံပြကျောင်းသားဆု (Best Cadet) တောင် ရခဲ့ပြီး ထောင်မှူးသင်တန်းမှာလည်း စာပေထူးချွန်နဲ့ သေနတ်ပစ်ထူးချွန်ဆု ရလို့ ညွှန်ချုပ်ကြီးကိုယ်တိုင်က သီးသန့်အထူးဆုငွေသား ၁၀၀၀ိ/-ဆုချခဲ့သေးတယ် မဟုတ်လား။ ဒီလိုအကောင်က ဘယ့်နှယ်လုပ်ပြီး ..."





"ပြောရမှာ ခပ်ကြပ်ကြပ်ပဲ။ ပြောပြန်ရင်လည်း ထောင်ပိုင်ကြီးတို့ ယုံမှာတောင်မဟုတ်ဘူး။ သူ့ဖြစ်ပုံကြီးက 'Believe it or not' ဆိုသလိုကြီးခင်ဗျ"

"အင်း ... အင်း ... ဘယ်လိုတဲ့လဲ"

"တစ္ဆေဝိညာဉ် ပူးနေတာတဲ့။ မကျွတ်မလွတ်တဲ့ ဟိုးတခြားတစ်ဘဝ ပရလောကသရဲ မိန်းမပျိုလေးနဲ့ လိပ်ပြာချင်းပူးပြီး သူ့စိတ်နဲ့ကိုယ်နဲ့ကိုယ် လွတ်နေတာ၊ ပူးလိုက်ခွာလိုက် ဖြစ်နေတာတဲ့ခင်ဗျာ"

"ဟေ ... ဘယ်လို ... ဘယ်လို ..."

ကျွန်တော်သိထားခဲ့သမျှ အဖြစ်သနစ်များကို ဖောက်စုံခင်းပြရသည်။ ဆရာသမားမို့ မထိန်ရဲ၊ မချန်ရဲ။

တဟင်ဟင် တဟားဟားဖြင့် အံ့ဩဘနန်း ထူးချက်ကြီးထူးနေသည့် စစ်သားလူထွက် ထောင်ပိုင်ကြီးကိုကြည့်ရင်း မျောက်လောင်းကလေး 'ကိုတင်ထွေး' ကို သတိရမိ၏။ သင်းကလေး ဘယ်ဆီတယ်ဝယ် ရောက်နေပြန်ပါလိမ့်။

စောသီရိရွှေယ်ဆိုသည့် သူ့အိပ်မက်ကမ္ဘာထဲမှ ဟာမကလေးနောက်သို့ပဲ တကောက်ကောက် လျှောက်လိုက်နေလေမလား။

သူ့ဘာသာသူ အရိုးတွင်း၌ မဟုတ်ကဟုတ်ကတွေ လျှောက်လုပ်ရင်းကပဲ သူ့ဝိညာဉ်ဖမ်းပွဲတွေ၊ လိပ်ပြာခေါ်ပွဲတွေဆိုသည်များမှာ အာရုံရှုပ်လျက် သူ့စိတ်အကန့်တစ်ခြမ်းပဲ ပျက်စီးရာငါးပါးတိုင်သွားလေရောသလား။

မသိ ... မသိ ... မသိတတ်နိုင်ပြီ။

တချို့က ဂန္ထိရဟု ပြောကြ၏။

တချို့က ကြုံကြိုက်တိုက်ဆိုင်မှုဟု လက်ခံချင်ကြသည်။

တချို့က ကြုံကြံဖန်ဖန် ကြမ္မာဖွဲဖောက်ခြင်း ... တဲ့။

✲ ✲ ✲

## [၁]

□

"မင်းကောင်စိတ်ချလို့ ရပါမလားကွာ။ လုပ်ရကိုင်ရမယ့် အလုပ်တွေက တသီတတန်းကြီး။ ထိန်းရသိမ်းရ ရေးရချွတ်ရတဲ့ စာရင်းအင်း ကိန်းဂဏန်းတွေကလည်း များမှများ။ လူကောင်းပကတိတွေတောင် ဖင်မွဲအိုးအောင် ကုန်းကျုံးလုပ်ကာမှ တန်ကာကျတာ။ ဒီလို မူးကြောင်ရူးကြောင်နဲ့ဆိုရင် သူ့လက်ထဲကို အရေးကြီးတဲ့ ဒီသစ်ဂိုဒေါင်ကြီးတစ်ခုလုံး ထိုးအပ်ထားလို့ ဖြစ်နိုင်ပါတော့မလား။ စဉ်းစားကြဦး"

ထောင်သစ်စီမံကိန်းကြီးတစ်ခုလုံး၏ အကြီးအမှူး၊ ညွှန်မှူးကြီးက တွေးတွေးဆဆ ပြောသည်။

ထောင်ပိုင်ကြီး၊ ထောင်ပိုင်လေး ဦးထွန်းလှစိန်နှင့် ကျွန်တော်တို့ တစ်တွေမှာသာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း စကားပြန်ဟဟ မပေးနိုင်။ အာစေးမိနေကြ၏။

ကိုတင်ထွေးကလည်း ... ကိုတင်ထွေး။ စနေသား နေတက်ဖွားက အားကြီးဒုက္ခပေး၏။ ကြည့်ပါဦး ...'ဘယ်လိုကဘယ်လို ဘာတွေဖြစ်သည်ဟု တိတိပပမသိလိုက်ရဘဲ ရေအငွေ့ပျံသလို ဖွတ်ခနဲ ပျောက်ချက်





းကောင်းသွားလိုက်ပုံမှာ လေးရက်ကျော်ကျော်၊ ငါးရက်အတွင်း ကူးလာခဲ့။ တွေ့မဲ့တွေ့တော့ ကျောက်ဆည်နယ်အရှေ့ တောင်စွန်းစွန်း ရှေးကင်းစိုင်းရှေ့ပြည် ဖြစ်ဖူးခဲ့သည် 'ကျောက်တလုံး' ဘက်က ထုံးကျောက်တ်ဂူကြီးထဲမှာ ... တဲ့။

"လိုက်ခဲ့ပါဦး ... ဆရာရယ်။ ဆရာတပည့်ကို သတင်းအစအနတော့ ရခဲ့ပြီတဲ့။ သူစီးသွားတဲ့ ဆိုင်ကယ်စီးရှင်ကလေးကိုလည်း ကျောက်လုံးရွာထိပ်က 'ကမ္ဘောဇ' လက်ဖက်ရည်ဆိုင်မှာ ဒီအတိုင်းတိုင်းရှည်းပ်ထားခဲ့သတဲ့။ ဘယ်သူ့မှလည်း အပ်မထားခဲ့ဘူး။ ဘာမှလည်း ပြောသွားဘူးတဲ့။ အရပ်ဝတ်အရပ်စားနဲ့လည်းမဟုတ်၊ ယူနီဖောင်းကြီးနဲ့ ဒီတိုင်းတိုင်း စိုက်စိုက်စိုက်စိုက် တက်သွားတာပဲတဲ့။

ကျောက်ဂူကြီးတွေမှ ရေနန္တြကြီးလိုက်တာချည်းတွေ ဖင်ချင်းင်းချင်း ဆက်နေသတဲ့ ... ဆရာရဲ့။ အဲဒီဘက်ဆီ တန်းတန်းမတ်မတ်က်သွားတာပဲတဲ့။ ကျောက်ဂူတစ်ခုခုထဲမှာဖြင့် တွေ့ရလိမ့်မယ်နဲ့တူပါ၊ အိမ်ကလူရဲ့ တပည့်လက်ရင်းတွေဖြစ်တဲ့ ကိုလေးချောတို့၊ ဆရာစန်းင်အောင်တို့၊ အဘဦးတင်မြကြီးတို့ သတင်းအနံ့ရရချင်း လိုက်သွားကြ ဆိုင်ကယ်ကိုတော့ တွေ့ထားပြီတဲ့"

ကိုတင်ထွေးကတော် မဘုတ်ခမျှာ အိမ်ထောင်ရှင်မအသစ်စက်က်လေးနှင့်မျှ မအပ်မရာ။ ဘိုသီဘတ်သီ ကပိုကရိုဖြင့် ပေါက်ချလာပြီးကြီးပန်းဟိုက် ပြောနေရှာ၏။ 'ခြော်၊ တင်ထွေးဆိုတဲ့အကောင် ရူးသွားနဲ့တူရဲ့။ ကြည့်ပါဦး ... သူ့မိန်းမ ကျောင်းဆရာမလေးဟာ ဖြူဖြူးလုံး တုတ်တုတ်ခဲခဲကလေး။ ဝိဘိကလေးမျက်နှာကလေးနဲ့ လှတပတကလေး။ သူတို့ယူထားကြတာမှ သုံးလမပြည့်သေးဘူး။ လက်တွေ့ဘဝထဲ ဒါကလေးကိုပစ်ပြီး ဟိုဟုံမဟုတ်၊ ပတ်မဟုတ် အငွေ့ပဲရှူနေရတဲ့ တချွေမများ လိပ်ပြာချင်း ပူးနေရသေးသတဲ့။ ဖွီ .. အံ့ရော' ကျွန်တော့်စိတ်ထဲကင်းကို အငေါ်တူးရင်း ကလော်တုတ်နေမိရသေး။

တကယ်လိုက်သွားဖြစ်ကြတော့လည်း သင်းကို တွေ့ဖို့အရေး တောင်ကြီးတောကြား၊ ကျောက်လိုဏ်ဂူ ကြီးကြီးငယ်ငယ်၊ ရှုပ်ရှုပ်ထွေး လတ်များအတွင်း ဝင်ဟယ်ထွက်ဟယ် ကူးကာလှန်ခတ်၍ ပင်ပန်းလိုက်သည် ဖြစ်ခြင်း။ ငါးစီးရှင်ကျော်စွာ၊ တစ်စီးရှင်သီဟသူနှင့် ရာဇသကြန်တို့ ရှမ်းပြ နောင်သုံးဦး ထိုမြို့င်နန်းမြို့င် အပိုင်စားတည်ထောင်ခဲ့ကြသည့် ကမ္ဘာ့ဓ အရပ်ဒေသမို့ ခရီးက ပန်း၊ လမ်းက ကြမ်းစွ။

တွေ့မည့်တွေ့တော့ ငါးစီးရှင်ကျော်စွာ အမိဋ္ဌာန်ဝင်ရာဂူဟုဆိုသည့် တောင်ခါးပန်းမှ ဇရာမကျောက်ဆင်းတုတော်ကြီးရှိသော ဂူကြီးထဲမှာ ကြော တောင်ကြီး ထိုင်နေသည်ကို တွေ့ရ၏။ ထမင်းမစား၊ ရေမသောက် မအိ မစက်ဘဲ ဦးနောက်အခန်းပျက်နေသည့် သင်း၊ ငိုက်သားခမျာ မျက်တွင် ဟောက်ပက်ကြီးနှင့် မသေသေးဘဲ မသာရုပ်ပေါက်နေတော့သည်။ 'စိတ် ကမြင်း၊ ဉာဏ်ကမြင်း အငြိမ်မနေနိုင်ဘဲ မွေဖောက်ချင်တဲ့ကောင်၊ မှတ်ပေ' ဟု ရင်ထဲကြိတ်၍ ညြဘာပေးမိရ၊ သို့ဖြင့် ...

"ဒီကောင်လေးရဲ့ အကျင့်စာရိတ္တကဖြင့် စိတ်ချရပါတယ် ... ညွှန်မှူးကြီး။ အဲ ... စိတ်နဲ့လူနဲ့ မကပ်တာပဲ ခပ်ခက်ခက်"

"အဲဒါပြောတာပေါ့ ... ထောင်ပိုင်ကြီးရဲ့၊ မဟုတ်တရုတ် ဟိုဟို ဒီဒီလုပ်မယ်လို့ ပြောတာမဟုတ်ပါဘူး။ ဒီကောင် ဒီလိုဖြစ်နေပုံနဲ့က သူ့ အလုပ်တွေကို သေသေချာချာ ဘယ်လုပ်နိုင်ပါတော့မလဲ။ ဒီလိုနဲ့ ရက်ပေါင်း များစွာကြာသွားခဲ့ရင် တရင်းတွေကွာ၊ အင်းတွေကွာနဲ့ ဒုက္ခလှလှ တွေ့ကြ ရလိမ့်မယ်။ နောက် အရာရှိဖြစ်တဲ့သူက ကြီးကြပ်မှု လျော့ရဲခဲ့ရင် လက် အောက်က ကလေးတွေ တောလုပ်တောင်လုပ် လျှောက်လုပ်ပစ်ကြလို့ အင် နဲ့မတွင်းရဘဲ ပုဆိန်နဲ့ပေါက်ရမယ့် ပြဿနာမျိုးတွေ ကြုံလာရလိမ့်မယ် အဲဒါကိုပြောနေတာ ..."

"ဟုတ်ကဲ့ ... ညွှန်မှူး"

"ကျွပ်သဘောကတော့ ...",

"ဟုတ် ..."





"အင်း ... ခဏ ... ခဏ။ ကိုင်း ... ကိုဇော်မြင့်၊ တင်ထွေးက င်းလက်အောက်က မင်းတပည့်ပဲ။ မင်း စိတ်ကူးဘယ်လိုရှိသတုံး ... ပြောကြည့်စမ်း"

"ဟုတ်ကဲ့ ... ကျွန်တော့်သဘောတော့ တစ်လ, ကိုးသီတင်း င့်နဲ့ အနားပေးပြီး သူ့အိမ်မှာ သူစိတ်ငြိမ်သွားတဲ့အထိ ထိန်းထားလိုက်တာ သင့်မယ်နဲ့တူပါရဲ့၊ ကိုတင်ထွေးက အရာရှိဖြစ်နေလေတော့ စိတ်နဲ့လူနဲ့ ကပ်တဲ့အချိန် မသင့်မရာ အမိန့်တွေကို ပေးမိခဲ့ရင်လည်း လက်အောက် လူတွေ လိုက်လုပ်ရအခက်၊ မလုပ်ရအခက် ..."

"အဲဒါလည်း ဟုတ်တာပဲ။ အဲဒါထက် အရေးကြီးတာက သူ့ကို တ်ပေးထားတဲ့ ဖွဲ့စည်းပုံပါ လက်နက်နဲ့ ကျည်တွေကို အမြန်ဆုံး ပြန် မ်းထားလိုက်ကြဦး။ ပဟိုကင်းလက်နက်တိုက်မှာပဲ ယာယီသိမ်းထားလိုက် ။ နောက် သူ့ကို တာဝန်မှူး အဝင်မခိုင်းပါနဲ့၊ တာဝန်ကျကင်းသမား တွေရဲ့ လက်နက်တွေ၊ ကျည်တွေကိုလည်း မစစ်ပါစေနဲ့၊ ပုံမတော်လို့ ကိုယ်ကိုသူ မဟားတရားလုပ်သွားလို့ ခက်နေဦးမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့။ ကိုဇော်မြင့်ရေ ... ညွှန်မှူးကြီးပြောတဲ့ ဒီလက်နက်ကိစ္စကိုတော့ ဦးစားပေးကိစ္စအဖြစ် ခင်ဗျားပြန်ရောက်ရောက် ျင်း လုပ်လိုက်ပေါ့နော်။

"ဟုတ်ကဲ့ ... ထောင်ပိုင်ကြီး"

"အဲ ... သူ့ဂျူတီတွေကိုလည်း ထောင်မှူး ကိုစိုးလွင်ကလေးကို ယာယီလွှဲခိုင်းထားလိုက်ဗျာ။ Part two order ထုတ်ပြီး တရားဝင်လွှဲကြ ပေ၊ ပြီးမှ သူ့ကို ဆေးခွင့်နဲ့နားနိုင်အောင် စီစဉ်ပေးထားလိုက်ပါ။

"ဟုတ်ကဲ့ ..."

အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ကိန်း ဆိုက်နေပြီဖြစ်၏။ ကိုယ့်မျက်စိရှေ့မှာပင် သချိုင်းဂူဖောက်၊ ပဝါစကောက်ယူပြီး လိပ်ပြာခေါ် ကာ စခဲ့သော အုံ့ညြကုန်နိုင်ဖွယ်တတ်လမ်းသည် ယခုဖြင့် မတွေးနိုင် မအန် င် လိပ်ခဲတည်းလည်း ပြဿနာကြီးတစ်ခု ဖြစ်လာခဲ့ပြီ။ တောပြောတောင်

ပြော လျှာချောင် အာချောင်မိခဲ့သော ထောင်မှူးကိုတင်ထွေးမျာ
မည်မည်ရရ ရယ်ချမရနိုင်ဘဲ ကျိုးတိုးကြောင်တောင် ကယောင်ချော
ရရှာလေပြီ။

"ကိုင်း ... ဒီလောက်ဖြစ်လှ တောသီရှိနှယ်ဆိုတဲ့ ... တ
ကလေးရေ ... ငါ့ကိုသာ ကိုယ်ချောင်ပြလှည့်စမ်းပါတော့လား။ ည
ကလေးကျေနပ်အောင် ဆောင်ရွက်ပေးပြီးရင်သာ ငါ့တပည့် ပေါ်
ကို သူ့နှိုက်နေအတိုင်း ပိုနေမြဲ ကျားနေမြဲ သူ့ဘဝနဲ့သူ နှိုပါစေတော
တောင်းပန်လိုက်ချင်ပါရဲ့ ... ဗျား ..."

ကြား၏ မကြား၏ သိ၏ မသိ၏ဖြင့် ကောန်မသေချာ။

သို့တိုင် ကိုတင်ထွေးကို ပူးတဲ့ခွာတဲ့ ဒုက္ခပေးနေသည်ဆို
မဟိုဒင်း ... မယ်မင်းကြီးမကာလေးအား ထို့နှယ် ခုနစ်သံချီဟစ်၍
ထည့်ပစ်လိုက်ချင်လေသည်ကား အမှန်။

✲ ✲ ✲

[၆]

"ဆရာ ..."

"ဟော ... ကိုတင်ထွေး ... လာ .. လာ ... အဲ့ ... မဟုတ်
ည်း ပါသကိုး။ လာကြ ... ထိုင်ကြ"

တရွေ့မလင် (အဲ ... အဲ)* ထောင်မှူး ကိုတင်ထွေးဟူပေသည်
နဲ့ကောင်မှာ အတော်ကြီးကို ချောင်ကျသွားရှာ၏။ အရင့်အရင် သူ့ကိုယ်
ပါက်ကိုယ်ရောက်က ကျားကျားလျားလျား။ ခေါင်းတည်မောင်းတည်ကြီး။
သူဖြင့် ကိုယ်နေတစ်ဝက်ခန့် ယုပစ်သလို ပိန်ချုံးနေ၏။ ညှင်းသိုးသိုး။ ခေါင်
တောင်တောင်၊ ပါးချောင်နားချောင်ကျ၊ မျက်တွင်းလက်တစ်နှိက်နှင့်။

သူ့ပိန်းမလေးခများဖြင့် လင်တော်မောင် သစ္စာဖောက်သူကြီးကို
တ်မနာနိုင်အား။ ပုဆိုးစခွဲလျက် တကောက်ကောက် လိုက်နေရရှာ၏
။ ဩော် ... ဒုက္ခ ... ဒုက္ခ ...။

"ဘယ့်နှယ်တုံး ... နေရထိုင်ရ အဆင်ပြေကြရဲ့လား"

ကိုယ်တော်မြတ်က အမေးတော်ကို မဖြေ။ ကျွန်တော့်မျက်နှာ
ကိုသာပဲ ငေးငေးကြီး ကြည့်နေ၏။

"ညည အိပ်ရာကတော့ ယောင်ထပြီး ဟိုသွားဒီသွား မသွား တော့ဘူးပေါ့ ဆရာ။ ဒါပေမဲ့ ကောင်းကောင်းလည်း အိပ်မပျော်ဘူးရှိ ပါတယ်။ လန့်လန့်ပြီး ငုတ်တုတ်ထထိုင်နေတတ်တာပဲ များတယ်။ ကြ တော့ တစ်ခုခုကိုလည်း မြင်နေပုံရတယ်။ သူငေးပြီး ကြည့်နေပုံကြီး စိတ်လွတ်လက်လွတ်မဟုတ်တဲ့ သူ့အာရုံကကို အဲဒီမှာ ငြိနေသလိုမျိုး။ တ ခါတစ်ခါ လူလစ်တဲ့အချိန်များဆို တစ်ယောက်တည်းလည်း စကားပြော ပြန်ရော။ ဘယ်သူနဲ့ပြောနေမှန်းလည်း မသိဘူးရယ်"

"အေးဟယ် ... ညည်းပြောတာ ကြားရတာနဲ့တင် စိတ်ညစ်ရ ရောကြီး။ ဒါနဲ့ ... အခု ညည်းတို့လင်စုံမယားဖက် ဘာကိစ္စရောက်လာ ကြတာတုံး ... မဟုတ်ရဲ့"

"ဟိုဒင်းလေ ... ဆရာ၊ ဆရာ့ကို တိုးတိုးတိတ်တိတ် မေးစရာ ရှိလို့ပါ"

"ဩော် ... အေး ... အေး ... မေး ..."

"ဒီလိုပါ ... ဆရာ၊ ကိုတင်ထွေးက ဒီလိုနဲ့ပဲ ဆေးပင်စင် အငြ ခံလိုက်ရတော့မှာလား၊ ဆရာ ... ဟင်။ အဲဒါ သိချင်လို့ပါ"

"ဟယ် ... ကြိုကြီးစည်ရာ ... ညည်းနှယ်၊ ဖြစ်မှဖြစ်ရပလေ ဘာတွေလျှောက်တွေးနေကြတာလဲဟဲ့ ... ပေါက်ပေါက်ရှာရှာတွေ"

"မသိဘူးလေ ... ဆရာ။ အခုပဲ ကိုတင်ထွေးရဲ့အလုပ်ကို သူများ ကို လွှဲပေးနေရပြီ။ ပုံမတော်ရင် ဌာနကနေ ဆေးပင်စင်နဲ့များ ထွက်ရဦးမှာ လားလို့"

"ဟဲ့ ... အခုဟာက ညည်းယောက်ျားရဲ့ လောလောဆယ် ကျန်းမာ ရေးအခြေအနေအရ အလုပ်ထဲမှာ အမှားအယွင်းတွေဖြစ်မှာစိုးလို့ ခဏ ဝင်ထိန်းပေးထားတာပါ ... မဟုတ်ရဲ့။ ကိုတင်ထွေး နေပြန်ကောင်းလာ တော့လည်း သူ့နေရာ သူပြန်ဝင်ပေါ့ ... မဟုတ်ဘူးလား။ ပူပူပန်ပန် ဘာ တွေလျှောက်တွေးနေကြရတာတုံး"

သူ့ရိန်တာပေ



"ဒီလိုပါပဲ ... ဆရာရယ်၊ စိတ်ငယ်နေတဲ့အချိန် ဟိုတွေးဒီတွေး တွေးမိတာထင်ပါရဲ့"

ဟုတ်လိမ့်နိုးသည်။ ခလေးမလေးမျှောလည်း နွမ်းနွမ်းဖတ်ဖတ် လျှော့ရိလျော့ရဲကလေး။ မျက်နှာနေပင် ညှိုးလို့။ ခါတိုင်းခါ သနပ်ခါးအဖွေး အနှင့် သူမလေးသည် မျက်နှာအပြောင်သား။ အဆီတဝင်းဝင်း။ ဆံပင် နှယ်ကလေးတွေ ကပိုကရိုနှင့်ပါကော။ 'တင်ထွေး ... တင်ထွေး ... တော်ရက္ခပေးတဲ့ကောင်'။

"သူ့ကျန်းမာရေးကကော ဒေါက်တာဦးအေးချိုဆီ မှန်မှန်ပြဖြစ် ကြရဲ့လား။ ဘယ့်နှယ်တဲ့တုံး"

"ဆရာဦးအေးချိုက သူ့လက်ထောက်ဆရာဝန် ဒေါက်တာဦးသန်း ကို နေ့တိုင်း လာကြည့်ခိုင်းထားပါတယ် ဆရာ။ သူ့မှာက ဟုတ်ဟုတ် ပြော၊ ဘာရောဂါမှ မရှိဘူးတဲ့။ အဲ ... စိတ်ကပဲ နည်းနည်း ပြဿနာဖြစ် ဘာတဲ့"

"ဟော ... စိတ်ပြဿနာ ... ဟုတ်လား"

"ဟုတ်တယ် ဆရာ။ ဆရာဝန်ကပြောတော့ စိတ်မှာပဲ ပြဿနာ နေသတဲ့။ စိတ်စွဲလွန်းခြင်းဆိုလား။ သိမှတ်မှုစိတ် အာရုံများခြင်းဆိုလား ပြောတာပဲ။ တစ်ခုခုကို လွန်လွန်ကဲကဲ စွဲလမ်းယုံကြည်နေတတ်တာမျိုးတဲ့။ သူ့အာရုံအလွှဲကိုသာ ပြန်တည့်ပေးနိုင်လိုက်ရင် ဘာမှမဖြစ်တော့ဘူး"

"အေးပေါ့ .. အဲသလိုများဆို ကောင်းပါလေ့"

ဆရာမလေးမဟုတ်နှင့် တွေတွေရာရာကလေးများကို ပြောရင်း ယ့်လူ ကိုတင်ထွေးကို တစေ့တစောင်း အကဲခတ်ရသည်။ သူ့နေပုံထိုင် ၊ မျက်လုံးအကြည့်၊ ခြေအလှုပ်လက်အလှုပ်။ သိပ်တော့ဖြင့် မနိပ်ချင် သေး။ နည်းနည်းကလေး တွေနေသည့်ပုံက အထင်းသား။

"ဟေ့ ... ကိုတင်ထွေး"

"ခင်ဗျာ ... ဆရာ"

သူ့ရိန်တာပေ

"အောင်မယ် ... နင်က ငါ့ကိုတော့ဖြင့် နှင့်ဆရာမှန်း သိအေ
သားပဲကိုး။ ငါက ငါ့ကိုပါ လုံးလုံးကြီးမေ့သွားပြီလို့ အောက်မေ့နေတာ ...
မာကောင်ရ"

"ဟာ ... ဆရာကလည်း ဆရာ့တပည့် အဲဒီလောက် မရူး
ပါဘူး"

"အလဲ့ကွယ့် ... မင်းကိုလည်း ရူးနေပြီလို့ မပြောမိရသေးပါ
ကွာ။ မရူးသေးဘူးလို့ ကိုယ့်ကိုယ်ကိုယ် သိနေမှဖြင့် အဟုတ်မရူးသေး
သေချာလို့ပ ... လူရာ။ တကယ့်အရူးများဟာ သူတို့ကို အရူးလို့ပြော
ဆတ်ဆတ်ထိခံချင်တတ်ကြတာ မဟုတ်ဘူးရယ်။ သူတို့မရူးဘူးတဲ့ဗျာ ...
ကဲ"

"ကျွန်တော် မရူးပါဘူး ... ဆရာရယ်၊ ရူးလည်း မရူးချင်
ဘူး"

"မင်းမှ မရူးချင်ဘူးဆိုရင် မင်းကို ဘယ်သူကမှ ရူးအောင်
လို့ မရနိုင်ပါဘူး ... တပည့်ရာ။ စိတ် ... စိတ် ... စိတ်ကသာ အဓိ
အရေးကွ။ ကိုယ့်စိတ်ကသာ ကိုယ့်ကံ၊ ကိုယ်ကြမ္မာရဲ့ အရှင်သခင်၊ ကို
ဘဝရဲ့ ပဲ့ကိုင်ရှင်တဲ့ကွ ... သိလား"

"ဟုတ်ကဲ့ ... ဆရာ"

"နို ... နေစမ်းပါဦး။ ဒီလိုနေပြန်တော့လည်း အကောင်းချ
အတိုင်း ရှိနေရဲ့နဲ့။ တစ်ခါတစ်ခါ ဘာထ,ထဖြစ်ရတာတုံး။ ဖြစ်လိုက်ချ
ဘေးက လူတွေပြောင်းဆန်အောင် ခေါင်ချာစိုင်းကုန်ကြရတာချည်းပဲ
ဥစ္စာ ..."

"အင်း ... ကျွန်တော့်ကို သူတို့က ခေါ်နေကြတယ်လေဆရာ"

"ဟေ ... ဘယ်လို ... အယ် ... ကောင်းပြီကောင်းရဲ့နဲ့ ထ
လာပြန်ပြီ ... မင့်ဟာကြီးက။ ကဲ ...၊ ကဲ ... ဘယ်သူတွေက ခေါ်
တာလဲ၊ ဘယ်ကိုလဲ။ ကိုင်း ..."





"စောသီရိနွယ်နဲ့ သူတို့လူတွေပဲ ဆရာ။ သူတို့နေတဲ့ မြို့တော်
ကြီးဆီကို လိုက်ခဲ့ဖို့ ခဏခဏ ခေါ်နေကြတော့တာပဲ။ ပြီးတော့လေ သူတို့
မြို့ကြီးကလည်း နေချင်စရာ၊ ပျော်ချင်စရာကြီးဆရာရဲ့ ... သိလား။ လှ
ကလည်းလှ သစ်ပင်ပန်းမန်၊ တောတောင်တွေနဲ့ စိမ်းစိုလို့ပဲ"

"တော်ပါကွာ ... ကိုတင်ထွေးရာ၊ အဲဒါတွေက မင်းဘာသာစိတ်
ထဲ စွဲမိစွဲရာတွေစွဲပြီး မြင်ချင်တာတွေ လျှောက်မြင်နေတဲ့ အာရုံများတွေ
ပါ ... ဟကောင်ရ။ ကိုယ်သိပ်ကြိုက်တဲ့ရုပ်ရှင်၊ သိပ်သဘောကျတဲ့ဝတ္ထု
တွေကို ဖတ်ဖြစ် ကြည့်ဖြစ်ကြတဲ့အခါများမှာ ကိုယ့်ကိုယ်ကိုယ် ဇာတ်
လိုက်နေရာမှာ စိတ်ကူးယဉ်မိတတ်ကြသလိုပေါ့။ ကိုယ့်လက်ရှိဘဝထဲက
ထောကလေးဖြစ်ဖြစ် စိတ်လွတ်လက်လွတ် ထွက်ပြေးကြည့်ကြတာလေ။ ကိုယ့်
ဘာသာ ယဉ်ယဉ်ကလေး ရူးကြည့်ကြတာပေါ့။ မင်းဥစ္စာကလည်း အဲသလို
ပဲပဲ။ တကယ့်အစစ်အမှန်တွေ မဟုတ်ပါဘူး။ မင်းရဲ့ စိတ်ကူးသက်သက်တွေ
ပဲ။ ဘယ့်နှယ်ကွာ ... စောသီရိနွယ်ဆိုတာ ဟိုခေါင်းတလားထဲက အရိုးစု
ကြီးရဲ့ အမည်သက်သက်ပဲလေ။ သေခဲ့တာပဲ အရိုးဆွေးရောမယ်။ တကယ့်
သက်ရှိအဖြစ်နဲ့ မင်းလည်း မသိ၊ ငါလည်း မသိ ... မှတ်ဘူးလား"

"ကျွန်တော်က မြင်နေရတာယ်လေ ဆရာ"

"ဟေ ..."

"တစ်ခါတစ်ခါ ထိလို့ကိုင်လို့တောင် ရချင်ရတတ်သေးတယ်။ ကျွန်
တော်က သူရှာနေတဲ့ ဘဝဟောင်းက သူ့ချစ်သူတဲ့ဆရာရဲ့။ ကျွန်တော့်ကို
သူတို့ ခေါ်ခေါ်သွားကြတဲ့ မြို့ကြီးက အရင်ဘဝက သူ့ခမည်းတော် စိုးစံ
ခဲ့တဲ့ နန်းမြို့ကြီးတဲ့။ သူကလည်း နန်းမွေဆက်ခံရမယ့်မင်းသမီးလေးတဲ့
ဆရာ။ စစ်ပွဲမှာ ကျွန်တော်ကျဆုံးသွားလို့ ရင်ကွဲနာကျပြီး သေခဲ့ရှာတာ
တဲ့။ စောသီရိနွယ်ဘဝမှာလည်း ကျွန်တော့်ကိုပဲ လိုက်ရှာရင်းနဲ့ နှလုံးရောဂါ
ဖောက်ပြီး ငယ်ငယ်ရွယ်ရွယ်မှာ သေခဲ့ရတာတဲ့"

"အိုး ... ခက်လိုက်ပ ... လူရာ။ ပြောလေ ကဲလေ၊ မန်းလေ
ပြုလေပါကလား။ အဲဒါတွေက မင်းဖတ်ဖူးတဲ့ စိတ်ကူးယဉ်ဝတ္ထုဇာတ်လမ်း

တွေထဲကနေ မင်းဘာသာ ပေါက်တတ်ကရ ဖန်တီးထားတဲ့ အာရုံလိမ်တွေ ကွ ... ပျော့ကောင်ရဲ့၊ ရူးတူးပေါတောနဲ့ ဘာမှန်းမသိတဲ့ စောသီရိနွယ်ကိုပဲ အာရုံများနေတယ်။ မင်းဘေးနားက မင်းဇနီး အသစ်စက်စက်ကလေး ဆီမှာပဲ မင့်စိတ်နဲ့ မင်းကိုယ်ကို ပုံထားလိုက်ပါတော့လား ... ရှီးတဲ့မှ''

''ဖို ... ဆရာကလည်း ...''

ဆရာမလေးမဘုတ်မျက်နှာ အရုက်သည်းစွာ ရဲသွားအံ။ သို့နှင့်လည်း ကျေနပ်ပြုံးကလေးနှင့် သူမမျက်နှာ ဝင်းထိန်နေရှာသည်။

''နေစမ်းပါဦး ... ငါ မေးလိုက်စမ်းပါဦးမယ်။ မင်းနဲ့ မင်းမိန်းမနဲ့ နှစ်ယောက်တည်း၊ အကြည်ဆိုက်နေကြတုန်းမှာကော မင်းတစ္ဆေမက ဘယ်ချောင်ရောက်နေသတဲ့တုံး။ ကဲ ...''

ကိုင်း ... သည်တစ်ခါသင်း ဘာပြောမလဲ။

''ဘုတ်ဘုတ်ဖြစ်လိုက်၊ စောသီရိနွယ်ဖြစ်လိုက်ပါပဲ ဆရာရယ်။ တစ်ခါတစ်ရံ သဲသဲကွဲကွဲ၊ တစ်ခါတစ်ခါကျတော့လည်း ရောရောထွေးထွေး ဘယ်လိုတွေမှန်းကို မသိတော့ပါဘူး''

''သေဟဲ့နန္ဒိယ ...!၊ ပျောက်လောင်းက သူ့စိတ်ကူးဆင်ပဲနှင့် သူ မြာနစ်မွေနှင့် အိုကေစိုပြေနေသည့် သဘောပေကိုး။ ကြိတ်လိုက်ဟဲ့။

ဆရာမလေးမျာဖြင့် မှန်းချက်နှင့်နှမ်းထွက် အလွဲကြီး လွဲသွား ရသဖြင့် ရှိုက်ကြီးတငင် ငိုပွဲကြီး ဆင်ရရှာသတည်း ... ပ ... ခင်များ။

☼ ☼ ☼

[၇]

❑

ထို့နောက် ထောင်သစ်ဆောက်လုပ်ရေးလုပ်ငန်းများက ဖုတ်မှ ...ဘိုက် အရေးတကြီး ဖြစ်လာလေ၍လည်းကောင်း။ သစ်ခွဲသားများ သယ် ...ရေးကိစ္စဖြင့် ချပ်သင်း။ ကိုးတောင်ပို့၊ ကန္ဒဘာလူ့ဘက်ဆီ အရေးပေါ် ...ထွက်ခဲ့ရလေ၍လည်းကောင်း၊ ကိုတင်ထွေးကလေး၏ အရေးကိစ္စကို ...တော့တော့ ဖြစ်ချင်မိရသည်။

သို့တိုင် ...'ပြန်ဖောက်နေပြန်ပတဲ့'၊ 'သူတို့အိမ်ထောင်ရေးက ...ည်း၊ သိပ်မဟာန်ချင်တော့ဘူးတဲ့၊ သူ့မိန်းမက အချစ်စိတ်နဲ့ သည်းခံနိုင် ...ပဲ့ သူ့မိန်းမအမျိုးတွေကတော့ အရည်မရအဖတ်မရ မူးကြောင်ရူးကြောင် ...ဒီအဖြစ်ကြီးကို ဘယ်လိုမှ သည်းမခံနိုင်ကြလို့ ကောင်မလေးနဲ့ ကွာမဟဲ့ ...င်းမဟဲ့ တပူပူတည်းည်း ဖြစ်နေကြသတဲ့'၊ 'ဆရာတင်ထွေးကလည်း ဆရာ ...င်ထွေးပဲ။ နေရင်းထိုင်ရင်း ရှမ်းဘောင်းဘီတကားကား ရှမ်းတိုက်ပုံ တဖား ...နဲ့ မျက်စိပေါးမွေး မစူးစူးအောင် လုပ်နေတော့တာပဲ ...တဲ့' စသည့် ...သိုးသိုးသဲ့သဲ့ စကားတင်းတွေကိုဖြင့် နားလျှံနေအောင်ပင် ကြားမိရသည် ...။

'ဘာမှ ဆိုးဆိုးရွားရွားဖြစ်လောက်မှာ မဟုတ်ပါဘူးလေ။ ပြီးတော့လည်း ပြီးသွားမှာပါပဲ' ဟု ထင်ထားခဲ့မိ။ သို့သော်လည်း ....တဲ့။

မှတ်မှတ်ရရ ...။ ထိုနေ့က မင်းကွန်းဆရာတော်ဘုရားကြီး အရှင်ဦးဝိစိတ္တသာရာဘိဝံသ ကိုယ်တော်မြတ်အား အဂ္ဂရာပနပူဇော်သည့်နေ့ဖြစ်၏။ ရာပနဆိုင်ရာ ဆောက်လုပ်ရေးနှင့် အထွေထွေကိစ္စများကို အကျွန်ုပ်ဦးစီး၍ အတော်များများ တာဝန်ယူထားရပြီး အဂ္ဂရာပနပူဇော်ပွဲ အစီအစဉ်၌လည်း ကျွန်တော်တို့ညွှန်မှူးကြီးက ပတ်မအုပ်စု အောက်ခြေသိမ်းဆောင်ရွက်နေရသဖြင့် ညွှန်မှူးကြီး၊ ထောင်ပိုင်ကြီး၊ ထောင်ပိုင်လေးနှင့် အရာရှိတော်တော်များများ စက်ကိုင်းဖက်ကမ်း ရောက်နေကြသည်။

ကျွန်တော်က နန်းမြို့အတွင်း ထောင်ဟောင်းကြီးရှိ သံချိုသံကျွေ အလုပ်ရုံကို လာစစ်ရင်း အိမ်ဘက် ခဏရောက်နေ၏။

အိမ်ရှေ့ ဘောလီဘောကွင်းအစပ်တွင် တီ ၂၀၀၀ ကားစိမ်းကြီး ဝူးခနဲ ထိုးဆိုက်လာလေသဖြင့် 'အင့်ဟင် ... ခဏကလေး မျက်နှာလွှဲမိရုံပဲ ရှိသေးတယ်။ ရှင်မောဂ္ဂလန် ဖော်ဦးလိုက်သလို ဖုတ်ပူမီးတိုက်လိုက်လာကြပြန်ပြီ။ ဘာတွေများအရေးတော် ပေါ်လာကြပြန်ပါလိမ့်' တွေးမိရသေးအတွေးမှ မဆုံးလိုက်ရ ထောင်မှူးရွှေလွင်ထွန်း ဆင်းချလာ၏။

ထောင်မှူးကိုရွှေလွင်ထွန်းကလေး၏ ခါတိုင်းခါ ပြုံးကျဲကျဲ စပ်ဖြီးဖြီး မျက်နှာနေသည်ပင် အတော်ကြီးတည်နေလေသဖြင့် သူ့လာရင်းကိစ္စသည် သာမန်ညောင်ညာ ပြဿနာတော့ဖြင့် မဟုတ်လေပြီမှန်း တန်းခနဲ သိသည်။

"ဆရာရေ ..."

"အေး ... ဘာတုံးဟ"

"ပြဿနာအကြီးကြီးတော့ တက်ပြီဆရာ"

"ဟင် ... ဘာဖြစ် ..."

"ကိုတင်ထွေး သူ့ကိုယ်သူ 'Suicide' လုပ်ပစ်လိုက်ပြီဆရာ"

"ဟေ ..."

သူ့ရိန်တာပေ



"ဖြစ်ရလေကွာ ... သူ့အနားမှာ ဘယ်သူတစ်ယောက်မှ မရှိကြဘူးတဲ့လား"

"အိမ်မှာမဟုတ်ဘူး ဆရာ။ သူ့ကို ဘယ်သူကမှ တာဝန်မပေးဘဲ ... သူ့ဘာသာသူ ယူနီဖောင်းတွေ အကျအနဝတ်ပြီး တာဝန်မှူးလိုလို ဘာလိုလို ကင်းသမားဆီက သေနတ်ဆွဲစစ်ရင်း ကောက်ကာငင်ကာ လုပ်ပစ်လိုက်တာ ပွဲချင်းပြီးပဲ"

"ဟာကွာ ..."

သည်ပုံ နိဂုံးမလှသည့်အဖြစ်ဆိုးမျိုးကို တွေးပင် မတွေးခဲ့စဖူး။ ဘယ်လိုဘယ်ပုံဖြစ်ရှာပ။

"အေး .. သူ့မိန်းမကလေးရော"

"အရှုံးတစ်ပိုင်းပဲ ဆရာ။ တွေ့သမျှ မြင်သမျှ လူမှန်သမျှက သေတဲ့လူထက် သူ့ကိုပဲ ဝိုင်းသနားနေကြရတယ်"

"အေး ... သတ္တဝါတစ်ခု ကံတစ်ခုပေကိုးကွာ"

သည်မျှသာပဲ။ သည့်ထက်လည်း ပိုမပြောချင်။ စကားဟဟပင် ပြောချင်စိတ်မရှိ။ 'ကိုတင်ထွေးရယ် ....မင်းနှယ် ...မိုက်လိုက်ပလေသား။ ရတောင့်ရခဲ လူ့ဘဝကြီးတစ်ခုကိုများ ....'

✿ ✿ ✿

[၈]

❑

တချို့က ဂရှိရဟု ပြောကြ၏။

တချို့က ကြုံကြိုက်တိုက်ဆိုင်မှုဟု လက်ခံချင်ကြသည်။

တချို့က ကြုံကြံဖန်ဖန်ကြုံမှာဖွေဖောက်ခြင်း ....တဲ့။

'ဒါဟာ ဘယ်အချိန် ဘယ်နေရာ ဘယ်သူ့မှာဖြစ်ဖြစ် ဖြစ်နိုင်တဲ့ မျိုးလေ။ မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ်၊ ပြောကြရကြေးဆိုရင် ဘယ် လောက် စိတ်မာစိတ်ထက်လှချည်ရဲ့ဆိုတဲ့ အရင့်အမာကြီးတွေမှာဆိုလည်း ကြိုလ်ဆိုးကြုံမှာ ငင်ပြီဟေ့ဆိုရင် ပြန်လှန်နိုင်ခဲ့သားကလား။ ဘုန်းဘုန်း လဲချင်လဲ၊ ဘုန်းဘုန်းမလဲတောင်မှပဲ ဘဝပျက်ခမန်း ကြုံရတတ်တာကို ဘယ်ပဲဖြစ်ဖြစ် လူတိုင်းမှာ ဖြစ်နိုင်တဲ့ဟာမျိုး' ဟူ၍လည်း ချင့်ချင့်ချိန်ချိန် စိတ်တုံးတုံး ချလိုက်သူတွေလည်း ရှိသည်။

မည်သို့ပင်ဖြစ်စေ ...။

ထောင်မှူးကလေး ကိုတင်ထွေး၏ သေဆုံးခြင်းနှင့်အတူ သို့လော သို့လော ... သံသယကဏ္ဍရှုပ်တွေက ရုတ်ခြည်း ဟုန်းခနဲ ထတောက်လာ ခဲ့ခြင်းဖြစ်သည်။

ရက်မှလပြောင်း ...နှစ်တွေညောင်းသောအခါ ...

☼ ☼ ☼

[၉]

❑

"ဆရာ ..."

"ဟင် ...မဘုတ်ပါကော ...လာလေ။ အဲ ...ညှော်သည် ...ပါ ပါလာကြသေးတာကိုး။ ကြွကြွပါ ...ကြွကြွပါ"

ကိုတင်ထွေး၏ဇနီးဟောင်း၏ မှဆိုးမတစ်ပတ်နွမ်းကလေးနှင့်အတူ ...သွေးရှမ်းနွယ် ရှပ်လာကြတာမျိုး။ အသားအရေ ဖြူဖြူစင်စင် တစ်စုံတွဲ ...ဝဝဖိုင့်ဖိုင့် အမယ်ကြီးတစ်ဦး အသီးသီး ဝင်လာကြ၏။

"ဟဲ့ ...ညည်းလက်ထဲက အဲဒီကလေးဟာ ..."

"ညော် ..."

မဘုတ်ရင်ခွင်၌ တယုတယ ထွေးပွေ့ထားသည့် ဖြူဖြူဖွေးဖွေး ...ဆေးငါးကြီးလို ၂ နှစ်၊ ၃နှစ်သားကလေးငယ် ဝကာစ်ကစ်ကလေးက ...လုံးအပြူးသား ပါလာသည်။ သို့မို့ကြောင့် ...

"ဒီကလေးက ဆရာတပည့် ကိုတင်ထွေး ဝင်စားတာတဲ့လေ ...ရာ"

"ဟော ...ဘယ့်နှယ် ...ဘယ့်နှယ် ..."

"ဩော် ... မိတ်ဆက်ပေးရဦးမယ်။ ဒီကအစ်ကိုနဲ့ အစ်မ
ကျောက်တလုံးက။ ကိုကောင်းပုညနဲ့ အစ်မနုနုကြာဖြူတဲ့။ အမေကြီး
တော့ သူတို့ရဲ့ မိခင်မွှားစော ... တဲ့။ ဒီကလေးက အစ်ကိုတို့ အစ်မတို့
သားကလေး 'ကောင်းကျသိုလ်' တဲ့ ... ဆရာရဲ့"

"အေး ... အေး ... တွေ့ရတာ ဝမ်းသာသဗျ။ ရွှေတွေမျိုး
တိုးလာပေတာပေါ့"

"ဆရာ ..."

"အေး ... ပြော"

"ဒီကလေးလေးကလေ ကိုတင်ထွေး ဝင်စားတာတဲ့"

"ဟုတ်လား ... ဘယ်လို ..."

"ကျောက်တလုံးကိုတော့ မှတ်မိရဲ့ ... မှတ်လား။ တစ်ခါ
ကိုတင်ထွေး ပျောက်သွားတုန်းကတောင် ဆရာတို့လိုက်သွားပြီး ခေါ်လာ
သေးတယ်လေ"

"အေး ... မှတ်မိပြီ ... မြင်စိုင်းဖက်က ကျောက်တလုံးလေ"

"ဟုတ်တယ် ... ဆရာ ... ဟုတ်တယ်"

"အဲဒီတော့ ..."

"ကိုတင်ထွေးက ဒီကအစ်ကိုတို့ အစ်မတို့ရဲ့ 'ကမ္ဘောဇ' ဆိုင်
ဆိုင်ကယ်အပ်ရင်း တွေ့ဖူးခဲ့ကြတာတဲ့။ အဲဒါ သူတို့ဆီမှာ နေပါရစေ
အိမ်မက်ပေးပြီး သိဝ်မကြာခင်မှာ ဒီကလေးကို ရလာခဲ့ကြတာတဲ့"

"အေး ... အေး ..."

"အခု အသက်ပဲ ၂ နှစ်ကျော်ခဲ့ပြီလေ။ သူ့မိဘများကို အိမ်မက်
ထဲမှာ ကိုတင်ထွေးက ကျွန်မတို့ဆီ ပို့ပေးပါလို့ ပူဆာလို့တဲ့ဆရာ။ မေ
ဖမ်းပြီး လိုက်လာကြတာ"

"ဩော် ... ဒီလိုကိုး"

"ပြီးတော့ ပြောရဦးမယ်။ ဆရာ သိဝ်အုံဩသွားမဲ့ အကြောင်း
ကို ..."





"ဘာများလဲဟဲ့ ... ညည်းဟာ"

"မွှားစောက စောသီရိနွယ်ရဲ့အမေနဲ့ ဆွေနီးမျိုးစပ်တဲ့။ ဒီအစ်ကို
တို့ အစ်မတို့ရဲ့အိမ်က စောသီရိနွယ်တို့မိဘများနေခဲ့ဖူးတဲ့ မြို့ကြီးအိမ်ကြီးနဲ့
ဘေးချင်းကပ်လျက်တဲ့ ... ဆရာရဲ့။ အခု အဲဒီအိမ်မှာလည်း စောသီရိနွယ်
ဝင်စားတယ်ဆိုတဲ့ မိန်းကလေးက ၃ နှစ်အရွယ် ရောက်နေပြီတဲ့။ တိုက်ဆိုင်
လိုက်ပုံများနယ် နော်"

"ဟုတ်ရဲ့လားဟယ် ... ကြားရတာများ ယုံနိုင်ဖို့တောင် ခက်ခက်
ခက်ပဲ"

"ဟုတ်ပဲ ... ဆရာရယ်။ သမီးဖြင့် ကြားကာစက ဘာပြန်ပြောရ
မှန်းကို မသိတော့ဘူး။ ယုံလည်း ယုံချင်စရာမှ မဟုတ်တာပဲကိုး"

"ဟုတ်ပ ... ဟုတ်ပ"

"မယုံရင်လည်း ပုံပြင်ပဲမှတ်ပေတော့ ... ဆရာရေ့။ ဟောဒီမှာ
ဆရာတပည့် ကိုတင်ထွေးရဲ့ ဖြစ်ပုံကို ..."

ဘုတ်ဘုတ်က သူ့ပေါင်ပေါ်မှ ဘုတ်အီးကောင်ကလေးကို ပွေ့ချီ
လိုက်လျက် ဒူးကိုမှီ၍ မှောက်လိုက်ကာ အကျီကို လှန်ပြလိုက်သည်။

"ဒီမှာ ... ဆရာ ..."

"ဘာများလဲဟဲ့"

"ဆရာတပည့်ကို သင်္ဂြိုဟ်တုန်းက နောက်ဘဝတစ်ခုခုမှာ တွေ့ခဲ့
ကြရင် မှတ်မိနိုင်အောင်လို့ သပိုးမှတ်ပေးလိုက်တဲ့ အမှတ်ကြီးလေ"

ဟုတ်ပ ...။ ကလေးကျောပြင်ပေါ်မှာ အသည်းပုံ အမည်းမှတ်
ကြီးက မြူးလို့။ အသည်းပုံထဲ၌ 'ထွေး' ဟူသော အက္ခရာစာလုံးကလည်း
ပါလိုက်သေး။ လက်ဖြင့် အသာအယာ ပွတ်ကြည့်မိ၏။ ကလေး၏အရေပြား
ပေါ်တွင် ထင်နေသည့် မွေးမှတ်ပင် ဖြစ်၍နေသည်ကိုး။

"ဆရာတပည့်ဟာ သိဝ်ရက်စက်တဲ့လူပဲ ... ဆရာ။ အရင်ဘဝ
မှာကော၊ အခုဘဝမှာကော ဒီအတိုင်းတိုင်းချည်းပဲ။ အဟင့် ... အဟင့်"

ခမျာမလေးမှာ နှိုက်ကြီးတင် သဲကြီးမဲကြီး ငိုရှာပါလေတော့၏ 'ဟယ် .. ဒီကလေးမဟာ ဘာကြောင့်များ . . . '၊ ကျွန်တော့်အတွေး မဆုံးလိုက်။ တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်မိလေသဖြင့် လျှပ်စစ်ဓာတ်လိုက်သလို တုန်သွားခါသွားရတော့သည်။

"သူမကလေးက နောက်လထဲမှာ နောက်ထပ် သူမဓါတ်ဝအောင် ကျောင်းဆရာလေးတစ်ဦးနဲ့ လက်ထပ်တော့မှာကိုး"

"ကိုတင်ထွေးရယ် . . . မင်းနှယ်ကွာ . . ."

သည်သို့သာပဲ ကြိတ်၍ ညည်းမိရတော့သည်။ မည်သို့မှုလည်း အားမပေးတတ်နိုင်ပြီ။ ပလီနိုင်လွန်းသည့် ကံလှည့်စားကိုသာပဲ မဲ၍ မျက်စောင်းခဲရတော့မည်လိုလို။

❀ ❀ ❀

မေတ္တာဖြင့်...

ဧရယျမင်းချင်



❑

ကျွန်ုပ်နှင့် ဖိုးမြတ်စတင် ဆုံတွေ့ခဲ့ကြသည်မှာ ထောင်ထဲတွ
ဖြစ်သည်။ သူက တန်းစီးတစ်ယောက် ဖြစ်နေသည်။ ကျွန်ုပ်ပြောင်းရွှေ့
ခဲ့ရသော အိပ်ဆောင်တွင် ကျွန်ုပ်က အိပ်ဆောင်မှူးတာဝန် ယူနေရသည်
နဂိုအိပ်ဆောင်မှူးဖြစ်သူက သူ့ကိုတန်းစီးခန့်အပ်ထားခဲ့ခြင်းကြောင့် ဆ
လက်တာဝန်ပေးထားခြင်း ဖြစ်ပါသည်။ ကျွန်ုပ်ရုံးခန်းထဲတွင် တစ်
တန်းစီးဖိုးမြတ်နှင့် အလုပ်ကိစ္စများ တိုင်ပင်နေစဉ် အေးအေးဆေး
စကားပြောဖြစ်ခဲ့သည်။ သူ့အကြောင်းကို အောက်ပါအတိုင်း ပြောပြနေ
သည်။

ကျွန်တော်ထောင်ထဲကို အရေးအခင်းကာလအပြီးမှာ ရောက်
တယ်။ စမ်းချောင်းမြို့နယ်ထဲမှာ အရေးအခင်းကာလ ဆူပူမှုဖြစ်ပွားနေ
ဓားနဲ့ထိုးသတ်ခဲ့မှုဖြင့် ထောင်ခုနစ်နှစ်ကျခံလာခဲ့ရသည်။ ကျွန်တော်အရေ
အခင်းမတိုင်မီကာလများမှာ စစ်တပ်ထဲတွင် တာဝန်ထမ်းဆောင်နေ
သည်။ စစ်တပ်ထဲက ထွက်ပြေးသွားပြီးနောက် စစ်ပြေးဘဝနဲ့ ကော့သော
မြို့မှာ သောင်တင်နေသည်။

နောက်ပိုင်း နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားမရှိဖြစ်လာ
ဆူပူအုံကြွမှုတွေ ဖြစ်ပေါ်လာချိန်မှာ ကျွန်တော် အခွင့်အခါ ကောင်းကြုံလာ





ကော့သောင်းမြို့ကနေ ဟားခါးသင်္ဘောကြီးစီးပြီး ရန်ကုန်မြို့ဆီ ပြန်
ခဲ့တယ်။ ကော့သောင်းမြို့ပေါ်မှာ ပုန်းရှောင်နေစဉ်က အလုပ်အကိုင်
မည်ရရ မရှိတာကြောင့် ဆိုင်ကယ်ကယ်ရီဆွဲစားနေခဲ့တယ်။ ကျွန်တော့်
ဇာတိမြေဖြစ်တဲ့ ရန်ကုန်မြို့ အလုံရပ်ကွက်မှာ နေထိုင်ခဲ့တယ်။

အဲဒီလို ဇာတိမြေမှာကျင်လည်နေရင်း အလုံလူမိုက်ခေါင်းဆောင်
ယောက်ဖြစ်လာတယ်။ ရပ်ကွက်ထဲမှာ ပွဲလမ်းသဘင်တွေကျင်းပတဲ့
လောင်းကစားဒိုင်တွေဆီက ဆက်ကြေးကောက်ပြီး ဂေါက်ဂက်ဝိုင်းတွေ
လုံခြုံရေး တာဝန်ယူပေးတယ်။ ကျွန်တော့်နယ်မြေထဲမှာ ဘာပဲလုပ်ချင်
ချင် ကျွန်တော်က အစစအရာရာ တာဝန်ယူပေးတော့ လောင်းကစားဒိုင်
ဟာ စိတ်ချလက်ချ လောင်းကစား ပြုလုပ်လို့ရနေတယ်။ ဖိုးမြတ်ဆို
အသံကြားလိုက်တာနဲ့ အားလုံးပွဲပြီး မီးသေအောင် ကျွန်တော် တန်ခိုး
လာခဲ့တယ်။

နောက်ဆုံး ၁၉၈၈ ခုနှစ် ဆူပူအုံကြွမှုကြီး ပေါ်ပေါက်လာခဲ့ချိန်မှာ
နတော့်ရပ်ကွက်လုံခြုံရေးကို ကျွန်တော်ကပဲ ဦးဆောင်တာဝန်ယူပေး
ခဲ့တယ်။ အလုံနယ်မြေထဲမှာရှိတဲ့ ရပ်ကွက်တွေအားလုံးဟာ ကျွန်တော့်
အာဏာသက်ရောက်မှုအောက်မှာ ရှိနေခဲ့တယ်။ အရေးအခင်းကာလ
လူအုပ်စုဖွဲ့ စိတန်းလှည့်လည်ကြရာမှာ ကျွန်တော်က ခေါင်းဆောင်တစ်
ယောက်အနေနဲ့ ဦးဆောင်ပါဝင် လှုပ်ရှားလာခဲ့တယ်။

အဲဒီလို အရေးအခင်းကာလကြီးထဲမှာ အုပ်ချုပ်ရေး ပြိုလဲသွား
တော့ မင်းမဲ့စရိုက်ဆန်ဆန် ပြုမူမှုတွေ ဖြစ်ပွားလာတယ်။ ကျွန်တော်ကိုယ်
တိုင်ပဲ စမ်းချောင်းမြို့နယ်ထဲမှာ အမျိုးသမီးတစ်ဦးကို ဓားနဲ့ထိုးသတ်မှု ဖြစ်
ကျူးလွန်လာခဲ့တယ်။ အကျဉ်းထောင်တံခါးတွေ ဖွင့်ပေးလိုက်ချိန်မှာ ခိုး
နှိုက် ဓားပြရိုက်သမားတွေ မြေချင်းလိမ် ပေါ်များလာခဲ့တယ်။ အဲဒီလူတွေ
ရန်အန္တရာယ်ကို ကျွန်တော်ကိုယ်တိုင် ဦးဆောင်တာဝန်ယူ ဖြေရှင်းပေးခဲ့
တယ်။

နောက်ဆုံး တပ်မတော်က နိုင်ငံတော်အာဏာကို ပြန်လည်ထိ ချုပ်ပေးခဲ့ပြီး အရေးအခင်းကာလမှာ ဆူပူသောင်းကျန်းမှု ကျူးလွန်ခဲ့ တွေကို ပြန်လည်ဖမ်းဆီးပြီး ထောင်ထဲပို့တဲ့အခါ ကျွန်တော်လည်း ပါလာ တယ်။ ကျွန်တော်က အမျိုးသမီးတစ်ဦးကို ဓားမြှောင့်ထိုးသတ်မှုနဲ့ ထောင် လာတယ်။ ထောင်ထဲကိုရောက်လာချိန်မှာ အရေးအခင်းကိစ္စနဲ့ ဖမ်းဆီး ထားရသူတွေ အမှုအခင်းကျူးလွန်ခဲ့သူတွေ အများကြီးပဲ။

ဒီလိုနဲ့ ကျွန်တော်ထောင်ထဲရောက်လာချိန်မှာ အိပ်ဆောင် (၁) က ပုံစံခန်းမှာ အစပထမတော့ ဘာရာလုပ်နေရတယ်။ ကျွန်တော်တို့လို ဂုဏ်ရှိတဲ့ လူဆိုးလူမိုက်တွေကို ထောင်အာဏာပိုင်တွေက စည်းကမ်း သိမ်းရေးဘာရာအဖြစ် ခန့်ထားပေးတယ်။ အဲဒီအချိန်တုန်းက ထောင်ထဲ နယ်မြေအလိုက် နာမည်ကြီးနေတဲ့ လူမိုက်ခေါင်းဆောင်တွေ ကြီးစိုး တယ်။ ဒီအထဲမှာ မြေနီကုန်းလူမိုက်ဟန်တင်တို့၊ ဗဟန်းလူမိုက် ဂျမာ နာမည်ကြီးနေတာပေါ့။

ထောင်ထဲ ကျွန်တော် ဝင်လာချိန်မှာ ကျွန်တော်နဲ့ မျက် တန်းသိနေတဲ့ မြေနီကုန်းလူမိုက်က ပုံစံခန်းထဲမှာ ပထမဆုံး ကြည့်ရှုထား တယ်။ ကျွန်တော်ကလည်း ကိုယ့်လူ အရှိန်အဝါကိုသုံးပြီး ထောင်ထဲက ခန်းကြီးထဲမှာ ပုံစံပြဝင်လုပ်လိုက်၊ စည်းကမ်းထိန်းသိမ်းရေး ဝင်လုပ်လိုက် နဲ့ လူတွင်ကျယ် ဖြစ်နေတယ်။

အဲဒီတုန်းက ကျွန်တော့်ပုံစံက ဗလခပ်ကောင်းကောင်း။ အ အမောင်းက ထောင်ထောင်မောင်းမောင်းဆိုတော့ ဟိတ်ဟန်ရှိနေတယ်။ ထင်ပေါ်စေတာက ကျောပြင်မှာ ဘီလူးခေါင်းရုပ်ကြီးကို တက်တူးထိုး တယ်။ လက်မောင်းနှစ်ဘက်မှာ နဂါးပတ်ခွေနေတဲ့ပုံနဲ့ ခြေသလုံးနှစ် မှာလည်း နဂါးပုံတွေ ထိုးထားခဲ့တာကိုး။ ကျွန်တော့်ပုံစံခန်းထဲမှာ အ သစ်တွေကို ပုံစံပြတဲ့အခါမှာ ထောင်ထဲနေပုံထိုင်ပုံ ပုံစံအနေအထား။ အ





ရမယ့်ပုံစံတွေ သင်ပြပေးတော့ ပုံစံခန်းတစ်ခုလုံးထဲမှာ ကျွန်တော့်အသံ ဟပ်ိန်းထွက်နေပြီး ထောင်အုတ်နံရံထိ ပျံ့နှံ့ကျယ်လောင်နေတယ်။

ကျွန်တော့်ပုံစံခန်း ထိပ်ကနေရပ်ပြီး ပုံစံခန်းထဲမှာရှိနေတဲ့ အချုပ် စ်တွေကို မှင်နဲ့မောင်းနဲ့ ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး ဟောပြောသွန် င်နေတာကို အချုပ်သစ်တွေဟာ ငြိမ်ကုပ်ပြီး မျက်စိသူငယ်နဲ့ နားထောင် ကြတယ်။

"အချုပ်ပုံစံကို နားလည်ကြလားဟေ့"

"နားလည်ပါတယ်"

"မင်းတို့ကို ငါခဏခဏ သင်ပြပေးနေသလို ထောင်မှူးထောင် င်တွေနဲ့ တွေ့ဆုံရတဲ့အခါ ဟောဒီညာလက်ဝါးပေါ် ဘယ်လက်ဝါးအုပ်ပြီး တော့ ရပ်တဲ့အခါ ခြေထောက်နှစ်ချောင်းကို ဖနောင့်ချင်းထိပြီး ခေါင်းငုံ့ က်ဆံရမယ်"

"ကြားတယ်မဟုတ်လား"

"ကြားပါတယ်"

တကယ်တော့ ကျွန်တော်က ဟိတ်နဲ့ဟန်နဲ့၊ မှင်နဲ့မောင်းနဲ့ လုပ် ပြခဲ့တာပါ။ ကျွန်တော့်ပုံစံက အင်္ကျီအပေါ်ပိုင်းဗလာနဲ့ ပုံစံလုံချည်အဖြူ ခ်တိုတိုဝတ်ပြီး ကျွန်တော့်ခန္ဓာကိုယ်က ဗလနဲ့ ထိုးထားတဲ့အရုပ်တွေ ပြင်ပြီး ကြောက်လန့်တုန်လှုပ်နေအောင် ပြခဲ့တာပါ။

ကျွန်တော်ကိုယ်တိုင်ကလည်း အပြင်လောကမှာကတည်းက လူ က်လုပ်စားလာတဲ့လူဆိုတော့ ဟိတ်ဟန်ထုတ်ပြရတာပါ။ ကျွန်တော့်ခေတ်ခါ လည်း အိပ်ဆောင်တန်းစီးဆိုတော့ သူ့အရှိန်အဝါသုံးပြီး အားလုံးရဲ့ ကြောက် ရွံ့သေမှုကို ခံယူနေခဲ့တာပါ။ ကျွန်တော်ကပိုပြီး ထင်ပေါ်ဝင်ဆံ့လာခဲ့တာ တော့ အိပ်ဆောင်မှူး၊ ထောင်မှူးတွေနဲ့ ထောင်ပိုင်၊ ထောင်မှူးကြီးတွေ ရှိရှိကျိုးကျိုး ဆက်ဆံတတ်လို့ပါ။

ထောင်အာဏာပိုင် အဖွဲ့အစည်းက လူတွေနဲ့ ပလဲနံပသင့်အောင် ေါင်းတတ်၊ သင်းတတ်၊ ရှာဖွေကျွေးမွေးထောက်ပံ့နေတော့ အားလုံးက

မျက်နှာသာပေးထားခဲ့ကြတယ်။ အပြင်ဘက်မှာ အရေးအခင်း ရှုပ်ရှုပ်ထွေး နဲ့ လူတွေ ကြောက်လန့်ထိတ်လန့်နေချိန်မှာ ထောင်ထဲမှာလည်း ထောင်တံခါးကြီး တွေပိတ်ပြီး အုပ်ချုပ်ရေး စည်းကမ်းထိန်းသိမ်းရေး ကောင်းမွန်တည်ငြိမ် အောင် ဆောင်ရွက်နေချိန် ဖြစ်ပါတယ်။

ဒါကြောင့်လည်း လူမိုက်ဂုဏ်ပြပြီး ကိုင်တွယ်တတ်တဲ့ စည်းမျဉ်း အုပ်ချုပ်တတ်သူ လူမိုက်ဇရှိသူတွေကို နေရာပေးအုပ်ချုပ်စေခဲ့တာ ဖြစ် တယ်။ ထောင်အာဏာပိုင်တွေနဲ့ အကျဉ်းသား၊ အချုပ်သားများကြား ထောင်ဘာရာ၊ တန်းစီးတွေက အခရာလိုဖြစ်နေခဲ့တယ်။

ဒါပေမဲ့ ထောင်ဆိုတာမျိုးက လူဆိုးလူမိုက်တို့ ကွန်းခိုရာနေရာ တော့လည်း တစ်ဦးနှင့်တစ်ဦး အပြိုင်အဆောင်၊ အဖုအထစ်လေးတွေ ရှိနေ မှာတော့ အမှန်ပါပဲ။ ဘယ်သူတွေက ကျောက်တွန်းလိုက်တယ် မသိပါဘူး တစ်နေ့မှာတော့ ကျွန်တော်တို့ပုံစံခန်းထဲကို မိန်းဂျေးလ် (MAIN JAIL)လို့ ခေါ်တဲ့ ရုံးခန်းထဲက ထောင်မှူးကြီးဦးဆောင်ပြီး ထောင်မှူးတွေနဲ့ ဝန်ထမ်း တွေ ရောက်ရှိလာခဲ့တယ်။

ထောင်ထဲက ပုံစံခန်းထဲမှာ ငွေတချို့ ဖွက်သိမ်းထားတာကို သတင်း ရလို့ရှာဖွေရေး (တလာစီ) ဝင်လုပ်ခဲ့တယ်။ အိပ်ဆောင်ပုံစံခန်းထဲက တန်းစီး ရဲ့ အိပ်ရာထဲမှာ ငွေတွေဖွက်ထားတာ ရှာဖွေသိမ်းဆည်း ရမိသွားခဲ့တယ်။ ဒီတော့ ပုံစံခန်းထဲမှာ တာဝန်ရှိသူတွေ အားလုံးကို မိန်းဂျေးလ်ရုံးကို ခေါ်ဆောင် သွားခဲ့ကြတယ်။ ကျွန်တော့်ဘော်ဒါတန်းစီးလည်း ထိပ်ဆုံးကပါတော့ အမှုတွဲ ဖြစ်တဲ့ ကျွန်တော်တို့ကိုပါ စစ်ဆေးမေးမြန်းပြီး တိုက်ထဲပို့ပစ်လိုက်တယ်။

တိုက်ဆိုပေမယ့် တိုက်ပိတ်ပြစ်ဒဏ်ချမှတ်ခံရတာ မဟုတ်ဘူး။ ပုံစံ ခန်းထဲမှာ ငွေကြေးအကြံအဖန်လုပ်ခဲ့တဲ့ ကျော်ဇောမှုနဲ့ တိုက်ပြောင်းခံခဲ့ရ တာပါ။ ကျွန်တော်ကတော့ ငွေလက်ပူးလက်ကြပ်မိတဲ့ လူမဟုတ်ဘူးဆို တော့ သက်သက် တိုက်ထဲပြောင်းခံရတာပါ။ ကျွန်တော်က ပေါင်းတတ် သင်းတတ်တဲ့လူ၊ အလုပ်ကိုလည်း နေရာမရွေး လုပ်တတ်ကိုင်တတ်၊ ဖော်ရွေ တဲ့လူဆိုတော့ အဆင်ပြေပါတယ်။





တိုက်ထဲမှာ အလုပ်အတည်အကျမရှိဘဲ ဝေလေလေ လုပ်နေ တယ်။ တိုက်ထဲက လူတွေထောင်ဝင်စာ ပြသွားတဲ့အခါ နှစ်ယောက်တစ် တွဲစီ စည်းကမ်းတကျ သွားတတ်အောင် ဘေးကလိုက်ထိန်းတဲ့ စည်းကမ်း ထိန်းသိမ်းရေးဘုတ်ကိုင်လုပ်ပြီး ထောင်ဘူးဝကို ခေါ်ဆောင်သွားရတယ်။ ထောင်ဝင်စာ တွေ့ဆုံကြသူတွေ ရုံးထဲမှာ ထောင်ဝင်စာ တွေ့ဆုံနေကြချိန် မှာ ဘူးဝနားက ထောင်ကျရုံး၊ အချုပ်ရုံးတွေဆီ လျှောက်လည်စကားပြော ရင်း စောင့်နေခဲ့တယ်။

အားလုံး ထောင်ဝင်စာ တွေ့ဆုံပြီးသွားတဲ့အခါ တိုက်ထဲကို နှစ် ယောက်စီတွဲပြီး ပြန်ခေါ်လာခဲ့တယ်။ သူတို့အားလုံးကို မိန်းဂျေးလ်လမ်း မကြီးရဲ့ဘေးက လမ်းကနေစနစ်တကျ စီတန်းခေါ်လာတယ်။ မိန်းဂျေးလ် လမ်းမကြီးဟာ ထောင်ထဲမှာတော့ ထောင်အာဏာပိုင်အဖွဲ့အစည်းက လူ တွေပဲ လျှောက်ခွင့်ရတယ်။ လမ်းပေါ်မှာ ဖြတ်သွားတဲ့ ထောင်မှူးတွေနဲ့ ဆုံတဲ့အခါ ပုံစံလို့ အော်ပြီးရပ်နေရတယ်။ အာဏာပိုင်အရာရှိတွေကို အရို အသေ ပြုပေးရတဲ့သဘော ဖြစ်ပါတယ်။

အကျဉ်းထောင်က ထောင်မှူးတွေဟာ ကျွန်တော်ရဲ့ ရိုသေမှုပြု တတ်တဲ့ အကျင့်စရိုက်ကို နှစ်သြိုက်သဘောကျကြတယ်။ ကျွန်တော်အချုပ် ဆောင်ထဲမှာ ရှိနေစဉ်ကဆို လောကွတ်ပျူငှာပြုမှုတတ်တဲ့ အမူအကျင့်ကို ကြည်ကြည်ဖြူဖြူ ရှိကြတယ်။ ခုလို တိုက်ထဲ ရွှေ့ပြောင်းခံနေရတော့ အချုပ် ဆောင်ထဲမှာ အုပ်ချုပ်မှု လျော့ရဲရဲဖြစ်လာတယ်။ အရင်လို စည်းနဲ့ကမ်းနဲ့ သွားလာမှုမျိုးတွေ ပျက်ပြယ်လာတယ်။ ပုံစံနဲ့ အံဝင်ခွင်မကျ ဖြစ်လာနေခဲ့ တယ်။

မကြာခင်မှာပဲ အိပ်ဆောင် (၁) အချုပ်ဆောင်အပေါ်ထပ်မှာ မီးရှို့ သူပုန်မှုတွေ ဖြစ်ပေါ်ဖန်တီးလာကြတယ်။ ထောင်ကျအချုပ်သားအချို့ ပူး ပေါင်းပြီး အိပ်ဆောင်အပေါ်ထပ် အိပ်ခန်းထဲမှာ မီးရှို့မှုဖြစ်ပေါ်စေပြီး မီး လောင်ကျွမ်းတာနဲ့ ထောင်ထဲကနေ အခွင့်အရေးတွေ တောင်းဆိုမယ်ဆိုတဲ့

ရည်ရွယ်ချက်နဲ့ ပြုမူခဲ့တာပါ။ ဒီလိုထောင်မီးလောင်မှု ဖြစ်ပေါ်လာရင် ထောင်ထဲကလူတွေကို လွှတ်ပေးလိမ့်မယ်ဆိုတဲ့ အရေးအခင်းတုန်းက ပုံစံမျိုး ဖန်တီးချင်ကြတာ ဖြစ်ပါတယ်။

အဲဒီအချိန်မှာ ကျွန်တော့်ဆရာ ထောင်မှူးကြီးက ကျွန်တော့်ကို တိုက်ထဲက ထောင်ပိုင်ခွင့်ပြုချက်နဲ့ ခေါ်ထုတ်ပြီး လက်ခဲ့စက်ခဲ့ရှိတဲ့ အကျဉ်းသားအချို့ကို ကျွန်တော် ဦးဆောင်ဖြေရှင်းနိုင်ခဲ့တယ်။ ကျွန်တော်ကိုယ်တိုင် အိပ်ဆောင်အခန်းထဲထိ ဝင်ရောက်ရိုက်နှက် နှိမ်နင်းပစ်ခဲ့တယ်။ အိပ်ဆောင်အခန်းထဲကို မီးရှို့နေတုန်းမှာ နှိမ်နင်းနိုင်ခဲ့တယ်။

အဲဒီလို မီးရှို့မှုကို စတင်ဖန်တီးခဲ့တဲ့လူစုကို ကျွန်တော့်တပည့်တွေက ရှာဖွေဖော်ထုတ်ပေးခဲ့ပြီး တစ်ယောက်စီဆွဲခေါ်လို့ မိန်းကျေးလယ်ရုံးမှာ ထိုင်နေတဲ့ ထောင်မှူးကြီးဆီ စစ်ဆေးနိုင်ဖို့ ပို့ဆောင်ပေးခဲ့တယ်။ မိန်းကျေးလယ်ရုံးရှေ့မှာ မီးရှို့မှုဖန်တီးတဲ့သူတွေကို ရိုက်နှက်စစ်ဆေးခဲ့ပြီး ပြစ်ဒဏ်တိုက်ထဲပို့ခဲ့တယ်။ ကျွန်တော်က (၈၈) အရေးအခင်းမှာ ပါဝင်ခဲ့ဖူးတဲ့ အတွေ့အကြုံရှိနေတော့ အကျဉ်းထောင်သစ္စာဖောက်တွေကို အချုပ်ဆောင်ထဲက ဆွဲထုတ်ပြီး အပ်နှံပေးခဲ့တယ်။

ဒီတော့ဘဝတူ အကျဉ်းသား၊ အချုပ်သားတွေက သူတို့အားလုံးကို တမင်ဖော်ကောင်လုပ်ပြီး ထောင်မှူးကြီးဆီမှာ မျက်နှာလိုမျက်နှာရလုပ်တယ်လို့ မြင်သွားကြတယ်။ ကျွန်တော့်ကို ဂျပန်ကင်ပေတိုင်တွေရဲ့ အလိုတော်ရိလို့ သတ်မှတ်ခဲ့ကြတယ်။ ဘယ်လိုပဲ ရှုမြင်နေပါစေ၊ ဒီအချိန်မှာ ကျွန်တော်ဟာ ကိုယ့်ဘဝရပ်တည်နိုင်မှုကိုပဲ ကြည့်ရမှာမို့ ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့တယ်။ ဘယ်သူသေသေ ငတေမာပြီးရောဆိုပြီး သဘောထားခဲ့တာပါပဲ။

တကယ်တော့ ဒီလို ပြုမူဆက်ဆံခဲ့တာဟာ ထောင်ထဲနေရစိုက်မှာ အလွန်အန္တရာယ်ကြီးပါတယ်။ ကိုယ့်ကို အငြိုးအတေးရှိနေသူတွေ၊ မျက်မုန်းကျိုးနေသူတွေကတော့ မိုးကောင်းတုန်း ရွာထားဦးပေါ့ကွာလို့ ကြိမ်းဝါး





နေမှာ မလွဲကေန်ဖြစ်ပါတယ်။ ကျွန်တော့်အဖို့တော့ ဒီလိုအချိန်မှာ ထောင်အာဏာပိုင်တွေဘက်ကနေပဲ လိုက်ပါဆောင်ရွက်ရမယ့် တာဝန်ရှိနေပါတယ်။

အဲဒီနောက်ပိုင်း ကျွန်တော့်ကို အိပ်ဆောင် (၄) မှာ တန်းစီးအဖြစ် ထောင်ပိုင်ကြီးက တာဝန်ပေးခဲ့တယ်။ ထောင်ကျဆောင်ထဲမှာ သူတလူ ငါလတမင်းနဲ့ စည်းကမ်းပျက်နေတဲ့ ထောင်ကျအကျဉ်းသားတွေကို အုပ်ချုပ်ဖို့ တာဝန်ပေးခဲ့တယ်။ ဒါကြောင့် ကျွန်တော်ဟာ ထောင်ထဲမှာ လူတယ်လောက်မုန်းမုန်း ဂရုမစိုက်ဘဲ စည်းကမ်းတကျ အုပ်ချုပ်စီမံပေးခဲ့တယ်။

ထောင်ကျဆောင်ဆိုတာ သိတဲ့အတိုင်းပဲလေ။ ထောင်နဲ့မကင်းတဲ့လူတွေ ထောင်ထဲကို ဝင်ဖို့ထွက်ဖို့ လုပ်နေကြသူတွေအတွက် ဘုမ်နက်သန်မြေပါပဲ။ ထောင်မကျခင် အချုပ်သားဘဝမှာထဲက ထောင်ပုံစံခေါက်ရိုးကျိုးလာကြသူတွေ များပါတယ်။ အချုပ်သားဘဝမှာကတည်းက ထောင်အထားထောင်အကျင့်တွေကို ထုံးလိုခြေ ရေလိုနှောက်လာသူတွေပါ။

ဒီတော့ ထောင်ကျပုံစံခန်းထဲမှာ များသောအားဖြင့် ပုံစံပြရသူဟာ ထောင်အတွေ့အကြုံရှိနေသူတွေ များပါတယ်။ ပုံစံခန်းထဲကို ရောက်လာတဲ့ ထောင်ကျသစ်တွေကို ကိုင်တွယ်ရာမှာ လိမ္မာပါးနပ်ဖို့ လိုပါတယ်။ သူတို့ကို ထိပ်တိုက်ပြုပြီးတော့ "ကဏ္ဍကောဇလုပ်ရင် ထိပ်တိုက်ပြဿနာ တိုးတတ်တယ်။ ဒီအထဲမှာ ဒုစရိုက်လောကမှာ နာမည်ကြီးနေတဲ့ နဂါးလေးတို့ ခါးပိုက်နှိုက်အုပ်စုဝင်တွေဟာ ထောင်ကျလာနေတယ်။

"ထောင်ကျပုံစံဆိုတာ အချုပ်ပုံစံလို မဟုတ်ပါဘူး။ ပုံစံထားပုံခြင်း ကွာခြားပါတယ်။ ထောင်ကျပုံစံက ပုံစံရပ်တဲ့နေရာမှာ ခြေဖနောင့်နှစ်ဖက်ကို ထိကပ်ထားပြီး ရှေ့ခါးပုံစံအောက်မှာ ဘယ်ဘက်လက်ပေါ်မှာ ညာဘက်လက်ကို အုပ်မိုးတင်ထားပြီး ခေါင်းငုံ့ရပ်နေရပါမယ်"

"ဟော့ ... လုပ်မနေနဲ့ သိပြီးသားတွေကွ"

ရုတ်တရက် နဂါးလေးရဲ့ မထီတရီလေသံပြောင်နေမှုကို ပုံစံပြက ကြောင်တောင်တောင် ဖြစ်သွားတယ်။ သူ့ထက် ပိုနိုက်ခဲ့ရိုက်ခဲ့တဲ့ သတ္တိ

ရှိသူတွေ ဖြစ်နေတာကြောင့် ပုံစံပြသူဟာ ပုံစံပြမရတဲ့ အခက်ကြုံသွားတယ်။ ဒီတော့ ကျွန်တော့်ဆီကို ဆက်လက်သတင်းပို့ တိုင်ကြားခဲ့တယ်။ ထောင်ထဲမှာ ဗိုလ်လုပ်တယ်ဆိုတာ သူများထက်ပိုပြီး မိုက်ရဲမိုက်ရဲမှ မိုက်ဂုဏ်ပြနိုင်မှ ဗိုလ်လုပ်လို့ရတာပါ။

ဒါကြောင့် ကျွန်တော်ဟာ ပုံစံပြနေတဲ့ ပုံစံခန်းဆီကို လိုက်လာပြီး အခန်းအနောက်ဘက်က အခြေအနေကို အကဲခတ်ကြည့်နေတယ်။ ဒီကို တန်းစီးအဖြစ် အိပ်ဆောင်ကို အုပ်ချုပ်နိုင်းနေချိန်မှာ စည်းကမ်းဖောက်ဖျက်သူ မည်သူ့ကိုမျှ လုံးဝလက်မခံဘဲ ဘော်ဒါဘော်ကျွတ်အဖြစ် သဘောမထားဘဲ အပြတ်ကိုင်ခဲ့တယ်။

အဲဒီအချိန်မှာ အရှေ့ဘက်ကနေ ပုံစံပြပေးနေတာကို လိုက်လံပြီးတော့ အနောက်အယှက်ပေးနေတဲ့ နဂါးလေးတို့အုပ်စုကို သတိပြုကြည့်နေခဲ့တယ်။ သူတို့အုပ်စုဟာ အပြင်လောကမှာ အုပ်စုဖွဲ့အနိုင်ကျင့် လုယက်ကျူးလွန်တတ်သူများ ဖြစ်ပါတယ်။ ကျွန်တော်အနောက်ကနေ စောင့်ကြည့်နေမှန်း သတိမထားမိဟန်တူပါတယ်။

ဒါကြောင့် ကျွန်တော် နောက်ကနေ အသာလျှောက်လာပြီး ပုံစံမထိုင်ဘဲ ကပျက်ယပျက်လုပ်နေတဲ့ နဂါးလေးနံကြားကို ညာခြေနဲ့ဗိုက်ကန်ထည့်ပစ်လိုက်တယ်။

"အား ..."

"မင်းတို့ ... မှတ်ထားကွ၊ ထောင်ဆိုတာ စည်းနဲ့ကမ်းနဲ့ အုပ်ချုပ်တဲ့နေရာ။ မင်းတို့က အပြင်လောကမှာ အုပ်စုဖွဲ့ဗိုလ်ကျချင်လို့ရမယ်၊ ထောင်ထဲမှာတော့ ဒီလိုလာလုပ်လို့ မရဘူးဆိုတာ မြဲမြဲမှတ်ထားကြ။ ငါ့ကို ထောင်ထဲမှာ ဒီလိုလာပြီး၊ အချိုးမချိုးနဲ့၊ တစ်ယောက်ချင်းလည်း အပြတ်ရှင်းလို့ရတယ်။ ငါ့နာမည်ကိုလည်း မသိရင် ... မှတ်ထားကြ၊ ငါ့နာမည် ဗိုးမြတ်၊ တန်းစီးဗိုးမြတ်ဆိုတာ ငါပဲ။ မင်းတို့တွေထက် မိုက်လို့ တန်းစီးလုပ်ပြီး အုပ်ချုပ်နေခဲ့တာပဲ"





ကျွန်တော့်ရဲ့ ညာခြေဗိုက်ကန်ထည့်ချက်ကို မမျှော်လင့်ဘဲ ခံလိုက်ရတဲ့ နဂါးလေးတစ်ယောက် အားခနဲ နာကျင်စွာ အော်ဟစ်ညည်းတွားလိုက်ရင်း ထောင်ကျအကျဉ်းသားတွေကြားမှာ ခံလိုက်ရတာကို တော်တော်ရှက်သွားပုံရတယ်။ ကျွန်တော်ကတော့ ကိုယ့်ကို စိန်ခေါ်လာသူဆို ဘွာခတ်တတ်သူလူမှ မဟုတ်ပဲ။ ကျန်အကျဉ်းသားတွေကိုပါ ကျွန်တော့်အပေါ် စိုးရွံ့သွားအောင် ဆက်ပြောပြနေတယ်။

ဒီအချိန်မှာ နဂါးလေးတစ်ယောက်ကတော့ သူ့လိုရာဇဝင်လူမိုက်တစ်ယောက်ကို လူပုံလယ်မှာ အရှက်ရအောင် ပြုမူသွားခဲ့တဲ့ ကျွန်တော့်အပေါ်မှာ လုံးဝကျေနပ်ပုံမရဘူး။ သူ့လိုလူကို ရက်ရက်စက်စက် ကန်ကျောက်သွားခဲ့တဲ့အတွက် နာကြည်းဒေါသဖြစ်နေမှာ သေချာပါတယ်။ စိတ်ထဲမှာတော့ နေဦးသေးသပ တရေး ချီသွေးသပ တမြမြလို့ စိတ်ထဲမှာ ကြိတ်ကြိမ်းနေမှာပါ။ ထောင်ထဲမှာ လောလောဆယ် အာဏာပါဝါအရှိဆုံးက တန်းစီးဘာရာတွေပါပဲ။ လက်အောက်ငယ်သားဆိုတာ ဘောက်ဆင်းအကျဉ်းသားအဆင့်ပဲရှိတယ်။

ကျွန်တော့်ဘဝက ထောင်ထဲမှာ ကျင်လည်နေရတုန်းအချိန်မှာ အသက်လျှကြီးတွေကို ပြေလည်အောင် ပေါင်းသင်းဆက်ဆံထားတော့ လက်ညှိုးညွှန်ရာရေ ဖြစ်နေတယ်။ ဒီတော့ ထောင်ထဲမှာ ကောင်းကောင်းနေကောင်းကောင်းစားသောက်ပြီး၊ ခြိုးကျကျ စတိုင်ကျကျ နေနိုင်ခဲ့တယ်။ ထောင်ကြီးတစ်ထောင်လုံးကို ဒိုးလိုမွှေ၊ ရေလိုနှောက် နေရာအနှံ့ ခြေဆန့်သွားလာလည်ပတ်ခွင့်ရှိတယ်။

အထူးသဖြင့် ညနေစောင်း ရုံးထုတ်ရုံးပြန်တွေ ပြန်လာကြချိန်ဆိုနိုင်ချုပ်ရေးထဲက မိန်းမလုကျွန်းနေရာလို ထောင်ထဲ အနုတောက အပျိုချောလေးတွေကို တခုတ်တရ ငမ်းခွင့်ကြတယ်။ ဒီချိန်မှာ ကျွန်တော့်မျက်နှာပေါ် သနပ်ခါးအဖွေးသားလိမ်းပြီး တက်ထရွှန်းလက်ရှည်အဖြူနဲ့ တက်ထရွှန်လုံချည်ဖြူကို ဝတ်ဆင်ထားတာကြောင့် ထောင်မင်းသားတစ်ယောက်လို ဖြစ်နေတယ်။

ဟုတ်တယ်လေ ... ကျွန်တော့်ပုံစံက အရပ်ထောင်ထောင်မောင်းမောင်း။ ရုပ်က ခပ်ချောချောဆိုတော့ ကောင်မလေးတွေ ပိုင်းပေးနေမှာ အမှန်ပါပဲ။ ထောင်ထဲမှာ မိန်းမတွေကြဖို့က လွယ်မှမလွယ်ဘဲ။ စကားရွှန်းရွှန်း ပြောရဖို့ဆိုတာ ဝေလာဝေးပဲ။ အမှန်တော့ မြင်သာမြင် မကြင်ရတဲ့ဘဝမှာ ရသေးစိတ်ဖြေ ကြည့်ရုံကြည့်နေကြရတာပါပဲ။ ကျွန်တော်ကတော့ မိန်းမ ချောချောလှလှမြင်ရင် ငမ်းချင်တဲ့ ဓါသနာကြောင့်ပါ။ ဒါကြောင့် မနက်ရုံး ထွက်သွားတဲ့အချိန်နဲ့ ညနေရုံးပြန်လာချိန်ဆို ထောင်ဘူးဝနေရာလေးဆီ အမြဲရောက်လာနေတတ်တယ်။

အမျိုးသမီးဆောင်ထဲက အချုပ်ကျ၊ ထောင်ကျနေသူ အမျိုးသမီး ဆိုတာတွေကလည်း မိန်းမတို့သဘာဝ ဒီးလိမ်းဝတ်စားပြီး ထွက်လာရင် ရုပ်ရှင်မင်းသမီးတွေတောင် အရှုံးပေးရမယ်။ မရှိရှားပါးတဲ့ နေရာအခက်အခဲ မှာ ပင်ကိုစရိုက်အလှလေးတွေကို မိတ်ကပ်၊ သနပ်ခါးလိမ်းကျံထားတော့ အလှပန်းတွေ ဝေဆာပွင့်လန်းလာတယ်။ ထောင်ထဲအတူတူရှိနေပေမယ့် သီးခြားကမ္ဘာမှာ နေနေရသလို အိပ်ဆောင်ထဲမှာပဲ နေနေရတာများပါ တယ်။

ကျွန်တော်ကတော့ ရုံးသွားရုံးပြန်ချိန် ဘူးတံခါးဝဆီ အကြောင်း ပြထွက်လာပြီး ဂိတ်တံခါးဝမှာ အော်ဒလီလိုလို၊ ထောင်မှူးထောင်ပိုင်တွေရဲ့ ဘာရာလိုလို၊ ဟန်ရေးတပြပြလုပ်ပြီး ဇေါ်ရေးသွင့်နေခဲ့သည်။ ထောင်အုတ် နံရံလေးဘက် ကာရံထားတဲ့ စည်းခြားနေသော ကမ္ဘာတစ်ခုလိုဖြစ်နေတဲ့ နယသိန်စံအိမ်ထဲမှာ နှစ်ရှည်လများ ထောင်ကျနေကြရတော့ မ,သဏ္ဌာပါဆို တာ မူးလို့တောင် ရှူစရာမရှိဘူး။ ခုလို ရုံးထုတ်ရုံးပြန် အချိန်ရောက်မှ အထဲက ရုံးထွက်သွားသူ၊ အပြင်က ရုံးပြန်လာသူတွေကို တမွိက်မက်မက် မျှော်ငေးခွင့် ရခဲ့ကြတာပါ။

ခုလို အပြင်ဘက်မှာ ရှားပါးပစ္စည်းမျိုး ထောင်ထဲမှာ ကြည့်ခွင့် မြင်ခွင့်ရတာ နည်းတဲ့ကုသိုလ်မှ မဟုတ်ဘဲ။ ပုရိသ ယောကျ်ားတွေဆိုတာ ဟိုကချောင်း၊ သည်ကချောင်းနဲ့ သွားရည်တမြားမြား ဖြစ်နေကြတယ်။ အဲဒီ





လိုပဲ ဆန့်ကျင်ဘက် ဣတ္ထိယနွယ်ဝင် မိန်းမတွေဘက်ကလည်း၊ ကြည့်ဦး။ မျက်နှာပြင်ပေါ်မှာ အသွားကြောကြော အပြန်မော့မော့ဆိုသလို မျက်နှာပြင် ပေါ်မှာ မှုန့်သာခြယ်ကာသလို ကလူသလိုလို၊ မြူသလိုလို မျက်နှာပေးတွေ နဲ့ မော်ဒယ်တွေလို ကတ်ဝေါ့ (Cat Walk) လျှောက်ပြသလို လျှောက်ပြနေ ကြတယ်။ သူမတို့အိပ်ဆောင်ထဲက ဘူးဝတံခါးထိ ကိုက်ငါးဆယ်လောက် အကွာအဝေးကို ဟန်ရေးပြလျှောက်နေကြတာကို မြင်တွေ့နေရတဲ့ ပုရိသ တွေအဖို့ ရင်တဖိုဖိုနဲ့ ကြည့်မဝအောင် ခံစားနေရတယ်။

အဲဒီလိုမြင်သာမြင် မကြင်ရတဲ့ဘဝမှာ စိတ်အဆာပြေရုံကလွဲလို့ ဘာမှ မတတ်နိုင်ကြပါဘူးလေ။ မတွေ့မမြင်ရတာ ကြာနေလို့သာ မိန်းမဆို ဘာမျိုးက ဒီလိုပုံသဏ္ဌာန်ပါလားလို့ ရှုငေးနေကြရတာပဲ ရှိတယ်။ အဲ .. ညနေရုံးပြန်ချိန်ရောက်လို့ အချုပ်ကားကြီးပေါ်က ဆင်းလာကြတဲ့ သူတို့ ပုံရိပ်တွေက နေထိပန်းလို ညှိုးနွမ်းပြီး ခြေကုန်လက်ပန်းကျ ပြန်လာကြရ တာ များတယ်။ ရုံးထွက်သွားစဉ် အချိန်တုန်းကတော့ လန်းလန်းဆန်းဆန်း ဒီးလိမ်းပြင်ဆင်ပြီး ဖလန်းဖလန်းထအောင် ရယ်မောပျော်ရွှင်နေတဲ့ ပြုံး မျက်နှာလေးတွေဟာ တရားသူကြီးမင်းရဲ့ အမှုအပေါ် အမိန့်စီရင်ချက်ချ မှတ်လိုက်သံလည်းကြားရော စိတ်ဓာတ်တွေကျဆင်းပြီး ဖလက်ပြပြန်လာ ကြရတယ်။

ညနေ ရုံးပြန်လာချိန်မှာတော့ အမှုစစ်ပြီးသွားတဲ့ သူတွေထဲမှာ ထောင်ဒဏ်ကျခံလာရတဲ့ လူတွေကတော့ ထောင်ကျဆောင်ကို ပြောင်းရွှေ့ ရတော့မှာမို့ စိတ်ဓာတ်ကျသွားကြတယ်။ ရုံးချိန်းမပြီးပြတ်သေးတဲ့ အချုပ် သူတွေကတော့ နဂိုအိပ်ဆောင်မှာ ပိုလ်နေမြဲကျားနေမြဲ ဆက်လက်နေခွင့် ရသေးတယ်။

ခုလို ထောင်ဒဏ်ကျခံရသူတွေမှာတော့ တီကောင်ကို ဆားနဲ့ပက် သလို ငါးရံ့ပြာလူးဖြစ်ကုန်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ ထောင်ကျအိပ် ဆောင်ကို ပြောင်းရွှေ့ခံရတဲ့အခါ နဂိုအချုပ်ဘဝမှာ ရင်းနှီးခင်မင်ခဲ့ကြသူ

သူရိန်စာပေ

တွေ၊ စားအိုးတွဲစားနေကြသူတွေ အနေအစားပျက်သွားတာကြောင့် ဖြစ် ပါတယ်။

ဒီလို ထောင်ကျသွားပြီဆိုကတည်းက အပြင်ရုံးထွက်စရာ မ ‌တော့ဘူး။ ထောင်ကျနဲ့ ထိုက်တန်တဲ့ ထောင်တွင်းအလုပ်အကိုင်တွေကို လုပ် ကိုင်ကြရတော့မယ်။ နှစ်ရှည် ထောင်ဒဏ်ကျခံလာသူဆို ပိုဆိုးသွားတော ပေါ့။ မိန်းမဆိုတာ အရွယ်အဆင်းရှိတုန်းအချိန်မှာ အလှပဆုံး ပြင်ဆင်ထ စားနေရမယ့်အချိန်၊ လွတ်မြောက်သွားချိန်မှာ အရွယ်တော်တဆိတ်ဟိုင်းတ အပျိုဟိုင်းကြီးဘဝ ရောက်ပြီးတော့ ဈေးကျကုန်ကြီးတွေ ဖြစ်သွားပြီလေ။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်အတွက်တော့ ခုနှစ်နှစ်တာပတ်လုံ ထောင်ကျခံနေရတဲ့အချိန်မှာ သူ့ဘဝ သူ့ပတ်ဝန်းကျင်မှာ ရောက်တဲ့အခါ မှာ ပျော်အောင်နေ၊ တွေ့တဲ့လူနဲ့ သင့်အောင်ပေါင်းနဲ့ ဘဝကို ဖြတ်သန်းလာ ခဲ့ရတယ်။ ကျွန်တော်ကတော့ တန်းစီးတစ်ယောက်အနေနဲ့ လူပေါင်းနဲ့ ဆက်ဆံနေရတယ်။

၁၉၈၉ ခုနှစ်ထဲမှာ ဒုတိယအကြိမ် ထောင်ဆူပူမှု ထပ်ဖြစ်တယ်။ အဲဒါကတော့ တိုက်တာဝန်ခံထောင်မှူးကြီးရဲ့ ကြိုးသမားတွေအပေါ်မှာ ကိုင်တွယ်မှု ပျော့ညံ့ခဲ့လို့ပါပဲ။ သည်တုန်းက ကြိုးတိုက်ခန်းတွေထဲမှာ (၈၈) အရေးအခင်းကာလမှာ ခေါင်းဖြတ်ခဲ့ကြတဲ့ ကြိုးသမားသေဒဏ်ကျတွေ အယောက် (၂၀၀) လောက်ရှိမယ်။ ဒီတော့ ကြိုးတိုက်ခန်းထားရှိနိုင်တဲ့ လူဦးရေနှုန်းထက် ကျော်လွန်ပြည့်ကျပ်နေတယ်။

အဲဒီအချိန်မှာ ခေါင်းဖြတ်သတ်လာခဲ့တဲ့ သေဒဏ်စီရင်ချက်ချ မှတ်ခံထားရသူ ကြိုးသမားတွေကို ရင်ကွဲတိုက်ထဲမှာ ထားခဲ့တယ်။ ရင်ကွဲ တိုက်ဆိုတာကလည်း အလယ်မှာလမ်းထားပြီး မျက်နှာချင်းဆိုင်တိုက်ခန်း တွေကို တည်ဆောက်ထားခဲ့တာပါ။ ရင်ကွဲတိုက်ထဲမှာတင် ကြိုးသမားငါး ဆယ်လောက် စုပြုံရှိနေတယ်။ ပြဿနာဖြစ်ပွားခဲ့ချိန်မှာ ကြိုးသမားတွေကို နေ့ဘက်ရေချိုးထုတ်ပေးချိန် ဖြစ်တယ်။ ထောင်ဥပဒေအရဆိုရင် ကြိုးသ မားတစ်ယောက်ကို ဆယ့်ငါးမိနစ် ရေချိုးထုတ်ပေးရတယ်။





ဒီတော့ ရေချိုးထုတ်နေချိန်မှာ တိုက်ခန်းတစ်ခန်းချင်းဖွင့်ပြီး ရေချိုး ယ်ဆို တစ်နေကုန်အောင် အချိန်ကုန်သွားမယ်။ ဒီအချိန်မှာ ကြိုးသမား တွေနဲ့ အတူတူ နိုင်ငံရေးသမားထောင်ကျတွေကိုပါ စုပေါင်းထည့်ထား တယ်။ ခုလို ရေချိုးချိန်မှာ ပြဿနာကို ဖန်တီးပြီး ကြိုးသမားတွေဟာ ရေချိုးထုတ်ပြီး တိုက်ခန်းထဲ ပြန်မဝင်ဘဲ ဆန္ဒပြလာခဲ့တယ်။ တိုက်ထောင် မှူးကြီးကလည်း အနေအေးပြီး သဘောကောင်းတဲ့သူဖြစ်တာကြောင့် အဆင် ပြေအောင် ကူညီပေးခဲ့တာကို အခွင့်ကောင်းယူသွားခဲ့ကြတာပါ။

အဲဒီလို ဆူပူမှုဖန်တီးလာခဲ့ချိန်မှာ ထောင်အာဏာပိုင်တွေဘက် က ပြဿနာကိုထိန်းချုပ်နိုင်ဖို့ ဝန်ဆောင်နဲ့ အကျဉ်းသားလူယုံတွေကို တာဝန် ပေးအပ်ခဲ့တယ်။ ပထမဆုံး အပြင်ဘက်မှာ စုဝေးနေကြသူတွေကို မိမိ အခန်းထဲသို့ ပြန်ဝင်နေထိုင်ကြဖို့ အေးအေးဆေးဆေး ဟောပြောဆုံးမခဲ့ တယ်။ တချို့ သဘောထားတင်းမာနေသူတွေက မဝင်ကြဘဲ ဆူပူမှုကို ဖန် တီးချင်ကြတယ်။

ဒီနေရာမှာ ထောင်ပိုင်ကြီးက အကျဉ်းသားလူယုံတွေကို ကြိုးသမား အုပ်စုထဲ ရောထည့်ပေးလိုက်တာ ဘယ်သူမှ မသိလိုက်ဘူး။ ဒီထဲမှာ ကျွန် တော်လည်း ပါသွားတယ်။ အမှန်တော့ ထောင်ထဲမှာသတင်းပေး(Informar) တွေ မွေးထားရတယ်။ ဟိုးခေတ်ကဆို စီအိုင်ဒီအဖွဲ့ဖွဲ့ပေးပြီး ထောင်ထဲ က သတင်းထောက်လှမ်းရတာ ရှိပါတယ်။ အဲဒီသတင်းပေးတွေကတစ်ဆင့် ထောင်ဖောက်မယ့်သတင်းတွေ ကြိုရတာတော့ပါတယ်။

ခုလည်း ရှေ့မီနောက်မီ ထောင်ပိုင်ကြီးကို အရေးအခင်းအပြီးမှာ အထူးတာဝန်ပေး ဆောင်ရွက်စိုင်းခဲ့တယ်။ မထင်မှတ်ဘဲ ဖန်တီးလာခဲ့တဲ့ ဆူပူမှုမီးပွားစတစ်စ လှုံ့ဆော်ဖန်တီးလာသူတွေရဲ့ ရည်ရွယ်ချက်ကို အချိန်မီ သိရှိနိုင်အောင် လူယုံတွေကို အခြားအကျဉ်းသားနဲ့ ရောထည့်ထားလိုက် တယ်။ ခုလိုအချိန်မှာ ကြိုးသမားဆိုတာမျိုးက သေမထူး နေမထူးတွေ ဖြစ် တာကြောင့် လူအုပ်စုခွဲပြီး ထိန်းချုပ်နိုင်ဖို့ လိုပါတယ်။

ဒီတော့ ထောင်အာဏာပိုင်တွေနဲ့ တွေ့ဆုံညှိနှိုင်း ဆောင်ရွက်
အောင် ကြိုးသမားခေါင်းဆောင်အချို့ ရွေးထုတ်ပြီး ညှိနှိုင်းဆောင်ရွက်
ခဲ့တယ်။ အဲဒီတော့မှ ပြဿနာနဲ့မဆိုင်သူတွေကို မိမိတို့ တိုက်ခန်းထဲ
ဝင်နိုင်ပြီး အပြင်ဘက်ကနေ သော့ခတ်ပိတ်ထားလိုက်တယ်။ ကြိုးသ
ခေါင်းဆောင်တွေကို မိန်းဂျေးလ်ရုံးခန်းဆီ ခေါ်ဆောင်လာရာမှာ ကျွန်
လည်း ရောပါလာလိုက်တယ်။

ကျွန်တော့်ကို တိုက်ထဲက သီးခြားခေါ်ထုတ်လာစဉ်မှာ ထော
ကြီးက ထောင်ထဲအခြေအနေ တီးခေါက်မေးမြန်းကြည့်တယ်။ ဒီအထဲ
အရေးကြီးတဲ့ သတင်းတစ်ခုကို ကျွန်တော်က လက်ထောက်ချပေးခဲ့တ
ထောင်ပိုင်ကြီးဟာ ဝန်ထမ်းတွေနဲ့အရာရှိတွေ ချက်ချင်းစုရုံးစေပြီး တုတ်
တွေကိုင်လို့ တိုက်ခန်းပတ်ပတ်လည် ဝိုင်းထားနိုင်းတယ်။ ကြိုးတိုက်
ထဲက လူတွေကို တစ်ခန်းချင်းစီသော့ဖွင့်ပြီး အခြားတိုက်တွေဆီ သီး
ခွဲပို့စေခဲ့တယ်။

အားလုံးလူခွဲနိုင်းပြီးမှ တိုက်ခန်းအသီးသီးထဲကို ဝင်ပြီး တသ
ခဲ့ကြတယ်။ မထင်မှတ်ဘဲ တိုက်ထဲ ကွပ်ပျစ်အောက်ကနေရာတွေနဲ့
ဖလားတွေထဲမှာ ဖွဲ့ပြာအုပ်ဝှက်သိမ်းထားတဲ့ ဂျင်ကလီလက်နက် အမြော
အများ တွေ့ခဲ့ရတယ်။ ဒါကြောင့် ကျွန်တော်သတင်းပေးခဲ့လို့ ထောင်ထဲ
လူရုပြီး ထောင်ဖောက်မှုဖြစ်အောင် ဖန်တီးမဲ့ အစီအစဉ်ကို အချိန်မီထိန်း
နိုင်သွားတယ်။

ဒါကြောင့် ထောင်ထဲမှာ အကျဉ်းသားအချုပ်သားတွေကို ထိ
သိမ်းထားရတာ မလွယ်ပါဘူး။ သူတို့ဟာ ပြဿနာကို ရှာကြံဖန်တီးချင်
သူတွေများတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ထောင်ဝါ
သ်သရာထဲမှာ မိမိဘဝအေးချမ်း အနေချောင်အောင်ပဲ ကျင့်ကြံနေထိုင်
တယ်။

အကျဉ်းထောင် အာဏာပိုင်တွေဘက်က မှုခေါင်းပါဝင်ဆောင်ရွ
ပေးလို့ ထောင်ထဲက အကျဉ်းသားများရဲ့ မုန်းတီးရွံရှာမှုကို ခံယူနေရတယ်





ထဲမှာ ကျောင်းတော်က ရန်စရှိခဲ့တဲ့ နဂါးလေးတို့အဖွဲ့ကလည်း အခြေ
နေ အခွင့်ကောင်းကြုံရင် လုပ်ကြံဖို့တောင် ကြံစည်ကြိုးစားလာခဲ့ကြတယ်။
ဘဝက ထောင်ထဲမှာတော့ လုံခြုံစိတ်ချရတယ်လို့ပဲ ကျွန်တော်ကတော့
ယူထားခဲ့တယ်။

ကျွန်တော့်အတွက် အဆင်ပြေချင်တော့ အကျဉ်းထောင်ကြီးထဲကို
လောင်းကစားမှုပုဒ်မနဲ့ ထောင်ကျလာတဲ့ ဂျင်အဖွဲ့တွေ ရောက်လာခဲ့တော့
တယ်။ ဒီလိုလောင်းကစားသမား ဂျင်အဖွဲ့အုပ်စုတွေဟာ ထောင်ထဲရောက်
ရင် အနေအထိုင်ဆင်းရဲမှာ စိုးရိမ်ကြောင့်ကျခဲ့ကြတယ်။ သူတို့ လောင်း
စားအုပ်စုတွေဟာ ရွှေတောင်ကြားရပ်ကွက်ထဲက သူဌေးအိမ်မှာ လူနှစ်
ဆယ်နီးပါး စုဝေးလောင်းကစားခဲ့ကြတဲ့ ဂျင်အဖွဲ့တွေ ဖြစ်တယ်။ ဂျင်လောင်း
စားတယ်ဆိုတာ သူဌေးပိုက်ဆံဝါလားတွေသာ ကစားနိုင်ကြတာ။ ရဲတပ်
က ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးနိုင်လို့ ထောင်ကျလာခဲ့ကြတာ ဖြစ်တယ်။

အကျဉ်းထောင်ထဲမှာ ထောင်ကျလာကြတဲ့ အကျဉ်းသားတွေထဲ
မှာ ကျောက်ကုန်သည်၊ ဂျင်လောင်းကစားသမား၊ ချဲထိုးဒိုင်၊ မူးယစ်ဆေးဝါး
ရောင်းသူတွေဟာ ပိုက်ဆံဝါလားတောသူတွေ ဖြစ်တယ်။ ကျွန်တော်က
ထောင်အတော ကျွမ်းနေပြီးသားဆိုတော့ အလကားမတ်တင်း သူ့နိုးခါးပိုက်
နှက်ကို ကြည့်ထားနေမယ့်အစား သူဌေးတစ်ယောက်ကို ကောင်းကောင်း
ကြည့်ထားလိုက်ရင် ကိုယ့်အတွက် အကျိုးရှိမှာမဟုတ်လား။

ခုလိုထောင်ထဲကို ရောက်လာနေတဲ့ ဂျင်အဖွဲ့တွေအားလုံး ကျွန်
တော့်ထံ ချဉ်းကပ်ပေါင်းသင်းလာကြတယ်။ ကျွန်တော့်ကို ထောင်ထဲမှာ
အုပ်ချုပ်နေတဲ့ တန်းစီးတစ်ယောက်ဆိုပြီး မျက်နှာချိုသွေး ပေါင်းသင်းလာခဲ့
တယ်။ ကျွန်တော်ကလည်း အိပ်ဆောင်ထဲမှာ ကျသစ်တွေကို ပုံစံပြပေးနေ
ချိန်မှာ ကိုယ်တိုင် သင်ပြပေးရင်း ဆုံးမဩဝါဒ စကားလိုလို၊ ခြိမ်းခြောက်
စကားလိုလို ပါဝါအာဏာပြနေခဲ့တယ်။ လူဆိုတာမျိုးက ကြောက်တတ်မှန်း
သိလေ ခြိမ်းခြောက်လေဆိုသလိုပဲ။ ထောင်ထဲမှာထောင်ကျနေတဲ့ သာဓီး

အကျဉ်းသား အခြေအနေမှဲ့တွေကတော့ မြေစာပင်တွေပဲ။ ပုံစံပြတန်းထဲ တွေအောက်မှာ အထုအထောင်း ခံနေကြရတယ်။

ဂျင်လောင်းကစားအဖွဲ့တွေဆိုတာ များသောအားဖြင့် ချမ်းသာကြ သူ၊ ငွေကြေးထောက်တဲ့လူတွေ များတယ်။ ဂျင်လောင်းကစားကြတဲ့အခါ ကြိုး ဝိုင်းချိန်းဝိုင်းလုပ်ပြီးမှ ကစားကြတာများတယ်။ ခုလို အခန့်မသင့်လို့ အဖမ်း ခံကြရတယ်ဆိုတာက ခပ်ရှားရှားရယ်ပါ။ ဂျင်ဝိုင်းတွေမြို့ပေါ် လူကုံထံရပ်ကွက် တွေမှာ ကစားနေတာ အများကြီးပါ။ ဒီအထဲမှ ဆွမ်းခံရင်း ငှက်သင့်ခံခဲ့ကြ ရတာ ဖြစ်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် ထောင်ထဲကို ဝင်လာပြီဆိုကတည်းက လောင်းကစားသမားအားလုံးလိုလို ခြေမကိုင်မိ၊ လက်မကိုင်မိ ပျာယာခတ် ကုန်ပြီလေ။ ဒီလိုမျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဖြစ်ကုန်ရော။

ထောင်ထဲမှာ ပုံစံခန်းဆိုတာက ထောင်ထဲရောက်လာကြသူတွေ အားလုံးလိုလို ထိတ်လန့်ကြောက်ရွံ့အောင် ကျော်စောသတင်းနဲ့ နာမည်ကြီး နေတဲ့ နာဇီချွေးတပ်စခန်းလိုပါပဲ။ အဲဒီနေရာမှာ အဓိက အာဏာပါဝါအရှိ ဆုံးလူက တန်းစီးဆိုတဲ့ ကျွန်တော်ပါပဲ။ လူပုံပန်းကို မြင်လိုက်ရတာနဲ့ ဒိန့်ခနဲ တုန်အောင် ကြောက်ရွံ့နေကြမှာ မလွဲပါဘူး။

ညနေ ထောင်ပိတ်ချိန်ပြီးစီးသွားချိန်မှာ ပုံစံခန်းထဲက ကျသား တွေ ပုံစံမဖျက်သေးဘဲ ဆက်ထိုင်နေရတယ်။ တကယ်လို့ အရေးပေါ်အခြေ အနေရှိလာရင် အဆင်သင့်ဖြစ်အောင် စီစဉ်ထားတာပါ။ ကျွန်တော်ကတော့ အိုင်ဆောင်ထိပ် ဘုရားစင်အောက်မှာ တစ်ထီးတစ်နန်း စံစားနေချိန်ပေါ့။ ကျွန်တော့်တပည့်ကျော် ညကင်းဘာရာတွေက ပုံစံတန်းထဲမှာ ပုံစံဖျက်ထိုင် နေသူတွေ့ရင် သားရေပတ်နဲ့ တချပ်ချပ် ရိုက်ဆုံးမနေတယ်။

ဒီနေ့မှ ထောင်ထဲကိုရောက်လာကြတဲ့ ထောင်ကျလူသစ်တွေရဲ့ အမှုအရာမရှိအောင် ပုံစံခန်းရဲ့အနှိပ်စက်ကို မျက်ဝါးထင်ထင် ခံစားနေရတယ်။ ဒါကြောင့်လည်း ပုံစံခန်းဆိုတာ လူလူချင်းစိတ်ဖြင့်တစ်မျိုး၊ ကိုယ်ထိလက် ရောက် ပေါ်ကားတာတစ်မျိုးနဲ့ နှိပ်စက်ညှင်းပန်းခံနေရတာ ဖြစ်တယ်။





ထောင်ကျသစ်တွေအဖို့တော့ ဇာတ်တော်ထဲက ပုဏ္ဏားနှိပ်စက်ခန်းကို လက် တွေ့ခံစားနေကြရတယ်။

ညနေ ထောင်ပိတ်ပြီးစီးသွားလို့ ထောင်ပိတ်သံချောင်းခေါက်သံ ကြားလိုက်ရပြီးနောက် နေ့တာဝန်ကျအရာရှိနဲ့ ဝန်ထမ်းအားလုံး ထောင် အပြင်ဘက် ကျွတ်ပြီးသွားလို့ အိပ်ပြန်ခွင့်ရသွားတယ်။ ဒီအချိန်မှာ ထောင် ကြီးတစ်ခုလုံးမှာ ညတာဝန်မှူး၊ ထောင်မှူးတစ်ဦးနဲ့ ညဘက်ကင်း တာဝန် ကျဝန်ထမ်းနှစ်ယောက်ပဲ ကျန်ရစ်ခဲ့တယ်။

ဒီတော့ အိပ်ဆောင်တွေထဲက အိပ်ခန်းအသီးသီးမှာ အခန်းလူကြီး နဲ့ ညကင်းဘာရာတွေက အိပ်ဆောင်လုံခြုံရေးတာဝန် ယူကြရတယ်။ ညရေး ညတာကို စီမံကွပ်ကဲပိုင်ခွင့် ရသွားကြတယ်။ မိမိအိပ်ခန်းထဲမှာ သူတလူ ငါတမင်းလို မင်းမူနေခဲ့ကြတော့တယ်။ အဆိုးဆုံးကတော့ ပုံစံခန်းထဲ ပဲ။ ညကင်းဘာရာတွေက ဂျပန်ကင်ပေတိုင်တွေလို ပုံစံကောင်းကောင်း မထိုင်နိုင်သူတွေကို ဆွဲထုတ်ရိုက်နှက် ကန်ကျောက်နေခဲ့တယ်။ တချို့ အသက် အရွယ်ကြီးသူတွေဆိုတာ ခြေထောက်ကျဉ်မယ်၊ ကြာကြာမထိုင်နိုင်ဖြစ် မယ်။ ဒီအခါ နေရာပြောင်းရွှေ့လုပ်မိသွားတဲ့အခါ ပုံစံဖျက်တယ်ဆိုပြီး ရိုက် နှက်တော့တာပဲ။ ကျွန်တော်ကတော့ ခေါင်းရင်းနေရာမှာ လဲလျောင်းပြီး ဘယ်ညာတစ်ယောက်စီနဲ့ အနှင်းအနှိပ် ခံနေခဲ့တယ်။

ကျွန်တော် အနှင်းခံနေရင်း သဘောမတွေ့သူဆို လက်ညှိုးထိုးပြ လိုက်တာနဲ့ ညကင်းဘာရာတွေရဲ့ ခြေတံတောင်တွေ ဝဲပျံသွားခဲ့တော့တယ်။ ဒီနေရာမျိုးမှာ အသည်းငယ်တတ်သူဆို အသက်ပါ ထွက်သွားလောက်ပါ တယ်။ ထောင်ပိတ်ပြီးချိန် ကနေ့ည အိပ်ချိန်မပေးခင်ချိန်ထိ နှစ်နာရီလောက် ပုံစံထိုင်နေရတာ ဘယ်သူမညာင်းရှိပါ့မလဲ။

အဲဒီအချိန်မှာ ကံကြမ္မာကမေမေလာခဲ့ဟန် တူပါတယ်။ ဂါတ်မကြီး ပေါ်ကနေ ညအိပ်ချိန် သတိပေးသံချောင်းခေါက်သံ ပေါ်လာမှပဲ အိပ်ရန် နေရာထိုင်ခင်းကို ကမန်းကတန်း စီစဉ်နေရာချပေးပြီး အိပ်ချိန်ဆိုတဲ့ ဂတ်

ပေါ်က အသံကျယ်ကျယ်လောင်လောင် အော်သံကြားလိုက်ရမှ အိပ်ရာထဲမှာ ခေါင်းရှုအိပ်ကြရတယ်။

အထူးသဖြင့် ပုံစံခန်းထဲမှာ အိပ်ရာနေရာချပေးတဲ့အခါမှာ ထောင်ကျပေါင်းတွေက ထောင်အထာသိနေတော့ မျဉ်းတန်းဘေး လေဝင်လေထွက်ကောင်းတဲ့နေရာမှာ နေရာဦးထားပြီးဖြစ်တယ်။ ဒီတော့ လွတ်နေတဲ့နေရာဆိုလို့ ဘာရာမျဉ်းတန်းပိတ်နေတဲ့ မိလ္လာချောင်းနဲ့ ဘာရာလျှောက်လမ်းနေရာတွေမှာပဲ ဖြစ်သလို အိပ်နေရတယ်။ အဆိုးဆုံးကတော့ ဂျင်အဖွဲ့ဝင်အတွက် နေရာလွတ်ဟာ မိလ္လာချောင်းလိုနေရာမှာပဲ ရှိတော့တယ်။ အပြင်လောကမှာ ငွေကြေးချမ်းသာကြပြီး ရှေ့ထီးဆောင်းလာတဲ့ သူဌေးတွေဟာ ဘာရာတန်းစီးတွေရဲ့ ပညာပေးမှုကို အလူးအလဲ ခံစားသွားကြရတယ်။

နောက်တစ်နေ့ ထောင်ဖွင့်ပြီးချိန်မှာ ထောင်ကျသစ်တွေအားလုံးကို လူသစ်မှတ်ပုံတင်နေခဲ့တယ်။ ထောင်ကျရုံး ထောင်မှူးကိုယ်တိုင် လူသစ်မှတ်ပုံတင်တဲ့နေရာမှာ ကျွန်တော်က နာမည်တစ်ယောက်ချင်းစီ ခေါ်ပြီး အမည်၊ အဘအမည်၊ အမိအမည် စသည်ဖြင့် တစ်ခုချင်းစီမေးတာကို ပုံစံခန်းမှာ သင်ပြထားတဲ့အတိုင်း ပြောပြနိုင်ခဲ့တယ်။

အဲဒီအချိန်မှာ ထောင်ဝင်စာတွေ့ဆုံဖို့ ထောင်ဝင်စာရုံးမှာနေတဲ့ ဘာရာတစ်ယောက်က နာမည်နဲ့ အဘအမည်ခေါ်ပြီး တွေ့ဆုံမည့်မိသားစုဝင်နာမည်ပါ တကြော်ကြော်ခေါ်နေတယ်။ ဂျင်အဖွဲ့တော်တော်များများ ပြင်ပမှ ထောင်ဝင်စာလာတွေ့နေလို့ ဧည့်တွေ့သွားဖို့ စီစဉ်ပေးရပြန်တယ်။

ညနေဘက် ထမင်းကျွေးချိန်မှာ ကျွန်တော်တို့ပြီး ထမင်းစားနေရာကို စားကောင်းသောက်ဖွယ်တွေနဲ့ လောကဝတ်ပျူငှာစွာ လာပို့ပေးနေကြတယ်။ နောက်ဆုံး ထောင်ပိတ်သံချောင်း ခေါက်သံခေါက်ပြီး သွားရအိပ်ရာနေရာချပေးတဲ့အချိန်မှာ ဂျင်အဖွဲ့တွေဟာ သံတိုင်ပေါက်နား လေဝင်လေထွက်ကောင်းတဲ့နေရာမှာ အိပ်ရာလိပ်လေးတွေခင်းပြီး အဆင်ပြေသွားခဲ့ကြတော့တယ်။





ကျွန်တော်အဖို့တော့ လူရည်လည်ပြီးသားမို့ ဘယ်လိုလူမျိုးတွေကို ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာ အထာသိပြီးသားပါ။ မိမိလက်အောက်မှာရှိနေတဲ့ အကျဉ်းသားတွေကို အထင်ကြီးလေးစားလာအောင် ဆက်ဆံပေါင်းသင်းတတ်တာကြောင့် အားကိုးယုံကြည်မှု ပိုလာခဲ့တယ်။ ကျွန်တော်ရဲ့စကားကို ပရိယာယ်ကြွယ်ဝစွာနှင့် ရည်ရည်မွန်မွန်ပြောဆိုတတ်တဲ့ အရည်အချင်းကြောင့် ထောင်အာဏာပိုင်အရာရှိတွေကလည်း သဘောကျနှစ်ခြိုက်မှု ရှိလာတယ်။ ဒါကြောင့် ထောင်ထဲမှာ ဘာပဲလုပ်လုပ် ကျွန်တော့်ဩဇာအာဏာသက်ရောက်မှု ကြီးထွားလာခဲ့တော့တယ်။

ဒါပေမယ့် ကံဇာတာဘယ်လောက်ပဲ တက်နေပါစေ၊ ကံကြမ္မာညှိုးလာရင်တော့ ဘာမှမတတ်နိုင်ပါဘူး။ မြိတ်အကျဉ်းထောင်ကနေ လူဦးရေကျပ်တည်းမှုကြောင့် နေရာထိုင်ခင်း အခက်အခဲရှိတာနဲ့ ထိုင်းငါးခိုးသင်္ဘော ဖမ်းဆီးရမိလာတဲ့ ငါးခိုးမှုအကျဉ်းသား (၁၀၀) ယောက်ကို ရန်ကုန်မြို့သို့ ပြောင်းရွှေ့ရောက်ရှိလာတယ်။ ထိုင်းလူမျိုးအကျဉ်းသားများကို ထောင်ကျဆောင်သာမက အချုပ်ဆောင်ဘက်ဆီထိ ခွဲဝေနေရာချ ထားပေးခဲ့တယ်။

အဲဒီလို ထိုင်းလူမျိုးတွေဟာ မြိတ်အကျဉ်းထောင်မှာထားစဉ်က ထိုင်းထောင်ကဲရဲ့ လူယုံတွေကကော့သောင်းမြို့က လိုက်လာပြီး ထောင်ဝင်စာ ပေးပို့ထောက်ပံ့ပေးခဲ့တယ်။ ယခုလို ရန်ကုန်မြို့ကို ရောက်လာချိန်မှာတော့ ၎င်းတို့ကို ထောင်ဝင်စာတွေ့ဆုံရန် အခက်အခဲဖြစ်သွားခဲ့တယ်။ ထိုင်းလူမျိုးများအဖို့ ပြင်ပမှထောင်ဝင်စာ လာရောက်မတွေ့ဆုံနိုင်သောအခါ စားရေးသောက်ရေးမှာ အခက်အခဲ ဖြစ်ပေါ်လာခဲ့တယ်။ ထောင်ထဲက ပုံစံထမင်းဟင်းကိုလည်း မစားနိုင်၊ ဒုက္ခရောက်နေတယ်။

ဒီတော့ထောင်ထဲမှာ ဆေးလိပ်သောက်ချင်စိတ် ပြင်းပြလာကြတဲ့အခါ မိမိတို့တတ်ကျွမ်းနားလည်တဲ့ ပညာကို အသုံးချလာခဲ့ပြီး စားသောက်ရေးပြေလည်အောင် ဖန်တီးလာခဲ့ကြတယ်။ ထောင်ထဲမှာ ဆေးလိပ်ဟာ တရားဝင် လည်ပတ်သုံးစွဲနေတဲ့ ငွေကြေးဆိုတာကို သဘောပေါက်နားလည်

သွားကြတယ်။ ဆေးလိပ်သောက်ရှိနေလျှင် ထောင်ထဲမှာ စားစရာကအစ ဝတ်စရာအဆုံး အကုန်လုံး ဝယ်လို့ရနိုင်တယ်။

ဒါကြောင့် မိမိတို့ထိုင်းနိုင်ငံမှာ နေထိုင်ခဲ့စဉ်က တတ်ကျွမ်းလာခဲ့တဲ့ စုတ်နဲ့ရုပ်ပုံထိုးတဲ့ တက်တူးပညာကို ကောင်းစွာ ကျွမ်းကျင်ကြသူများ ဖြစ်တယ်။ ဒီလို ဆေးမင်ကြောင် အရုပ်ထိုးနိုင်ဖို့ အပ်နှင့် မှိုင်းခံစက္ကူ ရေ အပ်တာကို နည်းရှာပြီး အသုံးပြုလာကြတယ်။ မိမိတို့ထိုးလိုသော ဆေးမင် ကြောင်အရုပ်များကို စက္ကူပေါ်မှာဆွဲပြထားပြီး အခကြေးငွေကို ဆေးလိပ် (၅၀) မှ (၁၀၀) ထိ တောင်းခံပြထားတယ်။ အကျဉ်းသားတွေက ကိုယ်ထိုး ချင်တဲ့ပုံကို လက်ညှိုးထိုးပြပြီး ထောင်အာဏာပိုင်တွေ မသိအောင်ခိုးပြီး ထိုးကြရတယ်။

ဒီထက်ပိုဆိုးတဲ့ နည်းပညာကတော့ ဂေါ်လီသွင်းတဲ့ပညာပဲ ဖြစ်ပါတယ်။ ဒီပညာရပ်ကိုတော့ ထိုင်းလူမျိုးတစ်ယောက်စီ ချဉ်းကပ်ပေးမြဲန် ကြည့်ခဲ့တယ်။ သူတို့နိုင်ငံမှာ ပုလဲငုပ်တဲ့လုပ်ငန်းမှာ အလုပ်လုပ်ကိုင်ကြတဲ့ အခါမှာ ရေထဲကနေ ရေပေါ်တက်လာရင် တစ်ကိုယ်လုံး မီမွေးမမွေးတိုင်း အနေအထားနဲ့ ကုန်းပေါ်တက်လာပြီး ရှာဖွေတာကို ခံကြရတယ်တဲ့။

အဲဒီလို လုပ်ကိုင်ရှာဖွေစားနေတဲ့ ပုလဲငုပ်သမား ထိုင်းလူမျိုးတစ်ဦး ဟာ တစ်နေ့မှာ အကြံအစည်တစ်ခုကို စမ်းသပ်ကြည့်ပြီး ရေထဲမှာတင် ပုလဲကို ခိုးထုတ်လို့ရအောင် ကြံဆောင်စီမံခဲ့တယ်။ အဲဒီအချိန်မှာ ပုလဲငုပ် ပြီးသွားလို့ ရလာတဲ့ပုလဲလုံးလေးတွေကို ရှာဖွေရေးဂိတ်မှာ အပ်နှံပေးရ တယ်။ လူကိုယ်ပေါ်မှာ ရှာဖွေစရာမလိုတဲ့ ပါးစပ်သာဖြဲဟ ရှာဖွေကြည့်ပြီး လွှတ်ပေးလိုက်တယ်။

ထိုအခါ ပုလဲခိုးထုတ်လာခဲ့တဲ့ ထိုင်းလူမျိုးကလည်း အလုပ်ကနေ ပြန်လာပြီး အိမ်ရောက်တော့ ပင်ပန်းလို့ အိပ်ပျော်သွားတယ်။ တစ်ရေးနိုး မှာ ဆန္ဒဖြစ်ပေါ်လာလို့ မိန်းမဖြစ်သူနဲ့ လိင်ဆက်ဆံတဲ့အခါမှာ ထူးကဲတဲ့ အရသာကို ခံစားခဲ့ကြရတယ်။ နောက်ပိုင်း ဒီနည်းကို အသုံးချပြီး ပုလဲလုံး တွေ ခိုးထုတ်ခဲ့တယ်။





ဒီနည်းပညာကို တစ်ယောက်ကနေ အဆင့်ဆင့်သင်ကြား ပြသ ပေးလိုက်တာကြောင့် ဂေါ်လီသွင်းတဲ့နည်းပညာဟာ ပြန့်ပွားလာခဲ့တာဖြစ် တယ်။ ဒီလိုပညာစုံတတ်ကျွမ်းလာတဲ့ ထိုင်းလူမျိုးတွေဟာ ထိုင်းငါးဖမ်းစက် လှေ (ဖါလဝ်လှေ)တွေမှာ ဝင်ရောက်အလုပ်လုပ်ကိုင်လာရာက မြန်မာရေ ပိုင်နက်ထဲကို ငါးဝင်ခိုးဖမ်းခဲ့ကြလို့ မြန်မာ့ရေတပ်မတော်က ဖမ်းဆီးပြီး ထောင်ချခဲ့တာဖြစ်ပါတယ်။

အနီးစပ်ဆုံးထောင်ဖြစ်တဲ့ ကော့သောင်းမြို့မှတစ်ဆင့် မြိတ်အကျဉ်း ထောင်ကို စက်လှေနဲ့ပို့ဆောင်ပြီး ထောင်ကျအဖြစ် ထိန်းသိမ်းထားတယ်။ စောစောပိုင်းကတည်းက မြိတ်အကျဉ်းထောင်ထဲမှာ နေထိုင်စဉ် ဒီပညာရပ် တွေကို အသုံးချလာခဲ့ကြပြီး ဖြစ်တယ်။ ကြာလာသည်နှင့်အမျှ တဖြည်းဖြည်း လူသိများလာပြီး ကျယ်ပြန့်လာခြင်းဖြစ်တယ်။

မြိတ်အကျဉ်းထောင်မှတစ်ဆင့် ရန်ကုန်ကို ပြောင်းရွှေ့လိုက်သော အခါ ထောင်ကျနေသည့် အကျဉ်းသားဦးရေများပြားသော ထောင်ထဲမှာ ပို့အဆင်ပြေသွားခဲ့တယ်။ မိမိတို့ စားဝတ်နေရေး အဆင်ပြေအောင်ရောက် တဲ့အရပ်မှာ ကြံဖန်ပြီး စီးပွားရှာလာခြင်းဖြစ်ပါတယ်။ ထိုင်းလူမျိုးများရောက် လာပြီးကတည်းက ထောင်ထဲက ဘဏ်ရာတိုက်စီးမှုအစ အောက်ခြေအကျဉ်း သား အားလုံးနီးပါး တက်တူးထိုးထားတဲ့ အရုပ်တွေခန္ဓာကိုယ်ပေါ်မှာ တွေ့မြင် နေခဲ့ရတယ်။

ဒီအချိန်မှာ ကျွန်တော်လည်း မိမိအိပ်ဆောင်ဝင်းအတွင်းမှာ နေထိုင် နေတဲ့ ထိုင်းလူမျိုးများနှင့် ပလဲနံပသင့်ပြီး ဒွေးရောယှက်တင် ပေါင်းသင်းနေ ထိုင်လာခဲ့တယ်။ ဒီကြားထဲ ပိုဆိုးတာက မိမိတတ်ကျွမ်းလာတဲ့ ထိုင်းလက် ဝှေ့ပညာ မတောက်တခေါက်ကို ပညာစမ်းချင်စိတ်တွေ တဖွားဖွားပေါ် ပေါက်လာနေတယ်။ မိမိကော့သောင်းနယ်မြေဘက်မှာ စစ်ပြေးဘဝနဲ့ ပုန်း လျှိုးကွယ်လျှိုးနေထိုင်စဉ်မှာ ထိုင်းရိုးရာလက်ဝှေ့ပညာကို ဆရာတစ်ယောက် ထံမှာ သင်ယူတတ်ကျွမ်းလာခဲ့တယ်။

ဒါကြောင့် ထောင်ထဲမှာ ထိုင်းလူမျိုးတွေနဲ့ ဆုံတွေ့လာရိုက်မှာ တစ်
တစ်လမ်း အကဲခတ်ချင်စိတ် ဖြစ်ပေါ်လာတယ်။ ထောင်ထဲမှာ လက်ရေ
ပေါ်ပေါ်ထင်ထင်ပြုလုပ်ဖို့ မလွယ်ကူတာကြောင့် တိုးတိုးတိတ်တိတ် ကြိုး
ပြီး ပြုလုပ်ကြဖို့ ဘာရာတွေကို ကင်းစောင့်ကြည့်နိုင်းပြီး အိပ်ဆောင်အနော
ဘက် တောင်ယာထဲမှာ ကျင်းပခဲ့ကြတယ်။

အိပ်ဆောင်မှူးထောင်မှူးဟာ အသက်အရွယ်ကြီးကြီးဖြစ်ပြီး တ
က အသွင်ပြောင်းလာသူဖြစ်တယ်။ အိပ်ဆောင်ဘေးနားက ရုံးခန်းထဲမှ
နေတာများတယ်။ အဲဒီလို အခြေအနေပေးလာခဲ့တာကြောင့် ကျွန်တေ
ဟာ ထိုင်းလက်ဝှေ့သမားနဲ့ နှစ်ဦးသဘောတူ စိန်ခေါ်ထိုးသတ်ဖို့ စီစဉ်
တယ်။ တောင်ယာလေးထဲမှာ ပွဲကြည့်ပရိသတ်က မြန်မာလူမျိုးနဲ့ ထိုင်းလူမ
အနည်းငယ်ပဲ ရှိနေတယ်။

မကြာခင်မှာပဲ ထိုင်းလက်ဝှေ့သမားနဲ့ ကျွန်တော်ဟာ ခွေးမှုရေ
ကျင့်ခန်းအဖြစ် လက်ဝှေ့ဟန်ရေး ပြနေကြတယ်။ ဘာရာတစ်ယောက်က
စည်းကြပ်ဒိုင်အဖြစ် ဆောင်ရွက်ပြီး လက်ဝှေ့စတင်ထိုးသတ်နေခဲ့တယ်။ ပွဲ
လျှင်မြန်စွာ သူတစ်ပြန်ကိုယ်တစ်ပြန် လှည့်ပတ်ရှောင်တိမ်း ထိုးသတ်နေတယ်
ကျွန်တော်က ထိုင်းလက်ဝှေ့သမားရဲ့ အလစ်အငိုက်ကို ချောင်းမြောင်းန
ပြီး ရုတ်တရက်မျက်နှာဆီ ညာခြေနဲ့ပိုက်ကန်ပြီး ဝိုက်လက်သီးနဲ့ ထိုးသတ်
နို့ ကြဆောင်နေတယ်။ ထိုင်းလက်ဝှေ့သမားဟာ ထိုင်းရိုးရာလက်ဝှေ့ပညာ
ကို တော်တော်တတ်ကျွမ်းပုံရပြီး လက်ဝှေ့အထိုးအသတ် ကျွမ်းကျင်သူဖြ
တယ်။

ကျွန်တော်ကတော့ မိမိစွာကိုယ် ဖွံ့ထွားမှုကို အားပြုပြီး ထိုးသတ်
ခဲ့တာ ဖြစ်ပေမယ့် တကယ်လက်တွေ့မှာ လက်ဝှေ့ပညာကို ကျွမ်းကျ
ကျင်ကျင် တတ်ထားတာမဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် ဟန်ကိုယ့်ဖို့ လုပ်
နေတယ်။

ဒါကြောင့်လည်း ထိုင်းလက်ဝှေ့သမားရဲ့ ကျွမ်းကျင်လှန်းတဲ့ အထိ
အပုတ်အောက်မှာ မယှဉ်သာပဲ အလူးအလဲခံနေရတယ်။ ဒီအချိန်မှာ ထော

သူရိန်စာပေ



ဝိုင်းအားပေးနေကြတဲ့ မြန်မာပရိသတ်ဟာ မိမိတို့မြန်မာလူမျိုးကို ထိုင်း
စ်ပါးက ထိုင်းလူမျိုးက မညှာမတာထိုးသတ်နေခဲ့တာကို အားမလိုအား
ဖြစ်လာဟန်တူပါတယ်။ တစ်ဦးနဲ့တစ်ဦး ဆဲဆိုအော်ဟစ် အားပေးနေ
က ဒေါသပေါက်ကွဲထွက်လာပြီး ထိုင်းနှင့်မြန်မာ လက်ဝှေ့ထိုးနေရာက
က်ပွဲအကြီးအကျယ် ဖြစ်ပွားလာခဲ့တော့တယ်။

တစ်ဖက်နှင့်တစ်ဖက် တုတ်ဆွဲ၊ ဓားဆွဲအဆင့်ထိ ရောက်လာပြီး
န်းရင်ဆန်ခတ် ဖြစ်ပွားလာခဲ့တယ်။ မည်သူက အိပ်ဆောင်မှူးထံ သတင်း
းလိုက်သည်မသိဘဲ အိပ်ဆောင်မှူး၊ ထောင်မှူးနဲ့ တာဝန်ကျဝန်ထမ်း
တွေပါ အပြေးအလွှားရောက်လာပြီး ရန်ပွဲကို ဖျန်ဖြေပေးနေတယ်။ ထောင်
ှုမှုထိ ဖြစ်ပွားလာလို့ အရေးပေါ် ထောင်လုန့်သံချောင်းခေါက်ပြီး ဝန်ထမ်း
းလုံး အခင်းဖြစ်ပွားရာနေရာဆီ တုတ်၊ ဒိုင်းများကိုင်ပြီး ဝင်ရောက်ရှင်း
င်းရသည်ထိ ဖြစ်ပွားသွားခဲ့တယ်။

နောက်ဆုံး ပြဿနာကို ရှင်းလင်းပြီးသွားတဲ့အခါမှာတော့ လက်ဝှေ
ကို အထက်ကလူကြီးတွေ ခွင့်ပြုချက်မရဘဲ ပြုလုပ်ခဲ့တာကြောင့် ပြဿနာ
ကို စတင်ဖန်တီးသူ ကျွန်တော်နှင့် လက်ဝှေ့ထိုးခဲ့တဲ့ ထိုင်းလူမျိုးတို့နှစ်
ယောက်ကို တိုက်ပိတ် ပြစ်ဒဏ်ချမှတ်ခဲ့တော့တယ်။ အကျဉ်းသားများထဲ
ဘုတ်ကိုင်၊ ဘာရာများကိုပါ တစ်ဦးချင်းစစ်ဆေးပြီး ရိုက်နှက်ရာမှာ ပါဝင်ခဲ့
သူတွေ အားလုံးကို တိုက်ထဲပို့လိုက်တယ်။

ဤကဲ့သို့ ကျွန်ုပ်နှင့် ဖိုးမြတ်တို့နှစ်ဦးသည် ထောင်ထဲမှာ တွေ့ကြုံ
ခဲ့ရသောအကြောင်းများကို ပြောဆိုပြနေခြင်းဖြစ်သည်။ နောက်ပိုင်းတွင်
မြတ်နှင့်ကျွန်တော် ကွဲကွာသွားလေသည်။ အကြောင်းမှာ ထောင်ထဲတွင်
ဦးရေများပြားလာနေကြောင့် ထောင်ထဲမှ အကျဉ်းသားတစ်ရာယောက်
ကို အခြားထောင်များဆီသို့ ပို့ဆောင်လိုက်ခြင်းကြောင့် ဖြစ်ပါသည်။ ယင်း
အကျဉ်းသားတစ်ရာစာရင်းတွင် ဖိုးမြတ်လည်း ပါသွားခဲ့လေသည်။ ဖိုးမြတ်
ပြောင်းရွှေ့ခြင်းခံရသော အကျဉ်းထောင်မှာ သရက်အကျဉ်းထောင်ဖြစ်ပါ
သည်။

သူရိန်စာပေ

တစ်နေ့တွင် ကျွန်ုပ်သည် ဌာနဆိုင်ရာမှ အငြိမ်းစားယူခဲ့ပြီး မြို့သို့ အလုပ်ကိစ္စတစ်ခုဖြင့် သွားရောက်ခဲ့လေသည်။ ကျွန်ုပ်၏ သားဖြစ်သူ မောင်ဗိုလ်ဗိုလ်သိမ်းသည် နိုင်ငံခြားမှ ငွေပို့ပေးလိုက်သဖြင့် ဟွန်ဒါကားဝယ်ထုတ်ပြီး ပြန်လာလေသည်။ လမ်းမတော်မြို့နယ် ကီလီလမ်းဘက်သို့ ရောက်သောအခါ စံပြဒေါ်ကြည် မုန့်ဟင်းခါးဆိုင်တွင် ဗိုးမြတ်နှင့် အမှတ်မထင် တွေ့ခဲ့ခြင်း ဖြစ်ပါသည်။ နံနက်ပိုင်းအချိန်ဖြစ်သဖြင့် မုန့်ဟင်းခါးဆိုင်မှာ လူပြည့်နေသည်။ ဒါကြောင့် ဗိုးမြတ်က အနီးအနားရှိ လက်ဖက်ရည်ဆိုင်သို့ သွားပြီး ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လည်ပြောဆိုပြနေသည်။

"နေစမ်းပါဦး ... ဗိုးမြတ်ရဲ့ မင်း အင်းစိန်ထောင်ကနေ ဘယ်ထောင်ကို ပြောင်းတဲ့အထဲ ပါသွားလဲ"

"သရက်အကျဉ်းထောင်ကိုပါ ဆရာ"

"အဲဒီထောင်ရောက်တော့ကော အဆင်ပြေရဲ့လားကွ"

"အဆင်ပြေရုံတင်မကဘဲ မိန်းမတောင် ရလာခဲ့သေးတယ်"

"ဟေ ... ဟုတ်လို့ရှည်လား။ မင်းက တော်တော်စနိုးမွှင့်တဲ့ကောင်ပဲ"

"ဖူးစာက်အကြောင်းပေါ့ ... ဆရာရယ်၊ သူကလေးနဲ့ တွေ့ဆုံနိုင်အောင် ကံစာတ်ဆရာက ဆောင်ကြဉ်းပေးလိုက်တယ် ထင်ပါတယ်"

"ဒါဆို မင်း ထောင်ကအပြီးအပိုင် လွတ်လာခဲ့ပြီး မင်းတို့လင်မယား အေးအေးချမ်းချမ်း ပေါင်းသင်းနေရပြီပေါ့"

"ဟုတ်တယ် ဆရာ။ ကျွန်တော့်ဇနီးနဲ့ သမီးကလေးတစ်ယောက်မွေးပြီး အလုံမှာပဲ အတူတကွ ပေါင်းသင်းနေထိုင်ကြပါတယ်"

"အေးကွာ ... မင်းတို့သတင်းကြားရတာ သိပ်ဝမ်းသာအားရှိသကွာ။ ဒါနဲ့ မင်း ထောင်ကထွက်လာပြီး ဘာလုပ်ကိုင်စားနေလဲ"

"ဟဲ ... ဟဲ ... ဆရာရယ်၊ ကျွန်တော့်လို လူမိုက်တစ်ယောက်အဖို့ ဘယ်လိုသမ္မာအာဇီဝ လုပ်ကိုင်စားနိုင်ပါ့မလဲ။ ဒီတော့ ကျွန်တော်ကိုယ်ကိုပဲ အားကိုးပြီး မိုက်ကြေးနဲ့ လူမိုက်လုပ်နေခဲ့တာပေါ့"





"ဖြတတယည့်ရာ ... မင်းအတွက်အန္တရာယ် သိပ်များပါတယ်။ မိန်းမနဲ့ ကလေးနဲ့ တည်တည်တံ့တံ့ နေထိုင်ပြီး ကောင်းရောင်းကောင်းဝယ်ပဲ လုပ်စားနေပါကွာ။ ဒါနဲ့ မင်းအကြောင်းတွေကို အင်းစိန်ထောင်ကနေ ပြောင်းသွားပြီး ခုလွတ်လာခဲ့တဲ့အခြေအနေထိ ဆရာကို ပြောပြစမ်းပါဦးကွာ"

ဒီလိုဆရာရဲ့ ကျွန်တော်တို့ ထောင်ထဲက နာမည်ကြီးစာရင်းဝင်တွေဖြစ်တဲ့ လူဆိုးလူမိုက်တွေကို နယ်ထောင်အသီးသီး ခွဲဝေပြောင်းရွှေ့ပစ်ရာမှာ ကျွန်တော်က သရက်အကျဉ်းထောင်ကို ရောက်သွားခဲ့တယ်။ (က) အဆင့်ရှိတဲ့ သရက်အကျဉ်းထောင်မှာ ကိုယ့်ထက်စောရောက်ပြီးနေတဲ့ နယ်မြေခံ လူမိုက်တွေက ကြီးစိုးနေတယ်။ အထူးသဖြင့် ဓားပြဂိုဏ်းကနေ ထောင်ကျလာတဲ့ မသုံးလုံးတို့အဖွဲ့က ဓားပြဗိုလ်က တန်းစီးဖြစ်နေတယ်။

ကျွန်တော်တို့ကို ရန်ကုန်က ပြောင်းလာတဲ့ လူဆိုးလူမိုက်တွေဆိုတာ သိနေတော့ မထိရဲ မတို့ရဲပါဘူး။ ကိုယ့်စည်း ကိုယ်ကမ်းနဲ့ပဲ နေကြတယ်။ ကျွန်တော်ကတော့ ဝသီအတိုင်း ရောက်တဲ့အရပ်မှာ ပျော်အောင်နေတတ်တဲ့လူနဲ့ သင့်အောင်ပေါင်း ဆောင်ပုဒ်ကို လက်ကိုင်ထားကျင့်သုံးနေတဲ့လူဆိုတော့ အခက်အခဲ မရှိပါဘူး။ အဆင်ပြေပါတယ်။

ကျွန်တော်တို့လို နာမည်ပျက်စာရင်းဝင်နေတဲ့ အကျဉ်းသားတွေကို နယ်ထောင်က အရာရှိတွေကလည်း မစင်ထုပ်လိုပဲ သဘောထားလာခဲ့ကြတယ်။ သူတို့ထောင်ထဲမှာ နယ်ခံအညှာသား လူမိုက်တွေကိုပဲ လက်သပ်မွေးထားခဲ့ကြတာပေါ့။ ကျွန်တော်ကတော့ အမြတ်၊ အကြွအစည်ရှိနေတဲ့ လူဆိုတော့ တန်းစီးနေရာရအောင် ကြိုးကြိုးစည်နေတယ်။

လောလောဆယ်တော့ လက်ရှိ နယ်ခံလူမိုက်တွေ အားလုံးလိုလို ဘာရာတန်းစီးနေရာတွေမှာ နေရာယူထားကြတော့ လစ်လပ်နေရာမရှိဘူးဖြစ်နေတယ်။ ဒီတော့ ထောင်အထာကျွမ်းပြီးသား ကျွန်တော်တို့လို လူရည်သည်တွေက ဗဟိုထောင်ကြီးထဲမှာ နှစ်ပေါင်းများစွာ ကျင်လည်ကျက်စားခဲ့ကြပြီးသားလေ။ ကိုယ့်ကို တန်းစီးနေရာမှာ မခန့်နိုင်ခင်စပ်ကြားမှာ ထောင်

ထဲက အရေးပါတဲ့ ထောင်မှူးထောင်ပိုင်တွေ လက်ခံလာအောင် အလုပ်လုပ် ပြနိုင် လိုတယ်လေ။

ဒီအခါမှာ အိပ်ဆောင် သန့်ရှင်းရေးလိုနေရာ၊ ရောက်နေတည်းကာ ထိန်းသိမ်းရေးလိုနေရာမှာ အိပ်ဆောင်တာဝန်ခံ ထောင်မှူးအကြီးကို ဦးဆောင် လုပ်ကိုင်ပေးနေခဲ့တယ်။ နေရာအတည်တကျမရှိပေမယ့် ဟိုစပ်စပ် ဒီစ စပ် ဘာရာဖြစ်လာတယ်။ ကိုယ့်ရဲ့ ထောင်ကျသက်တမ်းကလည်း နည်း မနည်းတော့ ထောင်ကနေ အေးအေးဆေးဆေး လွတ်မြောက်နိုင်အောင် ကြိုးဆောင်ကြိုးစားလာခဲ့တယ်။ ဒါမှ ဆုမှတ်ရက်တွေ၊ ကွာတွေ အပြည့်အ ရပြီး ထောင်ကနေ မြန်မြန်လွတ်နိုင်မှာ မဟုတ်လား။

ဒီလိုနဲ့ ထောင်ထဲမှာ တစ်နှစ်လောက်အောင့်အည်း နေထိုင်ထ ပြီး ပြဿနာမဖြစ်အောင် သည်းခံထိန်းသိမ်းနေထိုင်လာခဲ့တယ်။ ကျွန်တော့ ပင်ကို စိတ်ဓာတ်အတိုင်း ထောင်အာဏာပိုင်အဖွဲ့အစည်းက ထောင်မှူး ထောင် ပိုင်ကြီးတွေနဲ့ ကာဗျာကောစ အတိုက်အခံမလုပ်ဘဲ ကျိုးကျိုးနွံနွံနဲ့ အလုပ် တွေကို ကြိုးစားပြီးတော့ ဦးဆောင်လုပ်ကိုင်ပေးခဲ့တယ်။

ဒါကြောင့် ထောင်မှူးထောင်ပိုင်တွေ အားလုံးက ကျွန်တော့်အပေါ် မှာ အမြင်ကြည်လင်လာပြီး ဖော်ဖော်ရွေရွေ ဆက်ဆံလာခဲ့ကြတယ်။ ကျွန် တော်နဲ့ ရင်းရင်းနှီးနှီး ခင်ခင်မင်မင်ပေါင်းသင်း ဆက်ဆံလာခဲ့တော့တယ်။ ဒီအခါမှာ ကျွန်တော်ဟာ ထောင်ထဲမှာ တံခါးမရှိ ဓားမရှိ လွတ်လပ်စွာ သွား လာနေထိုင်ခွင့်ကို ရလာခဲ့တော့တယ်။

အဲဒီလို အခွင့်အရေးရလာခဲ့တာကြောင့် ကျွန်တော့်ဘဝအတွက် မေတ္တာခရီးလမ်း ပွင့်လန်းလာတယ်လို့ ဆိုရမလားဘဲ။ ကျွန်တော်နဲ့ ဖူး ဖက်ဆုံမယ့် မိန်းမလှလေးတစ်ယောက်နဲ့ ဆုံစည်းလာခဲ့ကြတယ်။ အစပထ တော့ ကိုယ့်ကိုယ်ကိုယ် အကျဉ်းသားတစ်ယောက်ရယ်လို့ အားငယ်စိုးရွံ့စိ ဖြစ်ပေါ်ခံစားမိသေးတယ်။

ဒါပေမဲ့ ... ဆရာရယ်၊ အချစ်မှာ မျက်စိမပါဘူးဆိုတဲ့ စကား ကြားဖူးမှာပေါ့။ သူကလေးက ကျွန်တော့်အပေါ်မှာ စိတ်ပါဝင်စားမှု အမျိ





အယောင်တွေပြလာတော့ ကျွန်တော့်လည်း ဘာသာနဲ့ ထုထားတာမှ မဟုတ်တဲ့။ ဒီတော့ ဖယောင်းတိုင်လို အရည်ပျော်ပြီပေါ့ဆရာ။ ခက်တာက ကိုယ်က လွတ်ခါနီးနေတဲ့ လွတ်နီးအကျဉ်းသား တစ်ယောက်။ သူကလေးက နရသိန် အိပ်ဆောင်ထက်ဆီက အရာရှိကြီးရဲ့သမီးတော် ဖြစ်နေတယ်။ ကျွန်တော့်စိတ် ကိုကျွန်တော် ချိုးနှိမ်ဖို့ ကြိုးစားပါသေးတယ်ဆရာ။

ဘယ်လိုပဲ ကိုယ့်ကိုယ်ကိုယ် အတတ်နိုင်ဆုံး ထိန်းသိမ်းနိုင်အောင် ကြိုးစားနေခဲ့ပေမယ့် အချစ်ဆိုတာ အရာရာကို အကောင်းအတိုင်းဖြစ်စေ မယ်ဆိုတဲ့ ခွန်အားသတ္တိတွေမွေးပြီး အရယူဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ ဩော် သူကလေးနဲ့ ဘယ်လိုလုပ် တွေ့ဆုံခဲ့ကြတာလဲ ဟုတ်လားဆရာ။ ဒါက တွေ့ဖန်မြင်ဖန်များတော့ မျက်လုံးက စကားပြောလာခဲ့ကြတာပေါ့။

အစပထမတော့ ထောင်ထဲကထွက်ရှိလာတဲ့ ဟင်းသီးဟင်းရွက်တွေ ကို အရာရှိအိမ်တွေ လိုက်လံဝေငှပေးတဲ့အခါမှာ သူကလေးက လက်ခံယူ တော့ အစမှာ အမှတ်မထင်ရှိနေခဲ့ကြတယ်။ ကျွန်တော်က လွတ်နီးအကျဉ်း သားမို့ ထောင်အပြင်ဘက်ကို ဥဒဟိုသွားလာဖြတ်သန်းခွင့် ရထားတယ် လေ။ ဒီတော့ အရာရှိအိမ်တွေပေါ်တက်ပြီး ဟင်းသီးဟင်းရွက် ဝေငှပေးရင်း ကြာခဲ့တာဆိုသလို ဆုံတွေ့လာခဲ့ကြတယ်။

နောက် တဖြည်းဖြည်းနဲ့ ထောင်ထဲမှာရှိနေချိန် သူကလေးက လည်း ကျောင်းကပြန်လာချိန်ဆို ဘူးဝကြီးပေါ်က အိမ်မှာရှိနေခိုက် ပြတင်း ပေါက်ကနေတစ်ဆင့် ထောင်ထဲကို လှမ်းလှမ်းကြည့်တော့ အလိုလို အချိန်း အချက်ဖြစ်သွားကြတယ်။ ကျွန်တော့်အပြုအမူဟာ တကယ်တော့ ရာဇဝတ် အိုး တုတ်နဲ့ထိုးသလို အခြေအနေဖြစ်နေတယ်။ ဒီကိစ္စမျိုးဆိုတာ ကာယက ရှင် မိဘမောင်ဘွား သိရှိသွားခဲ့ရင် ဘယ်လိုမှ ခွင့်လွှတ်ပေးလို့ ရနိုင်တဲ့အရာ မဟုတ်ပဲလေ။

ကျွန်တော်တို့နှစ်ယောက်ရဲ့ မေတ္တာစေတမန်က ဖန်တီးလာခဲ့လို့ လည်း လူငယ်တို့သဘာဝ ချစ်ခြင်းမေတ္တာ၏ နက်ရှိုင်းမှုကို ဖော်ထုတ်ပြသ

ကြရင်း အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထားကြိုးချင်းငြိခဲ့ရတဲ့ အဖြစ်မျိုးပါ … ဆရာရယ်။

နေ့စဉ် အကျဉ်းထောင်ကြီးထဲမှာပဲ အချိန်ကုန်ဆုံးနေရတဲ့ အကျဉ်းမင်းသားလေးတစ်ပါးနဲ့ တပင်တိုင်မြနန်းမှာ စံမြန်းနေတဲ့ထိပ်ထား သခင်မလေးတို့ရဲ့ ချစ်မေတ္တာဇာတ်လမ်းလေးတစ်ပုဒ် လူမသိသူမသိ ဖြစ်ပျက်သွားခဲ့တာပါ။ ဒီလို ချစ်သူနှစ်ဦးရဲ့ နီးစပ်နိုင်မယ့်အခြေအနေက တူနှစ်ကိုယ်နီးဖို့အရေးမှာ တောင်စဉ်တံတိုင်းတွေ အထပ်ထပ်ကာရံထားသလို ယက္ခဂျွန်တွေ စောင့်ကြပ်ပိုင်းရံနေတဲ့ အာသာဝဋ်မျှယ်နီနှင်ပန်းလေးပမာ မြင်သာမြင်ရ မကြင်ရတဲ့ဘဝမှာ လေသာပြတင်းဖွင့်လာရာမှတစ်ဆင့် မြင်တွေ့ခွင့်ရရုံပါပဲ ဆရာ။

တစ်ခါတစ်ရံမှသာ ထောင်ထဲကထွက်တဲ့ ဟင်းသီးဟင်းရွက်တွေကို တစ်နေ့တစ်မျိုး မရိုးရအောင် ကြံဆောင်ပေးနေရတဲ့ ဗျူဟာလိုပန်းဆက်သမားဘဝ အခြေအနေမျိုး ဖြစ်နေတယ်။ ကံကြမ္မာက မျက်နှာသာပေးလာတယ် ထင်ပါတယ်။ ၁၉၉၄ ခုနှစ်ထဲမှာ ကျွန်တော် ထောင်ကနေ လွတ်မြောက်ဖို့ အချိန်စေ့ရောက်လာခဲ့တယ်။ လွတ်နီးအကျဉ်းသားအဖြစ် ဘုတ်တိုက်ကြည့်ခဲ့ပြီး တစ်ပတ်အလိုမှာ ရန်ကုန်မြို့က သူငယ်ချင်းတစ်ယောက်ဆီ အပြင်ထွက်ခွင့်ရနေတုန်းမှာ ဖုန်းဆက်အကြောင်းကြားမှာခဲ့တယ်။

အဲဒါကတော့ 125 DT အမျိုးအစား ဆိုင်ကယ်ကြီးတစ်စီးကို ယူဆောင်လာခဲ့ဖို့ပါပဲ။ ကျွန်တော်ထောင်က လွတ်မြောက်တဲ့နေ့မှာ ဆိုင်ကယ်ကြီးက ဘူးဝတံခါးရှေ့မှာ အခန့်သား ရောက်ရှိလာခဲ့တယ်။ ထောင်ထဲကနေ လွတ်လူအကျဉ်းသားတွေကို စစ်ဆေးကြည့်ရှုပြီး ထောင်လွတ်လက်မှတ် ထုတ်ပေးလိုက်တာနဲ့ အားလုံးကို ထိုင်ကန်တော့နှုတ်ဆက်ပြီး ဆိုင်ကယ်ကြီးကို ကိုယ်တိုင် ကျွမ်းကျင်စွာစီးလို့ မောင်းထွက်လာခဲ့တယ်။

ကျွန်တော့်လို လူရည်လည်ပြီး ရှစ်စပ်က ကျင်ကျင်လည်နေတဲ့လူတစ်ယောက်အဖို့ ဆိုင်ကယ်ကြီးပေါ် ခပ်တည်တည်တက်ခွစီးပြီး ဂုဏ်ခြေမပျက် စီးနင်းသွားနေတာကိုမြင်တော့ ရန်ကုန်မြို့ကြီးဆီအရောက် ကိုယ်ပိုင်





င်ကယ်စီးပြီးပြန်မယ့် သူဌေးသားလို့ အများက မှတ်ထင်ယုံကြည်နေကြယ်။ ထောင်ကလွတ်တဲ့နေ့မှာ ကျွန်တော့်တပည့်ကျော်ထံ ဖုန်းဆက်မှာ ဆိုင်ကယ်ယူလာနိုင်းကတည်းက ကျွန်တော့်မှာ အကြံအစည်ရှိနေလို့ပါ။

အဲဒါကတော့ ထောင်ပရဝုဏ်ထဲကနေ ခပ်တည်တည်ကြီးနဲ့ ဆိုင်ယ်မောင်းထွက်လာပြီးနောက်မှာ ကျွန်တော်ပထမဆုံး ဦးတည်စီးလာခဲ့ဲ့နေရာက သရက်မြို့ အထက်တန်းကျောင်းကြီးဆီကိုပါပဲ။ အဲဒီမှာ ကျွန်ော့်ချစ်သူ သူကလေးက ကျောင်းတက်သွားနေလို့ ကျောင်းလွှတ်ချိန်ားစောင့်ဆိုင်းနေခဲ့တယ်။

နောက်ဆုံး ကျောင်းလွှတ်ချိန်မှာ ကျွန်တော့်ကို ဆိုင်ကယ်ကြီးနဲ့မျှော်လင့်ဘဲ တွေ့မြင်လိုက်ရတော့ အံ့ဩသွားခဲ့တယ်။ ဘဝရှေ့ရေးကိုမြန်ဆန်ဆန် တိုင်ပင်နီးနှောခဲ့ကြတဲ့အခါမှာ သူကလေးကလည်း ကျွန်ော့်အပေါ် နှစ်နှစ်ကာကာ မေတ္တာစစ်နဲ့ ချစ်နေတဲ့သူဆိုတော့ ဒီတစ်ခါသွားရင် နောင်ဘယ်တော့မှ ပြန်ဆုံကြဖို့ မလွယ်တော့တာကြောင့် တစ်ခါည်း နိုးရာလိုက်ပါလာခဲ့တယ်။

အဲဒီလို ကျွန်တော်ဟာ ထောင်ကလွတ်လွတ်ချင်းမှာဘဲ ချစ်သူးမယားလေးကိုပါ မိမိနှင့်တစ်ပါတည်း ပါလာအောင် ကြံဆောင်အမြတ်တ်သွားနိုင်ခဲ့တယ်။ ကျွန်တော်ခိုးယူလာတဲ့ ချစ်သူဇနီးချောလေးနဲ့အတူနယ်တရားရုံးမှာ လက်မှတ်ရေးထိုးပြီး အတူတကွ ပေါင်းသင်းနေထိုင်ာခဲ့ကြတယ်။

ဒါပေမဲ့ ဆရာရယ်၊ ဒုစရိုက်သမားဆိုတာ ဘယ်လိုပဲ ဘဝကိုာင်းကောင်းနေထိုင်ဖို့ ကြိုးစားခဲ့ပေမယ့် ကိုယ်ကျင်လည်ကျွမ်းကျင်ရာလုပ်မှာပဲ နှံ့မင်ဖြတ်နိုးကြတာ များပါတယ်။ ကိုယ့်ဘဝဒုစရိုက်အမှောင်မ်းပေါ်မှာ စမ်းတဝါးဝါး လျှောက်လှမ်းသွားနေသူမဟုတ်လား။ ဒီတော့ အမှောင်ကမ္ဘာထဲမှာပဲ ကျင်လည်နေရတာ မဆန်းပါဘူးဆရာ။

ခုတော့ ကျွန်တော့်ဘဝမှာ ချစ်စရာဇနီးမယားအပြင်မှာ တွယ်တာစရာ သမီးလေးတစ်ယောက်ပါ သံယောဇဉ် ထပ်တိုးနေခဲ့ပြီလေ။ ဒီတော့ သားကျွေးမွေး မယားကျွေးမွေးအတွက် ရှာဖွေရုန်းကန်ရင်း ဂျင်လောင်းကစား ဝိုင်းတွေမှာ အစောင့်ဘော်ဒီဂတ်လို လုပ်ကိုင်ပေးရင်း ငွေကြေးအထောက် အပံ့ရယူပြီး ဘဝကို ဖြတ်သန်းနေခဲ့ရပြီဆရာ။

အမှန်တော့ ကျွန်တော်က ကြေးစားလူမိုက်ဘဝနဲ့ ရပ်တည်ရ လာခဲ့တာပါ။ ကျွန်တော့်အဖို့ အလုပ်အကိုင် မည်မည်ရရမရှိတော့ မထူး ဇာတ်ခင်းပြီး လုပ်ဆောင်နေခဲ့တာ ဖြစ်ပါတယ်။ ဂျင်ဝိုင်းတွေမှာ လူ လည်ပြီး ငွေကြေးထောက်ပံ့ဖို့ လိုက်မိုက်ကြေးခွဲတာ များတယ်။ ဂျင်ဝိုင်း တာ တိတ်တိတ်ပုန်းခိုးဂုက် ကစားနေကြတာဆိုတော့ ကျွန်တော်က ခိုင် လက်ထောက်ချမှာ စိုးရိမ်ပြီး မလွန်ဆန်ရဲလို့ ငွေပေးကြတာများတယ်။

ညစဉ်ညတိုင်း ဂျင်ဝိုင်းဘယ်မှာ ကစားမလဲဆိုတာ ကျွန်တော့် တပည့်တွေကတစ်ဆင့် စနည်းနာထောက်လှမ်းနိုင်းပြီး ဝိုင်းကြီးကြီးကြေး ကြီးကြီး ကစားနေတဲ့ဝိုင်းဆို ဆက်ကြေးအဆမတန် တောင်းယူခဲ့တယ်။ တစ်နည်းအားဖြင့် ငွေညှစ်နေခဲ့တာ ဖြစ်တယ်။ ဂျင်ဝိုင်းသိမ်းသွားတဲ့ မိုး လင်းပိုင်းမှ အိမ်ပြန်လာခဲ့ရတယ်။ ဂျင်ဝိုင်းကရလာတဲ့ငွေနဲ့ ဇနီးနဲ့သမီး အတွက် စားစရာတွေဝယ်ပြီး အိမ်ပြန်လေ့ရှိတယ်။

ကျွန်တော် ဝိုင်းသိမ်းလို့ ငွေရလာပြီဆိုတာနဲ့ တစ်ညလုံး ဘာမှ မစားမသောက်ခဲ့ရတော့ ဗိုက်က ဆာလောင်မွတ်သိပ်လာတယ်။ ဒီအခါ ကီလီလမ်းထိပ်က စပြုဒေါ်ကြည်မုန့်ဟင်းခါးဆိုင်မှာဝင်ပြီး မုန့်ဟင်းခါးကို အဝအပြဲ စားနေခဲ့တယ်။ ပြီးမှ အိမ်အတွက် မုန့်ဟင်းခါးဝယ်ပြီးတော့ ပြန် လေ့ရှိတယ်။ ဒါဟာ ကျွန်တော်ပြုကျင့်နေတဲ့ နေ့စဉ်အလုပ်ပဲ ဖြစ်ပါတယ် ဆရာ။

"မင်းအခုနေနဲ့ သူများတွေ နိုးကြောင်နိုးဂုက်ကစားနေတဲ့ ဂျင်ဝိုင်းတွေမှာ ဒီလိုလိုက် မိုက်ကြေးခွဲနေရင်တော့ အန္တရာယ်သိပ်များတယ်ကွ"

"ဆရာရယ် ... ဒီလူတွေ ကျွန်တော့်ကို မလှန်ရဲပါဘူး"





"ဘယ်ဟုတ်မလဲကွ ... လူဆိုတာ တစ်ခါနှစ်ခါပဲ ကောင်းတယ်။ နေ့စဉ်ရက်ဆက်ဆိုတော့ ဘယ်သူကကြည်ဖြူ သဒ္ဓါချင်ပါ့မလဲ"

"ဟုတ်ပါတယ် ... ဆရာ၊ ကျွန်တော်လည်း ငွေရေးကြေးရေး အဆင်မပြေလို့ မလုပ်ချင်ဘဲ လုပ်နေရတာပါ"

သည့်နောက်ပိုင်း ကျွန်ုပ်နှင့် ဖိုးမြတ်တို့ မတွေ့ဆုံဖြစ်ကြတော့ဘဲ အချိန်တော်တော်ကြာကြာ ကွဲကွာသွားခဲ့ကြလေသည်။ ဖိုးမြတ်ကတော့ သူကျင်လည်ကျက်စားရာ အမှောင်ကမ္ဘာထဲမှာ တဝဲလည်လည် နစ်မွန်းနေဦးမည် ဖြစ်ပါသည်။

ဘုရားရှင်လက်ထက် သုတ်ပါဠိတေယျ၌ ပုဂ္ဂိုလ်လေးမျိုးကို ဟောကြားတော်မူခဲ့လေသည်။ အမှောင်မှလာပြီး အမှောင်မှ အမှောင်ပြန်သွားရသော ပုဂ္ဂိုလ်အမျိုးအစားတွင် ဖိုးမြတ်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ သူ့ဘဝတွင် ဒုစရိုက်တွေနှင့် အပြုံများပြီး သေသောအခါ အပါယ်လေးပါး ဟူသော အမှောင်သို့ ပြန်သွားရမည့်ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

တစ်နေ့မှာတော့ ဖိုးမြတ်နှင့် ပတ်သက်သော သတင်းဆိုးတစ်ပုဒ်ကို မှုခင်းဂျာနယ်ထဲတွင် ဖတ်ရှုလိုက်ရသောအခါမှ ဖိုးမြတ်တစ်ယောက် ဥပဒေဒဏ်နှင့် အသေဆိုးသေသွားရသည်ကို သိရှိခဲ့ရလေတော့သည်။ ၎င်းအား ထောင်ထဲတွင် အတူတူထောင်ကျနေခဲ့သော တစ်ချိန်က ရာဇဝင်ကြွေးမြီခဲ့သည့် နဂါးလေးမှ လုပ်ကြံသတ်ဖြတ်သွားကြောင်း ဖတ်ရှုခဲ့ရလေသည်။

တကယ်တော့ သတ္တဝါတို့သည် ဆုံလည်ခွား ရှားရဟတ်ပမာကဲ့သို့ လှည့်လည်ပြေးသွားနေကြရသည်။ အာဃာတ အငြိုးအတေးများဖြင့် တစ်ဦးကတစ်ဦးကို ရက်ရက်စက်စက် သတ်ဖြတ်သွားခဲ့သော်လည်း ပြုသူအသစ် ဖြစ်သူအဟောင်းဆိုသလို ထောင်နန်းစံရသော သံသရာမှာပဲ ကျင်လည်နေကြရလေသည်။ ဖိုးမြတ်သတင်းကို ဂယနဇာဖတ်ကြည့်သောအခါမှ အဖြစ်မှန်ကို သိရှိခဲ့ရလေသည်။

တစ်နေ့မှာတော့ ဖိုးမြတ်တစ်ယောက် ကံဆိုးမိုးမှောင်ကျရန် ကံကြမ္မာက ဖန်တီးလာခဲ့လေသည်။ ခါတိုင်းလို ဂျင်ဝိုင်းတကာ လှည့်လည်

သွားလာပြီး မိုက်ကြေးခွဲနေရာမှ နံနက်မိုးသောက် ရောင်နီပင် မပေါ်သေး ချိန်ဝယ် ကီလီလမ်းထိပ်ရှိ စံပြခေါ်ကြည့်မုန့်ဟင်းခါးဆိုင်လေးမှ ဆိုင်ဖွ လှစ်ရန် ပြင်ဆင်နေသည်ကို စောင့်ဆိုင်းနေသည်။ အိတ်ထဲမှပါလာသော ငွေဖြင့် ဆိုင်မှမုန့်ဟင်းခါးတစ်ပွဲ မှာစားနေပြီး အိမ်အတွက် ပါဆယ်နှစ်ထုပ် မှာထားခဲ့သည်။

ဒီလိုအချိန်မှာ အလင်းရောင်မပေါ်ပေါက်သေးဘဲ မှောင်ရိုပ်ိုတဲ သာသာ အချိန်မျိုးဖြစ်သည်။ ပတ်ဝန်းကျင်မှာ လမ်းလျှောက်ထွက်သူ တစ်ယောက်စ နှစ်ယောက်စလောက်ပဲ ရှိသေးပြီး မှောင်နှင့်မည်းမည်း အချိန်အခါပဲ ရှိပါသေးသည်။ မုန့်ဟင်းခါးဆိုင်မှာလည်း စဖွင့်ကာစအ မို့ စားသုံးသူမရှိသလောက် လူသူကင်းရှင်းနေသည်။ ဖိုးမြတ်ကတော့ ဆ လောင်မွတ်သိပ်လွန်းတာကြောင့် ပလက်ဖောင်းပေါ်က စားပွဲခုံလေးမှ ထိုင်ပြီး စားနေခဲ့တယ်။

ထိုအချိန် ဆိုင်ပတ်ဝန်းကျင်မှာ လူသူလေးပါးကင်းရှင်းပြီး အသွား အလာကျဲပါးနေတယ်။ မိမိအတွက်မှာထားတဲ့ မုန့်ဟင်းခါးတစ်ပန်းကန်ကို ပဲကြော်နှင့်နယ်ဖတ်ပြီး အားရပါးရ ဖြိန်ရေရှက်ရေ ငုံ့စားနေခဲ့သည်။ ထို လမ်းပေါ်ကဓာတ်မီးတိုင် အလင်းရောင်အောက်မှာ ထိုင်စားနေတုန်း လူ သဏ္ဍာန်တစ်ခု နောက်မှာလာရပ်လိုက်တာကို မုန့်ဟင်းခါးငုံ့စားနေရာ တန်းလန်းကနေ ခေါင်းမော့ကြည့်လိုက်စဉ်မှာပဲ ...

"မင်းလားကွ .... ဖိုးမြတ် ... ကဲ ... ရော .."

"အား ....."

မေးမြန်းပြောဆိုသံနှင့်အတူ လက်ထဲမှာပါလာတဲ့ စကောဘားခ ချွတ်ကို လက်ထဲမှာ ဝှက်ကိုင်လာသူက တစ်ချက်တည်း လည်ပင်းနေရာ ကို ထိုးပစ်ခဲ့လေသည်။ ကျွန်အဖော်တစ်ယောက်က ဖိုးမြတ်ခေါင်း မော့ အကြည့်မှာ ခေါင်းကို ချုပ်ကိုင်ပေးထားတာကြောင့် လည်ပင်းနေရာကို အမိ ထိုးချခဲ့ခြင်း ဖြစ်လေသည်။ ယင်းသို့ ဖိုးမြတ်ကို လုပ်ကြံသတ်ဖြတ်ခဲ့ပြီး





အမှောင်ထုကို အကာအကွယ်ယူကာ တစ်ချီတည်း ထွက်ပြေးရှောင်ပြောက် သွားခဲ့လေသည်။

ထိုအချိန် မုန့်ဟင်းခါးဆိုင်ထဲမှ လူများသည် ရုတ်တရက် ဖြစ် ပျက်သွားခဲ့တာကြောင့် ကြောင်ငေးပြီး လှမ်းကြည့်နေစဉ်မှာ အမှောင်ထဲ ကို လူနှစ်ယောက် ကသုတ်ကရက် ထွက်ပြေးသွားသည်ကိုသာ တွေ့မြင်ရ လေသည်။ ဖိုးမြတ်ကတော့ မုန့်ဟင်းခါးစားနေစဉ် ရုတ်တရက် မိမိခေါင်း မော့အကြည့်မှာ လုပ်ကြံမည့်ရန်သူအရိပ်အယောင်ကို မြင်လိုက်တာကြောင့် ခြေသလုံးမှာ အမြဲဆောင်ထားလေ့ရှိတဲ့ စကောဘား(ချွတ်)ကို အိမ်က ဆွဲ ထုတ်ယူနေစဉ် လည်ပင်းကို အားပြင်းပြင်းနဲ့ ထိုးစိုက်ချလာတဲ့ စကောဘား ထိုးချက်ကြောင့် အားခနဲအော်မြည်ကာ စားပွဲခုံဘေးကို ပြိုလဲကျသွားလေ သည်။

ဖိုးမြတ် လဲပြိုကျသွားသည့်နေရာသို့ ဆိုင်မှလူများနှင့် အနီးအပါး မှလူများ ပြေးလာကာ ဝိုင်းဝန်းကြည့်ရှုကြသောအခါ ဖိုးမြတ်တစ်ယောက် လည်ပင်းနေရာမှ သွေးမွက်မွက်အန်ထွက်ကာ သွေးအိုင်ထဲဝယ် အသက် ပျောက် သေဆုံးနေသည်ကို တွေ့မြင်ခဲ့လေတော့သည်။ မည်သူက သတင်း ပို့လိုက်သည်မသိ သက်ဆိုင်ရာရဲဌာနမှ ရဲဝင်များ အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာခဲ့လေတော့သည်။

✲ ✲ ✲

နီးဝေ



[၁]

❑

"ခွပ် .... ခွပ် .... ခွပ် ..."

တိတ်ဆိတ်ငြိမ်သက်နေသောအချိန် တိုက်ခန်းလေးထဲသို့ ဝင်ရောက်လာနေသော ထောင်မှူးလေး၏ ဖိနပ်သံသည် သမံတလင်းနှင့် ထိခတ်မိစဉ် ပေါ်ထွက်လာသည့် ခြေသံဖြစ်သည်။ ကြိုးတိုက်ခန်းလေးထဲဝယ် နေ့လယ်ပိုင်းအချိန် ထမင်းများစားသောက်ပြီး တစ်ရေးတမော အိပ်ပျော်အနားယူနေကြသည်။

ဒါကြောင့် မည်သည့်အသံမျှ မကြားရဘဲ တိတ်ဆိတ်နေခဲ့ခြင်းဖြစ်သည်။ ထောင်မှူးလေးဦးဆောင်ပြီး ကြိုးတိုက်ခန်းအမှတ် (၈) အခန်းရှေ့သို့ ရောက်သောအခါ ခြေသံရပ်သွားပြီးနောက် ...

"အဟမ်း ... အဟမ်း ..."

ထောင်မှူးလေးမှ ချောင်းဟန့်သံ ပြုလိုက်သောကြောင့် အခန်းထဲ ကွပ်ပျစ်အနိမ့်လေးပေါ်တွင် တင်ပျဉ်ခွေထိုင်ပြီး စိပ်ပုတီးစိပ်နေသော ကြိုးသမားအောင်သူကို တွေ့မြင်ရသည်။ ဧဿအကြားမှ မိမိပြုံးဖွယ်သော ပါးကံများကို ပြုလုပ်ပြီး တိုက်ခန်းပေါက်ဝဆီ တည်ငြိမ်စွာ လျှောက်လှမ်းလာသည်။

"အံမွား … သူ့ကို တရားရုံးတော်က ပေးပို့လာတဲ့ စာအိတ်
လေး ပေးလိုက်ပါ"

ထောင်မှူးလေးလက်ထဲမှ စာအိတ်နီလေးကိုယူပြီး အံမွားက ကြီး
သမားအောင်သူထံ လက်ဆင့်ကမ်းပေးလိုက်သည်။ ကြိုးသမားအောင်
သည် မိမိထံပေးလာသော စာအိတ်နီလေးကို ဖြည်းညင်းစွာ ဖွင့်ဖောက်
ကြည့်လိုက်ပြီး တည်ငြိမ်စွာ ဖတ်ရှုကြည့်နေသည်။ စာကိုဆုံးအောင် ဖတ်
နေပြီး မျက်နှာတစ်ချက် ပျက်သွားပြီးနောက် …

"ဒါဆို ကျွန်တော်တင်ထားခဲ့တဲ့ … နောက်ဆုံးအဆင့် …
အသနားခံစာကို … ပယ်ချလိုက်ပြီပေါ့နော်"

"ဟုတ်ပါတယ် … အောင်သူ၊ မင်းရဲ့အယူခံ ရှုံးသွားပြီကွာ"

"ဒါဆို ဘယ်တော့လောက် ကြိုးပေးစီရင်ကြမှာလဲ"

"နက်ဖြန်ခါ မနက်စောစော အရုဏ်တက်ချိန်မှာပဲ"

"ဗျာ …"

ကြိုးသမားအောင်သူတစ်ယောက် ထောင်မှူးလေးထံမှ တုံ့ပြန်
အဖြေကို ကြားလိုက်ရသောကြောင့် ထိတ်လန့်တုန်လှုပ်စွာဖြင့် အာမေဋိတ်
သံထွက်သွားသည်။ မိမိဘဝ အသက်ရှင်နေထိုင်ရန် ယနေ့တစ်နေ့တာပဲ
ရှိပါတော့လားဆိုသည်ကို နားလည်သဘောပေါက်သွားသည်။

"ဟုတ်ပါတယ် … အောင်သူ၊ ငါတို့အနေနဲ့ တရားရုံးတော်က
ချမှတ်ပေးတဲ့အမိန့်အတိုင်း ချက်ချင်း အရေးယူဆောင်ရွက်ရမှာပဲ"

"ကျွန်တော့်ကုသိုလ်ကံကလည်း ဆိုးလှချည်လားဗျာ"

"ဘယ်လိုပဲဖြစ်ဖြစ် တရားနဲ့သာ ဖြေပါကွာ။ ဒီတော့ ခုချိန်မှာ
မှာကြားစရာရှိရင် မှာကြားပါ။ လိုအပ်တာဖြည့်ဆည်းပေးဖို့ အသင့်ပဲ"

"ကျွန်တော့်လို သေရွာသွားရမယ့်လူအတွက် ဘာမှ အထွေအထူး
မမှာကြားလိုတော့ပါဘူး။ အဲ .. တစ်ခုပဲ တောင်းဆိုပါရစေ"

"ဘာများလဲ … အောင်သူ"

"ဖြစ်နိုင်မယ်ဆိုရင်ပေါ့ … ဆရာ။ ပေဘီ ကျွန်တော် နေ့စဉ်နေ့





တိုင်း မပျက်မကွက်စိုက်လာနေတဲ့ ဒီသိမ်ဝင်ပုတီးကုံးလေးကို ကြိုးစင်ပေါ်မှာ
ကြိုးပေးမယ့်အချိန် လက်ထဲမှာ ကိုင်ခွင့်ပြီး စိပ်ခွင့်ပြုပေးဖို့ပါပဲ"

"ဟာ … စိတ်ချပါ။ ဆရာ … ဒီအတွက် တာဝန်ယူဆောင်
ရွက်ပေးပါ့မယ်"

ထို့နောက် ထောင်မှူးလေးက မေးငေါ့ပြလိုက်သဖြင့် ထောင်မင်း
သားအံမွားကျောက်ဖားသည် ကြိုးတိုက်သံတံခါးသော့ကို ဖွင့်ပြီး အခန်းထဲ
ဝင်သွားသည်။ ထောင်မင်းသား အံမွားကျောက်ဖားက ထုံးစံအတိုင်း ပေါင်
ချိန်စက်ကလေးကို ချပေးလိုက်ပြီး ကိုယ်အလေးချိန်ကို ချိန်လိုက်သည်။ ပြီးမှ
ပေကြိုးဖြင့် ကိုယ်ခန္ဓာအရပ်အမြင့်ကို တိုင်းထွာနေသည်။

ယင်းသို့ အလေးချိန်ချိန်တွယ်ခြင်း၊ ပေအရှည်တိုင်းထွာခြင်းများ
ပြုလုပ်ပြီးတိုင်း ထောင်မင်းသားအံမွားကျောက်ဖားက အော်ပြီး စာရင်းပေး
သည်ကို ထောင်မှူးလေးမှ မှတ်စုစာအုပ်ပေါ်တွင် လိုက်လံရေးမှတ်ယူနေ
သည်။ ဤကဲ့သို့ ကြိုးသမားတစ်ယောက်၏ ခန္ဓာကိုယ်အလေးချိန်ကို ချိန်တွယ်
ခြင်း၊ အရပ်အနိမ့်အမြင့် တိုင်းထွာရခြင်းမှာ ကြိုးမပေးမီ လိုအပ်သည်များ
ကြိုတင်စီစဉ်ထားနိုင်ရန်ဖြစ်သည်။

အကျဉ်းထောင် လက်စွဲညွှန်ကြားချက်အရ ကြိုးပေးစီရင်ခြင်းခံရမည့် အလေး
ချိန်နှင့် ကြိုးပေးရာတွင် အသုံးပြုမည့် မနီလာကြိုးအရှည်အစားကို အောက်
ပါအတိုင်း ပြဋ္ဌာန်းထားလေသည်။

ကိုယ်ခန္ဓာအလေးချိန် ကြိုးအရှည် (ပေ၊ လက်မ)

ပေါင် ၁၀၀ အောက် - ၁၀ ပေ၊ ၆ လက်မ

ပေါင် ၁၂၀ အောက် - ၉ ပေ၊ ၆ လက်မ

ပေါင် ၁၄၀ အောက် - ၉ ပေ

ပေါင် ၁၆၀ အောက် - ၈ ပေ၊ ၆ လက်မ

ပေါင် ၁၈၀ အောက် - ၈ ပေ။

အမှန်တော့ ဤသို့ပြုလုပ်ရခြင်းမှာ မကြာမီ ကြိုးပေးခံရမည့် ကြိုး
သမားအောင်သူအတွက် အလုပ်ကြီးဘက်ရှိ လက်သမားဌာနတွင် ခေါင်း

တလားတစ်လုံး ကြိုတင်စပ်ထားရန်နှင့် အသုံးပြုမည့် မနီလာကြိုးအရှည်
ကြိုးကျစ်ဌာနမှာ ကြိုတင်ကျစ်ခိုင်းပြီး ကြိုးဆန့်အောင် စီစဉ်ထားနိုင်
ဖြစ်သည်။

အားလုံးကိစ္စများ စီစဉ်ဆောင်ရွက်ပြီးသွားသောအခါ ထောင်မှူ
လေးသည် တိုက်သံတံခါးကို လုံခြုံစိတ်ချစွာ ပိတ်ခိုင်းပြီး သော့ခလောက်
ခတ်ထားစေသည်။ ယခုကဲ့သို့ ကြိုးသမားတစ်ဦးသည် မိမိသေဒဏ် စီရ
ခြင်းခံရတော့မည်ကို သိရှိသွားသောအခါ စိတ်ဓာတ်ချောက်ချားမှု ဖြစ်
ခံစားလာရပြီး စိတ်ဖောက်ပြန်ကာ သတ်သေခြင်းအမှုကို ဆောင်ရွက်
ကြသည်။

ဒါကြောင့် ထောင်မှူးလေးသည် ထောင်မင်းသား အံမွှားကျော
ဖားကို သေချာစွာ ဂရုစိုက်စောင့်ကြပ်ကြည့်ရှုထားရန် တိုးတိုးတိတ်တိတ်
ကြားခဲ့ပြီး အလုပ်ကြိုးဘက်သို့ စီစဉ်စရာရှိသည်များ စီစဉ်ထားနိုင်ရန် ထွ
သွားခဲ့လေသည်။

ဤသို့ မှာကြားထားခဲ့ရခြင်းမှာ ကြိုးသမားများ၏ စိတ်အထာ
အံမွှားကျော်ဖားက အတွေ့အကြုံရှိနေသည်ကို သိနေသောကြောင့်
ကပ် ကြည့်ရှုနိုင်ရန်ဖြစ်သည်။ ကြိုးသမားများကို ကြိုးပေးစီရင်ရသည့်
တွင် များသောအားဖြင့် ထောင်မင်းသား အံမွှားကျော်ဖားကိုသာ တာ
ပေးလေ့ရှိသည်။ ကြိုးသမားများကို ကြိုးပေးသည့် ဒေါက်မောင်းတံကို ဖြ
ချနိုင်သည့် တာဝန်ကို အံမွှားကျော်ဖားအား တာဝန်ပေးလေ့ရှိသည်။ ယ
သို့ကြောင့် ဒေါက်အံမွှားဟူ၍ ထောင်သားအများစုက ခေါ်ဝေါ်သုံးစွဲ
သည်။

"ဘယ်လိုလဲ ... ကိုအောင်သူ၊ စိတ်ဆင်းရဲ ဒုက္ခရောက်
လား။ ဘယ်တတ်နိုင်ပါ့မလဲ။ ကံကြမ္မာက ဖန်လာနေပြီဆိုတော့ တရားနဲ့
ဖြေပါတော့ဗျာ"

"ဟုတ်ပါတယ် ... ကိုအံမွှား၊ ကျွန်တော့်ဘဝက နေဝင်
ရောက်နေပြီ။ ခုလိုကြုံတွေ့တုန်း တစ်ခုလောက် မေးပါရစေဗျာ"

သူရိန်စာပေ



"တခြားတော့ မဟုတ်ပါဘူး။ ခင်ဗျားဟာ ဒီကြိုးတိုက်ခန်းထဲမှာ
နေကြတဲ့ ကြိုးသမားတွေကို ကြိုးပေးစီရင်ရတဲ့အခါတိုင်း ဒေါက်မောင်း
ကို ဖြုတ်ပေးရတဲ့သူဖြစ်တယ်။ တကယ်တော့ ခင်ဗျားနဲ့ ဘာရန်ငြိုးရန်စ
မရှိတဲ့လူကို ဒေါက်ဖြုတ်ချလိုက်ချိန် ဘယ်လိုမျိုး စိတ်ထဲမှာ ခံစားနေ
လဲ"

"တကယ်တော့ ကျွန်တော့်လို ထောင်ကျနေတဲ့ အကျဉ်းသားက
ထောင်အာဏာပိုင်တွေရဲ့ အမိန့်ပေးခိုင်းစေမှုအပေါ် တာဝန်ကျေအောင် ဆောင်
ရွက်ပေးရတာပါ။ သူတို့ပေးတဲ့ ဒေါက်ဖြုတ်ခ အခကြေးငွေကို မက်မောလို့
မဟုတ်ပါဘူး။ ဘဝတူအကျဉ်းသားချင်းအပေါ် စာနာစိတ်တော့ ဖြစ်မိတာ
ပေါ့ဗျာ"

"ဒါကြောင့်လဲ ..., ခင်ဗျားကို ထောင်ထဲမှာ ဒေါက်အံမွှားဘွဲ့ရတဲ့
ပြင် ထောင်မင်းသား အံမွှားကျော်ဖားဆိုပြီး နာမည်ကြီးနေခဲ့တာကိုး။
ဗျားက အထက်လူကြီးတွေ အမိန့်ပေးခိုင်းစေတဲ့အတိုင်း တစ်သဝေမတိမ်း
ဆက်နာခံဆောင်ရွက်ပေးနေခဲ့တာပေါ့။ ဒီလိုဆောင်ရွက်ခဲ့လို့လည်း ထောင်
အာဏာပိုင်တွေက သဘောကျ နှစ်ခြိုက်နေမှာပေါ့။ ဒါနဲ့ ခင်ဗျားကရော
အမှုနဲ့ ထောင်ကျခဲ့တာလဲ"

"ကျွန်တော်က ရာဇဝတ်လူဆိုး နာမည်ကြီးဓားပြ ဗိုလ်ကြီးပါ"

"ဗျာ ..."

"ဟုတ်ပါတယ် ... ကျွန်တော်က ဓားပြဗိုလ်ဟောင်းတစ်ယောက်
ဓားပြတိုက်၊ လူသတ်မှုတွေနဲ့ သေဒဏ်ကျခံခဲ့ပြီးမှ အယူခံနိုင်သွားလို့
သက်တစ်ကျွန်း ပြောင်းလဲသွားခဲ့တယ်။ ထောင်ထဲမှာ နှစ်သက်ကြာ
တော့ ကျွန်တော့်လုပ်ဆောင်ချက်တွေ သဘောကျလာခဲ့လို့ ထောင်
သားတစ်ယောက် ဖြစ်လာခဲ့တယ်"

"ခင်ဗျားဘဝက တယ်အားကျစရာကောင်းပေတာပဲ။ ကြုံတုန်း
များအကြောင်းလေး သိခွင့်ရှိလျှင်သိပါရစေ"

ခင်ဗျား သိချင်တယ်ဆိုရင်လည်း အတိုချုံးပြီး ပြောပြရတာပေါ့။
နော်အဖြစ်က ... ဒီလိုပါ"

သူရိန်စာပေ

ထောင်မင်းသား အံ့မှားကျောက်ဖားက အထက်ပါအတိုင်း စကား ဖြတ်လိုက်ပြီး ကြီးသမားအောင်သူအား အောက်ပါဇာတ်လမ်းလေးကို ပြော ပြနေလေသည်။

ကျွန်တော့်အဖြစ်က ဒီလိုပါဗျာ ...

ကျွန်တော့်ကို မွေးဖွားခဲ့တဲ့နေရာက ရောဝတီတိုင်းထဲက မြို့ကလေး တစ်မြို့မှာပါ။ အမေနဲ့အမေက လယ်ကူလီဘဝနဲ့လုပ်ကိုင် စားသောက်ကြ ရင်း ကျွန်တော် ဆယ်နှစ်သားအရွယ်လောက်မှာ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးပါးသွားခဲ့ကြတယ်။

နောက်ဆုံး လူပျို့ပေါက်အရွယ်ရောက်လာတော့ ရွာထဲက သူကြီး သမီး မြရိုရိုးဆိုသူ မိန်းကလေးတစ်ယောက်နဲ့ လူငယ်ဘာဝ ရည်ငံလာခဲ့ ကြတယ်။ နောက်ပိုင်း သူကြီးက ကျွန်တော်တို့သတင်း သိုးသိုးသန့်သန့် ကြားလာတော့ မြို့ပေါ်က သူဌေးသားတစ်ယောက်နဲ့ ထိမ်းမြားပေးစား မယ်လို့ စီစဉ်လာခဲ့တယ်။

အဲဒီအချိန်မှာ ကျွန်တော်ကလည်း လယ်ကူလီတစ်ယောက်အနေ နဲ့ ငွေကြေးစုဆောင်းထားမှု မပြည့်စုံသေးတော့ ချစ်သူကို ခိုးပြေးကြဖို့ မလွယ်ဘူးဖြစ်နေတယ်။

ဒီတော့ ကျွန်တော် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ၊ ယောင်ချာချာ ဖြစ်နေတယ်။ ရွာထိပ်ဘက်ကို ငွေရှာလို့ ရလိုရငြားထွက်လာတယ်။ ရွာထိပ် က ထန်းရည်ဆိုင်မှာ အပေါင်းအသင်းတွေနဲ့ ဆုံတွေ့ခဲ့ကြတယ်။ သူတို့ ဝိုင်းချွယ်လို့ရွာထဲက အသုဘအိမ်ဖဲဝိုင်းမှာ ငွေရအောင် ဝင်ကစားခဲ့ကြ တယ်။ နောက်ဆုံး ဖဲဝိုင်းမှာ ပါလာတဲ့ငွေလေးပါ ဆုံးရှုံးသွားလို့ ချစ်သူကို ခိုးပြေးဖို့ အခက်အခဲဖြစ်သွားတယ်။

အဲဒီလို ငွေကြေးရှာဖွေရတာ မလွယ်တဲ့ဖြစ်ပြီး ဖဲဝိုင်းကနေ ပြန် လာကြစဉ်မှာ ရွာထိပ်က တရုတ်ကုန်စုံဆိုင်ထဲ ဆေးလိပ်ဝင်လာလို့ ထယ် ယောက်က ဝင်ဝယ်ခဲ့တယ်။ အဲဒီကောင်က ကုန်စုံဆိုင်ထဲကနေ ထွက်လာပြီး ဆိုင်ထဲအခြေအနေကို ပြောပြတော့ စိတ်ကူးပေါက်လာကြတယ်။ ကုန်စုံဆိုင်





ထဲမှာ ညဘက်မိုးချုပ်ချိန်ထိ ရောင်းရောင်းနေတဲ့ တရုတ်မလေးနှစ်ယောက် နဲ့ ဘိန်းမှိန်းနေတဲ့ တရုတ်ကြီးပဲရှိနေတယ်လို့ ဆိုတယ်။ ကောင်တာစားပွဲ ကိုဖွင့်ပြီး ငွေအမ်းတော့ ပိုက်ဆံအများကြီး တွေ့မြင်ရတယ်လို့ ပြောလာခဲ့ တယ်။

ဒါကြောင့် ကျွန်တော်တို့သူငယ်ချင်းလေးယောက် တိုင်ပင်ပြီး လို အပ်နေတဲ့ငွေကြေးကို လက်တလောရနိုင်ဖို့ ကုန်စုံဆိုင်ထဲ ဝင်လုကြမယ် ဆိုပြီး ကြံစည်ခဲ့တယ်။ တစ်ယောက်က ဆိုင်ထဲထပ်ဝင်သွားပြီး ဆေးလိပ် ဝယ်မည့်ဟန်ဆောင်လို့ ကောင်တာအံဆွဲဖွင့် ငွေအမ်းမယ်လုပ်နေတုန်း ဆွဲ နှုတ်ပြီး ထွက်ပြေးခဲ့ကြတယ်။

ဖြစ်ချင်တော့ဗျာ ... အဲဒီအချိန်မှာ မိုးလေထန်လာပြီး သဲသဲ မဲမဲ ရွာချနေခဲ့တာကိုး။ ကျွန်တော်တို့က အံဆွဲထဲကငွေကို ရုတ်တရက် နှုတ်ပြေးချိန်မှာ မိုးက တဝုန်းဝုန်းရွာချနေတော့ တရုတ်ကြီးက ဓားပြ ... ဓားပြလို့ အော်သံဟာ မည်သူမျှ မကြားကြဘူး။ ကျွန်တော်တို့လေးယောက် သား မိုးရေကြီးထဲမှာ တစ်ဟုန်ထိုး ထွက်ပြေးခဲ့ကြတယ်။

ဒီကိစ္စနှင့်ပတ်သက်ပြီး တရုတ်ကြီးမိသားစုက ရဲစခန်းမှာ အမှုဖွင့် တိုင်ကြားတော့တယ်။ ရဲစခန်းက ရွာထဲဖဲဝိုင်းမှ ဖဲရှုံးပြန်သွား တဲ့အဖွဲ့ ဖြစ်နိုင်တယ်ဆိုပြီး ခြေရာခံလိုက်ရာက အမှုမှန် ပေါ်သွားတယ်။

နောက်ဆုံး ကျွန်တော်တို့လေးယောက်စလုံး ဘာလက်နက်မှမပါ ဘဲ လုယက်စားပြတိုက်ခဲ့တယ်ဆိုပြီး ထောင်ခုနစ်နှစ်စီ ပြစ်ဒဏ်စီရင်ခြင်း ခံခဲ့ရတယ်။ ဒါက ကျွန်တော် ပထမဆုံး ထောင်ထဲရောက်လာခဲ့တာပဲ။ နောက် ပြစ်ဒဏ်စေ့သွားလို့ ထောင်ကထွက်လာချိန်မှာ ကျွန်တော့်ချစ်သူက သူဌေးသား နဲ့ အိမ်ထောင်ကျနေပြီ။

ဒီတော့ မထူးတော့ဘူးဆိုပြီး ထောင်ထဲမှာ သိကျွမ်းခင်မင်လာခဲ့ကြ တဲ့ ဓားပြခေါင်းဆောင်အုံကြီးမောင်ထံမှာ တပည့်ခံပြီး ဓားပြမှုတွေ အကြိမ် ကြိမ် ကျူးလွန်လာခဲ့ကြတယ်။ ဒီလိုဓားပြမှုတွေ အကြိမ်ကြိမ် ကျူးလွန်လာခဲ့ ကြပေမယ့် ဖမ်းဆီးရမိခြင်းမရှိဘဲ လွတ်မြောက်နေကြ တယ်။

နောက်ဆုံး ကိုယ်ကိုယ်တိုင် ဓားပြအဖွဲ့ကိုဦးဆောင်ပြီး ဓားပြတိုက်တာကို တည်ထောင်ခဲ့တယ်။ ဓားပြခေါင်းဆောင် အံ့မွှားကျောက်ဖားဆိုတဲ့ အမည်နဲ့ ဓားပြအကြိမ်ကြိမ် တိုက်နေတယ်။

ဘယ်လိုပဲဖြစ်ဖြစ် မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဆိုသလို ကိုယ့်လက်အောက်ကတပည့်တစ်ယောက် မကျေနပ်လို့ ရဲထံ လက်ထောက်ချတယ်။ ရဲတပ်ဖွဲ့က ဓားပြတွေ ခိုအောင်းနေတဲ့နေရာကို ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့ရာက တိုက်ပွဲဖြစ်ပွားပြီး သေသူကသေ၊ ဖမ်းဆီးရမိသူကို ဖမ်းဆီးစစ်ဆေးနေတယ်။

အဲဒီဓားပြမှုတွေကို ရုံးတင်စစ်ဆေးခဲ့ရာက အမှုအသီးသီးအတွက် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခံရပြီး တစ်ကျွန်းကို ပို့ခံခဲ့ရတယ်။ နောက်ပိုင်း အယူခံနိုင်လို့ အကျဉ်းထောင်ကို ပြန်ပို့ခဲ့တယ်။ အဲဒီဓားပြမှုနဲ့ ထောင်ကျနေရာက လွတ်လာတော့ အထက်အညာဘက်ထွက်လာနေတုန်း ခရီးလမ်းဘူတာရုံမှာ ဓားပြကိုထိပ်းဖမ်းမိအောင် လက်ထောက်ချပေးတဲ့တပည့်ကို မြင်လိုက်ရတော့ နောက်ကနေလိုက်သွားတယ်။

ရွာထဲက တဲအိမ်လေးတစ်လုံးပေါ်မှာ လက်ထောက်ချပေးခဲ့တဲ့ သစ္စာဖောက် ဓားပြကောင်နောက် ခြေရာခံလိုက်လာရင်း ပက်ပင်းရင်ဆိုင်တိုးခဲ့တယ်။ လင်မယားနှစ်ယောက်စလုံး ပြန်လည်ခုခံနေတုန်း အပြတ်ရှင်းပစ်ခဲ့တယ်။

ဒါပေမဲ့ အခင်းဖြစ်ပွားရာနေရာမှာ ကျွန်တော်ရဲ့ ထောင်ထွက်လက်မှတ် ကျန်ရစ်ခဲ့ရာက ခြေရာခံမိသွားပြီး သက်ဆိုင်ရာက လိုက်လံစုံစမ်းဖော်ထုတ်ရာမှ အမှုမှန်ပေါ်သွားတယ်။

အဲဒီအမှုကို တရားရုံးတင် စစ်ဆေးခဲ့ပြီးနောက် ကျွန်တော့်ကို သေဒဏ်စီရင်ချက် ချမှတ်ခဲ့တယ်။ အဲဒီလို သေဒဏ်ကျခံနေရချိန်မှာ အယူခံအဆင့်ဆင့် တင်သွင်းခဲ့ရာက နောက်ဆုံး လွတ်ငြိမ်းချမ်းသာခွင့်အမိန့်နဲ့ ကြုံကြိုက်လို့ ထောင်ဒဏ်တစ်သက်တစ်ကျွန်းပြစ်ဒဏ်ကို ပြင်ဆင်ပြောင်းလဲခဲ့ရတယ်။

သူရိန်စာပေ



အဲဒီကနေ ယနေ့တိုင် ထောင်ထဲမှာ လွတ်ရက်မရှိ ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံနေရာက အကျဉ်းထောင်ထဲမှာ နှစ်သက်ရှည်ကြာနေသူဖြစ်လို့ အကျဉ်းထောင်အာဏာပိုင်တွေကလည်း ထောင်ထဲကို အကြိမ်ကြိမ် ရောက်မှုနေသူဖြစ်တာကြောင့် ရင်းနှီးကျွမ်းဝင်ရှိနေတယ်။

ဒါကြောင့် အကျဉ်းထောင် လက်စွဲဥပဒေစည်းကမ်းတွေအတိုင်း အရာအဆင့်ဆင့်ကနေ ပြောင်းလဲလာခဲ့ပြီး နောက်ဆုံး ထောင်မင်းသားတစ်ယောက်ဖြစ်လာအောင် နေထိုင်ကြိုးစားလာခဲ့ရတာပေါ့ဗျား။

အဲဒီတော့ အကျဉ်းထောင်ကြီးထဲမှာ ရှိနေခဲ့တဲ့ အလုပ်အကိုင်နှံသမျှအပေါ် ကျွန်တော်က ဦးစီးဦးရွက် ဆောင်ရွက်ပေးခဲ့တာကြောင့် ထောင်ရဲ့လုပ်ငန်းမှန်သမျှ မျက်နှာလွှဲခဲပစ် နိုင်းစေထားလို့ရခဲ့တယ်။

အထူးသဖြင့်တော့ အကျဉ်းသားများရဲ့အပေါ်မှာ ကျွန်တော်ရဲ့ ဩဇာအာဏာသက်ရောက်မှု ကြီးစိုးလာခဲ့တာကြောင့် အုပ်ချုပ်ရေးပိုင်းမှာလည်း ဝင်ရောက်ကျူးလာခဲ့တယ်။ နောက်ဆုံး ထောင်ထဲမှာ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းဖြစ်တဲ့ ထောင်မှူးထောင်ပိုင်တွေပြီးရင် ကျွန်တော်က ဩဇာအာဏာအရှိဆုံးပဲ။

မိမိလက်အောက်ငယ်သား၊ အကျဉ်းသားတွေအပေါ်မှာလည်း နိုင်ထက်စီးနင်း မတရားမှုမဆောင်ရွက်ဘဲ မျှမျှတတ စီမံအုပ်ချုပ်နိုင်ခဲ့တာကြောင့်လည်း အကျဉ်းသားအများစုရဲ့ ယုံကြည်ကိုးစားမှုခံရတယ်။ ဒါကြောင့် အကျဉ်းထောင်နဲ့ ပတ်သက်တဲ့လုပ်ငန်းမှန်သမျှ ကျွန်တော့်ကိုပဲ တာဝန်ပေးခိုင်းစေခဲ့တာပါပဲ။

"အင်း ... ခင်ဗျားလို ဆိုးသွမ်းလူယက် တိုက်ခိုက်လာတဲ့ ဓားပြခေါင်းဆောင်တစ်ယောက်က သေဒဏ်ကနေ လွတ်မြောက်သွားအောင် အယူခံနိုင်တဲ့အထိ ကုသိုလ်ကံအကျိုးပေး ကောင်းခဲ့တာပဲ။ ကျွပ်မှာကျတော့လည်း ကံကြမ္မာက မျက်နှာသာမပေးခဲ့လို့ ကြိုးဒဏ်စီရင်ခြင်း ခံရတော့မယ်။ ဒါဟာ ကျွပ်ရဲ့ယုတ်မာ ရက်စက်တဲ့ မကောင်းမှုကြောင့် တူသောအကျိုးပေးခံရတယ် ပေါ့တယ်"

သူရိန်စာပေ

"ဟုတ်လား ... ခင်ဗျားအမှုက ဘယ်လောက်ထိအောင်များ ရက်စက်ခဲ့လို့ ခုလိုသေဒဏ်ပေးရတဲ့အထိ ပြစ်ဒဏ်ကြီးလေးခဲ့ရတာလဲဗျ"

"အင်း ... ကျုပ်အမှုအကြောင်းကို ခင်ဗျားကြားရရင် ကျုပ်အပေါ်မှာ ငြိုငြင်သွားမှာဘဲဗျာ။ ကျုပ်လိုအမှုမျိုးက ထောင်ထဲမှာ ဘယ်သူကမှ မနှစ်မြို့တဲ့ ယုတ်မာရက်စက်ခဲ့တဲ့ မုဒိမ်းလူသတ်မှုဗျ"

"အေးဗျာ ... ခင်ဗျားပြောပြလို့သာ ယုံရတယ် ခင်ဗျားလို ပုတီးသမား၊ ဘာသာရေးလိုက်စားနေသူက ဒီလိုအမှုမျိုး ကျူးလွန်လာခဲ့တယ်ဆိုတာ မယုံနိုင်စရာပဲ"

"ဟုတ်ပါတယ်ဗျာ ... ကျုပ်ဟာ ဘာသာရေးကို တစိုက်မတ်မတ်လေ့လာလိုက်စားလာခဲ့တဲ့သူပါ။ အတိတ်ဘဝက ဝဋ်ကြွေးရှိလို့ ပေးဆပ်ရတယ် သဘောထားပါတယ်။ ဒါဟာလည်း ကိလေသာတဏှာမီးကို မထိန်းကြယ်နိုင်ခဲ့လို့သာ အရူးသွပ်စိတ်က မောက်ပြီး ဖြစ်မှားသွားခဲ့ရတာပဲ"

"ဖြစ်နိုင်မယ်ဆိုရင် ခင်ဗျားကျူးလွန်လာခဲ့တဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ် ကျွန်တော့်ကို ပြောပြစမ်းပါဗျာ"

"အင်း ... မနှစ်မြို့စရာ ကျုပ်ဇာတ်လမ်းကို သိချင်ရင် ပြောပြရတာပေါ့ဗျာ"

ထောင်မင်းသား အံပွားကျောက်ဖား၏ တောင်းဆိုနေမှုကြောင့် ကြိုးသမားအောင်သူက သူ့အမှုဖြစ်စဉ်လေးကို စီကာပတ်ကုံး ပြောပြနေလေသည်။ ထိုစဉ် ကြိုးသမားအောင်သူ၏ မျက်နှာပြင်ဝယ် ကြိတ်မနိုင်ခဲမရဟန်၊ နောင်တတရားများရနေဟန် ပေါ်လွင်နေသည်။ လက်ထဲမှ ဆေးပေါ့လိပ်တိုလေးကို တစ်ချက်ရှိုက်ဖွာလိုက်ပြီး ပါးစပ်မှမီးခိုးများကို မှုတ်ထုတ်လိုက်သည်။ တိုက်နံရံဆီသို့ မီးခိုးတန်းလေး တလိပ်လိပ်တက်သွားနေသည်ကို ငေးမျှော်ကြည့်ရှုနေရင်းမှ အဖြစ်မှန်ကို ထုတ်ဖော်ပြောပြနေသည်။

❋ ❋ ❋

# [၂]

❑

အောင်သူမှာ ဆန်ကိုဒေါင်တာဝန်ခံ ဂိုဒေါင်မှူးတစ်ဦးဖြစ်သည်။ ဆန်ဒေါင်ထဲမှ ဆန်အိတ်များကို အတင်အချပြုလုပ်နေကြသည့် အလုပ်သမားကို စီမံခန့်ခွဲရသူဖြစ်သည်။ ဆန်စက်ထဲမှာ အလုပ်လုပ်ကိုင်နေကြသူများလည်း ယောကျ်ားမိန်းမ ခွန်တွဲနေသည်။

အထူးသဖြင့် မိန်းမအလုပ်သမားများမှာ ဆန်အိတ်သယ်ပိုးပြီးားပေါ်ရွက်တင်သည့် အလုပ်ဖြစ်သောကြောင့် ယောကျ်ားအလုပ်သမားားထက် လူဦးရေပိုသည်။

နေ့စဉ် ဆန်ကိုဒေါင်ကြီးထဲဝယ် အလုပ်လုပ်ကိုင်နေကြသော မိန်းမလုပ်သမများနှင့် ထိတွေ့ဆက်ဆံနေရသည်။ ထိုအထဲမှ မိမိရုံးခန်းလေးဝယ် အလုပ်နားသည့် ထမင်းစားချိန်ဝယ် လာရောက်ပြုစုလုပ်ကိုင်ဆောင်က်ပေးနေသော ဆန်စက်အလုပ်သမလေးနှင့် ထိတွေ့ဆက်ဆံရမှန်များာသောအခါ ရင်းနှီးမှု ပိုမိုလာခဲ့သည်။

မိမိက ဆန်ကိုဒေါင်ကြီးထဲရှိ ရုံးခန်းလေးထဲဝယ် တစ်ဦးတည်းမုံင်ကာ စီမံကွပ်ကဲနေရသည်။ ဆန်စက် အလုပ်ပါးချိန်ရုံးခန်းလေးထဲရှိရားစင်ရှေ့ဝယ် ပုတီးစိပ်၊ တရားထိုင်သည့်အလုပ်ကို နေ့စဉ်မပျက်မကွက်ပ်ဆောင်နေသည်။

နေစဉ် နိစ္စပတ်ဝတ္တရားများကို ပြုကျင့်နေခဲ့ပြီး ထမင်းစားချိန်တ အမျိုးသမီးလေးတစ်ဦးမှ အိမ်မှပါလာသော ထမင်းချိုင့်ကို စားပွဲပေါ်မှာ ဆင်ပေးပြီး ဝေယျာဝစ္စများကို အမြဲမပြတ် ဆောင်ရွက်ပေးနေသည်။

ယင်းသို့ ကြိမ်ဖန်များစွာ ရုံးခန်းထဲမှာ လာရောက်ရှုခင်းပြင်ဆင် ပေးပြီး ထမင်းစားနေစဉ် ယပ်တောင်လေးခပ်ကာ ပြုစုယုယနေခြင်း သာယာမိန်းမူးလာသည်။ ကြာတော့ စိတ်ထဲမှ ဖောက်ပြန်ချင်စိတ်များ ယ ယိုင်လှုပ်ရှားကာ သံယောဇဉ်ငြိတွယ်လာနေသည်။

ခုလို အနေကြာလာသောအခါ မိမိ၏သမာဓိစိတ်ကို တည် အောင် ထိန်းချုပ်ရန် ကြိုးစားပေမယ့် ကိလေသာမီးက ရင်မှာ တမြည်မြည် ခွဲကပ်လို့လာနေသည်။ နောက်ဆုံး မိမိသတိသမ္ပဇဉ်ကို မထိန်းချုပ်နိုင်ဘဲ တစ်ညတွင် လူသူကင်းရှင်းနေသော ဆန်ကိုဒေါင်ကြီးထဲတွင် ညဘက်အချိ မှိန်အလုပ်ဆင်းနေစဉ် အလိုမတူဘဲ မုဒိမ်းပြုကျင့်သည်ထိ ကိုယ်ထိလက် ရောက် ကျူးလွန်မိသွားသည်။

အမျိုးသမီးမှာ မိမိဆရာသမားတစ်ယောက်လို ကြည်ညိုလေးစား ခဲ့သူက ယခုလို ကြံစည်ကြိုးစားခဲ့ခြင်းအပေါ် မကျေနပ်ဖြစ်ပြီး စေဒကတက် ပြောဆိုလာရာမှ အမျိုးသမီးလေး၏လည်မျိုကို ညှစ်သတ်ပစ်သည်အထိ လူသတ်မှုကို ထပ်မံကျူးလွန်မိသွားသည်။

မိမိလို ဘာသာရေးဂိုဏ်းဝင်ဆရာတစ်ယောက်အဖြစ် လူအများက ကြည်ညိုလေးစားမှု ခံယူနေရချိန် ဆိုးဝါးယုတ်မာလှစွာသော အပြုအမူကြီး ကို ကျူးလွန်သွားမိသဖြင့် ကြံရာမရဖြစ်ကာ ဆန်ကိုဒေါင်ထဲမှ ဆန်အိတ်ပုံ ကြားဝယ် ဆန်အိတ်ဖြင့် သေဆုံးသည့်အသွင်သဏ္ဌာန် ဖန်တီးထားခဲ့ပြီး ကိုယ် ဖျောက်ခဲ့လေသည်။

သို့သော်လည်း မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဟူသော ဆောင်ပုဒ်နှင့်အညီ သက်ဆိုင်ရာမှ အမှုကို စစ်ဆေးဖော်ထုတ်ခဲ့ရာမှ အမှုမှန် ပေါ်သွားလေသည်။ နောက်ဆုံး တရားရုံးမှ သေဒဏ်စီရင်ခြင်း ခံရလေတော့ သည်။

✲ ✲ ✲

[၃]

❑

"အံမွှား ... ဒီည ... မင်း ကြိုးသမားအောင်သူရဲ့ လုံခြုံရေးကို ကပ် စောင့်ကြပ်ကြည့်ရင်း တိုက်ခန်းထဲမှာ အတူတူအိပ်နေပါ"

"ဟုတ်ကဲ့ ... ဆရာ"

ထောင်မှူးလေးက ထောင်မင်းသားအံမွှားကျော်ဖားကို ကြိုး မားအောင်သူ၏ တိုက်ခန်းထဲ သော့ဖွင့်သွင်းပေးလိုက်သည်။ အမှန်တော့ ကြိုးသမားတစ်ယောက်ကို နံနက်ဝေလီဝေလင်းမတိုင်မီ ကြိုးပေးအသတ် ခံရခင် တစ်စုံတစ်ရာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မည်စိုး၍ စီစဉ် ခြင်းဖြစ်သည်။

ညနေပိုင်း ထောင်ကျောင်းဆရာတော် ဦးပဏ္ဍိတကိုယ်တိုင် ကြွ ာခဲ့ပြီး သရဏဂုံတင်ထားပြီးကာတည်းက ကြိုးသမားအောင်သူတစ်ယောက် တ်ဂနာမငြိမ်ဖြစ်နေသောကြောင့် စိတ်မချသဖြင့် တီးတိုးပြောဆို မှာကြား ားခဲ့ခြင်းဖြစ်ပါသည်။

ညဘက်တွင် တိုက်ခန်းလေးထဲဝယ် ကြိုးသမားအောင်သူနှင့် ောင်မင်းသား အံမွှားကျော်ဖားတို့နှစ်ဦးသည် ထောင်မှစီစဉ်ပေးသော

ခေါက်ဆွဲကြော်နှင့် စီးကရက်ဘူးကို နှစ်ယောက်သား တစ်ညလုံးထိုင်း စားသောက်နေခဲ့ကြရင်း စကားပြောဆိုနေကြသည်။

"ဗျို့ ... ကိုအံ့မွား ..."

တစ်စုံတစ်ယောက်က တိုက်ခန်းသံတိုင်ပေါက်နားမှ တီးတိုးဆိုနေသဖြင့် အံ့မွားကျောက်ဖားတစ်ယောက် မှေးခနဲ အိပ်ပျော်သလိုဖြ သွားရာမှ လန့်နိုးသွားသည်။ ညဦးပိုင်းအချိန်ကတည်းက ကြိုးတိုက်ခန်း ဝယ် နှစ်ဦးသား စားသောက်နေကြရင်း ရောက်တတ်ရာရာစကားများ ဆို ဆိုနေခြင်းဖြစ်သည်။ ယခုလို နံနက်ဝေလီဝေလင်းမတိုင်မီ မှောင်စပျို စဉ် အပြင်မှ လာရောက်နှိုးနေခြင်းဖြစ်သည်။

"ရော ... ကိုအံ့မွား။ ဒီအင်္ကျီကို အောင်သူ့ကိုယ်ပေါ်မှာ ဝတ် လိုက်ပါ"

ထောင်မှူးလေးလှမ်းပေးနေသော ပုံစံချုပ် အင်္ကျီရှည်ကြီးတစ်ထည် ကို အံ့မွားကျောက်ဖားက အထဲမှ လှမ်းယူနေသည်။ ထိုအချိန်တွင် အောင် သည် တစ်ညတာလုံး ကွပ်ပျစ်အနိမ့်လေးပေါ်ဝယ်ထိုင်လျက် အဓိဋ္ဌာန်ပု စိပ်နေရာမှ ပြီးစီးသွားသဖြင့် ထလာနေသည်။

ထို့နောက် အံ့မွားကျောက်ဖားသည် အောင်သူ၏ ကိုယ်ခန္ဓာအ မှာ အင်္ကျီရှည်ကြီးကို နောက်ပြန်ဝတ်ဆင်ပေးလိုက်သည်။ ပြီးမှ လက် ဖက်ကိုပူပြီး လက်ထိတ်ခတ်လိုက်သည်။ တိုက်ခန်းလေးရှေ့ဝယ် ထောင် လေးနှင့်အတူ ဝန်ထမ်းပါ စုံစုံညီညီရောက်နေသည်။

.အားလုံး အဆင်သင့်ဖြစ်သွားသောအခါ ထောင်မှူးလေးက ဝ ထမ်းတစ်ယောက်ကို တိုက်ခန်းသော့ဖွင့်ရန် အမိန့်ပေးလိုက်သည်။ တိုက် ခန်းထဲမှနေပြီး အံ့မွားကျောက်ဖားက ကြိုးသမားအောင်သူကို တွဲထုတ် ယူလာနေသည်။ ပြင်ပရောက်မှ ဝန်ထမ်းများခြံရံကာ တိုက်ခန်းထဲမှ ထုတ်လာခဲ့ကြသည်။

ကြိုးသမားကို ဝန်ထမ်းများက လုံခြုံရေးခြံရံကာ ခေါ်လာနေ ရှေ့ဆုံးမှ ဝန်ထမ်းတစ်ဦးက ကြေးစည်လက်ကိုင်လေးကို ကိုင်စွဲလျက် ဘု





ထုလာသည်။ နောက်မှ ဥပသကာဝန်ထမ်းတစ်ဦးက ယူနီဖောင်းအင်္ကျီပေါ် အဖြူရောင်ပိတ်စကို စလွယ်သိုင်းထားကာ ခေါင်းပေါ်မှာ ကြေးဆင်းတု တော်လေးကို ရွက်တင်သယ်လာသည်။

ထိုစဉ်အချိန်ဝယ်ကြိုးသမားအောင်သူမှာ မျက်နှာငယ်လေးဖြင့် ညှိုးငယ်စွာ နောက်မှလိုက်ပါလာသည်။ ကြိုးသမားအောင်သူကတော့ မိမိ ဘဝလေး၏ နောက်ဆုံးအချိန်ကို စိတ်မာတိုင်းမာစွာ တည်ဆောက်ထားဟန် တူသည်။ ဝန်ထမ်းများကြားမှာ တွန့်ဆိုးရွန့်ဖယ်ခြင်းမရှိဘဲ အေးဆေး တည်ငြိမ်စွာ အံ့မွားကျောက်ဖား၏ ဖေးကူတွဲရာဆီ တစ်လှမ်းချင်း ရွှေ့လှမ်း လှမ်းသွားနေသည်။

ကြိုးစင်ကြီး၏ ပတ်ပတ်လည်တွင် နံနက်ဝေလီဝေလင်း၊ အရုဏ် ရောင်နီပင်မပေါ်သေးဘဲ မှောင်နိုက်နေဆဲအချိန်ပင် ရှိသေးသော်လည်း တာဝန် ရှိသူအားလုံး စုံစုံညီညီ ရောက်ရှိနေရာယူထားနေကြသည်။ ထောင်တာဝန်ခံ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများအားလုံး ရင်သပ်ရှုမောစွာ စောင့်မျှော် နေကြလေသည်။ အားလုံးသော မျက်လုံးအစုံမှာ ကြိုးစင်ပေါ်ဝယ်လေအရှေ့ မှာ လှုပ်ယမ်းနေသော မနီလာကြိုးရှည်တန်းကြီးကို စိတ်တုန်လှုပ်ချောက်ချား စွာ စောင့်ကြည့်နေကြလေသည်။

မရဏကြိုးစင်ကြီးမှာ ညအမှောင်ထု မလွင့်ပြယ်သေးသောအချိန် လရောင်မှုန်ဝါးဝါးအောက်ဝယ် ထီးထီးကြီး ရပ်တည်နေသည်။ ကြိုးစင်ရှေ့ ဘက်နားဆီဝယ် ထုံးဖြူဖြူစေတီလေးတစ်ဆူကို တည်ထားလေသည်။ ကြိုး သမားများအတွက် ကြိုးမပေးမီ ဘုရားဝတ်ပြုဆုတောင်းရင်း ဘဝကူးကောင်း စေရန် ရည်ရွယ်ပြီးတည်ထားခြင်းဖြစ်သည်။ စေတီလေးနံဘေးတွင် အရိပ် အာဝါသကောင်းမွန်လှသော ညောင်ပင်အိုကြီးတစ်ပင်ရှိနေသည်။

ထိုစဉ် ကြိုးသမားအောင်သူသည် ဝန်ထမ်းများခြံရံလာလျှက်နှင့် လိုက်ပါလာနေစဉ် တိုက်ဝင်းပရဝဏ်ထဲမှ ထွက်လာခဲ့ပြီးနောက် ခပ်လှမ်း လှမ်းနေရာမှ ကြိုးစင်မဲမဲကြီးကို ရုတ်တရက် လှမ်းမြင်လိုက်စဉ် မျက်နှာ

တစ်ချက် ကွက်ခနဲ ပျက်သွားသေးသည်။ သို့သော်လည်း မိမိစိတ်ကို တည်ငြိမ်ရင့်ကျက်အောင် ထိန်းကွပ်လိုက်ပြီး လက်နောက်ပြန် လက်ထိတ်ခတ်ထားသည့်တိုင် လက်ထဲမှ စိပ်ပုတီးကုံးလေးကို ခွဲကိုင်လျက် တဖြောက်ဖြောက်စိပ်ရင်း လျှောက်လှမ်းလာနေသည်။

လူသားတစ်ဦး၏ သေဆုံးရခါနီးအချိန်ကာလဝယ် တရားသမားပီပီ မည်သည့်အရာကိုမျှ တပ်မက်မှုရှိမနေသော သတိသမ္ပဇဉ်ကို ထိန်းချုပ်နိုင်စွမ်းရှိဟန်တူသည်။ မည်သည့်သံယောဇဉ် အနှောင်အဖွဲ့ကိုမှ ခွဲလမ်းခင်တွယ်မနေဘဲ သံယောဇဉ်ပြတ်သည့်အနေအထားဖြင့် ကြိုးစင်လှေကား ၁၃ ထစ်ကိုသေးမှုတွဲသူမပါဘဲ ရင်ကော့လျက် တစ်လှမ်းချင်း နင်းတက်သွားနေသည်။

မရဏကြိုးစင်ကြီးပေါ်ရှိ သံယက်မတန်းကြီး အောက်အံဖုံးပြားပေါ်တွင် ခြေစုံရပ်လိုက်ကာ ရှေ့ခပ်လှမ်းလှမ်းနေရာမှာ တည်ထားကိုးကွယ်သော ထုံးဖြူဖြူစေတီလေးကို တစ်မိနစ်ခန့် စိတ်ငြိမ်သက်စွာ မျက်စိစုံမှိတ်ပြီး အာရုံပြုနေဟန်တူသည်။

ပြီးမှ ထောင်မင်းသား အံပွားကျောက်ဖားလက်ထဲမှ ခေါင်းစွပ်ကို အစွပ်ခံသည်။ အံပွားကျောက်ဖားက ပြုနေကျအတိုင်း မနီလာကြိုးလုံးအရှည်ကို လေထဲမှာ လွှပ်ယမ်းနေရာမှ ဖမ်းယူလိုက်ပြီး လည်ပင်းနေရာမှာ ကြိုးထုံးရန် ကွင်းလျှောပြုလုပ်နေသည်။ ကြိုးဆက်ထုံးနေရာကို ညာဘက်မေးရိုးအောက်တည့်တည့်နေရာမှာ ထောက်ထားလိုက်သည်။ ကြိုးသမားအောင်သူက ခေါင်းစွပ်စွပ်ထားခြင်း ခံနေရသောကြောင့် မည်သည့်အရာကိုမှ မမြင်ရတော့ပေ။ ကြိုးစင်ကြီးဘေးမှ ထောင်ပိုင်ကြီး၏ နောက်ဆုံးအမိန့်ခြင်းကို အားဆေးတည်ငြိမ်စွာ စောင့်ကြားနေသည်။

ထောင်မင်းသား အံပွားကျောက်ဖားသည် လည်ပင်းကြိုးကွင်းစွပ်ပေးခဲ့ပြီး အဆင်သင့် ဒေါက်ဖြုတ်ချနိုင်ရန် ဒေါက်မောင်းတံနေရာမှာ မောင်းတံကို အသင့်ကိုင်ပြီး စောင့်နေသည်။ မိမိအမြဲတမ်း ပြုလုပ်ဆောင်ရွက်နေကျ လုပ်ငန်းဖြစ်သောကြောင့် စိတ်ကို အတည်ငြိမ်ဆုံးထားတော့ ထောင်ပိုင်ကြီးထံမှ အချက်ပြလာမည့်အချိန်ကို စောင့်စားနေသည်။

သူ့ရှိန်စာပေ



အားလုံးသော ကြိုးစင်ဘေးနားရှိ ပတ်ပတ်လည်မှ လူများသည် အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် အရှင်လတ်လတ် လူတစ်ယောက်အား မျက်စိရှေ့မှောက်တွင် သတ်ဖြတ်ပြသည်ကို ရင်သပ်ရှုမောစွာ စောင့်မျှော်ကြည့်နေကြသည်။

"ကဲ ... အောင်သူ၊ မင်းအနေနဲ့ နောက်ဆုံး ဘာများ မှာကြားခဲ့ချင်တာ ရှိပါသေးသလဲ"

ထောင်ပိုင်ကြီးက ကျယ်လောင်ပြတ်သားစွာ လှမ်းအော်မေး၏။

ကြိုးသမားအောင်သူသည် အံဖုံးသံပြားပေါ်တွင် ခြေစုံရပ်နေလျက် လက်ထဲမှ စိပ်ပုတီးကုံးလေးမှ ပုတီးစိပ်နေသံမှာ တိတ်ဆိတ်မှုကို ဖောက်ထွက်ပြီး တဖြောက်ဖြောက်မြည်သံ ထွက်နေသည်။

"ကျွန်တော့်အနေနဲ့ ဘာမျှ ထပ်ပြောစရာမရှိပါဘူး ... တရားသူကြီးမင်းခင်ဗျား။ ကျွန်တော်ကျူးလွန်လာခဲ့တဲ့ ဒီပြစ်မှုမျိုးကို နောင်အလားတူဖြစ်ပွားလာခဲ့လျှင် ကျွန်တော်ဟာ နောက်ဆုံးဖြစ် ..."

"ကောင်း ..."

ထောင်ပိုင်ကြီးက ကြိုးသမားအောင်သူ၏ စကားသံမဆုံးမီအချိန် ညာဘက်ဘောင်းဘီအိတ်ကပ်ထဲမှ ဆက်ကိုင်ပဝါအဖြူလေးကို လျင်မြန်စွာ ထုတ်ပြီးဝှေ့ယမ်း အချက်ပြလိုက်စဉ် ထောင်မင်းသားအံပွားကျောက်ဖားက လက်ထဲမှာ ချွေးစေးပြန်နေအောင် ဆုပ်ကိုင်ထားသော ဒေါက်မောင်းတံအား ဆွဲချပစ်လိုက်ခြင်းဖြစ်သည်။

ကြိုးသမားအောင်သူရပ်နေသော အံဖုံးတံခါးနှစ်ချပ် ပွင့်ကျသွားစဉ် သံယက်မတန်းမှာ ချည်နှောင်ထားသော မနီလာကြိုးမှ ...

"ထောက် ..."

သံမဏိကြိုးလုံးလို နိုင်မာစွာကျစ်ထားသော ကျပ်လုံးအရွယ်အစား မနီလာကြိုးကြီးမှာ အံဖုံးတံခါးပွင့်အကျတွင် ထောက်ခနဲပြတ်သွားလေသည်။ ကြိုးစင်ကြီးဘေးနားမှာ ဝိုင်းဝန်းကြည့်ရှုနေခဲ့ကြသော လူအားလုံးမှာ အံ့ဩသွားလေသည်။

သူ့ရှိန်စာပေ

အမှန်စင်စစ် ကြိုးသမားအောင်သူ၏ ဘာသာရေး လေ့လာကျင့်ပွားနေခဲ့သော စရဏကျင့်စဉ်များကြောင့် မနီလာကြိုးကြီးမှာ မထင်မှတ်ဘဲ ရုတ်တရက် ပြတ်တောက်သွားခဲ့ဟန်တူသည်။

ဤကဲ့သို့ အမှတ်မထင် ဖြစ်ပွားသွားခဲ့ခြင်းကြောင့် ထောင်ပိုင်ကြီးနှင့် ထောင်မှူးများအားလုံး အလုပ်ရှုပ်သွားခဲ့လေသည်။ အရန်အဖြစ်ကျန်ထားခဲ့သော မနီလာကြိုးကို သံယက်မတန်းမှာ ပြန်လည်တပ်ဆင်ပြီး ဒုတိယအကြိမ်ကြိုးပေးရန် စီစဉ်ရပြန်လေသည်။

အဘယ့်ကြောင့်ဆိုသော် ကြိုးသမားအောင်သူအား တရားရုံးမှ သေဒဏ်စီရင်သည့် အမိန့်ချမှတ်ခဲ့စဉ် "မသေမချင်း . . . ကြိုးကွင်းတပ်၍ သတ်စေ' ဟု ပါရှိလာခဲ့သောကြောင့်ဖြစ်ပါသည်။

အစအရာရာ သေချာအောင် စီစဉ်ထားပါလျက် မထင်မှတ်ဘဲ ကြိုးပြတ်သွားခဲ့ခြင်းမှာ မည်သည့်အကြောင်းကြောင့် ဖြစ်ပေါ်သွားခဲ့သည်ကို ဝေခွဲမရနိုင်အောင် ဖြစ်ပွားသွားခဲ့သည်။

ကြိုးသမားအောင်သူတစ်ယောက် မိမိအသက်ဘေးမှ ပွတ်ကာသီကာ လွတ်သွားသဖြင့် အသက်ချမ်းသာရာရပြီလားဟု ဝမ်းသာရမည်ကြကာရှိသေး နောက်တစ်ကြိမ် ထပ်မံကြိုးပေးရန် ပြင်ဆင်နေသဖြင့် အားငယ်စိတ်လျော့သွားပြီး ကြောက်ရွံ့တုန်လှုပ်စိတ်များ ဖြစ်ပေါ်ခံစားနေရသည်။

သို့သော်လည်း မိမိသက်ဝင်ယုံကြည်နေခဲ့သော ဘာသာတရားအပေါ် ရှိသေကိုင်းရှိုင်းခဲ့သူပီပီ မိမိပြုခဲ့ပြီးသော ကောင်းမှုကုသိုလ်များအတွက် သစ္စာဓိဋ္ဌာန်ပြု တိုင်တည်ခဲ့၍ပဲလားဟု ဝေခွဲမရနိုင်ဖြစ်သွားသည်။ ဘာပဲဖြစ်ဖြစ် ဘဝသစ်တစ်ခုကို ပြောင်းရွှေ့ရတော့မည်မှန်း သိရှိနေသောကြောင့် ဘဝဟောင်းမှ ခန္ဓာကိုယ်ကို စွန့်လွှတ်ရန် ဆုံးဖြတ်ချက် ချလိုက်ဟန်တူသည်။

နောက်တစ်ကြိမ် ကြိုးပေးရန် ပြင်ဆင်ပြီးသွားသောအခါ ဂျိမ်းဆိုသော အံဖုံးတံခါးနှစ်ချပ်ပွင့် ကျသံကြီးကြားလိုက်ရပြီးနောက်တွင် အသက်





ညာဉ် အိုးစားကွဲထွက်သွားလေသည်။ သံယက်မတန်းမှ ကြိုးကြီးလွှပ်ယမ်းန်နေသည်။

သို့သော်လည်း လူခန္ဓာကိုယ်ကြီးကသာ ကြိုးစင်အောက်ထဲထိ တ်ကျသွားခဲ့ပေမယ့် လက်ထဲမှာ ဉာဏ်စဉ်မှတ်၍ စိပ်နေသော ပုတီးကုံး းမှာ လက်ထဲတွင် တဖြောက်ဖြောက် စိပ်နေဆဲရှိသေးသည်။

အားလုံးငြိမ်သက်သွားသည်ထိ စောင့်ကြည့်နေပြီးနောက်မှာ အံမွှား ျောက်ဖားသည် လျှင်မြန်စွာ ကြိုးစင်ပေါ်မှ ပြေးဆင်းသွားခဲ့ပြီးနောက် အံဖုံး ခါးထဲမှ ပြုတ်ကျသွားသော အလောင်းကို ကြိုးစင်အောက်လိုဏ်ခေါင်း ဝင်ဆွဲထုတ်လေသည်။

ယင်းသို့ ကြိုးစင်အောက်ထဲဝင်ပြီး အလောင်းကောက်ယူရန် ဝင် းဝဉ်ကြိုးမှာ လည်ပင်းတွင်တပ်လျက် အသက်ဝိညာဉ်ကင်းမဲ့နေသော လောင်းကောင်ကြီးမှာ ငြိမ်သက်နေသည်။

သို့သော်လက်ထဲတွင် ကိုင်စွဲလျက် စိပ်နေသော ပုတီးကုံးလေးမှာ ဖြောက်ဖြောက် စိပ်နေဆဲရှိနေသည်ကို တွေ့မြင်လိုက်ရသောအခါ အံ့ဩသွား သည်။

ထို့နောက် အံမွှားကျောက်ဖားက လက်ထဲမှာ စိပ်လျက် တန်း းဖြစ်နေသော ပုတီးကုံးလေးကို လက်ထဲမှ အလျှင်အမြန် ဖြုတ်ယူထား ်ပြီးနောက် ပုဆိုးခါးပုံစထဲ ဝှက်ထားလိုက်သည်။

ကြိုးသမားအောင်သူ၏ အလောင်းပေါ်ရှိ လည်ပင်းတွင်ချည်ထား ာကြိုးကွင်းကို လျှော့ထုတ်ဖြုတ်ချလိုက်သည်။ အလောင်းကောင်ကြီးကို းစင်ကြီး အပြင်ဘက်နေရာထိရောက်အောင် ဆွဲထုတ်ယူလာလေသည်။

ယင်းသို့ သေဆုံးသွားမှုအပေါ် ထောင်ဆရာဝန်ကြီးမှနေ၍ အမှန် ကာယ် သေဆုံးသွားခြင်း ရှိမရှိ စစ်ဆေးကြည့်ရှုနိုင်ရန် ပြင်ဆင်ထားသည်။ ရာဝန်ကြီးမှ အမှန်တကယ် သေဆုံးသွားခဲ့ပြီဖြစ်ကြောင်း အတည်ပြုပေး ်သောအခါ ကြိုးစင်ပတ်ပတ်လည်တွင် စောင့်ဆိုင်းကြည့်ရှုနေကြသူ

များမှာ ဟင်းချက်ကာ ထိုနေရာမှ ထွက်ခွာသွားကြသည်။ ထောင်မှူးလေး အလောင်းနှင့်ပတ်သက်၍ သဂြိုဟ်ရန် စီစဉ်ဆောင်ရွက်နေခဲ့သည်။

ထောင်မှူးလေးနှင့် အံ့မှားကျောက်ဖားတို့နှစ်ဦးသည် သေဆုံးသွား ခဲ့ပြီဖြစ်သော ကြိုးသမားအောင်သူ၏ အလောင်းကောင်ကြီးကို အသင့်ဆင် ထားပြီးသော ခေါင်းတလားထဲသို့ သွတ်သွင်းခဲ့လေသည်။

ယင်းသို့ သေဆုံးသွားသောအလောင်းအား ဆွေမျိုးသားချင်းများ က သဂြိုဟ်ချင်ပါက ထောင်မှ တရားဝင်ထုတ်ပေးလေသည်။ ထိုသို့မထုတ် ယူပါက သက်ဆိုင်ရာသင်္ချိုင်းနေရာမှာ အကျဉ်းထောင်မှ သွားရောက်မြှုပ်နှံ ပေးလေသည်။

မည်သို့ပင်ဖြစ်စေ ထောင်မင်းသားအံ့မှားကျောက်ဖားသည် မရဏ ကြိုးစင်ကြီးပေါ်မှာ ဒေါက်ဖြုတ်ချခဲ့စဉ် နှစ်ကြိမ်တိုင်တိုင် ဒေါက်ဖြုတ်ချသတ် ခြင်းခံရသော ကြိုးသမားအောင်သူ၏လက်ထဲမှ ထူးဆန်းသောပုတီးကုံးလေး ကို မည်သူမျှမသိဘဲ လက်ဝယ်ပိုင်ပိုင် ရရှိလာခဲ့သည်။

ယင်းပုတီးကုံးလေးမှာ အံ့သြဖွယ်ရာ ကောင်းလွန်းလှသည်။ ရှ တစ်ယောက်၏ အသက်အိုးအိမ်စည်းစိမ် ပျက်သုဉ်းသွားခဲ့သော်လည်း စိတ် မနောဝိညာဉ်မှာ ပုတီးကုံးပေါ် အာရုံစူးစိုက် ဝင်ရောက်နေသောကြောင့် တပြောက်ပြောက်နှင့် စိပ်နေတုန်းရှိသည်။

အမှန်တကယ်တော့ လူ့ခန္ဓာကိုယ်ကြီးကသာ အသက်ဝိညာဉ် ကင်း မဲ့သွားသော်လည်း စွဲတန်းနိုးသတ္တိများက ပုတီးကုံးထဲ စီးဝင်စီးဆင်းသွား ခဲ့သောကြောင့် မှော်ဝင်ပုတီးကုံးနယ် ဖြစ်သွားခဲ့လေတော့သည်။

ထောင်မင်းသား အံ့မှားကျောက်ဖားသည် အိပ်ဆောင်ထဲသို့ ပြန် လည်ရောက်ရှိလာသောအခါ ခါးပိုက်ဆောင်ထဲမှထုတ်ယူသော ပုတီးကုံးလေး ကို စစ်ဆေးကြည့်ရှုနေလေသည်။

ပုတီးကုံးလေးမှာ အုန်းသားဖြင့် ပြုလုပ်ထားပြီး တနင်္ဂနွေသား အောင်သူအတွက် အဆောင်ပုတီးဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ထူးဆန်း





သော ပုတီးကုံးအား အံ့မှားကျောက်ဖားအတွက် အသုံးဝင်သော လိုတရ တီးကုံးလေးသဖွယ် ဖြစ်လာသည်။

ဒါကြောင့် မိမိလည်ပင်းမှာ တရိုတသေဆွဲထားပြီး ကိုယ်နှင့်မကွာ ဆောင်ထားသည်။ နောက်ပိုင်း ပုတီးကုံးလေးမှာ အစွမ်းထက်မြက်သော တီးကုံးလေး ဖြစ်မှန်းမသိ ဖြစ်လာနေသည်။ ယင်းပုတီးကုံးလေးမှာ သေဆုံး သွားသူ၏ ဝိညာဉ်ဝင်ပူးနေသော ပုတီးကုံးလေးဖြစ်သည်။ ကံငါးပါးကို လုံ ခြုံစွာ ထိမ်းသိမ်းထားနိုင်သူ၏လက်ထဲဝယ် မထင်မှတ်သော အဖြစ်အပျက် များအပေါ် ကြိုတင်နိမိတ်ပြောဆိုနိုင်သည့် ဆဋ္ဌမအာရုံ ဝင်လာတတ် သည်။

ဤကဲ့သို့ ထူးဆန်းသော အကြားအမြင်စိတ်များ ဖြစ်ပေါ်လာအောင် တီးပိုင်ရှင်၏ ဝိညာဉ်ကများ စေ့ဆော်တိုက်တွန်းခဲ့လေသလား၊ မှတ်ထင် ကာ ယုံကြည်စိတ်ချစွာ သုံးစွဲရင်း ထိန်းသိမ်းစောင့်ရှောက်လာသည်။ ယခု သို့ ယုံကြည်လာရခြင်းမှာလည်း ပြဿနာတစ်ခုဖြစ်ပေါ်လာမည့် နိမိတ်ပုံ ဖြစ်ပေါ်ခံစားလာရချိန်တွင် လက်ထဲမှာ စွဲကိုင်စိပ်နေသော ပုတီးကုံးလေးထဲ သို့ တစ်စုံတစ်ရာ ပူးကပ်ဝင်ရောက်လာနေသလို စိတ်အသိမှာ လွင့်မျော လာနေသည်။

တစ်နေ့မှာတော့ ထုံးစံအတိုင်း မိမိနေ့စဉ်ပြုကျင့်နေကျ ဝေယျာ ဝစ္စဖြစ်သည့် အိပ်ဆောင်ကြီးဘေးနားရှိ ထုံးဖြူဖြူ စေတီလေးပေါ်ဝယ် အဓိဋ္ဌာန်ပုတီးပတ်စိပ်နေစဉ် ရောင်ခြည်အလင်းတန်းတစ်ခု မျက်စိမှိတ်ထား သည့်အပေါ် ဖျတ်ခနဲ ပေါ်လာနေသည်။

မိမိဆောင်ရွယ်ဖွယ် အဓိဋ္ဌာန်ပုတီးပတ် ပြည့်သွားသောကြောင့် ဘေးဘီဝဲယာဆီ ငုံ့စောင်းကြည့်ပြီး အာရုံစူးစိုက်ကြည့်နေမိလေသည်။ ထို စဉ် ဘုရားရင်ပြင်တော်ပေါ်တွင် တံမြက်စည်းလှည်းကျင်းနေသော စကောဘာ အေးသာဆိုသူကို အမှတ်မထင် တွေ့မြင်လိုက်ရလေသည်။ စကောဘာအေးသာ ဆိုသူမှာ လူသတ်မှုတစ်ခုဖြင့် အမှုရင်ဆိုင်ဖြေရှင်းနေရသဲ အကျဉ်းသား တစ်ဦး ဖြစ်လေသည်။

ထိုသူအား သေသေချာချာ စူးစိုက်ကြည့်နေမိစဉ်ဝယ် မျက်စိအာရုံထဲ၌ အသိတစ်ခုဝင်လာနေသလိုလို မြင်တွေ့လာရလေသည်။ မိမိစိတ်ထဲဝယ် စကောဘာအေးသာဆိုသူ၏ လည်ပင်းတွင် ကြိုးကွင်းစွပ်ခံထားရသလိုမျိုး ပုံသွင်သဏ္ဌာန်ကို မြင်တွေ့လိုက်ရသည်။

ထို့နောက် အံ့ပွားကျောက်ဖားသည် မိမိပြုမှုယ်သော ပရိကံကိစ္စများ ပြီးစီးသွားသောအခါ စကောဘာအေးသာဆိုသူ အချုပ်သားအား အနီးသို့လာရန် လက်ယပ်လှမ်းခေါ်လိုက်သည်။

ပြီးမှ စကောဘာအေးသာ ကျူးလွန်လာခဲ့သော အမှုဖြစ်စဉ်ကို အကျိုးအကြောင်း မေးကြည့်လိုက်သည်။ စကောဘာအေးသာကတော့ သူ့ကိုယ်သူ ယုံကြည်စိတ်ချထားဟန်တူသည်။ ၎င်းနှင့် ရန်ငြိုးရန်စရှိသူတစ်ဦးကို ညဘက် လူခြေတိတ်ချိန် အမှောင်ကြီးထဲတွင် အိမ်ပေါ် တိတ်တဆိတ်တက်သွားပြီး အခန်းထဲမှာ အိပ်ပျော်နေစဉ် စကောဘာလက်နက်ဖြင့် အချက်ပေါင်းများစွာ ထိုးသတ်ခဲ့ပြီး ခြေရာဖျောက် လစ်ထွက်သွားသည်။

ယင်းအမှု၌ မျက်မြင်သက်သေမရှိသောကြောင့် သံသယဖြင့် ဖမ်းဆီးစစ်ဆေးနေပြီး လူသတ်မှုကျူးလွန်သူ လူသတ်သမားတစ်ယောက်အဖြစ်နှင့် ရုံးတင်တရားစွဲဆိုထားခြင်းဖြစ်သည်ဟု ပြောပြနေလေသည်။

သို့သော်လည်း ယင်းကိစ္စနှင့်ပတ်သက်၍ ဘာမှ ထင်မြင်ချက်မျိုးမပေးခဲ့ဘဲ အမှုအခြေအနေသိရှိလို၍ မေးမြန်းခဲ့ခြင်းသာဖြစ်သည်။ အမှန်တော့ ကာယကံရှင်ကိုယ်တိုင် လူသတ်မှုကို ကိုယ်ထိလက်ရောက် ကျူးလွန်ထားခဲ့ပြီး မိမိကိုယ်ကို ဝိုင်လှုပြီဟု ထွက်ဆကာ အမှုမှန်မပေါ်ပေါက်နိုင်ဟု ထင်မြင်ထားခဲ့ဟန်တူသည်။

ထိုအချိန်ကတည်းက အံ့ပွားကျောက်ဖား၏ မနောအာရုံဝယ် ယင်းလူသတ်မှုဖြင့် မည်သည့်နည်းနှင့်မျှ မလွတ်မြောက်နိုင်ဘဲ လည်ပင်းမှာ ကြိုးကွင်းစွပ်လျက် သေဒဏ်အမိန့်စီရင်ခြင်း ခံရမည်ဆိုသည်ကို ကြိုတင်နိမိတ်





ဖတ် သိမြင်ထားခဲ့သည်။ ကာယကံရှင် စကောဘာအေးသာကို စိတ်မကောင်းဖြစ်သွားမည် စိုးရိမ်သောကြောင့် ရင်ထဲမှာပဲ မျိုသိပ်ထားခဲ့ခြင်းဖြစ်သည်။

မကြာမီသောကာလမှာ အမှုစစ်ဆေးနေမှုများ ပြီးစီးသွားခဲ့ပြီးနောက် စကောဘာအေးသာဆိုသူအား ယင်းအမှုအပေါ် စစ်ဆေးချက်များအရ ပြစ်မှုထင်ရှားခဲ့သဖြင့် တရားရုံးတော်မှ သေဒဏ်အမိန့်ချမှတ်ခဲ့လေတော့သည်။

ယင်းကဲ့သို့ သေဒဏ်ကျခံသွားရသော စကောဘာအေးသာအား အံ့ပွားကျောက်ဖားသည် စိတ်မကောင်းကြီးစွာ ဖြစ်သွားသည်။ ဒါကြောင့် အားပေးစကားများ ပြောဆိုနိုင်ရန် ကြိုးတိုက်ခန်းထဲသို့ သွားရောက်တွေ့ဆုံခဲ့လေသည်။

"အေးဗျာ ... ကိုအံ့ပွား စဉ်းစားကြည့်ပါဦး။ ကျွန်တော့်အမှုကို ဘာဖြစ်လို့ သေဒဏ်ချမှတ်ခဲ့ရတာလဲ။ ကျွန်တော် ဒီအမှုကို ကျူးလွန်ခဲ့စဉ်ညမှောင်မှောင်မည်းမည်းကြီးမှာ မျက်မြင်သက်သေလည်း မရှိပါဘဲလျက် လူတစ်ယောက်ကို ကလဲ့စားချေချင်လို့ သတ်ပစ်ခဲ့တာပဲ"

"ဒီလိုပါ ... မောင်အေးသာ။ ဗုဒ္ဓဘာသာ တရားတော်ထဲမှာလည်း ရှိနေသားပဲ။ ကံ,ကံ၏ အကျိုးဆိုတာလေ။ မင်းက တရားခွင်ပေါ်မှာ ဘယ်လိုပဲ လိမ်ညာထွက်ဆိုထားခဲ့ပေမယ့် အမှန်တော့လည်း မင်းပြုခဲ့တဲ့ကံက မင်းဆီကို ပြန်လာခဲ့တာပဲ။ တူသောအကျိုးပေးတယ်လို့ ပြောရမလားပဲ"

"ဘာဆိုင်လို့လဲဗျာ ... သံသယအကျိုးကို တရားခံက မခံစားရဘူးလား"

"အေး .. ဒီကိစ္စတွေ ရှင်းပြနေရရင် အရှည်ကြီးပေါ့ကွာ။ ဗေဒင်သင်္ချာပညာအရ တွက်ချက်ပြောပြရမယ်ဆိုရင်တော့ မင်းဟာ တနင်္ဂနွေသားဖြစ်နေတယ်"

"တနင်္ဂနွေသားဖြစ်တာနဲ့ ဘာဆိုင်လို့လဲဗျာ".

"အေး .. မင်းသိအောင် ရှင်းပြမယ်။ မှတ်ထားပေါ့ကွာ"

မင်းတို့လို တနင်္ဂနွေသားတွေဟာ ဒီနှစ်ကာလထဲမှာ ဘုမ္မိကြီးရော ချိဉ်း အဆိုးဆုံးနှစ်ထဲမှာ ရောက်နေတယ်။ အင်မတန် သတိထားဆင်ခြင် နေရမယ့် အသက်အပိုင်းအခြားပဲ''

''ဒါဆို တနင်္ဂနွေသားတိုင်း ဒီလိုအဖြစ်မျိုး ကြုံရမှာလား''

''အားလုံး ကြုံရမယ်လို့တော့ မဆိုလိုပါဘူးကွာ။ မင်းတို့လို တနင်္ဂနွေ သားတွေဟာ ခုလိုမျိုးဘုမ္မိကြီးကျနေတဲ့အချိန်မှာ အဆိုးဆုံး အသက်အပိုင်း အခြားနှစ်တွေဖြစ်တဲ့ အသက်အရွယ် ၄၁၊ ၄၄၊ ၄၅၊ ၄၆ မှစလို့ ၅၁၊ ၅၂၊ ၅၃၊ ၅၄ နှစ်တွေထဲကို ရောက်နေခဲ့ရင် ဘဝတစ်လျှောက်လုံးမှာ အဆိုးဆုံး နှစ်ပိုင်း ဖြစ်နေတာကြောင့် ကိုယ်၊ စိတ်၊ နှလုံး သုံးပါးစလုံး အကျဉ်းအကျပ် အခက်အခဲများဖြစ်ပြီး ရှိပစ္စည်းစည်းစိမ်အားလုံး ကုန်ဆုံးခြင်း၊ ဂုဏ်သိက္ခာ အားလုံး ကျဆင်းခြင်း၊ ကျန်းမာရေးညှိုးမှိန်ခြင်း၊ ရောဂါများဖြစ်ပေါ်တတ် ခြင်း၊ အဆိုးဆုံးကတော့ လူသေရင်သေ၊ မသေရင် ဘဝသေဆုံးခြင်းဆိုတဲ့ ဆိုးကျိုးတွေနဲ့ ရင်ဆိုင်ကြုံတွေ့တတ်ကြရတယ်ကွ''

''ဪ ... ဒါ့ကြောင့် ထင်တယ်။ ကျွန်တော့်အမှုကို သေဒဏ် ကျခံစေတာ ချက်ချင်းလူကတော့ မသေနိုင်သေးပေမယ့် ဟောဒီကြိုးတိုက် ခန်းထဲမှာ ဘာမှအသုံးမဝင်တော့ဘဲ လူတစ်ယောက်လို ဘဝသေနေခဲ့တာ ပေါ့''

ကြိုးသမားအေးသာတစ်ယောက် မိမိဘဝကို ယခုရောက်ရှိနေသော ကြိုးတိုက်ခန်းလေးထဲမှ ပစ်စလက်ခတ်အခြေအနေကို တွေ့မြင်သွားခဲ့ပြီး သတိသံဝေဂတရား ရနေဟန်တူသည်။ ဒါကြောင့် စိတ်ပျက်အားငယ်စိတ် ဖြင့် ညည်းညူပြောဆိုနေခြင်းဖြစ်သည်။

''ဒါပေမဲ့ သိပ်စိတ်ပျက်အားငယ်တော့ မဖြစ်ပါနဲ့ကွာ။ လူဆိုတာ သေနေ့စေ့မှ သေကြရတာပါ။ ကံကြမ္မာဆိုတာကလည်း တစ်သမတ်တည်း တွက်ဆထားလို့ မရပါဘူး။ မင်းရဲ့ ဆိုးညစ်နေတဲ့ စိတ်ဓာတ်တွေကို ဖြူစင် သွားအောင် နောင်တ တရားနဲ့ ကောင်းမှုကုသိုလ်တွေကို ဆက်လက်လုပ်





ိုင် ဆောင်ရွက်သွားမယ်ဆိုရင် ကံဇာတ်ဆရာရဲ့ အလှည့်အပြောင်းကို ခံယူ နိုင် ခံရဦးမှာပါ။ ခုလည်း မင်းအမှုအတွက် အယူခံအဆင့်ဆင့် ဝင်ရောက် နိုင်တဲ့ အခွင့်အရေးတွေ ရှိနေသေးတာပဲ။ အယူခံကို ကံကောင်းလို့ နိုင်ခဲ့ သွားပြီဆို အခြေအနေက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားဦးမှာပဲလေ''

''အင်း ... မနေ့ကပဲ ထောင်ကျုံးအယူခံဌာနမှာ အယူခံတွေ ရေးပေးနေတဲ့ အယူခံမောင်ကျောက်တံကတော့ အယူခံကိစ္စအတွက် လာ မေးမြန်းပြီး အစွမ်းကုန် ကြိုးစားပေးမယ်လို့ ပြောသွားခဲ့သေးတယ်''

''ဟုတ်တယ်ကွ ...။ သူကလည်း အပြင်ဘက်မှာတုန်းကတော့ ရှေ့နေတစ်ယောက် လုပ်ခဲ့တယ်။ ထောင်ကျလာခဲ့ချိန်မှာ ဘဝတူ အကျဉ်း သားတွေဘက်ကနေ အတွင်းအယူခံရေးပေးနေခဲ့တာ၊ သူရေးပေးလို့လည်း အမှုနိုင်သွားတဲ့လူရှိသလို ပြစ်ဒဏ်ကနေ လျော့ပေါ့သွားလို့ နာမည်ကြီးနေ တဲ့လူပေါ့''

ဤကဲ့သို့ ထောင်မင်းသား အံ့မှားကျောက်ဖားသည် ထောင်ထဲ မှ အကျဉ်းသားများအပေါ် ဘဝတူအချင်းချင်း ရိုင်းပင်းကူညီပေးသဖြင့် အား ငယ်နေသူ အကျဉ်းသားများကို အားတက်လာစေရန် လှုံ့ဆော်အားပေး ပြောကြားခဲ့သည်။

မည်သို့ပင်ဖြစ်စေ လောလောဆယ်မှာတော့ စကောဘာအေးသာ တစ်ယောက် ကြိုးမိန့် သေဒဏ်ကျခံရပြီးကတည်းက စိတ်ဓာတ်ချောက်ချား လာပြီး မစားနိုင်၊ မအိပ်နိုင် ခံစားနေရလျက် တုန်လှုပ်ကြောက်ရွံ့နေရှာ သည်။

နောက်တစ်ကြိမ်မှာလည်း အံ့မှားကျောက်ဖားသည် အမှတ်မထင် ပုတီးစိပ်ပြီး ဘုရားစေတီပေါ်ဝယ် ထိုင်နေစဉ်က် သူ၏ဆရာဖြစ်သူထောင်မှူး လေးအား ထောင်ထဲလုပ်ငန်းများ လိုက်လံစစ်ဆေးနေစဉ် လှမ်းမြင်လိုက် ခြင်းဖြစ်သည်။ ဒါကြောင့် ဘုရားရင်ပြင်ပေါ်မှ ကသုတ်ကရက် ပြေးဆင်း ကာ နောက်မှ လိုက်သွားသည်။

မိမိတာဝန်ဖြစ်သော အိပ်ဆောင်ပတ်ဝန်းကျင် သန့်ရှင်းရေး တောင်ယာလုပ်ငန်းများကိုပါ တာဝန်ခွဲဝေချထားပေးခဲ့ပြီး ဘုရားပေါ်ရှ ပုတီးစိပ်နေခဲ့ခြင်းဖြစ်သည်။

"ဆရာ . . . ဆရာ . . ဒီရက်ပိုင်းအတောအတွင်း ဆရာ့မှာ အန္တရာ တစ်စုံတစ်ရာ ကျရောက်နိုင်လို့ အစစအရာရာ သတိထားဆင်ခြင်နေ ဆရာ"

အံ့ပွားကျောက်ဖားက ထောင်မှူးလေးအား နောက်မှ လှမ်း ပြောဆိုပြီး တိုးတိုးတိတ်တိတ် သတိပေးစကား ပြောဆိုနေခြင်းဖြစ် သည်။

"ဘာများ အန္တရာယ်ဖြစ်စရာအကြောင်း ရှိနေလို့လဲဗျ"

"ဟိုလေ . . . ဆရာ၊ တလွဲတော့ မထင်လိုက်ပါနဲ့ဆရာ၊ ကျွ တော်ရဲ့ မနောအာရုံထဲမှာ တစ်စုံတစ်ရာ ပြဿနာတစ်ခုခု ဖြစ်ပေါ်လိမ့်မ လို့ မြင်နေတာကြောင့် သတိပေးခဲ့တာပါ"

"ဘယ်လိုပြဿနာများ ဖြစ်ပေါ်နိုင်လို့ပဲ . . . ကိုအံ့ပွား"

"ခု . . ဆရာ့အသက် ဘယ်အသက်အပိုင်းအခြား ရောက်နေ လဲ"

"လေးဆယ့်နှစ်နှစ်ထဲ ရောက်နေပါပြီ"

"အဲဒါကြောင့်ပါ . . . ဆရာ၊ ဆရာယုံချင်လည်း ယုံ၊ မယုံချင် လည်း နေပါ။ တပည့်ရင်းတစ်ယောက်အနေနဲ့ ဆရာ့အပေါ် အန္တရာယ် ဖြစ်ပေါ်လာမှာ မလိုလားလို့ ကြိုတင်သတိပေးနေတာပါ ဆရာ"

"ဟုတ်လားဗျ"

"ဆရာက ဗုဒ္ဓဟူးသားမဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒါဆိုရင် ဆရာက ဗုဒ္ဓဟူးသားတွေရဲ့ အသက်အပိုင်းအခြား ဟာ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၆၆၊ ၇၄ စတဲ့ နှစ်တွေထဲမှာရောက်နေရင် ဥပါဒ် ဘေးဆိုးများ ကြုံကြိုက်နိုင်မယ့်နှစ်တွေ ဖြစ်နေခဲ့တာကြောင့် ကိုယ်ခန္ဓာ





မှာ သွေးထွက်ရခြင်း၊ သွေးအန်စေခြင်း၊ သွေးဝမ်းသွားခြင်း၊ ဒဏ်ရာအနာ တရကြောင့် သွေးယိုထွက်ခြင်း၊ အချုပ်အနှောင်ခံရခြင်း၊ အလုပ်အကိုင် ပြောင်းရွှေ့ခံရခြင်း၊ အလုပ်ပြုတ်ခြင်း၊ ရောဂါဝေဒနာအမြင်းအထန် ခံစားရ ခြင်း၊ အမှုအခင်းများ တစ်မျိုးမဟုတ်တစ်မျိုး၊ ရှင်းလင်းရှုပ်မျိုး ဖြစ်ပေါ်တတ် ပယ်"

"အေးဗျာ . . ခုလိုသတိပေးဖော်ရတာ ကျေးဇူးတင်ပါတယ်"

ထိုကဲ့သို့ အံ့ပွားကျောက်ဖား၏ ပြောဆိုချက်များ အပေါ်ထောင်မှူး လေး ဦးလှဌေးဆိုသူသည် သတိထားဆင်ခြင်နေထိုင်မည်ဟု ကတိပေးနေ ခဲ့သည်။

သို့သော်လည်း အတိတ်ကံအကြောင်းတရားက ဤအချိန်အခါသို့ ဆိုက်ရောက်လာလျှင် ဤသို့ဖြစ်ပေါ်လာလိမ့်မည်ဟု သတ်မှတ်ခဲ့လေသလား မသိပေ။ တစ်နေ့တွင် ပြဿနာတစ်ခုနှင့် ရုံးတင်လာသော အကျဉ်းသား တစ်ဦးကို စစ်ဆေးနေရာမှ ကိုယ်ထိလက်ရောက်ကျူးလွန်မှု ဖြစ်ပွားသွား လေသည်။

ယင်းအမှုကိစ္စနှင့် ပြဿနာဖြစ်ပွားပေါ်ပေါက်လာကာ ဌာနဆိုင်ရာ စစ်ဆေးအရေးယူမှု ဖြစ်ပေါ်လာလေသည်။ ယင်းပြဿနာဖြစ်ပွားပြီးနောက် မှာ ဌာနဆိုင်ရာမှ အရေးယူသည့်အနေဖြင့် ကျောက်ဖြူအကျဉ်းထောင်ဆီ သို့ ပြောင်းရွှေ့ရန် အမိန့်စာထွက်လာခဲ့သည်။

ယင်းဖြစ်ဒဏ်နှင့်အတူ ရာထူးတိုးတက်ခြင်းမှ သုံးနှစ်တိတိရပ်ဆိုင်း ရန် အမိန့်ပါ ပူးတွဲပါရှိလာလေတော့သည်။

ဤကဲ့သို့ အံ့ပွားကျောက်ဖားအနေဖြင့် ဝိညာဉ်ဝင်ပူးနေသော မှော်ဝင်ပုတီးကုံးလေးအား လက်ဝယ်ကိုင်စွဲလာခဲ့သည့် အချိန်မှစ၍ တရား မှုများကို အပတ်တကုတ် ကျင့်ကြံပွားများလာခဲ့လေသည်။ ဗုဒ္ဓတရားတော် ၏ အဆုံးအမများအတိုင်း ကောင်းမြတ်သောအလုပ်များကို နှလုံးသွင်းလျက် ကောင်းမြတ်သော အကျင့်သီလများစောင့်ထိန်းကာ ငါးပါးသီလကို ခါးဝတ် ပုဆိုးကဲ့သို့ မြဲမြံစွာ ထိန်းသိမ်းစောင့်ရှောက်နေထိုင်လာခဲ့သည်။

မိမိငယ်ရွယ်စဉ် အချိန်အခါ မသိနားမလည်ဘဲ ဆိုးသွမ်းမိုက်မဲ
ခဲ့မိသော တားမြစ်ပိတ်ပင်လုပ်ငန်းများကို အပြီးအပိုင် ခွန့်လွှ
ခဲ့လေသည်။ တရားဘာဝနာများကိုသာ အစဉ်တစိုက် လေ့လာလိုက်
လာခဲ့သည့်အချိန်မှစ၍ လူဖြစ်လာတုန်း လူ့ဘဝမှာ တန်ဖိုးရှိရှိ နေထိုင်သွ
ရန်သာ သန္နိဋ္ဌာန် ချမှတ်ထားလေသည်။

ယခုလို ထောင်မင်းသား၊ အံပွားကျောက်ဖားတစ်ယောက် ဖြ
သမားအောင်သူထံမှ ရရှိလာသော မော်ဝင်ပုတီးကုံးလေးကို လက်ဝယ်ပိုင်
ရရှိလာခဲ့ချိန်မှ အစပြုပြီး မနောဝိညာဉ်များဝင်ကပ်ကာ အကြားအမြင်
ဖြင့် ကြုံတင်နိမိတ်ပြဖြစ်ပေါ်လာသည့် ဖြစ်ရပ်များကို အလျဉ်းသင့်သ
ဆက်လက်ရေးသား တင်ဆက်သွားပါမည်။

☼ ☼ ☼

**မိုးမြအော**



## [ ၁ ]

❑

"သား . . . သတိုး . . . ဒါ . . . သား ကိုကိုပဲ၊ နာမည်က 'မိုးထက်ဟိန်း' တဲ့"

သတိုးက ဖေဖေ့ကို မော်ကြည့်လိုက်ပြီးမှ မိုးထက်ဟိန်းဆိုသော ကောင်လေးကို လှမ်းကြည့်သည်။

"ဟိန်း . . . ဒါ . . . သား ညီလေး သတိုး။ 'သတိုးရဲခန့်' . . . တဲ့"

မေမေက . ဟိန်းနှင့် ရွယ်တူကောင်လေးကို ပြုံးကြည့်ရင်း ပြောသည်။

သူတို့နှစ်ဦးသား၊ တစ်ယောက်ကိုတစ်ယောက် အရယ်အပြုံးမရှိ ခပ်ခဲခဲ စိုက်ကြည့်နေကြသည်။

ဟိန်း ဆိုတဲ့ကောင်၊ သူ့အမေနဲ့ ရုပ်ချွပ်၊ အသားဖြူဖြူ ချောတော့ ချောသားပဲ။ အံမယ် . . . ဒီကောင်က ပါးချိုင့်တစ်ဖက်နဲ့ဟ။ ပါးစပ် လှုပ်လိုက်တာနဲ့တင် ညာဘက်ပါးပေါ်က ပါးချိုင့်က မရယ်ဘဲနဲ့တောင် ခွက်ခနဲပဲ။ သူ့အမေမှာတော့ ပါးချိုင့်မပါဘူးဆိုတော့ သေသွားတယ်ဆိုတဲ့ သူ့အဖေမှာ ပါလို့ များလား။ သတိုး တွေးသည်။





သတိုးရဲခန့်တဲ့။ မေမေပြောသလိုဆို သတိုးဆိုတဲ့ကောင်က ငါ့ထက် နှစ်လလောက် ငယ်တယ်ပေါ့။ သူ့အဖေလို စစ်ဗိုလ်ရုပ်နဲ့။ ဒီကောင့်ကြည့်ရတာ အထာက သိပ်မမိုက်ဘူး။ ငါနဲ့ မပေါင်းချင်သလို ခပ်တင်းတင်းနဲ့ နေပေါ့ကွ။ မင်းမခေါ်လို့ကတော့ ငါကလည်း အခေးကြီးမှ အခေးကြီး။

ဟိန်းကလည်း သတိုးကိုကြည့်၍ တွေးနေသည်။

"သားတို့ကို ဖေဖေ ပြောစရာရှိတယ်"

သတိုးဖေဖေထံမှ အသံထွက်လာသည်။

"သတိုး . . . သားကို ဖေဖေ နားလည်အောင် အခါခါပြောပြခဲ့ပြီးပြီ။ ဒါပေမဲ့ ခု . . . ဖဖေဖေ ထပ်ပြောမယ်။

သား မေမေဟာ သားတစ်နှစ်သား အရွယ်လောက်ကပဲ ဆုံးသွားခဲ့ပြီ။ သားမှာ ဖေဖေ့ဘက်ကရော မေမေ့ဘက်ကရော အဘိုး၊ အဘွားတွေလည်း မရှိကြတော့ဘူး။ ခု သားကိုးနှစ်သားအရွယ်ထိ သားနဲ့ဖေဖေပဲ နေလာခဲ့ကြတယ်။

"ဒီလိုပဲ ဟောဒီဟိန်းရဲ့ဖေဖေ ဗိုလ်ကြီးက ဟိန်း သုံးနှစ်သားအရွယ်မှာ ရှေ့တန်းမှာ ကျဆုံးခဲ့ရတဲ့အတွက် ဟိန်းမှာလည်း အဖေမရှိရှာဘူး။ အမေ့ဘက်က အဘိုးပဲရှိတော့တဲ့အတွက် သားတို့နှစ်ယောက်လုံး ဘဝတူနီးပါးပဲ"

သတိုး ဖေဖေက သူတို့နှစ်ယောက်ကို တစ်လှည့်စီ ညင်သာစွာကြည့်ပြီး စကားဆက်သည်။

"ဒီလိုအခြေအနေမှာ . . . ဖေဖေနဲ့ ဟိန်းရဲ့မေမေဟာ သားတို့ရဲ့ဘဝရှေ့ရေး၊ ဖေဖေတို့ရဲ့ ရှေ့ခရီးအတွက် သားတို့ကို ပြုစုပျိုးထောင်ကြဖို့ နှစ်ယောက်တိုင်ပင်ပြီး၊ သားတို့ကိုလည်း နားလည်အောင် ရှင်းပြပြီး သားတို့ အဘိုးသီးရဲ့ ခွင့်ပြုချက်အရ ဖေဖေတို့ လက်ထပ်ခဲ့ကြတယ်။ ဟုတ်ရဲ့လား သားတို့ . . ."

သတိုးက ဖခင်ကို မျက်လုံးညွှန်ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

ဟိန်းကလည်း အားကျမခံ မိခင်ကို မော်ကြည့်လိုက်ပြီးမှ အသာ ခေါင်းညိတ်လိုက်၏။

"ဒါကြောင့် ... အဖေမရှိရှာတဲ့ သား ဟိန်းကို မေမေက အဖေ နေရာမှာ ဖြည့်ပေးပြီး သား သတိုးနဲ့ တန်းတူချစ်ခင်မယ်။ သားရင်းလို မှတ်ယူမယ်။

အဲလိုပဲ အမေမရှိတော့တဲ့ သားသတိုးကိုလည်း ဟောဒီ ဟိန်း မေမေက သားရင်း ဟိန်းနဲ့မခြား ချစ်ခင်စောင့်ရှောက်လိမ့်မယ်။ ဖေဖေနဲ့ မေမေက အဲဒီလို ကတိထားခဲ့ကြတယ်။

ဖေဖေနဲ့ မေမေတို့က သားတို့နှစ်ယောက်လုံးကို သားရင်းတွေလို သတ်မှတ်တဲ့အတွက် သားတို့ကလည်း အချင်းချင်း ညီအစ်ကိုရင်းတွေလို ခံယူကြရမယ်၊ ချစ်ခင်ကြရမယ်"

သတိုးနှင့် ဟိန်းနှစ်ယောက်သား မျက်တောင်ပုတ်ခတ် ပုတ်ခတ် လုပ်ကာ စိုက်ကြည့်နေကြဆဲ။

ဟိန်းမေမေက ကရုဏာပြည့်သော အသံဖြင့် ...

"ဟိန်းကိုလည်း မေမေက ဖေဖေ့လိုပဲ သေချာပြောပြခဲ့ပြီးပြီ နော်။ သားတို့ နှစ်ယောက်လုံးဟာ မေမေ့သားတွေပဲ၊ ဖေဖေ့သားတွေပဲ။ တို့မိသားစုတွေရှေ့ကို ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင်နဲ့ တစ်ဦးကိုတစ်ဦး ဖေးမရင်း နေသွားကြမယ်၊ ဟုတ်ပြီလား"

နှစ်ယောက်လုံး မျက်လုံးအဝိုင်းသားဖြင့် ငြိမ်သက်နေကြဆဲ။ သတိုး ဖေဖေက ဆက်၍ ...

"သား တိုးကို ဖေဖေက တွေးခေါ်မြော်မြင်တတ်အောင် လောက မှာ မလွဲမသွေကြုံတွေ့ရမဲ့ အဆိုးအကောင်း။ လောကဓံတွေကို ခေါင်းမရှောင် ဘဲ အရှိကို အရှိအတိုင်း ရဲရဲရင်ဆိုင်ရဲအောင် လေ့ကျင့်သွန်သင်ပေးခဲ့ တယ်။

ဒီလိုပဲ ... ဟိန်း မေမေကလည်း ဟိန်းကို ဘဝကို နားလည်နိုင် ဖို့၊ ကောင်းကောင်းရပ်တည်နိုင်ဖို့ သွန်သင်ဆုံးမခဲ့တဲ့အတွက် သားတို့နှစ်





ယောက်လုံးဟာ အရွယ်ငယ်ကြသေးပေမဲ့ သိတတ်မှုနဲ့ လိမ္မာရေးခြားရှိပြီး ကြသူတွေလို့ ဖေဖေရော မေမေရောက ယုံကြည်တယ်။

သားတို့မှာ ဘာကိစ္စပဲဖြစ်ဖြစ် ဖေဖေနဲ့မေမေကို ပွင့်ပွင့်လင်းလင်း ပြောရမယ်။ ပြောနိုင်တယ်။ ဟုတ်ပြီလား။

ကဲ ... သားတို့ ဘာပြောချင်တာရှိလဲ"

သတိုးက ဖေဖေ့ကို မော်ကြည့်လိုက်ရင်း ...

"သား ... သား ... ဒီ ... ဒီ ..."

သတိုးက ဟိန်း မေမေကို လှည့်ကြည့်ပြီး ပြောလက်စ တန်းလန်း ရပ်သွားပြီးမှ ဆက်၍ ...

"ဟို ... သား ဒီအန်တီကို ... အဲ ... သား ... မေမေလို့ ခေါ်ချင်ဘူး ... ဖေဖေ။

သား မေမေက သေသွားပြီဆိုပေမဲ့ သား မေမေ့ကိုပဲ မေမေလို့ ခေါ်ချင်တယ်။ အဲ ... အဲဒါ ... သား ... ဘယ်လို ..."

သတိုး ဖေဖေက ဟိန်းမေမေကို ကွက်ခနဲ ကြည့်သည်။ နောက် သတိုးကို တစ်စုံတစ်ခု ပြောမည့်အပြုအမူ ဟိန်းမေမေက လက်ကာပြလိုက် ရင်းက ...

"နေ ... ကိုသော်"

ဟိန်း မေမေက ရပ်နေရာမှ သတိုးရှေ့တွင် အသာထိုင်လိုက်ကာ သတိုး ပခုံးလေးကို ဆုပ်ကိုင်လိုက်သည်။

"ဟုတ်တာပေါ့ ... သားရယ်၊ သားရဲ့ခံစားချက်ကို မေမေ နား လည်ပါတယ်။ ရတယ် ... သား။ သား မခေါ်ချင်ရင် မခေါ်ပါနဲ့။ ဒါပေမဲ့ 'အန်တီ' လို့တော့ ခေါ်ဖို့ မေမေ တောင်းဆိုပါရစေ။ ဘာလို့လည်းဆိုတော့ မေမေဟာ သားမေမေရဲ့မေတ္တာကို မမီနိုင်သည့်တိုင် သားမေမေနဲ့ အနီးစပ် ဆုံး သားအပေါ် ချစ်ခင်ပေးမှာမို့လို့ပါ။

ဒါကြောင့် မေမေ့ကိုယ် မေမေဟာ မေမေ့လို့ သုံးမှာဖြစ်လေး သား သတိုးကတော့ အင်း မေမေ့နာမည်က ဒေါ်ခင်မွှန်မွှန်ဆိုတော့ 'မေမွှန်' လို့ ခေါ်ပေးနိုင်မလားဟင်''

သတိုးက ဒေါ်ခင်မွှန်မွှန်ကို အတန်ကြာစိုက်ကြည့်ရင်း စဉ်းစား နေရာမှ ခေါင်းညိတ်လိုက်၏။

ဒေါ်ခင်မွှန်မွှန်က ပြုံးလိုက်ကာ ပြန်ရယ်လိုက်သည်။

''မေမေ ... ဟိန်းလည်း ... ဒီ ... ဦးကို ...''

သည်တစ်ခါ ဦးသော်ဇင်ခန့်က ဟိန်းရှေ့တွင် ထိုင်အလှည့်ဖြစ် ၏။

''သားလည်း သတိုးနဲ့ ခံစားချက်ချင်း တူလိမ့်မယ်ဆိုတာ ဖေဖေ လက်ခံပါတယ် သား။ ဒီတော့ မျှသွားအောင် သားဟိန်းကလည်း ဖေဖေ့ ကို 'ဖေသော်' လို့ ခေါ်နိုင်မယ်ဆိုရင် ...''

ဟိန်းက သံတိုးကို အရင် မျက်လုံးဝေ့ကြည့်လိုက်၏။ နောက် သတိုးဖေဖေကို စိုက်ကြည့်သည်။

''ဟုတ်ကဲ့ ... ဖေသော်''

ဟိန်းအသံ တိုးတိုးလေး ထွက်လာသည်။

ဦးသော်ဇင်ခန့်နှင့် ဒေါ်ခင်မွှန်မွှန်တို့ အကြည့်ချင်းဆုံလျက် ပြုံး လိုက်ကြသည်။

'ဟင်း ... ငါ့အဖေအချစ်တွေကို ဒီကောင်နဲ့ မျှဝေယူရမယ်တဲ့ လား' သတိုးတွေးသည်။

'မေမေ့ မေတ္တာတွေကို ငါက ငါတစ်ယောက်တည်းပဲ လိုချင်တာ ကွ။ မင်းကို မပေးချင်ဘူး'

ဟိန်းစိတ်ထဲ အတွေးဝင်၏။

ဟိန်းနှင့် သတိုးသည် တစ်ဦးကိုတစ်ဦး ခပ်စောင်စောင် စိုက်ကြည့် နေကြဆဲတည်း။

☼ ☼ ☼

# [၂]

❑

''မွှန် ... ကိုတို့လက်ထပ်တာ ခြောက်လကျော်ပြီ။ ဒီအတွင်း သား နှစ်ယောက်က အတူဆော့တာလည်း မတွေ့ဘူး။ ရင်းရင်းနှီးနှီးလည်း မပေါင်း ဘူး။ အဲဒါ 'ကို' မကြိုက်ဘူးကွာ။ မွှန် တားတားနေလို့သာ ကို ကလေး တွေကို ပြောချင်နေပြီ''

ဒေါ်ခင်မွှန်မွှန်က ကော်ဖီပန်းကန်ကို ဦးသော်ဇင်ခန့်ရှေ့သို့ ချပေး လိုက်ရင်း ...

''မွှန်လည်း သတိထားမိပါတယ်။ သူတို့နှစ်ယောက်က ခပ်စိမ်းစိမ်း နေကြပေမဲ့ ရန်တော့ မဖြစ်ကြပါဘူး။ လွှတ်ထားလိုက်ပါဦး ကို။ ကလေးတွေ က သိတတ်နားလည်မှုရှိပြီး လိမ္မာကြတယ်ဆိုပေမဲ့ သူတို့ချစ်တဲ့၊ သူတို့ရဲ့ တစ်ဦးတည်းသော အားကိုးရာဖြစ်တဲ့ အဖေ၊ အမေ ကိုယ်စီကို တခြားလူနဲ့ ဝေမျှချစ်ဖို့ သူတို့မှာ ရုတ်တရက် အဆင်သင့်မဖြစ်နိုင်သေးတာ သဘာဝကျ ပါတယ်''

အရေးကြီးတာက ကိုရော၊ မွှန်ရော၊ သားတို့အပေါ်မှာ စစ်မှန်တဲ့ မေတ္တာနဲ့ ညီညီမျှမျှ လေးလေးနက်နက် ချစ်ခင်စောင့်ရှောက်ပေးဖို့ပဲ။ အဲဒီ

ညီမှုမှုနဲ့ မေတ္တာကို ပြည့်ပြည့်ဝဝ ခံစားနားလည်လာတဲ့ တစ်ချိန်မှာ သူတို့ ချင်းလည်း ပြေလည်သွားကြပါလိမ့်မယ်ကို။ အချိန်အတိုင်းအတာတစ်ခု တော့ သူတို့ကို ပေးရမှာပေါ့''

ဦးသော်ဇင်ခန့်က ခေါင်းညိတ်လိုက်သည်။ ဒေါ်ခင်မွန်မွန်က ပြုံး လိုက်ရင်း …

''နောက်ပြီး ကျောင်းချိန်ကလည်း မတူဘူးလေ။ သတိုးက နေ့လယ် ပိုင်း၊ ဟိန်းက မနက်ပိုင်းဆိုတော့ ကျောင်းဖွင့်ရက်လည်း ဆုံချိန်သိပ်မရှိ ပိတ်ရက်ကျတော့လည်း ကျူရှင်ချိန်က ကွဲပြန်တယ်။ တွေ့ချိန်က နည်းတယ် လေ … ကိုရဲ့''

''အင်း … ဒီနှစ်က နှစ်ဝက်ကြီးဖြစ်နေလို့၊ ရှေ့နှစ်ဆိုရင်တော့ ဟိန်းကို သတိုးတို့ ကျောင်းပြောင်းကြရအောင်မွန်။ ဒါဆိုရင် ကျောင်းသွား ကျောင်းပြန် အဖော်ရတဲ့အပြင် အတန်းလည်းတူတော့ ကျူရှင်ပါအတူအဆင် လို့ရတယ်။ သားတို့နှစ်ယောက်လည်း ပိုပြီး ရင်းနှီးသွားအောင်လေ''

''ကောင်းတယ်ကို မွန်ကလည်း အဲလိုပဲ စိတ်ကူးနေတာပါ''

ဦးသော်ဇင်ခန့်က ခေါင်းညိတ်ရင်းက သက်ပြင်းတစ်ချက် မှုတ် လိုက်၏။

''ကိုလေ … သားတို့နှစ်ယောက်ကို ညီရင်းအစ်ကိုတွေလို ချစ်ခင် သွားစေချင်တာကွာ၊ ဘယ်တော့များမှ''

''အချိန်တွေ အများကြီးရှိပါသေးတယ် … ကိုရယ်၊ မွန်ပြော သလို ကိုနဲ့မွန်တို့ရဲ့ မေတ္တာစေတနာကို သူတို့လေးတွေ နားလည်လာကြတဲ့ တစ်ချိန်မှာ ပြောင်းလဲသွားကြမှာပါ။ စောင့်ကြည့်ကြတာပေါ့နော်''

ဇနီးမောင်နှံနှစ်ဦးသား တွေးတွေးဆဆဖြင့် တစ်ဦးကိုတစ်ဦး ကြည့် မိကြလေသည်။

☼ ☼ ☼

[၃]

❑

''ကျွီ … ကျွီ … ကျွီ …''

ထမင်းစားခန်းမှ အသံကြောင့် သတိုးက ဧည့်ခန်းတွင် တီဗွီကြည့် နေရာမှ လှမ်းကြည့်လိုက်၏။ ထမင်းစားခန်းနှင့် ဧည့်ခန်းကို အလှပစ္စည်း …င် ဆင့်တန်းများနှင့် စင်သာခြားထားသောကြောင့် တိုးလျှိုပေါက် လှမ်း …င်နေရသည်။

ဟိန်းသည် ထမင်းစားပွဲမှ ထိုင်ခုံကို တစ်ဖက်ခြမ်းမှ နံရံကပ် ဘီရို …သို့ မနိုင့်တနိုင် တရွတ်တိုက်ဆွဲယူနေသည်။ သတိုးက ဆွဲကူပေးရန် အမှတ် …ထရပ်လိုက်ပြီးမှ ကိုယ်ရှိန်သတ်လိုက်၏။

မနေ့က ဟိန်း ဒိုင်ယာရီကတ်ကို မေမေက လက်မှတ်ထိုးပေးရင်း အဆင့် …ဝင်သော ဟိန်းကို ချီးကျူးနေသည် မြင်ကွင်းအား မြင်ယောင် …သည်။ သတိုးကတော့ ဒီလ အဆင့် (၈)သာဝင်သည်။ ဟိန်းထက် …ဆင့်နိမ့်သော်လည်း ဖေဖေနှင့်မေမွန်က ဆူခြင်း၊ ပြောခြင်းတော့မရှိပါ။ …မွန်က အဆင့် (၁၀)အတွင်းဝင်သည်ပဲ့ သားနှစ်ယောက်လုံး တော်သည် …ကြောင်း၊ ဖေဖေ့ကိုပြောနေသည်။

ဟိန်းက စာတော့တော်သည်။ လပတ်စာမေးပွဲတိုင်း အဆင့် (၁)မှ (၃)အတွင်း အမြဲရသည်။ သတိုးကတော့ အဆင့် (၁၀)အတွင်း ဝင်သော်လည်း တစ်ခါမျှ ၁၊ ၂၊ ၃ မရခဲ့။ သူ မကျေမလည်တော့ ဖြစ်မိသည်။ ထို့ကြောင့် သတိုးက ဟိန်းထက်ကျောလိုဖော်ဖြင့် စာပိုလုပ်သော်လည်း ရှမ်းတတ်သော အကျင့်ကြောင့် အမှားများကာ အမှတ်ပြည့်ဘယ်တော့မျှမရ။ ဟိန်းကိုလည်း တစ်ခါမျှ မကျော်နိုင်။

ဟာ ... ဒီကောင် ... လိမ့်ကျတော့မှာပဲ။

ဟိန်းသည် ခုံကို နံရံကပ် ဘီရိုရှေ့ရွှေ့ကာ ဘီရိုထဲမှာ မုန့်ပုလင်းကို ယူလိုခြင်းဖြစ်လိမ့်မည်။ မေမွန်နှင့်ဖေဖေလည်း မရှိသဖြင့် သူ့ကို ယူပေးမည့်သူမရှိ။ ဟိန်း၏ခုံသည် အောက်ကြမ်းပြင်မှ အိမ်တွင်းစီး ဖိနပ်ပေါ်တွင် ခုံခြေထောက်တစ်ဖက်တင်ကာ ခပ်စောင်းစောင်းဖြစ်နေသည်။ ဟိန်းခုံပေါ် မတက်မီ သတိုးက ခုံအောက်ခြေ မညီမညာဖြစ်နေပုံကို လှမ်းမြင်သော်လည်း သူ သတိမပေးဖြစ်။

ထိုစဉ်မှာပင် ဟိန်းက အပေါ်ကိုသာမျှော်ကြည့်ရင်း ဘီရိုတံခါးလှမ်းဖွင့်ရန် အာရုံတစ်ခုတည်းဖြင့် ခုံပေါ်လှမ်းတက်လိုက်၏။ ခုံက အောက်ခြေမညီသဖြင့် အနည်းငယ်လှုပ်သွားသည်။ ဟိန်းက သတိမမူမိ။ ဟိန်းသည် သတိုးထက် အရပ်အနည်းငယ် နိမ့်သူဖြစ်၍ ဘီရိုတံခါးလက်ကိုင်ကို မမီတမီ ဖြစ်နေ၏။ ဟိန်း ခြေဖျားထောက်ကာ လှမ်းအဖွင့်တွင် ...

"ဒုန်း ..."

"အား ..."

"ဟော ... ကျပြီ ..."

ခုံက စောင်းလဲသွား၏။ ဟိန်းသည်လည်း ခုံနှင့်အတူ ကြမ်းပြင်ဆီသို့ ဒူးနှင့်လဲကျသည်။ ဟိန်းက 'ကျပြီ' ဟု ရွှတ်ခနဲ အော်လိုက်မိသော သတိုးဆီသို့ နာကျင်သွားဟန်ရှိသော ဒူးခေါင်းကိုပွတ်ရင်း မျက်လုံးပြူးလျက် လှမ်းကြည့်နေ၏။ ဟိန်း ဘယ်ဘက်တံတောင်လည်း ပြဲသွားသည်ထင်သည်။ သွေးစို့နေလေသည်။





ကောင်းတယ် ... သတိုးစိတ်ထဲမှ ရေရွတ်လိုက်ရင်း ဟိန်းကို ဒေါသဲခနဲ မျက်နှာလွှဲကာ တံခါးရှေ့တွင် မြန်ဝိုင်ချလိုက်သည်။ ဤကား မေမေနှင့် မေမွန်တို့မသိသော ကြိတ်ပုန်းတိုက်ပွဲပင်တည်း။ သတိုး ပြုံးမိလေသည်။

❊ ❊ ❊

❑

"ဟုတ်ပြီ ... ဘိုဘို ... ဆွဲသွားကွ၊ သတိုးကို ပေးလိုက်"

"သတိုး ဂိုးရှေ့ချပေး သတိုးကွ"

"သတိုး ... ဂိုးသမား ညာဘက်ကိုသွင်း ... ကန် ... ကန်"

ဆူညံစွာအော်ဟစ်၍ ဘောလုံးကစားနေကြသော သတိုးတို့အုပ်စုကို ဟိန်းက နှုတ်အေးချောင်းစားရင်း ကွင်းထောင့်မှရပ်ကြည့်နေ၏။

သတိုးသည် ဂိုးရှေ့သို့ ဘောလုံးကို ဆွဲယူလာနေသည်။ ထိုစဉ် တစ်ယောက်က ဘောလုံးကိုဝင်လုရာ ဘောလုံးကကွင်းထောင့် ဟိန်းရှိရာဘက် လိမ့်လာသည်။

"ဟိုက် ..."

ဟိန်းရှိရာ ဂိုးတိုင်ထောင့်ဘက်မှ ဘောလုံးဆီ ပြေးလိုက်နေသော သတိုးကိုကြည့်ရင်း ဟိန်းတစ်စုံတစ်ခုကို သတိရပြီး 'ဟိုက်' တလိုက်မိ၏။

မနေ့ညနေက ဟိန်းနှင့်သူငယ်ချင်းများ ဤဘောလုံးကွင်းအတွင်း ခေါက်ဘောလုံး ရိုက်တမ်းကစားကြသည်။ တင်းနစ်ဘောလုံးကို ခေါက်သီး

နိုက်သလို ကျင်းထဲဝင်အောင် တုတ်ဖြင့်ရိုက်ပြီး ကစားကြခြင်းဖြစ်သည်။ ဟိန်းတို့က ဂေါက်ဘောလုံးရိုက်သည်ဟု ခေါ်ကြ၏။ ဘောလုံးကွင်း အခြားတစ်ဖက်တွင် တခြားကလေးများလည်း ကစားနေကြရာ ဟိန်းတို့က ဒီဘက်ခြမ်းတွင် ကစားကြသည်။ ဘောလုံးရိုက်ထည့်ရန် ကျင်းလေးများတူးရာတွင် ဂိုးတိုင်ထောင့်လမ်းဘက်၌ ဟိန်းက ကျင်းခပ်ကြီးကြီးတစ်တွင်း တူးထား၏။ ဘောလုံးကွင်းဖြစ်သဖြင့် ဟိန်းတို့သည် ကစားပြီးပါက ကျင်းများကို ဖွထားသောမြေဖြင့် ပြန်ဖို့ခဲ့လေ့ရှိသည်။

မနေ့ကတော့ ဘောလုံးကျင်းဝင် အရေအတွက်ကို ငြင်းကြခုန်ကြရင်း ဟိန်းတူးထားသော ကျင်းကို မြေပြန်ဖုံးရန် ဟိန်းမေ့သွားခဲ့သည်။ ကျင်းက အနက်တစ်ထွာခန့်ရှိ၏။ ယခု ထိုကျင်းရှိရာ ကွင်းထောင့်ဘက်သို့ သတိုးက ဘောလုံးလိုက်ရင်းဆွဲရင်း ပြေးလာနေလေပြီ။ သတိုးပြေးလာရာ လမ်းတည့်တည့်တွင် ဟိန်း၏ ကျင်းရှိသည်။ မြက်ပင်များနှင့် ဖုံးနေခြင်းကြောင့် ရုတ်တရက် မမြင်နိုင်။ သည်တိုင်း ဆက်ပြေးပါက ဟိန်း၏ကျင်းထဲ သတိုးခြေချော်ကျကာ ပစ်လဲကိန်းရှိ၏။

ကွင်းထောင့်နားတွင် ရပ်နေမိသော ဟိန်းက သတိုးကို လှမ်းအော်သတိပေးရန် ပါးစပ်ပြင်လိုက်မိသည်။

သတိုးက ဘောလုံးကန်တော်သည်။ ကျောင်း အားကစားပြိုင်ပွဲများတွင်လည်း ပထမဆုရချည်းရ၏။ ကျောင်း၏ အပြေးချန်ပီယံ လက်ရွေးစင်ဖြစ်သလို ဘောလုံးအသင်းတွင်လည်း ရှေ့တန်းတိုက်စစ်မှူးဖြစ်သည်။ အတန်းစဉ်လိုက် သတိုးရရှိထားသော အားကစားဆုတံဆိပ်များက အိမ်၌ ဘီရိုတစ်လုံး အပြည့်ရှိသည်။

ဟိန်းကတော့ သတိုးလို အားကစားဘက်တွင် မထူးချွန်ပါ။ ဟိန်းမေမေက သတိုးဆုရတိုင်း တို့သားငယ်က ကြီးလာရင် မြန်မာ့လက်ရွေးစင် အားကစားသမားကောင်းဖြစ်မှာဟု ဂုဏ်ယူစွာ ချီးမွမ်းလေ့ရှိလေသည်။ ဟိန်းမနာလိုဖြစ်မိသော်လည်း ဟိန်းမှာ သတိုးလို အားကစားမတော်တော့ မကြည့်တကြည့်နှင့်ပင် ငြိမ်နေလိုက်ရသည်။





ဤသည်ကို သွားတွေးမိသော ဟိန်းက ချက်ချင်းပင် နှုတ်ပိတ်ကာ သတိုးကို သတိမပေးတော့ဘဲ ငြိမ်ကြည့်နေလိုက်၏။

"အဲ ... လဲပြီဟ"

ဟိန်း ရေရွတ်လိုက်သည်။ သတိုးသည် ဟိန်းထင်သည့်အတိုင်းပင် ဟိန်းတူးထားသော ကျင်းတွင်း ခြေကျွံကျကာ မှောက်လျက်လဲသွားသည်။ ပြေးလာသောအရှိန်ကြောင့် အကျနာကာ သတိုးဒူးပြဲသွား၏။

ဒူးနစ်ဖက်ကို ပွတ်ကာ၊ ငုံကြည့်ကာဖြင့် ရှုံ့မဲ့မဲ့ပြန်ထလာသော သတိုးကိုကြည့်ပြီး ဟိန်း ပြုံးစိစိနှင့် စိတ်ထဲက ပျော်ပျော်ကြီး ကြိမ်းဝါးလိုက်၏။

"ကောင်းတယ် ... မှတ်ပလားကွ"

☼ ☼ ☼

[၄]

❑

"ဒုက္ခပဲ ... ကိုရေ၊ မှန်တိုင်းများ ရှိသလား မသိဘူး။ မိုးကြီး လေပြင်းမယ့်ပုံပဲ။ ကြည့်ပါဦး မိုးတွေ ညို့တက်လာလိုက်တာ။ လေလည်း တော်တော်တိုက်လာတယ်"

ဦးသော်ဇင်ခန့်က ကောင်းကင်ကိုမျှော်ကြည့်နေရာမှ ဇနီးသည်ကို ငဲ့စောင်းကြည့်လိုက်သည်။ ဇနီးပြောသလို မကြာမီ မိုးရော လေရော ပြင်းပြင်း ထန်ထန် ချမည့်ပုံရှိ၏။

"ကိုတို့တော့ ဒီမိုးကို မလွတ်နိုင်ဘူး ထင်တယ်။ ယာဉ်ရပ်နားစခန်း မရောက်ခင်မိမှာပဲ။ ဟူး ... လေးရက်ဆက် ပိတ်ရက်လေး ကလေးတွေကို ချောင်းသာကမ်းခြေ လိုက်ပို့ကာမှ မုန်တိုင်းနဲ့ တိုးရတယ်လို့ကွာ"

"ဘယ်လို လုပ်ကြမလဲကို၊ တစ်နေရာ ခဏရပ်ပြီး နိုမှနဲ့တူ တယ်"

"နေဦးကွ ... ရှေ့မှာ လမ်းခွဲဖြတ်လမ်းလေးရှိတယ်။ ကိုတို့ငယ် ငယ်က လမ်းဟောင်းလေးပဲ။ အဲဒီလမ်းဟောင်းက ရွာထဲကဖြတ်သွားတာ။ ဒီအဝေးပြေးလမ်းသစ်အတိုင်းဆို အနီးဆုံး ယာဉ်နားစခန်းတောင် အတော် ကြီး လိုသေးတယ်။





ဒီတော့ ကိုတို့ လမ်းဟောင်းဖြတ်လမ်းအတိုင်း မောင်းဝင်ပြီး ရွာ ရောက်သွားလိုက်မယ်။ မိုင်နှစ်ဆယ်၊ အစိတ်လောက်ပဲရှိမယ်ထင်တယ်။ မှာ မိုးဝင်ခိုနေတာက အန္တရာယ်ကင်းမှာ။ မိုးစဲမှ လမ်းဟောင်းကနေ ဒီ မ်းပေါ်ပြန်တက် မောင်းကြတာပေါ့"

"အင်း ... အဲဒါကောင်းသားပဲကို၊ ကလေးတွေလည်း ရွာမှာ င်ခုခုဝယ်စားလို့ ရတာပေါ့။ ဒါနဲ့ ကိုက လမ်းရောမှတ်မိလို့လား"

"မှတ်မိပါတယ် မွန်ရဲ့။ လမ်းဟောင်းက လမ်းသွယ် အခွဲလေးတွေ းပေမဲ့ ကို ... လူပျို့တုန်းက သွားနေကျလမ်းပါ။ ဟော ... ရှေ့မှာ လမ်း တွေ့ပြီ"

ဦးသော်ဇင်ခန့်က ကားကို လမ်းခွဲလေးထဲသို့ ပြောပြောဆိုဆို ာင်းဝင်လိုက်၏။ ခပ်မြန်မြန်မောင်းသွားလျှင် မိုးမလွတ်သည့်တိုင် နာရီ က်ခန့်တွင် ရွာသို့ ရောက်နိုင်ပါသည်။

"ဝေါ ... ဝေါ ... ခြောင်း ... ခြွင်း ... ခြောင်း ..."

လမ်းသွယ်ထဲ ချိုးဝင်၍ ဆယ်မိနစ်ပင် မကြာလိုက်၊ မိုးရော လေ ရော တဝေါဝေါ တခြောင်းခြောင်းနှင့် ချတော့သည်။

"ဟိန်းနဲ့သတို့ ... သားတို့ပြူတင်းတွေ ထပ်ဝတ်ထားနော်။ မိုးစွာ တော့အေးလိမ့်မယ်"

ဒေါ်ခင်မွန်မွန်က နောက်ခန်းမှ ကလေးများကို လှည့်ပြောသည်။

"ဟား ... မိုးကသည်းလိုက်တာ၊ ဝိုက်ဘာတောင် မနိုင်တော့ ဘူး။ ရှေ့ကို ကောင်းကောင်း မမြင်ရအောင်ဘဲ"

ဦးသော်ဇင်ခန့်က ရှေ့ရှုတ်ရင်း ကားကို မနည်းထိန်းမောင်းနေရ သည်။ လမ်းက စိုစွတ်ကာ ချောနေသည်။ လမ်းဟောင်းဖြစ်သည့်ပြင် ရွာ သွားလမ်းခွဲများက မြေသားလမ်းဖြစ်ရာ မိုးရေကြောင့် ရွံ့ဖြစ်နေ၏။

"ရောက်ခါနီးပြီလား ကို"

ဦးသော်ဇင်ခန့်က လမ်းချိုးတစ်ခုသို့ ထပ်မံချိုးဝင်လိုက်ရာမှ နာရီ ကိုငုံ့ကြည့်၏။

"ဒီလောက်ဆိုရင် ရွာကိုမြင်ရလောက်ပြီ။ မိုးသည်းနေလို့ ကောင်းကောင်းမမြင်ရတာ ဖြစ်မယ်"

အတော်ကြာမောင်းလာသည်ထိ မိုးထဲ လေထဲတွင် ယိမ်းထိုးလှုပ်ခါနေကြသော အပင်များမှအပ ရွာကလေး၏ အရိပ်အယောင်ကိုမျှ မတွေ့ရသေး။

ငါ ... မိုးသည်းထဲမှာ လမ်းချိုးများ မှားဝင်ခဲ့မိတာလား။ ဒီလမ်းက လမ်းချိုးတွေ ခပ်များများဆိုတော့ ...။

သူ ... သည်လမ်းတွေကို ငယ်စဉ်ကတည်းက ကျွမ်းဝင်ခဲ့ပြီး ဖြစ်သော်လည်း မရောက်ဖြစ်သည်က နှစ်ပေါင်းသုံးဆယ်ခန့်ရှိပြီမို့ ပတ်ဝန်းကျင်အနေအထားက ပြောင်းလဲသွားခဲ့ပြီ။ သို့ကြောင့်ပင် သူလမ်းမှားခဲ့မိသည်လား။

မိုးက စဲမည့်ပုံမရှိသည့်ပြင် ပို၍ပင် ပြင်းထန်လာနေသယောင်။ ညနေစောင်းနေဝင်ခါနီးတွင် မိုးမှောင်ကြီးပါကျနေပြန်၍ ပတ်ဝန်းကျင်ကို အမှောင်က အလျင်အမြန် လွှမ်းမိုးဖုံးအုပ်စ ပြုလာနေသည်။

"ဟာ ..."

"အို ... ဘာ ... ဘာဖြစ်တာလဲ"

မောင်းနေရင်းက ကားက နိမ့်ခနဲဖြစ်သွားသဖြင့် လင်မယားနှစ်ယောက် အထိတ်တလန့် အော်လိုက်မိဆဲ ...

"ဟာ ... မြေ ... မြေ ... ပြို"

"ဂျိမ်း ... ဝုန်း ... ဝုန်း ... ဝုန်း"

"ဂျိုင်း ... ဝုန်း ... ဝုန်း"

ကားလေးသည် ပြိုကျသွားသော မြေစိုင်ခဲနှင့်အတူ ချောက်ထဲသို့ အိခနဲ ထိုးကျသွား၏။

"အား ..."

"အမလေး ..."

သူရိန်စာပေ



ကားပေါ်မှ ကြောက်လန့်တကြား အော်ဟစ်သံများ စီခနဲ ထွက်လာ၏။ ကားလေးသည် ချောက်နှုတ်ခမ်းအောက်မှ ကျောက်တောင်ယံမှ ပထမ ခုံးခနဲ ဆောင့်မိသည်။ အောက်ခံမြေမှာမရှိသဖြင့် ဆောင့်မိသော အရှိန်ဖြင့်ပင် ကားကလည်း၍ ထပ်မံအိဆင်းသွားကာ အောက်ဘက်ဆီသို့ ဆက်ထိုးသွားလေတော့သည်။ ချောက်အောက်ခြေမရောက်မီ ထိုးထွက်နေသော ကျောက်စွန်းတစ်ခုတွင် ဦးတိုက်လျက် တဂျိမ်းဂျိမ်း၊ တဝုန်းဝုန်း အသံစုံမြည်သွား၏။

မိုးနှင့်လေကား သဲသဲမဲမဲ အငြိုးကြီးစွာ အရှိန်မြှင့်ဆဲ ...။

ပတ်ဝန်းကျင်သည် လေဒဏ်မိုးဒဏ်ကြောင့် ယိမ်းထိုးယမ်းခါ၍ ခြောင်းဆန်နေသလောက် ကားလေးမှာမူ ... ကျောက်စွန်းနှင့် တေ့ဆိုင်ကာ ကောတိငြိမ်သက်စွာ ...။

❋ ❋ ❋

## [၁]

❑

''အား ... နာ ... နာတယ်''

ဟိန်းက နာကျင်သွားသော ခြေထောက်ကို ငုတ်တုတ်ထထိုင်ရင်း လှမ်းကိုင်ညည်းညူလိုက်မိ၏။ ခြေထောက်ကို ကြည့်မိတော့ သူ့ ဒူးဆစ်နေရာတွင် နှစ်လက်မခန့်ပြဲနေသော ဒဏ်ရာနှင့် ပွန်းပဲ့ဒဏ်ရာတချို့ တွေ့ရသည်။ နဖူးထောင့်နေရာကလည်း နာနေသဖြင့် သူစမ်းကြည့်မိ၏။ နဖူးထောင့်တွင် ဘုကြီးတစ်ခု ထွက်နေသည်။ ဖိမိသည်နှင့် နာကျင်သွားပြီး သူ အားနဲ့ အော်မိသည်။ သူက သူ့ဒူးဆစ်ဒဏ်ရာကို ပြန်ကြည့်၏။ ဒဏ်ရာမှ သွေးများ ထွက်နေသော်လည်း မိုးရေနှင့်အတူ ပါပါသွားကာ ကျဲပါးပျောက်ကွယ်သွား ကြသည်။

ထိုစဉ် လေပြင်းတစ်ချက် ဝေါခနဲ တိုက်လိုက်ရာ သူသည် ချမ်းတုန် သွားလျက် ပခုံးကျုံ့လိုက်မိ၏။ ဟိန်းတစ်ကိုယ်လုံး မိုးရေများ စိုရွှဲနေသည်။ သူ ... ဘာဖြစ်တာလဲ။ ဘာလို့ မိုးရေထဲ ရောက်နေတာလဲ။

ဟိန်း အံ့အားတသင့်တွေးလိုက်ရင်းက မေမေ၊ ဖေသော်နှင့် သတိုး ကို ဖြုန်းခနဲ သတိရသွားသည်။ တစ်ဆက်တည်း သူတို့စီးလာသော ကား လေး မြေစိုင်နှင့်အတူ အိခနဲ ထိုးကျသွားသည်ကိုပါ မှတ်မိလိုက်၏။





''ဟင့် ... ဟင့် ... မေမေ ... မေမေ ... ဖေ ... ဖေသော် ... သ ... သတိုး''

ပတ်ဝန်းကျင်ကို ပြူးတူးပြဲတဲလျှောက်ကြည့်ကာ ဟိန်းအထိတ် တလန့်နှင့် ငိုရှိုက်ရင်း အော်ခေါ်လိုက်မိ၏။ မိုးပေါက်ကြီးများကြောင့် မှုန်ဝါး နေကာ သူ့ရှေ့မြင်းကွင်းကို ကောင်းစွာမမြင်ရ။

''အီး ... ဟီး ... ဟီး ... မေ ... မေမေရေ ... ဖေသော် ... ဖေသော်''

သူ ငိုရင်း ဒယီးဒယိုင်ထအရပ်တွင် မိုးရေနှင့်ချော်၍ ဖင်ထိုင်လျက် ပြဲလဲကျသွား၏။ ဒဏ်ရာရှိသော ဒူးဆစ်နေရာမှလည်း စူးခနဲ စစ်ခနဲ နာကျင် သွားသည်။ အအေးဒဏ်ကြောင့် ဟက်တက်ကွဲဒဏ်ရသည့် တစစ်စစ် ဆိုးဝါး စွာ နာလာသည်။

''အီး ... ဟင့် ... ဟင့် ... မေ ... မေ ... အီး ... ဟီး ... သ ... သတိုး''

ဟိန်းက ချောနေသော မြေကြီးကို လက်ထောက်ကာ ကုန်းထရင်း ငိုရင်း အော်ခေါ်ရင်း ဘေးဘီသို့ မျက်ကလူးဆန်မျှ ရှာဖွေကြည့်မိသည်။ သည်းထန်လှသော မိုးကြောင့် သူ့ရှေ့အနည်းငယ်မျှကိုသာ မြင်ရ၏။ လေ ပြင်းဖြင့် သစ်ကိုင်းသစ်ခက်များ အချင်းချင်း တခြောင်းခြောင်း ရိုက်ခတ်သံ၊ ကိုင်းကျိုးကျသံနှင့် မိုးသံ လေသံများက ကြောက်မက်ဖွယ် ဆူညံပွက်လော ရိုက်နေသည်။

မေမေ၊ ဖေသော်နှင့် သတိုးတို့ကို အော်ခေါ်ရင်း ငိုရင်း ဟိန်း ကြောက်ကြောက်နှင့် စမ်းစမ်း စမ်းစမ်းသွားသည်။ ဒဏ်ရာရှိသော ဒူးကို ကွက်ထွဲကာ နာနာနှင့် သူကြိုးစားသွားနေခြင်းဖြစ်လေသည်။ သူ ချမ်း လည်း ချမ်းလှပြီ။ ဂျာကင်ဝတ်ထား၍ မိုးရေနှင့် အသားတိုက်ရိုက်မထိတွေ့ရ သော်လည်း စိုနေသော အဝတ်ကြောင့် သူ့ကို ရေခဲဝတ်နှင့် ပတ်ထားသလို ဖြစ်ကာ သူ နိုက်နိုက်တုန်နေ၏။

သူသည် မြေပြင်ပြန့်တွင် သွားနေရခြင်းမဟုတ်ဘဲ ခပ်မြေးရှိ အမြင့်ဆီသို့ ကုပ်ကပ်တက်နေမိခြင်း ဖြစ်လေသည်။ မိုးရေအပြင် မျက်ရည် ဖုံးနေသော သူ့မျက်လုံးများက ဝေဝါးနေသောကြောင့် သူဘာကိုမျှ ကောင်း ကောင်းမမြင်ရ။ မြေကိုစမ်းရင်း လေးဘက်မထောက်ရရုံ ကုန်းတက်နေ ရ၏။

''အား ... ဘ ... ဘဘ ... ဘကြီးလဲ''

ဟိန်း ဖင်ထိုင်လျက် ပြန်လျှောကျသွားရ၏။ မြေကို ကုန်းထောက် ၍ စမ်းတဝါဝါးတက်နေစဉ် သူ့ညာလက်က ပျော့အိအိအရာကြီးတစ်ခုကို ကိုင်ထောက်မိလိုက်သဖြင့် သူလန့်အော်ပြီး နောက်အဆုတ်တွင် မိုးရေနှင့် ချောကာ လဲကျသွားခြင်းဖြစ်သည်။ သူ ထောက်မိသော အရာကို အလန့် တကြား မြူးပြလှမ်းအကြည့်တွင် ဟိန်းရင်တို့ လှိုက်ခနဲဖြစ်သွား၏။

''သ ... သ ... သတိုး ... သ ... တိုး''

ဟိန်းလူးလဲထကာ သတိုးရှိရာ ကုန်းရုန်းသွားမိသည်။ သတိုး၏ ကျောကင်ကို သူမြင်လိုက်ရခြင်းဖြစ်ပါ၏။ သတိုးသည် ခပ်လျှောလျှော ကမူထိပ် ပေါ်တွင် မှောက်လျက်သားရှိနေသည်။ အဆက်မပြတ် ရွာနေသော မိုးရေ စီးကြောင်းက သတိုးအောက်မြေပြင်ကို ရွှံ့အဖြစ်ပြောင်းစေပြီး ၎င်းရွှံ့များပေါ် မှောက်လျက်လဲကျနေသည့် သတိုးမှာ ရွှံ့ရည်များနှင့်အတူ အောက်ဘက်သို့ ဖြည်းလေးစွာ ချောကျလျက် ရှိနေသည်။

သတိုးရှိနေသော မြေပြင်မှာ ခပ်စောင်းစောင်းမျှဖြင့် ပြေနေသေး သည့်အတွက် သတိုးမှာ ရွေ့သည်ဆိုရုံမျှသာ လျှောကျနေခြင်းဖြစ်သည်။ သို့သော် ၆ ပေခန့်ရှိမည့် ကုန်းပြေလျှောကျော်လျှင်မူ တစ်ဆစ်ချိုးချောက် ဖြစ်နေ၏။ သတိုးသာ ထိုမြေပြင်ပြေအစပ်ထိ လျှောကျသွားပြီးပါကမူတစ်ဆင့် အောက်ဘက်သို့ ထိုးကျသွားပေလိမ့်မည်။

ဟိန်းက သတိုးကို စိုက်ကြည့်နေမိ၏။

သူနှင့်သတိုးသည် ရန်မဖြစ်ကြသော်လည်း ယခုအချိန်ထိ တစ် ယောက်ကိုတစ်ယောက် စိမ်းနေကြဆဲ။ ဟိန်း မေမေက သတိုးကို ယုယ





ကြင်နာစွာ ထွေးပွေ့လေတိုင်း ဟိန်း ဘာမျှမပြောသာသည့်တိုင် မကျေလည် အကြည့်ဖြင့် မနာလိုစွာ စောင့်ကြည့်နေမိတတ်၏။

ထို့အတူ သတိုးမေမေက ဟိန်းကို ဂရုတစိုက် အရေးတယူရှိလေ တိုင်း သတိုးကလည်း အကဲခတ်မျက်နှာနှင့် စောင့်နေတတ်သည်။ ဟိန်းနှင့် သတိုးသည် ရင်ထဲမှ မကြည်စိတ်ကိုယ်စီကို အသီးသီး အပြန်အလှန်မြင်ကြ ၏။ သို့နှင့်ပင် သူတို့နှစ်ဦးသည် အကြောင်းကိစ္စရှိရှိမှလွဲ၍ စကားပင် သေချာ မပြောဖြစ်ကြ။ တရင်းတနှီး ဆက်ဆံမှုမျိုးလည်း မရှိ။ ဖာသိဖာသာပင် နေ ခဲ့ကြသည်။ ကစားစရာများကို အပြန်အလှန်ယူ၍ ကစားမိကြသည့်တိုင် အတူတော့ မဆော့ဖြစ်ပါ။

ဟိန်းက သတိုးကို ခပ်ရှုးရှုး ပြန်ကြည့်လိုက်သည်။ ခေါင်းထဲမှ အတွေး များကို သူပုံဖော်နေမိ၏။

သတိုးသည် ရွှံ့များနှင့်အတူ ချောက်ဘက်ဆီသို့ ဆက်၍ ခပ်ဖြည်း ဖြည်း လျှောကျနေလေသည်။

❋ ❋ ❋

## [၆]

❑

"သတိုး ... သတိုး ... ဟေ့ကောင် ... သတိုး"

ဟိန်းက မှောက်လျက်လဲနေသော သတိုးကို ကုန်းလျှောဆီမှ လွတ်အောင် အားစိုက်ဆွဲယူလိုက်၏။

"အား ... ကျွတ်ကျွတ် ... နာ ... နာလိုက်တာ"

"အင်း ... ဟင်း ... ဟင်း ... အား ..."

သတိုးကို အားစိုက်ဆွဲလိုက်ရသဖြင့် ဟိန်း၏ ဒူးဒဏ်ရာက ဟက်ဖြဲကာ သွေးစက်လက်ထွက်လာ၍ ဟိန်း နာနာကျင်ကျင် ညည်းလိုက်မိသည်။ သတိုးထံမှလည်း ညည်းသံအချို့ ထွက်လာသည်။ သတိုး အသံသဲ့သဲ့ကြောင့် ဟိန်း ထိတ်ခနဲဝမ်းသာသွားကာ သူ့ဒဏ်ရာကို ဂရုမပြုနိုင်တော့ဘဲ သတိုးကို ဆွဲလှန်လိုက်၏။ ဟိန်းက သတိုးနာမည်ကို တတွတ်တွတ်ခေါ်ရင်း အဆက်မပြတ်လှုပ်ခါနေခြင်းကြောင့် ညည်းညူသံနှင့်အတူ သတိုးလှုပ်လာသည်။

သတိုး၏ နဖူးထောင့်တွင်လည်း ဒဏ်ရာဟက်တက်ရှိနေပြီး ထို ဒဏ်ရာမှ သွေးထစိမ့်စိမ့် စီးကျနေသည်ကို မြင်ရ၏။ သို့သော် ဟိန်း၏ ဒဏ်ရာများကဲ့သို့ပင် မိုးရေနှင့်သွေးများ ရောသွားသဖြင့် သွေးရည်ကျိုးကြောင်းကိုသာ အဆက်မပြတ် တွေ့နေရလေသည်။





"သတိုး ... သတိုး ... သတိရပြီလား"

"အား ... အင်း ... ကျွတ် ... ကျွတ် ... ဘာ ... ဘာဖြစ်တာ"

သတိုးက ညည်းညည်းညူညူမေးလိုက်ရာက မတ်ခနဲဖြစ်သွား၏။ သူ ချက်ချင်းမှတ်မိသွားဟန်နှင့် လူးလဲထထိုင်လိုက်သည်။ ဟိန်းက သတိုးကို တွဲထူကူညီပေးရ၏။

"တို့ ... တို့ကား ... ဟာ ... ဖေဖေ ... ဖေဖေ ... မေမွန်၊ မေမွန်တို့ရော"

ဟိန်းက ငိုရင်း ခေါင်းခါပြလိုက်၏။

"ငါ ... ငါတို့ကား မြေပြိုပြီး ပါသွားတာမို့လား။ ဖေဖေနဲ့ မေမွန် အစ် ... အီး ... ဟီး ... ဟီး ... ဖေဖေ ... မေမွန် ... မေမွန်ရေ"

ပြောနေရင်း သတိုးထံမှ စိုးရိမ်တကြီး အော်ခေါ်သံနှင့်အတူ အစ်ခနဲ ရှိုက်ငိုသံထွက်လာသည်နှင့် ဟိန်းကပါ တဟီးဟီး ငိုလေတော့သည်။

"ငါ ... ကား ဘာနဲ့လည်းမသိဘူး။ အဆောင့်မှာ တံခါးပွင့်သွားပြီး လွင့်ကျသွားတာ သိလိုက်တယ်။ မင်းလည်း အဲလိုပဲ ကျခဲ့တာဖြစ်မယ်။ ဟီး ... အစ် ... မေမွန်နဲ့ ဖေဖေရော"

သတိုးက ပြောရင်းငိုရင်း စိုးရိမ်စိတ်နှင့် ကပျာကယာ လူးလဲထလိုက်၏။ ပြီးမှ သူ့မျက်လုံးများကို မှုတ်ဆွဲကာ မျက်ရည်သုတ်လိုက်ပြီး စိတ်တင်းလိုက်ဟန်ဖြင့် ...

"ဟိန်း ... မငိုနဲ့တော့ကွာ။ ဖေဖေတို့ကို ရှာဖို့ အရေးကြီးတယ်။ ထ ... ဟေ့ကောင် ..."

"အီး ... ဟီး ... ဟီး ..."

ဟိန်းက ယိုင်နဲ့နဲ့ ထရပ်လိုက်သော်လည်း အငို မတိတ်သေး။

"ဟာ ... မင်းကလည်း ငိုနေကလေးကျနေတာပဲ။ တိတ်စမ်းပါကွ၊ မေမွန်နဲ့ ဖေဖေ့ကို ရှာရ ..."

သတိုး အသံကပါ ပူပန်စိတ်ကြောင့် နစ်ဝင်သွားမယောင်ဖြစ်သွား ပြီးမှ ...

''ကားက ဆက်ကျသွားတာကွ၊ တို့ အောက်ဆင်းကြည့်ရအောင် တောက် ... မိုးကလည်း သည်း။ မှောင်ကလည်း မှောင်နဲ့၊ ဘာမှကို မမြင် ရဘူးကွာ''

သတိုးက ပြောရင်း ...

''ဒါနဲ့ ... မင်းကော ... ဘာဖြစ်သွားသေးလဲ''

ဟိန်းက ဒူးနှင့်ခြေမှ ကွဲပြဲပွန်းရှဒဏ်ရာများကို လက်ညှိုးထိုးပြ လိုက်ရင်း ...

''မင်းလည်း ... နဖူးမှာ ကွဲနေပြီ၊ သွေးတွေ ထွက်နေတယ်''

သတိုးက ဒဏ်ရာကိုစမ်းလျက် ခေါင်းညိတ်ပြသည်။ 'သိပ်မများ ဘူးထင်တယ်ကွ၊ သိပ်မနာပါဘူး' ဟုဆိုသည်။ ဟိန်း ဒူးမှဒဏ်ရာကို ငုံ့ကြည့် ပြီး ...

''ဟ ... မင်း ဒူးပြဲတာ အကြီးကြီးပဲ၊ မိုးရေနဲ့မို့ သွေးသိပ်မတွေ့ ရတာ။ မင်း ... လျှောက်လို့ရရဲ့လား''

''ငါ့ ... ငါ့ဒူးက သိပ်နာတယ်ကွ၊ လမ်းလျှောက်ရင်း ကွေးရင် ဆန့်ရင်ကို နာတယ်''

သတိုးက ဟိန်းကို နူးညံ့စွာကြည့်ပြီး ဘေးမှ ထိန်းတွဲပေးလာ၏။ ဟိန်းက သတိုးလက်မောင်းကို အားပြုကာ ရှုံ့မဲ့မဲ့နှင့် တော့နဲ့နဲ့ လိုက်ဆင်း သည်။

''ဟာ ... ဟောဟိုမှာ ... တို့ကား''

သတိုးက ဝမ်းသာအားရအော်လျက် အောက်သို့ လက်ညှိုးညွှန် ပြလိုက်၏။ ဟိန်းက နောက်မှ လှမ်းကြည့်လိုက်သည်။ သူတို့ကားသည် ချောက်ကမ်းပါးစောင်းနေရာတွင် ကျောက်တောင်စွန်းကြီးတစ်ခုကို ဦးတိုက် လျက် ရှိနေလေသည်။





ဟိန်းရော သတိုးပါ မိဘများကို ပူပန်စိတ်ဖြင့် ဒဏ်ရာများကို မေ့ကာ နစ်ယောက်သား လက်တွဲထိန်းလျက် အောက်သို့ ခပ်သွက်သွက် ဆင်းလိုက်ကြသည်။ ဒူးပြဲနာကြောင့် ဟိန်းစိတ်သွားတိုင်း ကိုယ်ကမပါ။

''ဟ ... အား ...''

အလျင်စလို လှမ်းရှားလိုက်မိကြသောကြောင့် ရှေ့မှဆင်းနေသော သတိုးသည် ရွှံ့ရေ မိုးရေနှင့် ချောကာ လက်တွဲထားသော ဟိန်းလက်မှ လွတ်လျက် ချောက်ဘက်ဆီသို့ လျှောကျသွားသည်။ နောက်မှ ဟိန်းမှာလည်း မှောက်လျက်လဲသွား၏။

''ဟာ ... သ ... သတိုး ...''

သတိုးသည် ကုန်းလျှောတွင် ရွှံ့နှင့်ချော်ကာ ခြေကားယား၊ လက် ကားယား ဖြစ်သွား၏။ သူ့ကိုယ်ကို ထိန်းရန် မြေကို လက်ထောက်ကုပ်ဆွဲ နေသော်လည်း၊ ရွှံ့များကြောင့် ခြေကုပ်လက်ကုပ်မရ ဖြစ်နေသည်။

ဟိန်းက တမုဟုတ်ချင်းပင် မှောက်လျက်လဲနေသော အနေအထား မှ လက်ထောက်အားယူလိုက်၏။ လက်အားအပြင်ခြေကိုပါ ကန်လျက် သတိုးရှိရာ ဟပ်ထိုးခုန်ချကာ သတိုးကို ဖမ်းဆွဲလိုက်သည်။ ကိုယ်ပို့ကားယား ဖြစ်နေသော သတိုး၏ လက်တစ်ဖက်ကို သူဆွဲလိုက်မိ၏။

မှောက်လျက်လဲကျစဉ်မှာပင် ပြဲနေသော ဒူးဒဏ်ရာကို ထပ်ထိ ကာ စူးစူးဝါးဝါး နာကျင်နေသည့်အထဲ သတိုးဆီ ဟပ်ထိုးခုန်အုပ်လိုက်ရ သဖြင့် သူ့ဒူးအပြဲထဲ ရွှံ့နှင့် ကျောက်စများ ထိုးထဲ့သွင်းလိုက်သလို ဖြစ်ကာ အသည်းခိုက်မျှ ခံစားလိုက်ရသည်။

''အီး ... ကျွတ် ... ကျွတ်''

ဟိန်း နာလွန်း၍ မျက်စိစုံ ပိတ်ကာ အော်ညည်းလိုက်မိ၏။ သူ့ လက်တစ်ဖက်ကလည်း သတိုးလက်ကို တင်းတင်းဆုပ်ရင်း ဖမ်းဆွဲထားရ သေးသည်။ သတိုး၏ ကိုယ်အလေးချိန်ကြောင့် ဟိန်းပါ လျှောကျမလိုဖြစ် နေ၏။ ဟိန်းက လွတ်နေသော လက်တစ်ဖက်ဖြင့် ကိုင်ဆွဲစရာရှိနိုး ကမျာ ကယာ လျှောက်စမ်းမိသည်။

"ဟာ ..."

ဟိန်း လှိုက်ခနဲ ဝမ်းသာသွားသည်။ သူ့လက်က မြေပေါ်သို့ တစ်ထောင်ခန့် ပေါ်ထွက်နေသော အေးဘက်ရှိ ကျောက်စွန်းတစ်ခုကို ဝမ်းလိုက်မိ၍ ဖြစ်သည်။ ဟိန်းက တစ်ဖက်မှ သတိုးကိုလည်း ဆွဲရင်း ... ကျောက်စွန်းကို မိမိရရ ကိုင်နိုင်အောင် ကိုယ်ကို ကျောက်စွန်းဘက်သို့ ရနိုင်သမျှ တိုးကပ်လိုက်သည်။ သူ၏ လက်ကို ကျောက်စွန်းအား လုံးလုံးဖက်တွယ်မိစေရန် အားထုတ်လိုက်၏။ ကျန်လက်တစ်ဖက်က ချောကျနေသော သတိုးကို လွတ်မသွားစေရန် ဆွဲထားရသေးသဖြင့် နှစ်ကိုယ်စာအလေးကို တောင့်ခံလျက် လွှပ်ရှားရသည်မှာ ခက်ခဲပင်ပန်းလှတော့သည်။ ကြားထဲ ခူးအနာက စူးစူးနစ်နစ်ကြီး နာလှလေပြီ။ သူ သတိုးလက်ကို လွှတ်ပစ်ချင်စိတ် ပေါက်လာမိတော့၏။ ငါ လွှတ်ချပစ်ရင် ကောင်း ... ကောင်းမယ်ထင်တယ် အား ... ကျွတ် ... ကျွတ် ..."

"သ ... သတိုး ... မင်း လက်နှစ်ဖက်လုံးနဲ့ ငါ့ ... ငါ့ လက်ကို ဆွဲ ... ဆွဲ ... ပြီး ... မြေကန် တက်ခဲ့"

ဟိန်း မောပန်းတကြီး ပြောလိုက်သည်။ ဟိန်းလက်တစ်ဖက်က ကျောက်စွန်းကို ပိုင်ပိုင်နိုင်နိုင် ဖက်တွယ်လိုက်နိုင်သော်လည်း သတိုး၏ ကိုယ်ခန္ဓာကို လက်တစ်ဖက်တည်းအားဖြင့် သူ ဆွဲမတင်နိုင်။ ဆုပ်ကိုင်ထားသော သတိုးလက်ကိုပင် လွှတ်ထွက်မသွားရစေရန် မနည်းတောင့်ခံနေရ၏။

သတိုးသည် ဟိန်းပြောသည့်အတိုင်း ကားယားလွတ်နေသော သူ့လက်တစ်ဖက်နှင့်ပါ ဟိန်းလက်ကို ဖမ်းဆွဲလိုက်သည်။ ခြေနှစ်ချောင်းကိုလည်း မြေသို့ ထောက်ကန်၍ အားယူတက်နေ၏။ သတိုး၏ ဆွဲအားကြောင့် ဟိန်းမှာလည်း ကျောက်စွန်းကို အသည်းအသန်အားကုန်ဆွဲ၍ တင်းခံနေရသေးသည်။ ရွံ့များနှင့် ချောနေသောကြောင့် အကြိမ်ကြိမ် ခြေချော်ရင်း ရုန်းကန်တက်ရင်းက နောက်ဆုံး ဟိန်းဖက်ထားသော ကျောက်စွန်းကို သတိုးမိလာသည်။





မောချွေးနှင့် မိုးရေရောကာ နှစ်ဦးလုံး၏ မျက်လုံးထဲတွင် ကျိန်းစပ်နေစေတော့၏။

သတိုးက ကျောက်စွန်းကို မိမိရရ ဆွဲကိုင်လိုက်နိုင်ပြီး နှစ်ယောက်သား ကျောက်စွန်းအကူဖြင့် တစ်ယောက်တစ်လှည့် ဆွဲကူရုန်းကန်တက်လျက် မြေပြန့်ပေါ်သို့ အန္တရာယ်ကင်းစွာ ရောက်ရှိသွားချိန်၌ကား နှစ်ဦးလုံး မြေပေါ်တွင် ပက်လက်လန်ကာ အမောဆို့လျက် ရှိနေကြတော့သည်။

☼ ☼ ☼

## [၇]

❑

သူတို့ကားနောက်ခန်း တံခါးနှစ်ဖက်လုံး ပွင့်နေသည်။

ကားကို ဆီးခံထားသော ကျောက်တောင်စွန်းမှာ ပြင့်မားပြီး ကားနှစ်လျားစာမျှ ရှည်မည်ထင်၏။ ကားသည် ကျောက်စွန်းကြီးကို ဦးတစ်ခြမ်းတိုက်ကာ ခပ်စောင်းစောင်း ရှိနေသည်။ ကံကောင်းထောက်မစွာဖြင့် ကျောက်တောင်စွန်းကြီးက ခုခံပေးလိုက်၍သာ ချောက်အောက်ခြေထိ ကားထိုးကျမသွားခြင်းဘဲဖြစ်သည်။

ဒဏ်ရာအနာနှင့် ဟိန်းက နောက်မှာကျန်ခဲ့ကာ သတိုးက ကားဆီသို့ အလျင်ရောက်သွားပြီး ရှေ့ခန်းကားတံခါးကို အလျင်စလို ဆွဲဖွင့်လိုက်သည်။ ဟိန်း မေမေသည် ကားရှေ့ဒက်ရှ်ဘုတ်ခုံပေါ်သို့ ခေါင်းစိုက်လျက်ရှိနေသည်ကို ဟိန်း လှမ်းမြင်ရ၏။ ဟိန်းက မေမေ့ကို တကြော်ကြော်အော်ခေါ်လိုက်မိသည်။ ဟိန်း ကားဆီသို့ရောက်သောအခါတွင်ကား သတိုးသည် မေမေ့ကို ကားနောက်မှီကုရှင်ဆီသို့ ဆွဲလှန်နေလေသည်။

"ဟီး ... မေမေ ... မေမေ"

ဟိန်း အော်ငိုမိသည်။





မေမေ့မျက်နှာတွင် သွေးများဖုံးနေ၏။ သတိုးရော ဟိန်းပါ အထိတ်တလန့် အော်လိုက်မိကြသည်။ ထို့နောက် သတိုးသည် သူ့နောက်တွင်ရပ်နေသော ဟိန်းကို တွန်းဖယ်ကာ ကားတစ်ဖက်ခြမ်းဆီသို့ ပြေးသွား၏။ ဖေဖေသော်သည်လည်း ကားစတီယာတိုင်ကို မျက်နှာအပ်ကာ ငြိမ်သက်နေသည်ကို ဟိန်း တွေ့ရသည်။ သို့သော် မေမေရောဖေဖေသော်ပါ အသက်ရှူနေဆဲရှိနေလေသည်။

သတိုးက တစ်ဖက်ခြမ်းတံခါးကို ဆွဲဖွင့်ရင်း သူ့အဖေကို ဆွဲလှန်လိုက်ပြန်၏။ ဖေသော်၏ မျက်နှာတွင်မူ သွေးမတွေ့ရပါ။ နှာခေါင်းရိုးပေါ်တွင် တစ်ခုခုနှင့် ဆောင့်မိထားဟန်ဖြင့် ကန့်လန့်ဖြတ် အညိုစင်း သွေးခြည်ဥရာကြီး ထင်နေ၏။ နှစ်ဦးလုံးကားမှ ခါးပတ်များ ပတ်ထားဆဲတွေ့ရသည်။

နှစ်ယောက်သားမှာ အဖေ၊ အမေကို တစ်လှည့်စီကြည့်ရင်း ဘာဆက်လုပ်ရမည်မသိ ဗျာများနေရာက ကားခေါင်းဆီသို့ ဟိန်းအကြည့်ရောက်သွားသည်။ ကားခေါင်းဘက်မှ လှုပ်လှုပ်ရှားရှား သဏ္ဍာန်တစ်ခုကို မျက်လုံးထောင့်တွင် ရိပ်ခနဲ မြင်လိုက်ရ၍ ဖြစ်၏။

"ဟာ ... သ ... သတိုး ... ကားခေါင်းမှာ ... မီးခိုး ... မီးခိုးတွေ ထွက်နေတယ်"

မိုးရေကြားထဲကပင် ကားခေါင်းမှ မီးခိုးများ အူထွက်နေသော လှုပ်ရှားမှုအရိပ်ကို သူမြင်လိုက်ရခြင်းဖြစ်ပါ၏။ ကြည့်ဖူးသော ဗီဒီယိုကားများထဲက ကားချောက်ထဲကျကာ မီးလောင်ပေါက်ကွဲပုံများကို စိတ်အာရုံထဲ ဖျတ်ခနဲမြင်ယောင်မိလိုက်သည်။

"သတိုး ... ကား ... ကားမီးလောင်မလား မသိဘူး။ မေမေတို့ကို ကားထဲက မြန်မြန်ဆွဲထုတ်မှ ဖြစ်မယ်"

ဟိန်း ထိတ်ထိတ်ပျာပျာ လှမ်းပြောလိုက်၏။

သတိုးကလည်း မီးခိုးအချို့ အူထွက်နေသော ကားခေါင်းဆီသို့ ပြူးပျာပျာ လှမ်းကြည့်ကာ သူ့အဖေကိုယ်ကို ဆွဲကိုင်လှုပ်ခေါ်ရင်းက ...

"ဟိန်း ... မေမေ့ကို ဆွဲထုတ်ရအောင်၊ ငါ့ကို မြန်မြန်လာကူ"

ပြောပြောဆိုဆို မေမေ့သော့ကို သတိုး ဆွဲလိုက်၏။

"ဘာကူ ... ငါ့မေမေကို အရင်ဆွဲထုတ်မယ်၊ မင်း လာကူ"

"ဟာ ... မေမေ့ကို အရင်ထုတ်မယ်။ မီးနီးက မေမေ့ဘက်အခြမ်း ကားစက်ပုံးအောက်က ထွက်နေတာ။ မေမေ့ကို အရင်လာဆွဲ"

"မဆွဲဘူး။ မေမေ့မျက်နှာမှာ သွေးတွေချည်းပဲ။ မေမေ သွေးလွန်မှာ စိုးရတယ်။ မေမေ့ကို အရင်ဆွဲထုတ်မယ်"

ဟိန်းကလည်း မေမေ့ကို လွှပ်ခါမြည်တမ်းလျက် ခပ်မာမာပြန်ပြော၏။

သူတို့သည် ပါးစပ်ကလည်း ငြင်းရင်ခုန်ရင်း၊ လက်ကလည်း ကားထဲ တွင် ညပ်နေသော အမေအမေကို ကိုယ်စီဆွဲထုတ်ရန် ကမူးရှူးထိုး ကြိုးစားနေမိကြသော်ငြား တစ်ယောက်တည်းအားဖြင့် မည်သို့မျှ မတတ်နိုင်ကြ။ နှစ်ယောက်ဆွဲပါမှ ရမည်ထင်သည်။

"ဟိန်း ... ဒီမှာ လာကူလို့ ပြောနေ"

"မေမေ့ကို အရင်ထုတ်မယ်ဆိုကွာ"

နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် တင်းတင်းရှူးရှူး စိုက်ကြည့်မိကြ၏။

ခွေးကောင် ... သူ ချောက်ထဲမှာကျမှာစိုးလို့ ငါ့မှာ ဒဏ်ရာကြီးနဲ့ အနာခံကယ်လိုက်ရတာ။ သူ့ကျတော့ သူ့အမေ အရင်ကယ်မတဲ့။ ဒီလိုမှန်းသိ မကယ်ဘဲ ငါလွှတ်ချခဲ့ရ အကောင်းသား။ ကျေးဇူးအတော် ကန်းတဲ့ကောင်။

ဒီမှာ မေမေက ခြေထောက်ညပ်နေတာ။ ကျိုးတောင်ကျိုးသွားလား ဘာဖြစ်နေလည်း မသိဘူး။ မေမေ့ကို အရင်ထုတ်မှဖြစ်မှာပေါ့။ ဟွန်း ... ကိုယ့်ဗိုက်ပဲသိတဲ့ ကောင်စုတ်။ မေမေကြောင့် ဒီကောင့်ကို ချစ်လိုက်ရတာ၊ မတန်တဲ့ကောင်။

---

သူရိန်ဇာမေ



စောစောက မေမွန်ဘက်ခြမ်းတွင် ရပ်နေစဉ်က သူလှမ်းမြင်လိုက်ရသော မေမေ၏ သွေးရွှဲခြေထောက်နေရာကို မြန်မြန်မြင်ယောင်ရင်း သတိုး တွေးသည်။

မကျေမလည် အတွေးကိုယ်စီဖြင့် မျက်လုံးချင်း အကြီးအကျယ်စ် ထိုးလိုက်ကြ၏။

"တောက် ... အချိန်မရှိရတဲ့အထဲကွာ၊ ဟေ့ကောင် ... ဟိန်း ... မင်း ငါပြောတာ နားထောင်စမ်းကွာ။ ငါ့ကို အရင်လာကူ"

"အံမာ ... ငါက မင်းထက်ကြီးတယ် ... ဟေ့ကောင်၊ ထောင်ချင်းထောင် မင်းက ငါ့စကား နားထောင်ရမှာကွ၊ ငါ့အမေကိုပဲ အရင်ထုတ်မယ် ဒါပဲ"

တစ်ယောက်က အံကြိတ်လျက် နောက်တစ်ယောက်က ရှူးရှူးဝိုးဝိုး စိုက်ကြည့်လျက်။

ကားခေါင်းမှ မီးနီးများထဲသို့ သူတို့နှစ်ဦးထံမှ အမုန်းငွေ့များပါ ရောနှောပေါင်းစပ်သွားကြ၏။

☼ ☼ ☼

[၈]

❑

သတိုးက ဟိန်းကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ နောက် ကျရှင်နောက်မှီတွင် ဖက်စောင်းလျက် ငြိမ်သက်နေသော မေမွန်ကို လှမ်း ကြည့်၏။ မေမွန်သည် ကားဒက်ရှ်ဘုတ်နှင့် ဆောင့်မိထားပုံရပြီး ခေါင်းဆီမှ သွေးစီးကြောင်းများ စီးကျနေကော မျက်နှာတစ်ခုလုံး သွေးဖုံးနေလေသည်။ သတိုး တွေခနဲ ဖြစ်သွား၏။

ဟိန်းကလည်း သတိုးကိုကြည့်နေရာမှ ဖေသော်ဆီ ကြည့်မိ၏။ ဖေသော့်တွင် နှာခေါင်းသွေးခြည်ဥအရာ ညိုညိုကြီးမှအပ မျက်နှာ၌ သွေး သွေးနမရှိ။ ဟိန်းအကြည့်က ဖေသော့်ခြေထောက်များဆီ ရောက်သွား သည်။

ဟင် ....ဟိန်း လန့်သွားသည်။

ဟိန်းဘက်မှ မြင်နေရသော ဖေသော့် ဘယ်ခြေထောက်ပေါ်တွင် အုပ်နေသည့် ဖေသော့်ပုဆိုးသည် သွေးများ ရွှဲနေသည်။ ဖေသော့်ခြေထောက် မှာ ဒဏ်ရာတစ်ခုခု ရနေသည်မှာ သေချာပြီ။ ခြေထောက်များ ကျိုးသွားလေ သလား။ ဟိန်း ပူပန်စိတ်ဖြင့် ထိတ်ကာ ငိုင်သွားသည်။





သူတို့ရင်ထဲတွင် အဖေ အမေအတွက် စိုးရိမ်စိတ်တို့ဖြင့် ဗလောင် ဆူနေမိကြ၏။ နှစ်ယောက်လုံးမှာ ဖွင့်ထားသော ကားရှေ့ခန်းတံခါးဘေး ဘယ်ညာတွင် မိုးရေထဲရပ်လျက် အဖေ အမေကိုယစ်ကို စိုးရိမ်တကြီး ဖက် တွယ်ရင်း ရပ်နေမိကြသည်။

ပတ်ဝန်းကျင်သည် လေသံတဝူးဝူး ကြားနေရသော်လည်း စော စောကလောက် အရှိန်မပြင်းတော့။ မိုးကမူ အနည်းငယ် အရှိန်လျော့သွား သည်မှအပ သည်းလျက်ပင် ရှိနေသေး၏။

သတိုးက တွေတွေကြီး ရပ်နေရာမှ –

"ဟိန်း ... မေမွန်ဒဏ်ရာတို့ကြည့်ပြီး သွေးထွက်ရပ်အောင် အရင် လုပ်ပေးလိုက်။ နောက်ခန်းမှာ ငါတို့အကျီတွေ ပါတာပဲ၊ အကျီနဲ့ခေါင်းကို စည်းပေးထား"

သတိုးက သူ့ဖေဖေခြေထောက်ကို ကုန်း၍ငုံ့ကြည့်ကာ ခေါင်း တစ်ချက်ယမ်းလိုက်၏။ သတိုးမျက်လုံးများတွင် မျက်ရည်လာ၊ မိုးရေလား မသိ။ အရည်ကြည်များ ပြည့်လျှံလာသည်။

ပြောပြောဆိုဆိုပင် သတိုးသည် ကားရှေ့စက်ဖုံးဆီသို့ ပြေးထွက် သွားသည်။ ဟိန်းနေရာမှကြည့်လျှင် ဒီတိုးပြေးသွားရာ ကားစက်ခန်း ညာ ဘက်ခြမ်းစက်ဖုံးသည် ခပ်ဟဟဖြစ်နေသည်ကို မြင်ရသည်။ ထိုနေရာမှ မီးခိုးအချို့ အူထွက်နေခြင်းဖြစ်လေသည်။

သတိုးက ဟနေသောကားစက်ဖုံးကို ဆွဲလှန်၍ ဖွင့်လိုက်၏။ ခပ် သည်းသည်းရွာနေသော မိုးရေများက ကားခေါင်းအတွင်း တဝေါဝေါကျနေ သည်။ ဟိန်းမှာ သတိုး၏ လှုပ်ရှားမှုများကို အကြောင်သား ငေးကြည့်နေ မိသေးရှိ၏။ သတိုးက ကားစက်ခန်းတွင်း ငုံ့ကြည့်နေရာက ခေါင်းမော့လာ ပြီး ...

"ဟိန်း ... ဖေဖေ့ခြေထောက်ကိုလည်း သွေးတိတ်အောင် အဝတ် စည်းထားပေဦး။ မင်း အားလုံးကြည့်လုပ်လိုက်တော့ကွာ"

ပြောရင်းဆိုရင်း သတိုးသည် ကားကိုပတ်ကာ ချောက်အပေါ်ဘက်သို့ ပြေးထွက်သွား၏။ မြေကိုလေးဘက်ထောက်ကာ ဟိုဆွဲသည်ဆွဲနှင့် အပေါ်သို့ ကုပ်ကပ်တက်နေသည်။

"သတိုး ... သတိုး ... ဘာလုပ်မလို့လဲ။ မင်း ... မင်း ... ဘယ်သွားမလို့လဲ"

ဟိန်း တအံ့တသြ အော်မေးလိုက်သော်လည်း သတိုးက လှည့်မကြည့်။ အပေါ်သို့သာ အလျင်အမြန် ကုပ်ဆွဲတက်သွားနေသည်။

ချောက်မှာ မတ်စောက်သော ချောက်ချိုးမဟုတ်ဘဲ ဆင်ခြေလျှောဖြစ်သည်။ မိုးရေ၊ ရွှံ့ချော်ဖြင့် ချောနေသည်မှအပ လေးဘက်ကုန်းရုန်းတက်မည်ဆိုက တက်နိုင်လေသည်။ တစ်ခဏချင်းပင် သတိုးသည် ချောက်ပေါ်ရောက်သွားကာ ဟိန်းမြင်ကွင်းမှ ပျောက်ကွယ်သွားတော့၏။

ဟိန်း ... ရုတ်ချည်းအားငယ်သွားသည်။ သတိုးက သူနှင့်မေမေ ဖေသော်တို့ကို ထားခဲ့လေပြီ။ ဟိန်း အီးခနဲ ငိုရှိုက်လိုက်မိ၏။ ကားမီးလောင်ပေါက်ကွဲမည့်ဘေးမှလွတ်အောင် ရှောင်သွားခြင်းပဲဖြစ်မည်။

တောက် .... တစ်ကိုယ်ကောင်းဆန်တဲ့ကောင်။

ဟိန်း ဒေါသဖြစ်နေသည့်ကြားက ကြောက်ကြောက်ရွံ့ရွံ့နှင့် ကားခေါင်းဆီ အထိတ်တလန့် လှမ်းကြည့်မိသည်။ ကားက အချိန်မရွေး မီးလောင်ပေါက်ကွဲသွားနိုင်သည် မဟုတ်လား။

ဟင်း ... မီးခိုးတွေ မရှိတော့ဘူး။

တရဟော ရွာနေသော မိုးက ကားခေါင်းတွင် တဖြောင်းဖြောင်းနှင့် တိုက်ရိုက်စီးကျနေ၏။ မိုးက လောင်မည့်မီးကို တားခဲ့ပြီဟုတွေးကာ ဟိန်း စိတ်သက်သာရာ ရသွားသည်။ သူက သတိုးတက်သွားရာ ချောက်အပေါ်ကို မော့ကြည့်မိ၏။ ချောက်မှာ မတ်စောက်ခြင်းမရှိသော်လည်း ငါးတစ်ရိုက်မက မြင့်နေသည်။ သတိုးကသာ တွယ်တက်သွားနိုင်သည်။ ဟိန်းအဖို့တော့ မလွယ်ပါ။ ဟိန်း ဒူးမှ ဒဏ်ရာကြောင့် သည်အမြင့်ကိုတက်ရန် အတော်ခက်ခဲမည်ဖြစ်၏။





ဟိန်းက သူ့ဒူးကို ပြန်ကြည့်မိသည်။ သူ့ဒူးအနာသည် ရွှံ့များပိတ်သျက် ဘေးက ယောင်ကိုင်းစပြုလာကာ ညိုမဲနေ၏။ ရွှံ့ပိတ်နေ၍လားတော့မသိ၊ သွေးမထွက်တော့။

"တောက်"

ဟိန်း မကျေမလည် တက်ခေါက်မိပြန်သည်။

ခွေးကောင်သတိုး၊ သတိုးခွေးကောင်။ သူ့ကျ ငါကယ်ရတယ်၊ ငါ့ကိုကျ ပစ်ထားခဲ့တယ်။ ဟိန်း ဒေါသသအကြီးအကျယ်ဖြစ်နေမိရင်းက ကားတွင်းမှ မိဘများကို ကြည့်မိ၏။

ဟာ ... အချိန်မရှိဘူး။ တော်ကြာ မေမေနဲ့ ဖေသော် သွေးလွန်ကုန်ရင် ...

ဟိန်းက ကားနောက်ခန်းသို့ တော့ချိုက်ချိုက်သွားကာ သူနှင့် သတိုး၏ အဝတ်အိတ်ကို အလျင်စလို လှမ်းဆွဲလိုက်သည်။

❋ ❋ ❋

## [၉]

□

ဟို 'ဟိန်း'ကောင်။ ကြောက်ကကြောက်တတ်ပါဘိနဲ့ ဒဏ်ရာက သွေးတွေသုတ်၊ အဝတ်စည်းပေးဖို့တောင် အဖြစ်ရှိပုံမလား။

သတိုးက ပြေးရင်းလွှားရင်း အတွေးရောက်သည်။ မတတ်နိုင်၊ သန်းခေါင်ထက် ညဥ့်မနက်ပြီ။

ဒီလောက်သာ ဟိန်း လုပ်နိုင်လိမ့်မယ် ထင်ပါရဲ့။

သူ စိတ်နှလုံး တုံးတုံးချယုံလိုက်၏။ အရေးကြီးတာက သူ့အကြံ အောင်ဖို့ပဲ။

လေက တိုက်အားလျော့သွားသည်ဆိုသော်လည်း အပင်များ ယိမ်းခါနေပုံက ကြောက်မက်ဖွယ်ကောင်းနေဆဲ။ တဖြောင်းဖြောင်း တရွှဲရွှဲ မြည်ဟီးနေသည်။ ဟိုမှသည်မှ ကိုင်းကျိုးကျအသံအချို့လည်း ကြားနေရသေး၏။

"ဖြောင်း ... ဝုန်း ..."

"အား ... အမလေး ..."

ပြေးလွှားရင်း အတွေးများနေသော သတိုးရှေ့သို့ သစ်ကိုင်းကြီး တစ်ခု ကျိုးကျလာခြင်းဖြစ်သည်။ ကံကောင်း၍ သတိုးနှင့် ဆယ်ပေခန့်





အကွာအဝေးတွင် ကျိုးကျခြင်းဖြစ်သော်လည်း ကံဆိုး၍ကိုင်းဖျားနှင့် ခတ်မိကာ ခေါင်းတွင် ပွခဲနဲ့ဖြစ်သွားပြီး သတိုးလည်း လဲကျသွား၏။ ပူနွေးနွေး သွေးများက မိုးရေအေးစက်စက်ကြားမှ သတိုး၏ညာဘက်မျက်လုံးဆီ စီးဝင်လာသည်။ သူ ... ခေါင်းပေါက်သွားပြီ။

ကောင်းကွာ ... ခေါင်းဘယ်ဘက်က ကားနဲ့တုံးက ကွဲတယ်။ ခေါင်းညာဘက်က ကိုင်းကျိုးကျလို့ ပြဲတယ်။ ခေါင်းပေါ်တည့်တည့်ကျပြီး မသေတာဘဲတော်သေး။

သတိုးက သူ့ဒဏ်ရာကို ကိုင်စမ်းကြည့်လိုက်၏။ ကားက ဒဏ်ရာကတော့ သွေးသိပ်မထွက်တော့ဟု ထင်သည်။ သစ်ကိုင်းဒဏ်ရာက သွေးများကျနေသော်လည်း အဖျားခတ်မိရုံမို့ ဒဏ်ရာသိပ်ကြီးပုံတော့မရ။ သတိုးက မိုးရေစိုနေသော သူ့ဂျာကင်ခါးအိတ်ထဲ နှိုက်စမ်းကြည့်လိုက်သည်။ ဟေး ရှိတယ်။

သူက အားကစားသမားမို့ ကစားပြီးလျှင် ချွေးသုတ်ရန် စန်းတာဝါတချို့ကို ဂျာကင်အိတ်အတွင်း ထည့်ကာဆောင်ထားလေ့ရှိသည်။ သတိုးက စန်းတာဝါကို ပလပ်စတစ်ဖောက်လျှော့ နဖူးဒဏ်ရာနေရာကို အုပ်လိုက်၏။ လက်တွင် စွပ်ထားသော သားရေကွင်းအချို့ကိုဖြုတ်ကာ စန်းတာဝါပေါ်မှ ခေါင်းကိုပတ်၍ စည်းလိုက်သည်။ နှိုမို့ မျက်လုံးတည့်တည့် စီးကျနေသော သွေးများကြောင့် သူမြင်ကွင်းကောင်းမည်မဟုတ်။ ပြီးသည်နှင့် သတိုးလူးလဲထကာ ကိုင်းကျိုးကို ဟိုကျော်၊ သည်ခွလုပ်၍ ဆက်ပြေးပြန်သည်။

မေမေနှင့် မေမွန်ကို ကယ်နိုင်ဖို့ သူ့အကူအညီ အမြန်ရှာမှဖြစ်မည်။ သူ့စိတ်အတွေးတွင် မေမွန်၏ သွေးဖုံးနေသောမျက်နှာနှင့် မေမေ၏ သွေးရွှဲခြေထောက်ကို မြင်ယောင်လာကာ စိုးရိမ်စိတ်ဖြင့် မိုးရေထဲ အားသွန်ပြေးမိ၏။ ဖေကြောင့် ပြေးနေမိသော်လည်း တကယ်တော့ သူ ဟောဟဲလိုက်အောင်မောနေပြီ။ မိုးသံကြားကပင် သူ့အသက်ရှူသံပြင်းပြင်းကို သူ့ဘာသာကြားနေရ၏။

ကားကို သည့်လမ်းခွဲတွင်း စဝင်စဉ်က မေမေက ရွာနှင့်မိုင်နှင့်ဆယ် အစိတ်လောက်ပဲ ရှိမည်ဟု ပြောခဲ့သည်။ နာရီဝက်လောက်ပဲ မောင်းရမှာဟုဆိုသည်။ သတိုးတို့ကား ချောက်ထဲမကျမီထိ အတော်ကြာကြာ လမ်းထဲ မောင်းဝင်ခဲ့ပြီးဖြစ်ရာ ရွာနှင့်လည်း အတော်နီးနေလောက်ပြီထင်သည်။ ရွာထဲရောက်အောင် ယူသွားပြီး ရွာသားများကို အကူအညီတောင်းမှဖြစ်မည်။

ဟိန်းက ဒူးတွင် ဒဏ်ရာဟက်တက်ကြီးနှင့် လမ်းပင်ကောင်းစွာ မလျှောက်နိုင်။ ထို့ပြင် ဟိန်းက အားကစားသမားသူ့လောက်လည်း ကြံ့ခိုင်သည်မဟုတ်၍ သူ ရုတ်ချည်းဆုံးဖြတ်ကာ ပြေးထွက်ခဲ့ခြင်းဖြစ်လေသည်။ မိုးရေကျအောင် ကားစက်ဖုံးကို ဖွင့်ခဲ့လိုက်သဖြင့် ကားကို မီးမလောင်နိုင်တော့။ အခြားမီးကူးချေ ရှိမရှိလည်း သူ စစ်ခဲ့ပြီးပြီမို့ သည်အတွက်တော့ စိတ်ချရသည်။ သူ စိတ်ပူစရာက ဟိန်းအတွက်တစ်ခုပဲ။

ဟာ ... ဒီကောင် လုပ်ကိုလုပ်နိုင်မှာပါ။ အင်း ... ဟိန်း၊ သနားပါတယ်။ သူတစ်ယောက်တည်း အားငယ်ဝမ်းနည်းနေမှာ။

ဟိန်းက အမေနှင့် ကြီးပြင်းခဲ့ရခြင်းကြောင့် အဖေနှင့်ကြီးရသော သတိုးလောက် စိတ်မမာသော်လည်း ဉာဏ်ကောင်းပြီး အစွမ်းအစရှိပါသည်။ သူ လုပ်နိုင်ပါလိမ့်မည်။

မိုးတွေ သည်းဆဲရှိ၏။ သတိုးက မိုးရေထဲတွင် အားသွန်ပြေးလွှားနေရင်း၊ ကားထဲမှ မေမွန်နှင့်ဖေဖေသော်ကိုသာ မြင်ယောင်နေမိ၏။ အထူးသဖြင့် မေမွန်က သူ့ကို ချစ်ခင်ယုယပုံများ။ သူ ခွေးလွှန်တုပ်ကွေး လာကျထားပြီး ဆေးရုံတက်ရစဉ် မေမွန်မှာ တစ်ညလုံးမအိပ်ဘဲ သူ့ခုတင်ဘေးတွင် ငုတ်တုတ်မိုးလင်းထိုင်ကာ စိုးရိမ်တကြီး ပြုစုပေးခဲ့ပုံများ။ သူ့ကို အရိပ်တကြည့်ကြည့်နှင့် ရှိခဲ့ပုံများကို သတိုး တရေးရေး မြင်ယောင်နေမိလေသည်။

ဘုရား ... ဘုရား ... မေမွန် ... အများကြီး မထိခိုက်သွားပါစေနဲ့။

မေမွန် ... မေမွန်များ သေ ... သေသွားရင် ...။





သတိုး၊ အထိတ်တလန့်တွေးရင်း မျက်ရည်များ ရှက်ချင်းဝဲကျလာသည်။ အတွေးဖြင့် စိုးရိမ်ပူပန်နေမိရင်းက သူသည် မေမွန်အတွက် သူ့ဖေဖေနှင့် တန်းတူထားကာ စိတ်ပူနေမိခြင်းကိုလည်း မြန်းခနဲ သတိထားမိလိုက်၏။

သတိုးသည် မောဟိုက်နေလျက်က ခြေလှမ်းကိုမလျှော့မိဘဲ အလဲလဲ အကွဲကွဲနှင့်ပင် မြန်နိုင်သမျှ မြန်မြန်ကျိုး၍ ပြေးမိလေတော့သည်။

❋ ❋ ❋

## [ ၁၀ ]

ဟိန်းက ဖေသော့် ဒဏ်ရာကို သူ့အင်္ကျီများဖြင့် အထပ်ထပ် သေချာစည်းနှောင်ပေးနေရင်းက ဖေသော် အရမ်းနာနေမှာပဲဟု တွေးကာ သနားစိတ်ဖြင့် တရှိုက်ရှိုက် ငိုမိလေသည်။

သူသည် မေမေ့ မျက်နှာပေါ်မှ သွေးများကို သုတ်ပေးပြီး ခေါင်းမှဒဏ်ရာကို အဝတ်တစ်ခုနှင့်ဖိကာ အပေါ်မှထပ်၍ စည်းပေးထားပြီးပြီ။

ဖေသော့်ဒဏ်ရာကို ပြုစုရန် မေမေ့ကို ကန်တော့ ကန်တော့ဆိုပြီး ကြားထဲသို့ ကျော့်ခွဝင်ရသည်။ ဖေသော့် ဘယ်ခြေသလုံးတွင် ဟက်တက်ကွဲဒဏ်ရာကြီးက တစ်မိုက်လောက်ပင် ရှိမည်လားမသိ။ ထို့ပြင် ခြေသလုံးတစ်ခုလုံးကလည်း ယောင်ကိုင်းနေ၏။ ကျိုးသွားတာလား။ ဘာလား။ သူမသိ။ ဟိန်းက ကြားထဲ ကတ်ကတ်သတ်သတ်ထိုင်ကာ သွေးများသုတ်ပေး၊ အဝတ်စည်းပေးစဉ် ဖေသော့်ထံမှ နာကျင်စွာ ညည်းသံထွက်လာသည်။ သို့သော် ဟိန်းတတ်နိုင်သမျှ ပြုလုပ်ပေးပြီးသည်ထိ ဖေသော်ရော မေမေပါ သတိမရကြသေးပါ။





ဘာပဲပြောပြော သွေးထွက်နည်းနိုင်သမျှ နည်းအောင်တော့ ဟိန်းလုပ်နိုင်ခဲ့သည်။ တကယ်တော့ မေမေနှင့်ဖေသော်ကို သူနှင့်သတို့က ကားထဲမှ ဆွဲထုတ်နိုင်သည့်တိုင် အနီးတွင် အရိပ်ခိုစရာရှိသည်မဟုတ်။ ချောက်အပေါ်ထိ တင်ရန်လည်းမဖြစ်နိုင်။ မိုးရေစိုတာသာ အဖတ်တင်မည်ဖြစ်၏။ ကားထဲမှာ ရှိနေခြင်းက မိုးတော့လုံသေးသည် မဟုတ်လား။

မေမေ့ထက် ဖေသော် ဒဏ်ရာက ပြင်းထန်ပုံရ၏။ ဖေသော့် ခြေထောက်ကြီး ယောင်ကိုင်းနေပုံနှင့် ဟက်တက်ပြဲဒဏ်ရာကြီးကို ကြည့်ကာ ဟိန်းမှာ သူကိုယ်တိုင်ဖြစ်နေသလို ခံစားရကာ ဆောက်တည်ရာမရ ငိုမိလေသည်။

တစ်ခါက ဟိန်း၊ အိမ်လှေခါးမှ ခြေချော်ကျကာ ခြေခေါက်သွားဖူး၏။ ထိုစဉ်က ဖေသော်သည် ဟိန်းကိုစိုးရိမ်တကြီး ပွေ့ချီကာ မှတ်တိုင်တစ်တိုင်စာလောက်ထိ ဝေးသော လမ်းထိပ်ဆေးခန်းဆီ မနားတမ်းပြေးလွှားပို့ခဲ့ပုံကို ပြန်မြင်ယောင်လာသည်။

ဟိန်းတို့ အိမ်သည် လမ်းသွယ်ထဲတွင်ရှိသဖြင့် လမ်းထိပ်သို့ အတော်ထွက်ရသည်။ မေမေက သတို့ကို သွားကြိုနေချိန်ဖြစ်၍ အိမ်တွင်ကားမရှိ။ လမ်းသွယ်ထဲ ဆိုက်ကားလည်း မရှိသောကြောင့် လမ်းထိပ်ထိ ဖေသော်ချီပြေးရခြင်းဖြစ်လေသည်။

ဟိန်းမှာ ခြေသပွတ်တိုင် နည်းနည်းလွဲသွားခြင်းဖြစ်သည်။ ဆရာဝန်က ဆတ်ခနဲ ပြန်တည့်ပေးပြီးသည်နှင့် အနာသက်သာသွားတော့သည်။ ထိုအခါမှ ဖေသော်မှာရယ်နိုင်လာပြီး နာ၍အော်ငိုနေသော ဟိန်းကြောင့် ဟိန်းခြေထောက်အရိုး အက်သွား၊ ကျိုးသွားသလား စိုးရိမ်ကာ မျက်လုံးထဲဘာမှမမြင်တော့အောင် ပူပန်သွားမိကြောင်း၊ သည်ခရီးကို သူဘယ်လိုမနားတမ်း ပြေးခဲ့မိသည်ကိုပင် မသိတော့ကြောင်းဖြင့် ဆရာဝန်ကို ပြောပြနေခဲ့သည်။ ဟိန်း ခြေနာမပျောက်မချင်း ဖေသော်က လမ်းပင်မလျှောက်စေဘဲ ချီပိုးပို့ဆောင်ပေးခဲ့လေသည်။

အမေ၏ ချစ်ခြင်းတစ်ခုသာ သေချာမှတ်မိခံစားခဲ့ဖူးသော ဟိန်းသည် ဖေသော်၏ ဂရုတစိုက် ချစ်ခင်စောင့်ရှောက်ခဲ့ပုံများကို မြင်ယောင်လာသည်။

အီး ... ဟီး ... ဖေသော့်ခြေထောက်ကြီးက ယောင်ကိုင်းနေတာပဲ။ ဖေသော် ခြေထောက်ဖြတ်ပစ်ရမှာလား မသိဘူး။ ဖွ ... ဖွဟဲ့ ... လွှဲပါစေ၊ ဖယ်ပါစေ။ အီး ... ဟီး ... ဟီး ... ဖေသော် ဘာမှ မဖြစ်ပါစေနဲ့။

သူသည် သတိမေ့နေဆဲ ဖေသော့်လည်ပင်းကို ဖက်ကာ ပါးချင်းအပ်လျှက် တတွတ်တွတ် ရေရွတ်နေမိသည်။ ငိုရင်းရှိုက်ရင်း ချောက်ပေါ်သို့လည်း ကားမှန်မှတစ်ဆင့် မော့်ကြည့်မိ၏။ ခပ်ဝေးဝေးက သစ်ပင်များကြားတွင် လေကြောင့် မီးကြီးချင်းယှက်မိကာ မီးဖွားများ ပွင့်ပွင့်သွားသည်ကို လှမ်းမြင်လိုက်ရသည်။

သတိုး ... ဒီကောင် ... မီးကြီးတွေ ဘာတွေများ ပြတ်ကျနေလို့ တက်နင်းမိ၊ ထိမိရင်တော့ ဒုက္ခပါပဲ။ ဒီကောင်က ရှမ်းပါဘိနဲ့။ နမော်နမဲ့ကောင်ဥစ္စာ ...။

သူ့ကို ထားရစ်ကာ ဘယ်သွားမှန်းမသိ၊ ထွက်သွားခြင်းကြောင့် သတိုးကို စိတ်ဆိုးနေမိရင်း တန်းလန်းက ဟိန်းမှာ သတိုးအတွက်လည်း ထူးထူးဆန်းဆန်း စိတ်ပူနေမိလေသည်။

ငါ ... ဒီတိုင်းနေလို့တော့ မဖြစ်ဘူး။ ဖေသော်နဲ့ မေမေ့ကို ချောက်ပေါ်ရောက်အောင်လည်း ငါ ဆွဲမတင်နိုင်ဘူး။ သတိုးလည်း ဘာဖြစ်နေမလဲ မသိဘူး။ ငါ ... ငါ ... ဘာလုပ်ရပါ့မလဲ။

☼ ☼ ☼

[ ၁၁ ]

❑

ဟိုးခပ်ဝေးဝေးမှ ကြားလိုက်ရသော ကားစက်သံကြောင့် ဟိန်းထိတ်ခနဲ ဖြစ်သွား၏။

ဟုတ်ရဲ့လား ...။ ငါ ... စိတ်ထင်နေတာလား။ ဒီဘက်လာတာရော ဟုတ်ပါ့မလား။

သူက ချောက်ထိပ်သို့ရောက်လိုစောဖြင့် အမြန်တက်နိုင်အောင် ကြိုးစားလိုက်သည်။ ဒဏ်ရာရှိသော ဘယ်ခြေထောက်က စူးစူးဝါးဝါးကြီး ထိုး၍ နာကျင်သွား၏။

"အား ... ကျွတ် ... ကျွတ် ..."

ဟိန်း မျက်ရည်လည်မတတ်ဖြစ်သွားပြီး ညည်းတွားလိုက်မိသည်။

မဖြစ်ဘူး။ အားတင်းစမ်း ... ဟိန်း ...။ မင်း ဒီလိုပျော့နေလို့ မဖြစ်ဘူးလေ။ ဖေသော်နဲ့ မေမေ့ကို မင်းကယ်မှရမှာ။ နောက်ပြီး သတိုး ... သတိုးကိုလည်း ရှာရမယ်။

အတွေးဖြင့် အံကြိတ်ကာ ဟိန်း ကုန်းရုန်းတက်လိုက်သည်။ မိုးက အတော်စဲသွားပြီဖြစ်၍ တော်သေး၏။ သို့သော် မြေက ရေနှင့်စိုစွတ်ကာ ချောနေဆဲရှိလေသည်။

ချောက်ထိပ်သို့ ဟိန်းရောက်တော့ သူ့မှာ နာကျင်မှုကြောင့်ရော မောပန်းမှုကြောင့်ပါ ခြေပစ်လက်ပစ်ဖြစ်နေတော့သည်။ သို့တစေ တဖြည်းဖြည်း နီးကပ်လာနေသော ကားစက်သံကို တစ်ချက်တစ်ချက် ကြားနေရ၍ သူ့မှာ အားတက်လှလေပြီ။

ဟိန်း ကုန်းထကာ စက်သံကြားရာဆီ ခြေတစ်ဖက်ဆွဲလျက် ကမူးရှူးထိုး တိုးသွားနေမိ၏။ သူ ... ထိုကားကိုတားကာ ဖေသော်တို့ကို ကယ်ပိုရန် အကူအညီတောင်းရမည်။ ဖေသော်နှင့်မေမေ့ကို အချိန်မီ ဆေးရုံသို့ပို့ရန် အရေးကြီးလှသည်။

"ဟော ... ဟိုမှာ ... ကား ... ကား ..."

ဟိန်း ဝမ်းသာအားရ အော်ပစ်လိုက်မိ၏။ သူ့မှာ စိတ်ဆောင်လျက် ကားဆီသို့ ထော့ကျိုးသွားရင်း အဝေးကြီးမှပင် လက်မြှောက်တားလျက်၊ အော်ဟစ်မိလျက် ရှိတော့သည်။ ကားကလည်း သူရှိရာသို့ အမြန်မောင်းဝင်လာနေပါ၏။ ဟိန်းက စိတ်လွှပ်ရှားလွန်းစွာ ဒဏ်ရာကိုမေ့လျက် လက်နှစ်ဖက်လုံး မြှောက်ပြတားလိုက်မိရာ မသန်သောခြေကြောင့် မဟန်နိုင်ဘဲ ခွေလဲကျသွားခဲ့ရတော့သည်။

☼ ☼ ☼

[၁၂]

❑

ကားသည် ဟိန်း၏ ရှေ့နားလောက်တွင် ထိုးရပ်သွားသည်။ ဟိုင်းလတ်ကားတစ်စင်းဖြစ်၏။ ကားရပ်သည်နှင့် ရှေ့ခန်းတံခါး ပြန့်ခနဲပွင့်လာကာ တစ်စုံတစ်ယောက် ခုန်ဆင်းလာသည်။ နောက်လဲနေသော ဟိန်းထံ နှုတ်မှအော်ဟစ်ရင်း ပြေးလာနေခဲ့ည်။

"ဟင် ... သ ... သတိုး ... သတိုး"

"ဟိန်း ... ဟိန်း ..."

သတိုးသည် ဟိန်းအမည်ကို ကသောကမျော အော်ခေါ်ရင်း ဟိန်းအနားရောက်လာ၏။ သတိုးက ဟိန်းကို ပြေးပွေ့လိုက်ရင်း ...

"ဟိန်း ... မင်း ... ဘာမှမဖြစ် ... မဖြစ်ဘူးနော်၊ ဖေဖေတို့ရော ... ဘယ်လို"

ဟိန်းမျက်လုံးတွင်း မျက်ရည်များ ချက်ချင်း အိုင်ထွန်းလာသည်။ သတိုးဆက်ပြောနေသော စကားသံများကို ဟိန်း မကြားတစ်ချက်၊ ကြားတစ်ချက်ဖြစ်နေသည်။ မမျှော်လင့်ဘဲ သတိုးကို တွေ့လိုက်ရ၍ အားတက်

ခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ခံစားမှုမျိုးစုံဖြင့် ဘာမျှလည်း ပြန်မပြောနိုင်ဘဲ ရင်ထဲဆို့လျက် တအင့်အင့်ဖြစ်နေသည်။

ထိုစဉ် သတိုးနောက်မှ လူတစ်အုပ်ထပ်ရောက်လာပြီး ဟိန်းကို သတိုးနှင့်အတူ တွဲထူပေးသည်။ ထိုလူများကလည်း တစ်စုံတစ်ရာ ပြောဆိုနေကြ၏။ ဟိန်းမှာ စိတ်လှုပ်ရှားမှုကြောင့် လုံးစေ့ပတ်စေ့ မကြား။ သူ့နား ထဲတွင် စကားလုံးများက ရောထွေးကာအူနေသည်။

'သူ့ ဒူးမှာ ဒဏ်ရာ' ဟူသော သတိုး၏အသံကို တစ်စွန်းတစ်စ ကြားလိုက်ရပြီး လူကြီးတစ်ဦးက ဟိန်းကို ဇွေ့ခနဲပွေ့ချီ၍ ကားဆီသို့ခေါ် သွားသည်။ ဟိန်းကို ကားနောက်ခန်းဆီ တင်ပေးပြီး သတိုးနှင့် ကားဘေး တွင် စကားပြောနေ၏။ သတိုးက ရှေ့ချောက်ဘက်သို့ လက်ညှိုးညွှန်ပြ လိုက်သည်ကိုလည်း တွေ့ရ၏။ နောက် ... လူအုပ်က ချောက်ဆီသို့ ပြေး ထွက်သွားကြသည်။ ထိုစဉ် ကင်တာကားတစ်စီးနှင့် လူများ ထပ်ရောက် လာပြီး ရှေ့လူအုပ်သွားရာနောက်က ထပ်လိုက်သွားကြလေသည်။

"ဟိန်း ... ဟိန်း ..."

သတိုးက ဟိန်းရှိရာ ကားပေါ်တက်လာပြီး အငိုင်သား ရှိနေသော ဟိန်းကို ကိုင်လှုပ်လိုက်၏။

"အင် ..."

ဟိန်း ... ရ ... ရရဲ့လား"

"သ ... သတိုး ... မင်း ... ကို ... ငါ ... လိုက်ရှာ ... ရှာ မလို့။ မင်း ... ငါတို့ ... ငါတို့ ... ကို ... ပစ် ... ပစ်သွား ..."

"ဟာ ... ငါ ... ပစ်သွားတာ မဟုတ်ပါဘူးကွ။ ဖေဖေနဲ့ မေမေ ကို ငါတို့ကားနဲ့လည်း ဆွဲမထုတ်နိုင်။ ဘယ်လောက်ထိ ထိခိုက်မိထား လည်း မသိ၊ မင်းကလည်း ခြေထောက်မှာ ဒဏ်ရာဟက်တက်ကြီးနဲ့။





ဒီတိုင်းဆို အားလုံး ဒုက္ခရောက်ကုန်တော့မှာ။ ဒါကြောင့် အကူ အညီရှာဖို့ ရွာကို သွားရှာတာပါကွ"

"ဩော် ... ဒီလိုလား ... ငါက ..."

ပြောရင်း ဝမ်းသာဝမ်းနည်းဖြင့် ဟိန်း မျက်ရည်များ ကျလာကာ တအင့်အင့် ရှိုက်ငိုမိလေသည်။

"မင်း ... မိုးထဲလေထဲမှာ တစ်ယောက်တည်း မကြောက်ဘူး လား"

ဟုလည်း ငိုရင်းမေး၏။ •

"မငိုပါနဲ့ ... ဟိန်းရာ၊ ဒီလောက် လေရော မိုးရော ကြောင်းဆန် နေတာ ငါလည်း ကြောက်တော့ကြောက်တာပေါ့။ ဒါပေမဲ့ သွေးတွေ အရဲ သားနဲ့ မေမေ့မျက်နှာကို ငါ့မှာ မျက်စိထဲမြင်မြင်ပြီး ဇောနဲ့ ပြေးမိတော့ တာပဲ။

ကံကောင်းတာက လမ်းချိုးကွေ့အကျော်လေးတင် ရွာကိုသွားတွေ့ တာကွ။ ဖေဖေက လမ်းချိုးမှားလွှင့်မိလို့ ဒီချောက်ဘက် ရောက်လာတာ။ လမ်းထဲ ကွေ့မဝင်လိုက်ဘဲ နည်းနည်းဆက်သွားလိုက်တာနဲ့ ရွာရောက် သွားမှာ။

ငါလည်း ရွာတွေ့တော့ အရမ်းကို ဝမ်းသာသွားတာပဲ။ ရွာထဲ ဝင်းဦးဆုံးတွေ့တဲ့ အိမ်ပြေးဝင်ပြီး အကျိုးအကြောင်း ပြောပြရတယ်။ အဲဒါနဲ့ ချက်ချင်းလူစုပြီး လိုက်လာကြတာ။

ဒါထက် ဖေဖေရော မေမေရော ဘယ်လိုနေလဲ"

"မေမေ့ကိုရော ဖေဖေ့ကိုရော ငါ သွေးတွေ သန့်ရှင်းပေးပြီး သွေး တိတ်အောင် အင်္ကျီတွေနဲ့ ပတ်တီးစည်းပေးထားတယ်။ ဖေဖေ့ခြေထောက် ဒဏ်ရာကြီးကြည့်ပြီး ငါ ... ငါ ... ဖေဖေ့ကို သနားလို့ ငိုရသေး"

သတိုးက တအံ့တသြပုံစံနှင့် ရုတ်တရက် လက်ကာပြလိုက်ခြင်းကြောင့် ဟိန်းမှာလည်း အံ့အားသင့်ကာ စကားပြောလက်စတန်းလန်း ရပ်သွားရ၏။

"ဟိန်း ... ဟိန်း ... မင်း ... ဖေဖေ ... ဖေဖေ့ကို ဘယ်တုံ့ဘယ်လို ... ခေါ်လိုက်တယ်"

ဟိန်းက ပါးစပ်အဟောင်းသားဖြင့် သတိုးကို အကြောင်းသားကြည့်၏။ နောက် ... ဟိန်း၏ လက်တစ်ဖက်မြောက်တက်လာပြီး သတိုး၏ လက်ညှိုး တထိုးထိုးလုပ်ကာ ...

"သတိုး ... မင်း ... မင်းလည်း စောစောက မေမေ့ကို 'မေမေ' လို့ ... ခေါ် ... ခေါ်လိုက်တယ်မို့လား"

နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် ပြူးကြည့်နေမိကြရင်းက နှစ်ဦးလုံး၏ မျက်နှာများက တဖြည်းဖြည်း ပြုံးလာသည်။

"ဟုတ်တယ် ... တို့ရဲ့ ... ဖေဖေနဲ့ ... မေမေလေ။ ဖေသော်နဲ့ မေမွန်မဟုတ်တော့ဘူး"

ပြန်ပြောလိုက်သော သတိုး၏အသံက ခပ်တိုးတိုးဖြစ်သော်လည်း သူတို့နှစ်ဦးလုံး၏ ရင်ထဲတွင် ထိုအသံသာ ပဲ့တင်ထပ်ကာ အကျယ်ဆုံး ကြားနေရ၏။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ဝမ်းသာအယ်လဲ ဆွဲဖက်လိုက်ကြသည်။

"အား ... အား ... ငို ... ငို ... ခြေထောက် "

ဟိန်းက စူးခနဲအော်သည်။

"ဟာ ... ဦးဖွ ... ဦးဖွ ... ငါ ... မေ့ ... မေ့သွားလို့"

သတိုးက ကိုယ်ချင်းကမန်းကတန်း ခွာလိုက်ရင်း ပျာပျာသလဲ ဆိုလိုက်၏။ ထိုစဉ် လူတစ်ယောက်က ဟိန်းတို့ရှိနေသော ကာနောက်ခန်းဘက် ပြေးလာသံကြားရပြီး ...





"ကလေးတို့ရေ ... မင်းတို့အဖေနဲ့အမေကို ချောက်ပေါ်ထမ်းတင်နေကြပြီ။ ဒဏ်ရာတွေကလည်း အရမ်းကြီးမဆိုးပါဘူး။ သွေးနည်းနည်းလွန်နေတာကလွဲလို့ ဆေးရုံရောက်ရင် ကောင်းသွားမှာပါကွ။ ဘာမှ စိတ်မပူကြနဲ့တော့ဟေ့"

ဟိန်းနှင့်သတိုး အပြုံးမျက်နှာကိုယ်စီဖြင့် မျက်လုံးချင်းကြည့်ကာ တစ်ယောက်လက်ကိုတစ်ယောက် ဝမ်းပန်းတသာ ဆုပ်ကိုင်လိုက်မိကြလေသည်။

ထိုလက်တို့သည် တစ်သက်တာအတွက် မြဲမြံသော တွဲလက်များ ဖြစ်လိမ့်မည်မှာ သေချာနေပါတော့သတည်း။

☼ ☼ ☼

ထားဥသုံ